## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | – | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | – | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | – | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# xm0&vdktifoufawmfpOf

**(pwkw¦wGJ)**

tD;*sD0ldufa&;om;jyKpkonfh *"The Desire of Ages"* pmtkyfudk
OD;&Judku ]]xm0&vdktifoufawmfpOf}} tmnfjzifh
jrefrmjyefqdkonf

yxrtBudrf

# ထာဝရလိုအင်သက်တော်စဉ်

**(စတုတ္ထတွဲ)**


**ပုံနှိပ်သူ**

ဦးဖုန်းနိုင် (၀၀၃၅၄)

မန်နေဂျာ

ကင်းစောင့်ပုံနှိပ်တိုက်

၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးစောမဲမရီထွန်း (၀၀၅၉၄)

ဥက္ကဋ္ဌ

သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊

၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၅၀၀၀

တန်ဖိုး – ၂၆၀၀.၀၀

ပထမအကြိမ်

# ထာဝရလိုအင်သက်တော်စဉ်

(စတုတ္ထအတွဲ)

အီး၊ဂျီ၊ဝှိုက်ရေးသားပြုစုသည့် "The Desire of Ages" စာအုပ်ကို
ဦးရဲကိုက "ထာဝရလိုအင်သက်တော်စဉ်" အမည်ဖြင့်
မြန်မာပြန်ဆိုသည်

ပထမအကြိမ်

နေရာအသီးသီးတွင် နေထိုင်လျက်ရှိကြသောလူသားတိုင်းတို့၏ စိတ်နှလုံးထဲတွင် မိမိတို့ပိုင်ဆိုင်ထားခြင်းမရှိသေးသည့်အရာများကို ပိုင်ဆိုင်လိုသည့်ဆန္ဒများသည် မဖော်ပြနိုင်အောင်များပြားလျက်ရှိတတ်ပါသည်။ လူသားများသည် ကောင်းစားသည်ဖြစ်စေ၊ ဒုက္ခရောက်သည်ဖြစ်စေ မိမိတို့၏ပစ္စုပ္ပန်အခြေအနေများနှင့်ရောင့်ရဲကျေနပ်မနေတတ်ကြဘဲ တစ်ခုခုကိုတောင့်တနေတတ်ကြပါသည်။ ဤစိတ်ဓာတ်ကလေးကို လူသားများ၏နှလုံးသားဝယ် ဘုရားသခင်ကိုယ်တော်တိုင်ဖန်တီးတော်မူခဲ့ခြင်းဖြစ်ပါသည်။ လူသားများသည် အကောင်းဆုံးသောအရာကို ကြိုးစားရှာဖွေကာ သူ့အသက်ဝိညာဉ်၏ထာဝရကောင်းချီးမင်္ဂလာအတွက် အကောင်းဆုံးသောအရာကို တွေ့ရှိသွားရန် ထာဝရဘုရားအလိုရှိတော်မူပါသည်။

လူသားများ၏ထိုလိုလားတောင့်တမှုကိုလမ်းလွှဲသွားရန် ကောက်ကျစ်သောနည်းလမ်းများကိုအသုံးပြုလျက် စာတန်ကြိုးစားနေပါသည်။ ထိုလိုလားတောင့်တမှုကိုအပျော်အပါး၊ စည်းစိမ်ဥစ္စာ၊ ချမ်းသာကုံလုံခြင်း၊ ကျော်စောကိတ္တိ၊ တန်ခိုးအာဏာစသည့်အရာများအားဖြင့် ဖြည့်စွမ်းပေးနိုင်မည်ဟု လူသားများအားစာတန်အယုံသွင်းခဲ့သော်လည်း၊ ဤအရာများသည် အသက်တာတွင်ငြီးငွေ့မှုကိုသာဖြစ်စေပြီး အသက်ဝိညာဉ်၏လိုလားတောင့်တမှုကို မဖြည့်စွမ်းနိုင်ကြောင်း ၎င်းတို့တွေ့ရှိခဲ့ကြရပါသည်။

လူသားများ၏နှလုံးသားတွင်ဖြစ်ပေါ်နေသော ထိုလိုလားတောင့်တစိတ်သည် ထိုပုဂ္ဂိုလ်အားထိုတောင့်တစိတ်ကိုဖြည့်ဆည်းပေးနိုင်သည့် ဘုရားသခင်ထံတော်သို့ပို့ဆောင်ပေးရန် ထာဝရဘုရားရည်စူးတော်မူပါသည်။ ကိုယ်တော်၏အကြောင်းကိုသိလိုသောဆန္ဒသည် ထိုလိုလားတောင့်တမှုကိုဖြည့်ဆည်းပေးနိုင်သည့် ကိုယ်တော်ရှင့်ထံသို့လမ်းပြပေးနိုင်မည်ဖြစ်ပါသည်။ အလိုပြည့်စုံမှုကို ထာဝရဘုရား၏သားတော်ယေရှုခရစ်တော်၌သာတွေ့ရပါသည်။ "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှာ ဘုရားသခင်အလိုတော်ရှိတော်မူ၏" အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။





ဟဂ္ဂဲကကိုယ်တော်အား "လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ" ဟုခေါ်ဝေါ်သမုတ်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကိုယ်တော်အား "ထာဝရလိုအင်သက်တော်စဉ်" ဟု ခေါ်ဝေါ်သမုတ်နိုင်ကြပါမည်။

ခရစ်တော်၏အသက်တော်စဉ်အကြောင်းကို စာအုပ်စာပေပေါင်းများစွာတွင် ရေးသားဖော်ပြထားခဲ့ကြသော်လည်း သက်တော်စဉ်၏အစိတ်အပိုင်းတစ်ဝက်ခန့်ကိုမူ မည်သည့်အချိန်ကမျှ မဖွင့်ဆိုခဲ့ဖူးကြပါ။ ထို့ကြောင့်ခရစ်တော်သည် လိုလားတောင့်တမှုအပေါင်းတို့ကို ဖြည့်ဆည်းပေးနိုင်သည့် တစ်ပါးတည်းသောဘုရားတစ်ဆူဖြစ်ကြောင်းကို ဤစာအုပ်ကဖွင့်ဆိုထားပါသည်။

ဤစာအုပ်တွင် ခရစ်တော်၏သက်တော်စဉ်နှင့်ပတ်သက်သော အရေးကြီးသည့်အဖြစ်အပျက်များနှင့် အံ့သြဖွယ်ရာသင်ခန်းစာယူစရာများကို အချိန်ကာလအစဉ်အလိုက်ဖော်ပြထားပါသည်။ လူသားတိုင်းမျှဝေခံစားနိုင်သည့် ခရစ်တော်၏အသက်တာတွင် ထင်ရှားခဲ့သည့်ဘုရားသခင်၏အသရေတင့်တယ်မှုတည်းဟူသော ကိုယ်တော်၏မဟာမေတ္တာတော်အကြောင်းကိုလည်း ဖွင့်ဆိုထားပါသည်။

စာရေးသူအမျိုးသမီးကြီးသည် ခရစ်တော်၏သက်တော်စဉ်မှ အသစ်သောတင့်တယ်မှုများကိုဖော်ပြထားပြီး ရတနာသေတ္တာထဲမှ အသစ်စက်စက်သောကျောက်သံပတ္တမြားများကိုထုတ်ယူကာ စာဖတ်သူအားဖွင့်ပြထားပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝလျက်ရှိသော အသစ်သောအလင်းတော်များသည် ဤစာအုပ်၏စာမျက်နှာတိုင်းတွင် ထွန်းတောက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဤစာအုပ်တွင် ခရစ်တော်အားဘုရားသခင်၏ပြည့်စုံတော်မူခြင်း၊ အပြစ်သား၏အနန္တကရုဏာနှင့်ပြည့်စုံသော ကယ်တင်ရှင်တရားတော်နေမင်း၊ ယဇ်ပုရောဟိတ်မင်းကြီး၊ အနာကိုပျောက်စေသည့်သမားတော်ကြီး၊ ကြင်နာမှုအပြည့်ရှိသောမိတ်ဆွေ၊ ငြိမ်သက်ခြင်းအရှင်ထာဝရအဖစသည်စသည်ဖြင့် ဖော်ပြဖွင့်ဟထားပါသည်။

ဤစာအုပ်ထဲတွင်မှတ်တမ်းတင်ထားသည့် စကားလုံးများသည် ယခုတိုင်လိုလားတောင့်တမှုကိုဖြည့်ဆည်းခြင်းမခံရသေးသည့် လူသားများ၏

## ရှေးဦးစကား

အသက်ဝိညာဉ်အတွက် အသက်နှင့်စပ်ဆိုင်သောစကားလုံးကလေးများဖြစ်ပါစေဟုဆုတောင်းယင်း ဘုရားသခင်၏စောင့်မမှုကိုခံယူလျက် မြန်မာပြည်တစ်လွှားရှိ ဘုရားသခင်၏သားသမီးများထံသို့ ဤ "ထာဝရလိုအင်သက်တော်စဉ်" စာအုပ်ကိုဖြန့်ဝေလိုက်ရပါသည်။

**ထုတ်ဝေဖြန့်ချိသူများ**

****

## မာတိကာ

စတုတ္ထပိုင်း


၆၉ သံလွင်တောင်ပေါ်ဝယ် ---------- ၁
၇၀ ငါ့ညီတို့တွင်အငယ်ဆုံးသောသူ ---------- ၂၀
၇၁ ကျွန်တကာတို့၏ကျွန် ---------- ၃၀
၇၂ ငါ့ကိုအောက်မေ့ဖို့ရာ ---------- ၄၈
၇၃ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့် ---------- ၆၄
၇၄ ဂေသရေမန်ဥယျာဉ် ---------- ၁၀၁
၇၅ အန္နမင်းနှင့်ယဇ်ပုရောဟိတ်မင်းကယာဖတို့၏ရှေ့တွင်
အစစ်ဆေးခံရခြင်း ----------၁၂၁
၇၆ ယုဒရှကာရုတ် ---------- ၁၅၁
၇၇ ပုန္တိပိလတ်မင်း၏တရားခွင်၌ ---------- ၁၆၅
၇၈ ကရာနီကုန်း ----------၂၀၀
၇၉ အမှုပြီးပြီ ----------၂၃၁
၈၀ ယောသပ်၏သင်္ချိုင်း၌ ----------၂၄၆
၈၁ သခင်ယေရှုထမြောက်တော်မူခြင်း ----------၂၆၆
၈၂ အဘယ်ကြောင့်ငိုကြွေးသနည်း ----------၂၇၉
၈၃ ဧမောက်ရွာသို့ခရီးတစ်ထောက် ----------၂၉၀
၈၄ သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း ----------၂၉၉
၈၅ အိုင်နားတွင်နောက်ထပ်တစ်ကြိမ်တွေ့ဆုံခြင်း ---------- ၃၁၁
၈၆ လူမျိုးတကာတို့ထံသွား၍ ဆုံးမဩဝါဒပေးကြလော့ ----- ၃၂၅
ခမည်းတော်ဘုရားထံသို့တက်ကြွတော်မူခြင်း ---------- ၃၄၉


–၀–

# tcef; (69)
# dHVGifawmifay:0,f

ရှင်မဿဲခရစ်ဝင် ၂၄။ ရှင်မာကု ၁၃။ ရှင်လုကာ ၂၁း၅–၃၈ တို့ကိုအခြေပြု ထားပါသည်။

“သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏” ဟူ၍ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများအား ခရစ်တော်မိန့်တော်မူသောစကားများသည် ၎င်းတို့၏စိတ်နှလုံးတွင် ကြောက်ရွံ့စိတ်များကိုပွားများလာစေခဲ့ပါသည်။ ဘာမျှမထူးခြားသလို သူတို့ဟန်ဆောင်ခဲ့ကြသော်လည်း ဤစကားများ၏အရေးပါမှုများနှင့်စပ်လျဉ်း၍ ၎င်းတို့၏စိတ်ထဲတွင် မေးခွန်းများပေါ်ထွက်လာခဲ့ပါသည်။ မျက်မြင်မရသောဘေးအန္တရာယ်တစ်ခုက ၎င်းတို့အားခြိမ်းခြောက်နေသည့်နှယ်ဖြစ်နေပါသည်။ ယုဒလူများ၏ဘုန်းဖြစ်သည့် ကြီးကျယ်ခမ်းနားသော ထိုဗိမာန်တော်ကြီးသည် မကြာမီအချိန်တွင်ပျက်စီးပြိုလဲသွားကာ လူဆိတ်ညံရာအရပ်တစ်ခုဖြစ်သွားနိုင်ပါမည်လား။ သူတို့သည် တပည့်တော်များထံမှ မကောင်းသောရှေ့ပြေးနိမိတ်များကိုကြားသိခဲ့ရပြီး ခရစ်တော်ထံမှတိကျသောဖွင့်ဆိုချက်များကိုကြားနာရန် စိုးရိမ်တကြီးစောင့်မျှော်ခဲ့ကြပါသည်။ ကိုယ်တော်နှင့်အတူ ဗိမာန်တော်အပြင်ဘက်သို့ထွက်လာကြစဉ် ဗိမာန်တော်ကြီး၏လှပတင့်တယ်မှုများကို ကိုယ်တော်အားဂရုပြုစေခဲ့ပါသည်။ ထိုဗိမာန်တော်ကြီးကို အဖြူရောင်သလင်းကျောက်အစစ်များဖြင့်တည်ဆောက်ထားပါသည်။ အချို့ကျောက်တုံးကြီးများသည် မယုံကြည်နိုင်လောက်အောင်ကြီးမားလှပါသည်။ ဗိမာန်တော်၏နံရံများသည် နေဗုခဒ်နေဇာမင်းကြီး၏စစ်သည်တော်များ၏ဝန်းရံတိုက်ခိုက်မှုကို ကြံ့ကြံ့ခံရပ်တည်ခဲ့ပါသည်။ ကျွမ်းကျင်သောပန်းရံဆရာများတည်ဆောက်ထားသော ထိုနံရံကြီးများသည် ကျောက်ကျင်းထဲမှထုတ်လာသည့် တစ်သားတည်းဖြစ်နေသောကျောက်တုံးတစ်တုံးနှယ် မြင်တွေ့နေရပါသည်။ ဤကဲ့သို့သောနံရံကြီးများသည် မည်သို့မည်ပုံအားဖြင့်ပျက်ယွင်းသွားမည်ကို တပည့်တော်များနားလည်နိုင်စွမ်းမရှိကြပါချေ။





ခရစ်တော်သည် ကြီးကျယ်ခမ်းနားသော ထိုဗိမာန်တော်ကြီးအားကြည့်ရှုနေစဉ် နှုတ်မှဖွင့်ဟပြောဆိုခြင်းငှာ မစွမ်းနိုင်လောက်အောင်ဆိုးရွားသည့် မည်သည့်အရာများကိုခံစားနေရပါသနည်း။ ရှေ့တော်မှောက်တွင်ရှိနေသောမြင်ကွင်းသည် အမှန်တကယ်လှပသော်လည်း ဝမ်းနည်းစွာဖြင့်မိန့်တော်မူသည်ကား ဗိမာန်တော်ကြီးကိုငါတွေ့မြင်ရပါသည်။ အဆောက်အဦများသည် အလွန်အံ့သြဖွယ်ကောင်းလှပါသည်။ ဤနံရံများကိုမပြိုပျက်နိုင်သောအရာများအဖြစ် သင်တို့ပြဋ္ဌန်ကြသော်လည်း ငါ့စကားကိုနားထောင်ပါဦး။ မဖြိုမချဘဲကျောက်တုံးတစ်ခုပေါ်မှာ တစ်ခုမျှမတည်မနေရသောအချိန်သည် ရောက်လာလိမ့်မည်ဟူ၍ဖြစ်၏။

ခရစ်တော်သည် လူအများကြားနိုင်လောက်သည့်အခြေအနေတွင် ထိုစကားများကိုမိန့်တော်မူခဲ့သော်လည်း သံလွင်တောင်ပေါ်တွင် ကိုယ်တော်တစ်ပါးတည်းထိုင်တော်မူစဉ်တွင် ပေတရု၊ ယောဟန်၊ ယာကုပ်နှင့်အန္ဒြေတို့သည် ကိုယ်တော်ထံသို့ချဉ်းကပ်လာ၍ “ထိုအမှုအရာတို့သည် အဘယ်ကာလမှဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သောပုဗ္ဗနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်းအမိန့်ရှိတော်မူပါ” ဟုလျှောက်ကြ၏။ သခင်ယေရှုသည် ယေရုရှလင်မြို့ပျက်စီးခြင်းနှင့် ကိုယ်တော်ကြွလာမည့်နေ့ရက်ကြီးအကြောင်းကို တစ်သီးတခြားစီခွဲ၍ဟောကြားခြင်းပြုကာ တပည့်တော်များကိုအဖြေပေးတော်မမူခဲ့ချေ။ ဤအဖြစ်ပျက်ကြီးနှစ်ခုကိုစုစည်းပေါင်းစပ်၍ မိန့်တော်မူခဲ့ပါသည်။ မိမိမြင်တွေ့တော်မူသည့်အတိုင်း တပည့်တော်များအားဖွင့်ဆိုမည်ဆိုလျှင် ၎င်းတို့သည်ထိုမြင်ကွင်းအတွက်ခံနိုင်ရည်မရှိကြသေးချေ။ ထို့ကြောင့် ၎င်းတို့ကိုသနားတော်မူသည့်အတွက် ၎င်းတို့ဘာသာအဓိပ္ပါယ်ဖွင့်ဆိုစေကာ ထိုဖြစ်ရပ်ကြီးနှစ်ခုကိုပေါင်းစပ်ဖော်ပြတော်မူခဲ့ပါသည်။ ယေရုရှလင်မြို့ကြီးပျက်စီးသွားခြင်းကို ရည်ညွှန်းမိန့်ဆိုရာတွင် ကိုယ်တော်၏အနာဂတ္တိစကားများသည် ထိုအဖြစ်အပျက်ကိုသာမကဘဲ သခင်ဘုရားသည် လောကသားများအားအပြစ်စီရင်ရန် မိမိ၏ပလ္လင်တော်မှထတော်မူသောအချိန် ဤကမ္ဘာမြေကြီးသည် မိမိ၌ရှိသောအသွေးကိုထုတ်ဖော်ကာ

သတ်ဖြတ်ခြင်းခံခဲ့ရသူများအား မဖုံးကွယ်တော့မည့်အချိန်တွင် ဖြစ်ပျက်မည့် နောက်ဆုံးမီးဟုန်းဟုန်းတောက်မည့်အဖြစ်အပျက်ကြီးသို့တိုင် ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ ဤစကားများကို တမန်တော်များအတွက်သာမဟုတ်ဘဲ ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောနေ့ရက်များတွင် အသက်ရှင်နေထိုင်ကြသောသူအားလုံးအတွက် ကိုယ်တော်ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုနောက် တမန်တော်များဘက်သို့လှည့်ကာ "သင်တို့ကိုအဘယ်သူမျှမလှည့်ဖြားစေခြင်းငှာ သတိပြုကြလော့။ အများသောသူတို့က ငါသည်ခရစ်တော်ဖြစ်၏ဟုဆိုလျက် ငါ၏အယောင်ကိုဆောင်၍ပေါ်လာသဖြင့် လူအများတို့ကိုလှည့်ဖြားကြလိမ့်မည်" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ များစွာသောမေရှိယအတုများသည် နိမိတ်လက္ခဏာများကိုပြနိုင်ကြောင်းဖွင့်ဆိုလျက် ယုဒလူများအတွက်လွတ်မြောက်မည့်နေ့ရက်သည် ရောက်လာပြီဖြစ်ကြောင်း ကြေညာလျက်ထွက်ပေါ်လာကြလိမ့်မည်။ ဤအရာများအားဖြင့် လူများစွာတို့အားလှည့်ဖြားကြလိမ့်မည်ဟူသော ခရစ်တော်၏နှုတ်ထွက်စကားများသည် ပြည့်စုံခဲ့ပါသည်။ ခရစ်တော်အသေခံပြီးသည့်အချိန်နှင့် ယေရုရှလင်မြို့ကို ဝန်းရံတိုက်ခိုက်သည့်အချိန်အတောအတွင်းတွင် မေရှိယအတုများ များစွာ ပေါ်ပေါက်ခဲ့ပါသည်။ သို့ရာတွင် ဤခေတ်ဤကမ္ဘာတွင် အသက်ရှင်နေထိုင်ကြသောသူများအတွက်လည်း ဤသတိပေးစကားသည် သက်ဆိုင်လျက်ရှိပါသည်။ ယေရုရှလင်မြို့ကြီးမပျက်စီးမီက ကျင့်သုံးခဲ့သောလိမ်လည်လှည့်ဖြားမှုများကို ခေတ်အဆက်ဆက်ကျင့်သုံးခဲ့ကြပြီး နောင်တွင်လည်းဆက်လက်ကျင့်သုံးကြလိမ့်ဦးမည်သာဖြစ်ပါသည်။

"သင်တို့သည် စစ်တိုက်ခြင်းအကြောင်းကိုလည်းကောင်း၊ စစ်တိုက်အံ့သောသတင်းစကားကိုလည်းကောင်း ကြားရကြလိမ့်မည်၊ ထိုအမှုအရာများသည်ဖြစ်ရမည်။ သို့သော်လည်းအဆုံးသည်မဖြစ်သေး" ယေရုရှလင်မြို့မပျက်စီးမီအချိန်ကလူများသည် အာဏာရရှိဖို့သာကြိုးစားနေခဲ့ကြပါသည်။ ဧကရာဇ်ဘုရင်များလည်းအသတ်ခံခဲ့ရပါသည်။ နန်းတက်ဖို့ရာထားခြင်းခံရသည့်အိမ်ရှေ့စံများလည်း အလုပ်ကြံခံခဲ့ကြရပါသည်။ စစ်ဖြစ်ပွားသည့်သတင်း



နှင့်စစ်ဖြစ်ပွားတော့မည့်သတင်းများကိုလည်း ကြားနေရပါသည်။ "ထိုအမှုအရာများသည်ဖြစ်ရမည်။ သို့သော်လည်း (နိုင်ငံတစ်ခုအနေဖြင့်ယုဒနိုင်ငံတည်ရှိမှု၏) အဆုံးသည်မရောက်သေး။ လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ဖက်ပြုကြလိမ့်မည်။ အရပ်ရပ်တို့၌အစာခေါင်းပါးခြင်း၊ ကာလနာများပြားခြင်း၊ မြေကြီးလှုပ်ခြင်းတို့သည်ဖြစ်ကြလိမ့်မည်။ ထိုအမှုအရာတို့သည် ဒုက္ခဆင်းရဲခြင်း၏အစအဦးဖြစ်သတည်း။" ခရစ်တော်ဆက်လက်မိန့်တော်မူသည်ကား၊ "ရဗ္ဗိများသည် ထိုပုဗ္ဗနိမိတ်များကိုမြင်သောအခါ ထိုအရာများသည် ဘုရားသခင်ရွေးချယ်ထားသည့်လူမျိုးများကို ဖမ်းဆီးချုပ်နှောင်သော တိုင်းပြည်များအပေါ်စီရင်သည့် ဘုရားသခင်၏အပြစ်ဒဏ်များဖြစ်ကြောင်း၊ ၎င်းအရာများသည် မေရှိယကြွလာခြင်းအတွက် အထိမ်းအမှတ်ဖြစ်ကြောင်း ကြွေးကြော်ကြပါလိမ့်မည်။ အဘယ်သူမျှသင်တို့ကိုမလှည့်ဖြားစေနှင့်။ ဤအမှုအရာများသည် အပြစ်ဒဏ်စီရင်ခြင်း၏အစသာရှိသေး၏။ များစွာသောလူတို့သည် မိမိကိုယ်ကျိုးအတွက်သာကြည့်တတ်ကြ၏။ ငါသည်သူတို့၏အနာကိုပျောက်ကင်းစေဖို့ကုသခွင့်ရရှိစေရန် သူတို့သည်နောင်တရ၍ပြောင်းလဲမှုမရှိကြပါတကား။ သူ့ကျွန်ဘဝမှလွတ်မြောက်ခြင်းအတွက် ပုဗ္ဗနိမိတ်များဖြစ်သည်ဟု ၎င်းတို့ရုပ်လုံးဖော်ခဲ့ကြပါသည်။ ယင်းပုဗ္ဗနိမိတ်များသည် အမှန်မှာ ၎င်းတို့ပျက်စီးဆုံးပါးတော့မည်ကိုဖော်ပြသည့် ပုဗ္ဗနိမိတ်များဖြစ်နေပါသည်။

"ထိုကာလ၌လူများတို့သည် သင်တို့ကိုညှဉ်းဆဲခြင်း၊ အသေသတ်ခြင်းကိုခံစေခြင်းငှာ အပ်နှံကြလိမ့်မည်။ ငါ၏နာမကြောင့်လည်း ခပ်သိမ်းသောလူမျိုးတို့သည် သင်တို့ကိုမုန်းကြလိမ့်မည်။ ထိုကာလ၌ အများသောသူတို့သည် ဖောက်ပြန်ခြင်းသို့ရောက်၍ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်အပ်ကြလိမ့်မည်။ အချင်းချင်းမုန်းကြလိမ့်မည်။" ဤအရာအားလုံးကို ခရစ်ယာန်များခံစားခဲ့ကြရပါသည်။ မိဘများသည် မိမိတို့၏သားသမီးများကိုအပ်နှံခဲ့ကြသည်။ မိတ်ဆွေအချင်းချင်းဆန်ဟီဒရင်အဖွဲ့သို့ အပ်နှံခဲ့ကြသည်။ ထိုနှိပ်စက်ညှဉ်းပန်းသူများသည် သတေဖန်၊ ယာကုပ်နှင့်အခြားခရစ်ယာန်

များတို့ကိုသတ်ဖြတ်ခြင်းအားဖြင့် မိမိတို့၏အကြံအစည်များကို အကောင်အထည်ဖော်ခဲ့ကြပါသည်။

ဘုရားသခင်သည် မိမိအစေခံကျွန်များမှတစ်ဆင့် ယုဒလူများအားနောင်တရဖို့ နောက်ဆုံးအခွင့်အရေးတစ်ခုကိုပေးတော်မူခဲ့ပါသည်။ မိမိ၏ကျွန်များအဖမ်းခံရသောအချိန်တွင်လည်းကောင်း၊ အစစ်ဆေးခံရသောအချိန်နှင့် အကျဉ်းကျသောအချိန်များတွင်လည်းကောင်း ဘုရားသခင်သည် မိမိ၏သက်သေခံများမှတစ်ဆင့် မိမိကိုယ်ကိုထင်ရှားစေတော်မူခဲ့သော်လည်း တရားသူကြီးများသည် ထိုသူများကိုသေဒဏ်စီရင်ခဲ့ကြပါသည်။ လောကသားများသည် ထိုသူများကိုတန်ဖိုးမထားခဲ့ကြဘဲ ယုဒလူများသည် ၎င်းတို့ကိုသတ်ခြင်းအားဖြင့် ခရစ်တော်ကိုနောက်တစ်ဖန်ကပ်တိုင်တင်ခဲ့ကြပါသည်။ ထိုနည်းအတူ ယခုတွင်လည်း တစ်ဖန်ဖြစ်ပျက်ပါလိမ့်ဦးမည်။ အာဏာပိုင်များသည် ဘာသာရေးလွတ်လပ်ခွင့်များကိုပိတ်ပင်ရန် ဥပဒေများကိုပြဋ္ဌာန်းကြပါလိမ့်မည်။ ဘုရားသခင်တစ်ပါးတည်းသာအသုံးပြုရမည့်အခွင့်အာဏာကို သူတို့အသုံးပြုကြပါလိမ့်မည်။ ဘုရားသခင်တစ်ပါးတည်းသာထိန်းချုပ်နိုင်သောလူတို့၏သြတ္တပ္ပစိတ်ကို မိမိတို့အနိုင်အထက်ပြုနိုင်သည်ဟု သူတို့ထင်ကြပါလိမ့်မည်။ ထိုလုပ်ငန်းကိုသူတို့သည် ယခုစတင်လုပ်ဆောင်နေပါပြီ။ မိမိတို့ရပ်တည်သင့်သောအခြေအနေကိုကျော်လွန်သည့်တိုင် ဆက်လက်၍သူတို့လုပ်ဆောင်ကြပါလိမ့်မည်။ သို့ရာတွင်ဘုရားသခင်သည် ပညတ်တော်ကိုစောင့်ရှောက်သည့်သစ္စာရှိသော မိမိ၏သားသမီးများကိုယ်စား ကြားဝင်လုပ်ဆောင်တော်မူပါလိမ့်မည်။

နှိပ်စက်ညှဉ်းပန်းခြင်းဖြစ်ပွားလာသည့်အခါတိုင်းတွင် နှိပ်စက်ညှဉ်းပန်းမှုကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ကြသူများသည် ခရစ်တော်ဘက်တွင်ရပ်တည်မည်၊ (သို့မဟုတ်) စာတန်ဘက်တွင်ရပ်တည်မည်ကို ဆုံးဖြတ်ချက်ချရပါသည်။ မတရားညှဉ်းဆဲခြင်းခံရသူများအား မေတ္တာပြသောသူများသည် ခရစ်တော်အပေါ်ထားရှိသည့် မိမိတို့၏တွယ်တာမှုကိုဖော်ပြကြခြင်းဖြစ်ပါသည်။ အခြားသူများမှာမူ မိမိတို့လက်ခံကျင့်သုံးသောအရာများနှင့် သမ္မာတရား၏



စည်းမျဉ်းများသည် တိုက်ရိုက်ဆန့်ကျင်နေသဖြင့် စိတ်ပျက်ခဲ့ကြပါသည်။ လူများစွာတို့သည် ထိမိ၍လဲခဲ့ကြပြီး တစ်ချိန်ကမိမိတို့သက်သေခံခဲ့သောယုံကြည်ခြင်းမှဖောက်ပြန်ခဲ့ကြပါသည်။ စုံစမ်းစစ်ဆေးရာကာလတွင် ယုံကြည်ခြင်းဖောက်ပြန်ခဲ့သောထိုသူများသည် မိမိတို့၏အသက်အိုးအိမ်များကိုချမ်းသာရရန် မိမိတို့၏ညီအစ်ကိုများကိုအပ်နှံကြပါလိမ့်မည်။ အလင်းတရားကိုဆန့်ကျင်သူများ၏လူမဆန်သောရက်စက်မှုများကိုတွေ့သောအခါ ကျွန်ုပ်တို့အံ့အားမသင့်ကြစေရန်အလို့ငှာ ခရစ်တော်သည် ထိုအမှုအရာများကိုသတိပေးထားခြင်းဖြစ်ပါသည်။

ခရစ်တော်သည် ယေရုရှလင်မြို့အပေါ်သို့ကျရောက်မည့် ပျက်စီးခြင်းဘေး၏ပုဗ္ဗနိမိတ်တစ်ခုကို တပည့်တော်များအားပြသတော်မူခဲ့ပြီး ထိုဘေးမှလွတ်မြောက်နိုင်မည့်နည်းလမ်းများကိုမိန့်တော်မူသည်ကား "ယေရုရှလင်မြို့ကို ဗိုလ်ခြေများဝန်းရံလျက်ရှိသည်ကိုသင်တို့မြင်သောအခါ ထိုမြို့သည်ပျက်စီးခြင်းသို့ရောက်လုသည်ကိုသိမှတ်ကြလော့။ ထိုအခါ ယုဒပြည်၌ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ။ မြို့ထဲ၌ရှိသောသူတို့သည် မြို့ပြင်သို့ထွက်ကြစေ။ တောရွာမှာရှိသောသူတို့သည် မြို့ထဲသို့မဝင်ကြစေနှင့်၊ အကြောင်းမူကား၊ ထိုနေ့ရက်ကာလသည် ကျမ်းစာချက်များပြည့်စုံရသောဒဏ်စီရင်ခြင်းနေ့ရက်ကာလဖြစ်သတည်း။" ထိုသတိပေးချက်ကိုလိုက်လျှောက်နိုင်ရန် ယေရုရှလင်မြို့ကြီးမပျက်စီးမီ နှစ်ပေါင်းလေးဆယ်ကြိုတင်၍အသိပေးတော်မူခဲ့ပါသည်။ ခရစ်ယာန်များသည် ထိုသတိပေးစကားများကိုလိုက်လျှောက်ခဲ့ကြသဖြင့် မြို့တော်ပျက်စီးသွားသောအချိန်တွင် တစ်ဦးတစ်ယောက်မျှမသေဆုံးခဲ့ကြချေ။

"သင်တို့ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျ၊ ဥပုသ်နေ့၌လည်းမကျမည့်အကြောင်းဆုတောင်းကြလော့" ဟု ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ဥပုသ်နေ့ကိုတည်ထောင်ခဲ့သောကိုယ်တော်ရှင်သည် ထိုဥပုသ်နေ့ကို ကပ်တိုင်၌ရိုက်ထားခြင်းအားဖြင့် ဖျက်သိမ်းတော်မမူခဲ့ချေ။ ဥပုသ်နေ့ကို မိမိ၏အသေခံတော်မူခြင်းအားဖြင့် မဖျက်သိမ်းခဲ့ပါ။ ကိုယ်တော်အသေခံပြီးနောက် နှစ်ပေါင်းလေးဆယ်အထိ ဥပုသ်နေ့ကိုသန့်ရှင်းအောင်

စောင့်ထိန်းနေကြဆဲဖြစ်ပါသည်။ မိမိတို့ထွက်ပြေးကြသည့်နေ့သည် ဥပုသ်နေ့တွင်မကျစေရန် နှစ်ပေါင်းလေးဆယ်လုံးလုံး ထိုတပည့်တော်များဆုတောင်းခဲ့ကြပါသည်။

ခရစ်တော်သည် ယေရုရှလင်မြို့ပျက်စီးမည့်အကြောင်းဖွင့်ဆိုရာမှသည် ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောအဖြစ်အပျက်တည်းဟူသော သားတော်ဘုရား၏ဘုန်းတော်နှင့်ကြွလာခြင်းအချိန်အထိအကြောင်းအရာများကို အမြန်အကျဉ်းချုံး၍ဟောကြားတော်မူခဲ့ပါသည်။ ထိုအဖြစ်အပျက်နှစ်ခုအကြားတွင် အမှောင်ထုဖုံးလွှမ်းသောရာစုနှစ်များ အသင်းတော်၏သွေးနှင့်မျက်ရည်သွန်းရသော ရာစုနှစ်များ၏မြင်ကွင်းများသည်လည်း ခရစ်တော်၏မျက်ဝန်းတော်ရှေ့တွင်ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ တပည့်တော်များသည် ထိုစဉ်ကဤမြင်ကွင်းများကိုကြည့်ရှုရန်ခံနိုင်ရည်မရှိကြသေးသဖြင့် သခင်ယေရှုသည် ၎င်းတို့အားအကျဉ်းချုံး၍မိန့်တော်မူသည်ကား၊ "ကမ္ဘာဦးမှစ၍ယခုတိုင်အောင်မဖြစ်စဖူး၊ နောက်၌လည်းမဖြစ်လတ္တံ့သော ကြီးစွာသောဒုက္ခသည် ထိုကာလ၌ဖြစ်လိမ့်မည်။ ထိုကာလတာရှည်လျှင်အဘယ်သူမျှမလွတ်နိုင်ရာ။ ရွေးချယ်သောသူတို့အဖို့အလို့ငှာ ထိုကာလသည်တိုလိမ့်မည်။" ယခင်ကတစ်ခါမျှမဖြစ်စဖူးခဲ့သောနှိပ်စက်ညှဉ်းပန်းခြင်းများကို ခရစ်တော်၏နောက်လိုက်များသည် နှစ်ပေါင်းတစ်ထောင်ကျော်ခံစားခဲ့ကြရပါသည်။ ကိုယ်တော်၏သစ္စာရှိသောသက်သေခံများသည် သန်းနှင့်သန်းနှင့်ချီ၍အသတ်ခံခဲ့ကြရပါသည်။ သားသမီးများအားကာကွယ်စောင့်ရှောက်ရန် ဘုရားသခင်သည် လက်တော်ကိုမဆန့်ခဲ့ပါလျှင် ခရစ်ယာန်အားလုံးသေကျေပျက်စီးကုန်ကြလိမ့်မည်သာတည်း။ သို့ရာတွင် ရွေးချယ်ခြင်းခံရသူတို့အဖို့အလို့ငှာ ထိုကာလသည်တိုတောင်းလိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ယခုတွင် မိမိ၏ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းနှင့်ပတ်သက်၍ အဓိပ္ပါယ်အကောက်မလွဲနိုင်သောစကားအသုံးအနှုန်းများကို အသုံးပြုလျက်ကိုယ်တော်မိန့်တော်မူသည်ကား၊ ဤကမ္ဘာလောကသို့မိမိမကြွလာမီကလေးတွင် ဖြစ်ပျက်မည့်ဘေးအန္တရာယ်များအကြောင်းကို သတိပေးထားတော်မူ



သည်မှာ "သူတစ်ပါးက ဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ခရစ်တော်ရှိသည်ဆိုသော်လည်းမယုံကြနှင့်၊ အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင်လှည့်ဖြားလောက်အောင် ကြီးစွာသောနိမိတ်လက္ခဏာအံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်။ ထိုအကြောင်းအရာတို့ကိုငါပြောနှင့်ပြီ၊ ထိုကြောင့် သူတို့ကခရစ်တော်သည်တော၌ရှိသည်ဟုဆိုသော်လည်း မထွက်မသွားကြနှင့်။ တိုက်ခန်း၌ရှိသည်ဟုဆိုသော်လည်းမယုံကြနှင့်။ လျှပ်စစ်သည် အရှေ့မှပြက်၍အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားကြွလာတော်မူလတ္တံ့" ဟူ၍ဖြစ်၏။ ယေရုရှလင်မြို့ပျက်စီးခြင်း၏ပုဗ္ဗနိမိတ်တစ်ခုအဖြစ် "မိစ္ဆာပုရောဖက်တို့သည်ပေါ်လာ၍ များစွာသောသူတို့အားလှည့်ဖြားလိမ့်မည်" ဟူ၍ ခရစ်တော်မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ ထိုပုရောဖက်အတုများပေါ်ထွန်းလာပြီး လူများကိုလှည့်ဖြားကာ တောထဲသို့ခေါ်သွားခဲ့ကြပါသည်။ မှော်ဆရာများနှင့်အောက်လမ်းဆရာများသည် အံ့ဖွယ်တန်ခိုးများကိုပြသကာ လူအများအား တောများတောင်ပေါ်သို့ခေါ်သွားခဲ့ကြပါသည်။ သို့ရာတွင် ဤအနာဂတ္တိစကားသည် နောက်ဆုံးသောနေ့ရက်များနှင့်လည်းသက်ဆိုင်ကြောင်းကိုယ်တော်မိန့်တော်မူထားပါသည်။ ဤပုဗ္ဗနိမိတ်သည် ဒုတိယအကြိမ်ကြွလာခြင်းအတွက် နိမိတ်လက္ခဏာတစ်ခုဖြစ်ပါသည်။ ယခုအချိန်တွင်လည်း ခရစ်တော်အတုအယောင်များနှင့် မိစ္ဆာပုရောဖက်များသည် ကိုယ်တော်၏တပည့်တော်များကိုဖြားယောင်းရန် ထူးဆန်းသောနိမိတ်လက္ခဏာများကိုပြလျက်ရှိကြပါသည်။ "ကြည့်ပါဦး၊ ကိုယ်တော်သည်တော၌ရှိသည်" ဟူသောကြွေးကြော်သံကို ကျွန်ုပ်တို့မကြားဖူးခဲ့ကြဘူးလား။ ခရစ်တော်ကိုတွေ့ရန်းနိုးနှင့် ထောင်ပေါင်းများစွာသောလူအများသည် တောထဲသို့လိုက်မသွားဖူးခဲ့ကြဘူးလား။ သေလွန်သောသူများ၏ဝိညာဉ်များနှင့်စကားပြောဆက်သွယ်ရန် စုရုံးနေကြသောလူများတို့ထံမှ "ကြည့်ပါဦး၊ ကိုယ်တော်သည်တိုက်ခန်းထဲ၌ရှိပါသည်" ဟူသောအော်ဟစ်သံများကို မကြားဖူးခဲ့ကြဘူးလား။ နာမ်ဝိညာဉ်ဆိုင်ရာအယူဝါဒသည် ထိုကဲ့သို့ဟစ်ကြွေးတတ်ကြပါသည်။ သို့ရာတွင် "ခရစ်တော်

မိန့်တော်မူသည်ကား၊ မယုံကြနှင့်။ လျှပ်စစ်သည်အရှေ့မှပြက်၍အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့ လူသားသည်ကြွလာတော်မူလတ္တံ့” ဟူ၍ဖြစ်၏။

ကယ်တင်ရှင်သည် မိမိကြွလာခြင်းအတွက် ပုဗ္ဗနိမိတ်များကိုပေးထားရုံသာမကဘဲ ထိုနိမိတ်များဖြစ်ပေါ်မည့်အချိန်ကိုလည်း သတ်မှတ်ထားတော်မူပါသည်။ “ထိုကာလ၏ဒုက္ခဆင်းရဲခြင်းနောက် ရုတ်ခနဲနေသည်မိုက်လိမ့်မည်။ လသည်အရောင်ကိုမပေး။ ကြယ်တို့သည်ကောင်းကင်မှကျလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည် တုန်လှုပ်ကြလိမ့်မည်။ ထိုအခါ လူသား၏နိမိတ်လက္ခဏာသည် ကောင်းကင်၌ထင်ရှားလိမ့်မည်။ မြေကြီးအပေါ်မှာလူအပေါင်းတို့သည် ငိုကြွေးမြည်တမ်းကြ၍ လူသားသည်ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် မိုးတိမ်ကိုစီး၍ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။ လူသားသည် မိမိတမန်တို့ကိုစေလွှတ်၍ တံပိုးခရာကိုပြင်းစွာမှုတ်စေတော်မူသဖြင့် သူတို့သည်ရွေးချယ်တော်မူသောသူတို့ကို အရပ်လေးမျက်နှာကောင်းကင်အောက်ထက်ဝန်းကျင်တို့မှ ခေါ်၍စုရုံးကြလတ္တံ့။”

စာဖြူများ၏နှိပ်စက်ညှဉ်းပန်းမှုအဆုံးတွင် နေသည်ကြတ်၍လသည်မိုက်ကာ ကောင်းကင်မှကြယ်များသည်ကြွေလိမ့်မည်ဖြစ်ကြောင်း ခရစ်တော်မိန့်တော်မူခဲ့ပါသည်။” သင်္ဘောသဖန်းပင်ကိုအစွဲပြု၍ ပုံသက်သေတစ်ခုကိုမှတ်ကြလော့။ သင်္ဘောသဖန်းပင်သည် အခက်အလက်နု၍ အရွက်ပေါက်သောအခါ နွေကာလနီးသည်ကိုသင်တို့သိကြ၏။ ထိုနည်းတူထိုအကြောင်းအရာအလုံးစုံတို့ကိုမြင်ရလျှင် လူသားသည်တံခါးဝတိုင်အောင်အနီးသို့ရောက်တော်မူသည်ကို သိမှတ်ကြလော့။” မဿဲ ၂၄း၃၂-၃၃။

ခရစ်တော်သည် မိမိကြွလာခြင်းနှင့်ပတ်သက်သည့်နိမိတ်လက္ခဏာများကို မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ လူသားသည် တံခါးဝတိုင်အောင်အနီးသို့ရောက်လာပြီဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ရန် ထိုသို့မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ ဤနိမိတ်လက္ခဏာများကိုတွေ့မြင်ရမည့်သူများနှင့်ပတ်သက်၍ မိန့်တော်မူသည်ကား၊ “ယခုဖြစ်သောလူများမကုန်မီ ထိုအကြောင်းအရာအလုံးစုံတို့သည်ဖြစ်ကြလိမ့်မည်” ဟူ၍ဖြစ်၏။ ဤနိမိတ်လက္ခဏာများတို့သည်



ဖြစ်ပျက်ခဲ့ကြပြီးဖြစ်သဖြင့် ခရစ်တော်၏ကြွလာခြင်းသည်နီးကပ်နေပြီဖြစ်ကြောင်း၊ ယခုတွင် ကျွန်ုပ်တို့သေချာပေါက်သိရှိနိုင်ကြပါသည်။ ထို့ပြင် “ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်” ဟု ယေရှုရှင်ကထပ်လောင်း၍အတည်ပြုမိန့်တော်မူခဲ့ပါသည်။

ခရစ်တော်၏ဘုန်းတော်နှင့်ပြည့်စုံစွာဖြင့် မိုးတိမ်ကိုစီးလျက်ကြွလာလိမ့်မည်။ အရောင်အဝါတောက်ပနေသော မရေမတွက်နိုင်အောင်များပြားသည့်ကောင်းကင်တမန်များသည် ကိုယ်တော်ကိုခြံရံလျက် လိုက်ပါလာကြလိမ့်မည်။ ကိုယ်တော်ရှင်သည် မိမိအားချစ်၍ ပညတ်တော်ကိုစောင့်ရှောက်သူများအားဂုဏ်ပြုကာ မိမိနှင့်အတူခေါ်ဆောင်သွားရန် ကြွလာတော်မူမည်ဖြစ်ပါသည်။ ကိုယ်တော်သည် ထိုသူများကိုလည်းကောင်း၊ မိမိပြုတော်မူခဲ့သောကတိတော်ကိုလည်းကောင်း မေ့လျော့တော်မမူခဲ့ချေ။ ထိုအချိန်တွင် မိသားစုများပြန်လည်ပေါင်းစည်းကြလိမ့်မည်။ ကျွန်ုပ်တို့သည် သေဆုံးသွားသည့်မိမိတို့၏မိသားစုများကို မျှော်ကြည့်နေသောအချိန်တွင် ဘုရားသခင်၏တံပိုးသံပေါ်ထွက်လာ၍ သေလွန်သောသူတို့သည် မပုပ်နိုင်သောအဖြစ်၌တည်လျက်ထမြောက်ကာ ကျွန်ုပ်တို့ရှိသမျှသည် ပြောင်းလဲရမည့်မင်္ဂလာနံနက်အကြောင်းကို စဉ်းစားကြည့်နိုင်ကြမည်ဖြစ်ပါသည်။ နောက်ထပ်အချိန်အနည်းငယ်ကြာသော် အသရေနှင့်ပြည့်စုံသောမင်းကြီးအား ကျွန်ုပ်တို့ဖူးတွေ့ရပါလိမ့်မည်။ ထိုနောက် အနည်းငယ်ကြာသော် ထိုမင်းကြီးသည်ကျွန်ုပ်တို့မျက်လုံးအိမ်များမှ မျက်ရည်များကိုသုတ်ပေးတော်မူလိမ့်မည်။ ထိုနောက်အနည်းငယ်ကြာသော် ကိုယ်တော်သည် အပြစ်မရှိဘဲဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်ရှိသောကျွန်ုပ်တို့အား ဘုန်းအသရေတော်ရှေ့၌ဆက်သတော်မူပါလိမ့်မည်။ ယုဒ ၂၄။ သို့ဖြစ်၍ ကြွလာခြင်းနှင့်ပတ်သက်သောပုဗ္ဗနိမိတ်များကိုဟောကြားစဉ် ဆက်လက်မိန့်တော်မူသည်ကား၊ ထိုအမှုအရာတို့သည်ဖြစ်စရှိသောအခါ သင်တို့ကိုရွေးနုတ်သောအချိန်ကာလရောက်လုနီးသည်ကိုထောက်သဖြင့် မျှော်ကြည့်၍ခေါင်းကိုကြွကြလော့ဟူ၍ဖြစ်၏။

သို့ရာတွင် ကိုယ်တော်ရှင်သည် ကြွလာသည့်နေ့ရက်နာရီကိုမူ ဖော်ပြတော်မမူခဲ့ချေ။ ဒုတိယအကြိမ်ကြွလာမည့်နေ့ရက်နာရီကို မိမိကိုယ်တိုင်ပင်

မသိရှိကြောင်း တပည့်တော်များအားရှင်းလင်းပြတ်သားစွာ ကိုယ်တော်ဖွင့်ဆိုတော်မူခဲ့ပါသည်။ ထိုအချိန်နာရီကို မိမိ၌ပြောပိုင်ခွင့်ရှိခဲ့ပါလျှင် ၎င်းတို့အား မခြားမလပ်စောင့်မျှော်နေဖို့တိုက်တွန်းအားပေးရန် လိုအပ်လိမ့်မည်မဟုတ်ချေ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာမည့်နေ့ရက်အချိန်နာရီကိုသိရှိသည်ဟု အခိုင်အမာပြောလာသူများရှိကြပါသည်။ ထိုသူများသည် အနာဂတ်ကိုအသေးစိတ်သတ်မှတ်ရန် စိတ်အားထက်သန်နေကြပါသည်။ သို့ရာတွင် သခင်ယေရှုသည် ၎င်းတို့အားမိမိတို့၏လုပ်ဆောင်မှုများကိုဂရုပြုရန် သတိပေးခဲ့ပြီးဖြစ်ပါသည်။ အကြောင်းမှာ ခရစ်တော်ကြွလာမည့်အချိန်နာရီအတိအကျကို မည်သူမျှမသိရှိနိုင်ဘဲ ထိုအရာသည် ဘုရားသခင်၏နက်နဲမှုတစ်ရပ်သာဖြစ်သောကြောင့်တည်း။

မိမိကြွလာမည့်အချိန်တွင်ရှိနေမည့်ကမ္ဘာကြီး၏အခြေအနေကို ဆက်လက်၍မိန့်တော်မူသည်ကား၊ "လူသားသည်ကြွလာသောအခါ နောဧလက်ထက်၌ဖြစ်သကဲ့သို့ဖြစ်လိမ့်မည်။ ရေလွှမ်းမိုးခြင်းမဖြစ်မီကာလ၌ နောဧသည်သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည်စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေ၍ ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်" ဟူ၍ဖြစ်၏။ ခရစ်တော်သည် ဤနေရာတွင် လူအပေါင်းအား ထာဝရကာလအတွက်ပြင်ဆင်ပေးသည့်ဤလောကကမ္ဘာတွင် နေထိုင်မည့်နှစ်ပေါင်းတစ်ထောင်အကြောင်းကို ဖွင့်ဆိုနေခြင်းမဟုတ်ပါ။ လူသားသည် တစ်ဖန်ကြွလာသောအချိန်တွင် နောဧလက်ထက်ကဲ့သို့ဖြစ်လိမ့်မည်ဟူ၍သာ ကျွန်ုပ်တို့အားမိန့်ဆိုနေခြင်းဖြစ်ပါသည်။

နောဧလက်ထက်ကမည်ကဲ့သို့အခြေအနေမျိုးရှိခဲ့ပါသနည်း။ မြေကြီးပေါ်မှာလူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူ၏။ ကမ္ဘာ ၆း၅။ ရေမလွှမ်းမိုးမီအချိန်ကလူသားများသည် ထာဝရဘုရား၏အလိုတော်ကိုဆောင်ရန်ငြင်းဆန်လျက် ကိုယ်တော်ရှင်ထံမှကျောခိုင်းခဲ့ကြပါသည်။



ထိုသူများသည် မိမိတို့၏ဆိုးညစ်သောအကြံအစည်များနှင့် လွဲမှားသောအတွေးအခေါ်များကိုသာ လိုက်လျှောက်ကျင့်သုံးခဲ့ကြပါသည်။ ၎င်းတို့သည် မိမိတို့၏ဆိုးညစ်မှုများကြောင့် အဖျက်ဆီးခံခဲ့ကြရပါသည်။ ယနေ့ကမ္ဘာသူကမ္ဘာသားများသည်လည်း ထိုသူတို့၏လမ်းစဉ်အတိုင်းလိုက်လျှောက်နေကြပါသည်။ ဤအခြေအနေတွင် နှစ်ပေါင်းတစ်ထောင်အချိန်နှင့်ဆိုင်သော ဘုန်းတန်ခိုးတော်၏ဝါကြွားစရာနိမိတ်လက္ခဏာတစ်စုံတစ်ခုမျှမရှိပါချေ။ ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးသူများသည် ကမ္ဘာကြီးကိုညစ်ညမ်းမှုနှင့်ပြည့်စေလျက်ရှိပါသည်။ ၎င်းတို့ပြုလုပ်သောအလောင်းအစားပြုခြင်းများ၊ မြင်းပွဲများ၊ လောင်းကစားဝိုင်းများ၊ အပျော်ကြူးခြင်းများ၊ ကိလေသာတပ်မက်ခြင်းများနှင့်အထိန်းအကွပ်မရှိသော ကာမဂုဏ်လိုက်စားခြင်းများအားဖြင့် ကမ္ဘာကြီးအားအကြမ်းဖက်မှုများနှင့်အလျှင်အမြန်ပြည့်ဝစေလျက်ရှိပါသည်။

ယေရုရှလင်မြို့ကြီးပျက်စီးခြင်းနှင့်ပတ်သက်သည့် အနာဂတ္တိစကားတွင် သခင်ယေရှုမိန့်တော်မူသည်ကား၊ "မတရားသောအမှုတို့သည်များပြားသဖြင့် အများသောသူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်။ အကြင်သူသည်အဆုံးတိုင်အောင်တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတ္တံ့" ဟူ၍ဖြစ်၏။ ဤအနာဂတ္တိစကားသည် နောက်ထပ်တစ်ဖန်ပြည့်စုံပေလိမ့်ဦးမည်။ ထိုခေတ်၌တွေ့မြင်ခဲ့ရသည့် များပြားလှစွာသောမတရားမှုများကို ယခုခေတ်တွင်လည်းတွေ့ရှိနေရပါသည်။ ဧဝံဂေလိတရားဟောကြားခြင်းနှင့်စပ်လျဉ်းသော ကြိုတင်ဟောကြားမှုများသည်လည်း ထိုနည်းအတူပင်ဖြစ်ပါသည်။ ဧဝံဂေလိတရားတော်ကို ကောင်းကင်အောက်မြေကြီးပေါ်တွင် ရှိသမျှဝေနေယျသတ္တဝါတို့အားဟောပြောခဲ့ကြောင်းကို ယေရုရှလင်မြို့မပျက်စီးမီတွင် ရှင်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်ခြင်းအားဖြင့် ရေးသားဖွင့်ဆိုခဲ့ပါသည်။ ကောလောသဲ ၁း၂၃။ "ထိုနည်းအတူယခုတွင်လည်း လူသားမကြွလာမီထာဝရဧဝံဂေလိတရားတော်ကို လူအမျိုး

အနွယ်ခပ်သိမ်းတို့အား ဟောကြားရလိမ့်မည်" ဟူ၍ သမ္မာကျမ်းစာတွင် ဖွင့်ဆိုထားပါသည်။ ဗျာဒိတ် ၁၄း၆၊၁၄။ ဘုရားသခင်သည် "လောကီသားတို့ကိုဖြောင့်မတ်ခြင်းတရားနှင့်ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ" တမန် ၁၇း၃၁။ ထိုနေ့ရက်ကြီးနှင့်ပတ်သက်သည့် နိမိတ်ပြဖော်ပြသည့်အချိန်ကို ကျွန်ုပ်တို့အားခရစ်တော်မိန့်မူထားပါသည်။ တစ်ကမ္ဘာလုံးပြောင်းလဲလာလိမ့်မည်ဟု ကိုယ်တော်ရှင်မိန့်တော်မမူခဲ့ဘဲ "လူမျိုးအပေါင်းတို့အားသက်သေဖြစ်မည့်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည် ဖြစ်လတ္တံ့" ဟူ၍မိန့်တော်မူခဲ့ပါသည်။ လောကီနိုင်ငံအရပ်ရပ်ရှိသမျှတို့၌ ဧဝံဂေလိတရားကိုဟောကြားခြင်းအားဖြင့် ခရစ်တော်၏ကြွလာခြင်းကိုလျင်မြန်စေရန် ကျွန်ုပ်တို့စွမ်းဆောင်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နေ့ရက်ကြီးရောက်ရှိလာမည့်အချိန်ကို မျှော်လင့်စောင့်စားနေရုံသာမကဘဲ ပို၍လျင်မြန်စေအောင်လည်း လုပ်ဆောင်ကြရပါမည်။ ၂ပေ ၃း၁၂။ ဘုရားသခင်သတ်မှတ်ထားတော်မူသည့်လုပ်ငန်းများကို ခရစ်တော်၏အသင်းတော်သည် လုပ်ဆောင်ခဲ့ကြလျှင် ဤနေ့ကြီးမတိုင်မီ တစ်ကမ္ဘာလုံးအားသတိပေးပြီးဖြစ်ပါလိမ့်မည်။ ၎င်းပြင် သခင်ယေရှုသည်လည်း တန်ခိုးတော်ဖြင့်ဤကမ္ဘာသို့ကြွလာတော်မူခဲ့ပါလိမ့်မည်။

ကိုယ်တော်သည် ကြွလာခြင်းနှင့်ဆိုင်သောပုဗ္ဗနိမိတ်များအကြောင်းကို ဟောကြားတော်မူပြီးနောက် ဆက်လက်၍ "ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင် ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးသည်ကိုသိမှတ်ကြလော့" "ထိုအချိန်ကာလသည် အဘယ်အခါ၌ရောက်မည်ကို သင်တို့မသိသောကြောင့် သတိပြု၍ဆုတောင်းလျက်စောင့်နေကြလော့" ဟူ၍မိန့်တော်မူပါသည်။ ဘုရားသခင်သည် ရောက်ရှိလာတော့မည့်တရားစီရင်ခြင်းနှင့်ပတ်သက်၍ လူများအားအမြဲတမ်းသတိပေးခဲ့ပါသည်။ မိမိတို့ခေတ်ကာလအတွက်ပေးတော်မူသောသတင်းစကားကိုယုံကြည်လျက် ပညတ်တော်များကိုလိုက်လျှောက်ခြင်းအားဖြင့် မိမိတို့၏ယုံကြည်ချက်အတိုင်းကျင့်ဆောင်သောသူများ



သည် နားမထောင်သူများနှင့်မယုံကြည်သောသူများအပေါ်သို့ ကျရောက်မည့်တရားစီရင်ခြင်းမှကင်းလွတ်ကြပေလိမ့်မည်။ "သင်သည်ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကိုငါသိမြင်သည်ဖြစ်၍ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ သင်္ဘောထဲသို့ဝင်ကြလော့" ဟူ၍ မိမိထံသို့ရောက်ရှိလာသော ထာဝရဘုရား၏အမိန့်တော်ကို နောဧသည်နားထောင်ခဲ့သဖြင့် ကယ်တင်ခြင်းခံခဲ့ရပါသည်။ "ထကြ၊ ဤအရပ်မှထွက်သွားကြ၊ ဤမြို့ကိုထာဝရဘုရားဖျက်ဆီးတော်မူမည်" ဟူသောသတင်းစကားသည် လောတထံသို့ရောက်ရှိလာခဲ့ပါသည်။ ကမ္ဘာ ၇း၁၊ ၁၉း၁၄။ လောတသည် ကောင်းကင်သားများ၏လမ်းပြပို့ဆောင်မှုကိုခံယူခဲ့သဖြင့် ကယ်တင်ခြင်းသို့ရောက်ခဲ့ပါသည်။ ထိုနည်းအတူ ယေရုရှလင်မြို့ကြီးပျက်စီးတော့မည့်သတိပေးစကားကို တပည့်တော်များအားပြောကြားခဲ့ပါသည်။ ပျက်စီးခြင်းအကြောင်းနှင့်ပတ်သက်သောပုဗ္ဗနိမိတ်များကို ဂရုစိုက်စောင့်ကြည့်ကာ ထိုမြို့မှတိမ်းရှောင်ထွက်ပြေးခဲ့သူများသည် ပျက်စီးခြင်းမှကင်းလွတ်ခဲ့ကြပါသည်။ ထိုနည်းနှင်နှင်ပင် ယခုအချိန်တွင်လည်း ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သည့်သတိပေးစကားများနှင့် တစ်ကမ္ဘာလုံးအပေါ်သို့ကျရောက်တော့မည့်ပျက်စီးခြင်းနှင့်ပတ်သက်သော သတိပေးစကားများတို့ကို ကျွန်ုပ်တို့အားမိန့်မြွက်နေပါသည်။ ထိုသတိပေးစကားများကို အလေးဂရုပြုသောသူများသည် ကယ်တင်ခြင်းသို့ရောက်ကြပါလိမ့်မည်။

မည်သည့်အချိန်တွင် ကိုယ်တော်ပြန်လည်ကြွမြန်းလာမည်ကို ကျွန်ုပ်တို့မသိရှိနိုင်သောကြောင့် စောင့်လျက်နေကြရန် ဘုရားရှင်မိန့်တော်မူခဲ့ပါသည်။ "အကြင်ကျွန်တို့သည်စောင့်လျက်နေသည်ကို သခင်သည်ပြန်လာ၍တွေ့၏။ ထိုကျွန်တို့သည်မင်္ဂလာရှိကြ၏" လုကာ ၁၂း၃၇။ သခင်ဘုရား၏ကြွလာခြင်းကိုစောင့်မျှော်နေသူများသည် ဘာမျှမလုပ်ဘဲစောင့်မျှော်နေကြရန်မဟုတ်ချေ။ ခရစ်တော်ကြွလာခြင်းကိုစောင့်မျှော်ခြင်းသည် ဘုရားသခင်နှင့်တကွ လွန်ကျူးမှုများအပေါ်ပြုတော်မူမည့် ကိုယ်တော်၏တရားစီရင်ခြင်းကို လူသားများအားကြောက်ရွံ့စေပါသည်။ ကိုယ်တော်ပေးတော်မူသည့်

ကရုဏာတော်ကိုငြင်းဆန်ခြင်းအပြစ်မှ ၎င်းတို့အားနိုးကြားထကြွစေပါသည်။ ဘုရားသခင်ကိုစောင့်မျှော်နေသူများသည် သမ္မာတရားကိုလိုက်လျှောက်ကျင့်ခြင်းအားဖြင့် မိမိတို့၏အသက်ဝိညာဉ်များကို သန့်စင်လျက်ရှိပါသည်။ သူတို့သည် နိုးနိုးကြားကြားစောင့်မျှော်ကြယင်း အမှုတော်ကိုလည်းစိတ်အားထက်သန်စွာလုပ်ဆောင်လျက်ရှိကြပါလိမ့်မည်။ သခင်ဘုရားသည် တံခါးဝတွင်ရောက်ရှိနေကြောင်း သူတို့သိရှိကြသဖြင့် အသက်ဝိညာဉ်များကိုကယ်တင်ရန်အလို့ငှာ ကောင်းကင်သားများနှင့်လက်တွဲလုပ်ဆောင်ရန် စိတ်အားထက်သန်လျက်ရှိကြပါလိမ့်မည်။ ဤသူများသည် မိမိအိမ်သားတို့အားအချိန်တန်လျှင် အစားအသောက်တို့ကိုပေးသော၊ သတိပညာနှင့်ပြည့်စုံသောကျွန်များဖြစ်ကြပါသည်။ လုကာ ၁၂း၄၂။ အထူးသဖြင့် ယခုအချိန်နှင့်သက်ဆိုင်သောသမ္မာတရားများကို သူတို့ဟောကြားနေကြပါသည်။ ဧနောက်၊ နောဧ၊ အာဗြဟံနှင့် မောရှေတို့သည် မိမိတို့၏ခေတ်ကာလအတွက် သမ္မာတရားများကိုဟောကြားခဲ့ကြသည်နည်းတူ ခရစ်တော်၏အစေခံကျွန်များသည်လည်း မိမိတို့၏ခေတ်ကာလနှင့်အထူးပတ်သက်သော သတိပေးစကားများကို ဟောကြားကြပါလိမ့်မည်။

သို့ရာတွင် ခရစ်တော်သည် အခြားကျွန်တစ်ဖွဲ့အကြောင်းကိုဖော်ပြသည်မှာ " အကြင်ကျွန်ဆိုးက ငါ့အရှင်လာခဲလိမ့်မည်ဟုစိတ်ထဲ၌အောက်မေ့သည်နှင့် ကျွန်ချင်းတို့ကိုရိုက်ပုတ်လျက် သေသောက်ကြူးသောသူတို့နှင့်အတူစားသောက်လျက်နေ၏။ ထိုကျွန်မကြည့်မမျှော်သောနေ့ရက် မကြားမသိသောအချိန်နာရီ၌ သခင်သည်ရောက်လာလိမ့်မည် " ဟူ၍ဖြစ်၏။

ထိုကျွန်ဆိုးသည် ငါ့အရှင်လာခဲမည်ဟုသာ စိတ်ထဲ၌အောက်မေ့ခဲ့ပါသည်။ ခရစ်တော်ကြွလာမည်မဟုတ်ဟုသူမပြောခဲ့ပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်သော ထင်မြင်ချက်များကိုလည်း သူပြက်ရယ်မပြုခဲ့ပါ။ သို့ရာတွင် အရှင်လာခဲမည်ဟုသူစိတ်ထင်ခဲ့ပါသည်။ အမူအရာအားဖြင့်လည်းကောင်း၊ စကားအားဖြင့်လည်းကောင်း ဖွင့်ဟခဲ့ပါသည်။ ခရစ်တော်အလျင်အမြန်ကြွလာတော့မည်ဟူသော အခြားသူများ၏စိတ်ထဲတွင်



ရှိထားသော အသိစိတ်ဓာတ်ကလေးများကို သူကပျောက်ပျက်စေပါသည်။ သူ၏သြဇာသက်ရောက်မှုကြောင့် များစွာသောလူများသည် ကိုယ်တော်ကြွလာခြင်းအပေါ်ဂရုမပြုကြတော့ဘဲ စိတ်အားထက်သန်မှုမရှိကြတော့ချေ။ လောကရေးရာများတွင်သာ နစ်မျောနေကြပါတော့သည်။ ၎င်းတို့၏စိတ်ထဲတွင် လောကီကာမဂုဏ်ခံစားမှုများနှင့် ညစ်ညမ်းသောအတွေးအခေါ်များကနေရာယူထားကြပါသည်။ ထိုကျွန်ဆိုးသည် အရက်သမားများနှင့်ပေါင်းဖက်ပြီး သောက်စားမူးယစ်ကာ လောကအပျော်အပါးများကိုသာလိုက်စားပါတော့သည်။ သူသည် မိမိအရှင်အပေါ်တွင်သစ္စာစောင့်သိသောကျွန်ချင်းများကိုစွပ်စွဲပြစ်တင်ကာ ရိုက်ပုတ်ထိုးနှိပ်နေပါသည်။ သူသည်လောကသားများနှင့်အတူ ရောယှက်ပေါင်းဖက်ကြီးပြင်းလာကာ အတူအပြစ်ကျူးလွန်နေပါသည်။ ကြောက်စရာကောင်းလှသောသဘောထားတိုက်ဆိုင်မှုများပါတကား။ "ထိုကျွန်မကြည့်မမျှော်သောနေ့ရက် မကြားမသိသောအချိန်နာရီ၌ သခင်သည်ရောက်လာလျှင် ထိုကျွန်ကိုပြင်းစွာကွပ်မျက်ဆုံးမ၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာအရပ်၌ လျှို့ဝှက်သောသူတို့နှင့်အတူနေရာချလတ္တံ့။"

သင်သည် --- စောင့်၍မနေလျှင် သူခိုးကဲ့သို့သင်ရှိရာသို့ငါလာမည်။ လာမည့်အချိန်နာရီကိုလည်းသင်မသိရ။ ဗျာဒိတ် ၃း၃။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟု ကြွေးကြော်နေသောဆရာအတုအယောင်များအတွက် ခရစ်တော်ကြွလာခြင်းသည် အံ့အားသင့်စရာဖြစ်နေပါလိမ့်မည်။ ယေရုရှလင်မြို့ကြီးမပျက်စီးမီအချိန်က အသက်ရှင်ထင်ရှားခဲ့ကြသော ယဇ်ပုရောဟိတ်များကဲ့သို့ပင် သူတို့သည်အသင်းတော်ကြီးအားလောကီဥစ္စာစည်းစိမ် ဘုန်းတန်ခိုးများနှင့်တိုးပွားပြည့်စုံလာလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ကပ်ကာလ၏နိမိတ်လက္ခဏာများကိုလည်း ထိုကဲ့သို့ဖြစ်ပျက်မည်ကိုနိမိတ်ပေးသောအရာများအဖြစ်သို့ သူတို့အနက်ဖွင့်ခဲ့ကြပါသည်။ သို့ရာတွင် နှုတ်ကပတ်တော်တွင်ဖွင့်ဆိုထားသည်မှာ "သူတို့အပေါ်၌လျင်မြန်စွာပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့်မရှိရကြ" ဟူ၍ဖြစ်၏။ ၁သက် ၅း၃။ ဤကမ္ဘာမြေပြင်ပေါ်ဝယ် နေထိုင်ကြသူအားလုံးအပေါ်သို့လည်းကောင်း၊

ဤကမ္ဘာလောကကို မိမိတို့၏နေအိမ်ဖြစ်စေကြသောသူအားလုံးအပေါ်သို့လည်းကောင်း ဘုရားသခင်၏နေ့ရက်ကြီးသည် ကျော့ကွင်းတစ်ခုကဲ့သို့ကျရောက်လာလိမ့်မည်။ ထိုနေ့ရက်ကြီးသည် ထိုသူများထံသို့ သူခိုးကဲ့သို့လျှို့ဝှက်စွာရောက်ရှိလာလိမ့်မည်။

ရုန်းရင်းခတ်မှုများ၊ ဘုရားမဲ့အပျော်အပါးလိုက်စားမှုများနှင့်ပြည့်ဝနေသော ဤကမ္ဘာလောကကြီးသည် ဇာတိပကတိတွင် စိတ်ချလုံခြုံစွာဖြင့် အိပ်စက်နေပါသည်။ လူသားများသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကို များစွာနှောင့်နှေးစေလျက်ရှိကြပါသည်။ သတိပေးစကားများကို သူတို့ပြက်ရယ်ပြုကြပါသည်။ "ဘိုးဘေးများအိပ်ပျော်နေသည်နောက် ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏။" "ယနေ့ဖြစ်သကဲ့သို့နက်ဖြန်နေ့ဖြစ်လိမ့်မည်။ ထိုမျှမကသာ၍ကြွယ်ဝလိမ့်မည်" ဟူ၍ မာနထောင်လွှားကာကြွားဝါကြပါလိမ့်မည်။ ၂ပေ ၃း၄။ ဟေရှာယ ၅၆း၁၂။ ကျွန်ုပ်တို့သည် အပျော်အပါးလိုက်စားမှုများကို ပို၍လုပ်ဆောင်ကြပါလိမ့်မည်။ သို့ရာတွင် ခရစ်တော်မိန့်တော်မူသည်ကား၊ "သူခိုးကဲ့သို့ငါလာ၏" ဗျာဒိတ် ၁၆း၁၆။ ခရစ်တော်ကြွလာလိမ့်မည်ဟူသောကတိတော်သည် အဘယ်မှာနည်းဟူ၍ မထီလေးစားမေးမြန်းနေစဉ်မှာပင် ပုဗ္ဗနိမိတ်များသည်ပြည့်စုံလျက်ရှိနေပါသည်။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်ကင်း၏ဟု သူတို့ပြောနေစဉ်မှာပင် ပျက်စီးခြင်းသည်အလျင်အမြန်ကျရောက်လာပါလိမ့်မည်။ သမ္မာတရားကိုမထီလေးစားပြုသူများနှင့် အလင်းတရားကိုငြင်းပယ်သူများသည် ပို၍အတင့်ရဲလာသောအချိန်တွင် ငွေကြေးရရှိရေးအတွက် နည်းမျိုးစုံဖြင့်စည်းလွတ်ဝါးလွတ်လုပ်ဆောင်လာကြသောအချိန်တွင် ကျောင်းသားများသည် သမ္မာကျမ်းစာမှလွဲ၍ အခြားဘာသာရပ်အားလုံးကို စိတ်ဝင်တစားလေ့လာလိုက်စားနေကြသောအချိန်တွင် ခရစ်တော်သည်သူခိုးကဲ့သို့ကြွလာတော်မူလိမ့်မည်။

ဤလောကတွင်ရှိသောအရာမှန်သမျှသည် မတည်မငြိမ်ဖြစ်ကာလှုပ်ရှားနေကြပါသည်။ ကပ်ကာလ၏နိမိတ်လက္ခဏာများသည် မကောင်းလုပါ





ချေ။ ဖြစ်ပျက်တော့မည့်အရာများအတွက် အတိတ်နိမိတ်ထင်ရှားလျက်ရှိပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဤကမ္ဘာမှဆုတ်ခွာသွားလျက်ရှိပြီး၊ ပင်လယ်တွင်သော်လည်းကောင်း၊ ကုန်းပေါ်တွင်သော်လည်းကောင်း အတိဒုက္ခတစ်ခုပြီးတစ်ခုကျရောက်လျက်ရှိပါသည်။ မုန်တိုင်းကျခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်းများနှင့်တကွ လူသတ်မှုအမျိုးမျိုးတို့သည်ဖြစ်ပွားလျက်ရှိကြပါသည်။ မည်သူသည်အနာဂတ်အကြောင်းကိုပြောနိုင်မည်နည်း။ မည်သည့်နေရာတွင် လုံခြုံမှုရနိုင်မည်နည်း။ မည်သည့်လူသားတစ်စုံတစ်ယောက်နှင့် လောကီရေးရာတစ်စုံတစ်ခု၌မျှ အာမခံချက်မရှိပါချေ။ လူသားများသည် မိမိတို့ရွေးချယ်ထားသည့်အလံအောက်တွင် အလျင်အမြန်တန်းစီလျက်ရှိကြပါသည်။ သူတို့သည် မိမိတို့ခေါင်းဆောင်များ၏လှုပ်ရှားမှုများကို စိတ်လှုပ်ရှားစွာဖြင့်စောင့်ဆိုင်းကြည့်ရှုလျက်ရှိကြပါသည်။ သခင်ဘုရား၏ကြွလာခြင်းကိုစောင့်စားမျှော်လင့်ကာ လုပ်ဆောင်နေကြသူများရှိသော်လည်း အခြားအဖွဲ့တစ်ဖွဲ့မှာမူ အဦးဆုံးသောအယုဝါဒဖောက်ပြန်သူ၏ခေါင်းဆောင်မှုအောက်တွင် ကျဆုံးသွားခဲ့ကြပါသည်။ လူအနည်းငယ်သာမိမိတို့၌ရှောင်ရှားရန်၊ ငရဲနှင့်ဝင်စားရန် ကောင်းကင်နိုင်ငံတော်ရှိကြောင်းကို စိတ်နှလုံးအားဖြင့်ယုံကြည်မှုရှိကြပါသည်။

ထိုအကျပ်အတည်းကာလသည် ကျွန်ုပ်တို့ထံသို့တဖြည်းဖြည်းချဉ်းကပ်လာနေပါသည်။ နေသည်မိမိ၏နဂိုသွားရာလမ်းကြောင်းအတိုင်း လှည့်ပတ်လှုပ်ရှားကာထွန်းလင်းလျက်ရှိပါသည်။ ကောင်းကင်ယံသည်လည်း ဘုရားသခင်၏ဘုန်းတော်ကိုကြားပြောဆဲဖြစ်ပါသည်။ လူသားများသည်လည်း စားလျက်၊ သောက်လျက်၊ စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်၊ ထိမ်းမြားလျက်ရှိကြပါသည်။ ကုန်သည်များသည် ရောင်းဝယ်ကြဆဲရှိပါသည်။ လူများသည် ကြီးမြတ်သောရာထူးများကိုရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦးတွန်းကြတိုက်ကြဆဲဖြစ်ပါသည်။ အပျော်အပါးလိုက်စားသူများကလည်း ဇာတ်ရုံများ၊ မြင်းပွဲများနှင့်လောင်းကစားဝိုင်းများတွင် ဝိုင်းအုံကြဆဲဖြစ်ပါသည်။ လူများတို့၏စိတ်လှုပ်ရှားမှုများသည် အထွတ်အထိပ်သို့ရောက်နေသော်လည်း ကရုဏာ

တံခါးပိတ်တော့မည့်အချိန်သည် နီးကပ်လာလျက်ရှိကာ လူတိုင်းအတွက် ထာဝရစီရင်ခြင်းချမှတ်တော့မည်ဖြစ်ပါသည်။ မိမိ၌အချိန်မရှိတော့သည်ကို စာတန်သိထားပါသည်။ ထို့ကြောင့်သူသည် ကရုဏာတံခါးပိတ်သည့်နေ့တိုင်အောင် လူများကိုလိမ်လည်လှည့်ဖြားရန် မိမိ၌ရှိသောအစွမ်းတန်ခိုးအားလုံးကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့ (သို့မဟုတ်) အစားအသောက်လွန်ကြူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက်နေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့၌တွေ့ကြုံလိမ့်မည်။ "ထို့ကြောင့်သင်တို့သည် ဖြစ်လတ္တံ့သောအမှုအရာတို့နှင့်ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကိုခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း အစဉ်ဆုတောင်းလျက်စောင့်နေကြလော့" ဟူသောသံလွင်တောင်ပေါ်တွင်မိန့်တော်မူခဲ့သော ကိုယ်တော်၏သတိပေးစကားများသည် ထုံးတမ်းစဉ်လာအတိုင်း ရာစုနှစ်များကိုဖြတ်ကျော်ကာ ကျွန်ုပ်တို့ထံသို့ရောက်ရှိလာပါသည်။

****



# tcef; (70)
# igmnDwdkYwGifti,fcHk;aomol

ရှင်မဿဲခရစ်ဝင် ၂၅း၃၁–၄၆ တို့ကိုအခြေပြုထားပါသည်။

"လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက် သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်၍ ရှေ့တော်၌လူမျိုးအပေါင်းတို့ကိုစုဝေးစေသဖြင့် ---လူအပေါင်းတို့ကိုအသီးအခြားခွဲ၍ --- ထားတော်မူလတ္တံ့" ဟူသောမိန့်မြွက်ချက်အားဖြင့် ခရစ်တော်သည် သံလွင်တောင်ပေါ်တွင် တပည့်တော်များအား တရားစီရင်မည့်နေ့ကြီးအကြောင်းကို ရုပ်လုံးဖော်တော်မူခဲ့ပါသည်။ ၎င်းပြင် တရားစီရင်ဆုံးဖြတ်ခြင်းသည် အချက်တစ်ခုအပေါ်တွင်အခြေပြု၍ လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်းကိုလည်း ရုပ်လုံးဖော်ခဲ့ပါသည်။ ကိုယ်တော်၏ရှေ့တော်တွင် စုရုံးလာကြမည့်လူမျိုးအပေါင်းတို့တွင် အုပ်စုနှစ်စုသာရှိပါသည်။ ခရစ်တော်၏ကိုယ်စားအဖြစ် ဆင်းရဲသားများနှင့်ရောဂါဝေဒနာရှင်များအား ပြုစုကူညီခဲ့သည်၊ (သို့မဟုတ်) လျစ်လျူရှုခဲ့သည်ဆိုသည့်အချက်ပေါ်တွင်မူတည်၍ ၎င်းတို့၏ကံကြမ္မာကိုဆုံးဖြတ်မည်ဖြစ်ပါသည်။ ၎င်းတို့၏ကယ်တင်ခြင်းအတွက် မိမိတို့၏အသက်တာကိုပေးဆပ်လုပ်ဆောင်ခဲ့သည့်ကြီးမြတ်လှသောအမှုတော်အကြောင်းကို ထိုသူများအားထိုနေ့ရက်ကကိုယ်တော်ရှင်ဖော်ပြတော်မမူခဲ့ချေ။ မိမိ၏လက်ယာဘက်တွင်ရှိကြသောသူတို့အား ကိုယ်တော်မိန့်တော်မူသည်မှာ "ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့။ အကြောင်းမူကား၊ ငါသည်မွတ်သိပ်သောအခါ သင်တို့သည်ကျွေးမွေးကြ၏။ ငါသည်ရေငတ်သောအခါ သင်တို့သည်သောက်ဖို့ပေးကြ၏။ ငါသည်ဧည့်သည်ဖြစ်သောအခါ သင်တို့သည်ဧည့်သည်ဝတ်ကိုပြုကြ၏။ ငါသည်အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည်အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည်

အနာရောဂါစွဲသောအခါ သင်တို့သည်ကြည့်ရှုကြ၏။ ငါသည်ထောင်ထဲမှာနေရသောအခါ သင်တို့သည်ငါ့ထံသို့လာကြ၏" ဟူ၍ဖြစ်၏။ သို့သော်လည်း ကိုယ်တော်ရှင်၏ချီးမွမ်းခြင်းကိုခံရသောသူများက ကိုယ်တော်အား ၎င်းတို့လုပ်ကျွေးခဲ့ကြသည်ကိုမသိရှိကြချေ။ စိတ်ရှုပ်ထွေးစွာဖြင့် ၎င်းတို့မေးသောအမေးကိုဖြေဆိုသည့်အနေဖြင့် "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟုပြန်၍မိန့်တော်မူပါသည်။

လူခပ်သိမ်းတို့သည် ကိုယ်တော်၏တပည့်တော်များအား မုန်းတီးကြလိမ့်မည်ဖြစ်ကြောင်း၊ နှိပ်စက်ညှဥ်းပန်းကာဒုက္ခပေးကြလိမ့်မည်ဖြစ်ကြောင်းကို ၎င်းတို့အားမိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တော်ရှင်၏တပည့်ဖြစ်ခြင်းကြောင့် လူများစွာတို့သည် မိမိတို့၏နေအိမ်များမှနှင်ထုတ်ခြင်းကိုခံရလိမ့်မည်။ ဆင်းရဲချို့တဲ့မှုများကိုခံရကြလိမ့်မည်။ များစွာသောသူများသည် ရောဂါဘယများနှင့်နွမ်းပါးမှုများကြောင့် စိတ်သောကရောက်ကြလိမ့်မည်။ အချို့သည်အကျဥ်းချခြင်းကိုခံကြရလိမ့်မည်။ ခရစ်တော်အတွက်ကြောင့် မိတ်ဆွေများ (သို့မဟုတ်) နေအိမ်များကိုစွန့်ပစ်ခဲ့သူအပေါင်းတို့သည် ဤဘဝတွင်အဆတစ်ရာသောအကျိုးကိုပေးတော်မူမည်အကြောင်း ကိုယ်တော်ကတိပြုထားတော်မူခဲ့ပြီးဖြစ်ပါသည်။ ယခုတွင်မူ မိမိ၏ညီအစ်ကိုများအား အလုပ်အကျွေးပြုမည့်သူအပေါင်းတို့အား အထူးသောကောင်းချီးမင်္ဂလာတစ်ခုကိုပေးရန် ကိုယ်တော်အာမခံနေပါသည်။ ခရစ်တော်မိန့်တော်မူသည်ကား သင်တို့သည် ငါ၏နာမကြောင့် ဒုက္ခဆင်းရဲခံရသူအပေါင်း၌ ငါ့ကိုသတိရကြရန်ဖြစ်ပါသည်။ သင်တို့သည် ငါ့အားအလုပ်အကျွေးပြုမည်ဖြစ်သကဲ့သို့ ၎င်းတို့အားလည်းပြုကြရန်ဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် သင်တို့သည် ငါ၏တပည့်တော်ဖြစ်ကြောင်းထင်ရှားစေပါသည်။

ကောင်းကင်မိသားစုအဝင်ဖြစ်လာကြသည့်လူအပေါင်းတို့သည် ဘုရားသခင်၏ညီအစ်ကိုများအပေါ်အထူးတာဝန်သိကြပါသည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ကိုယ်တော်၏မိသားစုဝင်များအား တပေါင်းတစည်းတည်းရှိစေပါသည်။ ထိုမေတ္တာတည်သည့်နေရာတိုင်းတွင် ဘုရားသခင်နှင့်ဆက်နွယ်မှုများရှိကြောင်းထင်ရှားစေပါသည်။ "ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကိုသိသောသူလည်းဖြစ်၏" ၁ယော ၄း၇။



တရားစီရင်သောထိုအချိန်တွင် ခရစ်တော်၏ချီးမွမ်းတော်မူသည့် ထိုသူများသည် ဘာသာရေးနှင့်ပတ်သက်သောပညာရပ်ကို အနည်းငယ်လောက်သာသိရှိကောင်းသိရှိကြမည်ဖြစ်သော်လည်း ကိုယ်တော်၏စည်းမျဥ်းများကိုနှစ်သက်မြတ်နိုးခဲ့သူများဖြစ်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုကြောင့် သူတို့သည်အနီးပတ်ဝန်းကျင်တွင်ရှိနေသူများအတွက် ကောင်းချီးမင်္ဂလာတစ်ခုဖြစ်နေပါသည်။ တစ်ပါးအမျိုးသားထဲမှာပင် ကြင်နာသောစိတ်ထားများကို နှစ်သက်မြတ်နိုးသူများရှိနေကြပါသည်။ အသက်ရှင်ခြင်းနှင့်ယှဉ်သောနှုတ်ကပတ်တော်များကိုမကြားရမီမှာပင် သူတို့သည် မိမိတို့၌အသက်အန္တရာယ်ရှိသည်ကိုသိလျက်နှင့် သာသနာပြုများကိုလုပ်ကျွေးခယကာမိတ်သဟာယဖွဲ့ခဲ့ကြပါသည်။ တစ်ပါးအမျိုးသားထဲရှိအချို့လူများသည်မသိဘဲလျက် ထာဝရဘုရားကိုဝတ်ပြုကိုးကွယ်နေကြပါသည်။ ထိုသူများထံသို့လူသားများကလာရောက်၍ အလင်းတရားမပေးကြသော်လည်း သူတို့သည်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်မဟုတ်ချေ။ ရေးသားထားသည့်ဘုရားသခင်၏ပညတ်တော်ကိုသူတို့မဖတ်ဖူး၊ မကြားဖူးကြသော်လည်း သဘာဝတရား၌ကိုယ်တော်ရှင်၏မိန့်တော်မူသံများကို သူတို့ကြားခဲ့ကြရပြီး ပညတ်တော်၏ခိုင်းစေချက်များအတိုင်း ၎င်းတို့ကျင့်ဆောင်ခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့၏နှလုံးသားကိုတို့ထိနေကြောင်းကို ၎င်းတို့၏လုပ်ဆောင်မှုများအားဖြင့်ထင်ရှားနေသဖြင့် သူတို့သည်ဘုရားသခင်၏သားသမီးများအဖြစ် အသိအမှတ်ပြုခြင်းကိုခံကြရပါသည်။

လူမျိုးအပေါင်းနှင့် တစ်ပါးအမျိုးသားများမှနိမ့်ကျသော သာမန်လူတန်းစားများအနေဖြင့် "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟူ၍ကိုယ်တော်ရှင်

မိန့်တော်မူသည်ကိုကြားရသောအခါ အလွန်အံ့အားသင့်ကာဝမ်းမြောက်ကြပေလိမ့်မည်။ ကိုယ်တော်၏နောက်လိုက်များက ဘုရားသခင်၏အတည်ပြုမိန့်ဆိုချက်များကို ဝမ်းမြောက်အံ့သြစွာဖြင့်မော့၍နားထောင်နေကြစဉ်တွင် အနန္တမေတ္တာတော်ရှင်သည်လည်း အလွန်ဝမ်းမြောက်တော်မူပါလိမ့်မည်။

သို့ရာတွင် ခရစ်တော်၏မေတ္တာတော်ကို မည်သည့်လူတန်းစားအတွက်မျှ ကန့်သတ်ထားခြင်းမရှိပါ။ ကိုယ်တော်သည် မိမိကိုယ်ကိုလူသားမိသားစုထဲမှကလေးတစ်ယောက်နှင့်ထပ်တူထပ်မျှ ဖြစ်စေတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်မိသားစုဝင်ဖြစ်လာနိုင်စေရန်အလို့ငှာ ကိုယ်တော်သည် လူသားမိသားစုဝင်ဖြစ်ခဲ့ရပါသည်။ ကိုယ်တော်သည် လူသားဇာတိကိုခံယူတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် အာဒံ၏သားသမီးများတို့၏ညီအစ်ကိုတစ်ဦးဖြစ်လာခဲ့ပါသည်။ မိမိတို့သည် ပတ်ဝန်းကျင်တွင်ရှိသောပျက်ယွင်းနေသည့်ကမ္ဘာနှင့် တစ်သီးတခြားစီဖြစ်ကြသည်ဟု ကိုယ်တော်၏နောက်လိုက်များအနေဖြင့်မထင်ကြပါနှင့်။ သူတို့သည် လူသားအဖွဲ့အစည်းတစ်ခုမှအစိတ်အပိုင်းတစ်ခုသာဖြစ်ကြပါသည်။ ဘုရားသခင်သည် သူတော်စင်များကို ညီအစ်ကိုများဟုမှတ်ယူသကဲ့သို့ အပြစ်သားများကိုလည်း ထိုကဲ့သို့ပင်မှတ်ယူတော်မူပါသည်။ ခရစ်တော်၏မေတ္တာတော်သည် အပြစ်တွင်ကျဆုံးနေသောမှားယွင်းမှုများဖြင့်ပြီးသော ဒုစရိုက်များကိုကျူးလွန်နေသော ထိုသူများကိုဖက်ယမ်းတော်မူပါသည်။ အပြစ်တွင်ကျဆုံးနေသူတစ်ဦးအတွက်ပြုသည့် ကရုဏာလုပ်ငန်းတိုင်းကို မိမိအားလုပ်ဆောင်ပေးသကဲ့သို့ ကိုယ်တော်မှတ်ယူတော်မူပါသည်။

ကယ်တင်ခြင်းအမွေခံကြမည့်သူများကိုအလုပ်အကျွေးပြုရန် ကောင်းကင်တမန်များကိုစေလွှတ်ထားတော်မူပါသည်။ အမွေခံမည့်ထိုသူများသည် မည်သူမည်ဝါဖြစ်သည်ကို ကျွန်ုပ်တို့မသိရှိကြပါ။ မည်သူသည် အပြစ်ကိုကျော်လွှားအောင်မြင်၍ အလင်းတော်၌သူတော်စင်များ၏အမွေကိုမျှဝေခံစားရမည်ကို ယခုတိုင်မထင်ရှားသေးပါ။ သို့သော်လည်း ကောင်းကင်တမန်များသည် စိတ်နှလုံးကြေကွဲသူများအားနှစ်သိမ့်မှုပေးရန်၊ အန္တရာယ်နှင့်ရင်ဆိုင်နေ



ရသူများအား ကာကွယ်စောင့်ရှောက်ရန်၊ လူသားများ၏စိတ်နှလုံးကို ခရစ်တော်ဘက်သို့ပြောင်းလဲလာရန် ကမ္ဘာအနှံ့သို့သွားရောက်အမှုဆောင်လျက်ရှိကြပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှလျစ်လျူရှုမထားပါ။ ဘုရားသခင်သည် လူမျက်နှာကိုမထောက်ဘဲ မိမိဖန်ဆင်းထားသောလူသားအားလုံးကိုသာတူညီမျှကြည့်ရှုစောင့်ရှောက်တော်မူပါသည်။

ဆင်းရဲနွမ်းပါးပြီး ဒုက္ခဝေဒနာခံစားနေရသော ခရစ်တော်သားသမီးတစ်စုံတစ်ယောက်အတွက် သင်၏တံခါးကိုဖွင့်ထားခြင်းသည် မျက်စိနှင့်မမြင်ရသော ကောင်းကင်တမန်များကို သင်ကြိုဆိုနေခြင်းဖြစ်ပါသည်။ သင်သည် ကောင်းကင်သားများ၏မိတ်သဟာယဖွဲ့မှုကို ဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။ ထိုအခါသူတို့သည် သင့်အတွက်ပျော်ရွှင်ငြိမ်သက်သောအသက်တာတစ်ခုကိုဖန်တီးပေးကြပါလိမ့်မည်။ သူတို့သည် နှုတ်အားဖြင့်ချီးမွမ်းထောမနာပြုလာကြမည်ဖြစ်သဖြင့် ညီညာသောတုံ့ပြန်သံများကို ကောင်းကင်နိုင်ငံတော်တွင်ကြားကြရပါမည်။ ထိုနေရာ၌ကရုဏာလုပ်ငန်းတိုင်းသည် သာယာနာပျော်ဖွယ်အသံများနှယ်ဖြစ်နေပါသည်။ ဘုရားသခင်သည် ပလ္လင်တော်ထက်တွင်ထိုင်တော်မူလျက် မိမိ၏အလွန်အဖိုးထိုက်တန်သောကျောက်မြတ်များထဲမှကိုယ်ကျိုးစွန့်ကြသည့်အမှုတော်ဆောင်များကို ရေတွက်လျက်ရှိပါသည်။

ခရစ်တော်၏လက်ဝဲဘက်တွင်ရှိနေကြသည့် ဆင်းရဲသားများနှင့်ဝေဒနာသည်များကိုလျစ်လျူရှုခဲ့ကြသောထိုသူများသည် မိမိတို့၏အပြစ်ကျူးလွန်ခဲ့သည်ကိုပင် မသိရှိကြချေ။ စာတန်သည် ၎င်းတို့အားမျက်စိကန်းစေခဲ့သဖြင့် မိမိတို့၏ညီအစ်ကိုများအပေါ်တွင်ပြုရမည့်ဝတ်များကိုပင် သူတို့မသိရှိခဲ့ကြချေ။ သူတို့သည် မိမိတို့အကျိုးအတွက်သာ စဉ်းစားတွေးတောနေခဲ့ကြပြီး အခြားသူများ၏လိုအပ်ချက်များကို ဂရုမစိုက်ခဲ့ကြချေ။

ဘုရားသခင်သည် မိမိ၏ဆင်းရဲသောသားသမီးများကိုမစရန်အတွက်သူဌေးသူကြွယ်များအား စည်းစိမ်ဥစ္စာများကိုပေးသနားတော်မူခဲ့သော်လည်း ထိုသူများသည် ဆင်းရဲသားများ၏လိုအပ်ချက်များကို ကြိမ်ဖန်များစွာစိတ်ဝင်စားခြင်းမရှိခဲ့ကြချေ။ မိမိတို့သည် ထိုဆင်းရဲသားများထက်သာလွန်ကောင်း

မွန်သည်ဟု ကိုယ်ကိုကိုယ်အထင်ရှိကြကာ ကိုယ်ချင်းမစာခဲ့ကြချေ။ သူတို့သည် ဆင်းရဲသားများရင်ဆိုင်နေရသည့်စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ရုန်းကန်မှုများကို နားမလည်ကြဘဲ ၎င်းတို့၏စိတ်နှလုံးထဲတွင် ကြင်နာသနားတတ်သည့် စိတ်သဘောထားများကုန်ခန်းနေကြပါသည်။ ထိုသူဌေးသူကြွယ်များသည် အလွန်အဖိုးထိုက်တန်သောနေအိမ်များတွင်နေထိုင်ကြပြီး ကြီးကျယ်ခမ်းနားသောဘုရားရှိခိုးကျောင်းများကို တည်ဆောက်ဝတ်ပြုကြကာ ဆင်းရဲသားများနှင့်အဆက်ဖြတ်ခဲ့ကြပါသည်။ ဆင်းရဲသားများအားကောင်းချီးပေးရန် ဘုရားသခင်ပေးသနားတော်မူသည့်ဥစ္စာစည်းစိမ်များကို ဟိတ်ဟန်ထုတ်ခြင်းနှင့်တစ်ကိုယ်ကောင်းဆန်သည့်ကာမဂုဏ်ခံစားမှုများတွင် အသုံးပြုခဲ့ကြပါသည်။ မိမိတို့သိသင့်သိထိုက်သော ဘုရားသခင်၏နူးညံ့သိမ်မွေ့သည့်သနားခြင်းကရုဏာများကို ထိုဆင်းရဲသားများသည် နေ့စဉ်နှင့်အမျှသိရှိခွင့်မရခဲ့ကြချေ။ ၎င်းတို့သည် အသက်တာ၏လိုအပ်ချက်များနှင့်ပြည့်စုံလုံလောက်စွာနေထိုင်အသက်ရှင်နိုင်ရန် ကိုယ်တော်သည်လိုအပ်သည့်အရာများကို ၎င်းတို့အားကြွယ်ဝစွာမစတော်မူခဲ့သော်လည်း အသက်တာကိုကျဉ်းမြောင်းတိုတောင်းစေသည့်ဆင်းရဲနွမ်းပါးမှုများကို သူတို့ခံစားလာကြရပါသည်။ ၎င်းပြင် မကြာခဏဆိုသလို မနာလိုဝန်တိုသောစိတ်များ၊ ငြူစူသောစိတ်များနှင့် ဒုစရိုက်လုပ်လိုသောစိတ်များပေါ်လာအောင် အစုံစမ်းခံကြရပါသည်။ ချို့တဲ့မှုဒဏ်ကိုမခံစားဖူးကြသည့်ထိုသူဌေးများသည် ဆင်းရဲသားများကို စက်ဆုပ်ရွံရှာဖွယ်သောနည်းများဖြင့်ဆက်ဆံခဲ့ကြပြီး ၎င်းတို့အားလူမွဲများအဖြစ် မိမိကိုယ်ကိုရှုမြင်အောင် ခံစားမှုဖြစ်စေခဲ့ကြပါသည်။

သို့ရာတွင် ခရစ်တော်သည် ထိုအရာအားလုံးကိုကြည့်ရှုကာ အစာငတ်မွတ်နေသော၊ ရေငတ်နေသောထိုသူသည် ငါပင်ဖြစ်သည်။ ထိုဧည့်သည်သည်လည်း ငါပင်ဖြစ်သည်။ နာမကျန်းသောသူသည်လည်း ငါပင်ဖြစ်သည်။ ထောင်ကျခဲ့သောသူသည်လည်း ငါပင်ဖြစ်သည်ဟုမိန့်တော်မူ၏။ အလျှံပယ်သောစားစရာများဖြင့် တည်ခင်းထားသည့်စားပွဲတွင်သူစားသုံးနေစဉ်တွင် ငါသည်တဲပုတ်ကလေးထဲမှာအစာငတ်နေပါသည်။ လူသူမရှိသောလမ်းထဲတွင်



လျှောက်သွားရင်းမွတ်သိပ်နေပါသည်။ သင်သည် အိမ်ကြီးမဟာထဲမှာဇိမ်ခံနေစဉ်တွင် ငါ၌ခေါင်းချစရာနေရာပင်မရှိပါတကား။–

သင်၏ဗီရိုထဲတွင် ဝတ်ကောင်းစားလှများဖြင့်အပြည့်အသိပ်ရှိနေချိန်မှာ ငါ့မှာမူကား အဝတ်အချည်းစည်းဖြစ်နေပါတကား။ သင်သည်အပျော်အပါးလိုက်စားနေစဉ်မှာ ငါသည်ထောင်ထဲတွင်နွမ်းရိပန်းလျနေပါတကား။

သင်သည်ငတ်မွတ်နေသောဆင်းရဲသားများအား မလောက်မငအစာကလေးကို တွန့်တွန့်တိုတိုနှင့်ပေးကမ်းခဲ့သောအချိန်တွင်သော်လည်းကောင်း၊ ၎င်းတို့အားအချမ်းလုံလောက်အောင် ပါးလွှာသောဝတ်ရုံကလေးဖြင့်ခြုံပေးနေသောအချိန်တွင်သော်လည်းကောင်း သင်သည်ဘုန်းတော်အရှင်ထာဝရဘုရားအား မစနေခြင်းဖြစ်ကြောင်းသိရှိပါသလား။ ငါသည် ဒုက္ခရောက်နေသောထိုပုဂ္ဂိုလ်များအားဖြင့် သင်တို့နှင့်တစ်သက်လုံးအတူရှိခဲ့ပါသော်လည်း သင်တို့သည်ငါ့ကိုမရှာခဲ့ကြ။ ထိုကြောင့် သင်တို့သည် ငါနှင့်အပေါင်းအဖော်ဖြစ်ကြလိမ့်မည်မဟုတ်၊ သင့်ကိုငါမသိဟု ကိုယ်တော်မိန့်တော်မူနေပါသည်။

လောကအသက်တာတွင် ခရစ်တော်သွားလာလုပ်ကိုင်ခဲ့သောနေရာများသို့သွားရောက်လည်ပတ်ရခြင်း၊ ကိုယ်တော်လျှောက်ခဲ့သောနေရာများ၌လျှောက်လှမ်းရခြင်း၊ ကိုယ်တော်ရှင်တရားဟောရန်နေရာရွေးရာတွင် နှစ်သက်တော်မူခဲ့သောဂါလိလဲအိုင်ကိုမျှော်ကြည့်ရခြင်း၊ ကိုယ်တော်ရှင်ရှုကြည့်ခဲ့သောတောင်ကုန်းများနှင့်လျှိုမြောင်များကိုကြည့်ရခြင်းများသည် အထူးအခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု လူအများမှတ်ယူတတ်ကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရာများအတိုင်းလျှောက်လိုက်နိုင်ရန် နာဇရက်မြို့၊ ကပေရနောင်မြို့နှင့်ဗေသနိမြို့များသို့ သွားဖို့မလိုပါချေ။ လူနာခုတင်များနံဘေးတွင်သော်လည်းကောင်း၊ လူဆင်းရဲများ၏တဲပုတ်ထဲတွင်လည်းကောင်း၊ မြို့ကြီးများရှိလူစည်ကားနေသောလမ်းကြားတွင်လည်းကောင်း၊ နှစ်သိမ့်မှုလိုအပ်နေသောလူသားများရှိသည့်နေရာထိုင်ရာတွင်လည်းကောင်း ကိုယ်တော်၏ခြေတော်ရာများကို ကျွန်ုပ်တို့တွေ့ရှိရပါမည်။ လောကတွင် ခရစ်တော်အသက်ရှင်နေထိုင်စဉ်က လုပ်ဆောင်သကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်၏ခြေတော်ရာအတိုင်း လိုက်လျှောက်နိုင်ကြပါသည်။

လူအပေါင်းတို့သည် မိမိတို့လုပ်ဆောင်ရမည့်အရာများရှိနေကြောင်း တွေ့ရှိနိုင်ကြပါသည်။ "ဆင်းရဲသောသူတို့ကားသင်တို့၌အစဉ်ရှိကြ၏" ယော ၁၂း၈ ဟု ခရစ်တော်မိန့်တော်မူခဲ့သဖြင့် ကိုယ်တော်အတွက်မိမိတို့လုပ်ဆောင်နိုင်မည့်အရာမရှိဟု မည်သူတစ်ဦးတစ်ယောက်ကမျှမထင်သင့်ကြချေ။ ခရစ်တော်၏မေတ္တာတော်အကြောင်းကို လူပေါင်းများစွာကြားသိခဲ့ကြပြီဖြစ်ပါသည်။ သို့သော်လည်း အပြစ်၏အနှောင်အဖွဲ့တွင်ကျရောက်ကာ ပျက်စီးခြင်းသို့ရောက်ရန်အသင့်ဖြစ်နေကြသော သန်းနှင့်ချီသည့်လူသားများသည် ၎င်းတို့အပေါ်ထားရှိသည့် ခရစ်တော်၏မေတ္တာတော်အကြောင်းကို တစ်ခါမျှမကြားဖူးကြသေးချေ။ ကျွန်ုပ်တို့နှင့်သူတို့၏အခြေအနေအသီးသီးကိုပြောင်းပြန်ပြုခဲ့ပါလျှင် ကျွန်ုပ်တို့သည် မိမိတို့အတွက်ထိုသူများအား မည်သည့်အရာကိုလုပ်စေချင်ကြလိမ့်မည်နည်း။ ထိုသူများအတွက် တတ်အားသရွေ့ကူညီမစရန် ကျွန်ုပ်တို့၌တာဝန်ရှိကြပါသည်။ တရားစီရင်သောအချိန်တွင် ကျွန်ုပ်တို့တစ်ဦးစီအားတရားနိုင်ဖို့ (သို့မဟုတ်) တရားရှုံးဖို့ဆုံးဖြတ်ပေးမည့် ခရစ်တော်ပေးတော်မူခဲ့သည့်အသက်တာစည်းမျဉ်းမှာ "သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့" ဟူ၍ဖြစ်ပါသည်။ မဿဲ ၇း၁၂။

စုံစမ်းခြင်းခံနေရသဖြင့် ဝမ်းနည်းပူဆွေးနေသောအသက်ဝိညာဉ်များအား ပြုစုစောင့်ရှောက်နိုင်စွမ်းရှိသောအသင်းတော်တစ်ခုကို တည်ထောင်ရန်အလို့ငှာ ကယ်တင်ရှင်သည် မိမိအသက်တော်ကိုစွန့်တော်မူခဲ့ရပါသည်။ ယုံကြည်သူတစ်စုသည် ဆင်းရဲကောင်းဆင်းရဲပေမည်။ အသိပညာနည်းပါးကောင်းနည်းပါးပေမည်။ သို့စေကာမူ ၎င်းတို့သည် မိမိတို့၏နေအိမ်တွင်လည်းကောင်း၊ အနီးပတ်ဝန်းကျင်တွင်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ အခြားတိုင်းပြည်များ၌ပင်လည်းကောင်း အမှုတော်မြတ်ကိုထမ်းဆောင်နိုင်သည့်အခြေတွင်ရှိပါသည်။ ၎င်းတို့၏လုပ်ဆောင်မှုများသည် ထာဝရကာလတမျှကျယ်ပြန့်စွာအကျိုးသက်ရောက်ပါလိမ့်မည်။

ဤလုပ်ငန်းကိုလျစ်လျူရှုထားသောကြောင့် များပြားစွာသောတပည့်တော်များသည် ခရစ်ယာန်အတွေ့အကြုံတွင် မည်သည့်အခါမျှအခြေခံအဆင့်



ထက်မတိုးတက်ခဲ့ကြချေ။ ခရစ်တော်က "သင်၏အပြစ်ကိုလွှတ်စေပြီ" ဟု မိန့်တော်မူသောအချိန်တွင် မိမိတို့၏နှလုံးသားဝယ်ထွန်းတောက်နေသောအလင်းတရားကို ဆင်းရဲသားများအားမစကူညီခြင်းအားဖြင့် သူတို့ဆက်လက်ထွန်းတောက်စေနိုင်ပါသည်။ လူငယ်များအတွက် မကြာခဏအန္တရာယ်ဖြစ်စေသော လှုပ်ရှားကြီးထွားနေသည့်စွမ်းအားများကို ကောင်းချီးမင်္ဂလာဖြစ်စေမည့်နည်းလမ်းအသွင်သို့ လမ်းလွှဲပေးနိုင်ပါသည်။ သူတစ်ပါးအတွက်စိတ်အားထက်သန်စွာကောင်းကျိုးပြုခြင်းဖြင့် ငါတည်းဟူသောအတ္တစိတ်ကို မေ့ပျောက်သွားကြပါလိမ့်မည်။

သူတစ်ပါးအားအလုပ်အကျွေးပြုသူများသည် သိုးထိန်းကြီး၏အလုပ်အကျွေးပြုခြင်းကိုခံရပါလိမ့်မည်။ ၎င်းတို့ကိုယ်တိုင်အသက်ရေကိုသောက်ရလိမ့်မည်ဖြစ်ပြီး စိတ်ကျေနပ်မှုရကြပါလိမ့်မည်။ စိတ်လှုပ်ရှားဖွယ်ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ အသက်တာ၏အပြောင်းအလဲများကိုလည်းကောင်း သူတို့တောင့်တကြတော့မည်မဟုတ်ချေ။ ၎င်းတို့စိတ်အဝင်စားဆုံးအရာမှာ ပျက်စီးခြင်းသို့ရောက်တော့မည့်အသက်ဝိညာဉ်များအား မည်သို့မည်ပုံနည်းဖြင့်ကယ်တင်ရမည်ဟူသည့်အချက်ကိုပင်ဖြစ်ပါသည်။ လူမှုပေါင်းသင်းဆက်ဆံခြင်းများသည်လည်း အကျိုးရှိလာပါလိမ့်မည်။ ကယ်တင်ရှင်၏မေတ္တာတော်သည် စည်းလုံးညီညွတ်မှုရှိစေရန်စိတ်နှလုံးများကို ဆွဲယူတော်မူပါလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဘုရားသခင်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြောင်းသိရှိလာသောအချိန်တွင် ကိုယ်တော်ပေးတော်မူသည့်ကတိတော်များကို စိတ်ဝင်တစားပြောလာကြပါလိမ့်မည်။ ထိုကတိတော်များသည် ကျွန်ုပ်တို့စိတ်နှလုံးထဲတွင်လောင်ကျွမ်းကာ ကျွန်ုပ်တို့၏နှုတ်ခမ်းများမှဖွင့်ဟလာရန်ဆွပေးပါလိမ့်မည်။ အသိဉာဏ်ကင်းမဲ့သော၊ စည်းစိမ်မရှိသော၊ ပုန်ကန်ထကြွတတ်သော မိမိလူမျိုးများထံသို့သွားရောက်အမှုတော်ဆောင်ရန် မောရှေအားခေါ်တော်မူသောအချိန်တွင် "ငါကိုယ်တိုင်သွား၍ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်။" "အကယ်စင်စစ် ငါသည်သင့်ဘက်၌ရှိလိမ့်မည်" ဟု ဘုရားသခင်

ကတိပြုခဲ့ပါသည်။ ထွက် ၃၃း၁၄၊ ၃း၁၂။ ဤကတိတော်သည် ခရစ်တော် ကိုယ်စား ဒုက္ခဆင်းရဲရောက်နေသူများထံသို့ သွားရောက်မစသောသူအပေါင်း တို့အတွက်လည်းဖြစ်ပါသည်။

လူသားများကိုချစ်ခြင်းသည် လောကအသက်တာတွင် ဘုရားသခင် ကိုချစ်ကြောင်းဖော်ပြခြင်းတစ်ရပ်ဖြစ်ပါသည်။ ဤမေတ္တာကိုခိုင်မြဲစေရန်နှင့် ကျွန်ုပ်တို့အား မိသားစုတစ်စု၏သားသမီးများဖြစ်စေရန် ခရစ်တော် သည် ကျွန်ုပ်တို့ကဲ့သို့ လူဇာတိကိုခံခဲ့ခြင်းဖြစ်ပါသည်။ ခွဲခွာခါနီးတွင် ကိုယ်တော်ရှင်မိန့်တော်မူခဲ့သော "ငါသည်သင်တို့ကိုချစ်သည်နည်းတူ သင်တို့ သည်အချင်းချင်းချစ်ကြလော့" ဟူသောအမိန့်စကားပြည့်စုံကာ လောကကို ကိုယ်တော်ရှင်ချစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ချစ်ကြသောအချိန်တွင် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့်ကိုယ်တော်ရှင်၏အမှုတော်သည် ပြီးမြောက်သွားပါလိမ့်မည်။ ကောင်းကင်နိုင်ငံသည် ကျွန်ုပ်တို့၏နှလုံးသားတွင်တည်ရှိနေပြီဖြစ်သဖြင့် ကျွန်ုပ် တို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် အဆင့်မီသူများဖြစ်ကြပါသည်။

သို့ရာတွင် "သင်္ချိုင်းသို့ထုတ်၍အသေခံလုသောသူတို့ကို သင်သည် နှုတ်အံ့သောငှာ အားမထုတ်ဘဲနေလျက် ငါတို့မသိဟုဆိုသော်လည်း နှလုံး သဘောကိုဆင်ခြင်သောသူသည်မမှတ်၊ သင်၏စိတ်ဝိညာဉ်ကိုစောင့်သော သူသည်မသိဘဲ လူအသီးသီးတို့အား သူတို့အကျင့်နှင့်အလျောက်အကျိုးအပြစ် ကိုမဆပ်မပေးဘဲ နေတော်မူမည်လော" သုတ္တံ ၂၄း၁၁-၁၂။ တစ်ကမ္ဘာလုံး အားတရားစီရင်မည့်ခရစ်တော်သည် တရားစီရင်သောနေ့ကြီး၌ ကိုယ်တော် အတွက်အမှုတော်မဆောင်ခဲ့သူများနှင့် မိမိကိုယ်ကျိုးအတွက်သာစဉ်စားပြီး မိမိကိုယ်ကိုသာဂရုစိုက်ခဲ့သောသူများသည် လူဆိုးများနှင့်အတူနေရာချခြင်းကို ခံကြရလိမ့်မည်။ သူတို့သည် ထိုလူဆိုးများနှင့်အတူ အပြစ်စီရင်ခြင်းကိုခံ ကြရလိမ့်မည်။

လူတိုင်းအားတစ်စုံတစ်ခုကိုထိန်းသိမ်းစောင့်ရှောက်ရန် ဘုရားသခင် အပ်နှံထားတော်မူပါသည်။ "သင့်အားငါပေးသောသိုးစု၊ လှသောသိုးစုသည် အဘယ်မှာရှိသနည်း။" "သင်သည်ဆုံးမတော်မူခြင်းကိုခံရသောအခါ အဘယ် သို့ပြောလိမ့်မည်နည်း" ဟူ၍သိုးထိန်းကြီးကလူတိုင်းအားမေးမြန်းပါလိမ့်မည်။

****



# tcef; (71)
# uRefwumwdkY\uRef

ရှင်လုကာခရစ်ဝင် ၂၂း၇-၁၈၊၂၄။ ယောဟန် ၁၃း၁-၁၇ တို့ကိုအခြေပြု ထားပါသည်။

ခရစ်တော်သည် ယေရုရှလင်မြို့မှအိမ်တစ်အိမ်၏အထက်ခန်း၌ရှိ သောစားပွဲတစ်လုံးတွင် တပည့်တော်များနှင့်အတူထိုင်လျက်ရှိပါသည်။ သူတို့ သည် ပသခါပွဲကျင်းပရန်စုရုံးနေကြခြင်းဖြစ်ပါသည်။ ကယ်တင်ရှင်သည် ဤပွဲကိုတမန်တော်တစ်ဆယ့်နှစ်ပါးနှင့်သီးသန့်ကျင်းပလိုပါသည်။ မိမိ၏အချိန် သည်ရောက်လာပြီဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိကိုယ်တိုင်သည် ပသခါ သိုးသငယ်ဖြစ်ကြောင်းကိုလည်းကောင်း၊ ပသခါပွဲစားသည့်နေ့တွင် မိမိသည် အဆက်ကပ်ခံရမည်ဖြစ်ကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်သိတော်မူ ထားပါသည်။ ကိုယ်တော်သည်အမျက်တော်၏စပျစ်ရည်ကိုသောက်ရတော့ မည်ဖြစ်ပြီး မကြာတော့မီအချိန်တွင် ဒုက္ခဆင်းရဲခြင်း၏နောက်ဆုံးသောဗတ္တိဇံ ကိုခံယူရတော့မည်ဖြစ်ပါသည်။ သို့ရာတွင် ကျန်ရှိနေသေးသည့်အချိန်အနည်း ငယ်ကလေးကို တပည့်တော်များ၏အကျိုးအလိုငှာ အသုံးပြုလိုတော်မူပါသည်။

ခရစ်တော်၏အသက်တာသည် သူတစ်ပါးအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ယင်း အချိန်ကုန်လွန်ခဲ့သောအသက်တာတစ်ခုဖြစ်ခဲ့ပါသည်။ "လူသားသည်သူတစ်ပါးစေစားခြင်းငှာမလာ။ သူတစ်ပါးအစေကိုခံရန်လာ၏" ဟူသောဆောင်ပုဒ်သည် ကိုယ်တော့်လုပ်ဆောင်မှုတိုင်း၏ဦးတည်ချက်ဖြစ်ခဲ့ ပါသည်။ သို့ရာတွင် တမန်တော်များသည် ထိုသွန်သင်ချက်ကို ယခုအချိန် အထိနားမလည်ကြသေးချေ။ သခင်ယေရှုသည် ဤနောက်ဆုံးသောပသခါ ပွဲ၌ ၎င်းတို့၏စိတ်ထဲတွင်အမြဲတမ်းစွဲမှတ်သွားစေသည့်သာဓကတစ်ခုကိုအသုံး ပြု၍ မိမိ၏သွန်သင်ချက်များကို ထပ်လောင်းမိန့်တော်မူခဲ့ပါသည်။

ခရစ်တော်နှင့်၎င်း၏တပည့်တော်များအကြား မျက်နှာချင်းဆိုင်တွေ့ ဆုံပြောဆိုခဲ့သောအချိန်များသည် များသောအားဖြင့် ပျော်ရွှင်စရာကောင်း

သောအချိန်များဖြစ်ခဲ့ပြီး အများကထိုအချိန်များကိုတန်ဖိုးထားခဲ့ကြပါသည်။ ပသခါစားသောက်ပွဲများသည် အထူးစိတ်ဝင်စားစရာအချိန်များဖြစ်ခဲ့သော်လည်း ဤပသခါပွဲတွင်မူ ခရစ်တော်သည်စိတ်နှလုံးမသာမကြည်ဖြစ်လျက်ရှိပါသည်။ ကိုယ်တော်၏နှလုံးသားသည်ဝန်ပိလျက်ရှိပြီး မျက်နှာတော်အပေါ်ဝယ် အရိပ်တစ်ခုကျရောက်နေလျက်ရှိပါသည်။

ကိုယ်တော်သည် အထက်ခန်း၌မိမိတို့နှင့်တွေ့ဆုံစဉ်တွင် တစ်စုံတစ်ခုသည် ကိုယ်တော်၏စိတ်တော်ကို လေးလံစေလျက်ရှိကြောင်းကို တပည့်တော်များရိပ်မိခဲ့ကြသော်လည်း အကြောင်းရင်းကိုမူမသိရှိခဲ့ကြချေ။ မည်သို့ပင်ဖြစ်စေ၊ ကိုယ်တော်ကိုသူတို့သနားခဲ့ကြပါသည်။

သူတို့သည် စားပွဲပတ်လည်တွင်စုရုံးနေကြစဉ်တွင် ငါသည်အသေမခံမီ ဤပသခါပွဲကိုသင်တို့နှင့်အတူစားခြင်းငှာ အလွန်အလိုရှိလေပြီ။ ငါဆိုသည်ကား ဘုရားသခင်၏နိုင်ငံတော်၌ပသခါပွဲမပြည့်စုံမီတိုင်အောင် ယခုမှစ၍ဤပွဲကိုတစ်ဖန်ငါမစားရဟူ၍ ဝမ်းနည်းသောအသံဖြင့်ကိုယ်တော်မိန့်တော်မူလျက် "ခွက်ဖလားကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ ဤခွက်ကိုယူ၍အချင်းချင်းဝေကြလော့။ ငါဆိုသည်ကား ဘုရားသခင်၏နိုင်ငံတော်မတည်မီတိုင်အောင် ယခုမှစ၍စပျစ်ရည်ကိုတစ်ဖန်မသောက်ရ" ဟုမိန့်တော်မူ၏။

မိမိသည်ဤလောကကိုစွန့်ခွာကာ အဖဘုရားသခင်ထံတော်သို့သွားရတော့မည်ဖြစ်ကြောင်းကို ခရစ်တော်သိရှိထားပါသည်။ ကိုယ်တော်သည် လောကတွင်နေထိုင်လျက်ရှိကြသော မိမိမြတ်နိုးတော်မူသည့်ထိုသူများအား အဆုံးတိုင်အောင်ချစ်တော်မူခဲ့ပါသည်။ ယခုတွင်မူ ကပ်တိုင်၏အရိပ်သည် မိမိအပေါ်၌ကျရောက်လျက်ရှိသဖြင့် ထိုနာကျင်မှုသည် ကိုယ်တော်၏နှလုံးတော်ကိုညှဉ်းပန်းလျက်ရှိပါသည်။ မိမိအားအပ်နှံကြသောအချိန်တွင် အားလုံးကစွန့်ခွာသွားကြမည်ကိုလည်းကောင်း၊ ရာဇဝတ်သားများအတွက်အသုံးပြုကြသည့်အနိမ့်ကျဆုံးသောနည်းဖြင့် မိမိအားသတ်ကြမည်ကိုလည်းကောင်း၊ မိမိပြုရမည့်အနစ်နာခံမှုသည်မည်မျှကြီးမားကြောင်း ဤဆက်ကပ်မှုသည်



လူပေါင်းမည်မျှအတွက် အကျိုးရှိမည်မဟုတ်ကြောင်းကိုလည်းကောင်း ကိုယ်တော်သိရှိထားတော်မူပါသည်။ ကိုယ်တော်သည် မကြာမီတွင်ရင်ဆိုင်ရတော့မည့်ဤအရာအားလုံးကိုသိရှိတော်မူသဖြင့် မိမိခံစားရတော့မည့်ရှုတ်ချမှုများ၊ အသေခံမှုများနှင့်ပတ်သက်သောအတွေးများတွင် အလိုအလျောက်နစ်မျောသွားခဲ့ပါသည်။ မိမိပိုင်ထိုက်သောသူများအဖြစ်အတူရှိနေခဲ့ကြပြီး မကြာမီတွင် မိမိကိုယ်တိုင်ရက်ကြောက်ဖွယ်များ၊ ဝမ်းနည်းဖွယ်များနှင့်စိတ်ထိခိုက်ဖွယ်အပြောအဆိုများကိုခံစားကြားနာရပြီးနောက် လောကအလယ်တွင်၎င်းတို့ဘာသာရုန်းကန်ကြစေရန်စွန့်ပစ်ခြင်းခံကြရတော့မည့် ထိုတမန်တော်တစ်ဆယ့်နှစ်ပါးအား ကိုယ်တော်မျှော်ကြည့်တော်မူခဲ့ပါသည်။ မိမိကိုယ်တိုင်ခံစားရမည့်အရာများအကြောင်းကိုစဉ်းစားနေသော ကိုယ်တော်၏အတွေးများသည် တမန်တော်များခံစားရမည့်အရာများနှင့်လည်း အမြဲတမ်းဆက်နွယ်နေခဲ့ပါသည်။ မိမိသည်တစ်ဦးတည်းအတွက်သာကိုယ်တော်စဉ်းစားတော်မမူခဲ့ချေ။ တပည့်တော်များအတွက် ထိပ်ဆုံးမှထား၍ စဉ်းစားပေးတော်မူခဲ့ပါသည်။

တမန်တော်များနှင့်အတူတကွနေခွင့်ရခဲ့သည့် ထိုနောက်ဆုံးညနေခင်းတွင် ခရစ်တော်၌၎င်းတို့အားပြောစရာများစွာရှိနေပါသည်။ ကိုယ်တော်ရှင်ပြောလိုသမျှကိုလက်ခံနာယူရန် ၎င်းတို့အဆင်သင့်ရှိခဲ့ကြမည်ဆိုလျှင် သူတို့သည်စိတ်နှလုံးကြေကွဲခြင်း၊ စိတ်ပျက်ဝမ်းနည်းခြင်းနှင့်မယုံကြည်ခြင်းများမှကင်းလွတ်ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် ကိုယ်တော်မိန့်တော်မူချင်သလောက်ကိုခံယူရန် အဆင်သင့်မရှိကြသေးချေ။ ၎င်းတို့၏မျက်နှာများကိုစေ့စေ့ကြည့်ရှုတော်မူစဉ်တွင် သတိပေးစကားများနှင့်အားပေးစကားများကို ခရစ်တော်ပြော၍မထွက်ခဲ့ပါချေ။ တစ်ခန်းလုံးငြိမ်သက်နေကြပြီး သခင်ယေရှုသည် တစ်ခုခုကိုပြောရန်စောင့်ဆိုင်းသယောင်ဖြစ်နေသဖြင့် တမန်တော်များသည် အနေရခက်နေကြပါသည်။ ခရစ်တော်၏ဝမ်းနည်းမှုများကြောင့် နိုးကြားလာသောကိုယ်ချင်းစာနာစိတ်နှင့်နူးညံ့သောသဘောများသည် ၎င်းတို့၌ခန်းခြောက်နေသယောင်ဖြစ်နေပါသည်။ မိမိအသေခံရမည့်အကြောင်းကိုပြည့်သွန်လျက် မိန့်မြွက်နေသောဝမ်းနည်းစကားများသည်လည်း

ဘာမျှအရာမရောက်ခဲ့ပါချေ။ တစ်ယောက်ကိုတစ်ယောက်ကြည့်သည့်အကြည့်များတွင် မနာလိုဝန်တိုစိတ်များနှင့်ငြင်းခုံလိုသည့်စိတ်များပေါ်လွင်နေပါသည်။

အဘယ်သူသည်သာ၍ကြီးမြတ်သနည်းဟူသော ၎င်းတို့၏ငြင်းခုံမှုသည် ခရစ်တော်၏ရှေ့တော်သို့ရောက်သည်အထိပင် ဆက်လက်ဖြစ်ပွားနေသဖြင့် ထိုမြင်ကွင်းသည် ကိုယ်တော်အားစိတ်နှလုံးထိခိုက်ဝမ်းနည်းစေခဲ့ပါသည်။ ခရစ်တော်သည် မိမိအာဏာတော်ကိုတည်စေ၍ ဒါဝိဒ်၏ပလ္လင်တွင်စိုးစံလိမ့်မည်ဟူသောအတွေးကို တမန်တော်တိုင်း၏စိတ်တွင် စွဲလမ်းနေကြပါသည်။ ၎င်းပြင် နိုင်ငံတော်တည်ထောင်သည့်အခါ ကြီးမြတ်သောရာထူးတစ်ခုကိုပိုင်ဆိုင်ရန် တမန်တော်တိုင်းဆန္ဒပြင်းပြနေကြပါသည်။ မိမိ၏ညီအစ်ကိုများကိုတန်ဖိုးထားရမည့်အစား၊ မိမိကိုယ်ကိုကြိုက်သလိုတန်ဖိုးဖြတ်ကာ အကြီးမြတ်ဆုံးဖြစ်သည်ဟုသူတို့သတ်မှတ်နေကြပါသည်။ ယာကုပ်နှင့်ယောဟန်တို့သည် ခရစ်တော်ပလ္လင်၏ညာဘက်တွင်တစ်ယောက်၊ ဘယ်ဘက်တွင်တစ်ယောက်ထိုင်ခွင့်တောင်းခဲ့ကြသဖြင့် ကျန်တမန်တော်များအနေနှင့်အမျက်ထွက်ခဲ့ကြပါသည်။ ထိုညီအစ်ကိုနှစ်ယောက်သည် ကြီးမြတ်သောရာထူးများကိုတောင်းခံခဲ့ကြခြင်းအားဖြင့် ကျန်တမန်တော်တစ်ဆယ်ပါး၏စိမ်းကားမှုကိုဆွပေးနေကြပါသည်။ မိမိတို့အားမှားယွင်းစွာအကဲဖြတ်ခဲ့ကြကြောင်း၊ မိမိတို့၏သစ္စာစောင့်သိခြင်းနှင့်စွမ်းရည်များကို အလေးအမြတ်မပြုကြကြောင်း သူတို့ခံစားကြရပါသည်။ ယုဒသည် ယာကုပ်နှင့်ယောဟန်အားအမျက်အထွက်ဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပါသည်။

တမန်တော်များသည် အထက်ခန်းသို့ဝင်လာကြသောအချိန်တွင် ၎င်းတို့၏စိတ်နှလုံးများသည် မကျေနပ်မှုများနှင့်ပြည့်ဝလျက်ရှိကြပါသည်။ ယုဒသည်ခရစ်တော်၏ဘယ်ဘက်တွင်ကပ်ထိုင်လိုက်ပြီး ယောဟန်သည်ညာဘက်မှကပ်၍ထိုင်လိုက်ပါသည်။ ခရစ်တော်ပြီးလျှင်အကြီးဆုံးရာထူးဟုမှတ်ယူသည့်ရာထူးကိုရယူရန် ယုဒဆုံးဖြတ်ထားပါသည်။ ယုဒသည် သစ္စာဖောက်တစ်ဦးဖြစ်ပါသည်။

စိတ်ဝမ်းကွဲပြားစေသည့် အခြားအကြောင်းအရာတစ်ခုလည်းဖြစ်ပွားခဲ့ပါသေးသည်။ ယုဒလူများ၏ဓလေ့ထုံးစံအရ ကျွန်တစ်ဦးသည် ရောက်ရှိ





လာသည့်ဧည့်သည်များ၏ခြေထောက်ကိုရေနှင့်ဆေးပေးရပြီး ထိုကျွန်သည်ဤကဲ့သို့သောပွဲများတွင် လိုအပ်သည်များကိုပြင်ဆင်ပေးကြရပါသည်။ ခြေဆေးရန်အတွက် ရေအိုးအင်တုံနှင့်သုတ်စရာပဝါများသည် အသင့်ရှိနေပြီဖြစ်သော်လည်း ကျွန်တစ်ဦးတစ်ယောက်မျှ ထိုအိမ်တွင်မရှိကြသည့်အတွက် ဤကဏ္ဍကိုတမန်တော်များကိုယ်တိုင်လုပ်ဆောင်ရတော့မည်ဖြစ်ပါသည်။ သို့သော်လည်း တမန်တော်အားလုံးသည် မာန်မာနများထောင်လွှားနေကြကာ အစေခံကျွန်တစ်ဦးလုပ်ရမည့်အလုပ်ကိုမလုပ်ဖို့ဆုံးဖြတ်ထားကြပါသည်။ မိမိတို့လုပ်ဆောင်ရမည့်အရာတစ်စုံတစ်ခုရှိသည်ကို မသိကျိုးကျွန်ပြုကာ သူတို့အားလုံးသည် ခိုင်ခိုင်မာမာလျစ်လျူရှုခဲ့ကြပါသည်။ ဆိတ်ဆိတ်နေခြင်းအားဖြင့် မိမိကိုယ်ကိုနှိမ့်ချရန် သူတို့ငြင်းပယ်ခဲ့ကြပါသည်။

ခရစ်တော်သည် သနားစရာကောင်းလှသော ဤအသက်ဝိညာဉ်များအား စာတန်မစိုးမိုးနိုင်သည့်နေရာသို့ မည်ကဲ့သို့ခေါ်ဆောင်သွားရမည်နည်း။ တပည့်တော်အမည်ခံရုံမျှဖြင့် တပည့်တော်တစ်ပါးဖြစ်မလာနိုင်ကြောင်း၊ ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန်မဖြစ်နိုင်ကြောင်းများကို မည်ကဲ့သို့ကိုယ်တော်ရှင်းပြတော်မူရမည်နည်း။ နှစ်သက်ဖွယ်သောလုပ်ဆောင်မှုနှင့်မှန်ကန်သောနှိမ့်ချမှုများသည် စစ်မှန်သောကြီးမြတ်မှုဖြစ်ကြောင်းကို မည်ကဲ့သို့ကိုယ်တော်ပြသတော်မူရမည်နည်း။ ၎င်းတို့၏စိတ်နှလုံးထဲတွင် မေတ္တာတရားများကိုမည်ကဲ့သို့ကိုယ်တော်အစပျိုးပေးရမည်နည်း။ ၎င်းတို့အားမိမိပြောလိုသောအရာများကိုနားလည်နိုင်အောင် မည်ကဲ့သို့ကိုယ်တော်လုပ်ဆောင်ရမည်နည်း။

တမန်တော်များသည် တစ်ဦး၏ခြေကိုတစ်ဦးကဆေးပေးရန် တုတ်တုတ်မျှမလှုပ်ကြချေ။ ၎င်းတို့သည် မည်သည့်အရာဆက်လုပ်မည်ကို ခေတ္တခဏမျှ ခရစ်တော်စောင့်ကြည့်တော်မူခဲ့ပါသည်။ ထိုနောက် ကောင်းမြတ်သောဆရာဖြစ်တော်မူသောကိုယ်တော်သည် စားပွဲမှထ၍ဖိုသီဖတ်သီဖြစ်နေသည့်မိမိအပေါ်ဝတ်ရုံကိုချွတ်လိုက်ပြီး ပဝါတစ်ထည်ကိုယူလိုက်ကာခါး၌ပတ်လိုက်ပါသည်။ တမန်တော်များသည် အံ့အားသင့်စွာဖြင့်ကြည့်နေကြပြီး မည်သို့ဆက်လက်လုပ်ဆောင်မည်ကိုစောင့်ကြည့်နေကြပါသည်။ "ထိုနောက်မှရေကို

အင်တုံ၌လောင်း၍ တပည့်တော်တို့၏ခြေကိုဆေးပြီးမှ ခါး၌စည်းထားသောပဝါနှင့်သုတ်တော်မူ၏။” ဤလုပ်ဆောင်ချက်သည် တမန်တော်များ၏ဝိညာဉ်ရေးမျက်စိကိုပွင့်စေခဲ့ပါသည်။ ၎င်းတို့၏စိတ်နှလုံးထဲဝယ် ခါးသီးသောရှက်ကြောက်မှုများဖြင့်ပြည့်ဝစေခဲ့ပါသည်။ စကားမပြောသောထိုဆုံးမမှုကို သူတို့နားလည်ခဲ့ကြပြီး အသစ်သောအလင်းတရားတွင် မိမိတို့ကိုယ်ကိုလုံးလုံးလျားလျားတွေ့မြင်ခဲ့ကြပါသည်။

ခရစ်တော်သည် တမန်တော်များအပေါ်ထားရှိသည့် မိမိ၏မေတ္တာတော်ကို ထိုနည်းအားဖြင့်ဖွင့်ဟတော်မူခဲ့ပါသည်။ ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်သောစိတ်ဓာတ်သည် ကိုယ်တော်ရှင်အားဝမ်းနည်းစေခဲ့သော်လည်း ၎င်းတို့ရင်ဆိုင်နေရသောအခက်အခဲများနှင့်စပ်လျဉ်း၍ ငြင်းခုံမှုတစ်စုံတစ်ခုကိုမျှ ကိုယ်တော်ပြုတော်မမူခဲ့ချေ။ ထိုသို့ပြုတော်မူမည့်အစား၊ မည်သည့်အခါမျှမမေ့ပျောက်နိုင်သောပုံသက်သေတစ်ခုကို ၎င်းတို့အားပေးတော်မူခဲ့ပါသည်။ ၎င်းတို့အပေါ်ထားရှိသောကိုယ်တော်၏မေတ္တာတော်ကို အဘယ်အရာကမျှအလွယ်တကူဟန့်တားငြိမ်းသတ်နိုင်ခြင်းမရှိပါချေ။ အဖဘုရားသခင်သည် အရာခပ်သိမ်းကို မိမိ၏လက်တော်တွင်ပေးအပ်ထားကြောင်းကိုလည်းကောင်း၊ မိမိသည်ဘုရားသခင်ထံတော်မှကြွလာခဲ့ပြီး ဘုရားသခင်ထံသို့ပြန်သွားမည်ဖြစ်ကြောင်းကိုလည်း ကိုယ်တော်သိရှိထားတော်မူပါသည်။ ကိုယ်တော်သည် မိမိ၏ဘုရားဇာတိအကြောင်းကို အပြည့်အစုံသိရှိထားတော်မူသော်လည်း မိမိ၏ရာဇသရဖူနှင့်မင်းဝတ်တန်ဆာများကိုခေတ္တဘေးဖယ်ထားခဲ့ကာ အစေခံကျွန်တစ်ဦး၏ပုံသဏ္ဌာန်ကိုဆောင်ခဲ့ပါသည်။ ဤလောကအသက်တာတွင် နောက်ဆုံးတစ်ခုအနေဖြင့် ကိုယ်တော်လုပ်ဆောင်ရမည့်အလုပ်တစ်ခုမှာ အစေခံကျွန်တစ်ဦးအနေဖြင့်ခံယူ၍ ကျွန်တစ်ဦး၏အလုပ်ကိုလုပ်ဆောင်ရန်ဖြစ်ပါသည်။

ယုဒရှကာရုတ်သည် ပသခါပွဲမတိုင်မီတွင် ယဇ်ပုရောဟိတ်များနှင့်နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံခဲ့ပြီး ခရစ်တော်ကို ၎င်းတို့၏လက်တွင်အပ်နှံရန်သဘောတူခဲ့ပါသည်။ သို့စေကာမူ မည်သည့်ပြဿနာကိုမျှမသိသည့်သဘော၊ ပသခါပွဲအတွက်ပြင်ဆင်ရေးလုပ်ငန်းများကို စိတ်ဝင်စားသည့်သဘောဖြင့်



သူသည်တမန်တော်များနှင့်နောက်ပိုင်းအချိန်များတွင် ရောယှက်ပေါင်းသင်းခဲ့ပါသည်။ တမန်တော်များကမူ ယုဒ၏အကြံအစည်ကိုလုံးဝမသိရှိခဲ့ကြချေ။ ထိုလျှို့ဝှက်ချက်ကို ခရစ်တော်တစ်ပါးတည်းသာ သိရှိတော်မူခဲ့ပါသည်။ သို့သော်လည်း ခရစ်တော်သည် ယုဒ၏အသက်ဝိညာဉ်ကိုလိုလားတော်မူသည့်အတွက် ၎င်း၏အခြေအနေမှန်ကိုမဖော်ပြခဲ့ချေ။ အပြစ်စီရင်ခြင်းခံရမည့်ယေရုရှလင်မြို့အတွက် ကိုယ်တော်ငိုကြွေးသောအချိန်ကကဲ့သို့ပင် ယုဒအတွက်လည်းပူပန်သောကရောက်ခဲ့ရပါသည်။ သင့်ကိုငါမစွန့်လွှတ်နိုင်ဘူးဟု ကိုယ်တော်၏နှလုံးသားကဟစ်ကြွေးနေပါသည်။ ကိုယ်တော်ရှင်၏အနိုင်အထက်ပြုတော်မူသောမေတ္တာတော်ကို ယုဒလည်းခံစားခဲ့ရပါသည်။ ကယ်တင်ရှင်၏လက်များသည် ၎င်း၏ခြေထောက်များကိုရေဖြင့်ဆေးကြောကာ ပဝါဖြင့်သုတ်ပေးနေစဉ်တွင် ထိုအချိန်ထိုနေရာ၌ပင် မိမိ၏အပြစ်ကိုဝန်ချတောင်းပန်ရန် ယုဒ၏စိတ်သည်တုန်ခါသွားခဲ့ပါသည်။ သို့ရာတွင်သူသည် မိမိကိုယ်ကိုမနှိမ့်ချဘဲ နောင်တမရရန်စိတ်နှလုံးခိုင်မာခဲ့ပါသည်။ တစ်ခဏမျှပျောက်ကွယ်သွားခဲ့သောစိတ်ထားအဟောင်းသည် ၎င်းအားတစ်ဖန်ထိန်းချုပ်ခဲ့ပြန်ပါသည်။ ယုဒသည် ယခုတွင်တမန်တော်များ၏ခြေထောက်များကို ဆေးပေးနေသောခရစ်တော်၏လုပ်ရပ်များကိုအထအနကောက်ခဲ့ပါသည်။ ခရစ်တော်သည် အောက်တန်းကျသောအလုပ်များကို ယခုကဲ့သို့မိမိကိုယ်တိုင်လုပ်ကိုင်နေသဖြင့် ၎င်းသည် ဣသရေလလူမျိုး၏ဘုရင်မဟုတ်ဟု သူထင်ခဲ့ပါသည်။ လောကနိုင်ငံတစ်ခုတည်ထောင်သောအချိန်တွင် လောကနှင့်စပ်ဆိုင်သောဂုဏ်အသရေများအတွက် ၎င်းထားရှိခဲ့သည့်မျှော်လင့်ချက်အားလုံးပျက်ပြားခဲ့ရပါသည်။ ခရစ်တော်၏နောက်သို့ဆက်၍လိုက်နေလျှင် မည်သည့်အကျိုးကျေးဇူးကိုမျှမရရှိနိုင်ဟု ယုဒသဘောပေါက်ခဲ့ပါသည်။ မိမိကိုယ်ကိုဂုဏ်အသရေယုတ်အောင်လုပ်ဆောင်နေသောကိုယ်တော်ကိုကြည့်ကာ အတွေးနယ်ချဲ့နေစဉ်တွင် ကိုယ်တော်အားစွန့်ခွာရန်နှင့် မိမိကိုယ်တိုင်အလိမ်ခံလိုက်ရကြောင်းဖွင့်ဟပြောကြားရန် သူအတည်ပြုလိုက်ပါသည်။ နတ်ဆိုးသည်သူ့အားစီးထားသဖြင့် ကိုယ်တော်ရှင်အားအပ်နှံရန်၊ သဘောတူချက်ကိုပြီးမြောက်အောင်လုပ်ဆောင်ရန် သူဆုံးဖြတ်ချက်ချလိုက်ပါသည်။

ယုဒသည် စားပွဲ၌နေရာရွေးချယ်ရာတွင်လည်း မိမိကိုယ်ကိုအကြီးမြတ်ဆုံးသောနေရာတွင်ရောက်ရှိရန်၊ ခရစ်တော်သည် ကျွန်တစ်ဦးအနေဖြင့် မိမိအားပထမဦးဆုံးအလုပ်အကျွေးပြုရန်ကြိုးစားခဲ့ပါသည်။ ၎င်းအနေနှင့်အခါးသီးဆုံးလူဖြစ်သည့်ယောဟန်အား နောက်ဆုံးနေရာတွင်အလုပ်အကျွေးပြုခံစေခဲ့ပါသည်။ သို့ရာတွင် ယောဟန်အနေနှင့် ဤအရာကိုအပြစ်တင်မှုတစ်ခုအနေဖြင့်သော်လည်းကောင်း၊ အရေးမပါသောအမှုတစ်ခုအနေဖြင့်သော်လည်းကောင်း မမှတ်ယူခဲ့ချေ။ တမန်တော်များသည် ခရစ်တော်၏လုပ်ကိုင်ဆောင်ရွက်ပုံများကိုစောင့်ကြည့်နေစဉ်တွင် အထူးစိတ်လှုပ်ရှားနေပါသည်။ ပေတရု၏ခြေထောက်အားဆေးရန်အလှည့်ရောက်လာသောအခါ "သခင်၊ ကိုယ်တော်သည် အကျွန်ုပ်၏ခြေကိုဆေးတော်မူမည်လော" ဟု အလန့်တကြားမေးလိုက်ပါသည်။ ခရစ်တော်၏နှိမ့်ချမှုသည် ပေတရု၏စိတ်နှလုံးကိုကြေကွဲစေခဲ့ပါသည်။ ဤအလုပ်ကိုတမန်တော်တစ်ပါးကမျှ မလုပ်ဆောင်ခဲ့သည်ကိုစဉ်းစားမိသောအခါ သူရှက်အားပိုခဲ့ရပါသည်။ ထိုအချိန်တွင်ယေရှုက "သင်သည် ငါပြုသောအမှုကိုယခုနားမလည်သေး၊ နောက်မှသိလိမ့်မည်ဟုမိန့်တော်မူ၏။" ၎င်းအနေဖြင့် ဘုရားသခင်၏သားတော်ပါဟုယုံကြည်ခဲ့ရသောသခင်ယေရှုသည် ကျွန်တစ်ဦး၏အလုပ်ကိုလုပ်ဆောင်နေကြောင်းတွေ့မြင်ရသဖြင့် စိတ်ထဲတွင်မခံချိမခံသာဖြစ်ခဲ့ရပါသည်။ သူ၏အသက်ဝိညာဉ်တစ်ခုလုံးသည် ဤနှိမ့်ချမှုကိုဆန့်ကျင်ရပ်တည်ခဲ့ပါသည်။ ဤနှိမ့်ချမှုအတွက်ပုံသက်သေကိုပြသရန် ခရစ်တော်သည် ဤလောကသို့ကြွလာကြောင်းကိုသူမသိရှိခဲ့ချေ။ ထို့ကြောင့် "ကိုယ်တော်သည်အကျွန်ုပ်၏ခြေကိုအလျှင်းဆေးတော်မမူရ" ဟု သူအပြင်းအထန်ကန့်ကွက်ခဲ့ပါသည်။

သင့်ကိုငါမဆေးရလျှင် သင်သည်ငါနှင့်မဆက်ဆံရဟု သိက္ခာသမာဓိနှင့်ပြည့်စုံစွာဖြင့် ယေရှုမိန့်တော်မူခဲ့ပါသည်။ ပေတရုငြင်းပယ်နေသောခြေဆေးမင်္ဂလာသည် စိတ်နှလုံးတွင်ရှိသည့်အပြစ်များကိုဆေးကြောခြင်းအတွက် ပုံစံနမူနာဖြစ်ပါသည်။ စိတ်နှလုံးတွင်ရှိသောအပြစ်၏အစွန်းအကွက်များကို ဆေးကြောပေးရန် ခရစ်တော်ကြွလာခဲ့ပါသည်။ မိမိ၏ခြေအားဆေးကြောရန်၊



ခရစ်တော်အားခွင့်ပြုရန်ငြင်းဆန်ခြင်းအားဖြင့် ပေတရုသည်စိတ်နှလုံးဆေးကြောခြင်းကိုပါ ငြင်းဆန်နေခြင်းဖြစ်ပါသည်။ သူသည် ခရစ်တော်အားအမှန်တကယ်ငြင်းပယ်နေပါသည်။ ကျွန်ုပ်တို့တွင်ရှိနေသည့်အပြစ်များကိုသန့်စင်ပေးရန် ကိုယ်တော်ရှင်အားခွင့်ပြုလိုက်သဖြင့် ကိုယ်တော်အားအသရေယုတ်အောင်လုပ်ခြင်းမမည်ပါ။ အစစ်မှန်ဆုံးသောနှိမ့်ချခြင်းဆိုသည်မှာ ကျွန်ုပ်တို့ကိုယ်စားပြုတော်မူခဲ့သောပြင်ဆင်မှုမှန်သမျှကို ကျေးဇူးတင်သောစိတ်သဘောဖြင့်လက်ခံ၍ ခရစ်တော်အတွက်စိတ်အားထက်သန်စွာဖြင့် အမှုတော်ဆောင်ခြင်းဖြစ်ပါသည်။

သင့်ကိုငါမဆေးရလျှင် သင်သည်ငါနှင့်မဆက်ဆံရဟူသောစကားသံကိုကြားရသည့်အချိန်တွင် ပေတရုသည် မိမိမာနထောင်လွှားမှုနှင့်အစွဲအလမ်းကြီးမှုကို ကိုယ်တော်အားဆက်ကပ်အပ်နှံခဲ့ပါသည်။ သူသည် ခရစ်တော်နှင့်မခွဲခွာရန်စိတ်ကူးမျှပင်မထည့်မိခဲ့ချေ။ ထိုသို့ခွဲခွာရခြင်းသည် သူ့အတွက်သေဆုံးခြင်းတမျှဖြစ်စေခဲ့ပါသည်။ ထိုကြောင့် အကျွန်ုပ်၏ခြေကိုသာမဆေးပါနှင့်။ လက်ကိုလည်းကောင်း၊ ခေါင်းကိုလည်းကောင်းဆေးပါ" ဟု ပေတရုလျှောက်ထားရာ ယေရှုက "ရေချိုးပြီးသောသူမည်သည်ကား ခြေဆေးခြင်းမှတစ်ပါးဆေးရသောအကြောင်းမရှိ၊ တစ်ကိုယ်လုံးစင်ကြယ်၏" ဟုမိန့်တော်မူ၏။

ဤစကားများသည် ခန္ဓာကိုယ်စင်ကြယ်ခြင်းထက်သာ၍လေးနက်သောအဓိပ္ပါယ်ကိုဆောင်နေပါသည်။ ခရစ်တော်သည် ခြေဆေးမင်္ဂလာအားဖြင့်ဖော်ညွှန်းနေသောစိတ်နှလုံးဆေးကြောခြင်းကို မိန့်မြွက်နေခြင်းဖြစ်ပါသည်။ ရေချိုးပြီးသောသူသည် စင်ကြယ်မှုရှိသော်လည်း ခြေညှပ်ဖိနပ်စီးပြီးလမ်းလျှောက်သောခြေထောက်မှာမူ မကြာမီတွင်ညစ်ပတ်လာပြီး နောက်တစ်ဖန်ဆေးကြောပေးရန်လိုအပ်လာပါသည်။ ထိုနည်းအတူ ပေတရုနှင့်တကွ၎င်း၏ညီအစ်ကိုများအား အပြစ်ဒုစရိုက်နှင့်တကွစင်ကြယ်မှုများအတွက်ဖွင့်ထားပေးသည့် မဟာစမ်းရေတွင်း၌ဆေးကြောခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အားမိမိပိုင်ထိုက်သောသူများအဖြစ် ခရစ်တော်အသိအမှတ်ပြုခဲ့ပါသည်။ သို့ရာတွင် စုံစမ်း

နှောင့်ယှက်ခြင်းများသည် ၎င်းတို့အားဒုစရိုက်အပြစ်များကိုကျူးလွန်စေခဲ့ သဖြင့် ၎င်းတို့သည်အပြစ်မှကင်းစင်စေသည့် ကိုယ်တော်၏ကျေးဇူးတော်ကို လိုအပ်နေဆဲဖြစ်ပါသည်။ ၎င်းတို့၏ခြေများမှဖုန်မှုန့်များကိုသုတ်ပေးရန် ပဝါကိုခါးတွင်စည်းတော်မူသောအချိန်တွင် ထိုလုပ်ဆောင်မှုအားဖြင့် တပည့်တော်များ၏စိတ်နှလုံး၌ရှိသောစိမ်းကားသောစိတ်၊ မနာလိုဝန်တိုသောစိတ်နှင့်မာန်မာနစိတ်များကို ဆေးကြောသန့်စင်ပေးရန် အလိုတော်ရှိတော်မူလျက်ရှိပါသည်။ ထိုသို့ဆေးကြောသန့်စင်ခြင်းသည် ၎င်းတို့၏ခြေထောက်များကိုဆေးကြောသန့်စင်ခြင်းထက် များစွာပို၍အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ ထိုစဉ်အချိန်က ၎င်းတို့၌ရှိသောစိတ်နေသဘောထားမျိုးဖြင့် ၎င်းတို့အထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်တော်နှင့်ဆက်ဆံရန်အသင့်မရှိခဲ့ကြချေ။ နှိမ့်ချခြင်းနှင့်ချစ်ခြင်းပြည့်ဝသောအခြေအနေသို့မရောက်မချင်း၊ သူတို့သည် ပသခါစားသောက်ပွဲကိုဝင်ရန်သော်လည်းကောင်း၊ ခရစ်တော်ပြုတော့မည့်ဆဲဆဲအထိမ်းအမှတ်ပွဲ၌ပါဝင်ရန်သော်လည်းကောင်း၊ အသင့်မရှိကြသေးချေ။ ၎င်းတို့၏စိတ်နှလုံးများကိုဖြူစင်အောင်လုပ်ပေးရပါမည်။ မာနထောင်လွှားခြင်းနှင့်ကိုယ့်ဘက်ကိုသာယက်တတ်သောစိတ်ထားများသည် စိတ်ဝမ်းကွဲပြားမှုနှင့်မုန်းတီးမှုများကိုဖြစ်ပေါ်စေသော်လည်း ခရစ်တော်သည် ဤအရာအားလုံးကို ၎င်းတို့၏ခြေထောက်များအားဆေးကြောသောအချိန်တွင် သန့်စင်စေခဲ့ပါသည်။ ခံစားမှုအသစ်များကို သူတို့ခံစားလာခဲ့ရပါသည်။ ခရစ်တော်သည် ၎င်းတို့အားကြည့်တော်မူ၍ "သင်တို့သည်စင်ကြယ်ပြီ" ဟုမိန့်တော်မူခဲ့ပါသည်။ ယခုတွင်မူ နှလုံးသားချင်းဆက်ကာ တစ်ဦးနှင့်တစ်ဦးမေတ္တာနှောင်ဖွဲ့လျက်ရှိကြပါသည်။ သူတို့နှိမ့်ချမှုရှိလာကြပြီး သွန်သင်ခြင်းကိုလက်ခံမည့်အခြေအနေသို့ရောက်ရှိလာခဲ့ကြပါသည်။ ယုဒမှတစ်ပါး တမန်တော်အားလုံးသည် ကြီးမြတ်သောရာထူးအတွက် အခြားသူများကိုဦးစားပေးရန် အဆင်သင့်ရှိခဲ့ကြပေပြီ။ ယခုတွင်မူ ကျိုးနွံ၍နှစ်မြို့ဖွယ်သောစိတ်နှလုံးများကိုပိုင်ဆိုင်လာကြသည့် ခရစ်တော်၏မိန့်မှာစကားများကိုခံယူရန် အသင့်ရှိလာခဲ့ကြပါသည်။



ကျွန်ုပ်တို့အားလုံးသည်လည်း ပေတရုအမူးပြုသော ထိုတမန်တော်များကဲ့သို့ပင် ခရစ်တော်၏အသွေးတော်အားဖြင့် ဆေးကြောခြင်းခံခဲ့ရသူများဖြစ်ကြသော်လည်း ဒုစရိုက်အပြစ်များနှင့်မကြာခဏထိတွေ့မှုကြောင့် ဖြူစင်သောနှလုံးသားများသည် ညစ်ညမ်းသွားခဲ့ရပါသည်။ အပြစ်ဆေးကြောခြင်းနှင့်ဆိုင်သော ကိုယ်တော်၏ကျေးဇူးတော်ကိုခံရန် ခရစ်တော်ထံသို့ကျွန်ုပ်တို့လာကြပါသည်။ ပေတရုသည် ၎င်း၏ညစ်ပတ်သောခြေထောက်အား ခရစ်တော်၏လက်တော်နှင့်ထိတွေ့ခွင့်ပေးရန်ရွံ့နေပါသည်။ ကျွန်ုပ်တို့လည်း မိမိတို့၏အပြစ်ဒုစရိုက်နှင့်ညစ်ထေးနေသည့်နှလုံးသားကို ခရစ်တော်၏နှလုံးသားနှင့်အဆက်အသွယ်ပြုရန် အကြိမ်မည်မျှတွန့်ဆုတ်ခဲ့ကြပါသနည်း။ ကျွန်ုပ်တို့၏ဒုစရိုက်နှင့်ပြည့်ဝသောအမျက်ဒေါသဘဝင်မြင့်ခြင်းနှင့် မာန်မာနထောင်လွှားခြင်းများသည် ကိုယ်တော်ရှင်အားအလွန်ဝမ်းနည်းကြေကွဲစေခဲ့ပါသည်။ သို့စေကာမူ၊ ကျွန်ုပ်တို့၏ချွတ်ယွင်းချက်များနှင့်မစင်ကြယ်မှုအစုစုကို ကိုယ်တော်ထံသို့ကျွန်ုပ်တို့ယူဆောင်လာကြရပါမည်။ ကိုယ်တော်တစ်ပါးတည်းသာ ကျွန်ုပ်တို့အားသန့်စင်အောင်ဆေးကြောပေးနိုင်တော်မူပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏တန်ခိုးတော်အားဖြင့်ပြုလုပ်သည့် အပြစ်ဆေးကြောခြင်းကိုမခံယူရသေးလျှင် ကိုယ်တော်နှင့်ဆက်ဆံရန် အသင့်မဖြစ်ကြသေးချေ။

သင်တို့သည်စင်ကြယ်သော်လည်း အချို့မစင်ကြယ်ဟု တပည့်တော်များအား ယေရှုရှင်မိန့်တော်မူ၏။ ကိုယ်တော်သည် ယုဒ၏ခြေကိုဆေးပေးခဲ့သော်လည်း ယုဒသည် ၎င်း၏စိတ်နှလုံးကိုခရစ်တော်ထံ၌ မဆက်ကပ်မအပ်နှံခဲ့ချေ။ သူ၏နှလုံသားသည် ညစ်ထေးဆဲရှိနေပါသေးသည်။ ယုဒသည် မိမိကိုယ်ကိုခရစ်တော်ထံ၌မအပ်နှံခဲ့ချေ။

ခရစ်တော်သည် တပည့်တော်များ၏ခြေကိုဆေးပြီးနောက် အပေါ်ဝတ်ရုံကိုပြန်လည်ဝတ်ဆင်ကာ စားပွဲ၌တစ်ဖန်ထိုင်တော်မူ၏။ ထိုနောက်မိန့်တော်မူသည်ကား၊ သင်တို့၌ငါပြုသောအမှုကိုနားလည်ကြသလော။ သင်တို့သည် ငါ့ကိုအရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။ ထိုစကားလည်းဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား

သင်တို့ခေါ်သည့်အတိုင်းငါမှန်၏။ "ငါသည်သခင်ဖြစ်လျက်၊ အရှင်ဘုရားလည်းဖြစ်လျက်နှင့်သင်တို့၏ခြေကိုဆေးလျှင် သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်။ ငါသည် သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ။ ငါအမှန်အကန်ဆိုသည်ကား၊ ကျွန်သည်သခင်ထက်သာ၍မြတ်သည်မဟုတ်၊ တမန်သည်လည်းစေလွှတ်သောသူထက်သာ၍မြတ်သည်မဟုတ်" ဟူ၍ဖြစ်၏။

မိမိသည် တပည့်တော်များ၏ခြေကိုဆေးပေးခဲ့သော်လည်း ထိုလုပ်ရပ်သည် မိမိ၏ဂုဏ်အသရေကိုမယုတ်လျော့စေကြောင်း ခရစ်တော်အနေနှင့် တမန်တော်များအား နားလည်သဘောပေါက်စေလိုတော်မူပါသည်။ ထို့ကြောင့် သင်တို့သည် ငါ့ကိုအရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။ ထိုစကားလည်းဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်တို့ခေါ်ကြသည်အတိုင်းငါမှန်၏ဟု ကိုယ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် တမန်တော်များထက်ထူးကဲသာလွန်မြင့်မြတ်တော်မူသောကြောင့် ထိုလုပ်ရပ်အပေါ်တွင် ကျေးဇူးတော်နှင့်တကွ လေးနက်သောအဓိပ္ပါယ်နှင့်ပြည့်စုံမှုများကို မျှဝေတော်မူခဲ့ပါသည်။ ခရစ်တော်လောက်မည်သူမျှမြှောက်စားခြင်းကိုမခံခဲ့ရဖူးသော်လည်း ကိုယ်တော်သည်အနိမ့်ကျဆုံးသောတာဝန်တစ်ခုကိုထမ်းဆောင်ရန် မိမိကိုယ်ကိုနှိမ့်ချတော်မူခဲ့ပါသည်။ မိမိ၏လူတို့ကို အတ္တများသောပင်ကိုစိတ်နှလုံးတွင်တည်ရှိနေသော တစ်ကိုယ်ကောင်းဆန်သည့်စိတ်၏စေစားမှုနှင့် ကိုယ်ကျိုးကိုသာငဲ့တတ်သော စိတ်၏လှုံ့ဆော်မှုများက လမ်းမှားသို့မပို့ဆောင်စေရန် ခရစ်တော်သည်နှိမ့်ချခြင်းအတွက်ပုံသက်သေတစ်ခုကိုပြတော်မူခဲ့ပါသည်။ အရေးကြီးသောဤကိစ္စကိုလူသားများကိုယ်တိုင်တာဝန်ယူလုပ်ဆောင်ရန် ကိုယ်တော်အပ်နှံတော်မမူခဲ့ဘဲ ထာဝရဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသော ကိုယ်တော်ရှင်ကိုယ်တိုင် အစေခံကျွန်တစ်ဦးကဲ့သို့ တမန်တော်များအတွက်လုပ်ဆောင်ပေးခဲ့ပါသည်။ သူတို့သည် မည်သူကသာ၍ကြီးမြတ်ကြောင်း အချင်းချင်းငြင်းခုံနေစဉ်တွင် ခပ်သိမ်းသောသတ္တဝါများ၏အရှိအသေပြုခြင်းနှင့်



ကောင်းကင်တမန်များ၏အလုပ်အကျွေးပြုခြင်းခံရသောကိုယ်တော်ရှင်သည် မိမိအား အရှင်ဘုရားဟုခေါ်ကြသောသူများ၏ခြေကိုဆေးပေးရန် ဦးညွှတ်နှိမ့်ချခဲ့ပါသည်။

ခရစ်တော်သည် မိမိအသက်တာအားဖြင့်သော်လည်းကောင်း၊ မိန့်တော်မူခဲ့သောသင်ခန်းစာအားဖြင့်သော်လည်းကောင်း ဘုရားသခင်ထံမှအစပျိုးလာခဲ့သော တစ်ကိုယ်ကောင်းမဆန်သောလုပ်ဆောင်မှုများ၏စုံသောပြယုဂ်တစ်ခုကိုပေးတော်မူခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်သည် မိမိတို့အဖို့အလိုငှာအသက်ရှင်နေတော်မူသည်မဟုတ်ချေ။ ဤကမ္ဘာလောကကြီးကိုဖန်ဆင်းခြင်းအားဖြင့်လည်းကောင်း၊ ခပ်သိမ်းသောအရာများကိုမပျက်မယွင်းရအောင်ထိန်းသိမ်းစောင့်ရှောက်ထားခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်သည်လူသားများအတွက် အမြဲတမ်းအလုပ်အကျွေးပြုတော်မူလျက်ရှိပါသည်။ "ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဖသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။" မဿဲ ၅း၄၅။ အမွန်မြတ်ဆုံးသောဤလုပ်ဆောင်မှုများကိုလုပ်ဆောင်ရန် ဘုရားသခင်သည် မိမိ၏သားတော်၌တာဝန်ပေးအပ်တော်မူခဲ့ပါသည်။ အလုပ်အကျွေးပြုခြင်း၏အနက်အဓိပ္ပါယ်ကို မိမိ၏ပုံသက်သေအားဖြင့်သွန်သင်တော်မူရန်အလိုငှာ ခရစ်တော်အားလူသားစု၏ခေါင်းဆောင်နေရာတွင် ရပ်စေတော်မူခဲ့ပါသည်။ ကိုယ်တော်၏အသက်တာတစ်ခုလုံးသည် သူတစ်ပါးအားအလုပ်အကျွေးပြုခြင်းစည်းမျဉ်းအောက်တွင် အသက်ရှင်ခဲ့ရပါသည်။ လူတိုင်းကိုအလုပ်အကျွေးပြုတော်မူခဲ့ပါသည်။ လူတိုင်းအတွက်အစေခံတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်၏ပညတ်တော်အတိုင်း ကိုယ်တော်အသက်ရှင်နေထိုင်တော်မူခဲ့ပြီး ပညတ်တော်အားမည်ကဲ့သို့လိုက်လျှောက်နိုင်ကြောင်းကို မိမိ၏အသက်တာအားဖြင့်ထင်ရှားစေခဲ့ပါသည်။

ခရစ်တော်သည် ဤစည်းမျဉ်းများကို တပည့်တော်များ၌တည်ဆောက်ပေးရန် အခါခါကြိုးစားတော်မူခဲ့ပါသည်။ ယာကုပ်နှင့်ယောဟန်တို့သည်

အထူးအခွင့်အရေးတစ်ရပ်ကိုတောင်းခံနေကြစဉ်က "သင်တို့တွင်အကဲအမှူးပြုလိုသောသူကို အစေခံဖြစ်စေ" ဟုမိန့်တော်မူခဲ့ဖူးပါသည်။ မဿဲ ၂၀း၂၆။ ကိုယ်တော်၏နိုင်ငံတော်တွင် မျက်နှာလိုက်ဦးစားပေးခြင်းနှင့် အကြီးအကဲဖြစ်လိုခြင်းလမ်းစဉ်များအတွက် နေရာမရှိချေ။ တစ်ခုတည်းသောကြီးမြတ်ဆုံးအရာမှာ နှိမ့်ချခြင်းတည်းဟူသောကြီးမြတ်မှုပင်ဖြစ်ပါသည်။ သူတစ်ပါးအားအလုပ်အကျွေးပြုရန်ဆက်ကပ်လုပ်ဆောင်မှု၌ တစ်ခုတည်းသောထူးခြားချက်ကိုတွေ့ရှိရပါသည်။

ယခုတွင် ကိုယ်တော်သည် တပည့်တော်များ၏ခြေကိုဆေးပေးတော်မူပြီးနောက် ငါသည်သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာပုံသက်သေကိုပြခဲ့ပြီဟု မိန့်တော်မူခဲ့ပါသည်။ ခရစ်တော်သည် ဤစကားများအားဖြင့် ဧည့်ဝတ်ပြုခြင်းအလေ့အကျင့်တစ်ခုကို ပြဋ္ဌာန်းနေခြင်းသက်သက်မဟုတ်ချေ။ ဤစကားများသည် ခရီးသွားဧည့်သည်၏ခြေထောက်မှဖုန်များကိုဖယ်ရှားပစ်ရန် ဆေးကြောခြင်းအမှုထက်ပို၍လေးနက်ပါသည်။ ခရစ်တော်သည် ဤနေရာတွင်ဘာသာရေးအခမ်းအနားတစ်ခုကို တည်ထောင်နေခြင်းဖြစ်ပါသည်။ သခင်ဘုရားသည် ဤအမှုအားဖြင့်နှိမ့်ချခြင်းနှင့်ဆိုင်သောဤအခမ်းအနားကိုဘာသာရေးအခမ်းအနားတစ်ခုဖြစ်စေခဲ့ပါသည်။ တမန်တော်များသည် နှိမ့်ချခြင်းနှင့်ပတ်သက်၍ ကိုယ်တော်ရှင်သွန်သင်ခဲ့သောသင်ခန်းစာများကိုအမြဲသတိရနိုင်စေရန် ဤအခမ်းအနားကို ဆက်လက်ကျင်းပကြရန်လိုအပ်ပါသည်။

ခြေဆေးမင်္ဂလာသည် ပွဲတော်မင်္ဂလာဝင်ရန်အတွက် ခရစ်တော်ပြဋ္ဌာန်းခဲ့သည့်ပြင်ဆင်မှုလုပ်ငန်းတစ်ခုဖြစ်ပါသည်။ အကြင်သူသည် အကြီးအကဲဖြစ်လိုမှုကြောင့် မာနထောင်လွှားမှု၊ စိတ်ဝမ်းကွဲပြားမှုနှင့်ငြင်းခုံတိုက်လှန်မှုများစွဲလမ်းကျင့်သုံးနေစဉ်တွင် ထိုသူသည် ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းငှာမဝင်စားနိုင်ပါချေ။ ကိုယ်တော်၏အသွေးတော်နှင့် အသားတော်၏ဆက်ဆံမှုကိုလက်ခံရန် အဆင်သင့်မဖြစ်သေးချေ။ သို့အတွက် နှိမ့်ချမှုကိုသတိရစေသောဤအခမ်းအနားကို ရှေးဦးစွာကျင်းပရန် ခရစ်တော်ပြဋ္ဌာန်းတော်မူခဲ့ပါသည်။



သင်တို့၌ငါပြုသောအမှုကိုနားလည်ကြလော့။ သင်တို့သည်ငါ့ကိုအရှင်ဘုရားဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။ ထိုစကားလည်းဟုတ်မှန်သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်တို့ခေါ်ကြသည့်အတိုင်းငါမှန်၏။ ငါသည်သခင်ဖြစ်လျက်၊ အရှင်ဖြစ်လျက်နှင့်သင်တို့၏ခြေကိုဆေးလျှင် သင်တို့သည်အချင်းချင်းတို့၏ခြေကိုဆေးရကြမည်။ ငါသည်သင်တို့ပြုစေခြင်းငှာပုံသက်သေကိုပြခဲ့ပြီ။ "ငါအမှန်အကန်ဆိုသည်ကား၊ ကျွန်သည်သခင်ထက်သာ၍ကြီးမြတ်သည်မဟုတ်၊ တမန်သည်လည်းစေလွှတ်သောသူထက်သာ၍ကြီးမြတ်သည်မဟုတ်၊ ဤအရာများကို သင်တို့သိ၍သိသည့်အတိုင်းကျင့်လျှင် မင်္ဂလာရှိကြ၏" ဟူသောကိုယ်တော်ရှင်၏စကားများကို ခြေဆေးမင်္ဂလာဝင်သော ဘုရားသခင်၏သားသမီးတိုင်းသတိရအောက်မေ့သင့်ကြပါသည်။ လူတိုင်း၌ မိမိကိုယ်ကိုအခြားသူများထက်သာသည်ဟု အထင်ကြီးတတ်သည့်သဘော၊ မိမိ၏ကိုယ်ကျိုးအတွက်သာလုပ်ဆောင်တတ်သည့်သဘော၊ ကြီးမြတ်သည့်နေရာသို့ရောက်အောင် ကြိုးစားချင်သည့်သဘောများရှိတတ်ပါသည်။ ဤသဘောထားများသည် မနာလိုသောကြံစည်ခြင်းနှင့် ခါးသီးသောစိတ်ထားများကိုဖြစ်ပေါ်စေပါသည်။ ပွဲတော်မင်္ဂလာမစားမီကျင်းပသောခြေဆေးမင်္ဂလာပွဲသည် နားလည်မှုလွဲမှားခြင်းများကို ဖယ်ရှားရန်ဖြစ်ပါသည်။ လူများအား ၎င်းတို့၏တစ်ကိုယ်ကောင်းဆန်သောအခြေအနေမှကယ်ထုတ်ရန်လည်းဖြစ်ပါသည်။ မိမိကိုယ်ကိုအထူးချီးမြှောက်သည့်အခြေမှသည် မိမိညီအစ်ကိုအတွက်အလုပ်အကျွေးပြုရန် မိမိစိတ်နှလုံးကိုနှိမ့်ချသည့်အခြေသို့ရောက်သည့်အထိ ပြုပြင်ပေးရန်ဖြစ်ပါသည်။

ဤအခမ်းအနားကိုစိတ်ဝိညာဉ်ကိုစစ်ဆေးသော၊ အပြစ်ဒုစရိုက်ကိုသိသာထင်ရှားစေသော၊ လွှတ်ခြင်းခံရသောအပြစ်သားများအတွက် မင်္ဂလာအာမခံချက်ဖြစ်စေသော အခမ်းအနားတစ်ခုဖြစ်စေရန် ကောင်းကင်နိုင်ငံမှဘုရားသခင်သည် ထိုအချိန်နာရီ၌၎င်းတို့နှင့်အတူရှိနေပါသည်။ အတ္တရေစီးကြောင်းတွင်မျောပါလျက်ရှိသော အတွေးရေစီးကြောင်းကိုလမ်းကြောင်းပြောင်းပေးရန် ခရစ်တော်သည်ကျေးဇူးတော်နှင့်ပြည့်စုံစွာဖြင့် ထိုနေရာတွင်ရောက်

ရှိနေတော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်ရှင်၏ပုံသက်သေအတိုင်း လိုက်လျှောက်နေကြသူများ၏အာရုံစွဲလမ်းမှုများကို အသက်ရှင်လှုပ်ရှားစေလျက်ရှိပါသည်။ ကျွန်ုပ်တို့အတွက်ကိုယ်တော်ရှင်ထားတော်မူခဲ့သည့်နှိမ့်ချခြင်းပုံသက်သေကို သတိရအောက်မေ့သောအချိန်တွင် အတွေးအခေါ်ချင်းဆက်စပ်လာပါသည်။ ဘုရားသခင်၏မဟာကောင်းမြတ်ခြင်းနှင့် လောကမိတ်ဆွေများ၏ပစားပေးခြင်း၊ နူးညံ့သိမ်မွေ့စွာဆက်ဆံခြင်းများကို တသီတတန်းကြီးပြန်လည်မြင်ယောင်လာပါသည်။ မေ့လျော့ခဲ့သောကောင်းချီးမင်္ဂလာများ၊ အလွဲသုံးခဲ့သောကရုဏာများနှင့် မထီလေးစားပြုခဲ့သောကြင်နာမှုများကို ပြန်လည်သတိရလာပါသည်။ အဖိုးထိုက်တန်သောမေတ္တာပန်းပင်ကလေးများအတွက် နေရာမရနိုင်အောင်ပြည့်နှက်နေသည့် ခါးသီးခြင်း၏အမြစ်များအား ထင်ရှားစွာသိမြင်စေလာပါမည်။ အကျင့်စာရိတ္တ၏ချို့ယွင်းချက်များ၊ တာဝန်မကျေပွန်မှုများ၊ ဘုရားသခင်ကိုကျေးဇူးကန်းခဲ့မှုများ၊ ညီအစ်ကိုများအပေါ်စိမ်းကားခဲ့မှုများကို ပြန်လည်သတိရလာပါလိမ့်မည်။ အပြစ်ကိုဆင်ခြင်သုံးသပ်ရာတွင် ဘုရားသခင်အသုံးပြုခဲ့သောအလင်းတော်၌ မိမိ၏အပြစ်များကိုထင်ရှားစွာတွေ့မြင်လာပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်သဘောထားများသည်လည်း ကိုယ့်ကိုကိုယ်ကျေနပ်အကြည်ဆိုက်နေသည့်အခြေမှ ကိုယ့်ကိုကိုယ်အပြင်းအထန်အပြစ်ရှာတတ်သောစိတ်နှင့် နှိမ့်ချတတ်သောစိတ်သဘောထားအသွင်သို့ပြောင်းသွားပါသည်။ ကွဲပြားခြားနားမှုများကိုဖြစ်စေခဲ့သော အတားအဆီးတိုင်းကိုဖြိုဖျက်ရန် စိတ်တန်ခိုးခွန်အားရှိလာပါသည်။ မကောင်းမှုများကိုတွေးတတ်သောစိတ်များနှင့် အတင်းအဖျင်းပြောတတ်သောအကျင့်များသည် ကွယ်ပျောက်သွားပါသည်။ ကျူးလွန်မိခဲ့သမျှသောအပြစ်များကိုဝန်ချတောင်းပန်သဖြင့် အပြစ်လွှတ်ခြင်းကိုခံကြရပါသည်။ ခရစ်တော်၏နူးညံ့ပျော့ပျောင်းစေသည့်ကျေးဇူးတော်သည် အသက်ဝိညာဉ်ထဲသို့ရောက်ရှိလာပြီး၊ ခရစ်တော်၏မေတ္တာတော်သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောစည်းလုံးညီညွတ်မှုကိုရရှိရန် စိတ်နှလုံးများကိုပေါင်းစည်း၍ဆွဲယူတော်မူပါသည်။



ပြင်ဆင်ခြင်းနှင့်ဆိုင်သောဤသင်ခန်းစာကို ဤကဲ့သို့လေ့ကျက်နေစဉ်တွင် ပို၍မြင့်မြတ်သောဝိညာဉ်ရေးအသက်တာကို ရလိုသည့်တောင့်တမှုတစ်ခုဖြစ်ပေါ်လာပါသည်။ ဘုရားသခင်၏သက်သေခံကြီးသည် ဤတောင့်တချက်ကိုတုံ့ပြန်ပါလိမ့်မည်။ ထိုအသက်ဝိညာဉ်သည် မြှောက်တင်ခြင်းကိုခံရပါလိမ့်မည်။ ကျွန်ုပ်တို့သည်ထိုအချိန်တွင် အပြစ်လွှတ်ခြင်းကိုခံရပြီဟူသောအသိစိတ်ဓာတ်ဖြင့် ပွဲတော်မင်္ဂလာဝင်နိုင်ကြမည်ဖြစ်ပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းရောင်ခြည်တော်များသည် အသက်ဝိညာဉ်၏ဗိမာန်တော်တစ်ခုလုံးကိုထွန်းလင်းပေးပါလိမ့်မည်။ ထိုအခါကျွန်ုပ်တို့သည် ဤလောကအပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ကြပါလိမ့်မည်။ ယောဟန် ၁း၂၉။

ခြေဆေးမင်္ဂလာနှင့်ပတ်သက်သော ဤသဘောတရားကိုသိရှိထားသူများအတွက် ဤကျင့်ဆောင်မှုသည် ဝိနည်းထုံးဖွဲ့ဆိုင်ရာအခမ်းအနားသက်သက်မဟုတ်ကြောင်း သဘောပေါက်လာကြပါသည်။ ဤအခမ်းအနားကျင်းပခြင်း၏မပြောင်းလဲသောသင်ခန်းစာမှာ "အချင်းချင်းချစ်၍ အမှုချင်းကိုဆောင်ရွက်ကြလော့" ဟူသောအချက်ပင်ဖြစ်ပါသည်။ ဂလာတိ ၅း၁၃။ ခရစ်တော်သည် တပည့်တော်များအား ကောင်းကင်ဘဏ္ဍာ၏ထာဝရသရဖူကို မိမိနှင့်အတူဆောင်းစေမည့်အရာမှန်သမျှကို မည်မျှပင်နိမ့်ကျသည်ဖြစ်စေ၊ မိမိအနေဖြင့်လုပ်ဆောင်မည်ဖြစ်ကြောင်း တပည့်တော်များ၏ခြေထောက်ကိုဆေးပေးခြင်းအားဖြင့် ထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်၏တပည့်တော်များသည် ခြေဆေးမင်္ဂလာဝင်ခြင်းအမှုတွင် ထိုနည်းအတိုင်း မိမိညီအစ်ကိုများကိုအလုပ်အကျွေးပြုရန် မိမိကိုယ်ကိုသစ္စာပြုသင့်ကြပါသည်။ ဤအခမ်းအနားကိုမှန်ကန်စွာကျင်းပသောအချိန်တိုင်းတွင် အခြားသူများကိုကူညီမစ၍ကောင်းချီးပေးရန် ဘုရားသခင်၏သားသမီးများအား သန့်ရှင်းသောပေါင်းသင်းဆက်ဆံမှုတစ်ခုတွင် ဖြစ်ပွားစေလျက်ရှိပါသည်။ ထိုအခါ မိမိတို့၏အသက်တာကို တစ်ကိုယ်ကောင်းမဆန်သောလုပ်ဆောင်မှုများအတွက်ပေးအပ်မည်ဟု ၎င်းတို့ပဋိညာဉ်ပြုလာကြပါသည်။ ဤသို့ပဋိညာဉ်ပြုခြင်းသည် တမန်တော်အချင်း

ချင်းအတွက်သာမကဘဲ ၎င်းတို့၏လုပ်ငန်းခွင်အင်နေးအတာသည် သခင်ဘုရား လုပ်ဆောင်ခဲ့သည့်အငန်းအတာမျှကျယ်ဝန်းအောင် လုပ်ဆောင်ကြမည်ဖြစ်ပါသည်။ ဤကမ္ဘာကြီးသည် ကျွန်ုပ်တို့၏အမအစကိုလိုအပ်နေသူများနှင့် ပြည့်လျှံနေပါသည်။ ဆင်းရဲသားများ၊ အကူအညီမဲ့နေသူများနှင့် မသိနားမလည်သူများသည် နေရာတကာတွင်ရှိနေကြပါသည်။ အထက်ခန်းတွင် ခရစ်တော်နှင့်အတူပွဲတော်မင်္ဂလာဝင်ခဲ့သူများသည် ကိုယ်တော်ရှင်ပြုတော်မူသကဲ့သို့ သူတစ်ပါးအားအလုပ်အကျွေးပြုရန် သွားရောက်လုပ်ဆောင်ကြပါလိမ့်မည်။

ခပ်သိမ်းသောသူများအားအစေအပါးပြုတော်မူခဲ့သော သခင်ယေရှုသည် ခပ်သိမ်းသောသူတို့၏အစေခံဖြစ်လာခဲ့ရပါသည်။ ကိုယ်တော်သည် လူအပေါင်းတို့၏အစေကိုခံတော်မူသဖြင့် ခပ်သိမ်းသောလူအပေါင်းတို့၏အလုပ်အကျွေးပြုခြင်း၊ ဂုဏ်ပြုခြင်းကိုတစ်ဖန်ခံရလိမ့်ဦးမည်။ ကိုယ်တော်၏မြင့်မြတ်သောဂုဏ်တော်များကို အသက်တာတွင်ထင်ရှားစေကာ ကယ်တင်ခြင်းခံစားရသည့်အသက်ဝိညာဉ်များကိုမြင်တွေ့ရသဖြင့် ကိုယ်တော်နှင့်အတူ ဝမ်းမြောက်ဝမ်းသာရှိနေကြသူများသည် သူတစ်ပါးအကျိုးဆောင်သည့်ကိုယ်တော်၏ပုံသက်သေကို လိုက်လျှောက်ကြပေလိမ့်မည်။

ငါသည်သင်တို့၌ပြုသကဲ့သို့သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီဟူသော ခရစ်တော်၏စကားများထဲတွင် ဤအရာအားလုံးသည် အကျုံးဝင်နေပါသည်။ ဤအရာသည် ကိုယ်တော်ရှင်တည်ထောင်သော ၎င်းအခမ်းအနား၏ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ "ဤအရာများကိုသင်တို့သိ၍၊ သိသည်အတိုင်းကျင့်လျှင်မင်္ဂလာရှိကြ၏။"

****



# tcef; (72)
# igjhudkatmufarhzdkY&m

ရှင်မဿဲခရစ်ဝင် ၂၆း၂၀–၂၉။ ရှင်မာကု ၁၄း၁၇–၂၅။ ရှင်လုကာ ၂၂း၁၄–၂၃။ ရှင်ယောဟန် ၁၃း၁၈–၃၀ တို့ကို အခြေပြုထားပါသည်။

"သခင်ယေရှုသည် ရန်သူလက်သို့အပ်နှံခြင်းခံရသောနေ့ညမှာ မုန့်ကိုယူ၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍ ဤမုန့်ကားသင်တို့အဖို့အလို့ငှာ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏၊ ယူ၍စားကြလော့။ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟုမိန့်တော်မူ၏။ ထိုနည်းတူ ညစာစားပြီးမှခွက်ကိုလည်း ယူ၍ ဤခွက်ကားငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ၊ ငါ့ကိုအောက်မေ့ဖို့ရာသောက်ကြလော့ဟု မိန့်တော်မူ၏။" ၁ကော ၁၁း၂၃–၂၆။

ခရစ်တော်သည် အိမ်ထောင်မှုစီမံအုပ်ချုပ်သည့်နည်းစနစ်နှစ်ခုနှင့် ထိုစနစ်များအတွက် အထူးကျင်းပသောပွဲတော်ကြီးနှစ်ခု၏စပ်ကူးမပ်ကူးအချိန်တွင် ရပ်တည်တော်မူလျက်ရှိပါသည်။ နှစ်ပေါင်းလေးထောင်တိုင်တိုင် မိမိ၏အသေသတ်ခံခြင်းကိုပြည့်ခံခဲ့သောပုံဆောင်မှုများနှင့် ဝိနည်းထုံးဖွဲ့ဆိုင်ရာစနစ်များကိုအဆုံးသတ်သွားစေရန် ဘုရားသခင်၏အပြစ်ကင်းသော သိုးသငယ်တည်းဟူသောကိုယ်တော်သည် မိမိကိုယ်ကိုအပြစ်ဖြေရာယဇ်ကောင်အဖြစ်ဆက်ကပ်ရပေတော့မည်။ ကိုယ်တော်ရှင်သည် တပည့်တော်များနှင့်အတူ ပသခါပွဲဝင်နေစဉ်တွင် မိမိပြုလုပ်မည့်မဟာဆက်ကပ်မှုကြီးကိုအောက်မေ့သတိရစေမည့် အခမ်းအနားတစ်ခုကို ထိုပသခါပွဲ၏နေရာတွင် အစားထိုးကျင်းပခဲ့ပါသည်။ ယုဒတစ်မျိုးသားလုံးနှင့်ဆိုင်သောထိုပွဲတော်ကြီးသည် ထာဝစဉ်ပျောက်ကွယ်သွားပေတော့မည်။ ခရစ်တော်တည်ထောင်ခဲ့သော ဤအခမ်းအနားကို ခေတ်အဆက်ဆက်တွင် ကမ္ဘာအနှံ့အသက်ရှင်နေထိုင်ကြမည့်ကိုယ်တော်၏နောက်လိုက်များက ဆက်လက်ကျင်းပကြရန်ဖြစ်ပါသည်။

အဲဂုတ္တုတွင်ကျွန်ခံနေရာမှ ဣသရေလများလွတ်မြောက်လာခြင်းကို အောက်မေ့သတိရစေရန် ပသခါပွဲကိုကျင်းပတော်မူခဲ့ပါသည်။ ဤအခမ်းအနားကျင်းပခြင်း၏ရည်ရွယ်ချက်ကို သားသမီးကမေးသောအခါ ဤရာဇဝင်ကလေးကို နှစ်စဉ်နှစ်တိုင်းထပ်ခါတလဲလဲပြန်လည်ပြောပြနိုင်စေရန်အတွက် ပသခါပွဲကျင်းပရန် ဘုရားသခင်ညွှန်ကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ ဤနည်းအားဖြင့် အံ့ဖွယ်သောထိုလွတ်မြောက်မှုကို လူအားလုံး၏စိတ်တွင် သတိရနေစေခဲ့ပါသည်။ ပွဲတော်မင်္ဂလာအခမ်းအနားမှာမူ ခရစ်တော်အသေခံခြင်းအားဖြင့် ဖြစ်ပေါ်လာမည့်ကြီးကျယ်သည့်လွတ်မြောက်မှုကြီးကို သတိရအောက်မေ့စေရန် ဘုရားသခင်ကျင်းပစေခဲ့ပါသည်။ ခရစ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်၍ ဒုတိယအကြိမ်ကြွလာသည့်တိုင်အောင် ဤအခမ်းအနားကိုကျင်းပရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ပြုတော်မူသည့် ကြီးမားသောအမှုတော်ကို ဤနည်းအားဖြင့် ကျွန်ုပ်တို့၏စိတ်တွင် ထာဝစဉ်သတိရအောက်မေ့စေလိမ့်မည်ဖြစ်ပါသည်။

ဣသရေလများသည် အဲဂုတ္တုပြည်မှလွတ်မြောက်လာသောအချိန်တွင် ပသခါပွဲဝင်ခဲ့စဉ်က မတ်တတ်ရပ်လျက်၊ ခါးပတ်ကိုပတ်လျက်၊ လက်ထဲတွင် တောင်ဝှေးများကိုကိုင်လျက် သွားရမည့်ခရီးအတွက်အသင့်အနေအထားဖြင့် စားခဲ့ကြရပါသည်။ ၎င်းတို့သည် ထိုအခမ်းအနားတို့ကို အခြေအနေနှင့်လိုက်လျောညီစွာကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အကြောင်းမူကား၊ သူတို့သည် ထိုတိုင်းပြည်မှနှင်ထုတ်ခြင်းခံရကာ ခက်ခဲကြမ်းတမ်းသောတောလမ်းခရီးကို အစပြုရတော့မည်ဖြစ်သောကြောင့်တည်း။ သို့ရာတွင် ခရစ်တော်၏အချိန်တွင်မူ အခြေအနေများသည်ပြောင်းလဲနေပေပြီ။ သူတို့သည်ယခုတွင် သူစိမ်းနိုင်ငံတစ်ခု၏နှင်ထုတ်ခြင်းကိုမခံကြရဘဲ မိမိတို့၏အမိနိုင်ငံတွင်နေထိုင်လျက်ရှိသူများဖြစ်ကြပါသည်။ ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်နှင့်ဆီလျော်ကိုက်ညီရန် ထိုသူများသည် ထိုအချိန်ကလဲလျောင်းလျက် ပသခါပွဲကိုစားခဲ့ကြပါသည်။ ဧည့်သည်များသည် စားပွဲပတ်လည်တွင်ချထားသည့် ညောင်စောင်းများပေါ်တွင် ဘယ်ဘက်လက်နှင့်ထောက်ပြီးလဲလျောင်းကာ ညာဘက်လက်





နှင့်ယူ၍စားရန်ဖြစ်ပါသည်။ ဤကိုယ်အနေအထားနှင့်လဲလျောင်းနေသောဧည့်သည်တစ်ဦးသည် မိမိထက်မြင့်သောနေရာတွင်ကပ်လျက် လဲလျောင်းနေသူ၏ရင်ခွင်တွင် ခေါင်းအုံးလျက်လဲလျောင်းနိုင်ကြပါသည်။ ညောင်စောင်းအစွန်းတွင်ရှိသောခြေထောက်များကိုမူ စားပွဲဝိုင်းအပြင်မှလှည့်ပတ်သွားလာကာ တစ်ယောက်သောသူကဆေးကြောပေးပါသည်။

ခရစ်တော်သည် ပသခါပွဲအတွက်ပြင်ဆင်ထားသောစားပွဲတွင် လဲလျောင်းနေဆဲဖြစ်ပါသည်။ တဆေးမပါဘဲစီမံထားသည့်ပသခါမုန့်သည် ၎င်း၏ရှေ့တော်တွင်ရှိနေပါသည်။ ပသခါပွဲအတွက်ပြင်ဆင်ထားသည့် ကစော်မပေါက်သေးသည့်စပျစ်ရည်သည် စားပွဲပေါ်တွင်ရှိနေပါသည်။ အပြစ်အနာအဆာကင်းစင်သော မိမိ၏အသေသတ်ခံခြင်းဆိုင်ရာ ပူဇော်ဆက်ကပ်မှုကို ရုပ်လုံးဖော်ရန် ခရစ်တော်သည် ဤအထိမ်းအမှတ်ပစ္စည်းများကို အသုံးပြုတော်မူထားပါသည်။ အပြစ်နှင့်သေခြင်းကိုပုံဆောင်သည့် ကစော်ပေါက်ခြင်းအားဖြင့် ညစ်ညမ်းမှုမရှိသောအရာများသည် “အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်ကိုပုံဆောင်ထားပါသည်။” ၁ပေ ၁း၁၉။

“ထိုအခါ စားလျက်နေကြစဉ်တွင် ယေရှုသည် မုန့်ကိုယူ၍ကျေးဇူးတော်ကိုချီးမွမ်းပြီးမှမုန့်ကိုဖဲ့၍ ဤမုန့်ကားငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့ဟုမိန့်တော်မူလျက် တပည့်တော်တို့အားပေးတော်မူ၏။ ခွက်ကိုလည်း ယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ သူတို့အားပေးတော်မူ၍ သင်တို့ရှိသမျှသည်သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွတ်ခြင်းငှာ သွန်းသောငါ၏အသွေးဖြစ်၏။ ငါဆိုသည်ကား၊ ဤစပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော်၏နိုင်ငံ၌ သင်တို့နှင့်အတူငါမသောက်မီနေ့တိုင်အောင် ယခုမှစ၍ တစ်ဖန်ငါမသောက်ရဟုမိန့်တော်မူ၏။

ကိုယ်တော်ကိုအပ်နှံမည့်ယုဒသည် ထိုပွဲတော်မင်္ဂလာတွင်ပါဝင်လျက်ရှိပါသည်။ ချိုးဖဲ့ခြင်းခံရမည့်ကိုယ်တော်၏အသားနှင့် သွန်းလောင်းခြင်းခံရမည့်ကိုယ်တော်၏အသွေးများကို ပုံဆောင်ထားသောစပျစ်ရည်နှင့်မုန့်ကို ခရစ်တော်ထံမှသူရရှိခဲ့ပါသည်။ “ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့”

ဟူသောစကားများကိုလည်း သူကြားခဲ့ရပါသည်။ ယုဒသည် ဘုရားသခင်၏ သိုးသငယ်ရှေ့တွင်ထိုင်လျက်ရှိစဉ်မှာပင် မိမိ၏ညစ်သောအကြံများကိုသာ တအုံနွေးနွေးစဉ်းစားနေကာ လက်စားချေလိုသောမိမိ၏သဘောထားကိုသာ တွယ်တာမြတ်နိုးနေခဲ့ပါသည်။

မိမိသည် ယုဒ၏ဇာတိရုပ်မှန်ကိုကောင်းစွာသိရှိကြောင်း ထင်ရှားစေသည့်သက်သေအထောက်အထားကို ခြေဆေးမင်္ဂလာပွဲတွင် ခရစ်တော်ဖော်ပြသည့်အနေဖြင့် "သင်တို့တွင် တချို့မစင်ကြယ်" ဟု မိန့်တော်မူခဲ့ပါသည်။ ခရစ်တော်သည် မိမိလျှို့ဝှက်ချက်များကိုသိရှိကြောင်း ဤစကားများက မှားယွင်းသော ထိုတပည့်တော်အားသဘောပေါက်စေခဲ့ပါသည်။ ယခုတွင် ခရစ်တော်သည် စားပွဲပတ်လည်တွင်လျောင်းလျက်ရှိနေကြသော တမန်တော်အပေါင်းအားကြည့်တော်မူကာ ပို၍ရှင်းလင်းစွာမိန့်တော်မူသည်ကား၊ သင်တို့ရှိသမျှကိုရည်မှတ်၍ပြောသည်မဟုတ်၊ ငါရွေးကောက်သောသူတို့ကိုငါသိ၏။ ကျမ်းစာချက်ပြည့်စုံစေမည်အကြောင်း ငါနှင့်အတူစားသောသူသည် ငါ့ကိုခြေနှင့်ကျောက်သတည်းဟူ၍ဖြစ်၏။

တမန်တော်များသည် ယခုအချိန်တိုင်အောင် ယုဒအားမယုံသင်္ကာမရှိခဲ့ကြချေ။ သို့ရာတွင်ခရစ်တော်သည် အကြီးအကျယ်ဒုက္ခရောက်ပုံပေါ်နေသည်ကို ၎င်းတို့တွေ့မြင်ခဲ့ရပါသည်။ မိမိတို့အားလုံးအပေါ်တွင်ကျရောက်တော့မည့်ဒုက္ခနှင့် ကြောက်လန့်ဖွယ်ကောင်းသောဘေးဆိုးကြီးအတွက် နိမိတ်မကောင်းကြောင်းကို သူတို့နားမလည်ခဲ့ကြချေ။ တမန်တော်များသည် ဆိတ်ငြိမ်စွာပွဲတော်မင်္ဂလာစားနေကြစဉ်တွင် ယေရှုက ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့တွင်တစ်စုံတစ်ယောက်သောသူသည် ငါ့ကိုအပ်နှံလိမ့်မည်ဟူ၍ဖြစ်၏။ ထိုစကားများသည် ၎င်းတို့အားအံ့သြထိတ်လန့်သွားစေခဲ့ပါသည်။ မိမိတို့အထဲမှတစ်စုံတစ်ယောက်သောသူသည် ကိုယ်တော်ဘုရားအား သစ္စာဖောက်ကာအပ်နှံမည်ဆိုသည်ကို သူတို့နားမလည်နိုင်အောင်ဖြစ်နေကြပါသည်။ မည်သည့်အကြောင်းကြောင့် ကိုယ်တော်အား သူတို့အပ်နှံကြရမည်နည်း။ မည်သူများထံတွင်အပ်နှံလိမ့်မည်နည်း။ ထိုကဲ့သို့သောအကြံမျိုးကိုမည်သူကြံစည်



နေပါသနည်း။ အခြားသူများထက် ကိုယ်တော်၏သွန်သင်ချက်များကို အနီးကပ်ကြားနာခွင့်ရခဲ့ပြီး ကိုယ်တော်ရှင်၏အံ့ဖွယ်မေတ္တာကိုမျှဝေခံစားခဲ့ကြသော မိမိနှင့်ရင်းရင်းနှီးနှီးမိတ်သဟာယဖွဲ့ခြင်းအားဖြင့် ထိုကဲ့သို့သောအရေးတယူမှုကို ယေရှုရှင်ဖော်ပြတော်မူခြင်းခံရသည့် ဤတမန်တော်တစ်ဆယ့်နှစ်ပါးထဲက မည်သူကမျှသစ္စာဖောက်ကြလိမ့်မည်မဟုတ်ဟု သူတို့ယူဆနေကြပါသည်။

ကိုယ်တော်စကားများ၏အရေးပါပုံကို သူတို့သိရှိလာသောအခါ မိန့်တော်မူချက်တို့သည်မှန်ကန်ကြောင်းသတိရကာ စိုးရွံ့မှုနှင့်ကိုယ့်ကိုကိုယ်အားမကိုးစိတ်မချမှုများကို သူတို့ခံစားလာခဲ့ကြရပါသည်။ သူတို့သည် မိမိတို့၏သခင်အပေါ် မမှန်ကန်သောသဘောထားတစ်စုံတစ်ခုရှိမရှိသိရန် မိမိတို့၏စိတ်နှလုံးကို စတင်ဆန်းစစ်ခဲ့ကြပါသည်။ တပည့်တော်များသည် စိတ်ထိခိုက်စွာဖြင့် "သခင်၊ အဘယ်သူနည်း" ဟုတစ်ယောက်တစ်ပေါက်မေးလျှောက်ကြသော်လည်း ယုဒရှကာရုတ်မှာမူ နှုတ်ဆိတ်လျက်ရှိခဲ့ပါသည်။ နောက်ဆုံးတွင် ယောဟန်ကစိတ်ပူစွာဖြင့် သခင်၊ အဘယ်သူနည်းဟုမေးလျှောက်ရာ ယေရှုကလည်းငါနှင့်အတူပန်းကန်တွင်လက်နှိုက်သောသူသည် ငါ့ကိုအပ်နှံလိမ့်မည်။ ကျမ်းစာလာသည့်အတိုင်း လူသားကိုအပ်နှံသောသူသည် အမင်္ဂလာရှိ၏။ ထိုသူသည်ဖွားမြင်ခြင်းကိုမခံရလျှင်အနေသာ၍ကောင်းသည်ဟု မိန့်တော်မူလိုက်ပါသည်။ တပည့်တော်များသည် တစ်ယောက်မျက်နှာတစ်ယောက်စေ့စေ့ကြည့်ကာ သခင်၊ အကျွန်ုပ်လော ဟုအသီးသီးမေးလျှောက်ကြပါသည်။ ယုဒတစ်ယောက်တည်းကသာမေးလျှောက်ခြင်းမပြုသဖြင့် အားလုံးကအံ့အားသင့်ခဲ့ကြပါသည်။ မေးမြန်းသံများနှင့်အံ့အားသင့်သံများဆူညံနေသဖြင့် ယောဟန်၏အမေးကိုတုံ့ပြန်တော်မူသည့် ခရစ်တော်၏အဖြေကို ယုဒမကြားလိုက်ရချေ။ သို့သော်လည်း တမန်တော်များ၏စစ်စစ်ပေါက်ပေါက်မေးမြန်းမှုများကိုရှောင်ရှားရန် အခြားတမန်တော်များမေးသကဲ့သို့ "အရှင်ဘုရား၊ အကျွန်ုပ်လောဟု ယုဒကမေးလျှောက်ခဲ့ရာ သင်ဆိုသည်အတိုင်းမှန်သည်ဟု ယေရှုရှင်တုံ့ပြန်တော်မူ၏။" မိမိ၏လျှို့ဝှက်အကြံထုတ်ဖော်ပြခြင်းခံလိုက်ရသဖြင့် ယုဒသည်အံ့အားသင့်စွာစိတ်ရှုပ်ထွေးစွာဖြင့် အခန်း

ထဲမှထွက်သွားရန် အမြန်မတ်တတ်ထလိုက်ပါသည်။ "ယေရှုကလည်း၊ သင်ပြုရသောအမှုကိုအလျင်အမြန်ပြုလော့ဟု ထိုသူအားမိန့်တော်မူ၏ –––– ယုဒရှကာရုတ်သည် မုန့်တစ်လုပ်စာကိုခံပြီးမှချက်ချင်းထွက်သွား၏။ ထိုအချိန်ကား ညအချိန်ဖြစ်၏" ခရစ်တော်ကိုကျော်ခိုင်းကာ အပြင်အမှောင်ထုထဲသို့ထွက်သွားသောအချိန်တွင် ထိုသစ္စာဖောက်အတွက်မှောင်မိုက်သောအချိန်ဖြစ်ခဲ့ပါသည်။

ဤအခြေအနေသို့မရောက်မီတိုင်အောင်ယုဒအနေဖြင့် နောင်တရနိုင်သေးသည့်အခြေအနေတွင်ရှိနေပါသည်။ သို့ရာတွင် ခရစ်တော်နှင့်တကွလုပ်ဖော်ဆောင်ဖက်မိတ်ဆွေများအား စွန့်ခွာခဲ့သောအချိန်တွင် နောက်ဆုံးသောဆုံးဖြတ်ချက်ကိုချခဲ့ချေပြီ။ သူသည်သတ်မှတ်ထားသောအငန်းအတာတစ်ခုကိုကျော်လွန်သွားခဲ့ချေပြီ။

မိမိအားစုံစမ်းခြင်းပြုခဲ့သော ဤအသက်ဝိညာဉ်နှင့်ဆက်ဆံရာတွင် တွေ့မြင်ခဲ့ရသော ခရစ်တော်၏စိတ်ရှည်ခြင်းသည် အံ့သြစရာပင်ဖြစ်ပါသည်။ အသုံးပြုနိုင်သမျှသောနည်းမျိုးစုံကိုအသုံးပြုကာ ယုဒအားကယ်တင်ခဲ့ပါသည်။ သူသည် မိမိ၏သခင်အားအပ်နှံရန် နှစ်ကြိမ်နှစ်ခါပြုလုပ်ခဲ့ပြီးသည့်အချိန်၌ပင် ခရစ်တော်သည်နောင်တရခွင့်ကို ၎င်းအားဆက်လက်ပေးထားဆဲဖြစ်ပါသည်။ ခရစ်တော်သည် ထိုသစ္စာဖောက်၏စိတ်နှလုံးလျှို့ဝှက်မှုများကိုဖတ်တော်မူလျက် မိမိ၏ဘုရားဇာတိနှင့်ပတ်သက်သောသဘောပေါက်စေနိုင်သည့်နောက်ဆုံးအထောက်အထားတစ်ခုကို ယုဒအားပေးတော်မူခဲ့ပါသည်။ ဤအရာအားဖြင့်မှားယွင်းသော ထိုတပည့်တော်အား နောင်တရစေရန်အလို့ငှာနောက်ဆုံးအကြိမ်အဖြစ်ခေါ်တော်မူခဲ့ပါသည်။ ၎င်းအားနောင်တလမ်းထဲသို့ပို့ဆောင်ရန် ခရစ်တော်သည် မည်သည့်အရာကိုမျှခြွင်းချန်ခြင်းမပြုဘဲ တတ်နိုင်သမျှကြိုးစား၍ခေါ်တော်မူခဲ့ပါသည်။ ဖွဲ့နပဲကြီးသောမာန်မာနစိတ်၏ပြန်လည်တွန်းလှန်ခြင်းခံရသော ကရုဏာတော်လှိုင်းတံပိုးများသည် နူးညံ့ပျော့ပျောင်းစေသောမေတ္တာ၏ပိုမိုပြင်းထန်သည့်ဒီရေတစ်ခုအသွင်ဖြင့် ပြန်လည်တုံ့ပြန်လာပါသည်။ ယုဒသည် မိမိ၏အပြစ်များကိုပြန်၍တွေ့မြင်လာသဖြင့် အံ့အား



သင့်ခဲ့ရသော်လည်း ပို၍ပင်စိတ်ခိုင်မာလာခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော်အားအပ်နှံခြင်းအမှုကိုပြီးမြောက်အောင်လုပ်ဆောင်ရန် ပွဲတော်မင်္ဂလာမှသူထွက်သွားခဲ့ပါသည်။

သခင်ယေရှုသည် ယုဒအပေါ်ကျရောက်မည့်အမင်္ဂလာကိုမြွက်ဆိုခြင်းအရာတွင် အခြားတပည့်တော်များအတွက်လည်း ကရုဏာအကြံအစည်တစ်ခုရှိနေပါသေးသည်။ မိမိသည်မေရှိယဖြစ်ကြောင်း အရေးကြီးသောအထောက်အထားတစ်ခုကို ၎င်းတို့အား ဤနည်းအားဖြင့်ပေးတော်မူရန်ဖြစ်ပါသည်။ "ဤအမှုအရာရောက်သောအခါ ငါသည်ဤမည်သောသူဖြစ်သည်ကို သင်တို့ယုံကြည်စေခြင်းငှာမရောက်မီ ယခုပင်သင်တို့အားငါပြောနှင့်ပြီ" ဟုကိုယ်တော်မိန့်တော်မူ၏။ အကယ်၍ခရစ်တော်သည် မိမိအပေါ်ကျရောက်မည့်အရာများကို မသိကျိုးကျွန်ပြုကာ ဆိတ်ဆိတ်နေခဲ့မည်ဆိုလျှင် မိမိတို့အရှင်ဘုရား၌ဉာဏ်အမြော်အမြင်မရှိဟုထင်ကြကာ အံ့အားသင့်ပြီး သွေးငတ်နေသောလူအုပ်ကြီး၏လက်သို့ ကိုယ်တော်ကိုအပ်နှံခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ မိမိသည် တပည့်တော်တစ်ဆယ့်နှစ်ပါးကိုရွေးချယ်ခဲ့ကြောင်း၊ ထိုအထဲမှတစ်ယောက်သည် နတ်ဆိုးဖြစ်ကြောင်းကိုတစ်နှစ်ကြိုတင်၍ ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ၎င်း၏သစ္စာဖောက်လုပ်ငန်းအကြောင်းကို ပြည့်ပြည့်စုံစုံသိရှိထားကြောင်းဖော်ပြနေသော ၎င်းအားမိန့်တော်မူနေသည့်ကိုယ်တော်၏စကားများသည် ကိုယ်တော်အားကပ်တိုင်တင်ကြစဉ်တွင် သစ္စာရှိသောတပည့်တော်များ၏ယုံကြည်ခြင်းကိုတိုးပွားစေခဲ့ပါသည်။ ယုဒသည်ကြောက်မက်ဖွယ်ရာဘဝနိဂုံးကို ရင်ဆိုင်လာရသောအချိန်တွင် ၎င်းအပေါ်ခရစ်တော်မိန့်ဆိုခဲ့သောစီရင်ချက်များကို သူတို့သတိရပါလိမ့်မည်။

ခရစ်တော်၌ရှိသောအခြားအလိုတော်တစ်ခုမှာ မိမိအားသစ္စာဖောက်မည့်သူကိုပင် အမှုထမ်းဆောင်ခွင့်မရုပ်သိမ်းရန်ဖြစ်ပါသည်။ သင်တို့တွင်တချို့မစင်ကြယ်ဟူ၍ ခြေဆေးမင်္ဂလာတွင်မိန့်တော်မူခဲ့သောစကားများနှင့် ငါနှင့်အတူစားသောသူသည် ငါ့ကိုခြေနှင့်ကျောက်သတည်းဟူ၍ ပွဲတော်မင်္ဂလာစားသုံးမည့်စားပွဲတွင် မိန့်တော်မူခဲ့သောစကားများကို တပည့်တော်များနား

မလည်ခဲ့ကြချေ။ ယောဟန် ၁၃း၁၁၊၁၈။ သို့ရာတွင် နောက်ပိုင်း၌ ကိုယ်တော်ရှင်၏ဆိုလိုချက်များကို ထင်ထင်ရှားရှားသိမြင်လာကြသောအချိန်တွင် အကြီးအကျယ်မှားယွင်းခဲ့သူတစ်ဦးအပေါ်တွင်ထားရှိသည့် ဘုရားသခင်၏သည်းခံခြင်းစိတ်နှင့်ကရုဏာတော်များအကြောင်းကို သူတို့စဉ်းစားသုံးသပ်လာကြပါသည်။

သခင်ယေရှုသည် ယုဒအကြောင်းကို မူလအစကတည်းကသိရှိထားတော်မူခဲ့သော်လည်း ၎င်း၏ခြေကိုဆေးပေးတော်မူခဲ့ပါသည်။ ခရစ်တော်နှင့်အတူပွဲတော်မင်္ဂလာဝင်ရန်အခွင့်ကိုလည်း ၎င်းအားပေးတော်မူခဲ့ပါသည်။ စိတ်ရှည်တော်မူသောကယ်တင်ရှင်သည် မိမိအားလက်ခံရန်၊ နောင်တရရန်နှင့်အပြစ်အညစ်အကြေးများမှဆေးကြောခြင်းခံရစေရန် ၎င်းအားနည်းအမျိုးစုံဖြင့်ဆွဲဆောင်တော်မူခဲ့ပါသည်။ ဤပုံသက်သေသည် ကျွန်ုပ်တို့အတွက်ပြုလုပ်ထားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်တစ်ဦးအား မှားယွင်းသည့်အပြစ်ရှိသည်ဟုအထင်ရှိသောအချိန်တွင် ထိုသူနှင့်အဆက်ဖြတ်ပစ်တတ်ပါသည်။ ထိုသို့အဆက်ဖြတ်ပစ်ရန်မဟုတ်ပါချေ။ မည်သည့်ခွဲခွာထားရစ်ခြင်းအားဖြင့်မျှ ၎င်းအားစုံစမ်းခြင်း၏သားကောင်တစ်ကောင်အဖြစ် စွန့်ပစ်ထားရန်မဟုတ်ချေ။ ဤနည်းသည် ခရစ်တော်အသုံးပြုသောနည်းစနစ်မဟုတ်ပါချေ။ ထို့ကြောင့်ခရစ်တော်အနေနှင့် ၎င်းတို့၏ခြေများကိုဆေးကြောခြင်းအား မှားယွင်းသည်ဟု၎င်းတို့အပြစ်တင်ခဲ့ကြပါသည်။ သို့ရာတွင် ခရစ်တော်အသုံးပြုခဲ့သောနည်းစနစ်ကြောင့် ယုဒမှလွဲ၍ကျန်တပည့်တော်အားလုံးသည် နောင်တလမ်းထဲသို့ဆောင်ယူခြင်းခံခဲ့ကြရပါသည်။

ပွဲတော်မင်္ဂလာကို မည်သူများမပါဝင်ရဟူသောကန့်သတ်မှုများကို ခရစ်တော်၏ပုံသက်သေကတားမြစ်ထားပါသည်။ အပြစ်ဒုစရိုက်များကို လူသိရှင်ကြားကျူးလွန်နေသူများကို ပွဲတော်မဝင်ရန်တားမြစ်ခြင်းသည် မှန်ကန်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤအရာကိုရှင်းလင်းစွာသွန်သင်ထားပါသည်။ ၁ကော ၁၅း၁၁။ သို့ရာတွင် ထိုအငန်းအတာထက်ပို၍ မည်သူမျှတရားစီရင်ရန်အကြောင်းမရှိပါ။ ဤအခါသမယမျိုးတွင် မည်သူမည်



ဝါသည် ပွဲတော်ဝင်ရမည်ဟုပြောရန်အခွင့်ကို လူသားများအားဘုရားသခင်ပေးအပ်တော်မမူချေ။ အကြောင်းမူကား၊ မည်သူသည် အခြားသူတစ်ဦး၏စိတ်နှလုံးကိုသိရှိနိုင်ပါသနည်း။ မည်သူသည် စပါးပင်နှင့်ပေါင်းပင်ကိုခွဲခြားနိုင်ပါသနည်း။ “လူတိုင်း ကိုယ်ကိုကိုယ်စစ်ကြောပြီးမှမုန့်ကိုစားစေ၊ ထိုနည်းတူခွက်ကိုလည်းသောက်စေ” “သခင်ဘုရား၏မုန့်နှင့်ခွက်ကိုမထိုက်မတန်ဘဲစားသောက်သောသူမည်သည်ကား သခင်ဘုရား၏ကိုယ် (ခန္ဓာ) တော်နှင့်အသွေးတော်ကိုပြစ်မှားရာရောက်၏” “မထိုက်မတန်ဘဲစားသောက်သောသူသည် သခင်ဘုရား၏ကိုယ် (ခန္ဓာ) တော်ကိုပိုင်းခြား၍မသိသောကြောင့်မိမိအပေါ်သို့အပြစ်ရောက်စေခြင်းငှာ စားသောက်သောသူဖြစ်၏” ၁ကော ၁၁း၂၈၊၂၇၊၂၉။

ယုံကြည်သောသူများသည် ဘာသာရေးအခမ်းအနားများကိုကျင်းပရန်စုရုံးလာသောအချိန်တွင် မျက်မြင်မရသောတမန်တော်များသည် ထိုပွဲများ၌ရောက်ရှိနေကြပါသည်။ ယုဒကဲ့သို့ပုဂ္ဂိုလ်မျိုးလည်းရှိကောင်းရှိနေမည်ဖြစ်သဖြင့် အမှောင်ဘုရင်ထံမှစေတမန်များလည်း ထိုနေရာများတွင်ရှိနေတတ်ပါသည်။ အကြောင်းမူကား၊ ၎င်းတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏အုပ်စိုးမှုကိုမခံလိုသောသူများအား ကြည့်ရှုစောင်မကြပါသည်။ မျက်မြင်မရသောကောင်းကင်တမန်များသည် ထိုအခါသမယမျိုးတွင်ရောက်ရှိနေကြပါသည်။ သမ္မာတရားနှင့်သန့်ရှင်းခြင်းကို စိတ်နှလုံးအားဖြင့်ခံယူချက်မရှိဘဲနှင့် ထိုသို့သောအခမ်းအနားမျိုးကိုတက်ရောက်လာသူတချို့ရှိကောင်းရှိပေလိမ့်မည်။ အကယ်၍ရှိပါကလည်း ထိုသူများကိုမတားဆီးသင့်ပါချေ။ တမန်တော်များနှင့်တကွ ယုဒ၏ခြေတို့ကိုခရစ်တော်ဆေးပေးနေသောအချိန်တွင် အတူရှိခဲ့ကြသောသက်သေခံများသည် ထိုပွဲတွင်အတူရှိနေကြပါသည်။ ၎င်းတို့သည် လူသားမျက်စိဖြင့်မြင်နိုင်စွမ်းရှိသည်ထက် ပို၍မြင်နိုင်စွမ်းရှိကြပါသည်။

မိမိတည်ထောင်ခဲ့သောပွဲတော်မင်္ဂလာအစီအစဉ်ကို အသိအမှတ်ပြုရန် ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထိုနေရာတွင်ရှိနေပါသည်။ စိတ်နှလုံးများကိုအမှန်တရားနှင့်နူးညံ့သိမ်မွေ့လာစေရန် ထိုနေရာ

တွင် ကိုယ်တော်တိုင်ရှိနေပါသည်။ ကြေကွဲသောမည်သည့်အကြည့်၊ မည်သည့်အတွေးတစ်ခုကိုမျှ ကိုယ်တော်လျစ်လျူရှုတော်မမူချေ။ နောင်တရ၍စိတ်နှလုံးကြေကွဲသောသူများကို ကိုယ်တော်ကြည့်ရှုတော်မူနေပါသည်။ ထိုအသက်ဝိညာဉ်ကိုလက်ခံကြိုဆိုရန်အတွက် အရာခပ်သိမ်းသည်အဆင်သင့်ရှိနေကြပါသည်။ ယုဒ၏ခြေကိုဆေးပေးတော်မူခဲ့သောကိုယ်တော်သည် စိတ်နှလုံးတိုင်းမှအပြစ်၏အစွန်းအကွက်များကို ဆေးကြောပေးရန်တောင့်တတော်မူလျက်ရှိပါသည်။

မထိုက်တန်သောသူများပွဲတော်ဝင်သည့်အတွက် မိမိတို့ပွဲတော်မဝင်ဟုမည်သူမျှမပြောသင့်ကြချေ။ တပည့်တော်တိုင်းအား လူသိရှင်ကြားပါဝင်ကြရန် ခေါ်တော်မူနေပါသည်။ လူတိုင်းသည် ခရစ်တော်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ်လက်ခံကြောင်း၊ ဤနည်းအားဖြင့်သက်သေခံနိုင်ကြပါသည်။ ခရစ်တော်သည် မိမိကိုယ်တော်တိုင်ချိန်းချက်တော်မူသည့်အတိုင်း မိမိ၏သားသမီးများနှင့်တွေ့ဆုံတော်မူပြီး အတူနေထိုင်တော်မူခြင်းအားဖြင့် ၎င်းတို့အား အားရှိစေတော်မူပါသည်။ မထိုက်တန်သောစိတ်နှလုံးများနှင့်လက်များသည်ပင်လျှင် ဤအခမ်းအနားတွင် အလုပ်အကျွေးပြုနိုင်ကြပါသည်။ ကိုယ်တော်သည်လည်း မိမိ၏သားသမီးများကိုအလုပ်အကျွေးပြုရန် ထိုနေရာတွင်ရှိနေတော်မူပါသည်။ ကိုယ်တော်ရှင်အား ခိုင်မာသောယုံကြည်စိတ်ဖြင့်ပွဲတော်ဝင်ကြသူများသည် ကြွယ်ဝစွာကောင်းချီးချပေးခြင်းခံကြရပါလိမ့်မည်။ သန့်ရှင်းမွန်မြတ်သော ဤအခွင့်ထူးကိုလျစ်လျူရှုသူအပေါင်းတို့သည်ဆုံးရှုံးမှုကိုခံစားကြရလိမ့်မည်။ ထိုသူများအားရည်စူး၍ “သင်တို့တွင်တချို့မစင်ကြယ်” ဟုမိန့်တော်မူခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

တပည့်တော်များနှင့်အတူ မုန့်နှင့်စပျစ်ရည်ကိုစားသုံးတော်မူခြင်းအားဖြင့် ခရစ်တော်သည်မိမိကိုယ်ကို ၎င်းတို့၏ကယ်တင်ရှင်တစ်ပါးအနေဖြင့်သစ္စာကတိပြုတော်မူလိုက်ပါသည်။ ကိုယ်တော်သည် ၎င်းတို့အား အသစ်သောပဋိညာဉ်ကိုပေးတော်မူခဲ့ပါသည်။ ထိုပဋိညာဉ်အသစ်ကြောင့် ကိုယ်တော်ရှင်ကိုယုံကြည်သူအပေါင်းသည် ဘုရားသခင်၏သားသမီးများဖြစ်လာခဲ့ပြီး၊



ခရစ်တော်နှင့်အတူအမွေတော်ကိုခံကြရမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်နှင့်တမလွန်ဘဝအတွက် ကောင်းကင်မှချပေးနိုင်သမျှသောကောင်းချီးမင်္ဂလာအဖြာဖြာသည်ဤပဋိညာဉ်အားဖြင့် ၎င်းတို့ခံစားခွင့်ရရှိလာကြပါသည်။ ဤပဋိညာဉ်ပြုခြင်းကို ခရစ်တော်၏အသွေးတော်အားဖြင့် အတည်ပြုရန်ဖြစ်ပါသည်။ ၎င်းပြင်ပွဲတော်မင်္ဂလာဝင်ခြင်းအမှုသည် အပြစ်တွင်ကျဆုံးလျက်ရှိသောလူသားတစ်ဦးစီအတွက် ပြုတော်မူခဲ့သောမဟာဆက်ကပ်မှုကြီးဖြစ်ကြောင်း တပည့်တော်များ၏စိတ်တွင်ထင်ဟပ်နေစေရန်ဖြစ်ပါသည်။

သို့ရာတွင် ပွဲတော်မင်္ဂလာဝင်သည့်အချိန်သည် ဝမ်းနည်းပူဆွေးနေရမည့်အချိန်တစ်ခုဖြစ်ရန်မဟုတ်ချေ။ ဝမ်းနည်းပူဆွေးခြင်းသည် ပွဲတော်မင်္ဂလာ၏ရည်ရွယ်ချက်တစ်ခုမဟုတ်ချေ။ သခင်ဘုရား၏တပည့်တော်များသည် ပွဲတော်မင်္ဂလာစားပွဲပတ်လည်တွင် စုရုံးလာကြသောအချိန်တွင် မိမိတို့၏ချို့ယွင်းချက်များကို သတိရအောက်မေ့စေပြီး ဝမ်းနည်းပူဆွေးနေကြရန်မဟုတ်ချေ။ သူတို့သည် မိမိတို့၏အတိတ်ကဘာသာရေးအတွေ့အကြုံများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဗာရာဏသီချဲ့နေရန်မဟုတ်ချေ။ မိမိတို့အချင်းချင်း၌ဖြစ်ပွားနေသော မသင့်မတင့်မှုကလေးများကို ပြန်ပြောင်းသတိရနေကြရန်မဟုတ်ချေ။ ပွဲတော်မင်္ဂလာဝင်ရန် ပြင်ဆင်ခြင်းအခမ်းအနားဖြစ်သောခြေဆေးမင်္ဂလာသည် ဤအရာအားလုံးကိုပြင်ဆင်ပေးခဲ့ပြီးဖြစ်ပါသည်။ ခြေဆေးမင်္ဂလာပွဲတွင် မိမိကိုယ်ကိုဆန်းစစ်ခြင်း၊ အပြစ်ကိုဝန်ချတောင်းပန်ခြင်း၊ မသင့်မတင့်မှုများကိုစေ့စပ်ညှိနှိုင်းခြင်းများကို ပြုလုပ်ခဲ့ပြီးချေပြီ။ ယခုတွင် သူတို့သည် ကပ်တိုင်၏အရိပ်တွင်ရပ်ကြရန်မဟုတ်ဘဲကယ်တင်ခြင်းအလင်းတော်တွင် ရပ်ကြရန်ဖြစ်ပါသည်။ သူတို့သည် ဖြောင့်မတ်ခြင်းနေမင်းကြီးထံမှဖြာထွက်လာသော တောက်ပသည့်ရောင်ခြည်များ၌မိမိတို့၏အသက်ဝိညာဉ်ကို ထင်ရှားစေရန်ဖြစ်ပါသည်။ သူတို့သည် ခရစ်တော်၏အမွန်မြတ်ဆုံးသောအသွေးတော်အားဖြင့် အပြစ်ဆေးကြောခြင်းခံခဲ့ရသောစိတ်နှလုံးများဖြင့် ကိုယ်တော်ရှင်အတူရှိနေကြောင်းကောင်းစွာသိရှိလျက်ကိုယ်တော်ရှင်ကိုမမြင်ကြရသော်လည်း “ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့

၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်” ဟူသော ကိုယ်တော်၏မိန့်တော်မူသံများကိုကြားနာကြရန်ဖြစ်ပါသည်။ ယောဟန် ၁၄း၂၇။

သခင်ဘုရားမိန့်တော်မူနေသည်ကား အပြစ်ရှိကြောင်းထင်ရှားစွာသိသောအချိန်တွင် ငါသည်သင့်အတွက်အသေခံတော်မူခဲ့သည်ကိုသတိရပါ။ ငါ့ကြောင့်သော်လည်းကောင်း၊ ဧဝံဂေလိတရားတော်ကြောင့်သော်လည်းကောင်း ဖိနှိပ်ချုပ်ချယ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းများခံရသော် သင့်ကိုအသက်ပေး၍ချစ်ခဲ့သော မေတ္တာကိုသတိရပါ။ အခံရခက်သောဘေးဒုက္ခအတွက် သင့်စိတ်နှလုံးတွန့်ဆုတ်နေသောအချိန်တွင် သင့်အတွက်ကြားဖျန်ဖြေမှုလုပ်ရန်သင်၏ကယ်တင်ရှင်သည် အသက်ရှင်လျက်ရှိကြောင်းကိုသတိရပါ။ သင်ထမ်းဆောင်နေရသောတာဝန်ဝတ္တရားများသည် ကြမ်းတမ်းသယောင်၊ ပြင်းထန်သယောင်ဖြစ်နေသောအချိန်တွင် မထီမဲ့မြင်ပြုခြင်းကိုခံကာ သင့်အတွက်ကပ်တိုင်ထမ်းခဲ့ရသောငါ့အဖြစ်ကိုသတိရပါ။

ပွဲတော်မင်္ဂလာသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကိုပြည့်ညွှန်နေပါသည်။ ဤမျှော်လင့်ခြင်းကို တပည့်တော်များ၏စိတ်ထဲတွင် ထင်ထင်ရှားရှားပေါ်လွင်နေစေရန် ပွဲတော်မင်္ဂလာကိုရည်စူး၍ ကျင်းပတော်မူခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏သေခြင်းကိုသတိရအောက်မေ့ဖို့ရန် သူတို့စုရုံးကြသောအခါ ဤခွက်ကားပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများအဖို့အလိုငှာသွန်းသောငါ၏အသွေးဖြစ်၏။ ငါအမှန်အကန်ဆိုသည်ကား ဤစပျစ်ရည်မျိုးအသစ်ကို ဘုရားသခင်၏နိုင်ငံတော်၌ ငါမသောက်မီနေ့တိုင်အောင် ယခုမှစ၍တစ်ဖန်ငါမသောက်ရဟူသော ကိုယ်တော်ရှင်၏မိန့်မြွက်သံကို ပြန်လည်သတိရခဲ့ကြပါသည်။ သူတို့သည် ဒုက္ခဆင်းရဲခြင်းများကိုခံစားနေကြစဉ်တွင် ခရစ်တော်ကြွလာခြင်းအားမျှော်လင့်ခြင်း၌ နှစ်သိမ့်မှုကိုတွေ့ခဲ့ကြပါသည်။ “သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သောအခါခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြုကြ၏” ဟူသောအတွေးကလေးသည် ၎င်းတို့အတွက် မပြောနိုင်လောက်အောင်အဖိုးတန်လှပါသည်။ ၁ကော ၁၁း၂၆။



ဤအခြင်းအရာများသည် ကျွန်ုပ်တို့အနေနှင့်မည်သည့်အခါမျှမမေ့ပျောက်ရမည့်အရာများဖြစ်ပါသည်။ အနိုင်အထက်တန်ခိုးနှင့်ပြည့်စုံတော်မူသော ခရစ်တော်၏မေတ္တာတော်ကို ကျွန်ုပ်တို့အမြဲတမ်းသတိရနေကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ်စားဖွင့်ပြတော်မူခဲ့သော ဘုရားသခင်၏မေတ္တာတော်အကြောင်းကို သိသိသာသာထင်ရှားစေသော ဤအခမ်းအနားကို ခရစ်တော်တည်ထောင်တော်မူခဲ့ပါသည်။ ခရစ်တော်မှလွဲ၍မည်သူကမျှ ကျွန်ုပ်တို့၏အသက်ဝိညာဉ်ကို ဘုရားသခင်နှင့်ပြန်လည်ပေါင်းစည်းအောင်မလုပ်နိုင်ပါချေ။ ညီအစ်ကိုများအကြားရှိ ချစ်ခင်ပေါင်းသင်းမှုများကို ခရစ်တော်၏မေတ္တာတော်အားဖြင့် ထာဝရခိုင်မြဲစေရမည်ဖြစ်ပါသည်။ ခရစ်တော်၏အသေခံခြင်းကသာလျှင် ကိုယ်တော်၏မေတ္တာကို ကျွန်ုပ်တို့အတွက်တန်ခိုးအာနိသင်ဖြစ်စေနိုင်ပါသည်။ ကိုယ်တော်၏အသေခံခြင်းကြောင့်သာ ကျွန်ုပ်တို့သည် ၎င်း၏ဒုတိယအကြိမ်ကြွလာခြင်းကို ဝမ်းသာအားရဖြင့်မျှော်ကြည့်နိုင်ကြမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏အသေခံခြင်းသည် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းအတွက် ပဓာနကျသောအရာတစ်ခုဖြစ်ပါသည်။ ဤမျှော်လင့်ခြင်းအပေါ်တွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မြဲမြံခိုင်ခံ့စေကြရန်ဖြစ်ပါသည်။

ခရစ်တော်၏နှိမ့်ချမှုနှင့်ဆင်းရဲဒုက္ခများကိုညွှန်ပြနေသော ဤအခမ်းအနားများသည် လုပ်ရိုးလုပ်စဉ်အနေဖြင့်သာ အများအားဖြင့်သဘောထားခဲ့ကြပါသည်။ အမှန်မှာ ထိုအခမ်းအနားများကိုရည်ရွယ်ချက်တစ်ခုဖြင့် တည်ထောင်ထားခဲ့ခြင်းဖြစ်ပါသည်။ စစ်မှန်သောဘုရားတရားရှိခြင်း၏နက်နဲမှုကိုဆုပ်ကိုင်နိုင်ရန် ကျွန်ုပ်တို့၏အသိတရားများကို နိုးကြားအောင်လုပ်ဖို့လိုအပ်ပါသည်။ ခရစ်တော်၏အပြစ်ဖြေခြင်းဆိုင်ရာအသေခံခြင်းအကြောင်းကို ကျွန်ုပ်တို့သိမြင်နားလည်သည်ထက်ပို၍နားလည်ကြရန် လူသားအားလုံး၌အခွင့်အရေးရှိနေကြပါသည်။ “မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည်မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရမည်အကြောင်းတည်း” ယောဟန် ၃း၁၄–၁၅။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကရာနီကုန်းထက်မှ ကပ်တိုင်ကိုကြည့်ကြရပါမည်။

"ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ----ငါ့အသားသည်စားစရာကောင်း၏။ ငါ၏အသွေးလည်းသောက်စရာကောင်း၏" ဟု ယေရှုရှင်မိန့်တော်မူ၏။ ယောဟန် ၆း၅၃-၅၅။ ဤမိန့်ဆိုချက်သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်သဘာဝနှင့်လည်းကိုက်ညီပါသည်။ ဤလောကအသက်တာအတွက်ပင် ခရစ်တော်၏အသေခံခြင်း၌ ကျွန်ုပ်တို့အကြွေးတင်လျက်ရှိကြပါသည်။ ကျွန်ုပ်တို့စားသည့်မုန့်သည် ကိုယ်တော်၏ကြေမွသောခန္ဓာကိုယ်နှင့်လဲလှယ်ထားသောအရာဖြစ်ပါသည်။ ကျွန်ုပ်တို့သောက်သောစပျစ်ရည်သည် ကိုယ်တော်၏သွန်းတော်မူသောအသွေးတော်နှင့်ဝယ်ယူသည့်အရာဖြစ်ပါသည်။ သူတော်စင်ဖြစ်စေ၊ သူယုတ်မာဖြစ်စေ မည်သူမဆိုနေ့စဉ်အစာမစားသော်လည်း ခရစ်တော်၏အသွေးအသားအားဖြင့်ကျွေးမွေးပြုစုခြင်းကိုခံနေရပါသည်။ ကရာနီကုန်းမှကပ်တိုင်တံဆိပ်ကို အစားအစာတိုင်းပေါ်တွင်ရိုက်နှိပ်ထားပါသည်။ ခရစ်တော်သည် မိမိ၏ဆက်ကပ်ပူဇော်ခြင်းနှင့်စပ်ဆိုင်သောအထိမ်းအမှတ်များကို ပြဋ္ဌာန်းရာတွင် ဤအရာများကိုသွန်သင်တော်မူခဲ့ပါသည်။ အထက်ခန်းတွင်ကျင်းပခဲ့သောပွဲတော်မင်္ဂလာမှ ထွန်းတောက်နေသည့်အလင်းတော်သည် ကျွန်ုပ်တို့နေ့စဉ်စားသုံးရမည့်အစားအစာများကို သန့်စင်လျက်ရှိပါသည်။ မိသားစုအစည်းအဝေးသည် သခင်ဘုရားပွဲတော်မင်္ဂလာဝင်မည့်စားပွဲကဲ့သို့ဖြစ်လာပြီး စားသမျှအစာများသည် ပွဲတော်မင်္ဂလာမုန့်ကဲ့သို့ဖြစ်လာကြပါသည်။

ခရစ်တော်၏နှုတ်ထွက်စကားများသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာအတွက် ပို၍မှန်ကန်နေပါသည်။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်းသောက်သောသူသည် ထာဝရအသက်ကိုရ၏ဟု ကိုယ်တော်မိန့်မြွက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောအသက်တာနှင့် နေထိုင်အသက်ရှင်နိုင်စေရန်အလို့ငှာ ကျွန်ုပ်တို့အတွက်ကရာနီကုန်းထက်မှကပ်တိုင်ပေါ်ဝယ်သွန်းတော်မူခဲ့သော အသက်တော်ကိုလက်ခံရယူကြရပါမည်။ ကိုယ်တော်၏နှုတ်ထွက်စကားများကို နားကြားခံယူခြင်းအားဖြင့်သော်လည်းကောင်း၊ မိန့်တော်မူသမျှတို့ကိုကျင့်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း ထိုအသက်



တာမျိုးကိုကျွန်ုပ်တို့ရရှိကြပါသည်။ ဤနည်းအားဖြင့်ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာကြပါသည်။ "ငါ၏အသားအသွေးကိုသောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်းငါတည်၏။ အသက်ရှင်တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည်ခမည်းတော်အားဖြင့်အသက်ရှင်သည်နည်းတူ ငါ့ကိုစားသောသူသည် ငါ့အားဖြင့်အသက်ရှင်လိမ့်မည်" ဟု ကိုယ်တော်မိန့်တော်မူ၏။ ယောဟန် ၆း၅၄၊၅၆-၅၇။ ဤကျမ်းချက်ကို သန့်ရှင်းသောပွဲတော်မင်္ဂလာအတွက် အထူးအဓိပ္ပါယ်တစ်မျိုးဖြင့်အသုံးပြုထားပါသည်။ ယုံကြည်သောစိတ်သည် ကိုယ်တော်ရှင်ပြုတော်မူခဲ့သော မဟာဆက်ကပ်ကြီးအပေါ်အာရုံပြုလာသည်နှင့်အမျှ ထိုအသက်ဝိညာဉ်သည် ခရစ်တော်၏ဝိညာဉ်ရေးအသက်တာနှင့်တစ်သားတည်းဖြစ်လာပါသည်။ ထိုအသက်ဝိညာဉ်သည် ပွဲတော်မင်္ဂလာဝင်သည့်အခါတိုင်းတွင်ဝိညာဉ်ခွန်အားများရရှိလာပါလိမ့်မည်။ ထိုအခမ်းအနားသည် ထိုယုံကြည်သူအား ခရစ်တော်နှင့်လည်းကောင်း၊ အဖဘုရားသခင်နှင့်လည်းကောင်း အနှောင်အဖွဲ့ဖြစ်စေသော တိုးတက်ကြီးပွားနေသည့်ဆက်နွယ်မှုတစ်ခုကိုဖြစ်ပေါ်စေပါသည်။ ဤအခမ်းအနားသည် ခွန်အားနည်းသောလူသားနှင့်ထာဝရဘုရားအကြား ထူးခြားသောအဓိပ္ပါယ်တစ်မျိုးဖြင့် ဆက်နွယ်မှုတစ်ခုကိုဖွဲ့စည်းပေးပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏ကြေမွသောအသားနှင့် သွန်းတော်မူသောအသွေးတို့ကိုပုံဆောင်ထားသည့်မုန့်နှင့် စပျစ်ရည်ကိုသောက်နေကြသောအချိန်တွင် အထက်ခန်းတွင်ကျင်းပခဲ့သော ထိုပွဲတော်မင်္ဂလာ၌ စိတ်ကူးအားဖြင့်ကျွန်ုပ်တို့ပါဝင်နေကြခြင်းဖြစ်ပါသည်။ လောကီသားတို့၏အပြစ်များကိုယူတင်ဝတ်ဆောင်ခဲ့သော ကိုယ်တော်ခံစားခဲ့ရသည့်ဒုက္ခဝေဒနာအားဖြင့်ကြည်ညိုလေးစားဖွယ်ဖြစ်စေခဲ့သော ဂေသရေမန်ဥယျာဉ်ထဲတွင် ကျွန်ုပ်တို့ဖြတ်၍လျှောက်နေသယောင် စိတ်တွင်ထင်မှတ်နေကြပါသည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့အကြားပြန်လည်သင့်မြတ်စေရန် ပြုတော်မူခဲ့သောရုန်းကန်လှုပ်ရှားမှုကိုလည်း ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့မြင်တွေ့ကြရပါသည်။ ကပ်တိုင်အတင်

ခံခဲ့ရသော ခရစ်တော်၏ရုပ်ပုံလွှာသည် ကျွန်ုပ်တို့အလယ်တွင်ပေါ်ထွက်လာပါသည်။

ကျွန်ုပ်တို့သည် ကပ်တိုင်ထက်မှကယ်တင်ရှင်ကိုကြည့်ခြင်းအားဖြင့် ကိုယ်တော်ပြုတော်မူခဲ့သော အသေသတ်ခံခြင်းအရေးပါပုံနှင့်အနက်အဓိပ္ပါယ်ကို ပို၍ပြည့်စုံစွာပိုင်းခြားသိမြင်လာကြပါသည်။ ကယ်တင်ခြင်းစီမံကိန်းသည် ကျွန်ုပ်တို့ရှေ့မှောက်တွင် အသရေတင့်တယ်လျက်ရှိပြီး ကပ်တိုင်အကြောင်း ဆင်ခြင်သုံးသပ်မှုသည် ကျွန်ုပ်တို့၏နှလုံးသားထဲတွင်သန့်ရှင်းသောစိတ်ထားကိုနိုးကြားစေပါသည်။ ကျွန်ုပ်တို့သည် နှလုံးအားဖြင့်သော်လည်းကောင်း၊ ပါးစပ်အားဖြင့်သော်လည်းကောင်း ဘုရားသခင်နှင့်သိုးသငယ်တို့ကို ချီးမွမ်းထောမနာပြုနေကြပါလိမ့်မည်။ အကြောင်းမူကား၊ ကရာနီအကြောင်းကိုအမြဲတမ်းသတိရအောက်မေ့နေသော ထိုအသက်ဝိညာဉ်၌ မာနထောင်လွှားစိတ်များနှင့် မိမိကိုယ်ကိုကိုးကွယ်လိုစိတ်များသည် မဖွံ့ဖြိုးမတိုးပွားသောကြောင့်ဖြစ်ပါသည်။

ကယ်တင်ရှင်၏အတုမရှိသောမေတ္တာတော်ကို ကြည့်ရှုသူများသည် အတွေးအခေါ်များတိုးတက်ကောင်းမွန်လာကာ စိတ်နှလုံးသန့်ရှင်းစင်ကြယ်လာပြီး အကျင့်စာရိတ္တများပြောင်းလဲလာပါလိမ့်မည်။ ထိုသူသည် နက်နဲသောဤမေတ္တာတော်ကို တော်လျော်စွာထွန်းလင်းပေးရန် မိမိသည်လောက၏အလင်းဖြစ်ကြောင်း ကြွေးကြော်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကပ်တိုင်ကိုစေ့စေ့ကြည့်ရှုလေလေ၊ ရှင်ပေါလုမိန့်ဆိုခဲ့သောအောက်ပါကျမ်းချက်ကို ပို၍နားလည်လေလေဖြစ်ပါလိမ့်မည်။ "ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး၊ အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်။ ဤလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည်ငါ့အဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏" ဂလာတိ ၆း၁၄။

****



# tcef; (73)

# ciFwdkYpdwfESvHk;ylyef;jcif;rS&Sapjcif;

ရှင်ယောဟန်ခရစ်ဝင် ၁၃း၃၁–၃၈။ ၁၄–၁၇ ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် တပည့်တော်များကို ချစ်ခင်သနားသောစိတ်ဖြင့် မျှော်ကြည့်တော်မူလျက် မိန့်တော်မူသည်ကား၊ "ယခုတွင်လူသားသည် ဘုန်းထင်ရှားခြင်းရှိသည်ဖြစ်၍ ဘုရားသခင်သည်လည်း လူသားအားဖြင့်ဘုန်းတော်ထင်ရှားခြင်းရှိ၏။" ယုဒသည်အထက်ခန်းထဲမှထွက်သွားခဲ့ပြီးနောက် ခရစ်တော်သည် ကျန်တမန်တော်ဆယ့်တစ်ပါးနှင့်အထက်ခန်းတွင် ကျန်ရစ်တော်မူခဲ့ပါသည်။ ၎င်းတို့နှင့်မကြာမီတွင်ခွဲခွာရတော့မည့်အကြောင်းကို ကိုယ်တော်ပြောလုဆဲဆဲဖြစ်သော်လည်း ဤအရာကိုမပြောကြားမီ မိမိအမှုတော်၏အဓိကရည်ရွယ်ချက်ကို ဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤရည်ရွယ်ချက်ကိုစွဲစွဲမြဲမြဲဆုပ်ကိုင်ထားပါသည်။ မိမိခံစားရသည့်အသရေယုတ်မှုများနှင့် ဒုက္ခဆင်းရဲခြင်းများသည် အဖဘုရားသခင်၏နာမတော်အား ဘုန်းထင်ရှားစေမည်ဖြစ်သဖြင့် ကိုယ်တော်ဝမ်းမြောက်တော်မူခဲ့ပါသည်။ မိမိ၏တမန်တော်များအား ဤအရာကိုအာရုံပြုကြရန် ပထမဦးစွာကိုယ်တော်ညွှန်ကြားတော်မူခဲ့ပါသည်။

ထိုနောက် "ချစ်သားတို့၊ ငါသည်သင်တို့နှင့်အတူခဏသာနေရ၏။ သင်တို့သည်ငါ့ကိုရှာကြလိမ့်မည်။ ငါသွားရသောအရပ်သို့သင်တို့မရောက်နိုင်ကြဟု ယုဒလူတို့အားငါပြောသကဲ့သို့ ယခုသင်တို့အားငါပြော၏" ဟူ၍ ချစ်ခင်လေးစားဖွယ်အသုံးအနှုန်းဖြင့် တပည့်တော်များအား ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ဤအကြောင်းကိုကြားရသောအချိန်တွင် တမန်တော်များသည် မပျော်ရွှင်နိုင်ကြတော့ဘဲ စိုးရိမ်ကြောက်ရွံ့လာခဲ့ကြပါသည်။ ထို့ကြောင့် ကယ်တင်ရှင်အနားသို့ သူတို့တိုးဝင်ချဉ်းကပ်လာကြပါသည်။ သူတို့၏အရှင်ဘုရားလည်းဖြစ်၊

သခင်ဘုရားလည်းဖြစ်သည့်ပြင် ချစ်လှစွာသောဆရာတစ်ပါးနှင့် မိတ်ဆွေတစ်ဦးလည်းဖြစ်သည့်ကိုယ်တော်သည် ၎င်းတို့အတွက် အသက်ထက်ပင်တန်ဖိုးရှိနေပါသည်။ သူတို့သည် အခက်အခဲနှင့်ရင်ဆိုင်ရသည့်အခါတိုင်း ကိုယ်တော်ထံတွင်အကူအညီတောင်းခံခဲ့ကြပါသည်။ စိတ်ပျက်ဝမ်းနည်းသည့်အချိန်များတွင် ကိုယ်တော့်ထံ၌နှစ်သိမ့်မှုကိုတောင်းခံခဲ့ကြပါသည်။ ယခုအချိန်တွင်မူ ကိုယ်တော်သည်အထီးကျန်ဆန်၍ အမအစလိုနေသော ၎င်းတို့အဖွဲ့ကလေးကို ထားရစ်ခဲ့ရပေတော့မည်။ ၎င်းတို့၏စိတ်ထဲတွင် နိမိတ်ဆိုးများဖြင့်ပြည့်ဝနေကြပါသည်။

သို့ရာတွင် ၎င်းတို့အားမိန့်မှာထားတော်မူသော ကယ်တင်ရှင်၏မိန့်မြွက်စကားများသည် မျှော်လင့်ချက်အပြည့်ရှိနေပါသည်။ ထိုသူများသည် စာတန်၏တိုက်ခိုက်မှုကိုခံရမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ စာတန်၏ပါးနပ်မှုသည် အခက်အခဲတွေ့နေသူများအပေါ်အောင်မြင်မှုရှိနေသည်ကိုလည်းကောင်း ကိုယ်တော်သိတော်မူပါသည်။ ထို့ကြောင့် "ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကိုကြည့်မှတ်စေခြင်းငှာ" ၎င်းတို့အား ကိုယ်တော်ညွှန်ပြတော်မူခဲ့ပါသည်။ ၂ကော ၄း၁၈။ ကိုယ်တော်သည် ၎င်းတို့၏ အတွေးအခေါ်များကို မြေကြီးနှင့်ဆိုင်သောတစ်ကျွန်းတစ်နိုင်ငံသားဘဝမှ ကောင်းကင်နိုင်ငံရှိအိမ်တော်သို့ဦးလှည့်ပေးတော်မူပါသည်။

"တစ်ဖန်တုံယေရှုက၊ စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကိုယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်ကြလော့။ ငါ့အဖ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါ မပြောဘဲမနေ၊ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှာငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်။" ငါသည်သင့်အတွက်ကြောင့် လောကသို့ကြွလာခဲ့ရပြီး ယခုတွင်သင့်ကိုယ်စားအမှုတော်ဆောင်ရွက်လျက်ရှိပါသည်။ ငါသည်သင်နှင့်ခွဲခွာနေစဉ်၌လည်း သင့်အတွက်စိတ်အားထက်သန်စွာဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ သင်သည်ငါ့အား





ယုံကြည်နိုင်စေရန်အလိုငှာ မိမိကိုယ်ကိုဖော်ပြရန် ဤလောကသို့ကြွလာခဲ့ခြင်းဖြစ်သည်။ သင့်ကိုယ်စား၊ အဖဘုရားသခင်နှင့်ပူးတွဲလုပ်ဆောင်ရန် ကိုယ်တော့်ထံသို့ငါသွားရ၏ဟူ၍ ခရစ်တော်မြွက်ဆိုခဲ့ပါသည်။ ခရစ်တော်ခွဲခွာသွားရခြင်း၏ရည်ရွယ်ချက်သည် တမန်တော်များစိုးရိမ်ပူပန်နေသောအရာနှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ထိုခွဲခွာခြင်းသည် နောက်ဆုံးခွဲခွာခြင်းမဟုတ်သေးဘဲ တစ်ဖန်လာပြန်၍ ကိုယ်တော်ထံသို့သိမ်းဆည်းနိုင်စေရန်အလိုငှာ ၎င်းတို့အတွက်နေစရာအခန်းကိုပြင်ဆင်ရန် ကိုယ်တော်သွားတော်မူခဲ့ခြင်းသာဖြစ်ပါသည်။ ကိုယ်တော်သည် သူတို့အတွက်နေစရာအခန်းများကို ပြင်ဆင်နေစဉ်တွင် ၎င်းတို့အနေနှင့်လည်း သန့်ရှင်းသောစာရိတ္တများကိုတည်ဆောက်ကြရန်ဖြစ်ပါသည်။

တမန်တော်များသည် စိတ်ရှုပ်ထွေးလျက်ရှိနေဆဲဖြစ်ပါသည်။ သံသယစိတ်ကြောင့် အမြဲတမ်းစိတ်ဒုက္ခရောက်နေသော သောမက "သခင်၊ ကိုယ်တော်သည် အဘယ်အရပ်သို့သွားတော်မူမည်ကို အကျွန်ုပ်မသိသည်ဖြစ်၍ လမ်းခရီးကိုအဘယ်သို့သိနိုင်ပါမည်နည်းဟုလျှောက်လျှင်၊ ယေရှုက ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ၊ သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟုမိန့်တော်မူ၏။"

ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်မည့်နည်းလမ်းများစွာမရှိပါ။ လူတိုင်းသည် မိမိ၏ကိုယ်ပိုင်နည်းလမ်းကိုရွေးချယ်နိုင်ခွင့်မရှိပါ။ "ငါသည်လမ်းခရီးဖြစ်၏––– ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ" ဟု ခရစ်တော်မိန့်တော်မူ၏။ မိန်းမ၏အမျိုးအနွယ်သည် မြွေ၏ခေါင်းကိုကြိတ်လိမ့်မည်ဟု ဒေင်ဥယျာဉ်ထဲတွင်မိန့်မြွက်တော်မူခဲ့သည့်ဝမ်းမြောက်ဖွယ်သတင်းစကားကို ပထမဦးဆုံးအကြိမ်မိန့်ကြားခဲ့သည့်အချိန်မှစ၍ ခရစ်တော်သည်လမ်းခရီးအဖြစ်၊ သမ္မာတရားအဖြစ်၊ အသက်အဖြစ်မြှောက်တင်ခြင်းကိုခံခဲ့ပြီးဖြစ်ပါသည်။ အာဒံအသက်ရှင်ထင်ရှားရှိခဲ့စဉ်ကလည်းကောင်း၊

ကယ်တင်ရှင်သွန်းလောင်းမည့်အသွေးတော်ကိုပုံဆောင်သော ယဇ်ပူဇော်ခြင်းခံရသည့်သိုးသငယ်၏အသွေးကို ဘုရားသခင်ထံတော်၌ အာဗေလဆက်သနေသောအချိန်တွင်လည်းကောင်း ခရစ်တော်သည်လမ်းခရီးဖြစ်တော်မူခဲ့ပါသည်။ ရှေးဘိုးဘေးများနှင့်ပုရောဖက်ကြီးများသည်လည်း ခရစ်တော်အားဖြင့်ကယ်တင်ခြင်းရခဲ့ကြပါသည်။ ကိုယ်တော်ရှင်တည်းဟူသော တစ်ခုတည်းသော၌လမ်းခရီးအားဖြင့်သာ ကျွန်ုပ်တို့သည် ဘုရားသခင့်ထံတော်သို့တိုးဝင်ချဉ်းကပ်နိုင်ကြပါသည်။

"သင်တို့သည်ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရကြ။ ယခုမှစ၍ခမည်းတော်ကိုသိမြင်ကြ၏" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ သို့စေကာမူ တမန်တော်များသည် ယခုအချိန်တိုင်အောင်နားလည်ခြင်းမရှိကြသေးဘဲ "သခင်၊ ခမည်းတော်ကိုအကျွန်ုပ်တို့အားပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်" ဟု ဖိလိပ္ပုကလျှောက်ထားခဲ့၏။

ခရစ်တော်သည် ထိုတမန်တော်၏ထိုးထွင်းသိမြင်မှုနှေးကွေးခြင်းကြောင့် အံ့သြတွေဝေခဲ့ရပြီး အံ့အားသင့်စွာဖြင့်မေးတော်မူသည်ကား၊ "ဖိလိပ္ပု၊ ဤမျှကာလပတ်လုံးငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည်ငါ့ကိုမသိသေးသလော" ငါ့အားဖြင့်အဖဘုရားသခင်ပြုတော်မူသည့်အရာများတွင် ခမည်းတော်ဘုရားကို သင်မတွေ့မမြင်ခဲ့သလော။ အဖဘုရားကိုသက်သေခံရန် ငါကြွလာခဲ့ကြောင်းကိုသင်မယုံကြည်သလော။ ခမည်းတော်ကိုအကျွန်ုပ်တို့အားပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုရသနည်း။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" ဟူ၍ဖြစ်၏။ ခရစ်တော်သည် လူသားတစ်ဦးဖြစ်လာသဖြင့် ဘုရားဇာတိတော်မှရပ်ဆိုင်းတော်မူခြင်းမရှိခဲ့ချေ။ ကိုယ်တော်သည် လူဇာတိကိုခံယူကာ မိမိကိုယ်ကိုနှိမ့်ချတော်မူခဲ့သော်လည်း သုံးပါးတစ်ဆူဘုရား၌ပါဝင်နေဆဲဖြစ်တော်မူပါသည်။ ခရစ်တော်တစ်ပါးတည်းကသာ အဖဘုရားသခင်၏ရုပ်လုံးတော်ကို လူသားများအားထင်ရှားစေနိုင်ပါသည်။ တမန်တော်များသည် ဤရုပ်လုံးတော်ကို သုံးနှစ်ကျော်ကြည့်မြင်ခွင့်ရခဲ့ကြပါသည်။



"ငါသည်ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည်ငါ၌ရှိတော်မူသည်ကိုလည်းကောင်း ယုံကြလော့။ ငါ့စကားကိုမယုံလျှင် ငါ့အမှုတို့ကိုထောက်၍ယုံကြလော့။" မည်သူတစ်စုံတစ်ယောက်မျှမပြုလုပ်ခဲ့ဖူးသော၊ မပြုလုပ်နိုင်ခဲ့သော ခရစ်တော်ပြုတော်မူသည့်အမှုတွင် ထင်ရှားလျက်ရှိသည့်အထောက်အထားအပေါ်တွင် မိမိတို့၏ယုံကြည်ခြင်းကိုဘေးကင်းလုံခြုံစွာ အခြေစိုက်နိုင်ကြပါသည်။ ခရစ်တော်ပြုတော်မူသည့်အမှုတော်သည် မိမိ၏ဘုရားဇာတိတော်ကိုထင်ရှားစေခဲ့ပါသည်။ အဖဘုရားသခင်သည် ကိုယ်တော်အားဖြင့်ထင်ရှားတော်မူခဲ့ပါသည်။

တမန်တော်များသည် ခမည်းတော်နှင့်သားတော်အကြား အရေးကြီးသော၌ဆက်နွယ်မှုကိုယုံကြည်ခဲ့ကြမည်ဆိုလျှင် ပျက်စီးအံ့ဆဲဆဲကမ္ဘာကြီးအားကယ်တင်ရန် ခရစ်တော်ခံစားခဲ့ရသောဒုက္ခဝေဒနာများနှင့် အသေခံခြင်းများကိုတွေ့မြင်သောအချိန်တွင် ယုံကြည်မှုပျက်ပြားခဲ့ကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် လူဇာတိကိုခံယူကာ ဘုရားသခင်ဖြစ်ကြောင်းကို အမှန်တကယ်သိရှိနားလည်ခဲ့ကြလျှင် နိမ့်ကျသောယုံကြည်ခြင်းအခြေအနေမှသည် သူတို့ခံစားကြရမည့်ဗဟုသုတအတွေ့အကြုံများကိုခံစားခွင့်ရသည်အထိ ၎င်းတို့အားမြှင့်တင်လမ်းပြရန် ခရစ်တော်ကြိုးစားတော်မူခဲ့ပါသည်။ သူတို့၏ယုံကြည်ခြင်းသည် ၎င်းတို့အားဘုရားသခင်ထံသို့ တဖြည်းဖြည်းလမ်းခင်းပေးနေသည်ကိုလည်းကောင်း၊ ထိုယုံကြည်ခြင်းကို ဘုရားသခင်၌စွဲမြဲခိုင်မာစေကြသည်ကိုလည်းကောင်း ကိုယ်တော်တွေ့မြင်လိုလှပါသည်။ မကြာမီအချိန်တွင်း၌ ၎င်းတို့အားရိုက်ခတ်တော့မည့်စုံစမ်းခြင်းမုန်တိုင်းကိုရင်ဆိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် ထိုသူများအားမနားမနေကြိုးစား၍ ပြင်ဆင်ပေးတော်မူခဲ့ပါသည်။ ၎င်းတို့အားဘုရားသခင်၌ မိမိနှင့်အတူဝှက်ထားတော်မူခဲ့ပါသည်။

ခရစ်တော်သည် ဤနှုတ်ကပတ်တော်များကိုမိန့်တော်မူနေစဉ်တွင် ဘုရားသခင်၏ဘုန်းတန်ခိုးတော်သည် ကိုယ်တော်၏မျက်နှာတော်ဝယ်ထွန်းလင်းလျက်ရှိနေပါသည်။ အနားတွင်ရှိနေသူများသည် နှုတ်တော်ထွက်စကား

များကို ဝမ်းမြောက်ဝမ်းသာနားထောင်နေကြစဉ်တွင် စိုးရွံ့ထိတ်လန့်မှုတစ်ခုကိုခံစားခဲ့ကြရပါသည်။ သူတို့၏စိတ်နှလုံးများကို ကိုယ်တော့်ထံသို့သိသာထင်ရှားစွာဆွဲယူတော်မူပြီး ခရစ်တော်၏မေတ္တာတော်အားဖြင့် ၎င်းတို့အားဆွဲယူတော်မူစဉ်တွင် သူတို့အချင်းချင်းလည်း မေတ္တာအားဖြင့်ဆွဲယူနေကြပါသည်။ ကောင်းကင်နိုင်ငံတော်သည် အလွန်နီးကပ်လျက်ရှိကြောင်း မိမိတို့ကြားနာခဲ့ရသောနှုတ်ထွက်စကားသည် မိမိတို့အတွက်ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်ထံမှလာသော သတင်းစကားတစ်ခုဖြစ်ကြောင်း သူတို့သိရှိခဲ့ကြပါသည်။

မိမိ၏ဘုရားဇာတိတော်သည် လူသားဇာတိဖြင့်ပေါင်းစပ်ရခြင်းအကြောင်းရင်းကို တမန်တော်များသိရှိနားလည်ဖို့ ခရစ်တော်များစွာအလိုရှိပါသည်။ ထို့ကြောင့် "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကိုပြုလိမ့်မည်" ဟု ခရစ်တော်ဆက်လက်မိန့်ဆိုတော်မူခဲ့ပါသည်။ ပြုပြင်ခြင်းတန်ခိုးတော်အားဖြင့် လူသားများကိုမြှင့်တင်နိုင်ရန်အလို့ငှာ ဘုရားသခင်၏ဘုန်းတော်ကိုဖော်ပြရန် ဤကမ္ဘာလောကသို့ကိုယ်တော်ကြွမြန်းလာခဲ့ခြင်းဖြစ်ပါသည်။ သူတို့အားဖြင့်ခရစ်တော်ကိုထင်ရှားနိုင်စေသကဲ့သို့ ခရစ်တော်အားဖြင့်ဘုရားသခင်ကိုထင်ရှားစေခဲ့ပါသည်။ မိမိအားယုံကြည်ခြင်းအားဖြင့် လူသားများမရရှိနိုင်သောမည်သည့်အရည်အချင်းများကိုမျှ ကိုယ်တော်မဖော်ပြခဲ့သည့်ပြင် မည်သည့်တန်ခိုးတော်ကိုမျှလည်းအသုံးမပြုခဲ့ပါချေ။ တပည့်တော်များသည် ခရစ်တော်ပြုတော်မူသကဲ့သို့ ဘုရားသခင်ထံ၌ မိမိကိုယ်ကိုဆက်ကပ်အပ်နှံကြလိမ့်မည်ဆိုလျှင် ၎င်းတို့ပိုင်ဆိုင်ကြမည့်အသက်တာသည် ခရစ်တော်၏စုံလင်သောအသက်တာမျိုးပင်ဖြစ်ပါလိမ့်မည်။

ထိုအမှုတို့ထက်သာ၍ကြီးသောအမှုတို့ကိုလည်းပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည်ခမည်းတော်ထံသို့သွား၏ဟူသောစကားရပ်က တမန်တော်များ၏လုပ်ဆောင်ချက်များသည် ကိုယ်တော့်လုပ်ဆောင်ချက်ထက် အရည်အသွေးသာသည်ဟုမဆိုလိုပါ။ ကိုယ်တော်သည် နိမိတ်လက္ခဏာပြခြင်းတစ်ခုကိုသာ ရည်ညွှန်းမိန့်မြွက်နေခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏



လုပ်ဆောင်မှုအောက်တွင် ဖြစ်ပျက်မည့်အရာအားလုံးကို မိန့်တော်မူနေခြင်းဖြစ်ပါသည်။

သခင်ဘုရားကောင်းကင်နိုင်ငံတော်သို့တက်ကြွတော်မူသည့်နောက်ပိုင်းတွင် ကတိတော်များပြည့်စုံလာကြောင်းကို တမန်တော်များသိမြင်လာခဲ့ကြပါသည်။ ခရစ်တော်အား ကပ်တိုင်တင်ခဲ့ကြသည့်မြင်ကွင်း၊ ကိုယ်တော်ရှင်သေခြင်းမှထမြောက်ခဲ့သည့်မြင်ကွင်းနှင့် ကောင်းကင်သို့တက်ကြွတော်မူသည့်မြင်ကွင်းများသည် မိန့်တော်မူခဲ့သည့်အတိုင်း အမှန်တကယ်ဖြစ်ပျက်လာခဲ့သောအခြင်းအရာများဖြစ်ကြပါသည်။ အနာဂတ်ပြုခဲ့သောအရာများသည် တိုက်ရိုက်ပြည့်စုံနေကြောင်းကို သူတို့မြင်တွေ့ခဲ့ရပါသည်။ သူတို့သည် သမ္မာကျမ်းစာကိုသေချာစွာလေ့လာခဲ့ကြပြီး ယခင်ကမသိခဲ့သောယုံကြည်စိတ်ချမှုမျိုးဖြင့် သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုလက်ခံခဲ့ကြပါသည်။ ကိုယ်တော်သည်ဖြစ်လိမ့်မည်ဟု မိမိမိန့်တော်မူသမျှကိုလုံးဝဖြစ်စေနိုင်သည့်ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်းကို သူတို့သိရှိလာခဲ့ကြပါသည်။ ထိုနောက် မိမိတို့ခံစားခဲ့ရသောအတွေ့အကြုံများကိုသူတို့ပြောပြကာ ဘုရားသခင်၏မေတ္တာတော်ကိုမြှောက်တင်လာကြသောအချိန်တွင် လူများ၏နှလုံးသားများသည် နူးညွတ်ပျော့ပျောင်းလာကာ သခင်ယေရှုကိုလက်ခံယုံကြည်လာကြပါသည်။

ထိုတပည့်တော်များကိုပေးတော်မူခဲ့သည့် ကိုယ်တော်၏ကတိတော်သည် နောက်ဆုံးခေတ်၌တည်ရှိနေသော ကိုယ်တော်၏အသင်းတော်အတွက်လည်းဖြစ်ပါသည်။ မိမိ၏အံ့ဖွယ်ကောင်းသောကယ်တင်ခြင်းစီမံကိန်းသည် မဖြစ်စလောက်အကျိုးကျေးဇူးများဖြင့်သာအဆုံးသတ်သွားဖို့ ကိုယ်တော်ရှင်မရည်ရွယ်ခဲ့ချေ။ မိမိတို့၏စွမ်းဆောင်နိုင်မှုများအပေါ်အားကိုးခြင်းမရှိဘဲ မိမိတို့အတွက်သော်လည်းကောင်း၊ မိမိတို့ကိုအသုံးပြု၍သော်လည်းကောင်း ဘုရားသခင်ပြုတော်မူနိုင်သည့်အမှုများအပေါ်အားကိုးလျက် အမှုတော်ဆောင်ကြမည့်သူအပေါင်းတို့သည် ကိုယ်တော်ရှင်၏ကတိတော်ပြည့်စုံကြောင်းကိုသေချာပေါက်တွေ့မြင်ကြပါလိမ့်မည်။ "ထိုအမှုတို့ထက်သာ၍ကြီးသောအမှုတို့ကိုလည်းပြုလိမ့်မည်။ အကြောင်းမူကား ငါသည်ခမည်းတော်ထံသို့သွား၏။"

တပည့်တော်များသည် ယခုအချိန်တိုင်အောင် ခရစ်တော်၏အနန္တတန်ခိုးတော်နှင့်စွမ်းပကားများကို ကောင်းမွန်စွာမသိရှိကြသေးချေ။ ထိုကြောင့် ယခုတိုင်အောင် ငါ၏နာမကိုအမှီပြု၍ သင်တို့သည်အဘယ်ဆုကိုမျှမတောင်းကြသေးဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၁၆း၂၄။ အောင်မြင်မှု၏လျှို့ဝှက်ချက်သည် ကိုယ်တော်၏နာမတော်၌ ခွန်အားအစွမ်းနှင့်ကျေးဇူးတော်များကို ၎င်းတို့တောင်းခံခြင်းအပေါ်တွင်မူတည်နေပါသည်။ ကိုယ်တော်သည် ၎င်းတို့အတွက်အသနားခံပေးရန် အဖဘုရားသခင်၏ရှေ့တော်တွင်ရှိနေပါသည်။ ခရစ်တော်သည် စိတ်နှလုံးကြေကွဲနေသူများ၏ဆုတောင်းချက်များကို မိမိ၏ဆုတောင်းချက်သဖွယ် ကိုယ်စားပြုတင်ပြတော်မူပါမည်။ ရိုးသားပွင့်လင်းသောဆုတောင်းချက်တိုင်းကို ကောင်းကင်နိုင်ငံတော်မှနားညောင်းလျက်ရှိပါသည်။ ထိုဆုတောင်းချက်များသည် ပြေပြစ်မှုရှိချင်မှရှိကြမည်ဖြစ်သော်လည်း စိတ်ပါလက်ပါဆုတောင်းချက်ဖြစ်လျှင် ခရစ်တော်အမှုတော်ထမ်းဆောင်နေသည့်ဗိမာန်တော်သို့ရောက်ရှိသွားလိမ့်မည်ဖြစ်ပြီး ကိုယ်တော်သည် ထိုဆုတောင်းချက်အား မိမိ၏စုံလင်ခြင်းနံ့သာများဖြင့် တင့်တယ်နေသောပြေပြစ်ဆီလျော်သည့်စကားလုံးများကိုအသုံးပြုလျက် အဖဘုရားသခင်ထံတွင် တင်ပြပေးတော်မူပါလိမ့်မည်။

ရိုးသားဖြူစင်ခြင်းနှင့်တည်ကြည်ဖြောင့်မတ်ခြင်းလမ်းစဉ်သည် အဟန့်အတားကင်းရှင်းသည့်လမ်းစဉ်တစ်ခုမဟုတ်ပါချေ။ သို့သော် ကျွန်ုပ်တို့သည် အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည့်အခါတိုင်းတွင် ဆုတောင်းခြင်းအားဖြင့် ခရစ်တော်ထံတောင်းလျှောက်ကြရန်ဖြစ်ပါသည်။ ဘုရားသခင်ထံမှတန်ခိုးတော်နှင့်အစွမ်းသတ္တိများကိုမရရှိဘဲ အသက်ရှင်နေသူဟူ၍ တစ်စုံတစ်ယောက်မျှမရှိပါချေ။ ထိုတန်ခိုးတော်အရှင်သည် အားနည်းဆုံးသောလူသားတစ်ဦးကိုပင်လက်လှမ်းနေပါသည်။ "သင်တို့သည် ငါ၏နာမကိုအမှီပြုလျက်တောင်းသမျှအတိုင်းငါပြုမည်။ အကြောင်းမူကား ခမည်းတော်သည် သားတော်အားဖြင့်ဘုန်းထင်ရှားခြင်းရှိမည်အကြောင်းတည်း" ဟုသခင်ယေရှုမိန့်တော်မူခဲ့ပါသည်။



ငါ၏နာမကိုအမှီပြုလျက်ဆုတောင်းပါဟု တပည့်တော်များအား ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ တပည့်တော်အပေါင်းတို့သည် ဘုရားသခင်၏ရှေ့မှောက်တွင် ကိုယ်တော်၏နာမတော်ကိုအမှီပြု၍ ရပ်တည်ကြရမည်ဖြစ်ပါသည်။ ၎င်းတို့အတွက်ပြုတော်မူခဲ့သောဆက်ကပ်ခြင်း၏အရေးပါမှုကြောင့် သူတို့သည်ထာဝရဘုရား၏မျက်မှောက်တော်ဝယ် တန်ဖိုးရှိလှပါသည်။ ခရစ်တော်ထံမှရရှိသည့်ဖြောင့်မတ်ခြင်းကြောင့် သူတို့သည်အဖိုးထိုက်သူများအဖြစ် မှတ်ယူခြင်းခံကြရပါသည်။ ထာဝရဘုရားသည် ခရစ်တော်ပြုတော်မူခဲ့သောဆက်ကပ်မှုကိုထောက်ထား၍ ကိုယ်တော်ကိုကြောက်ရွံ့သူများအား အပြစ်လွှတ်တော်မူပါသည်။ ကိုယ်တော်ရှင်သည် ၎င်းတို့၌အပြစ်သား၏ဆိုးရွားမှုကိုမမြင်တော့ဘဲ ၎င်းတို့၏ယုံကြည်သော သားတော်ဘုရား၏ရုပ်လုံးတော်ကိုသာမြင်တွေ့တော်မူပါသည်။

ကိုယ်တော်ရှင်၏လူများသည် မိမိကိုယ်ကိုအထင်သေးကြသောအခါ ဘုရားသခင်သည် စိတ်နှလုံးမကြည်မသာဖြစ်တော်မူပါသည်။ ရွေးချယ်ခြင်းခံရသောသူများသည် ကိုယ်တော်ရှင်ပေးတော်မူခဲ့ရသောအဖိုးအခနှင့်လျော်ညီစွာ မိမိကိုယ်ကိုတန်ဖိုးထားကြဖို့ ထာဝရဘုရားလိုလားတော်မူပါသည်။ ထာဝရဘုရားသည် ၎င်းတို့အားကယ်တင်ရန်အလိုရှိတော်မူခြင်းကြောင့်သာ ထိုကဲ့သို့သောအရေးကြီးသည့်ဆောင်ရွက်မှုတစ်ခုအတွက် မိမိ၏သားတော်ကိုစေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်၌၎င်းတို့အတွက်အသုံးချစရာတစ်ခုရှိတော်မူပါသည်။ သူတို့သည် နာမတော်ချီးမြှောက်နိုင်စေရန်အလိုငှာ ကိုယ်တော်ထံ၌ဆုပတ္ထနာများကို အပူတပြင်းတောင်းခံလာကြသောအချိန်တွင် ကိုယ်တော်သည် အလွန်နှစ်သက်တော်မူ၏။ ၎င်းတို့သည် ကိုယ်တော်၏ကတိတော်၌ယုံကြည်ခြင်းရှိလျှင် များစွာသောဆုကျေးဇူးများကိုရရှိကြလိမ့်မည်ဟု မျှော်လင့်နိုင်စရာအကြောင်းရှိပါသည်။

သို့ရာတွင် ခရစ်တော်၏နာမတော်ကိုမှီခို၍ ဆုတောင်းခြင်း၌များစွာအဓိပ္ပါယ်လေးနက်ပါသည်။ နာမတော်ကိုအမှီပြု၍ဆုတောင်းသည်ဟုဆိုရာ၌ ကိုယ်တော်၏စာရိတ္တတော်ကိုခံယူ၍ ကိုယ်တော်၌ရှိသောစိတ်နေသဘောထား

ကိုထင်ရှားစေလျက် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်းကိုဆိုလိုပါ သည်။ ကယ်တင်ရှင်ပြုတော်မူခဲ့သောကတိတော်သည် အခြေအနေပေါ်မူတည် ၍ ပြည့်စုံမည်ဖြစ်ပါသည်။ ကိုယ်တော်သည် အပြစ်သားများကိုအပြစ်ထဲ တွင်သာကယ်တင်တော်မမူဘဲ အပြစ်မှကယ်တင်တော်မူပါသည်။ ကိုယ်တော် အားချစ်သောသူအပေါင်းတို့သည် နားထောင်ခြင်းအားဖြင့် မိမိ၏မေတ္တာကို ဖော်ပြကြရမည်ဖြစ်သဖြင့် "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြ လော့" ဟုမိန့်တော်မူခဲ့ပါသည်။

စစ်မှန်သောနားထောင်မှုအားလုံးသည် နှလုံးသားမှပေါက်ဖွားပါသည်။ နားထောင်ခြင်းဆိုသည်မှာ ခရစ်တော်နှင့်အတူလုပ်ဆောင်သည့် နှလုံးသား၏ ဆောင်ရွက်ချက်တစ်ရပ်သာဖြစ်ပါသည်။ ၎င်းပြင် ကျွန်ုပ်တို့ကသဘောတူ ခွင့်ပြုလျှင် ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏အတွေးအခေါ်ရည်ရွယ်ချက် များနှင့်အတူပါရှိလိမ့်မည်ဖြစ်ပြီး ကိုယ်တော်၏အမိန့်တော်များကို နားထောင် လိုက်လျှောက်နေသောအချိန်တွင် ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်ခံစားမှု များကို အကောင်အထည်ဖော်နေသကဲ့သို့ဖြစ်လာစေရန်အတွက် ကျွန်ုပ်တို့၏ စိတ်နေသဘောထားများကို ကိုယ်တော်ရှင်၏အလိုတော်နှင့်ကိုက်ညီအောင် သမပေးတော်မူပါလိမ့်မည်။ သန့်စင်စေပြီးသည့် ကျွန်ုပ်တို့၏အလိုဆန္ဒများ သည်လည်း ကိုယ်တော်ရှင်၏အမှုတော်ကိုဆောင်ရွက်ခြင်းတွင် အထူးနှစ် ခြိုက်မှုရှိလာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားသိကျွမ်းခွင့်ရှိသကဲ့ သို့ အမှန်တကယ်သိကျွမ်းလာသောအချိန်တွင် ကျွန်ုပ်တို့၏အသက်တာသည် နားထောင်ခြင်းနှင့်ပြည့်ဝသောအသက်တာဖြစ်လာပါလိမ့်မည်။ ခရစ်တော်၏ ဂုဏ်တော်ကိုအမွန်အမြတ်ထားခြင်းအားဖြင့်သော်လည်းကောင်း၊ ဘုရားသခင် နှင့်မိတ်သဟာယဖွဲ့ခြင်းအားဖြင့်သော်လည်းကောင်း ကျွန်ုပ်တို့သည်အပြစ်ကို မုန်းတီးရွံ့ရှာလာပါလိမ့်မည်။

ခရစ်တော်သည်လူသားဇာတိတွင် ပညတ်တော်အတိုင်းအသက်ရှင် နေထိုင်နိုင်သကဲ့သို့ ကျွန်ုပ်တို့သည် ထိုကဲ့သို့နေထိုင်အသက်ရှင်နိုင်စေရန် ခရစ်တော်ကိုဆုပ်ကိုင်ထားလိမ့်မည်ဆိုလျှင် ကိုယ်တော်နည်းတူ ပညတ်တော်



အတိုင်းအသက်ရှင်နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ သို့ရာတွင် မိမိတို့ပြုရမည့် တာဝန်ကို သူတစ်ပါးအပေါ်သို့လွှဲချကာ မည်သည့်အရာကိုလုပ်ဆောင်ဖို့ ၎င်းတို့ကကျွန်ုပ်တို့အားပြောသည်အထိ စောင့်ဆိုင်းနေကြရန်မဟုတ်ချေ။ ကျွန်ုပ် တို့သည် အကြံဉာဏ်ရရှိရန်အတွက် လူသားများအပေါ်မမှီခိုနိုင်ပါချေ။ အခြား သူများအားစိတ်အားထက်သန်စွာသွန်သင်တော်မူမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ အားလည်းလုပ်ဆောင်ရန်တာဝန်များကို ကိုယ်တော်သွန်သင်တော်မူပါလိမ့် မည်။ ကိုယ်တော့်ထံသို့ယုံကြည်ခြင်းနှင့်ချဉ်းကပ်လာကြလျှင် ကိုယ်တော်သည် မိမိ၏နက်နဲသောအရာများကို ကျွန်ုပ်တို့အားနှစ်ကိုယ်ကြားမိန့်တော်မူပါလိမ့် မည်။ ကိုယ်တော်သည် ဧနောက်၌ပြုတော်မူသကဲ့သို့ ကျွန်ုပ်တို့ထံသို့မိတ် သဟာယဖွဲ့ရန်ချဉ်းကပ်လာသောအချိန်တွင် ကျွန်ုပ်တို့၏နှလုံးသားများသည် မကြာခဏတောက်လောင်နေပါလိမ့်မည်။ ကိုယ်တော်ရှင်မနှစ်သက်သောမည် သည့်အရာကိုမဆို မလုပ်ဆောင်ရန်ဆုံးဖြတ်ထားသူများသည် မိမိ၏တွေ့ ကြုံနေရသောပြဿနာကို ကိုယ်တော်ရှင်၏ရှေ့မှောက်၌တင်ပြပြီးသောအချိန် တွင် မည်သို့ဖြေရှင်းရမည်ကိုသိရှိလာကြပါလိမ့်မည်။ ထိုသူများသည် ဉာဏ် ပညာများသာမက တန်ခိုးခွန်အားများကိုပင်ရရှိလာကြပါလိမ့်မည်။ ခရစ်တော် သည် ကတိတော်ထားသည့်အတိုင်း အလိုတော်ကိုလိုက်လျှောက်နိုင်ရန်တန်ခိုး နှင့်အမှုတော်ဆောင်ရန်အစွမ်းသတ္တိများကို ၎င်းတို့အားပေးသနားတော်မူပါ လိမ့်မည်။ ခရစ်တော်အားပေးလှူသမျှသောအရာခပ်သိမ်းကို လူသားများ၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် ကိုယ်တော်အားပေးတော်မူခဲ့ပါသည်။ အပြစ် တွင်ကျဆုံးနေသောလူသားများ၏လိုအပ်ချက်ကိုဖြည့်ဆည်းခြင်းသည် ခရစ်တော် အားပေးလှူခြင်းဖြစ်ပါသည်။ "ငါတို့သည် ပညတ်တော်တို့ကိုစောင့်ရှောက်၍ နှစ်သက်တော်မူသောအကျင့်တို့ကိုကျင့်သောကြောင့် ဆုတောင်းသမျှတို့ကို ဘုရားသခင်ထံတော်မှရကြ၏။" ၁ယော ၃း၂၂။

ခရစ်တော်သည် ယဇ်ကောင်အနေဖြင့်မိမိကိုယ်ကိုမပူဇော်မီ ကျေးဇူး တော်၏ကြွယ်ဝမှုများကို တပည့်တော်များလက်လှမ်းမီနိုင်သည့်နေရာသို့ယူ ဆောင်ပေးနိုင်မည့် အဓိကအကျဆုံးနှင့်အပြည့်စုံဆုံးသောဆုမင်္ဂလာတစ်ခုကို

ငင်းတို့အပေါ်သို့ချပေးရန်စီစဉ်တော်မူခဲ့ပါသည်။ ထိုကြောင့် ငါသည်ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည်သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးတည်းသောဥပဓ္ဈာယ်ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော်ကိုလောကီသားတို့သည် မသိမမြင်သောကြောင့်မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်နေ၍ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။ ငါသည်သင်တို့ကိုမိဘမဲ့ဖြစ်စေခြင်းငှာစွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာဦးမည်ဟုမိန့်တော်မူခဲ့ပါသည်။

ဝိညာဉ်တော်သည် ထိုအချိန်မတိုင်မီကတည်းက ဤကမ္ဘာလောကထဲတွင်ရှိနေတော်မူခဲ့ပြီး ကယ်တင်ခြင်းလုပ်ငန်းအစပျိုးသည့်အချိန်မှစ၍ ကိုယ်တော်သည် လူသားများ၏စိတ်နှလုံးများဝယ်လှုပ်ရှားတော်မူလျက်ရှိပါသည်။ သို့ရာတွင် ဤလောက၌ခရစ်တော်အသက်ရှင်နေထိုင်စဉ်တွင် တပည့်တော်များသည် မည်သည့်အမအစများကိုမျှမလိုအပ်သေးချေ။ ခရစ်တော်သည် ငင်းတို့အားခွဲခွာမသွားမီမှာပင် ငင်းတို့သည် ဝိညာဉ်တော်ရရှိဖို့လိုအပ်ကြောင်း သိရှိခဲ့ကြလျှင် ဝိညာဉ်တော်သည်ထိုအချိန်မှာပင်ကြွလာခဲ့ပါလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်တော်မူသော်လည်း ငင်း၌လူသားများ၏ပင်ကိုစရိုက်လက္ခဏာမျိုးမရှိဘဲ အချုပ်အခြာမရှိသောပုဂ္ဂိုလ်တစ်ပါးဖြစ်ပါသည်။ လူသားဇာတိကိုဝတ်ဆောင်ထားသောခရစ်တော်သည် တစ်ချိန်တည်းတွင်နေရာအသီးသီး၌ကိုယ်တိုင်မရှိနိုင်ခဲ့ချေ။ ထိုကြောင့်ကိုယ်တော်သည် ခမည်းတော်ထံသို့သွား၍ ဤကမ္ဘာတွင်မိမိအားဆက်ခံသူအဖြစ် ဝိညာဉ်တော်အားစေလွှတ်မည်ကို သူတို့စိတ်ဝင်စားခဲ့ကြပါသည်။ မိမိတို့နေထိုင်သောအရပ်ဒေသကြောင့်လည်းကောင်း၊ ခရစ်တော်ကို မိမိကိုယ်တိုင်မဆက်သွယ်ခြင်းတို့ကြောင့်လည်းကောင်း ထိုအချိန်ကမည်သူတစ်ဦးတစ်ယောက်မျှ ထိုအခွင့်ထူးကိုမခံစားခဲ့ရချေ။ ကယ်တင်ရှင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူတိုင်းထံတွင်ချဉ်းကပ်ဆက်ဆံရန်လွယ်ကူလာပါလိမ့်မည်။ ထိုကြောင့် ကောင်းကင်နိုင်ငံသို့မတက်ကြွမီအချိန်ကထက် တက်ကြွသွားပြီးသောအချိန်တွင် ခရစ်တော်သည် ငင်းတို့နှင့်ပို၍နီးကပ်လာပါလိမ့်မည်။



ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည်ချစ်တော်မူသည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်။” ခရစ်တော်သည် တပည့်တော်များ၏အနာဂတ်ရေးကိုသိရှိထားတော်မူပါသည်။ တမန်တော်တစ်ဦးသည် ကြိုးစင်အတင်ခံရမည်ကိုလည်းကောင်း၊ တစ်ဦးသည်ကပ်တိုင်အတင်ခံရမည်ကိုလည်းကောင်း၊ နောက်တစ်ဦးသည် ပင်လယ်ထဲတွင်ရှိသောလူသူမနီးသည့်တစ်ကျွန်းသို့နယ်အနှင်ခံရမည်ကိုလည်းကောင်း၊ ကျန်တမန်တော်များသည် သေသည်တိုင်အောင်နှိပ်စက်ညှဉ်းပန်းခြင်းခံကြရမည်ကိုလည်းကောင်း ကိုယ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ဒုက္ခဆင်းရဲခြင်းခံရသောအချိန်တိုင်းတွင် မိမိသည် ငင်းတို့နှင့်အတူရှိနေမည်ဖြစ်ကြောင်း ငင်းတို့အားကိုယ်တော်ကတိပြုအားပေးခဲ့ပါသည်။ ပေးတော်မူခဲ့သောကတိတော်သည် လုံးဝပျက်ကွက်ခြင်းမရှိပါချေ။ ကိုယ်တော်သည် မိမိအတွက်ကြောင့် အကျဉ်းခံရမည့် (သို့မဟုတ်) တစ်ကျွန်းအပို့ခံရမည့်သစ္စာရှိတမန်တော်များအကြောင်းကို သိရှိထားတော်မူပြီး ကိုယ်တော်တိုင်ငင်းတို့ထံသွားရောက်၍ နှစ်သိမ့်တော်မူပါသည်။ ယုံကြည်သူတစ်ဦးသည် သမ္မာတရားအတွက်ကြောင့် တရားမျှတမှုမရှိသောတရားရုံးများတွင်အမှုဆိုင်ရသောအချိန်တွင် သူ၏နံဘေး၌ကိုယ်တော်ရပ်လျက်ရှိပါသည်။ ထိုယုံကြည်သူအားပြစ်တင်ရှုတ်ချသမျှအတိုင်း ခရစ်တော်အားလည်းသူတို့ပြုကြပြီ။ ခရစ်တော်သည် ထိုတပည့်တော်အားဖြင့် တရားစီရင်ခြင်းကိုတစ်ဖန်ခံရပြီ။ ယုံကြည်သူတစ်ဦးအားအကျဉ်းထောင်တွင်အကျဉ်းချခံရသောအချိန်တွင် ခရစ်တော်သည် မိမိ၏မေတ္တာတော်အားဖြင့် ငင်း၏စိတ်နှလုံးကိုပီတိဖြစ်စေတော်မူပါသည်။ မိမိအတွက်ကြောင့်အသေခံရသောယုံကြည်သူတစ်ဦးအား ခရစ်တော်မိန့်တော်မူသည်ကား “ငါသည်အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏” ဟူ၍ဖြစ်၏။ ဗျာဒိတ် ၁:၁၈။ ကိုယ်တော်အတွက်အနစ်နာခံခဲ့သောအသက်တာကို

ထာဝရဘုရား၏ဘုန်းအသရေတော်သို့ဝင်စားသည့်တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားတော်မူပါသည်။

အလားအလာမကောင်းသည့်ပြင် ရှုပ်ထွေးနေသောအနာဂတ်ရေးများနှင့်ပြည့်နေသောနေရာတိုင်းအချိန်တိုင်း၌ ဖြစ်ပျက်နေသည့်ဝမ်းနည်းစရာအဖြာဖြာနှင့်ဒုက္ခဆင်းရဲခြင်းအလီလီတွင် အကူအညီလိုအပ်နေသည့်အထီးကျန်ဘဝကို ကျွန်ုပ်တို့ခံစားနေရသောအချိန်၌ ယုံကြည်ခြင်းအားဖြင့်ပတ္ထနာပြုခြင်းများကိုတုံ့ပြန်သည့်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်တော်မူလိမ့်မည်။ အကြောင်းခြင်းရာအမျိုးမျိုးကြောင့် ကျွန်ုပ်တို့သည် လောကမိတ်ဆွေတစ်ဦးနှင့်ခွဲခွာရမည်ဖြစ်သော်လည်း မည်သည့်အခြေအနေ၊ မည်သည့်ခရီးအကွာအဝေးကမျှ ကျွန်ုပ်တို့အားသန့်ရှင်းသောဝိညာဉ်တော်နှင့်မခွဲခွာစေနိုင်ပါချေ။ ကျွန်ုပ်တို့သည် မည်သည့်နေရာ၌ရှိသည်ဖြစ်စေ၊ မည်သည့်အရပ်သို့သွားသည်ဖြစ်စေ၊ ကျွန်ုပ်တို့အားထောက်မကျွေးမွေးအားပေးနှစ်သိမ့်ရန် ကျွန်ုပ်တို့၏လက်ယာဘက်တွင် ကိုယ်တော်အမြဲရှိနေတော်မူပါသည်။

တမန်တော်များသည် ခရစ်တော်၏စကားများကိုဝိညာဉ်ရေးအမြင်အားဖြင့် နားလည်မှုမရှိကြသေးသဖြင့် ကိုယ်တော်သည် ထိုစကားများကိုတစ်ဖန်ရှင်းပြတော်မူခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တိုင်ထင်ရှားတော်မူမည်ဖြစ်ကြောင်းကို ဆက်လက်၍မိန့်တော်မူသည်ကား၊ "ခမည်းတော်သည်ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အားခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူမည်" ဟူ၍ဖြစ်ပါသည်။ သင်ကကျွန်ုပ်နားမလည်ပါ။ ကျွန်ုပ်မမြင်ပါဟုမည်သည့်အခါမျှပြောရလိမ့်မည်မဟုတ်ချေ။ အကြောင်းမှာသင်သည် သန့်ရှင်းသောသူများတို့၏နည်းတူ အနံ၊ အလျား၊ အနက်၊ အမြင့်တို့ကိုပိုင်းခြား၍ ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကိုသိရှိနိုင်လာလိမ့်မည်။ ဧဖက် ၃း၁၈–၁၉။

တပည့်တော်တစ်ဦး၏တာဝန်မှာ ခရစ်တော်၏သက်တော်စဉ်နှင့်လုပ်ဆောင်ခဲ့သည့်အရာများကို သက်သေခံရန်ဖြစ်ပါသည်။ ၎င်းတို့၏နှုတ်ထွက်



စကားများမှတစ်ဆင့် ကိုယ်တော်သည်ကမ္ဘာပေါ်တွင်ရှိကြသောလူအပေါင်းတို့အား မိန့်တော်မူရန်ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့သည် ခရစ်တော်အသေခံတော်မူခြင်းအားဖြင့် စုံစမ်းစစ်ဆေးခြင်းများနှင့် စိတ်ပျက်အားငယ်မှုများကိုခံစားကြရလိမ့်မည်။ ထိုနောက်မှ ၎င်းတို့၏ဟောကြားချက်များသည်တိကျပြတ်သားလာနိုင်စေရန်အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် "ကိုယ်တော်ပြောခဲ့သမျှသောစကားတို့ကိုမှတ်မိသောဉာဏ်ကို ၎င်းတို့အားပေးဖို့ခရစ်တော်ကတိထားတော်မူခဲ့ပါသည်။"

သင်တို့သည် ငါပြောစရာစကားများရှိသော်လည်း သင်တို့သည်ယခုမခံနိုင်ကြ။ သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည်ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်း သူတို့အားဖော်ပြလိမ့်မည်။ ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်ဟူ၍မိန့်တော်မူကာ သခင်ယေရှုသည် ကျယ်ပြန့်သောသမ္မာတရားစာလွှာတစ်ခုကို တပည့်တော်များရှေ့တွင်ဖွင့်ပြတော်မူခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့အနေနှင့် ကိုယ်တော်သွန်သင်ချက်များကို ဖာရိရှဲနှင့်ကျမ်းပြုဆရာတို့သွန်သင်သောရိုးရာဓလေ့များ၊ ဆိုရိုးစကားများနှင့်ခွဲခြားသိရှိနိုင်ရန်အလွန်ခက်ခဲလှပါသည်။ ရဗ္ဗိများ၏သွန်သင်ချက်များကို ဘုရားသခင်၏မိန့်ဆိုချက်အနေဖြင့်ခံယူရန် ၎င်းတို့အားပညာပေးထားပြီးဖြစ်ပါသဖြင့် ထိုသွန်သင်ချက်များသည် ၎င်းတို့၏အတွေးအခေါ်များအပေါ်ဩဇာလွှမ်းမိုးဆဲ၊ ၎င်းတို့၏အယူအဆများကိုပုံသွန်းထားဆဲဖြစ်ပါသည်။ လောကီအတွေးအခေါ်များနှင့် လောကီအရာများကိုဦးစားပေး၍ သူတို့စဉ်းစားဆင်ခြင်ကြဆဲဖြစ်ပါသည်။ ခရစ်တော်အနေနှင့်မကြာခဏရှင်းလင်းမိန့်ကြားတော်မူခဲ့သော်လည်း ကိုယ်တော်တည်ထောင်မည့်နိုင်ငံတော်၏ဝိညာဉ်ပကတိသဘာဝကို သူတို့နားမလည်ခဲ့ကြချေ။ သူတို့၏စိတ်နှလုံးများသည်မကြည်မလင်ဖြစ်လာကာ ကိုယ်တော်ရှင်ဟောကြားတော်မူသည့်

သမ္မာကျမ်းစာ၏တန်ဖိုးကိုလည်း မသိနားမလည်ခဲ့ကြချေ။ ကိုယ်တော်၏သွန်သင်ချက်အများစုသည် ၎င်းတို့အတွက်အကျိုးမရှိသယောင်ဖြစ်နေကြောင်း မိန့်တော်မူချက်တို့၏ဆိုလိုရင်းအဓိပ္ပါယ်ကို သူတို့မဆုပ်ကိုင်နိုင်ခဲ့ကြောင်း ကိုယ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ထိုကြောင့် ဤစကားများကိုပြန်လည်သတိရစေရန် သန့်ရှင်းသောဝိညာဉ်တော်ကမစလိမ့်မည်ဖြစ်ကြောင်း ကြင်နာယုယစွာဖြင့် ကိုယ်တော်ကတိထားတော်မူခဲ့ပါသည်။ ၎င်းပြင် တမန်တော်များအနေဖြင့် နားလည်နိုင်စွမ်းမရှိသေးသဖြင့် မပြောဘဲချန်ထားသည့်စကားများလည်းရှိနေပါသေးသည်။ ၎င်းတို့သည် ထိုအရာများကိုလည်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်နားလည်သိမြင်ခွင့်ရရှိကြပါလိမ့်မည်။ ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သောအရာများကို သူတို့အလေးအမြတ်ထားလာစေရန်အလို့ငှာ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့၏အသိဉာဏ်ကိုတိုးပွားစေပါလိမ့်မည်။ "သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်သည်ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။"

ဥပဒ္ဒေါယ်ဆရာကို သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်ဟုလည်းခေါ်ကြပါသည်။ ဝိညာဉ်တော်၏အလုပ်မှာ သမ္မာတရားကိုအနက်ဖွင့်၍ဆက်လက်တည်မြဲစေရန်ဖြစ်ပါသည်။ ကိုယ်တော်သည် ရှေးဦးစွာ၌ သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်အနေဖြင့် စိတ်နှလုံးထဲတွင်ကိန်းအောင်းတော်မူ၍ ဤသို့သောနည်းအားဖြင့် ဆရာတစ်ပါးဖြစ်လာပါသည်။ သမ္မာတရားတွင်နှစ်သိမ့်မှုနှင့်ငြိမ်သက်ခြင်းများရှိသော်လည်း မုသားစကားများတွင် စစ်မှန်သောနှစ်သိမ့်မှုနှင့်ငြိမ်သက်ခြင်းများကိုမတွေ့ရှိနိုင်ချေ။ စာတန်သည် မှားယွင်းသောနိယာမများနှင့်ရိုးရာဓလေ့များအားဖြင့် လူသားများ၏စိတ်သဘောထားများကို လွှမ်းမိုးအနိုင်ယူလျက်ရှိပါသည်။ သူသည်လူသားများအား မှားယွင်းသောစည်းစနစ်များကိုကျင့်သုံးရန်လမ်းညွှန်ကာ ၎င်းတို့၏စာရိတ္တကိုအကျည်းတန်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာမှတစ်ဆင့် လူသားများအားမိန့်မြွက်နေပြီး တရားတော်ကိုစိတ်နှလုံးများတွင် စွဲမှတ်စေလျက်ရှိပါသည်။ ဤနည်းအားဖြင့်ဝိညာဉ်တော်သည် မှားယွင်းချက်များကို



ဖော်ပြတော်မူပြီး ထိုအမှားများကိုအသက်ဝိညာဉ်များမှထုတ်ပစ်တော်မူပါသည်။ ခရစ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှတစ်ဆင့်လုပ်ဆောင်လျက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ရွေးချယ်တော်မူသည့်လူများအား မိမိထံသို့သိမ်းသွင်းတော်မူပါသည်။

သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများကို တပည့်တော်များအားဖော်ပြရာတွင် မိမိ၏စိတ်နှလုံးတော်ကိုပွဲပြင်ခဲ့သောဝမ်းမြောက်မျှော်လင့်မှုများကိုအသုံးပြု၍ ပွဲပြင်ရန်ကြိုးစားတော်မူခဲ့ပါသည်။ မိမိသည် အသင်းတော်အတွက် လုံလောက်ကြွယ်ဝသောအမအစများကိုပြင်ဆင်ပေးခဲ့ပြီးဖြစ်သောကြောင့် ကိုယ်တော်ဝမ်းမြောက်တော်မူ၏။ မိမိ၏လူများကိုမြှင့်တင်ပေးရန်အတွက် ခမည်းတော်ထံမှမိမိတောင်းခံနိုင်သည့်ဆုကျေးဇူးအားလုံးအနက် သန့်ရှင်းသောဝိညာဉ်တော်သည် အမြင့်မားဆုံးဆုကျေးဇူးဖြစ်ပါသည်။ လိုအပ်သောအမအစများပေးစွမ်းနိုင်သည့်တန်ခိုးတစ်ခုအနေဖြင့် ထိုဝိညာဉ်တော်ကိုပေးတော်မူခဲ့သဖြင့် ဝိညာဉ်တော်မပါရှိလျှင် ခရစ်တော်၏အသေခံခြင်းသည် တစ်စုံတစ်ခုသောအကျိုးကျေးဇူးကိုမျှဖြစ်ထွန်းခဲ့လိမ့်မည်မဟုတ်ချေ။ အမှောင်ဘုရင်၏တန်ခိုးသည် ရာစုနှစ်ပေါင်းများစွာအတွင်းခွန်အားကောင်းလျက်ရှိပြီး ၎င်း၏လက်အောက်တွင် လူသားများ၏အညံ့ခံမှုများမှာလည်း ကြောက်ခမန်းလိလိများပြားလာလျက်ရှိပါသည်။ ဘုရားသခင်၏ပြည့်စုံသောတန်ခိုးတော်ဖြင့်ကြွလာမည့် သုံးပါးတစ်ဆူဘုရားတွင် တတိယပုဂ္ဂိုလ်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ အပြစ်ဒုစရိုက်ကိုတွန်းလှန်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ကယ်တင်ရှင်ဘုရားပြုတော်မူခဲ့သောအမှုအရာများကို အကျိုးဖြစ်ထွန်းနိုင်စေသည့်ပုဂ္ဂိုလ်မှာ သန့်ရှင်းသောဝိညာဉ်တော်ဘုရားပင်ဖြစ်ပါသည်။ ယုံကြည်သူတစ်ဦးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မြင့်မြတ်သောသဘာဝများကိုမျှဝေရယူနိုင်သူတစ်ဦးဖြစ်လာပါသည်။ မျိုးရိုးအားဖြင့်သော်လည်းကောင်း၊ မိမိကိုယ်တိုင်ပြုစုပျိုးထောင်ခြင်းအားဖြင့်သော်လည်းကောင်း ဖြစ်ပေါ်လျက်ရှိသောမကောင်းသည့်သဘောထားများကိုအောင်မြင်ကျော်လွှားကာ ကိုယ်တော်၏စာရိတ္တတော်ကို

အသင်းတော်၌ထင်ရှားလာစေမည့်တန်ခိုးတစ်ခုအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ခရစ်တော်ပေးတော်မူခဲ့ပါသည်။

ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်ဟူ၍ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ခရစ်တော်မိန့်တော်မူထားပါသည်။ ခရစ်တော်သည် မိမိ၏မေတ္တာတော်ကိုဖော်ပြခဲ့ခြင်းအားဖြင့် ဘုရားသခင်ကိုထင်ရှားစေတော်မူသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည် လောကသားများအပေါ်ထားရှိသည့် ကိုယ်တော်၏ကရုဏာတော်ကိုဖော်ပြခြင်းအားဖြင့် ခရစ်တော်ကိုထင်ရှားစေရန်ဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကို လူသားများတွင်ပြန်လည်ဖြစ်ပွားစေရန်ဖြစ်ပါသည်။ ခမည်းတော်ဘုရားနှင့်သားတော်ဘုရားတို့၏ဂုဏ်အသရေများသည် ကိုယ်တော့်သားသမီးများ၏စာရိတ္တစုံလင်ခြင်းတွင် ပါဝင်ပတ်သက်နေပါသည်။

ဆရာသည်ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း လောကီသားတို့အားထင်ရှားစွာဖော်ပြတော်မူလိမ့်မည်။ ထိုကြောင့် နှုတ်ကပတ်တော်ကိုဟောကြားခြင်းသည် ဝိညာဉ်တော်၏အတူရှိမှု၊ မစမှုမပါရှိလျှင် တစ်စုံတစ်ရာသောအကျိုးကိုမျှဖြစ်ထွန်းလိမ့်မည်မဟုတ်ချေ။ သန့်ရှင်းသောဝိညာဉ်တော်သည်သာလျှင် သမ္မာတရားကိုအကျိုးဖြစ်ထွန်းစွာသွန်သင်တော်မူသည့်ဆရာတစ်ပါးဖြစ်တော်မူပါသည်။ တရားတော်ကိုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်စိတ်နှလုံးသို့ပို့ဆောင်မှသာ ဩတ္တပ္ပစိတ်ကိုနိုးထစေနိုင်ပြီး အသက်တာကိုပြုပြင်ပြောင်းလဲစေနိုင်ပါသည်။ တစ်စုံတစ်ယောက်သောသူသည် ဘုရားသခင်၏နှုတ်ထွက်စကားများကို တင်ဆက်နိုင်ကောင်းတင်ဆက်နိုင်ပါမည်။ ကတိတော်များနှင့်မိန့်တော်မူချက်အားလုံးကို ကျေကျေညက်ညက်သိထားကောင်းသိထားနိုင်မည်ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်က ထိုတရားတော်ကိုငင်းတို့၏စိတ်ထဲတွင်မစွဲလမ်းစေခဲ့လျှင် မည်သူတစ်ဦးတစ်ယောက်မျှ စိတ်နှလုံးကြေကွဲကာနောင်တသံဝေဂရလာကြလိမ့်မည်မဟုတ်ချေ။ သန့်ရှင်းသောဝိညာဉ်တော်၏ပူးတွဲဆောင်ရွက်မှုမပါရှိလျှင် မည်မျှပင်ပညာ





တတ်စေကာမူ၊ မည်မျှပင်အခွင့်ထူးများကိုရစေကာမူ ထိုသူသည်အလင်းပေးသူတစ်ဦးဖြစ်မလာနိုင်ပါချေ။ ကောင်းကင်မှဆင်းသက်လာသည့်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောနှင်းမှုန်အားဖြင့် အသက်သွင်းပေးခြင်းမခံရလျှင် မည်သည့်ဧဝံဂေလိတရားမျိုးစေ့မျှ အောင်မြင်စွာအပင်ပေါက်လိမ့်မည်မဟုတ်ချေ။ ဓမ္မသစ်မှစာအုပ်တစ်အုပ်ကိုမျှမရေးသားမီ ခရစ်တော်ကောင်းကင်သို့တက်ကြွသွားပြီးသည့်နောက်ပိုင်းတွင် ဧဝံဂေလိတရားတစ်ပိုဒ်မျှမဟောကြားမီကပင် ဆုတောင်းနေကြသောတမန်တော်များအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ကျရောက်ခဲ့ပြီးဖြစ်ပါသည်။ ထိုအချိန်၌ ၎င်းတို့အားရန်မူသူများက "ယေရုရှလင်မြို့ကို သင်တို့၏အယူဝါဒနှင့်ပြည့်စေကြသည်" ဟုသက်သေခံခဲ့ကြပါသည်။ တမန်တော် ၅း၂၈။

အသင်းတော်အား သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးကိုပေးသနားမည်ဖြစ်ကြောင်း ခရစ်တော်ကတိထားတော်မူခဲ့ရာ ထိုကတိတော်သည် ရှေးဦးတမန်များအတွက်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်းဖြစ်ပါသည်။ သို့ရာတွင် ဤကတိတော်သည် အခြားသောကတိတော်များကဲ့သို့ပင် အခြေအနေပေါ်မူတည်၍ ပြည့်စုံလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်၏ကတိတော်ကိုယုံကြည်၍ ထိုကတိတော်ကိုမိမိတို့ခံစားထိုက်ကြောင်း ဖွင့်ဆိုကြသူများစွာရှိကြပါသည်။ ထိုသူများသည် ခရစ်တော်၏အကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏အကြောင်းကိုပြောဆိုနေကြသော်လည်း မည်သည့်အကျိုးကျေးဇူးကိုမျှမခံစားကြရတော့ချေ။ သူတို့သည် မြင့်မြတ်သောတန်ခိုးတော်များ၏လမ်းပြမှုနှင့်ထိန်းချုပ်မှုကိုရရှိရန်လည်း မိမိကိုယ်ကိုမဆက်ကပ်အပ်နှံကြချေ။ သန့်ရှင်းသောဝိညာဉ်တော်ကိုအသုံးချဖို့အခွင့်သည် ကျွန်ုပ်တို့၌မရှိပါချေ။ သန့်ရှင်းသောဝိညာဉ်တော်ကသာ ကျွန်ုပ်တို့ကိုအသုံးပြုရန်ဖြစ်ပါသည်။ ကိုယ်တော်၏သားသမီးများအား "အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပြုပြင်တော်မူသောသူကားဘုရားသခင်ပေတည်း။" ဖိ ၂း၁၃။ သို့ရာတွင် လူအများစုသည် ဤအရာကိုဝန်မခံကြဘဲ၊ မိမိတို့ဘာသာ ကိုယ့်အားကိုယ်ကိုး၍လုပ်ဆောင်လိုကြပါသည်။

အကြောင်းမှာဝိညာဉ်တော်ဆုကျေးဇူးကို သူတို့မရရှိသေးသောကြောင့်ဖြစ်ပါသည်။ မိမိကိုယ်ကိုနှိမ့်ချလျက် ကိုယ်တော်ရှင်၏လမ်းပြပို့ဆောင်မှုနှင့်ကရုဏာတော်ကိုရရှိဖို့စောင့်စားနေကြသူများနှင့် ဘုရားသခင်အားငံ့လင့်နေသူများကိုသာ ဝိညာဉ်ဆုကျေးဇူးကိုပေးသနားပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် ၎င်းတို့တောင်းဆိုလာမည့်အချိန်နှင့် လက်ခံရယူမည့်အချိန်ကိုစောင့်စားနေပါသည်။ ယုံကြည်ခြင်းအားဖြင့်တောင်းခံခွင့်ရှိသော ကတိထားတော်မူသည့်ဤကောင်းချီးမင်္ဂလာများကိုပါ တစ်ပါတည်းဆောင်ကြဉ်းလာတတ်ပါသည်။ ဤကောင်းချီးမင်္ဂလာကို ခရစ်တော်၏ကြွယ်ဝသောကရုဏာအားဖြင့်ပေးသနားတော်မူပြီး အသက်ဝိညာဉ်တိုင်းကလက်ခံရယူနိုင်သောအတိုင်းအတာအလျောက်ဖြည့်ဆည်းပေးရန် ကိုယ်တော်အဆင်သင့်ရှိတော်မူပါသည်။

သခင်ယေရှုသည် တပည့်တော်များနှင့်ယခုကဲ့သို့စကားလက်ဆုံကျစဉ်တွင် မိမိခံစားရမည့်ဒုက္ခဝေဒနာများနှင့် အသေခံခြင်းများကိုရည်ဆောင်၍မည်သည့်ဝမ်းနည်းစကားတစ်လုံးကိုမျှမမြွက်ဆိုခဲ့ချေ။ ကိုယ်တော်ရှင်နောက်ဆုံးပေးတော်မူခဲ့သည့်အမွေအနှစ်မှာ ငြိမ်သက်ခြင်းပင်ဖြစ်ပါသည်။ ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်၊ သင်တို့၏စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။

ကိုယ်တော်သည် အထက်ခန်းမှထွက်ခွာမသွားမီ တပည့်တော်များနှင့်အတူသီချင်းတစ်ပုဒ်အားဖြင့် ချီးမွမ်းထောမနာပြုခဲ့ပါသည်။ ဝမ်းနည်းမြည်တမ်းသည့်သံစဉ်မျိုးဖြင့်မဟုတ်ဘဲ ဝမ်းမြောက်စရာကောင်းသည့်ပသခါသီချင်းတေးသွားဖြင့်ချီးမွမ်းသွားသည့် ကိုယ်တော်၏အသံကိုကြားခဲ့ကြရပါသည်။

"လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကိုချီးမွမ်းကြလော့၊ လူအနွယ်အပေါင်းတို့၊ အလွန်ချီးမွမ်းကြလော့၊ အကြောင်းမူကား ငါတို့၌ကရုဏာတော်ကြီးလှ၏။ ထာဝရဘုရား၏သစ္စာတော်သည်အစဉ်အမြဲတည်၏။ ဟာလေလုယ။" ဆာလံကျမ်း ၁၁၇။

သူတို့သည် ကျေးဇူးတော်ကိုချီးမွမ်းထောမနာပြုပြီး နောက်အထက်ခန်းမှထွက်ခွာသွားခဲ့ကြပါသည်။ လူစည်ကားလျက်ရှိသောလမ်းများတွင် သူတို့



တိုးဝှေ့သွားလာခဲ့ရပြီး နောက်ဆုံးတွင်မြို့တံခါးကိုဖြတ်ကျော်ကာ သံလွင်တောင်ပေါ်သို့ဦးတည်လျှောက်လှမ်းခဲ့ကြပါသည်။ သူတို့သည် အတွေးကိုယ်စီဖြင့်နှေးကွေးစွာလျှောက်လှမ်းလာကြရာ သံလွင်တောင်ကိုစတင်၍တက်ရမည့်နေရာသို့ရောက်သော် ယေရှုက၊ ကျမ်းစာလာသည်ကား၊ သိုးထိန်းကိုငါရိုက်သတ်၍ သိုးတို့သည်ကွဲလွင့်ရကြလိမ့်မည်ဟု ဝမ်းနည်းနေသောလေသံဖြင့်မိန့်တော်မူ၏။ မဿဲ ၂၆း၃၁။ တမန်တော်များသည် ဝမ်းနည်းကြေကွဲပြီးအံ့သြတွေဝေစွာဖြင့်နားထောင်နေကြပါသည်။ ယေရှုသည် ကပေရနောင်မြို့ရှိတရားဇရပ်ထဲတွင် မိမိကိုယ်ကိုအသက်မုန့်ဖြစ်ကြောင်းမိန့်တော်မူစဉ်ကလူအများစိတ်ပျက်ကာ ကိုယ်တော်အားကျောခိုင်းခဲ့ကြသည်ကို သူတို့သတိရအောက်မေ့ခဲ့ကြပါသည်။ သို့ရာတွင် ထိုစဉ်ကတမန်တော်တစ်ဆယ့်နှစ်ပါးသည် သစ္စာဖောက်သည့်အပြုအမူမျိုးကိုမပြခဲ့ကြချေ။ ပေတရုသည် ခရစ်တော်အပေါ်တွင်သစ္စာစောင့်သိကြောင်း အခြားတမန်တော်အားလုံးကိုယ်စားဖွင့်ဟခဲ့ပါသည်။ ထိုအခါယေရှုကလည်း၊ တစ်ကျိပ်နှစ်ပါးသောသင်တို့ကိုငါရွေးကောက်သည်မဟုတ်လော၊ သို့သော်လည်း သင်တို့တွင်ရန်သူတစ်ယောက်ပါသည်ဟု မိန့်တော်မူ၏။ ယောဟန် ၆း၇၀။ တစ်ကျိပ်နှစ်ပါးသောတမန်တော်များထဲမှ တမန်တော်တစ်ပါးသည် မိမိအားအပ်နှံမည်ဖြစ်ကြောင်းနှင့် ပေတရုသည်မိမိအားငြင်းပယ်လိမ့်မည်ဖြစ်ကြောင်း ထိုအထက်ခန်းထဲတွင်ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ သို့ရာတွင် ယခု၌ကိုယ်တော်၏မိန့်ဆိုချက်များသည်ထိုအရာအားလုံးကိုအကျုံးဝင်စေခဲ့ပါသည်။

ထိုသူရှိသမျှတို့သည်စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည်စိတ်မပျက်ပါဟူသော ပေတရု၏ပြင်းပြင်းထန်ထန်ငြင်းဆိုချက်ကို ယခုတွင်ကြားကြရပါသည်။ သူသည်အထက်ခန်းတွင်ပသခါပွဲစားစဉ်က "ကိုယ်တော်အဖို့အကျွန်ုပ်၏အသက်ကိုစွန့်ပါမည်" ဟုပြောခဲ့ဖူးပါသည်။ ထိုအခါ ယေရှုက၊ သူသည်ထိုနေ့ညဉ့်၌ပင် ကယ်တင်ရှင်ကိုငြင်းဆိုလိမ့်မည်ဖြစ်ကြောင်းသတိပေးခဲ့ဖူးပြီး ယခုတစ်ဖန် "ယနေ့ညတွင်ပင် ကြက်နှစ်ခါမတွန်မီ သင်သည်သုံးကြိမ်မြောက်အောင်ငါ့ကိုငြင်းပယ်လိမ့်မည်" ဟုထပ်မံ၍သတိပေးတော်မူလိုက်ရာ

ပေတရုက “ကိုယ်တော်နှင့်တကွသေရသော်လည်း အကျွန်ုပ်သည်ကိုယ်တော်ကိုမငြင်းမပယ်ပါဟု သာ၍ခိုင်ခံ့သောစကားနှင့်လျှောက်ပြန်၏။ ထိုသူအပေါင်းတို့သည်လည်း ထိုနည်းတူလျှောက်ကြ၏။” မာကု ၁၄း၂၉–၃၀၊၃၁။ သူတို့သည် ကိုယ်တော်၏ထပ်မံသတိပေးချက်ကို မိမိကိုယ်ကိုစိတ်ချယုံကြည်သောစိတ်များဖြင့် ငြင်းဆိုခဲ့ကြပါသည်။ တွေ့ကြုံရမည့်စုံစမ်းနှောင့်ယှက်ခြင်းအတွက် သူတို့အဆင်သင့်မရှိကြသေးချေ။ စုံစမ်းခြင်းနှင့်တွေ့ကြုံရသောအချိန်တွင် မိမိတို့၏အားနည်းချက်များကို သူတို့နားလည်သဘောပေါက်ကြပေလိမ့်မည်။

မိမိသည်ထောင်ထဲသို့ဖြစ်စေ၊ ကပ်တိုင်သို့ဖြစ်စေ၊ ကိုယ်တော်ရှင်နှင့်မခွဲမခွာဘဲအတူလိုက်မည်ဖြစ်ကြောင်း ပေတရုပြောဆိုသောအချိန်တွင် အမှန်တကယ်ပင်ထိုကဲ့သို့ဆိုလိုခြင်းဖြစ်သော်လည်း၊ မိမိ၏အခြေအနေမှန်ကိုသူမသိရှိခဲ့ချေ။ ဖြစ်ပျက်နေသောအခြေအနေများကိုအသက်ဝင်လာစေနိုင်သည့်ဒုစရိုက်စိတ်များသည် ၎င်းတို့၏စိတ်နှလုံးထဲတွင်ကိန်းအောင်းနေဆဲဖြစ်ပါသည်။ ထိုအန္တရာယ်ကိုသူသတိမပြုခဲ့ပါလျှင် ထာဝရဆုံးရှုံးခြင်းကိုဖြစ်စေပါလိမ့်မည်။ ၎င်း၏စိတ်နှလုံးထဲတွင် ကိုယ်ကိုကိုယ်ချစ်တတ်သောစိတ်ထားနှင့် ခရစ်တော်ကိုမိမိချစ်သည်ထက် ပို၍အာမခံချက်ပေးတတ်သောစိတ်ထားများကို ခရစ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ချို့ယွင်းချက်များစွာကိုလည်းကောင်း၊ ဆက်လက်ကျုံးလွန်နေသောအပြစ်များကိုလည်းကောင်း အလျင်စလိုလုပ်တတ်သောစိတ်၊ ညစ်ပတ်သောစိတ်နှင့် စုံစမ်းခြင်းထဲသို့ပါသွားစေနိုင်သည့်အရေးမစိုက်သောစိတ်ဓာတ်များကိုလည်းကောင်း ပေတရု၏အသက်တာတွင်ထင်ရှားစွာတွေ့မြင်နေရပါသည်။ ခရစ်တော်၏သတိပေးချက်သည် စိတ်နှလုံးကိုပြင်ဆင်ရန်ဆင့်ဆိုချက်တစ်ရပ်ဖြစ်ပါသည်။ ပေတရုအနေဖြင့် မိမိကိုယ်ကိုမကိုးစားတော့ဘဲ ခရစ်တော်အပေါ်လေးနက်စွာယုံကြည်ဖို့လိုအပ်နေခဲ့ပါသည်။ သူသည်နှိမ့်ချသောသဘောဖြင့် ထိုသတိပေးချက်ကိုလက်ခံခဲ့မည်ဆိုလျှင် ကိုယ်တော်၏သိုးတို့ကိုစောင့်ရှောက်ထိန်းသိမ်းခွင့်ပြုရန် သိုးထိန်းကြီးအားအသနားခံခဲ့လိမ့်မည်ဖြစ်ပါသည်။ ဂါလိလဲအိုင်တွင်ရေနစ်တော့မည်ဖြစ်စဉ်က ကယ်တော်မူပါ



သခင်ဟု သူအော်ဟစ်တောင်းခံခဲ့ပါသည်။ ထိုသို့တောင်းခံခဲ့သဖြင့် ခရစ်တော်သည်လက်တော်ကိုဆန့်တန်း၍ သူ၏လက်ကိုဖမ်းကိုင်ကယ်ဆယ်ခဲ့ပါသည်။ ယခုလည်း ကျွန်ုပ်တို့အားကယ်တော်မူပါသခင်ဟုတောင်းပန်ခဲ့လျှင် သူသည်ခရစ်တော်၏မစစောင့်ရှောက်ခြင်းကိုခံခဲ့ရပါသည်။ သို့သော်လည်း၊ ခရစ်တော်သည် မိမိအားမယုံကြည်တော့ကြောင်းပေတရုသိရှိခဲ့ပြီး ထိုသို့ယုံကြည်မှုမရရှိခဲ့ခြင်းကို စိတ်ထိခိုက်စေသောအမှုတစ်ခုအဖြစ် သူမှတ်ယူခဲ့ပါသည်။ ပေတရုသည်စိတ်နာကြည်းစွာဖြင့် ပို၍ပင်ကိုယ့်ကိုကိုယ်စိတ်ချယုံကြည်လာခဲ့ပါသည်။

သခင်ယေရှုသည် ကြင်နာသနားစွာဖြင့် တပည့်တော်များအားကြည့်တော်မူ၏။ ကိုယ်တော်သည် ၎င်းတို့အားစုံစမ်းစစ်ဆေးမှုများမှမကယ်တင်နိုင်သော်လည်း နှစ်သိမ့်မှုမပေးဘဲစွန့်ပစ်ထားတော်မမူချေ။ မိမိသည် သေခြင်းအနှောင်အဖွဲ့များကိုချိုးဖဲ့ပစ်မည်ဖြစ်ကြောင်း၊ ၎င်းတို့အပေါ်ထားရှိသည့် မိမိ၏မေတ္တာတော်သည် ဆက်လက်တည်မြဲနေမည်ဖြစ်ကြောင်းများကို ၎င်းတို့အားခရစ်တော်အာမခံချက်ပေးတော်မူခဲ့သည်။ ထို့ကြောင့် ငါသည်ထမြောက်ပြီးမှသင်တို့ရှေ့ဂါလိလဲပြည်သို့သွားမည်ဟု မိန့်တော်မူခဲ့ပါသည်။ မဿဲ ၂၆း၃၂။ သူတို့သည်ကိုယ်တော်ရှင်အားမငြင်းပယ်မီကပင် အပြစ်လွှတ်ခြင်းအာမခံချက်ကိုရရှိထားပါသည်။ ကိုယ်တော်ရှင်ထမြောက်ပြီးသည့်နောက်ပိုင်းတွင် မိမိတို့သည်အပြစ်လွှတ်ခြင်းခံရပြီးကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ရှင်အတွက်တန်ဖိုးရှိလှသောသူများဖြစ်ကြောင်းကိုလည်းကောင်း သူတို့သိရှိခဲ့ကြပါသည်။

သခင်ယေရှုသည် တပည့်တော်များလိုက်ပါလျက် သံလွင်တောင်ခြေတွင်ရှိသောဂေသရေမန်ဥယျာဉ်သို့ ဦးတည်၍သွားတော်မူခဲ့ပါသည်။ ကိုယ်တော်သည်ဆုတောင်းရန်နှင့် တရားတော်ကိုဆင်ခြင်သုံးသပ်ရန် ထိုနေရာသို့မကြာခဏသွားရောက်ခဲ့ဖူးပါသည်။ မိမိလုပ်ဆောင်မည့်လောကအမှုတော်လုပ်ငန်းကိုလည်းကောင်း၊ ကိုယ်တော်ရှင်နှင့်ဝိညာဉ်ရေးဆက်သွယ်မှုရရှိရန်၎င်းတို့ဆက်လက်လုပ်ဆောင်ရမည့်အရာများကိုလည်းကောင်း တပည့်တော်များအား ကိုယ်တော်ရှင်းလင်းမိန့်မြွက်တော်မူခဲ့ပြီးဖြစ်ပါသည်။ ယခုတွင်

ကိုယ်တော်သည် ထိုသင်ခန်းစာကိုသာဓကများဖြင့်ရှင်းလင်းဖော်ပြတော်မူပါသည်။ ထိန်ထိန်သာနေသောလရောင်အောက်ဝယ် တွေ့မြင်နေရသောအညွန့်တလူလူနှင့်ပေါက်ရောက်နေသည့်စပျစ်နွယ်ပင်ကို တပည့်တော်များအားအာရုံပြုစေလျက် ပုံဆောင်မှုတစ်ခုအနေဖြင့်အသုံးပြုကာ –

ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်၏ဟုမိန့်တော်မူ၏။ ခရစ်တော်သည် မိမိကိုယ်တိုင်ကိုပုံဆောင်ရန် တင့်တယ်သောစွန်ပလွံပင်၊ မြင့်မားသောအာရဇ်ပင် (သို့မဟုတ်) ခိုင်ခံ့သောဝက်သစ်ချပင်များကိုမရွေးချယ်ဘဲ တစ်ခုခုအပေါ်မှာနွယ်၍ရသော စပျစ်နွယ်ပင်ကိုရွေးချယ်ခဲ့ပါသည်။ စွန်ပလွံပင်၊ အာရဇ်ပင်နှင့်ဝက်သစ်ချပင်များသည် ၎င်းတို့ဘာသာရပ်တည်နိုင်ကြပါသည်။ အပင်များသည် မိမိတို့အားအထောက်အမပြုပေးဖို့ရန် စင်မလိုပါချေ။ သို့ရာတွင် စပျစ်ပင်မှာမူ ကြက်တူရွေးတန်းများတွင် နှာမောင်းဖြင့်ရစ်ပတ်ကာ အထက်သို့တက်ရပါသည်။ ထိုနည်းအတူ လူဇာတိကိုခံယူထားသည့်ခရစ်တော်သည် ဘုရားသခင်ထံမှတန်ခိုးအစွမ်းများကိုမှီခိုအားထားခဲ့ရပါသည်။ ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၅း၃၀။

ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ယုဒများသည် စပျစ်ပင်ကို အမွန်မြတ်ဆုံးသောအပင်မျိုး၊ အစွမ်းအထက်ဆုံးအကောင်းဆုံးအသီးအသီးဆုံးအပင်မျိုးအဖြစ် အမြဲတမ်းမှတ်ယူခဲ့ကြပါသည်။ ဣသရေလများအားကတိထားတော်မူသောပြည်၌ ဘုရားသခင်စိုက်တော်မူခဲ့သောစပျစ်ပင်တစ်ပင်အနေဖြင့်ရုပ်လုံးဖော်ခဲ့ပါသည်။ ယုဒလူများသည် ကယ်တင်ခြင်းနှင့်ပတ်သက်သော မိမိတို့၏မျှော်လင့်ချက်ကို ဣသရေလများနှင့်မိမိတို့အကြား ဆက်နွယ်မှုအပေါ်တွင်အခြေပြုထားကြပါသည်။ သို့ရာတွင် ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်သည်ဟုမိန့်တော်မူခြင်းအားဖြင့် ဣသရေလများနှင့်ဆက်နွယ်ရုံလောက်နှင့် သင်တို့သည်ဘုရားသခင်ထံမှ ထာဝရအသက်ကိုရယူနိုင်သူများဖြစ်မလာနိုင်ပါ၊ ကတိတော်နှင့်ဆိုင်သောအမွေခံများဖြစ်မလာနိုင်ပါ၊ ငါ့အားဖြင့်သာဝိညာဉ်ရေးအသက်တာကိုသင်တို့ရရှိလိမ့်မည်ဟု ယေရှုရှင်မိန့်တော်မူနေပါသည်။



“ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်ပါသည်။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။” ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်သည် ဤစပျစ်နွယ်ပင်ကိုပါလေတိနတိုင်းရှိတောင်ကုန်းများထက်ဝယ်စိုက်ထားတော်မူခဲ့ပါသည်။ ခမည်းတော်ကိုယ်တော်တိုင်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။ လူများစွာတို့သည် ဤစပျစ်နွယ်ပင်၏တင့်တယ်မှုကို စွဲလမ်းခဲ့ကြပြီး၊ မြင့်မြတ်သောဇာတိတော်ကိုဖွင့်ဟခဲ့ကြပါသည်။ သို့ရာတွင် ထိုစပျစ်ပင်သည် ဣသရေလခေါင်းဆောင်ကြီးများအတွက်မူ ခြောက်သွေ့သောမြေပေါ်မှာနေသောအမြစ်တစ်ခုကဲ့သို့ဖြစ်နေပါသည်။ သူတို့သည် ထိုအပင်ကိုဆွဲနုတ်ချိုးဖဲ့ပြီး၊ မသန့်ရှင်းသောမြေပေါ်တွင်နင်းချေခဲ့ကြပါသည်။ ထိုစပျစ်နွယ်ပင်အား ထာဝရပျက်စီးသွားစေရန်အလိုငှာ သူတို့အလိုရှိခဲ့ကြပါသည်။ သို့ရာတွင် ဥယျာဉ်စောင့်ကြီးသည် မိမိစိုက်ပျိုးခဲ့သောထိုအပင်များကို မျက်ခြည်ပြတ်မခံခဲ့ပါချေ။ ၎င်းတို့က ထိုအပင်ကိုမိမိတို့သတ်ပစ်ခဲ့ကြပြီဟုအထင်ရှိခဲ့ကြသော်လည်း၊ ကိုယ်တော်သည် ထိုအပင်ကိုတစ်ဖန်ယူပြန်၍ တံတိုင်းတစ်ဘက်တွင်စိုက်ပျိုးပြန်ပါသည်။ ထိုစပျစ်ပင်၏ပင်စည်သည် လူသားများ၏ရက်စက်လှသောချင်းနင်းတိုက်ခိုက်မှုများအလယ်တွင် လုံးဝပျောက်ကွယ်သွားဖို့သူတို့လိုလားခဲ့ကြသော်လည်း၊ ထိုအပင်၏အကိုင်းအခက်များသည် တံတိုင်းပေါ်ဝယ်စည်ကားကြီးပွားလျက်ရှိနေပါသည်။ ထိုအကိုင်းအခက်များသည် စပျစ်နွယ်ပင်ကြီးကိုရုပ်လုံးဖော်ကြရန်ဖြစ်ပါသည်။ ထိုအကိုင်းအခက်များနှင့်ကိုင်းဆက်ခြင်းအားဖြင့် စပျစ်နွယ်ပင်နှင့်အဆက်အသွယ်ပြုနိုင်ကြဆဲဖြစ်ပါသည်။ အနားမှဖြတ်သွားသူများကခူးဆွတ်ခဲ့ကြသည့်ရိတ်သိမ်းမှုတစ်ခုလည်း ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏ဟုတပည့်တော်များအားခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့နှင့်ခွဲခွာရတော့မည့်ဆဲဆဲဖြစ်သော်လည်း ကိုယ်တော်နှင့်ဝိညာဉ်ရေးဆက်သွယ်မှုမှာအပြောင်းအလဲမရှိပါချေ။ စပျစ်နွယ်ပင်နှင့်အခက်များ၏ဆက်နွယ်မှုသည် သင်တို့နှင့်ငါအကြားဆက်နွယ်မှုကိုပုံဆောင်သည်ဟု ခရစ်တော်

မိန့်တော်မူပါသည်။ ဆက်မည့်အကိုင်းကိုကြီးပွားတိုးတက်နေသောစပျစ်ပင်ကြီးတွင်ဆက်လိုက်သောအခါ အမျှင်အချင်းချင်း၊ အကြောအချင်းချင်းဆက်စပ်မိကာ ထိုအကိုင်းကလေးသည် စပျစ်ပင်ကြီးနှင့်တစ်သားတည်းကျသွားပြီး အသက်ရှင်လာပါသည်။ နွယ်ပင်၏အသက်သည် ထိုအကိုင်းကလေး၏အသက်ဖြစ်ပါသည်။ ထိုနည်းတူပြစ်မှားကျူးလွန်မှုများနှင့်အပြစ်ဒုစရိုက်များတွင် အသေဖြစ်လျက်ရှိသောအသက်ဝိညာဉ်တစ်လုံးသည် ခရစ်တော်နှင့်ဆက်နွယ်ခြင်းအားဖြင့် အသက်ရှင်လာပါသည်။ ကိုယ်တော်ရှင်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းအားဖြင့် ထိုဆက်နွယ်မှုသည်ဖြစ်ပေါ်လာပါသည်။ ထိုအပြစ်သားသည် မိမိ၏အားနည်းချက်ကို ခရစ်တော်၏ပြည့်စုံခြင်းနှင့်လည်းကောင်း၊ မိမိချွတ်ယွင်းပျက်စီးလွယ်သောသဘာဝကို ခရစ်တော်၏ခိုင်ခံ့သောတန်ခိုးတော်နှင့်လည်းကောင်း၊ ပေါင်းစပ်ထားသောအချိန်တွင် သူ၌ခရစ်တော်၏စိတ်နေသဘောထားမျိုးရှိလာပါသည်။ ခရစ်တော်၏လူသားဇာတိသည် ကျွန်ုပ်တို့၏လူသားဇာတိနှင့်ထိတွေ့ကာ ကျွန်ုပ်တို့၏လူသားဇာတိသည် ဘုရားဇာတိတော်နှင့်ထိတွေ့ပါသည်။ ထိုကဲ့သို့သောဝိညာဉ်တော်၏တန်ခိုးတော်ကြောင့် လူသားများသည် ဘုရားဇာတိတော်ကိုမျှဝေခံစားရသူများဖြစ်လာကြပါသည်။ ထိုသူကိုခရစ်တော်အားဖြင့် ဘုရားသခင်လက်ခံတော်မူပါသည်။

ခရစ်တော်နှင့်ဤကဲ့သို့တစ်ကြိမ်တစ်ခါပြုခဲ့ပြီးသော တစ်လုံးတစ်ဝရှိခြင်းကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ "ငါ၌တည်နေကြလော့၊ ငါသည်လည်းသင်တို့၌တည်နေမည်။ စပျစ်ခက်သည်အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်ကြ" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ခရစ်တော်၌တည်နေခြင်းသည် ရံဖန်ရံခါသာတည်နေခြင်းမျိုး၊ ဆက်လိုက်ဖြုတ်လိုက်ဖြစ်နေသည့်တည်နေခြင်းမျိုးမဟုတ်ရချေ။ အဆက်မပြတ်တည်နေခြင်းမျိုးဖြစ်ရပါမည်။ သို့မှသာထိုအခက်သည် စပျစ်နွယ်ပင်ကြီး၏အစိတ်အပိုင်းတစ်ခုဖြစ်လာပါမည်။ အမြစ်နှင့်အကိုင်းအခက်တို့၏ဆက်နွယ်နေမှုသည် ပြတ်တောက်ခြင်းမရှိဘဲ ထာဝစဉ်ဆက်နွယ်မှုသာဖြစ်ရပါမည်။ ထိုအခက်သည်



စပျစ်နွယ်ပင်နှင့်ကွာသွားလျှင် အသက်ရှင်နိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့် ငါနှင့်ကွာလျှင် သင်တို့သည်အသက်မရှိနိုင်ကြ။ ငါ့ထံမှသင်ရရှိထားသောအသက်သည် ငါနှင့်အစဉ်မပြတ်အဆက်အသွယ်ပြုခြင်းအားဖြင့်သာ ဆက်လက်ရှင်သန်စေပါလိမ့်မည်။ ငါနှင့်ကွာလျှင် သင်သည်အပြစ်ကျူးလွန်ခြင်းကိုမကျော်လွှားနိုင်ပါချေ။ သို့တည်းမဟုတ် စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်းတွန်းလှန်နိုင်ကြလိမ့်မည်မဟုတ်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ငါ၌တည်နေလော့။ ငါသည်လည်း သင်တို့၌တည်နေမည်ဟု ခရစ်တော်မိန့်တော်မူရာတွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုအစဉ်မပြတ်ရယူကာ အမှုတော်မြတ်အတွက်အကြွင်းမဲ့ဆက်ကပ်လုပ်ဆောင်သောအသက်တာကိုဆိုလိုပါသည်။ လူသားများနှင့်ဂင်း၏ဘုရားသခင်အကြား၌ရှိသောဆက်သွယ်ရေးလမ်းကြောင်းကို အမြဲတမ်းဖွင့်ထားရပါမည်။ စပျစ်ခက်များသည် စပျစ်နွယ်ပင်ကြီးမှသစ်ရည်များကိုအစဉ်မပြတ်စုပ်ယူလျက်ရှိသကဲ့သို့ ကျွန်ုပ်တို့သည်လည်းခရစ်တော်ကိုမှီခိုအားထားလျက် ယုံကြည်ခြင်းအားဖြင့် လိုအပ်သောခွန်အားများနှင့် ကိုယ်တော်၏ပြည့်စုံသောစာရိတ္တတော်ကိုရယူကြရန်ဖြစ်ပါသည်။

အမြစ်သည်အကိုင်းမှတစ်ဆင့် အစွန်အဖျားတွင်ရှိသောအခက်များသို့အစာရေစာများကိုပို့ပေးသကဲ့သို့ ခရစ်တော်သည်ယုံကြည်သူတိုင်းထံသို့ဝိညာဉ်ခွန်အားများကိုဆက်သွယ်ပေးပို့တော်မူပါသည်။ ထိုအသက်ဝိညာဉ်သည် ခရစ်တော်နှင့်ဆက်သွယ်နေသမျှကာလပတ်လုံး ညှိုးနွမ်းခြင်းနှင့်ပျက်ယွင်းခြင်းအန္တရာယ်မှကင်းဝေးပါသည်။

အကိုင်းအခက်များအပေါ်တွင်သီးပွင့်နေသော မွှေးပျံ့နေသည့်အသီးများကိုကြည့်ခြင်းအားဖြင့် ထိုစပျစ်နွယ်ပင်သည် အသက်ရှင်လျက်ရှိကြောင်းထင်ရှားပါလိမ့်မည်။ ထို့ကြောင့် "အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏။ ထိုသူသည်များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည်ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌တည်နေသော

အချိန်တွင် ဝိညာဉ်ဆုကျေးဇူးအသီးအပွင့်အားလုံးကို ကျွန်ုပ်တို့၏အသက်တာတွင် တွေ့မြင်ကြရပါလိမ့်မည်။

"ငါ့ခမည်းတော်သည်လည်းဥယျာဉ်စောင့်ဖြစ်တော်မူ၍ ငါ၌အသီးမသီးသောအခက်ရှိသမျှတို့ကိုခုတ်ပစ်တော်မူ၏။" စပျစ်နွယ်ပင်နှင့်အပေါ်ယံအားဖြင့်သာကိုင်းဆက်ထားခြင်းသည် အရေးပါသောပေါင်းစည်းမှုတစ်ခုခုကို မျှဖြစ်နိုင်လိမ့်မည်မဟုတ်ဘဲ ဆက်ထားသောထိုကိုင်းသည် ကြီးပွားတိုးတက်ခြင်းမရှိသည့်အပြင် အသီးလည်းမသီးနိုင်ပါချေ။ ထိုနည်းအတူ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်အမှန်တကယ်ဆက်သွယ်မှုမရှိသည့်အပေါ်ယံအပြင်ပန်းဆက်သွယ်မှုမျိုးလည်း ရှိကောင်းရှိနိုင်ပါသည်။ ဘာသာတရားတစ်ခုကို လက်ခံလိုက်ခြင်းအားဖြင့် လူမျိုးများသည် အသင်းတော်ထဲသို့ရောက်ရှိလာနိုင်သော်လည်း၊ ၎င်းတို့သည် ခရစ်တော်နှင့်ဆက်နွယ်မှုရှိသည်– မရှိသည်ကို ၎င်းတို့၏အကျင့်စရိုက်များကဖော်ပြနေပါသည်။ သူတို့သည်အသီးမသီးကြလျှင် စပျစ်နွယ်ပင်၌တည်သောစပျစ်ခက်များမဟုတ်ကြချေ။ သူတို့သည် ခရစ်တော်ထံမှကွာဝေးကြလျှင် ခြောက်သွေ့သွားသည့်စပျစ်ကိုင်းကဲ့သို့ ပျက်စီးသွားကြမည်သာတည်း။ ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည် စုသိမ်း၍မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ရောက်ကြ၏ဟုခရစ်တော်မိန့်တော်မူ၏။

"အသီးသီးသောအခက်ရှိသမျှတို့ကိုသာ၍သီးစေခြင်းငှာ သုတ်သင်ရှင်းလင်းတော်မူ၏။" ရွေးချယ်တော်မူခြင်းခံရသည့် တမန်တော်တစ်ဆယ့်နှစ်ပါးအနက် တစ်ပါးသည်ညှိုးနွမ်းသွေ့ခြောက်သောအကိုင်းဖြစ်နေသဖြင့် ပစ်ပယ်ရတော့မည်ဖြစ်ပြီး၊ ကျန်ဆယ့်တစ်ပါးမှာမူ ခါးသီးသောဒုက္ခဝေဒနာတည်းဟူသော အကိုင်းအခက်ဖြတ်သည့်ဓား၏အောက်တွင် ကျော်ဖြတ်ကြရမည်ဖြစ်ပါသည်။ အကိုင်းအခက်များကိုဖြတ်ခြင်း၊ တိခြင်း၊ ချိုးခြင်းများသည် အပင်အားနာကျင်မှုကိုဖြစ်စေသော်လည်း၊ ထိုဓားကိုအသုံးပြုမည့်သူမှာ အဖခမည်းတော်ဖြစ်သဖြင့် ကိုယ်တော်သည်စည်းမဲ့ကမ်းမဲ့လုပ်ဆောင်တတ်



သောလက်ကိုအသုံးပြု၍ စိတ်မပါ့တပါနှင့်ထိုအကိုင်းများကိုတိဖြတ်လိမ့်မည်မဟုတ်ကြောင်း၊ ဥယျာဉ်စောင့်၏လုပ်ဆောင်မှုများကိုနူးညံ့သိမ်မွေ့စွာကိုယ်တော်ရှင်ပြတော်မူခဲ့ပါသည်။ မြေကြီးပေါ်တွင်ဖြာလျက်နွယ်တက်နေသောစပျစ်ခက်တချို့ရှိနေကြပါသည်။ မြေကြီး၏အထောက်အမများကိုရစ်ပတ်ထားကြသည့် ၎င်းတို့၏နွယ်နှာမောင်းများကို ဖြတ်တောက်ပစ်ရမည်ဖြစ်ပါသည်။ ထိုအခက်များသည် အထက်အရပ်သို့သာနွယ်တက်သွားကာ အထောက်အမများကို ဘုရားသခင်ထံ၌ရှာကြံကြရန်ဖြစ်ပါသည်။ အသီးသီးခြင်းကို အဟန့်အတားဖြစ်လောက်အောင် အဆမတန်စည်ကားပွားများနေသည့်အရွက်များကိုလည်းဖြတ်ပစ်ရပါမည်။ တရားတော်နေမင်းကြီးထံမှ အနာပျောက်ကင်းစေသည့်လင်းရောင်ခြည်များရရှိရန် အဆမတန်များပြားနေသည့်အရွက်များကိုဖြတ်တောက်ပစ်ရမည်ဖြစ်ပါသည်။ အသီးများကောင်းမွန်များပြားစွာသီးလာနိုင်စေမှုကို ထိခိုက်နစ်နာစေသည့်အရွက်များနှင့်အကိုင်းအခက်များကို ဥယျာဉ်စောင့်ကြီးကဖြတ်တောက်ရှင်းလင်းတော်မူပါသည်။

"သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့် ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၏။" ဘုရားသခင်သည် မိမိ၏စာရိတ္တတော်တည်းဟူသောသန့်ရှင်းခြင်း၊ ကျေးဇူးပြုခြင်းနှင့်သနားကြင်နာခြင်းများကို သင်၏အသက်တာအားဖြင့်ထင်ရှားစေလိုတော်မူပါသည်။ သို့စေကာမူ ကိုယ်တော်သည် တပည့်တော်များအားအသီးကိုသီးရန်မလုပ်ဆောင်ခိုင်းဘဲ မိမိ၌တည်နေရန်သာခိုင်းစေတော်မူပါသည်။ "သင်တို့သည်ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်" ဟုကိုယ်တော်မိန့်တော်မူပါသည်။ အဓိပ္ပါယ်မှာ နှုတ်ထွက်စကားများအားဖြင့် ခရစ်တော်သည် တပည့်တော်များ၌တည်နေပါသည်။ ဤအရာသည် ပွဲတော်မင်္ဂလာတွင်ပုံဆောင်အသုံးပြုထားသော ကိုယ်တော်၏အသားနှင့်အသွေးကိုစားသုံးခြင်းတို့၌ရုပ်လုံးဖော်ထားသည့် အရေးပါသောဆက်နွယ်မှုများနှင့်အတူတူပင်ဖြစ်ပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများသည် ဝိညာဉ်လည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ထိုနှုတ်ကပတ်တော်များကိုလက်ခံခြင်းအားဖြင့်

သင်သည်အသက်ကိုရရှိပါသည်။ သင်သည် “ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ရှင်လိမ့်မည်။” မဿဲ ၄း၄။ သင့်အထဲတွင်ရှိသော ခရစ်တော်ပေးတော်မူသည့်ထိုအသက်သည် ကိုယ်တော်၌သီးသောအသီးများကိုသီးလာစေပါသည်။ သင်သည် ခရစ်တော်၌အသက်ရှင်ခြင်းအားဖြင့်လည်းကောင်း၊ ခရစ်တော်ထံမှအမအစရရှိခြင်းအားဖြင့်လည်းကောင်း ခရစ်တော်ထံမှအစာရေစာများကိုစုပ်ယူလျက် ကိုယ်တော်၏အသက်တာတွင်ထင်ရှားစေခဲ့သောအသီးများနှင့်တထေရာတည်းဟူသည့်အသီးများကို သီးပွင့်လာစေပါသည်။

တပည့်တော်များနှင့်နောက်ဆုံးအကြိမ်အဖြစ်တွေ့ဆုံခဲ့သော ဤအချိန်တွင် ၎င်တို့အတွက်ကိုယ်တော်ရှင်ဖွင့်ဟရန်အလွန်ဆန္ဒပြင်းပြနေသောအရာမှာ ကိုယ်တော်သည်၎င်းတို့အားချစ်သည်နည်းတူ ၎င်းတို့အချင်းချင်းလည်းချစ်ကြဖို့ပင်ဖြစ်ပါသည်။ ထိုကြောင့် သင်တို့သည်အချင်းချင်းချစ်စေခြင်းငှာ ဤပညတ်တို့ကိုငါပေး၏ဟု ထပ်ခါတလဲလဲကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ သင်တို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။ အထက်ခန်းတွင်တပည့်တော်များနှင့်သီးသန့်ရှိစဉ်က ပထမဦးစွာမိန့်တော်မူခဲ့ဖူးပါသည်။ ခရစ်တော်သည်၎င်းတို့အားချစ်သကဲ့သို့ အချင်းချင်းမချစ်ကြသောထိုတမန်တော်များအတွက် ဤပညတ်သည် ပညတ်သစ်ဖြစ်နေပါသည်။ မိမိ၏အသက်တာနှင့်အသေခံခြင်းကြောင့် သူတို့သည်မေတ္တာတရားနှင့်ပတ်သက်သည့် အသစ်သောစိတ်ကူးစိတ်သန်းများရရှိလာကာ အသစ်သောအတွေးအခေါ်များနှင့် အသစ်သောစိတ်ဇောများ၏ထိန်းချုပ်မှုကိုခံရပြီး အသစ်သောစည်းမျဉ်းများကိုကျင့်သုံးလာမည်ကို ကိုယ်တော်တွေ့မြင်တော်မူထားပါသည်။ အချင်းချင်းချစ်ကြလော့ဟူသောပညတ်၌ ကိုယ်တော်ရှင်ပြုတော်မူသော မိမိကိုယ်ကိုဆက်ကပ်ခြင်းဆိုင်ရာအလင်းတရားတွင် အသစ်သောအဓိပ္ပါယ်ရှိနေပါသည်။ ကျေးဇူးတော်၏ပြည့်စုံသောလုပ်ဆောင်မှုသည် သူတစ်ပါးအားချစ်ခြင်း၊ ကိုယ်အလိုကိုငြင်းပယ်ခြင်း၊ မိမိကိုယ်ကိုဆက်ကပ်ကြိုးစားခြင်းများ၏အဆက်မပြတ်လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ဤလောက



၌ခေတ္တခဏလာရောက်နေထိုင်ခဲ့သော ခရစ်တော်၏အသက်တာတစ်လျှောက်လုံးတွင် ဘုရားသခင်၏မေတ္တာတော်သည် ကိုယ်တော်ထံမှအဆက်မပြတ်ယိုစီးနေခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောသူများသည် ကိုယ်တော်ရှင်ပြုတော်မူခဲ့သည့်အတိုင်း အချင်းချင်းချစ်ကြပါလိမ့်မည်။ ခရစ်တော်အားနှိုးဆွပေးခဲ့သောမူလစွမ်းအင်ကလေးသည် အချင်းချင်းဆက်ဆံရေးများအတွက် ကျွန်ုပ်တို့အားနှိုးဆွပေးပါလိမ့်မည်။

ဤချစ်ခြင်းမေတ္တာသည် ကိုယ်တော်ရှင်၏တပည့်တော်ဖြစ်ကြောင်းအထောက်အထားတစ်ခုဖြစ်ပါသည်။ ထိုကြောင့် သင်တို့သည်အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည်ထိုမေတ္တာကိုထောက်၍ သင်တို့သည်ငါ၏တပည့်ဖြစ်သည်ကိုသိရလိမ့်မည်ဟု ခရစ်တော်မိန့်မြွက်တော်မူခဲ့ပါသည်။ သူတစ်ပါးကအတင်းအကျပ်ခိုင်းစေမှုကြောင့်မဟုတ်၊ မိမိအမြတ်အစွန်းရရှိရေးအတွက်ကြောင့်မဟုတ်ဘဲ မေတ္တာကိုအခြေခံ၍အတူတကွစည်းရုံးညီညာမှုရှိသောအချိန်တွင် မိမိတို့သည်မြင့်မြတ်သောတန်ခိုးတော်၏လုပ်ဆောင်မှုအောက်တွင်ရှိနေကြောင်း ဖော်ပြနေခြင်းဖြစ်ပါသည်။ ဤကဲ့သို့တစ်လုံးတစ်ဝတည်းရှိနေခြင်းသည် လူသားများ၌ဘုရားသခင်၏ပုံသဏ္ဌာန်တော်ပြန်လည်ရရှိကြောင်းနှင့် အသက်တာ၏အသစ်သောစည်းမျဉ်းများကို ခိုင်မာစေလျက်ရှိကြောင်းများအတွက်အထောက်အထားဖြစ်ပါသည်။ ဒုစရိုက်၏သဘာဝလွန်တန်ခိုးများကိုတွန်းလှန်နိုင်သောတန်ခိုးတော်သည် မြင့်မြတ်သောသဘာဝတွင်တည်ရှိနေတော်မူကြောင်း၊ ဇာတိပကတိစိတ်နှလုံးထဲတွင်စွဲငြိနေသော တစ်ကိုယ်ကောင်းစိတ်ကို ဘုရားသခင်၏ကျေးဇူးတော်ကချေဖျက်ပစ်နိုင်ကြောင်းကိုလည်း ထိုအရာကထင်ရှားပေါ်လွင်စေပါသည်။

ဤမေတ္တာမျိုးသည် အသင်းတော်ထဲတွင်တည်ရှိနေမည်ဆိုလျှင် စာတန်သည်အမျက်ထွက်လာမည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသည်။ ခရစ်တော်သည် တပည့်တော်အားပန်းခင်းသောလမ်းကိုလျှောက်လှမ်းရန် ပြဋ္ဌာန်းတော်မူခဲ့သည်မဟုတ်ချေ။ လောကီသားတို့သည်သင်တို့ကိုမုန်းလျှင် သင်တို့ကိုမမုန်းမီငါ့ကိုမုန်းကြသည်ဟုသိမှတ်ကြလော့။ သင်တို့သည်လောကီနှင့်ဆက်ဆံလျှင်

လောကီသားတို့သည် မိမိတို့နှင့်ဆက်ဆံသောသင်တို့ကိုချစ်ကြလိမ့်မည်။ သင်တို့သည်လောကီနှင့်မဆက်ဆံ၊ လောကီထဲကငါရွေးကောက်သောသူဖြစ်သောကြောင့် လောကီသားတို့သည်သင်တို့ကိုမုန်းကြ၏။ ကျွန်သည်သခင်ထက်သာ၍ကြီးမြတ်သည်မဟုတ်ဟု ငါပြောခဲ့ပြီးသောစကားကိုအောက်မေ့ကြလော့။ သူတို့သည် ငါ့ကိုညှဉ်းဆဲလျှင်သင်တို့ကိုညှဉ်းဆဲကြလိမ့်မည်။ ငါ့စကားကိုနားထောင်လျှင် သင်တို့၏စကားကိုနားထောင်ကြလိမ့်မည်။ ထိုသူတို့သည် ငါ့ကိုစေလွှတ်တော်မူသောသူကိုမသိသည်ဖြစ်၍ ငါ၏နာမကြောင့် သင်တို့အားထိုအမှုရှိသမျှတို့ကိုပြုကြလိမ့်မည်ဟု ခရစ်တော်ဆက်လက်မိန့်ကြားတော်မူခဲ့ပါသည်။ ဧဝံဂေလိတရားတော်သည် ဆန့်ကျင်မှုများ၊ ဘေးအန္တရာယ်များ၊ ဆုံးရှုံးမှုများနှင့်ဒုက္ခဝေဒနာများ၏အလယ်တွင် တိုက်လှန်မှုများကိုရင်ဆိုင်လျက် ဆက်လက်ပြန့်ပွားစေရမည်သာဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်နေသူများသည်သာ သခင်ဘုရား၏ခြေတော်ရာများကိုလိုက်လျှောက်နေကြသူများဖြစ်ကြပါသည်။

ခရစ်တော်သည် လောကကမ္ဘာ၏ကယ်တင်ရှင်တစ်ပါးအနေဖြင့် ကြီးကျယ်သောဆုံးရှုံးမှုများနှင့်ရင်ဆိုင်တော်မူခဲ့ရပါသည်။ ကရုဏာတော်၏စေတမန်ဖြစ်သောကိုယ်တော်သည် လူသားများအားကယ်တင်ရန် မိမိလုပ်လိုသောအရာများမှအလွန်အနည်းငယ်သောအရာကိုသာ လုပ်ကိုင်ဆောင်ရွက်ခဲ့သယောင်ဖြစ်နေပါသည်။ သို့သော်လည်း စိတ်ဓာတ်ကျဆင်းတော်မမူခဲ့ချေ။ စာတန်၏ဘက်တော်သားများသည် ကိုယ်တော်၏လမ်းစဉ်များကို အစဉ်သဖြင့်ဆန့်ကျင်ခဲ့ကြပါသည်။ ဟေရှာယအားဖြင့် ကိုယ်တော်ရှင်မိန့်တော်မူသည်ကား၊ ငါကလည်းအကျိုးမရှိဘဲငါလုပ်ဆောင်ရပြီ။ အချည်းနှီးသက်သက်ငါ့ခွန်အားကုန်ရပြီ။ သို့သော်လည်း ငါ့အမှုသည်ထာဝရဘုရားရှေ့တော်၌ရှိ၏။ ငါခံရသောအခလည်း ငါ၏ဘုရားသခင်လက်တော်၌ရှိသည်ဟုဆို၏။--- ဣသရေလအမျိုးထံတော်၌ စုဝေးစေခြင်းကိုမခံသော်လည်း---- ငါသည်ထာဝရဘုရားရှေ့တော်၌အသရေထင်ရှား၍ ငါ့ဘုရားသခင်သည်ငါ့ကိုခိုင်ခံ့စေတော်မူသည်ဟူ၍ဖြစ်၏။ ခရစ်တော်အတွက်ကတိထားတော်မူသည်ကား၊



ဣသရေလအမျိုးကိုရွေးနုတ်တော်မူ၍ ထိုအမျိုး၏သန့်ရှင်းသောထာဝရဘုရားသည် အဘယ်သူမျှမနှစ်သက်၊ တစ်ပြည်လုံးရွံရှာဖွယ်ဖြစ်၍ မင်းထံ၌ကျွန်ခံရသောသူအားမိန့်တော်မူသည်ကား--- ထာဝရဘုရားမိန့်တော်မူသည်မှာ---သင့်ကိုလည်းငါစောင့်ရှောက်၍ သင်သည်ပြည်တော်ကိုပြုပြင်လျက် ဆိတ်ညံသောအမွေခံရာအရပ်တို့ကို အမွေပေးစေမည်အကြောင်းထွက်ကြလော့ဟု ချုပ်ထားသောသူတို့အားလည်းကောင်း၊ ပေါ်လာကြလော့ဟု မှောင်မိုက်ထဲမှာနေသောသူတို့အားလည်းကောင်းပြောစေမည်အကြောင်း လူမျိုးအားပဋိညာဉ်တရားကိုပြုစရာဖို့ သင့်ကိုခန့်ထားမည်။ ထိုသူတို့သည် လမ်းခရီးတို့အနားမှာစား၍ မြင့်သောအရပ်ရပ်တို့၌ကျက်စားရာကိုတွေ့ရကြလိမ့်မည်။ သူတို့သည် ရေစာကိုမငတ်မမွတ်ရ။ အပူကိုလည်းမခံရကြ။ နေရောင်ခြည်မထိရ။ အကြောင်းမူကား၊ သူတို့ကိုသနားသောသူသည် သူတို့ကိုပို့ဆောင်၍စမ်းရေတွင်းအနားသို့လမ်းပြလိမ့်မည်ဟူ၍ဖြစ်၏။ ဟေရှာ ၄၉း၄-၅၊ ၇-၁၀။

သခင်ယေရှုသည် ဤကတိတော်အပေါ်တွင်ရပ်တည်တော်မူပြီး စာတန်ကိုမည်သည့်အခွင့်ထူးတစ်စုံတစ်ခုကိုမျှမပေးခဲ့ချေ။ နောက်ဆုံးအဆင့်ဖြစ်သောအသရေယုတ်ညံ့မှုကို ခရစ်တော်ခံရမည့်ဆဲဆဲတွင် ကိုယ်တော်၏စိတ်ဝိညာဉ်သည် အလွန့်အလွန်ပူဆွေးဝမ်းနည်းနေသောအချိန်၌ "ဤလောကကိုအစိုးရသောမင်းသည်လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်အခွင့်အရာကိုမျှမတွေ့ရ" "ဤလောကကိုအစိုးရသောမင်းသည် အပြစ်စီရင်ခြင်းကိုခံရသည်" "ယခုတွင် ဤလောကကိုအစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်" ဟု တပည့်တော်များအား ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၁၄း၃၀။ ၁၆း၁၁။ ၁၂း၃၁။

ခရစ်တော်သည် နောက်ဆုံးအချိန်တွင်ဖြစ်ပျက်မည့်မဟာတိုက်လှန်ပွဲကြီးအကြောင်းကို အနာဂတ်ဖြစ်ရပ်များအားထိုးဖောက်မြင်နိုင်စွမ်းရှိသောမျက်ဝန်းတော်ဖြင့်ကြည့်တော်မူပါသည်။ အမှုပြီးပြီဟု မိမိမိန့်မြွက်သောအချိန်တွင် ကောင်းကင်နိုင်ငံတစ်ခုလုံးကအောင်ပွဲဆင်ကြမည်ကို ကိုယ်တော်သိရှိ

တော်မူပါသည်။ ကောင်းကင်ရွှေနန်းတော်မှထွက်ပေါ်လာသောအောင်မြင်ခြင်းအတွက် ချီးမွမ်းသံများဟစ်ကြွေးသံများကို နားတော်သည်ကြားနေခဲ့ရပါသည်။ စာတန်၏အင်ပါယာကြီးကျဆုံးသွားကြောင်းကိုအထိမ်းအမှတ်ပြုပြီး ထိုးသည့်ခေါင်းလောင်းသံကိုလည်းကောင်း၊ မိမိ၏နာမတော်အကြောင်းကို စကြဝဠာအတွင်းရှိကမ္ဘာအရပ်ရပ်သို့ကြေညာမောင်းခတ်နေသည့်ကြွေးကြော်သံများကိုလည်းကောင်း ကိုယ်တော်ကြားသိတော်မူခဲ့ပါသည်။

ခရစ်တော်သည် တပည့်တော်များတောင်းလျှောက်နိုင်သည်ထက် (သို့မဟုတ်) ၎င်းတို့စဉ်းစားနိုင်သည်ထက်ပို၍လုပ်ဆောင်နိုင်ခဲ့သဖြင့် ဝမ်းမြောက်ရွှင်လန်းတော်မူခဲ့ရပါသည်။ ဤကမ္ဘာကြီးအားမဖန်ဆင်းမီကပင် ခိုင်ခံ့သောအမိန့်တစ်ခုကို မိမိအားပေးထားကြောင်းသိရှိထားသဖြင့် အာမခံချက်ပေး၍မိန့်တော်မူခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အနန္တတန်ခိုးတော်ဖြင့် လက်နက်တပ်ဆင်ထားသောသမ္မာတရားသည် ဒုစရိုက်နှင့်တိုက်လှန်ပွဲတွင်အောင်ပွဲဆင်မည်ကိုလည်းကောင်း၊ သွေးစွန်းထားသောအလံတော်သည် ခရစ်တော်၏နောက်လိုက်များအပေါ်ဝယ် တလူလူလွင့်နေမည်ဖြစ်ကြောင်းကိုလည်းကောင်း ကိုယ်တော်သိရှိထားတော်မူပါသည်။ မိမိအားယုံကြည်ကိုးစားကြသောတပည့်တော်များ၏အသက်တာသည် မိမိ၏အသက်တာကဲ့သို့ပင် ယခုအချိန်တွင်မမြင်တွေ့ရသေးသော်လည်း နောက်ပိုင်းတွင်အသိအမှတ်ပြုလာကြမည့်အဟန့်အတားရှိသောအောင်ပွဲများကို တသီတတန်းကြီးဆင်နွဲကြမည်ကို ကိုယ်တော်ရှင်သိရှိထားတော်မူပါသည်။

သင်တို့သည် ငါ့ကိုအမှီပြု၍ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကိုငါဟောပြောပြီ၊ သင်တို့သည်ဤလောက၏ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်၊ ငါသည်လောကကိုအောင်ပြီဟုမိန့်တော်မူ၏။ “ခရစ်တော်သည် လုပ်ဆောင်ရမည့်တာဝန်များကိုပျက်ကွက်ခဲ့ခြင်းမရှိသည့်ပြင် စိတ်ဓာတ်ကျခြင်းလည်းမရှိခဲ့ချေ။ ကိုယ်တော်၏နောက်လိုက်များသည်လည်း ထိုကဲ့သို့ကြံ့ခိုင်သည့်ယုံကြည်ခြင်းမျိုးကို ပြသဖို့လိုအပ်ပါသည်။ သူတို့သည်ကိုယ်တော်ရှင်အား မဟာအမှုတော်ဆောင်ကြီးအဖြစ်မှီခိုအားထားလျက်





ကိုယ်တော်ရှင်အသက်ရှင်နေထိုင်သကဲ့သို့ သူတို့အသက်ရှင်နေထိုင်ကြရပါမည်။ ကိုယ်တော်ရှင်လုပ်ဆောင်တော်မူခဲ့သည့်အတိုင်း သူတို့လုပ်ဆောင်ကြရပါမည်။ သူတို့၌ရဲရင့်သောစိတ်ထား၊ လုပ်ဆောင်နိုင်သောစွမ်းအားနှင့်ဇွဲလုံ့လများရှိကြရပါမည်။ သိသာထင်ရှားသည့်အခက်အခဲများက ၎င်းတို့အားအဟန့်အတားပြုသော်လည်း ကျေးဇူးတော်ကိုအမှီပြု၍ ဆက်လက်လုပ်ဆောင်ကြရပါမည်။ အခက်အခဲများကြောင့်ဝမ်းနည်းပူဆွေးနေကြမည့်အစား ထိုအခက်အခဲများကိုကျော်လွှားသွားကြရန်အတွက် ၎င်းတို့အားဆင့်ဆိုတော်မူပါသည်။ သူတို့သည်မည်သည့်အကြောင်းကြောင့်မျှစိတ်ပျက်ဖို့မလိုဘဲ အရာရာအတွက်မျှော်လင့်ချက်ထားကြရပါမည်။ ခရစ်တော်သည် မိမိ၏အတုမရှိသောမဟာမေတ္တာတော်ရွှေကြိုးကြီးဖြင့် ၎င်းတို့အား ဘုရားသခင်၏ပလ္လင်တော်နှင့်နှောင်ဖွဲ့ထားတော်မူပါသည်။ ကိုယ်တော်၏အကြံအစည်မှာ တန်ခိုးတော်အပေါင်း၏အရင်းမူလမှ အလိုလိုထွက်ပေါ်နေသည့်အမြတ်ဆုံးသောတန်ခိုးတော်ကို သူတို့ပိုင်ဆိုင်ကြဖို့ဖြစ်ပါသည်။ အပြစ်ဒုစရိုက်ကိုတွန်းလှန်ရန် သူတို့၌တန်ခိုးရှိဖို့လိုပါသည်။ ထိုတန်ခိုးမျိုးကို ကမ္ဘာမြေကြီးကလည်းကောင်း၊ သေခြင်းတရားကလည်းကောင်း၊ ငရဲကလည်းကောင်း အနိုင်အထက်မပြုနိုင်ပါချေ။ ထိုတန်ခိုးမျိုးကိုရလျှင် သူတို့သည်ခရစ်တော်အောင်မြင်ကျော်လွှားနိုင်ခဲ့သကဲ့သို့ အောင်မြင်ကျော်လွှားနိုင်ကြလိမ့်မည်ဖြစ်ပါသည်။

ကောင်းကင်နိုင်ငံတော်၏ဖွဲ့စည်းပုံ၊ ကောင်းကင်နိုင်ငံတော်၏အုပ်ချုပ်ပုံစီမံကိန်းနှင့် ကောင်းကင်နိုင်ငံတော်၏ညီညာမှုများကို ဤလောကရှိအသင်းတော်အားဖြင့်သရုပ်ဖော်ရန် ခရစ်တော်ကြံရွယ်ထားပါသည်။ ဤနည်းအားဖြင့် ကိုယ်တော်သည် မိမိလူမျိုးအလယ်၌ဘုန်းထင်ရှားတော်မူပါလိမ့်မည်။ တရားတော်နေမင်းကြီးသည် သူတို့အားဖြင့်ကမ္ဘာအားတောက်ပသောရောင်ခြည်များထွန်းလင်းပေးပါလိမ့်မည်။ ကိုယ်တော်သည် မိမိ၏အသွေးတော်ဖြင့်ဝယ်ယူထားသည့်ကယ်တင်ခြင်းခံရမည့်သူများမှ ပြန်လည်ပေးအပ်မည့်ချီးမွမ်းထောမနာမှုများကိုရရှိစေရန်အလို့ငှာ အသင်းတော်အားသင့်လျော်သောအမအစများကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သူတို့အနေနှင့် ကိုယ်တော်၏

ပြည့်စုံကုံလုံမှုကိုရုပ်လုံးဖော်နိုင်စေရန် လုပ်ဆောင်နိုင်သည့်စွမ်းအားများနှင့် ကောင်းချီးများကို ၎င်းတို့အပေါ်သို့ကိုယ်တော်သွန်းလောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားနှင့်ပြည့်ဝလျက်ရှိသောအသင်းတော်သည် ကိုယ်တော်ပိုင်ပစ္စည်းများသိုထားရာနေရာတစ်ခုဖြစ်ပါသည်။ ထိုအထဲတွင် ကိုယ်တော့်ကရုဏာတော်၊ ကျေးဇူးတော်နှင့်မေတ္တာတော်များ၏ကြွယ်ဝမှုများကို အပြည့်အဝထင်ရှားစေရန်ဖြစ်ပါသည်။ ခရစ်တော်သည် သန့်ရှင်းစုံလင်ခြင်းနှင့်ပြည့်ဝသောမိမိ၏သားသမီးများအား မိမိအသေခံခြင်း၏ဆုလာဘ်အနေဖြင့်လည်းကောင်း၊ မိမိ၏ဘုန်းတော်ကိုပြည့်စုံစေရန် ဖြည့်စွက်ပေးသောသူများအနေဖြင့်သော်လည်းကောင်း မှတ်ယူတော်မူပါသည်။

ကိုယ်တော်ရှင်သည်ခိုင်ခံ့ပြင်းထန်၍ မျှော်လင့်ချက်နှင့်ပြည့်ဝသောနှုတ်တော်ထွက်စကားများဖြင့် မိမိ၏သွန်သင်ချက်ကိုအဆုံးသတ်ထားပါသည်။ ထိုနောက် ကိုယ်တော်သည် မိမိ၏အသက်ဝိညာဉ်ကိုဖိစီးထားသောဝန်ထုပ်ဝန်ပိုးများကို တမန်တော်များအတွက်ဆုတောင်းပေးရာတွင် ဖွင့်ဟသွန်းလောင်းတော်မူခဲ့ပါသည်။ ကောင်းကင်ကိုမျှော်ကြည့်လျက် ကိုယ်တော်မိန့်တော်မူသည်ကား၊ "အိုအဖ၊ အကျွန်ုပ်၏အချိန်ရောက်ပါပြီ။ ကိုယ်တော်သည် သားတော်လက်သို့အပ်ပေးတော်မူသမျှသောသူတို့အား ထာဝရအသက်ကိုပေးစေခြင်းငှာ လူမျိုးအပေါင်းတို့ကိုအစိုးရသောအခွင့်တန်ခိုးကို သားတော်အားပေးတော်မူသည်နှင့်အညီ သားတော်သည် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေပါမည်အကြောင်း၊ သားတော်၏ဘုန်းကိုထင်ရှားစေတော်မူပါ။ ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းပေတည်း။"

ခရစ်တော်သည် မိမိအားလုပ်ဆောင်ရန်ပေးထားတော်မူသောအမှုတော်ကိုပြီးစီးအောင် လုပ်ဆောင်ခဲ့ပါသည်။ ဤကမ္ဘာပေါ်ဝယ်ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခဲ့ပါသည်။ မိမိ၏အမှုတော်ကိုဆက်လက်လုပ်ဆောင်ကြမည့်သူများကိုစုရုံးပေးခဲ့ပါသည်။ ထိုနောက် ဆက်လက်၍ "ထိုအရာတို့အားဖြင့်အကျွန်ုပ်သည်ဘုန်းထင်ရှားပါ၏။ ယခုမှစ၍အကျွန်ုပ်သည်ဤလောက၌မရှိပါ။ ဤသူတို့မူကား၊ ဤလောက၌ရှိရစ်ရကြပါမည်။ အကျွန်ုပ်သည် ကိုယ်တော်ထံသို့သွားရပါမည်။ သန့်ရှင်းတော်မူသောအဖ၊ ကိုယ်တော်နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အားပေးတော်မူသောဤသူတို့သည်ဖြစ်ရပါမည်အကြောင်း၊ သူတို့ကိုကိုယ်တော်၏နာမတော်၌တည်စေတော်မူပါ" "ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်းဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည်ယုံမည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်----အကျွန်ုပ်သည်သူတို့၌ရှိ၍ ကိုယ်တော်သည်လည်းအကျွန်ုပ်၌ရှိတော်မူသောအားဖြင့် သူတို့သည်တစ်လုံးတစ်ဝတည်းဖြစ်၍ တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည်အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကြောင်းကို လောကီသားတို့သိစေခြင်းငှာလည်းကောင်း-----အကျွန်ုပ်အလိုရှိပါ၏" ဟုမြွက်ဟတော်မူခဲ့ပါသည်။

မြင့်မြတ်သောတန်ခိုးအာဏာရရှိထားသောကိုယ်တော်သည် ထိုကဲ့သို့အသုံးအနှုန်းများကိုအသုံးပြုလျက် မိမိရွေးချယ်ထားသည့်အသင်းတော်ကိုအဖခမည်းတော်၏လက်တော်သို့အပ်နှံခဲ့ပါသည်။ ကိုယ်တော်သည် သန့်ရှင်းသောယဇ်ပုရောဟိတ်မင်းကြီးအနေဖြင့် မိမိလူများအတွက်ကြားဝင်ဖျန်ဖြေပေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် သစ္စာရှိသောသိုးထိန်းကြီးအနေဖြင့် မိမိသိုးစုကိုခိုင်ခံ့စိတ်ချသောခိုလှုံရာတွင် တန်ခိုးကြီးသောလက်တော်အောက်၌စုရုံးပေးတော်မူခဲ့ပါသည်။ စာတန်နှင့်ရင်ဆိုင်ရမည့်နောက်ဆုံးသောတိုက်လှန်ပွဲကြီးသည် ကိုယ်တော်အားစောင့်မျှော်နေပါသည်။ ထို့ကြောင့် ထိုတိုက်လှန်ပွဲကြီးကိုရင်ဆိုင်ရန် ကိုယ်တော်ထွက်ခွာသွားတော်မူခဲ့ပါသည်။

****

# tcef; (74)
# a*oa\&Sref0,sm0f

ရှင်မဿဲခရစ်ဝင် ၂၆း၃၆–၅၆။ ရှင်မာကု ၁၄း၃၂–၅၀။ ရှင်လုကာ ၂၂း၃၉–၅၃။ ရှင်ယာဟန် ၁၈း၁–၁၂ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်သည်တပည့်တော်များလိုက်ပါလျက် ဂေသရေမန်ဥယျာဉ်သို့တုံ့ဆိုင်းနှေးကွေးစွာဖြင့် ကြွချီသွားတော်မူခဲ့ပါသည်။ တိမ်သလာကင်းစင်သောမိုးကောင်းကင်ဝယ် ပသခါလမင်းကြီးသည်ထိန်ထိန်သာနေပါသည်။ ဘုရားဖူးဧည့်သည်များခေတ္တတည်းခိုနေထိုင်ကြသည့်တတန်းကြီးသည်လည်း ငြိမ်သက်တိတ်ဆိတ်လျက်ရှိနေပါသည်။

တပည့်တော်များနှင့်ရင်းရင်းနှီးနှီးစကားလက်ဆုံကျကာ သွန်သင်မှုများကိုပေးတော်မူခဲ့သောခရစ်တော်သည် ထူးဆန်းစွာနှုတ်ဆိတ်လျက်ရှိပါသည်။ ဆုတောင်းဖို့နှင့်ဘုရားအာရုံပြုဖို့ ဤနေရာသို့မကြာခဏကိုယ်တော်ရှင်လာရောက်ခဲ့ဖူးသော်လည်း နောက်ဆုံးသောဒုက္ခဝေဒနာကိုခံစားရန် ဤနေရာသို့လာခဲ့ရသော ဤနေ့ညလောက်မည်သည့်အခါကမျှဝမ်းနည်းမှုကိုမခံစားခဲ့ဖူးချေ။ လောကအသက်တာတစ်လျှောက်လုံးတွင် ကိုယ်တော်သည် ဘုရားသခင်၏အလင်းတော်အတိုင်းလျှောက်လှမ်းခဲ့သောကြောင့် စာတန်ဝိညာဉ်၏နှိုးဆော်ပဲ့ပြင်ခြင်းခံရသော လူသားများနှင့်တိုက်လှန်ရသောအချိန်များတွင် “ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည်စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကိုအစဉ်မပြတ်ငါပြုသည်” ဟူ၍ကိုယ်တော်မိန့်မြွက်နိုင်ခဲ့ပါသည်။ ယောဟန် ၈း၂၉။ သို့ရာတွင် ယခုတွင်မူကိုယ်တော်သည် အပြစ်များသောအပြစ်သားများစာရင်းတွင် ရေတွက်ခြင်းခံနေရပါသည်။ အပြစ်တွင်ကျဆုံးလျက်ရှိသောလူသားများ၏ဒုစရိုက်အပြစ်များကို ကိုယ်တော်ရှင်ယူတင်ဝတ်ဆောင်ရတော့မည်။ ကျွန်ုပ်တို့အားလုံး၏အပြစ်ကျူးလွန်ခြင်းများ



ကို အပြစ်ကင်းစင်သည့်ကိုယ်တော်သည် ယူတင်ဝတ်ဆောင်ရတော့မည်ဖြစ်ပါသည်။ ယူတင်ဝတ်ဆောင်ရမည့်အပြစ်များသည် အလွန်ကြောက်စရာကောင်းပြီး၊ အလွန်လေးလံသယောင်ဖြစ်နေသဖြင့် ဘုရားသခင်၏မေတ္တာတော်မှ ထာဝရဖြတ်တောက်ခြင်းခံရမည်ကို ကိုယ်တော်စိုးရိမ်တော်မူခဲ့ပါသည်။ ပညတ်တော်လွန်ကျူးခြင်းအပေါ်ထားရှိသည့် ဘုရားသခင်၏အမျက်ဒေါသသည် အလွန်ကြောက်စရာကောင်းကြောင်းသိရှိထားသဖြင့် ငါသည်သေလောက်အောင်စိတ်နှလုံးအလွန်ညှိုးနွမ်းခြင်းရှိ၏ဟု ကိုယ်တော်ဖွင့်ဟတော်မူခဲ့ပါသည်။

ဂေသရေမန်ဥယျာဉ်အနီးသို့ချဉ်းကပ်လာသည်နှင့်အမျှ ခရစ်တော်၏အမူအရာများသည်လည်းပြောင်းလဲနေကြောင်း၊ တပည့်တော်များသတိပြုမိခဲ့ကြပါသည်။ ယခုကဲ့သို့ ကိုယ်တော်ဝမ်းနည်းနှုတ်ဆိတ်နေခြင်းမျိုးကို ယခင်ကတစ်ခါမျှသူတို့မတွေ့ခဲ့ဖူးကြချေ။ ရှေ့သို့ဆက်၍ချဉ်းကပ်သွားသည်နှင့်အမျှ မခံစားခဲ့ဖူးသည့်ဝမ်းနည်းမှုများသည် ပို၍နက်ရှိုင်းစွာကိုယ်တော်ခံစားလာရပါသည်။ သို့စေကာမူ မည်သည့်အတွက်ကြောင့်ယခုကဲ့သို့ခံစားနေရကြောင်းကို ကိုယ်တော်အားသူတို့မမေးဝံ့ခဲ့ကြချေ။ ကိုယ်တော်၏ခန္ဓာကိုယ်သည် လဲကျသွားတော့မည်ကဲ့သို့ယိမ်းယိုင်နေပါသည်။ ဥယျာဉ်သို့ရောက်ရှိသွားသောအခါ တပည့်တော်များသည် ကိုယ်တော်ရှင်အတွက်ယာယီနားနေရန်နေရာကို အလောတကြီးရှာဖွေခဲ့ကြပါသည်။ ယခုကိုယ်တော်သည် ခြေလှမ်းတိုင်းကို ကြိုးစား၍လှမ်းနေရပါသည်။ ထိုနောက် အလွန်လေးလံသည့်ဝန်တစ်ခုနှင့်အဖိခံရသည့်နှယ် ကျယ်လောင်စွာညည်းတွားတော်မူခဲ့ပါသည်။ မြေပေါ်သို့လဲကျမသွားစေရန် တပည့်တော်များကနှစ်ကြိမ်တိုင်တိုင် ထိန်းပေးခဲ့ရပါသည်။

ခရစ်တော်သည် တပည့်တော်သုံးပါးမှလွဲ၍ ကျန်တပည့်တော်များကို ဥယျာဉ်ဂိတ်ဝတွင်ချန်ထားခဲ့ပြီး၊ မိမိအတွက်သော်လည်းကောင်း၊ ၎င်းတို့အတွက်သော်လည်းကောင်း ဆုတောင်းကြရန်မိန့်မှာတော်မူခဲ့ပါသည်။ ထိုနောက်ကိုယ်တော်သည် ပေတရု၊ ယောဟန်၊ ယာကုပ်တို့နှင့်အတူ ဆိတ်ငြိမ်သောထိုနေရာတွင် အနားယူခဲ့ကြပါသည်။ ဤတပည့်တော်သုံးပါးသည် ခရစ်တော်၏တပည့်တော်ရင်းများဖြစ်ကြပြီး တောင်ပေါ်တွင်ဘုန်းတန်ခိုးရောင်

ခြည်များနှင့်တောက်ပနေသောခရစ်တော်အား မောရှေ၊ ဧလိယတို့နှင့်စကားလက်ဆုံကျနေသည်ကိုမြင်ခဲ့ကြရပါသည်။ ထိုနေရာတွင် ကောင်းကင်မှအသံတော်ကိုလည်း သူတို့ကြားခဲ့ရကြပါသည်။ ထို့ကြောင့် ယခုကဲ့သို့အပြင်းအထန်ရုန်းကန်နေရသောအချိန်တွင် ခရစ်တော်သည်မိမိအပါးတွင် ၎င်းတို့အားရှိစေလိုတော်မူပါသည်။ ထိုတမန်တော်များသည် ဤနေရာမျိုးတွင်ကိုယ်တော်နှင့်အတူညလုံးပေါက်နေခဲ့ဖူးကြပါသည်။ ထိုအချိန်အခါမျိုးတွင် ၎င်းတို့သည်ခေတ္တခဏဆုတောင်းခြင်းများကိုပြုပြီးနောက် နံနက်မိုးသောက်၍အမှုတော်ဆောင်ရန် ကိုယ်တော်ကနိုးသည့်အချိန်အထိသခင်ယေရှုနှင့်မလှမ်းမကမ်းနေရာတွင် အနှောင့်အယှက်ကင်းမဲ့စွာဖြင့် အိပ်စက်ခဲ့ဖူးကြပါသည်။ သို့ရာတွင် ယခုအချိန်၌မူကား၊ သူတို့အားမိမိနှင့်အတူညလုံးပေါက်ဆုတောင်းကြရန် ကိုယ်တော်လိုလားတော်မူခဲ့ပါသည်။ သို့စေကာမူ တမန်တော်များအနေနှင့် မိမိခံစားရမည့်ဝေဒနာများကို ကိုယ်တိုင်မြင်တွေ့ခဲ့ကြမည်ဆိုလျှင်တောင်မှ ကိုယ်တော်ရှင်သည် ခံနိုင်ရည်ရှိလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဤအရပ်၌ငါနှင့်အတူစောင့်နေကြလော့ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် ၎င်းတို့နှင့် အတော်အတန်ဝေးကွာသောနေရာသို့သွားတော်မူပြီး၊ မြေပေါ်တွင်ပျပ်ဝပ်တော်မူလိုက်ပါသည်။ အတော်အတန်ဝေးကွာသည်ဟုဆိုရာတွင် ကိုယ်တော်ရှင်၏အသံကိုကြားနိုင်၍ ကိုယ်တော်ရှင်အားမြင်နိုင်လောက်သည့်နေရာကိုဆိုလိုပါသည်။ အပြစ်တရားကြောင့် မိမိသည်အဖဘုရားသခင်နှင့်ကွဲကွာနေရသည်ဟု ကိုယ်တော်ခံစားခဲ့ရပါသည်။ ကိုယ်တော်၏စိတ်ဝိညာဉ်သည် သိမ့်သိမ့်တုန်နေသည့်အခြေသို့ရောက်အောင် ထိုချောက်ကမ်းပါးကြီးသည် အလွန်ကျယ်ပြန့်၍နက်ရှိုင်းမည်းမှောင်လှပါသည်။ ဤဒုက္ခဆင်းရဲမှလွတ်ကင်းရန် မိမိ၏ဘုရားတန်ခိုးတော်ကို ကိုယ်တော်အသုံးမပြုခဲ့ပါချေ။ ခရစ်တော်သည်လူသားတစ်ဦးကဲ့သို့ အပြစ်၏အကျိုးအပြစ်ကိုခံစားရပါသည်။ ပညတ်တော်လွန်ကျူးခြင်းအပေါ်ထားရှိသည့် ဘုရားသခင်၏အမျက်တော်ကိုလည်းခံယူရမည်ဖြစ်ပါသည်။

ယခုတွင်မူ ခရစ်တော်၏သဘောထားသည် ယခင်ကရှိခဲ့သောသဘောထားမျိုးမဟုတ်တော့ချေ။ ကိုယ်တော်ရှင်ခံစားရမည့်ဒုက္ခဝေဒနာများကို ပုရောဖက်



ဇာခရိအားဖြင့် “အိုဓား၊ ငါ၏သိုးထိန်းတစ်ဘက်၊ ငါ၏အပေါင်းအဖော်ဖြစ်သောသူတစ်ဘက်၌နိုးလော့” ဟူ၍ ဘုရားသခင်မိန့်တော်မူထားပါသည်။ ဇာခရိ ၁၃း၇။ ခရစ်တော်သည် ဘုရားသခင်၏တရားစီရင်မှုအောက်တွင် အပြစ်ကျူးလွန်သောလူသားများအတွက် အာမခံတစ်ဦးအနေဖြင့်လည်းကောင်း၊ ဓားစာခံတစ်ဦးအနေဖြင့်လည်းကောင်း ဒုက္ခခံစားလျက်ရှိပါသည်။ တရားမျှတမှုဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်းကို ကိုယ်တော်တွေ့မြင်ခဲ့ပါသည်။ ဤအချိန်တိုင်အောင်ကိုယ်တော်သည် အခြားသူများအတွက်ကြားဖျန်ဖြေသူတစ်ဦးဖြစ်ခဲ့သော်လည်း ယခုအချိန်တွင်မူ မိမိကိုယ်တိုင်အတွက်ကြားဖျန်ဖြေပေးမည့်ပုဂ္ဂိုလ်တစ်ဦးကိုတောင့်တတော်မူခဲ့ပါသည်။

အဖဘုရားသခင်နှင့်မိမိအကြားတွင် တည်ရှိခဲ့သည့်တစ်လုံးတစ်ဝတည်းရှိခြင်းသည် ပြိုပျက်သွားပြီဟုခံစားရကာ အမှောင်ဘုရင်၏အာဏာစက်များနှင့် မကြာမီရင်ဆိုင်ရတော့မည့်တိုက်လှန်ပွဲတွင် မိမိ၏လူသားဇာတိဖြင့်ခံနိုင်ရည်ရှိလိမ့်မည်မဟုတ်ဟု စိုးရိမ်ကြောက်ရွံ့လာခဲ့ပါသည်။ တောထဲတွင်စုံစမ်းနှောင့်ယှက်ခြင်းခံရစဉ်က လူသားများ၏ကံကြမ္မာကိုထိခိုက်နိုင်သည့်အခြေတွင်ရှိခဲ့ပါသည်။ သို့ရာတွင်ခရစ်တော်သည် ထိုစဉ်ကအောင်ပွဲဆင်ခဲ့ပါသည်။ ယခုအချိန်တွင် စာတန်သည် နောက်ဆုံးသောတိုက်လှန်ပွဲကိုဆင်နွှဲရန် ရောက်ရှိလာခဲ့ပါသည်။ ခရစ်တော်အမှုတော်ဆောင်ခဲ့သည့်သုံးနှစ်ကာလအတွင်း သူသည်ဤတိုက်ပွဲကြီးအတွက် အစဉ်တစိုက်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါသည်။ အရာခပ်သိမ်းတို့သည် ၎င်းနှင့်အတူဆုံးရှုံးပျက်စီးနိုင်သည့်အခြေတွင်ရှိနေခဲ့ပါသည်။ အကယ်၍ ဤနေရာတွင်စာတန်ရှုံးနိမ့်ခဲ့လျှင် ၎င်း၏မျှော်လင့်ချက်များပျက်ပြားသွားလိမ့်မည်ဖြစ်ပြီး၊ လောကီနိုင်ငံများသည် နောက်ဆုံးတွင် ခရစ်တော်ပိုင်ဆိုင်လာလိမ့်မည်ဖြစ်ကာ ၎င်းကိုယ်တိုင်လည်းဖျက်ဆီးခြင်းကိုခံရလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ခရစ်တော်ရှုံးနိမ့်ခဲ့လျှင်မူ ဤလောကကိုစာတန်ပိုင်ဆိုင်သွားလိမ့်မည်ဖြစ်ပြီး လူသားထုတစ်ရပ်လုံးသည် ၎င်း၏လက်ထဲသို့အပြီးအပိုင်ကျရောက်သွားလိမ့်မည်ဖြစ်ပါသည်။ ထိုတိုက်လှန်ပွဲသည် ကိုယ်တော်၏ရှေ့မှောက်တွင်ဖြစ်ပွားလာသည်နှင့်အမျှ ခရစ်တော်

သည် အဖခမည်းတော်နှင့်ကွဲကွာနေရခြင်းအတွက် စိုးရွံ့တော်မူခဲ့ပါသည်။ ကိုယ်တော်သည် အပြစ်ကမ္ဘာအတွက်အာမခံတစ်ဦးဖြစ်ခဲ့လျှင် ထိုကွဲကွာခြင်းသည် ထာဝရတည်မြဲလိမ့်မည်ဖြစ်သည့်ပြင် မိမိနိုင်ငံနှင့်ခွဲခြားသည့်အမှတ်အသားပြုခြင်းကိုလည်းခံရမည်----၎င်းပြင် မည်သည့်အခါမျှဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်နိုင်တော့မည်မဟုတ်ကြောင်း စသည်ဖြင့်ကိုယ်တော်အားစာတန်ပြောဆိုခဲ့ပါသည်။

ဤအသေခံခြင်းအားဖြင့်မည်သည့်အကျိုးကိုရမလဲ။ လူသားများကျူးလွန်ခဲ့သည့်ဒုစရိုက်များနှင့်ကျေးဇူးကန်းမှုများသည် မည်မျှမျှော်လင့်ချက်မဲ့နေသနည်း။ အခြားသူများထက် လောကီရေးရာနှင့်ဝိညာဉ်ရေးဘက်တွင်သာလွန်သည်ဟု ကိုယ့်ကိုကိုယ်ပြောဆိုခဲ့ကြသူများသည် သင့်ကိုငြင်းပယ်ခဲ့ကြပြီမဟုတ်ပါလား။ မိမိတို့အားထူးခြားသောလူမျိုးတစ်မျိုးအနေဖြင့် ပြုတော်မူခဲ့သောကတိတော်များ၏အခြေခံဗဟိုအချက်အချာဖြစ်တော်မူသောသင့်ကိုသုတ်သင်ရန် သူတို့ကြိုးစားနေကြသည်- အသင်းတော်လုပ်ငန်းများကိုရှေ့တန်းမှပါဝင်လုပ်ဆောင်ခဲ့သော သင်၏သွန်သင်ချက်များကို ကောင်းမွန်စွာရယူခဲ့သည့်သင့်တမန်တော်တစ်ဦးက သင့်ကိုအပ်နှံလိမ့်မည်၊ သင်၏စိတ်အားအထက်သန်ဆုံးသောတပည့်တော်များမှတစ်ဦးသည် သင့်ကိုငြင်းပယ်လိမ့်မည်၊ တပည့်တော်အပေါင်းသည် သင့်ကိုစွန့်ခွာ၍ထွက်ပြေးကြလိမ့်မည် စသည်ဖြင့်အဆိုးရွားဆုံးဖြစ်ပျက်မည့်အရာများအားဖြင့် စာတန်သည်ကိုယ်တော်အားအတင်းအကျပ်တိုက်ခိုက်ပြောဆိုလာရာ ခရစ်တော်၏ကိုယ်စိတ်နှလုံးသုံးပါးစလုံးသည် ထိုသတင်းစကားကိုစက်ဆုပ်ရွံရှာတော်မူ၏။ ကယ်တင်ခြင်းရရှိရန်ကိုယ်တော်တာဝန်ယူမစခဲ့သောသူများနှင့် အလွန်ချစ်ခင်ခဲ့ရသူများသည် ကိုယ်တော်အားပုန်ကန်ခြားနားရန်စာတန်နှင့်ပူးပေါင်းကြခြင်းသည် ကိုယ်တော်၏နှလုံးသားကိုပြင်းထန်စွာနာကျင်စေခဲ့ပါသည်။ ထိုတိုက်လှန်ပွဲသည် အလွန်ပြင်းထန်ခဲ့ပါသည်။ ထိုတိုက်လှန်ပွဲ၏ပမာဏသည် ကိုယ်တော့်အမျိုးသားချင်းတို့၏ကျူးလွန်ခဲ့သောဒုစရိုက်များ၊ ကိုယ်တော်အားစွပ်စွဲပြောဆိုခဲ့သူများနှင့် အပ်နှံခဲ့သူများတို့၏ဒုစရိုက်များနှင့်ဆိုးသွမ်းမှုပြည့်ဝသော ကမ္ဘာ



ကြီး၏ဒုစရိုက်များတို့ပါဝင်နေကြပါသည်။ လူသားအားလုံး၏အပြစ်ဒုစရိုက်သည် ခရစ်တော်အားလေးလံစွာဖိစီးလျက်ရှိပြီး၊ အပြစ်တရားအပေါ်မှာထားရှိသည့် ဘုရားသခင်၏အမျက်တော်သည် ကိုယ်တော်၏အသက်တော်ကိုနှိပ်ကွပ်ချေမှုန်းလျက်ရှိပါသည်။

လူသားများအတွက်ပေးဆပ်ရမည့်အဖိုးအခကို စေ့စေ့ဆင်ခြင်နေသောကိုယ်တော်အားကြည့်ရှုကြလော့။ ကိုယ်တော်သည် ဒုက္ခဝေဒနာခံစားနေရစဉ်တွင် ခမည်းတော်ဘုရားထံမှဝေးရာသို့ဆွဲမခေါ်သွားဖို့ကာကွယ်သည့်အလား အေးစက်နေသောမြေကြီးပေါ်ဝယ် ဝပ်တွားလျက်ရှိပါသည်။ ညအခါတွင်ကျလေ့ရှိသောအေးမြသည့်နှင်းမှုန်များသည် ပျပ်ဝပ်လျက်ရှိသောကိုယ်တော်အပေါ်သို့ကျလျက်ရှိသော်လည်း ကိုယ်တော်ဂရုမစိုက်ခဲ့ချေ။ သို့စေကာမူ အကျွန်ုပ်အဖ၊ ဤခွက်သည်အကျွန်ုပ်ကိုလွန်သွားနိုင်လျှင်လွန်သွားပါစေသော်။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသောဟု ခါးသီးသောဟစ်ကြွေးသံများသည် ဖြူရော်နေသောနှုတ်ခမ်းအစုံမှထွက်ပေါ်လာခဲ့ပါသည်။

လူသားများသည် ဆင်းရဲဒုက္ခခံစားရသည့်အချိန်များတွင် နှစ်သိမ့်မှုကိုတောင့်တတတ်ပါသည်။ ခရစ်တော်သည် ထိုတောင့်တမှုမျိုးကိုနိုက်နိုက်နဲနဲအလိုရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဒုက္ခဝေဒနာကိုမချိမဆံ့ခံစားနေရစဉ်တွင် နှစ်သိမ့်စကားများကိုကြားရသည်အထင်နှင့်၊ မကြာခဏမိမိကနှစ်သိမ့်ခဲ့ဖူးပြီ၊ ဝမ်းနည်းမှုများနှင့်ကြေကွဲမှုများမှကာကွယ်ပေးခဲ့ဖူးသော တမန်တော်များထံချဉ်းကပ်ခဲ့ပါသည်။ ၎င်းတို့အားအမြဲတမ်းနှစ်သိမ့်မှုပေးတော်မူသောကိုယ်တော်သည် ဒုက္ခဝေဒနာကိုမချိမဆံ့ခံစားနေရသဖြင့် မိမိအတွက်သော်လည်းကောင်း၊ ၎င်းတို့၏ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ ဆုတောင်းလျက်ရှိ-မရှိသိလိုတော်မူခဲ့ပါသည်။ အပြစ်တရား၏ရန်ငြိုးဖွဲ့မှုသည် အလွန်မှောင်မိုက်ပါသည်တကား။ ကိုယ်တော်သည် ဘုရားသခင်၏မျက်မှောက်တော်တွင် အပြစ်မဲ့သူတစ်ပါးအဖြစ်ရပ်တည်နေစဉ်တွင် လူသားများအား၎င်းတို့ကျူးလွန်ခဲ့သည့်အပြစ်ဒုစရိုက်များ၏အကျိုးအပြစ်ကို ၎င်းတို့ဘာသာ

ခံစားစေမည့်စုံစမ်းနှောင့်ယှက်ခြင်းများသည် ကြောက်စရာကောင်းလှပါသည်။ ဤအရာကို တမန်တော်များနားလည်သဘောပေါက်ကာ အရေးတယူပြုကြကြောင်းသိရလျှင်ပင် ကိုယ်တော်အားတက်လာပါလိမ့်မည်။

ကိုယ်တော်သည်ကြိုးစား၍ထလိုက်ပြီးနောက် တမန်တော်များအားချန်ထားခဲ့သောနေရာသို့ လေးလံသောခြေလှမ်းများဖြင့်လျှောက်လှမ်းလာခဲ့ပါသည်။ ထိုနေရာသို့ရောက်သော် သူတို့အိပ်ပျော်နေသည်ကိုတွေ့တော်မူ၏။ အကယ်၍ သူတို့ဆုတောင်းနေသည်ကိုတွေ့ရလျှင် ကိုယ်တော်ခံစားနေရသောဝေဒနာသည် သက်သာရာရပေလိမ့်မည်။ အကယ်၍သူတို့သည် စာတန်နှင့်တပည့်တော်များအားတွန်းလှန်နိုင်ရန် ဘုရားသခင်ထံ၌ခိုလှုံရာရှာနေကြောင်းတွေ့ရမည်ဆိုလျှင် ၎င်းတို့၏ခိုင်မြဲသောယုံကြည်ခြင်းကြောင့် ကိုယ်တော်စိတ်သက်သာရာရရှိခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင်သူတို့သည် ဆုတောင်းလျက်စောင့်နေပါဟူသော ထပ်ခါတလဲလဲပြုခဲ့သည့်သတိပေးချက်ကို ဂရုမစိုက်ခဲ့ကြချေ။ အလွန်တည်ငြိမ်၍သိက္ခာရှိသော ၎င်းတို့၏သခင်ဘုရားသည် နားမလည်နိုင်လောက်အောင်ဝမ်းနည်းပူဆွေးနေကြောင်းမြင်တွေ့ရသဖြင့် ကနဦးတွင်သူတို့စိတ်ပူခဲ့ကြပါသည်။ ကယ်တင်ရှင်၏ပြင်းထန်သောဟစ်အော်သံများကိုကြားရသောအချိန်တွင် သူတို့ဆုတောင်းခဲ့ကြပါသည်။ မိမိတို့၏အရှင်ဘုရားသခင်အားစွန့်ပစ်ကြဖို့ သူတို့မရည်ရွယ်ခဲ့ကြသော်လည်း၊ ဘုရားသခင်ထံဆက်လက်ဆုတောင်းခဲ့မည်ဆိုလျှင် မိမိတို့ဖယ်ရှားနိုင်လိမ့်မည်ဖြစ်သောအသိဉာဏ်ကင်းမဲ့မှုတစ်ခုကြောင့် အမှားမှားအယွင်းယွင်းပြုလုပ်မိခဲ့ကြပါသည်။ စုံစမ်းခြင်းကိုတွန်းလှန်နိုင်ရန်အလို့ငှာ စိတ်အားထက်သန်စွာဆုတောင်းလျက်စောင့်စားခြင်းသည် အဓိကကျကြောင်းကို သူတို့မသိမြင်ခဲ့ကြချေ။

ဂေသရေမန်ဥယျာဉ်သို့မဝင်လာမီကလေးတွင်ပင် "ယနေ့ညတွင် သင်တို့ရှိသမျှသည် ငါ့ကြောင့်စိတ်ပျက်ကြလိမ့်မည်" ဟုတပည့်တော်များအား ခရစ်တော်မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ ထောင်ကျသည်ဖြစ်စေ၊ အသေသတ်ခံရသည်ဖြစ်စေ၊ ကိုယ်တော်ကိုမခွဲခွာပါဟု သူတို့အားလုံးကအာမခံခဲ့ကြပါသည်။ ၎င်းပြင် ကိုယ်ကိုကိုယ်အထင်ကြီးသည့် သနားစရာကောင်းလှ



သောပေတရုက "ဤသူရှိသမျှတို့သည်စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည်စိတ်မပျက်ပါ" ဟုအတွန့်တက်ခဲ့ပါသည်။ မာကု ၁၄း၂၇၊၂၉။ တမန်တော်များသည် ကိုယ့်ကိုကိုယ်ယုံစားခဲ့ကြပါသည်။ သူတို့သည် ခရစ်တော်၏အကြံပေးချက်များကိုလိုက်နာခြင်းမရှိကြဘဲ ဘုရားသခင်ကိုမကိုးစားခဲ့ကြချေ။ ထို့ကြောင့်ကိုယ်တော်ရှင်သည် သူတို့ထံမှနှစ်သိမ့်စကားများနှင့်ဆုတောင်းခြင်းများကိုကြားလိုသောအချိန်တွင် သူတို့သည်အိပ်ပျော်နေကြပါသည်။ ပေတရုကိုယ်တိုင်အိပ်ပျော်လျက်ရှိခဲ့ပါသည်။

ခရစ်တော်၏ရင်ခွင်တော်ဝယ်မှေးစက်ခဲ့ဖူးသော ချစ်သားတပည့်တော်ယောဟန်သည်လည်း အိပ်ပျော်လျက်ရှိပါသည်။ အရှင်ဘုရားအပေါ်တွင်ထားရှိသည့်ယောဟန်၏မေတ္တာသည် သူ့အားမနိုးထနိုင်တော့ချေ။ သူ၏စိတ်အားထက်သန်သောဆုတောင်းသံများသည် မချိမဆံ့ဝမ်းနည်းပူဆွေးနေသောအချိန်တွင် ချစ်သောကယ်တင်ရှင်၏ဆုတောင်းသံများနှင့်မပေါင်းစပ်နိုင်ခဲ့တော့ချေ။ ၎င်းတို့၏ယုံကြည်ခြင်းကိုခိုင်မြဲစေမည့်အကြောင်း၊ ကယ်တင်ရှင်သည်ညလုံးပေါက်ဆုတောင်းပေးခဲ့ဖူးပါသည်။ တစ်ချိန်ကယောဟန်နှင့်ယာကုပ်တို့အားမေးတော်မူခဲ့ဖူးသည့်အတိုင်း ငါသောက်ရအံ့သောခွက်ကိုသောက်ခြင်းငှာလည်းကောင်း၊ ငါခံသောဗတ္တိဇံကိုခံခြင်းငှာလည်းကောင်း သင်တို့သည်တတ်စွမ်းနိုင်သလောဟု ယခုမေးတော်မူလျှင် အကျွန်ုပ်တို့တတ်စွမ်းနိုင်ပါ၏ဟု သူတို့ဖြေဝံ့ကြတော့မည်မဟုတ်ချေ။ မဿဲ ၂၀း၂၂။

တမန်တော်များသည် ခရစ်တော်၏ခေါ်တော်မူသံကြောင့်လန့်၍နိုးလာခဲ့ကြသော်လည်း၊ အလွန်ပြင်းထန်သောစိတ်ဒုက္ခရောက်မှုကြောင့် မျက်နှာပုံအသွင်ပြောင်းလဲနေသောကိုယ်တော်ကို သူတို့မမှတ်မိကြချေ။ ထိုအချိန်တွင် ယေရှုက ရှိမုန် သင်သည်အိပ်ပျော်သလော၊ တစ်နာရီခန့်မျှစောင့်ခြင်းငှာမစွမ်းနိုင်သလော၊ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့။ စိတ်ဝိညာဉ်ကားစေတနာစိတ်ရှိငြားသော်လည်း၊ ကိုယ်မူကားအားနည်းသည်ဟု ပေတရုအားမိန့်တော်မူ၏။ ခရစ်တော်သည် တပည့်တော်များ၏အားနည်းမှုများကိုတွေ့မြင်ရသောအခါ ကရုဏာသက်တော်မူခဲ့

ပါသည်။ မိမိအားအပ်နှံကာအသေသတ်ကြမည့်စုံစမ်းစစ်ဆေးမှုဒဏ်ကို ၎င်းတို့ခံနိုင်မည်ကို ကိုယ်တော်စိုးရိမ်တော်မူ၏။ သူတို့အားအပြစ်တင်စကားပြောကြားတော်မမူဘဲ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့ ဟူ၍သာမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခကိုခံစားနေရစဉ်မှာပင် တပည့်တော်များ၏အားနည်းချက်များကိုခွင့်လွှတ်တော်မူခဲ့ပါသည်။ ထိုကြောင့် စိတ်ဝိညာဉ်ကားစေတနာရှိငြားသော်လည်း ကိုယ်မူကားအားနည်းသည်ဟု ပေတရုအားမိန့်တော်မူခဲ့ပါသည်။

သားတော်ဘုရားသည် လူသားများမခံနိုင်လောက်သောဒုက္ခဝေဒနာကို တစ်ဖန်ခံစားရတော်မူပြန်သဖြင့် အားနည်းခြင်း၊ မောပန်းခြင်းရှိတော်မူ၏။ ထိုကြောင့် မိမိယခင်နေရင်းနေရာသို့ လေးလံသောခြေလှမ်းများဖြင့်ပြန်လည်ကြွသွားတော်မူခဲ့ပါသည်။ ခံစားရသောဒုက္ခဝေဒနာသည် ယခင်ကထက်ပင်ပြင်းထန်နေပါသည်။ “ပြင်းစွာသောဝေဒနာကိုခံလျက်–––ချွေးထွက်တော်မူသည်ကား မြေပေါ်၌ကျသောသွေးစက်ခဲကဲ့သို့ဖြစ်သတည်း။” ကုပရုထင်းရှူးပင်များနှင့်စွန်ပလွံပင်များသည် ကိုယ်တော်ခံစားရသောဒုက္ခဝေဒနာများအတွက် စကားမပြောတတ်သောသက်သေခံများဖြစ်ကြပါသည်။ အမှောင်၏အာဏာစက်များနှင့်ယှဉ်ပြိုင်တိုက်လှန်နေရသော ဖန်ဆင်းရှင်အတွက် သဘာဝတရားကငိုကြွေးနေသည့်နှယ် ထိုအပင်များ၏အကိုင်းအခက်များမှ ထူထပ်သောနှင်းမှုန်များသည် ယိုင်လဲနေသောကိုယ်တော်အပေါ်သို့ တစက်စက်ကျလျက်ရှိပါသည်။

ထိုအချိန်မတိုင်မီကလေးတွင် ခရစ်တော်သည် မိမိအပေါ်ပြင်းထန်စွာတိုက်ခိုက်လာသောစုံစမ်းခြင်းမုန်တိုင်းကို အာရဇ်ပင်ကဲ့သို့တွန်းလှန်ရန်ရပ်တည်တော်မူခဲ့ပါသည်။ နှလုံးခိုင်မာခြင်း၊ ရန်ငြိုးဖွဲ့ခြင်းနှင့်ကောက်ကျစ်စဉ်းလဲခြင်းများဖြင့်ပြည့်ဝနေသောနှလုံးသားများသည် အခြေအနေရှုပ်ထွေးအောင်လုပ်နိုင်ဖို့နှင့် ကိုယ်တော်အားလွှမ်းမိုးဖို့အချည်းနှီးကြိုးစားခဲ့ကြပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ကဲ့သို့ ဂုဏ်အသရေမြင့်မြတ်စွာဖြင့်ရပ်တည်တော်မူခဲ့ပါသည်။ ယခုတွင်မူ ကိုယ်တော်သည်ပြင်းထန်သောမုန်



တိုင်းဒဏ်ကြောင့် ကျိုးကြေလျက်ရှိသောကျူပင်တစ်ပင်နှယ်ဖြစ်နေပါသည်။ ခြေလှမ်းတိုင်းတွင် အမှောင်တန်ခိုးများအပေါ်အနိုင်ယူလွှမ်းမိုးခဲ့သော အောင်နိုင်သူတစ်ပါးအဖြစ် အမှုတော်၏အဆုံးပိုင်းသို့ချဉ်းကပ်ခဲ့ပါသည်။ ဘုန်းတော်ကိုထွန်းလင်းစေခဲ့ပြီး သူတစ်ပါးအနေဖြင့် မိမိသည်ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းရှိသူတစ်ပါးဖြစ်ကြောင်း အခိုင်အမာဖွင့်ဆိုခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တော်သည် ယိမ်းယိုင်မှုမရှိသည့်အသံနေအသံထားမျိုးဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းတော်မူခဲ့ဖူးပါသည်။ တပည့်တော်များကိုအားပေးစကားများလည်းပြောခဲ့ဖူးပါသည်။ ယခုအချိန်တွင်မူ ဒုက္ခဆင်းရဲခြင်းကျရောက်မည့်အချိန်သို့ ရောက်လာခဲ့ပေပြီ။ ယခုတွင် ကိုယ်တော်၏အသံကိုအေးချမ်းသောညနေခင်းအချိန်၌ကြားနေရသော်လည်း အောင်မြင်မှုအတွက်ကြုံးဝါးသောအသံမျိုးမဟုတ်ဘဲ ဒုက္ခဝေဒနာခံစားရသည့်အတွက် ဖြစ်ပေါ်လာသောညည်းတွားသံများသာဖြစ်နေပါသည်။ အကျွန်ုပ်အဖ၊ ဤခွက်ကိုအကျွန်ုပ်မသောက်ဘဲလွန်၍မသွားရလျှင် ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော်ဟူသောအသံကို ငိုက်မျဉ်းနေသော ထိုတမန်တော်များကြားခဲ့ရပါသည်။

ထိုကြောင့်တမန်တော်များသည် ကိုယ်တော်ရှင့်ထံသို့သွားကြရန်ကနဦးတွင်စိတ်ကူးခဲ့ကြသော်လည်း၊ ၎င်းတို့အားထိုနေရာ၌ပင်နေ၍ဆုတောင်းနေကြရန် ကိုယ်တော်မိန့်မှာထားသည့်အတွက် ထိုနေရာ၌ပင်စောင့်နေခဲ့ကြပါသည်။ သို့သော် ၎င်းတို့ထံသို့ခရစ်တော်ရောက်ရှိလာသောအခါ အိပ်ပျော်နေကြသည်ကိုတွေ့ရပါသည်။ တပည့်တော်များသည် မိမိအနားသို့လာရောက်ကြပြီး၊ မိမိခံစားနေရသောဝေဒနာများကိုသက်သာစေကာ မိမိအားလွှမ်းမိုးလုဆဲဖြစ်နေသောအမှောင်ထုကြီးကိုဖြိုခွင်းရန် ကိုယ်တော်လိုလားတော်မူပါသည်။ သို့ရာတွင် “သူတို့သည်မျက်စိလေးလံသဖြင့်–––အဘယ်သို့လျှောက်ရမည်ကိုမသိကြ။” ကိုယ်တော်ရှင်ရောက်ရှိလာသဖြင့်လန့်နိုးသွားကြပြီး ခရစ်တော်၏မျက်နှာတွင်ပေကျံနေသည့်သွေးနှင့်ရောနေသည့်ချွေးများကိုမြင်ကြသောအခါ သူတို့ကြောက်စိတ်ဝင်လာခဲ့ကြပါသည်။ ကိုယ်တော်ရှင်ခံစားနေရသောစိတ်ဒုက္ခဝေဒနာများကို သူတို့နားမလည်နိုင်ခဲ့ကြချေ။ “သူသည်လူ

မဟုတ်သကဲ့သို့မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့အဆင်းအသရေပျက်ခြင်းရှိနေပါသည်။” ဟေရှာ ၅၂း၁၄။

တစ်ဖန်ခရစ်တော်သည် မိမိနေရာသို့ပြန်သွားပြီး၊ မြေကြီးပေါ်တွင်ပျပ်ဝပ်တော်မူ၏။ ကြီးမားသောအမှောင်ထု၏ကြောက်မက်ဖွယ်ရာများသည် ကိုယ်တော်အားလွှမ်းမိုးထားပါသည်။ ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရသော ဤအချိန်အခါတွင် သားတော်ဘုရား၏လူသားဇာတိသည် ကြောက်ရွံ့တုန်လှုပ်လျက်ရှိပါသည်။ ကိုယ်တော်သည်ယခုအချိန်တွင် တပည့်တော်များ၏ယုံကြည်ခြင်းကိုခိုင်မာစေရန်ဆုတောင်းမပေးတော့ဘဲ စုံစမ်းခြင်းခံရသည့်ဒုက္ခဝေဒနာခံစားနေရသော မိမိအသက်ဝိညာဉ်အတွက်ဆုတောင်းနေပါသည်။ ကမ္ဘာသူကမ္ဘာသားအားလုံး၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်ကြောက်လန့်ဖွယ်ရာကောင်းသည့်အချိန်အခါသည် ရောက်လာခဲ့ပေပြီ။ ချိန်ခွင်ကြီးထဲတွင် လူသားများ၏ကံကြမ္မာသည် ယိမ်းယိုင်တုန်လှုပ်နေပါသည်။ ခရစ်တော်သည် ဒုစရိုက်ကျူးလွန်သောလူသားများ၏အငန်းအတာဖြစ်သော ထိုခွက်ကိုမသောက်ရန်ငြင်းဆိုမည်ဆိုလျှင် ငြင်းဆိုနိုင်ပါသည်။ ငြင်းဆိုဖို့အချိန်နောက်မကျသေးပါ။ မိမိ၏မျက်နှာပေါ်မှသွေးနှင့်ရောနေသောချွေးများကိုသုတ်ပစ်ကာ ကိုယ့်အပြစ်နှင့်ကိုယ်ခံဆိုပြီး၊ လူသားများကိုစွန့်ထားခဲ့မည်ဆိုလျှင်လည်း စွန့်နိုင်သည့်အခြေတွင်ရှိပါသည်။ ပညတ်တော်ကျူးလွန်သူများသည် မိမိ၏အပြစ်အခကိုကိုယ်တိုင်ခံစေ၊ ငါမူကား၊ ငါ့အဖခမည်းတော်သို့ပြန်သွားတော်မူမည်ဟူ၍လည်း ကိုယ်တော်ပြောဆိုမည်ဆိုလျှင်ပြောဆိုနိုင်ပါသည်။ ခါးသီးသောဤခွက်ဖလားကိုသားတော်ဘုရားသောက်လိမ့်မည်လား၊ အပြစ်မဲ့သောကိုယ်တော်သည် အပြစ်သားများကိုကယ်တင်ရန် အပြစ်၏အကျိုးအပြစ်ကိုခံစားတော်မူမည်လား။ ခရစ်တော်၏ဖြူရော်နေသောနှုတ်ခမ်းများမှ တုန်တုန်ယင်ယင်ဖြင့်ထွက်ပေါ်လာသောစကားသံမှာ “အကျွန်ုပ်အဖ၊ ဤခွက်ကိုအကျွန်ုပ်မသောက်ဘဲလွန်၍မသွားရလျှင် ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော်” ဟူ၍ဖြစ်၏။

ကိုယ်တော်သည် ဤဆုတောင်းချက်ကိုသုံးကြိမ်တိုင်တိုင် ပတ္ထနာပြုခဲ့ပါသည်။ နောက်ဆုံးကျော်လွှားရမည့်အသေသတ်ခံခြင်းကိုရင်ဆိုင်ရမည့်



အရေးတွင် ကိုယ်တော်၏လူသားဇာတိသည် သုံးကြိမ်စလုံးတွန့်ဆုတ်တော်မူခဲ့ပါသည်။ သို့ရတွင် ယခုအချိန်တွင် လူသားမျိုးနွယ်စု၏သမိုင်းစဉ်သည် ကယ်တင်ရှင်၏ရှေ့တော်တွင် ထင်ရှားစွာပေါ်ထွက်လာခဲ့ပါသည်။ ပညတ်တော်ကိုလွန်ကျူးသူများအားစွန့်ပစ်ခဲ့မည်ဆိုလျှင် ၎င်းတို့သည် ပျက်စီးဆုံးရှုံးသွားကြမည်ဖြစ်ကြောင်းကို ကိုယ်တော်သိတော်မူပါသည်။ လူသားများ၏ခွန်အားနည်းပါးခြင်းကိုလည်းကောင်း၊ အပြစ်တရား၏အစွမ်းတန်ခိုးကိုလည်းကောင်း ကိုယ်တော်သိတော်မူပါသည်။ အပြစ်ဒဏ်စီရင်ခြင်းခံရသောကမ္ဘာကြီး၏ဝမ်းနည်းပူဆွေးမှုများသည် ကိုယ်တော်ရှေ့တွင်ပေါ်ထွက်လာပါသည်။ ဤလောကကမ္ဘာကြီးပေါ်သို့မကြာမီကျရောက်တော့မည့်ကံကြမ္မာကို ကိုယ်တော်ရှုမြင်တော်မူကာ ထိုကဲ့သို့ဆုံးဖြတ်ချက်ချတော်မူခဲ့ပါသည်။ ခရစ်တော်အနေနှင့်မည်မျှပင်အဖိုးအခပေးရစေကာမူ လူသားများကိုကယ်တင်တော်မူမည်သာဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏အသွေးတော်၌ ဗတ္တိဇံခံတော်မူခဲ့ပါသည်။ ထိုသို့သောအားဖြင့်ပျက်စီးခြင်းသို့ရောက်မည့်ဆဲဆဲဖြစ်သော သန်းပေါင်းများစွာသောလူသားများသည် ထာဝရအသက်ကိုရရှိနိုင်ကြမည်ဖြစ်ပါသည်။ လူသားများကိုကယ်တင်နိုင်ရန် အရာရာတိုင်း၌သန့်ရှင်းခြင်း၊ ပျော်ရွှင်ခြင်း၊ ဘုန်းတန်ခိုးတော်နှင့်ပြည့်ဝခြင်းများနှင့်ပြည့်စုံတော်မူသော ကောင်းကင်ရွှေနန်းကိုစွန့်ခွာခဲ့ရပါသည်။ ကိုယ်တော်သည် မိမိအမှုတော်မှကျောခိုင်းလိမ့်မည်မဟုတ်သည့်အပြင် အပြစ်ပြုလိုသောလူသားများ၏အပြစ်ဖြေရာပုဂ္ဂိုလ်တစ်ပါးဖြစ်လာလိမ့်မည်။ ယခုတွင် ဘုရားသခင်ထံတော်၌လုံးလုံးအပ်နှံသည့်အနေဖြင့် ဤခွက်ကိုအကျွန်ုပ်မသောက်ဘဲလွန်၍မသွားရလျှင် ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသောဟု ခရစ်တော်ဆုတောင်းခဲ့ပါသည်။

ကိုယ်တော်သည်ဆုံးဖြတ်ချက်ချလိုက်သောအချိန်တွင် တစ်ပိုင်းတစ်စမတ်တတ်ရပ်နေသည့်အနေအထားမှ လူသေကောင်တစ်ဦးကဲ့သို့မြေကြီးပေါ်သို့လဲကျသွားခဲ့ပါသည်။ ခွန်အားနည်းလျက်လဲကျသွားသည့် ကိုယ်တော်ရှင်၏ဦးခေါင်းအောက်မှလက်ဖြင့်ဖေးမထားရန်အတွက်သော်လည်းကောင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်လျက်ရှိသော ကိုယ်တော်၏မျက်နှာ

တော်အား လေမှုတ်ပေးရန်အတွက်သော်လည်းကောင်း တပည့်တော်များသည် ယခုမည်သည့်နေရာတွင်ရောက်ရှိနေကြပါသနည်း။ ကယ်တင်ရှင်သည် စပျစ်သီးနယ်ရာကျင်းတွင် မည်သည့်တပည့်တော်မျှမပါဘဲ တစ်ပါးတည်းစပျစ်သီးနယ်ခဲ့ရပါသည်။

သို့ရာတွင် ထာဝရဘုရားသခင်သည် သားတော်နှင့်အတူမျှဝေခံစားတော်မူခဲ့ပါသည်။ ခရစ်တော်ခံစားနေရသောဒုက္ခဝေဒနာကို ကောင်းကင်တမန်များကလည်းကြည့်ရှုနေကြရာ စာတန်၏ထောင်ပေါင်းများစွာသောအင်အားစုများသည် ကိုယ်တော်အားဝန်းရံထားကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏လူသားဘဝတွင် အလွန့်အလွန်စိုးရိမ်ကြောက်ရွံ့သောစိတ်များဖိစီးနေကြောင်းကိုလည်းကောင်း တွေ့မြင်ကြရပါသည်။ ကောင်းကင်နိုင်ငံတွင်မူတိတ်ဆိတ်နေပါသည်။ မည်သည့်စောင်းသံကိုမျှမကြားရချေ။ ချစ်လှစွာသောသားတော်ထံမှအလင်းတော်များ၊ ချစ်ခြင်းမေတ္တာနှင့်ဘုန်းရောင်ခြည်များကို ချစ်လှစွာသောသားတော်ထံမှဖြတ်တောက်လျက်ရှိသောခမည်းတော်ဘုရားကို ဝမ်းနည်းတိတ်ဆိတ်စွာဖြင့်စောင့်စားကြည့်ရှုနေကြသော ကောင်းကင်တမန်များ၏အံ့ဩတွေဝေမှုကို လူသားများတွေ့မြင်နိုင်ကြမည်ဆိုလျှင် ဘုရားသခင်၏မျက်မှောက်တော်ဝယ် အပြစ်တရားသည် မည်မျှစက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်း၊ သူတို့သာ၍ နားလည်လာကြပါလိမ့်မည်။

ထိုတိုက်လှန်ပွဲကြီးသည် အဆုံးသို့တဖြည်းဖြည်းရောက်ရှိလာသည်နှင့်အမျှ မကျဆုံးသေးသောအခြားကမ္ဘာများနှင့်တကွ ကောင်းကင်နိုင်ငံမှကောင်းကင်တမန်များက အလွန်စိတ်ဝင်စားစွာဖြင့်စောင့်ကြည့်နေကြပါသည်။ စာတန်နှင့်တကွ ၎င်း၏အယူဖောက်ပြန်သောအပေါင်းအပါများသည်လည်း ကယ်တင်ခြင်းလုပ်ငန်းစဉ်မှအရေးကြီးသော ဤဖြစ်ရပ်ကြီးကိုစိတ်ဝင်စားကြည့်ရှုနေကြပါသည်။ အကောင်းနှင့်အဆိုးတို့၏တန်ခိုးရှင်များသည် သုံးကြိမ်တိုင်တိုင်ပတ္တနာပြုခဲ့သည့် ခရစ်တော်၏ထိုဆုတောင်းချက်အတွက် မည်သည့်အဖြေများထွက်ပေါ်လာမည်ကိုကြည့်ရန် စောင့်စားနေကြပါသည်။ ကောင်းကင်တမန်များသည် ဒုက္ခဝေဒနာခံစားနေရသော ၎င်းတို့၏သခင်အား





လုပ်ကျွေးပြုစုလိုကြသော်လည်း ပြုစုခွင့်မရရှိကြချေ။ ကယ်တင်ရှင်အတွက်လွတ်မြောက်နိုင်သည့်နည်းလမ်းတစ်ခုကိုမျှ သူတို့မတွေ့ရှိခဲ့ကြချေ။ အလွန့်အလွန်အရေးကြီးနေသောဤအချိန်အခါတွင် ခပ်သိမ်းသောအရာများသည် မည်သို့ဖြစ်လိမ့်မည်ဟုမသေချာမရေရာဘဲ ထိုခွက်သည်ကိုယ်တော်ရှင်၏လက်တော်ဝယ် လှုပ်ရှားတိမ်းစောင်းနေသောအခြေအနေမျိုးတွင် ကောင်းကင်တံခါးပွင့်လာကာ ဘုရားသခင်၏ရှေ့တော်တွင်ခစားရသောစာတန်ကျဆုံးပြီးနောက် ၎င်း၏နေရာကိုရရှိထားသည့် ခွန်အားကြီးသောကောင်းကင်တမန်သည် ခရစ်တော်နံဘေးသို့ဆင်းသက်ရောက်ရှိလာခဲ့ပါသည်။ သူသည် ခရစ်တော်၏လက်ထဲမှခွက်ဖလားကိုယူပစ်ရန်လာခဲ့ခြင်းမဟုတ်ဘဲ အဖဘုရားသခင်ကချစ်တော်မူလျက်ရှိကြောင်းအာမခံလျက် ထိုခွက်ကိုသောက်ဖို့အားပေးရန်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ သူသည်အသနားခံနေသော ဘုရားဇာတိနှင့်လူသားဇာတိရောယှက်ထားသည့်ခရစ်တော်အား တန်ခိုးခွန်အားပေးရန်ကြွလာခဲ့ပါသည်။ ပွင့်နေသောကောင်းကင်တံခါးကိုညွှန်ပြကာ ကိုယ်တော်၏အသေသတ်ခံခြင်းကြောင့် ကယ်တင်ခြင်းခံကြရမည့်အသက်ဝိညာဉ်များအကြောင်းကို လျှောက်ထားတော်မူပါသည်။ ခမည်းတော်ဘုရားသခင်သည် စာတန်ထက်တန်ခိုးကြီးတော်မူကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏အသေခံတော်မူခြင်းသည် စာတန်အားအရှုံးနှင့်ရင်ဆိုင်စေမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ဤလောက၏လက်တွင်ပေးလိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ထိုကောင်းကင်တမန်ကကိုယ်တော်ရှင်အားလျှောက်ထားပါသည်။ ကိုယ်တော်သည်ပြင်းထန်သောဝေဒနာကိုခံစားနေရသော်လည်း နှစ်သိမ့်မှုကိုရရှိလိမ့်မည်ဖြစ်ကြောင်း၊ အကြောင်းမူကား၊ များပြားလှစွာသောလူသားမျိုးနွယ်များသည် ထာဝရကာလတိုင်ကယ်တင်ခြင်းခံရသည်ကို ကိုယ်တော်မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်းများကိုလျှောက်ထားတော်မူပါသည်။

ခရစ်တော်ခံစားနေရသောဒုက္ခဝေဒနာသည် ရပ်တန့်သွားခြင်းမရှိသော်လည်း စိတ်အားလျော့ခြင်းနှင့်စိတ်ဓာတ်ကျခြင်းများမှာ သက်သာသွားခဲ့ပါသည်။ ထိုမုန်တိုင်းသည် နည်းနည်းကလေးမှစဲသွားခြင်းမရှိသော်လည်း

ထိုတိုက်လှန်ပွဲ၏ပစ်မှတ်ဖြစ်သော ကိုယ်တော်အားမုန်တိုင်းဒဏ်ခံနိုင်အောင် အားဖြည့်ပေးခြင်းသာဖြစ်ပါသည်။ ထိုနောက် ကိုယ်တော်သည် တည်ကြည်ငြိမ်သက်စွာဖြင့်ပျပ်ဝပ်နေရာမှထလာခဲ့ရာ သွေးစွန်းနေသောမျက်နှာတော်ထက်ဝယ် ကောင်းကင်နိုင်ငံတော်၏ငြိမ်သက်ခြင်းတန်ခိုးများကျရောက်နေခဲ့ပါသည်။ မည်သည့်လူသားမှယူတင်ဝတ်ဆောင်နိုင်ခြင်းမရှိသောဝန်ကို ကိုယ်တော်ယူတင်ဝတ်ဆောင်တော်မူခဲ့ပါသည်။ လူသားတစ်ဦးစီတို့အတွက် ကိုယ်တော်သည် သေခြင်းဝေဒနာကိုမြည်းစမ်းတော်မူခဲ့ရပါသည်။

အိပ်ပျော်နေသောထိုတမန်တော်များသည် ကယ်တင်ရှင်၏ကွန့်မြူးနေသောအလင်းတော်ကြောင့်လန့်နိုးလာကြပြီး နွမ်းလျနေသောကိုယ်တော်အား၊ ထိုကောင်းကင်တမန်သည် တိုးလျှိုးခစားနေသည်ကိုလည်းကောင်း၊ ၎င်း၏ရင်ခွင်ထဲဝယ် ကိုယ်တော်၏ဦးခေါင်းအားဖေးမထားကာ ကောင်းကင်သို့ပြည္ကန်နေသည်ကိုလည်းကောင်း သူတို့တွေ့မြင်ခဲ့ကြရပါသည်။ ၎င်းပြင် နှစ်သိမ့်စကားများနှင့်မျှော်လင့်ချက်စကားများကို အလွန်ချိုသာလှသောအသံဖြင့်ပြောဆိုလျှောက်ထားနေသည်ကိုလည်း သူတို့ကြားခဲ့ရပါသည်။ ထိုမြင်ကွင်းကို တွေ့မြင်ရသောအခါ တောင်ပေါ်တွင်ဘုန်းရောင်ခြည်တော်များတောက်ပခဲ့သည့်မြင်ကွင်းကို သူတို့ပြန်လည်သတိရလာခဲ့ကြပါသည်။ ဗိမာန်တော်ထဲတွင် ကိုယ်တော်၏ပတ်လည်၌ထွန်းတောက်ခဲ့သည့် ဘုန်းတန်ခိုးရောင်ခြည်များနှင့် မိုးတိမ်ထဲမှထွက်ပေါ်လာသောဘုရားသခင်၏အသံတော်ကို သူတို့သတိရအောက်မေ့ခဲ့ကြပါသည်။ ယခုတွင် ထိုဘုန်းတော်ကိုတစ်ဖန်ထွန်းလင်းစေတော်မူခဲ့သဖြင့် မိမိတို့၏အရှင်ဘုရားအတွက် သူတို့စိုးရိမ်စရာမရှိတော့ချေ။ ကိုယ်တော်သည် ဘုရားသခင်၏စောင့်ရှောက်မှုအောက်တွင်ရှိနေပါသည်။ ထာဝရဘုရားသည် ခွန်အားကြီးသောကောင်းကင်တမန်တစ်ပါးကို ကိုယ်တော်အားကာကွယ်စောင့်ရှောက်ရန် စေလွှတ်တော်မူထားပါသည်။ တမန်တော်များမှာမူ ၎င်းတို့ခံစားရသောမောပန်းနွမ်းနယ်မှုကြောင့် မျက်စိလေးလံသဖြင့် အိပ်ပျော်သွားကြသည်ကို ခရစ်တော်တစ်ဖန်တွေ့တော်မူခဲ့ရပါသည်။



ထိုနောက် တပည့်တော်များကိုဝမ်းနည်းစွာဖြင့်ကြည့်တော်မူပြီး၊ "ယခုအိပ်ပျော်၍ငြိမ်ဝပ်စွာနေကြလော့၊ လူသားကိုဆိုးသောသူတို့လက်သို့အပ်နှံသောအချိန်ရောက်လာပြီ" ဟုမိန့်တော်မူ၏။

ထိုကဲ့သို့မိန့်တော်မူနေစဉ်တွင် ကိုယ်တော်ရှင်အားရှာဖွေနေကြသောလူအုပ်ကြီး၏ခြေသံများကိုကြားတော်မူသဖြင့် "ထကြ၊ ငါတို့သည်သွားကြကုန်အံ့၊ ငါ့ကိုအပ်နှံသောသူသည်ရောက်လာပြီ" ဟု ကိုယ်တော်မိန့်တော်မူ၏။

ခရစ်တော်သည် မိမိအားအပ်နှံမည့်သူနှင့်ရင်ဆိုင်ရန် ရှေ့သို့တိုးသွားသောအချိန်တွင် ကိုယ်တော်၌ယခင်ကခံစားရသောမည်သည့်ဒုက္ခဝေဒနာ၏အရိပ်အယောင်ကိုမျှမတွေ့ရချေ။ ကိုယ်တော်သည် တပည့်တော်များ၏အရှေ့မှ မိမိထံသို့လာနေသောထိုသူတို့ဆီသို့သွား၍ အဘယ်သူကိုရှာကြသနည်း ဟုမေးတော်မူရာ နာဇရက်မြို့သားယေရှုကိုရှာကြသည်ဟုဆိုလျှင် ယေရှုကငါသည်ထိုသူဖြစ်၏ဟုမိန့်တော်မူ၏။ ဤစကားများကိုပြောဆိုနေကြစဉ်တွင် မကြာမီကကိုယ်တော်ရှင်အားအလုပ်အကျွေးပြုခဲ့သောကောင်းကင်တမန်သည် ယေရှုနှင့်ထိုလူအုပ်ကြီးအကြားတွင်နေရာယူလိုက်ပါသည်။ ကြီးမြတ်သောအလင်းတော်တစ်ခုသည် ကိုယ်တော်၏မျက်နှာတော်ဝယ်ထွန်းလင်းလျက်ရှိပြီး ချိုးငှက်သဏ္ဍာန်အရာတစ်ခုသည် ကိုယ်တော်အားကာကွယ်ထားပါသည်။ ဘုရားသခင်၏ဘုန်းတော်ထွန်းလင်းသောနေရာတွင် လူသတ်ရန်စိတ်ပြင်းထန်နေသည့်ထိုလူအုပ်ကြီး တစ်ခဏမျှပင်မရပ်တည်နိုင်ခဲ့ချေ။ သူတို့အားလုံးနောက်သို့ဆုတ်ပြေးကြပြီး၊ ယုဒရှကာရုတ်ကိုယ်တိုင်မှအစယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများနှင့်ရောမစစ်သားများသည် အသေကောင်များနှယ်မြေပေါ်သို့လဲကျကုန်ကြပါသည်။

ထိုကောင်းကင်တမန်ဆုတ်ခွာသွားသောအချိန်တွင် ထွန်းတောက်နေသောဘုန်းရောင်ခြည်သည်လည်း ပျောက်ကွယ်သွားခဲ့ပါသည်။ ခရစ်တော်သည်ထွက်ပြေးလွတ်မြောက်ရန်အခွင့်သာခဲ့သော်လည်း ကိုယ်တော်သည်စိတ်တည်ငြိမ်အေးချမ်းစွာဖြင့် ဆက်လက်တည်ရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဘုန်းထွန်းတောက်သောသူတစ်ပါးကဲ့သို့ ကြမ်းတမ်းသောထိုလူအုပ်ကြီး

အလယ်တွင်ရပ်တည်ခဲ့သော်လည်း ယခုတွင်မူ ခွန်အားမဲ့သူတစ်ဦးကဲ့သို့ မိမိခြေအစုံပေါ်တွင်ပျပ်ဝပ်လျက်ရှိနေပါသည်။ ထိုတမန်တော်များသည် အံ့ဩကြောက်ရွံ့စွာဖြင့်တိတ်ဆိတ်လျက် ထိုမြင်ကွင်းကိုဆက်လက်ကြည့်ရှုနေကြပါသည်။

အခြေအနေသည်လျင်မြန်စွာပြောင်းလဲသွားပါသည်။ လူအုပ်ကြီးသည် ရုတ်တရက်ထလာပြီး၊ ရောမစစ်သားများ၊ ယဇ်ပုရောဟိတ်များနှင့် ယုဒရှကာရုတ်တို့သည် ခရစ်တော်ကိုဝိုင်းထားလိုက်ကြပါသည်။ သူတို့သည် မိမိတို့၏အားနည်းချက်များအတွက်ရှက်ရွံ့နေပုံပေါ်ပြီး၊ ကိုယ်တော်ရှင်ထွက်ပြေးလွတ်မြောက်သွားမည်ကိုလည်း စိုးရိမ်နေပုံပေါ်နေပါသည်။ ယခုတစ်ဖန်ကိုယ်တော်က အဘယ်သူကိုရှာကြသနည်းဟုထပ်မံ၍မေးတော်မူလိုက်ပါသည်။ ၎င်းတို့ရှေ့တွင်မတ်တတ်ရပ်နေသောသူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းထင်ရှားနေသော်လည်း သူတို့သည်သဘောမပေါက်ကြသေးချေ။ ထိုကြောင့် အဘယ်သူကိုရှာကြသနည်းဟုနောက်ထပ်တစ်ဖန်မေးတော်မူသည်ကို နာဇရက်သားယေရှုကိုရှာကြသည်ဟု ပြန်ဖြေခဲ့ကြပါသည်။ ထိုအခါကိုယ်တော်ကတပည့်တော်များကိုညွှန်ပြကာ ငါသည်ထိုသူဖြစ်၏ဟုငါပြောပြီ။ သို့ဖြစ်၍ ငါ့ကိုရှာလျှင် ဤသူတို့ကိုသွားပါလေစေဟု မိန့်တော်မူခဲ့ပါသည်။ ၎င်းတို့၏ယုံကြည်ခြင်းသည်မည်မျှအားနည်းကြောင်း ကိုယ်တော်သိရှိတော်မူသဖြင့် စုံစမ်းနှောင့်ယှက်ခြင်းမှ ၎င်းတို့အားကြိုးစား၍ကာကွယ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့အကျိုးအလို့ငှာ မိမိကိုယ်ကိုဆက်ကပ်ပူဇော်ရန် အသင့်ရှိတော်မူပါသည်။

ယုဒသည် မိမိလုပ်ဆောင်ရမည့်ကဏ္ဍကိုမမေ့လျော့ခဲ့ချေ။ ထိုလူအုပ်ကြီးသည် ဥယျာဉ်ထဲသို့ဝင်ရောက်လာသောအချိန်တွင် သူသည်ယဇ်ပုရောဟိတ်မင်းကြီး၏နောက်နားမှကပ်၍လိုက်လာပြီး လမ်းပြလုပ်ခဲ့ပါသည်။ ခရစ်တော်အားရှာဖွေနေသူများကို ၎င်းကအချက်ပြ၍ "ငါနမ်းသောသူသည် ယေရှုပင်ဖြစ်၏။ သူ့ကိုဖမ်းကြ" ဟုပြောဆိုခဲ့ပါသည်။ မဿဲ ၂၆း၄၈။ ယခုတွင်သူသည် ထိုအဖွဲ့နှင့်မပတ်သက်သလိုလိုဟန်ဆောင်ကာ ခရစ်တော်၏အပါး



သို့ချဉ်းကပ်လာကာ ရင်းနှီးသောမိတ်ဆွေတစ်ဦးကဲ့သို့ ကိုယ်တော်၏လက်ကိုဖမ်းကိုင်လိုက်ပါသည်။ ထိုနောက် အရှင်ဘုရားမင်္ဂလာရှိပါစေသော်ဟုဆိုလျက် ကျရောက်မည့်အန္တရာယ်အတွက် ကိုယ်တော်ရှင်အားကိုယ်ချင်းစာနာကာငိုကြွေးသည့်ပုံစံမျိုးဖြင့်အထပ်ထပ်နမ်းရှုပ်လေ၏။

ယေရှုကလည်းအဆွေ၊ အဘယ်အခင်းရှိ၍လာသနည်းဟု ၎င်းအားမေးတော်မူပြီး၊ ယုဒ– သင်သည်နမ်းခြင်းကိုပြုလျက် လူသားကိုအပ်နှံသလောဟု ဝမ်းနည်းသောအသံဖြင့်ထပ်လောင်းမေးမြန်းတော်မူခဲ့ပါသည်။ ဤအမေးကလေးသည် ယုဒ၏သြတ္တပ္ပစိတ်တွင်ပြန်၍အသိတရားဝင်လာစေသင့်ပြီး၊ မာကျောသော၎င်း၏နှလုံးသားအား ပျော့ပျောင်းသွားစေသင့်ပါသော်လည်း ရိုသေကိုင်းရှိုင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းများသည် ၎င်း၏နှလုံးသားတွင်ပျောက်ကွယ်လျက်ရှိချေပြီ။ အလျှော့ပေးမည့် မည်သည့်အမူအရာကိုမျှမပြဘဲ အတင့်ရဲသောအာခံမှုအပြည့်ဖြင့်သူရပ်တည်ခဲ့ပါသည်။ သူသည် မိမိကိုယ်ကိုစာတန်၏လက်၌အပ်နှံထားပြီးဖြစ်သဖြင့် ထိုအမှောင်ဘုရင်ကိုတွန်းလှန်ရန် မည်သည့်တန်ခိုးမျှမရှိတော့ချေ။ သို့ရာတွင်ခရစ်တော်သည် ထိုသစ္စာဖောက်၏အနမ်းကိုမငြင်းပယ်ခဲ့ပါချေ။

မကြာသေးမီအချိန်ကမှ မိမိတို့၏မျက်စိအောက်တွင် ဘုန်းထွန်းလင်းခဲ့သောကိုယ်တော်ကို ယုဒကဖက်ယမ်းနမ်းရှုပ်နေသည်ကိုမြင်ရသောလူအုပ်ကြီးသည် ပို၍အတင့်ရဲလာကာ ခရစ်တော်ကိုဖမ်းဆီးချုပ်နှောင်ပြီး လူသားများအားကောင်းကျိုးပြုရာတွင် အသုံးပြုတော်မူခဲ့သောနူးညံ့သည့်လက်တော်များကို ကြိုးနှင့်ချည်နှောင်လိုက်ကြပါသည်။

မိမိတို့၏သခင်သည်အဖမ်းခံရလိမ့်မည်မဟုတ်ဟု ထိုတမန်တော်များကထင်ခဲ့ကြပါသည်။ အကြောင်းမှုကား ထိုလူအုပ်ကြီးအားလူသေကဲ့သို့ဖြစ်စေခဲ့သော ထိုတန်ခိုးတော်မျိုးကိုပိုင်ဆိုင်ထားသည့်ကိုယ်တော်သည် မိမိတို့အားလုံးထွက်ပြေးလွတ်မြောက်သွားသည်အထိ ထိုသူများအားဟန့်တားနိုင်သည်ဟု ၎င်းတို့ယုံကြည်ခဲ့ကြခြင်းကြောင့်ဖြစ်ပါသည်။ မိမိတို့ချစ်ခင်မြတ်နိုးသော ကိုယ်တော်၏လက်များကိုချည်နှောင်ရန်ယူလာခဲ့သောကြိုးများကို

တွေ့သောအခါ သူတို့စိတ်ပျက်သွားကြပြီး ဒေါသလည်းထွက်ခဲ့ကြပါသည်။ ပေတရုသည် ၎င်း၏သခင်အားကာကွယ်ရန် ဓားကိုထုတ်၍ခုတ်လိုက်ရာ ယဇ်ပုရောဟိတ်မင်းကြီး၏ကျွန်တစ်ယောက်၏နားရွက်ပြတ်သွားခဲ့ပါသည်။ ထိုအခြင်းအရာကိုယေရှုမြင်တော်မူလျှင် ရောမစစ်သားများကအတင်းအကျပ်ချုပ်ထားသော မိမိ၏လက်တော်ကိုဆွဲယူလိုက်ပြီး "တန်စေ" ဟုမိန့်တော်မူလျက် နားရွက်ကိုလက်တော်နှင့်တို့ကာ အနာပျောက်ကင်းစေတော်မူခဲ့ပါသည်။ ထိုနောက် ပေတရုဘက်သို့လှည့်တော်မူလိုက်ပြီး သင့်ဓားကိုသူ့နေရာ၌ပြန်ထားလော့။ ဓားကိုကိုင်သောသူရှိသမျှတို့သည် ဓားဖြင့်ဆုံးခြင်းသို့ရောက်ကြလိမ့်မည်။ ယခုပင်ငါ့အဖကိုငါတောင်းနိုင်သည်ကိုလည်းကောင်း၊ တောင်းလျှင်ကောင်းကင်တမန်တစ်ဆယ့်နှစ်တပ်မက ငါ့ထံသို့စေလွှတ်တော်မူမည်ကိုလည်းကောင်း သင်သည်မထင်သလောဟုမိန့်တော်မူ၏။ ကောင်းကင်တမန်တပ်တစ်တပ်သည် တမန်တော်တစ်ပါးစီကိုကိုယ်စားပြုသည့်အနေဖြင့် မိန့်ဆိုလိုက်ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် မိမိကိုယ်တိုင်နှင့်ကျွန်ုပ်တို့အတွက် အဘယ်ကြောင့်မကယ်တင်ခဲ့သနည်းဟု သူတို့စဉ်းစားလာကြပါသည်။ ၎င်းတို့စဉ်းစားခန်းထုတ်နေသည့်ထိုမေးခွန်းကို အဖြေပေးသည့်အနေဖြင့် "သို့ဖြစ်လျှင် ဤသို့သောအမှုအရာတို့သည် ဖြစ်ရမည်ဟူသောကျမ်းစာချက်သည် အဘယ်သို့ပြည့်စုံအံ့နည်း" "ခမည်းတော်သည် ငါ့အားပေးတော်မူသောခွက်ကိုငါမသောက်ရာသလော" ဟုမိန့်တော်မူ၏။

ဂုဏ်အသရေရှိသောယုဒခေါင်းဆောင်များသည် ခရစ်တော်ကိုရှာဖွေဖမ်းဆီးခြင်းအမှုတွင် ၎င်းတို့ကိုယ်တိုင်ပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။ ကိုယ်တော်အားဖမ်းဆီးခြင်းအမှုသည် လက်အောက်ငယ်သားများနှင့်လွှဲထားခြင်းငှာမသင့်လျော်လောက်အောင် အလွန်အရေးကြီးသောကိစ္စတစ်ခုဖြစ်ပါသည်။ ထိုကြောင့်စဉ်းလဲသော ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ဂေသရေမန်သို့ဦးတည်သွားနေသော ယုဒ၏နောက်မှလိုက်ပါလျက်ရှိသော ဗိမာန်တော်အစောင့်တပ်များအပါအဝင် လူအုပ်ကြီးများနှင့်ပူးပေါင်းခဲ့ကြပါသည်။ တောသားရဲတစ်ကောင်ကိုလိုက်လံချောင်းမြောင်းသည့်အလား၊ လက်နက်



ခဲယမ်းအမျိုးမျိုးကိုဆွဲကိုင်လျက် စိတ်လှုပ်ရှားနေသောလူအုပ်ကြီးနှင့်ပူးပေါင်းရန် ဤအာဏာပိုင်များသည် မိတ်ဆွေဖွဲ့ခဲ့ကြပါသည်တကား။---

ထိုယဇ်ပုရောဟိတ်များနှင့်ယုဒအကြီးအကဲများအား စူးစိုက်စွာကြည့်ရှုတော်မူ၍ မိန့်တော်မူခဲ့သောစကားများကို ၎င်းတို့အနေဖြင့် တစ်သက်လုံးမေ့ပျောက်နိုင်ကြလိမ့်မည်မဟုတ်ချေ။ "သင်တို့သည် ဓားနှင့်တုတ်များကိုကိုင်ဆောင်ကာ သူခိုး၊ ဓားပြကိုဖမ်းသည့်နှယ်ငါ့ထံသို့လာကြ၏။ ငါသည်နေ့စဉ်နေ့တိုင်းဗိမာန်တော်တွင်တရားဟောသွန်သင်ခြင်းငှာထိုင်ခဲ့၏။ ထိုအချိန်များတွင်သင်တို့သည် ငါ့ကိုဖမ်းဆီးခြင်းငှာအခွင့်သာသော်လည်း မဖမ်းဆီးခဲ့ကြ။" "သို့သော်လည်း ယခုအချိန်ကားသင်တို့အချိန်ဖြစ်၏။ မှောင်မိုက်တန်ခိုးလည်းဖြစ်၏" ဟူသောဘုရားသခင်ထံမှဆင်းလာသည့် ချွန်ထက်သောမြားများနှင့်တူသည့်ထိုစကားများကို သိက္ခာသမာဓိပြည့်စုံစွာဖြင့် ကိုယ်တော်မိန့်မြွက်တော်မူပါသည်။

သခင်ယေရှုသည် မိမိအားဖမ်းဆီးချုပ်နှောင်ခြင်းကိုခွင့်ပြုနေသည်ကိုမြင်ရသောတမန်တော်များသည် ကြောက်လန့်စိတ်များပေါ်လာကြပါသည်။ ထိုကဲ့သို့ကိုယ်တော်အညှံ့ခံလိုက်ခြင်းအတွက် သူတို့စိတ်ပျက်ခဲ့ကြရပါသည်။ ကိုယ်တော်၏လုပ်ကိုင်ဆောင်ရွက်ပုံများကို သူတို့နားမလည်ခဲ့ကြဘဲ ထိုသို့အဖမ်းခံလိုက်ခြင်းအတွက် ကိုယ်တော်အားအပြစ်တင်ခဲ့ကြပါသည်။ ကြောက်ရွံ့စိုးရိမ်စွာဖြင့်အလွတ်ရုန်းထွက်ပြေးကြရန် ပေတရုကအကြံပေးခဲ့သည့်အတိုင်း "တပည့်တော်အပေါင်းတို့သည် ကိုယ်တော်ကိုစွန့်ပစ်၍ပြေးကြ၏။" "သင်တို့သည်ကွဲပြား၍ ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာစွန့်ပစ်လျက် အသီးသီးမိမိတို့နေရာသို့ပြေးသွားသည့်အချိန်ကာလသည် လာ၍ယခုပင်ရောက်ပေ၏။ သို့သော်လည်း ငါသည်တစ်ကိုယ်တည်းနေသည်မဟုတ်၊ ခမည်းတော်သည်ငါနှင့်အတူရှိတော်မူ၏" ဟူ၍ ဤအခြင်းအရာနှင့်ပတ်သက်၍ ခရစ်တော်ကြိုတင်မိန့်မှာထားပြီးဖြစ်ပါသည်။ ယောဟန် ၁၆း၃၂။

****

# tcef; (75)
# tEéri f;ESi fh,Zfyka&m[dwfri f;u,mzwdkY\ a+SUwGif
# tppfaq;cH&jci f;

ရှင်မဿဲခရစ်ဝင် ၂၆း၅၇-၇၅။ ၂၇း၁။ ရှင်မာကု ၁၄း၃၅-၇၂။ ၁၅း၁။ ရှင်လုကာ ၂၂း၅၄-၇၁။ ရှင်ယောဟန် ၁၈း၁၃-၂၇ တို့ကိုအခြေပြုထားပါသည်။

သူတို့သည်ကေဒြုန်ချောင်းကိုဖြတ်ကျော်ကာ သံလွင်ပင်များ၊ ပန်းပင်များကိုဖြတ်ကျော်ပြီး အိပ်စက်လျက်ရှိသောမြို့တော်ကြီး၏ဆိတ်ငြိမ်သောလမ်းမကြီးအတိုင်း ခရစ်တော်ကိုအလျင်စလိုခေါ်ဆောင်လာခဲ့ကြပါသည်။ အချိန်မှာညသန်းခေါင်ကျော်အချိန်ဖြစ်ပြီး ကိုယ်တော့်နောက်မှလိုက်လာကြသော လူအုပ်ကြီး၏လှောင်ပြောင်သံများ၊ သရော်သံများသည် ည၏တိတ်ဆိတ်မှုကိုဖြိုခွင်းလျက်ရှိပါသည်။ ကယ်တင်ရှင်သည် ကြိုးဖြင့်ချည်နှောင်ထားခြင်းခံရပြီး အနီးကပ်စောင့်ကြပ်မှုကိုလည်းခံနေရသဖြင့် နာကျင်စွာလျှောက်လှမ်းလျက် လူအုပ်ကြီးနှင့်အတူလိုက်ပါလာခဲ့ပါသည်။ ကိုယ်တော်အားဖမ်းဆီးခဲ့သူများက ယဇ်ပုရောဟိတ်မင်းကြီးဟောင်းဖြစ်သူ အန္နမင်း၏နန်းတော်သို့ဦးတည်၍ ကိုယ်တော်အားခေါ်ဆောင်လာကြပါသည်။

အန္နမင်းသည် အမှုတော်ထမ်းဆောင်နေသော ယဇ်ပုရောဟိတ်အဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ သူ၏အသက်အရွယ်ကိုထောက်၍ လူအများကငင်းအားယဇ်ပုရောဟိတ်မင်းအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။ သူ့ထံ၌အကြံဉာဏ်တောင်းတတ်ကြပြီး ပေးသောအကြံဉာဏ်များကိုလည်း ဘုရားသခင်၏အမိန့်တော်ကဲ့သို့မှတ်ယူအကောင်အထည်ဖော်တတ်ကြပါသည်။ သူသည်ကနဦးအနေဖြင့်ဖမ်းဆီးခြင်းခံရသူခရစ်တော်အား ယဇ်ပုရောဟိတ်ဆိုင်ရာတန်ခိုးအာဏာများကိုသုံး၍ စစ်ဆေးရမည်ဖြစ်ပါသည်။ ၎င်းပြင် ထိုသူများ၏အကြံအစည်အတိုင်း မပြုလုပ်နိုင်မည်စိုးသဖြင့် အတွေ့အကြုံနည်းသောကယာဖက ထိုအကျဉ်းသားကိုစစ်ဆေးသောအခါတွင်လည်း တရားခွင်၌သူရှိနေရမည်ဖြစ်ပါသည်။ ခရစ်တော်အားအပြစ်ဒဏ်စီရင်နိုင်ရန်အလို့ငှာ



သူသည်အခြားအဖြစ်အပျက်များမှာကဲ့သို့ ပရိယာယ်များ၊ ပါးနပ်လိမ္မာမှုများနှင့် ကောက်ကျစ်စဉ်းလဲမှုများကို အသုံးချရမည်ဖြစ်ပါသည်။

စည်းကမ်းဥပဒေအရဆိုလျှင် ခရစ်တော်သည် ဆန်ဟီဒရင်အဖွဲ့၏ရှေ့မှောက်တွင်အစစ်ဆေးခံရန်ဖြစ်သော်လည်း၊ ယခုတွင် အန္နမင်းရှေ့တွင်အကြိုစစ်ဆေးမှုကိုခံနေရခြင်းဖြစ်ပါသည်။ ရောမတို့၏လုပ်ထုံးလုပ်နည်းအရဆန်ဟီဒရင်အဖွဲ့သည် သေဒဏ်စီရင်ပိုင်ခွင့်မရှိချေ။ ထိုအဖွဲ့သည် အကျဉ်းသားတစ်ဦးကိုစစ်ဆေးမေးမြန်းကာ စီရင်ချက်ကိုအတည်ပြုပေးရန် ရောမအာဏာပိုင်များထံတင်ပြရပါသည်။ ထို့ကြောင့် ရောမအာဏာပိုင်များအနေဖြင့် ခရစ်တော်အားရာဇဝတ်သားတစ်ဦးကဲ့သို့မှတ်ယူလာစေရန် စွဲဆိုနိုင်ဖို့အထူးလိုအပ်လာပါသည်။ ယုဒလူများမျက်မှောင်တွင် ကိုယ်တော်အားအပြစ်စီရင်ထိုက်သည်ဟု မှတ်ယူနိုင်သောအပြစ်ဒဏ်တစ်ခုအတွက် စွဲဆိုချက်တစ်ခုလည်းရှိရပါမည်။ ယဇ်ပုရောဟိတ်နှင့်ယုဒလူအကြီးအကဲထဲမှလူများစုသည် ခရစ်တော်၏သွန်သင်ချက်ကြောင့် အမှားအမှန်ကိုသိရှိထားကြပြီးဖြစ်သော်လည်း၊ ၎င်းတို့အားမိမိတို့၏ဘာသာရေးအဖွဲ့အစည်းများမှထုတ်ပစ်မည်ကိုစိုးသောကြောင့်သာ ခရစ်တော်ကိုဝန်မခံရဲဘဲဖြစ်နေကြပါသည်။ ငါတို့တရားသည်လူကိုမစစ်၊ သူ့အမှုကိုမသိမီကပင် ရှေးမဆွကဆုံးဖြတ်တတ်သလောဟူ၍ နိကောဒင်မေးခဲ့သောမေးခွန်းကိုလည်း သူတို့ကောင်းမွန်စွာသတိရကြပါသည်။ ယောဟန် ၇း၅၁။ ဤမေးခွန်းသည် ကျင်းပနေသော၎င်းတို့၏အစည်းအဝေးကို အထမမြောက်စေခဲ့ဘဲ ၎င်းတို့၏အကြံအစည်များကိုပျက်ပြားစေခဲ့ပါသည်။ ယခုအစည်းအဝေးတွင် အရိမသဲသားယောသပ်နှင့်နိကောဒင်တို့ကို မဖိတ်ကြားခဲ့ကြချေ။ သို့သော်လည်း ဖြောင့်မတ်ခြင်းတရားဘက်မှပြောဝံ့ဆိုဝံ့ရှိသူများ ထိုအဖွဲ့တွင်ရှိနေပါသေးသည်။ ဆန်ဟီဒရင်အဖွဲ့ဝင်အားလုံးအား ခရစ်တော်၏တစ်ဘက်တွင် တညီတညွတ်တည်းရပ်တည်စေဖို့ရန်စည်းရုံးဖို့ ဤတရားစီရင်စစ်ဆေးခြင်းကို ထိုကဲ့သို့ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်အပေါ်စွဲချက်နှစ်ခုတင်ရန် ယဇ်ပုရောဟိတ်များကလိုလားကြပါသည်။ တစ်ခုမှာ၊ ခရစ်တော်အားဘုရားကိုပြစ်မှားပြောဆိုသူအဖြစ်စွဲဆိုရန်ဖြစ်ပါသည်။

ထိုစွဲဆိုချက်အတိုင်းအမှုနိုင်လျှင် ယုဒလူများကကိုယ်တော်အားတရားစီရင်ကာ အပြစ်ပေးနိုင်မည်ဖြစ်ပါသည်။ ဒုတိယတစ်ခုမှာ ပုန်ကန်ထကြွမှုကိုလှုံ့ဆော်ခြင်းအမှုနှင့်တရားစွဲရန်ဖြစ်ပါသည်။ ဤစွဲချက်အရအမှုနိုင်လျှင် ရောမအာဏာပိုင်များ၏အတည်ပြုချက်ဖြင့် အပြစ်စီရင်ချက်ချမှတ်ရမည်ဖြစ်ပါသည်။ အန္တမင်းသည် ဤဒုတိယစွဲဆိုချက်ကို ကနဦးအသုံးပြုရာတရားစွဲရန်ကြိုးစားခဲ့ပါသည်။ အန္တမင်းသည် တရားစွဲဆိုနိုင်မည့်သက်သေအထောက်အထားများကိုရရှိရန်အတွက် ကိုယ်တော်၏တပည့်တော်များအကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏သွန်သင်ချက်များအကြောင်းကိုလည်းကောင်း မေးမြန်းစုံစမ်းခဲ့ပါသည်။ ခရစ်တော်သည် နိုင်ငံသစ်တစ်ခုကိုတည်ထောင်ရန်ရည်မှန်းချက်ဖြင့် အဖွဲ့အစည်းတစ်ခုကိုတည်ထောင်ရန်ကြိုးစားနေကြောင်း ထင်ရှားပေါ်လွင်စေမည့်ဖွင့်ဟချက်များကိုရအောင် ကြိုးစားဖို့သူစိတ်ကူးခဲ့ပါသည်။ သို့မှသာ ကိုယ်တော်အားငြိမ်းချမ်းရေးကိုဖျက်ဆီးသူ၊ ပုန်ကန်ထကြွမှုကိုဖန်တီးသူအဖြစ် ရောမအာဏာပိုင်များလက်ထဲသို့ ၎င်းတို့အပ်နှံနိုင်ကြမည်ဖြစ်ပါသည်။

ခရစ်တော်သည် ဖွင့်ဟထားသောစာအုပ်တစ်အုပ်ကိုဖတ်နေသည့်နှယ် ၎င်းတို့၏အကြံအစည်များကိုဖတ်ရှုနေပါသည်။ မိမိအားမေးမြန်းနေသည့်ထိုသူ၏အတွင်းစိတ်ကိုသိရှိသည့်အလား၊ မိမိနှင့်တမန်တော်များအကြားသွေးစည်းညီညွတ်မှုအတွက် မည်သည့်လျှို့ဝှက်ချက်များမှမရှိကြောင်း၊ (သို့မဟုတ်) ညအမှောင်ထဲတွင် မိမိ၏အကြံအစည်ကိုဖုံးကွယ်ရန် ၎င်းတို့အားလျှို့ဝှက်စွာခေါ်ယူစည်းရုံးခြင်းမဟုတ်ကြောင်းများကို ခရစ်တော်မိန့်ဆိုတော်မူခဲ့ပါသည်။ ကိုယ်တော်၌လျှို့ဝှက်သောအကြံအစည်၊ လျှို့ဝှက်သောယုံကြည်ချက်တစ်စုံတစ်ခုမျှမရှိပါချေ။ ထို့ကြောင့် ငါသည်လောက၌ထင်ရှားစွာဟောပြောပြီး၊ ယုဒလူအပေါင်းတို့စည်းဝေးရာတရားဇရပ်၌လည်းကောင်း၊ ဗိမာန်တော်၌လည်းကောင်း အစဉ်မပြတ်ဆုံးမသြဝါဒပေးပြီး၊ မထင်ရှားဘဲအလျှင်းမဟောပြောဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ဤနေရာတွင် ခရစ်တော်သည် အမှုတော်ဆောင်ရာတွင်အသုံးပြုခဲ့သည့် မိမိ၏လုပ်နည်းလုပ်ဟန်နှင့် မိမိအားစွဲဆိုနေသော ထိုသူများ၏လုပ်နည်း



လုပ်ဟန်များတို့၏ကွာခြားမှုများကို ထင်ရှားစေခဲ့ပါသည်။ ထိုသူတို့သည် နည်းမှန်လမ်းမှန်အားဖြင့်ရရှိဖို့ရန် လုံးဝမဖြစ်နိုင်သောအရာကိုရရှိနိုင်စေရန် အလို့ငှာ ပဏ္ဍာမစစ်ဆေးခြင်းကိုပြုလုပ်နိုင်ရန် ကိုယ်တော်အားအကောက်ကြံ၍ဖမ်းဆီးကာ လျှို့ဝှက်တရားရုံးတစ်ရုံးသို့ခေါ်ဆောင်လာနိုင်စေဖို့ ခရစ်တော်အားလပေါင်းများစွာချောင်းမြောင်းခဲ့ကြရပါသည်။ ယခုတွင်မူ မိမိတို့၏အကြံအစည်များကို သူတို့အကောင်အထည်ဖော်လျက်ရှိကြပါသည်။ ညနက်သန်းခေါင်ကြီးတွင် လူအုပ်ကြီးနှင့်ဝိုင်း၍ဖမ်းခြင်း၊ တရားမစီရင်မီတွင်ကိုယ်တော်အားပြက်ရယ်ပြုခြင်း၊ အနိုင်အထက်ဆက်ဆံခြင်း၊ မတရားစွပ်စွဲခြင်း စသည့်အပြုအမူများတို့သည် သူတို့၏လုပ်နည်းလုပ်ဟန်များဖြစ်ကြပါသည်။ ကိုယ်တော်၏လုပ်နည်းလုပ်ဟန်များမဟုတ်ကြပါ။ သူတို့၏အပြုအမူများသည် ပညတ်တော်ကိုလွန်ကျူးရာရောက်နေပါသည်။ သူတို့တည်ထားသောပညတ်များတွင် လူအသီးသီးအားဒုစရိုက်ပြုကြောင်း၊ သက်သေမပြနိုင်သမျှကာလပတ်လုံး အပြစ်ကင်းသူတစ်ဦးကဲ့သို့ဆက်ဆံရမည်ဟုဖွင့်ဆိုထားပါသည်။ ဤယဇ်ပုရောဟိတ်များသည် မိမိကိုယ်ကိုမိမိတို့တီထွင်ထားသည့်ပညတ်တော်များအားဖြင့် ပြန်၍စီရင်နေကြပါသည်။

ထိုနောက် မေးခွန်းထုတ်ခဲ့သောအန္တမင်းဘက်သို့လှည့်၍ အဘယ်ကြောင့်ငါ့ကိုမေးသနည်းဟု ယေရှုမေးတော်မူ၏။ ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ကိုယ်တော်ရှင်၏လုပ်ဆောင်မှုများကိုစောင့်ကြည့်ရန် သူလျှိုများကိုစေလွှတ်ကာ ကိုယ်တော်ရှင်မိန့်တော်မူသမျှကို မိမိတို့ထံသတင်းမပို့စေခဲ့ကြသလော။ ဤသူလျှိုများသည် ခရစ်တော်တရားဟောသည့်နေရာတိုင်းတွင် လာရောက်စုရုံးကာနားထောင်ခဲ့ကြသော်လည်း ၎င်းတို့၏ယဇ်ပုရောဟိတ်များထံသို့သတင်းမပို့ခဲ့ကြသလော။ သို့ဖြစ်၍ ငါသည်အဘယ်သို့ဟောပြောသည်ကိုကြားနာသောသူတို့ကိုမေးမြန်းလော့။ ငါပြောသောစကားကို ထိုသူတို့သည်သိကြ၏ဟု ကိုယ်တော်တုံ့ပြန်မိန့်တော်မူခဲ့ပါသည်။

ထိုအဖြေကြောင့်အန္တမင်းသည်တိတ်သွားခဲ့ပါသည်။ သူသည်လူသိမခံလိုသည့်မိမိ၏လုပ်ရပ်များကို ခရစ်တော်အနေဖြင့်ဖွင့်ပြောမည်ကိုစိုးသဖြင့်

ထိုအချိန်တွင် ကိုယ်တော်အားဘာမျှဆက်မပြောတော့ချေ။ အန္တမင်းအရေးနိမ့်သွားသည်ကိုမြင်သဖြင့် ဒေါသထွက်နေသည့်အနီး၌ရပ်နေသောမင်းလုလင်တစ်ယောက်က သင်သည်ယဇ်ပုရောဟိတ်မင်းကို ဤသို့ပြန်ပြောရသလောဟုဆိုလျက် ယေရှုကိုရိုက်လေ၏။

ယေရှုကလည်း ငါ့စကားမမှန်လျှင်မမှန်ကြောင်းပြပါ။ မှန်လျှင်ငါ့ကိုအဘယ်ကြောင့်ရိုက်သနည်းဟု တည်ငြိမ်စွာဖြင့်မိန့်တော်မူ၏။ ကိုယ်တော်သည်လက်စားချေသည့် မည့်သည့်အမျက်ဒေါသစကားကိုမျှမပြောခဲ့ချေ။ တည်ငြိမ်သောထိုအဖြေသည် ဒေါသထွက်အောင်ဆွပေးလို့မရသည့်အပြစ်ကင်း၍သည်းခံစိတ်ပြည့်ဝကာ နူးညံ့သိမ်မွေ့သောနှလုံးသားမှထွက်ပေါ်လာခဲ့ပါသည်။

ခရစ်တော်သည် မတရားစော်ကားမှုများကိုအပြင်းအထန်ခံစားတော်မူခဲ့ရပါသည်။ မိမိကိုယ်တိုင်ဖန်ဆင်းခဲ့ရုံမျှမက ၎င်းတို့အားကယ်တင်ရန် မိမိအသေခံပေးမည့်လူသားများ၏လက်ထဲတွင် ကိုယ်တော်သည်အရှက်ကွဲအကျိုးနည်းလျက်ရှိနေပါသည်။ ခရစ်တော်သည် မိမိ၏စုံလင်သောသန့်ရှင်းခြင်းနှင့် အပြစ်တရားကိုရွံမုန်းခြင်းများ၏အချိုးအစားအတိုင်း ဒုက္ခဝေဒနာကိုခံစားတော်မူခဲ့ရပါသည်။ အလွန်ဆိုးရွားသောသူများကဲ့သို့ပြုကျင့်သောထိုသူများ၏စီရင်လုပ်ဆောင်နေမှုများသည် ကိုယ်တော်အတွက်အစဉ်အမြဲဖြစ်ပျက်လျက်ရှိသော ဆက်ကပ်ပူဇော်ခြင်းတစ်ခုအလားဖြစ်ခဲ့ပါသည်။ စာတန်၏ချုပ်ကိုင်မှုအောက်တွင်ရှိနေကြသော ထိုသူများ၏ဝန်းရံမှုသည် ကိုယ်တော်အားစွန့်ပယ်ခြင်းသာဖြစ်နေပါသည်။ မိမိ၏ဘုရားတန်ခိုးတော်ကိုထွန်းလင်းခြင်းအားဖြင့် ထိုလူကြမ်းလူရမ်းများကိုတစ်ခဏချင်းတွင် မြေပေါ်သို့ပေးသိပ်နိုင်ကြောင်းကို ခရစ်တော်သိရှိပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ထိုစစ်ကြောစီရင်မှုကိုမခံမရပ်နိုင်အောင် ပို၍ပြင်းထန်လာစေခဲ့လိမ့်မည်ဖြစ်ပါသည်။

လူအများမြင်သာသောတန်ခိုးများနှင့်ပြည့်စုံသည့် မေရှိယတစ်ပါးပေါ်ထွက်လာခြင်းကို ယုဒလူများမျှော်လင့်လျက်ရှိကြပါသည်။ လျှပ်တစ်ပြက်ထွန်းတောက်သောတန်ခိုးအားဖြင့် ကိုယ်တော်သည် လူသားများအားအတွေးအခေါ်ကိုပြောင်းလဲပစ်ကာ ကိုယ်တော်ရှင်၏ကြီးမြတ်မှုကို အသိအမှတ်ပြု



လာအောင်လုပ်ဆောင်လိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ကိုယ်တော်သည်ဤနည်းအားဖြင့် လူအများကမိမိအားမြှောက်စားလာအောင်လုပ်ကာ ထိုသူများ၏ကြီးမားသောမျှော်မှန်းချက်များကိုလည်း နှစ်သိမ့်စေလိမ့်မည်ဟု သူတို့ယုံကြည်ခဲ့ကြပါသည်။ ထိုကြောင့်ခရစ်တော်သည် မတရားစော်ကားမှုကိုခံရသောအခါ မိမိ၏ဘုရားဇာတိတော်ကိုထုတ်ဖော်ပြသရန် ပြင်းထန်စွာအစုံစမ်းခံတော်မူခဲ့ရပါသည်။ မိမိသည် ဘုရင်တကာတို့ထက်လည်းကောင်း၊ အုပ်ချုပ်သူအကြီးအကဲများ၊ ယဇ်ပုရောဟိတ်များနှင့်ဗိမာန်တော်ကြီးထက်လည်းကောင်း၊ ကြီးမြတ်သောသခင်တစ်ပါးဖြစ်သည်ကိုဝန်ခံကြရန် စကားတစ်လုံးအားဖြင့်သော်လည်းကောင်း၊ အကြည့်တစ်ချက်အားဖြင့်သော်လည်းကောင်း ကိုယ်တော်အနိုင်အထက်မခိုင်းစေခဲ့ချေ။ သို့ရာတွင်ကိုယ်တော်သည် လူဇာတိကိုခံယူထားသည့်ပုဂ္ဂိုလ်တစ်ပါးအနေဖြင့် မိမိရွေးချယ်ထားသည့်အနေအထားကို ဆက်လက်ထိန်းသိမ်းရန်မှာ အလွန်ခက်သောအလုပ်တစ်ခုဖြစ်ပါသည်။

ကောင်းကင်တမန်များသည် ၎င်းတို့၏သခင်အားစော်ကားသောလုပ်ရပ်အားလုံးကိုမြင်တွေ့ခဲ့ကြရပါသည်။ သူတို့သည်ခရစ်တော်အား ထိုအခြေအနေမှကယ်နုတ်ပေးလိုကြပါသည်။ ကောင်းကင်တမန်များသည် ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံကြပါသည်။ အဖြစ်အပျက်တစ်ခုတွင် ကောင်းကင်တမန်တစ်ပါးသည် ခရစ်တော်၏အမိန့်ကိုနာခံလျက် အာရှုရိစစ်သားပေါင်းတစ်သိန်းရှစ်သောင်းငါးထောင်ကို သုတ်သင်နိုင်ခဲ့ကြောင်းတွေ့ရှိခဲ့ဖူးပါသည်။ ခရစ်တော်အားစစ်ဆေးမေးမြန်းနေသောမြင်ကွင်းကိုကြည့်နေကြသောကောင်းကင်တမန်များအတွက် ဘုရားကိုရန်မူသူများအားသုတ်သင်ဖျက်ဆီးပစ်ရမည့်အလုပ် အလွန်လွယ်ကူလှပါသည်။ သို့ရာတွင်ထိုကဲ့သို့လုပ်ဆောင်ရန်သူတို့သည်ခွင့်ပြုချက်မရကြချေ။ မိမိအားရန်မူသူများကိုသေဒဏ်စီရင်ပိုင်ခွင့်ရှိသောကိုယ်တော်သည် ထိုရန်သူများ၏ရက်စက်မှုများကိုသည်းညည်းခံတော်မူခဲ့ပါသည်။

အဖခမည်းတော်အားချစ်သည့်အတွက် အပြစ်ကိုယူတင်ဝတ်ဆောင်မည့်သူတစ်ဦးအဖြစ်ခံယူရန် ကမ္ဘာဦးအချိန်ကမိမိပြုခဲ့သည့်ခံဝန်ချက်အရ

ကိုယ်တော်သည် မိမိကယ်တင်ခြင်းပေးလိုသည့် ထိုသူများ၏ကြမ်းတမ်းသော ဆက်ဆံမှုများကို မည်သည်းညူတမ်းခံစားရတော့မည်ဖြစ်ပါသည်။ လူသားများ ပြုကြသည့် ကဲ့ရဲ့ပြစ်တင်စကားများနှင့်မတရားမှုများကို လူသားဇာတိတွင် ကိုယ်တော်ခံယူရခြင်းသည် အမှုတော်၏အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ လူသားများအတွက်တစ်ခုတည်းသောမျှော်လင့်ချက်မှာ မိမိအပေါ်တွင်လူသားများကပြောဆိုဆက်ဆံမှုများကို ခရစ်တော်ခံနိုင်ရည်ရှိစွာဖြင့် အနာခံခြင်း၌ မူတည်နေပါသည်။

ခရစ်တော်သည် မိမိအားရန်မူသူများအားအခွင့်သာသွားစေမည့် မည်သည့်စကားကိုမျှမိန့်မြွက်တော်မမူခဲ့ချေ။ သို့စေကာမူ အပြစ်စီရင်မှုခံရကြောင်း အဓိပ္ပါယ်သက်ရောက်စေရန် ကိုယ်တော်အားကြိုးဖြင့်ချည်နှောင်ထားကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ တရားမျှတမှုအတုတစ်ခုကိုသူတို့ပြကြရပါမည်။ ထိုအမှုကိုတရားဝင်လုပ်နည်းလုပ်ဟန်များအတိုင်း စစ်ဆေးသင့်သည်မှာအမှန်ပင်ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် ဤအာဏာပိုင်များသည် ကိုယ်တော်အားအမြန်စစ်ဆေးပြီး အပြစ်ပေးရန်ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။ လူအများကခရစ်တော်အားကြည်ညိုလေးစားကြကြောင်းကို သူတို့သိကြပါသည်။ အကယ်၍ ဤကဲ့သို့ဖမ်းဆီးထားမှုသည် လူသိရှင်ကြားဖြစ်သွားခဲ့လျှင် ကိုယ်တော်အားကယ်ဆယ်ဖို့ကြိုးစားလာကြမည်ကိုလည်း သူတို့စိုးရိမ်နေကြပါသည်။ ၎င်းပြင် တရားစီရင်အပြစ်ပေးခြင်းကိုချက်ချင်းမပြုလုပ်ခဲ့လျှင် ပသခါပွဲတော်ကြောင့် နောက်ထပ်တစ်ပတ်ခန့်နှောင့်နှေးသွားလိမ့်မည်ဖြစ်ပါသည်။ ဤအချက်သည် ၎င်းတို့၏အစီအစဉ်အား ပျက်ပြားသွားစေနိုင်သောအချက်တစ်ချက်ဖြစ်ပါသည်။ သူတို့သည် ခရစ်တော်အားအပြစ်ပေးစီရင်နိုင်ရန် ယေရုရှလင်မြို့မှလူ့ဗရုတ်သုတ်ခများပါဝင်သည့် ထိုလူအုပ်ကြီး၏အပူတပြင်းတောင်းဆိုခြင်းအပေါ် များစွာမူတည်နေပါသည်။ သီတင်းတစ်ပတ်လောက်အချိန်ဆွဲထားမည်ဆိုလျှင် စိတ်လှုပ်ရှားမှုများလျော့နည်းသွားမည်ဖြစ်ပြီး၊ တန်ပြန်အဖြစ်အပျက်တစ်ခုသည်ဖြစ်ပေါ်လာနိုင်ပါသည်။ သာ၍စာရိတ္တကောင်းမွန်သောယုဒလူများအား ခရစ်တော်ကိုထောက်ခံရန်နှိုးဆွလာပါလိမ့်



မည်။ ထိုသူများမှအများစုသည် ကိုယ်တော်ရှင်ပြုတော်မူခဲ့သောအံ့ဖွယ်အမှုများအကြောင်းကိုဖွင့်ဟကာ ကိုယ်တော်ရှင်၏အပြစ်ကင်းသောအသက်တာအားသက်သေခံရန် ရှေ့တန်းသို့ထွက်ပေါ်လာကြပါလိမ့်မည်။ ဤလုပ်ရပ်သည် ဆန်ဟီဒရင်အဖွဲ့ကိုဆန့်ကျင်သည့်ဒေါသစိတ်များကို လူထုကြီးအလယ်၌ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ပါသည်။ ထိုအခါ ယဇ်ပုရောဟိတ်များ၏လုပ်ဆောင်ချက်များကိုအပြစ်တင်ကာ လူထုကြီးအနေနှင့်ကိုးကွယ်မှုများကို တစ်ဖန်ပြုလုပ်နိုင်ကြရန် ခရစ်တော်အားအချုပ်အနှောင်မှလွတ်ပစ်ခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ ထိုကြောင့် မိမိတို့၏အကြံအစည်ကိုလူသိရှင်ကြားမဖြစ်မီ ခရစ်တော်အားရောမအာဏာပိုင်များ၏လက်ထဲသို့ အပ်နိုင်ဖို့လုပ်ဆောင်ရန် ထိုယဇ်ပုရောဟိတ်များဆုံးဖြတ်ချက်ချခဲ့ကြပါသည်။

သို့ရာတွင် ပထမဦးစွာအနေဖြင့် စွဲချက်ရှိရမည်ဖြစ်ပါသည်။ ယခုအချိန်အထိ မည်သည့်စွဲချက်တစ်စုံတစ်ခုမျှမရှိသေးချေ။ ထိုကြောင့် ခရစ်တော်အားကယာဖထံသို့ခေါ်ဆောင်သွားရန် အန္နမင်းကညွှန်ကြားလိုက်ပါသည်။ ကယာဖသည်ဇဒ္ဒုကဲတစ်ဦးဖြစ်ပြီး၊ အချို့ဇဒ္ဒုကဲများသည် ယခုအချိန်တွင် ခရစ်တော်အားအပြင်းအထန်ရန်ဘက်ပြုသူများဖြစ်ကြပါသည်။ ကယာဖသည် စာရိတ္တစွမ်းအားချို့တဲ့မှုရှိသောသူတစ်ဦးဖြစ်သော်လည်း အန္နမင်းကဲ့သို့ရက်စက်ကြမ်းတမ်းပြီး ကိုယ်လိပ်ပြာကိုကိုယ်မရှက်တတ်သူတစ်ဦးဖြစ်ပါသည်။ သူသည် ခရစ်တော်ကိုသုတ်သင်ဖယ်ရှားရန် သိသမျှနည်းမျိုးစုံကိုသုံးမည့်သူတစ်ဦးဖြစ်ပါသည်။ အချိန်မှာ နံနက်ဝေလီဝေလင်းရောင်နီမပေါ်ထွန်းမီအချိန်ကလေးဖြစ်သောကြောင့် ခရစ်တော်ကိုခေါ်ဆောင်လာကြသည့်လက်နက်ကိုင်လူအုပ်ကြီးသည် မီးတုတ်မီးအိမ်များကိုကိုင်ဆောင်ကာ ယဇ်ပုရောဟိတ်မင်း၏အိမ်ဆီသို့ဦးတည်၍ ထွက်ခွာသွားကြပါသည်။ ဖာရိရှဲအချို့လည်း ၎င်းတို့နှင့်အတူလိုက်ပါသွားရာ ထိုအိမ်သို့ရောက်သော် အန္နမင်းနှင့်ယဇ်ပုရောဟိတ်မင်းကယာဖတို့သည် ခရစ်တော်အားတစ်ဖန်စစ်ဆေးကြသော်လည်း မအောင်မြင်ခဲ့ကြချေ။

တရားစီရင်သည့်ခန်းမထဲတွင် တရားစီရင်ရန်နေရာယူကြသောအခါ ကယာဖသည် သဘာပတိထိုင်ခုံတွင်နေရာယူလိုက်ပါသည်။ ၎င်း၏ဘေး

တစ်ဘက်တစ်ချက်တွင် တရားသူကြီးများနှင့်ဤအမှုကိုအထူးစိတ်ဝင်စားကြသူများ နေရာယူထားလိုက်ကြပါသည်။ ရောမစစ်သားများကမူ ထိုပလ္လင်၏အောက်နားတွင်ရှိသောစင်မြင့်ပေါ်တွင် နေရာယူထားကြပါသည်။ စင်မြင့်အခြေတွင်ခရစ်တော်အားရပ်စေခဲ့ကြပါသည်။ လူအားလုံးကကိုယ်တော်အားစူးစိုက်ကြည့်နေကြပါသည်။ လူတိုင်းစိတ်လှုပ်ရှားနေကြပါသည်။ ထိုအခန်းထဲတွင်ရှိနေကြသောလူအားလုံးအနက် ကိုယ်တော်တစ်ပါးတည်းသာ စိတ်တည်ငြိမ်စွာဖြင့်ရပ်နေပါသည်။ ခရစ်တော်၏ပတ်လည်တွင်မူ သန့်ရှင်းသောတန်ခိုးတော်တစ်ခုတည်ရှိနေသယောင်ဖြစ်နေပါသည်။

ကယာဖသည်ခရစ်တော်အား မိမိကိုအန်တုဖက်ပြိုင်မည့်သူတစ်ဦးအနေဖြင့်မှတ်ယူထားပါသည်။ ကိုယ်တော်ရှင်၏မိန့်တော်မူချက်များကိုနာယူရန် ထိုသူများ၏စိတ်အားထက်သန်မှုများနှင့် ကိုယ်တော်၏သွန်သင်ချက်များကိုလက်ခံရန် အဆင်သင့်ရှိနေကြသည့်လူထုကြီး၏အခြေအနေသည် ထိုယဇ်ပုရောဟိတ်မင်းကြီးအား မနာလိုဝန်တိုဖြစ်စေခဲ့ပါသည်။ သို့ရာတွင် ယခု၌ကယာဖသည် ခရစ်တော်အားကြည့်လိုက်ရာ ကိုယ်တော်၏မြင့်မြတ်၍ကြည်ညိုဖွယ်သောအမူအရာကိုတွေ့လိုက်ရသဖြင့် ရိုသေလေးစားသွားခဲ့ပါသည်။ ဤသူသည် ဘုရားသခင်နှင့်ဆက်နွှယ်မှုရှိကြောင်း ကယာဖခံစားလာခဲ့ရပါသည်။ သို့ရာတွင် ထိုခံစားချက်ကိုသူချက်ချင်းဖျောက်ဖျက်ပစ်ခဲ့ပါသည်။ ထိုနောက်ငင်း၏ရှေ့မှောက်တွင် ခရစ်တော်အားနိမိတ်လက္ခဏာတစ်ခုခုပြရန်ခိုင်းစေလိုက်သော ကယာဖ၏မခန့်လေးစားအသံကို ရုတ်တရက်ကြားလိုက်ရပါသည်။ သို့ရာတွင် ထိုစကားများသည် ကိုယ်တော့်နားထဲသို့မဝင်ခဲ့ပါချေ။ လူထုကြီးသည်စိတ်လှုပ်ရှားပြီး မုန်းမာန်ပွားနေသောအန္တမင်းနှင့်ကယာဖတို့၏အပြုအမူများကို တည်ငြိမ်ခန့်ညားသည့်ခရစ်တော်၏ဟန်အမူအရာများနှင့်နှိုင်းယှဉ်ကြည့်ရှုခဲ့ကြပြီး၊ "ဘုရားသခင်နှင့်တူသောဤသူကိုရာဇဝတ်သားတစ်ဦးကဲ့သို့စီရင်ကြတော့မှာလား" ဟူသောမေးခွန်းသည် စိတ်နှလုံးကြမ်းတမ်းခက်ထန်လှသော ထိုသူများ၏စိတ်ထဲဝယ်ပေါ်ပေါက်လာခဲ့ပါသည်။





ဖြစ်ပေါ်နေသည့်သြဇာသက်ရောက်မှုများကို ကယာဖသိရှိထားသဖြင့် စစ်ဆေးမှုကိုအမြန်ပြီးစီးအောင်လုပ်ဆောင်ခဲ့ရပါသည်။ ခရစ်တော်ကိုရန်မူသူများသည် စိတ်ရှုပ်ထွေးနေကြပြီး၊ ခရစ်တော်အားအပြစ်ဒဏ်စီရင်ဖို့ဆုံးဖြတ်ခဲ့ကြသော်လည်း မည်သို့အကောင်အထည်ဖော်ရမည်ကိုသူတို့မသိရှိကြချေ။ ထိုကောင်စီဝင်များတွင် ဖာရိရှဲအဖွဲ့နှင့်ဇဒ္ဒုကဲအဖွဲ့အကြား ကွဲပြားမှုများရှိလာပါသည်။ ငင်းနှစ်ဖွဲ့အကြားတွင် ပြင်းထန်သောရန်ငြိုးထားမှုများနှင့် တိုက်လှန်မှုများရှိခဲ့ပါသည်။ ခိုက်ရန်ဖြစ်ပွားမည်စိုးသဖြင့် အချို့ငြင်းခုံစရာအချက်များကိုဖွင့်ဟမဆွေးနွေးဝံ့ကြချေ။ ခရစ်တော်အနေဖြင့် အနည်းငယ်သောစကားလုံးများကိုမိန့်တော်မူရုံနှင့် ထိုနှစ်ဖွဲ့တွင်ရှိသောတစ်ဖက်သတ်အထင်လွဲမှားမှုများကို နှိုးဆွပေးနိုင်တော်မူပါသည်။ ထိုသို့သောနည်းအားဖြင့် မိမိအပေါ်ဦးတည်ထားသည့် ငင်းတို့၏အမျက်ဒေါသကိုလမ်းလွှဲပစ်နိုင်ပါသည်။ ဤအရာကိုကယာဖသိထားသဖြင့် ထိုအဖွဲ့နှစ်ဖွဲ့အကြားမကျေနပ်မှုများမဖြစ်စေဖို့ သူရှောင်ရှားလိုခဲ့ပါသည်။ ခရစ်တော်သည် ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများအား လူသိရှင်ကြားပြစ်တင်ဝေဖန်ခဲ့ကြောင်း၊ ငင်းတို့အားလျှို့ဝှက်သောသူများ၊ လူသတ်သမားများဟုသမုတ်ခဲ့ကြောင်းများအတွက် သက်သေအထောက်အထားများစွာရှိငြားသော်လည်း၊ ဤသက်သေခံချက်ကိုပြရန်မသင့်တော်ကြောင်း ငင်းတို့သိထားကြပါသည်။ အကြောင်းမှာ ဇဒ္ဒုကဲများသည် ဖာရိရှဲများအားအကြီးအကျယ်မကျေမနပ်ဖြစ်သောအချိန်များတွင် ထိုအသုံးအနှုန်းများကိုအသုံးပြုတတ်ကြခြင်းကြောင့်ဖြစ်ပါသည်။ ဖာရိရှဲများ၏ဟန်ဆောင်မှုများကို သူတို့ကိုယ်တိုင်စက်ဆုပ်ရွံရှာနေကြသောရောမများရှေ့တွင် ထိုကဲ့သို့သောသက်သေခံချက်သည် အရာရောက်လိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် မိရိုးဖလာများကိုအလေးတယူမထားကြောင်း၊ ငင်းတို့၏ဘာသာရေးအခမ်းအနားများကိုလည်း မချေမငံပြောခဲ့ဖူးကြောင်းများအတွက် သက်သေအထောက်အထားများရှိသော်လည်း ထိုမိရိုးဖလာကိစ္စများအတွက် ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့အကြား အကြီးအကျယ်ရန်ငြိုးထားလျက်ရှိနေကြပါသည်။ ငင်းအပြင် ထိုသက်သေခံအထောက်အထားများသည်လည်း ရောမများရှေ့တွင်အရာရောက်

လိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်အားဥပုသ်ချိုးဖောက်သူဟုလည်း သူတို့မစွပ်စွဲဝံ့ကြချေ။ အကယ်၍စွပ်စွဲမိလျှင် ဥပုသ်နေ့အကြောင်းမေးမြန်းစစ်ဆေးခြင်းအားဖြင့် ကိုယ်တော်ရှင်၏ဖန်ဆင်းခြင်းဆိုင်ရာစာရိတ္တတော်ကို ထုတ်ဖော်မိမည်စိုးသောကြောင့်ဖြစ်ပါသည်။ လူနာကုသခြင်းနှင့်ပတ်သက်သော ကိုယ်တော်ရှင်၏လုပ်ဆောင်ခဲ့သည့် နိမိတ်လက္ခဏာများအကြောင်းထုတ်ဖော်မိမည်ဆိုလျှင် ထိုယဇ်ပုရောဟိတ်တို့၏အစီအစဉ်ကြံရွယ်ချက်များအားလုံးပျက်ပြားသွားကြလိမ့်မည်သာတည်း။

ပုန်ကန်ခြားနားရန်နှိုးဆွပေးပြီး၊ သီးသန့်အစိုးရတစ်ခုတည်ထောင်ရန်လုပ်ဆောင်မှုဖြင့် တရားစွဲဆိုနိုင်ရန်မမှန်သောသက်သေများကို လာဘ်ပေး၍ထွက်ဆိုစေခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့၏သက်သေခံချက်သည် အခြေအမြစ်မရှိဘဲ အမြီးအမောက်မတည့်ကြောင်းထင်ရှားခဲ့ပါသည်။ စစ်ဆေးမေးမြန်းကြည့်သောအခါတွင် ထိုသက်သေခံချက်များမှာ မှားယွင်းကြောင်းထင်ရှားခဲ့ပါသည်။

ခရစ်တော်သည် မိမိ၏အမှုတော်အစဦးပိုင်းကာလတွင် “ဤဗိမာန်တော်ကိုဖြိုဖျက်ကြလော့။ သုံးရက်အတွင်းတွင်ငါတည်ဆောက်မည်” ဟူ၍ မိမိသက်သေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းများကိုပုံဆောင်၍ အနာဂတ်ပြုမိန့်မြွက်ခဲ့ပါသည်။ “ထိုသို့မိန့်တော်မူရာ၌ မိမိကိုယ်တည်းဟူသောဗိမာန်တော်ကိုအမှတ်ပြု၍ မိန့်တော်မူခြင်းဖြစ်ပါသည်။ ယောဟန် ၂း၁၉၊၂၁။ ယုဒလူများသည် ဤစကားရပ်များကိုတိုက်ရိုက်အဓိပ္ပါယ်ယူကာ ယေရုရှလင်မြို့ရှိဗိမာန်တော်ကိုရည်ဆောင်၍ပြောသည်ဟု အထင်ရှိခဲ့ကြပါသည်။ ခရစ်တော်မိန့်တော်မူခဲ့သမျှထဲတွင် ဤအရာမှလွဲ၍ မည်သည့်အရာကိုမျှစွဲချက်တင်လောက်အောင်အပြစ်မတွေ့ခဲ့ကြချေ။ ဤသို့မှားယွင်းစွာထွက်ဆိုခဲ့ခြင်းအားဖြင့် မိမိတို့အခွင့်သာသွားလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ရောမများသည် ဗိမာန်တော်ပြန်လည်မွမ်းမံတည်ဆောက်ရေးတွင် စိတ်အားထက်သန်စွာပါဝင်လုပ်ဆောင်ပေးခဲ့ကြကာ၊ ထိုကဲ့သို့လုပ်ဆောင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝင့်ကြွားခဲ့ကြပါသည်။ ထို့ကြောင့် ဗိမာန်တော်အား



စော်ကားသည့်အပြုအမူအပြောအဆိုများသည် ၎င်းတို့အားအမျက်ဒေါသဖြစ်စေလိမ့်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရောမများနှင့်ယုဒများ၊ ဖာရိရှဲများနှင့် ဇဒ္ဒုကဲများသည် ဤနေရာတွင်သဘောထားတိုက်ဆိုင်ခဲ့ကြပါသည်။ အကြောင်းမှာ သူတို့အားလုံးသည် ဗိမာန်တော်ကိုအလေးအမြတ်ထားခဲ့ကြသောကြောင့်ဖြစ်ပါသည်။ ဤအချက်အပေါ်တွင်မမှန်သောသက်သေခံနှစ်ဦးပေါ်ထွက်လာခဲ့ပါသည်။ ၎င်းတို့၏သက်သေခံချက်များသည် ယခင်သက်သေခံများလောက်ကမောက်ကမ မဖြစ်လှချေ။ ခရစ်တော်အားစွဲချက်တင်ရန်လာဘ်ထိုးထားခြင်းခံရသည့် ထိုသက်သေနှစ်ဦးအနက်တစ်ဦးကထ၍ “ဤသူကငါသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖြိုဖျက်၍ သုံးရက်အတွင်းတွင်တည်ဆောက်နိုင်သည်ဟုပြောပါသည်” ဟုသက်သေခံ၏။ ဤနည်းအားဖြင့် ခရစ်တော်၏နှုတ်ထွက်စကားများကို မှားယွင်းစွာထွက်ဆိုခဲ့ကြပါသည်။ အကယ်၍ ခရစ်တော်မိန့်တော်မူခဲ့သည့်အတိုင်း တိတိကျကျပြန်လည်သတင်းပို့ခဲ့ကြမည်ဆိုလျှင် ဆန်ဟီဒရင်အဖွဲ့အနေနှင့် ကိုယ်တော်အားမည်သို့မျှအပြစ်ဒဏ်စီရင်နိုင်လိမ့်မည်မဟုတ်ချေ။ ယုဒများပြောဆိုသည့်အတိုင်း ခရစ်တော်သည် ရိုးရိုးလူသားတစ်ဦးဖြစ်ခဲ့ပါသည်ဟုဆိုလျှင် ကိုယ်တော်၏မိန့်ဆိုချက်များသည် မိမိ၏ယုတ္တိမတန်သောကြွားဝါသည့်စိတ်ဓာတ်ကိုသာဖော်ပြရာရောက်ပြီး၊ ဘုရားကိုစကားဖြင့်စော်ကားရာမရောက်ပါချေ။ မမှန်သောထိုသက်သေခံ၏မှားယွင်းသောသက်သေခံမှု၌မှာပင်၊ ရောမများအနေဖြင့် ကိုယ်တော်အားသေဒဏ်ပေးနိုင်သည့်ရာဇဝတ်မှုကျူးလွန်သည်ဟု ယူဆနိုင်သောအပြစ်တစ်စုံတစ်ရာမျှ ကိုယ်တော်မိန့်ဆိုခဲ့သောစကားများတွင်မပါဝင်ချေ။

ခရစ်တော်သည်ရှေ့နောက်မညီညာသောသက်သေခံချက်များကိုသည်းခံ၍နားထောင်တော်မူခဲ့ပါသည်။ ကိုယ့်ကိုကိုယ်ကာကွယ်ရန် မည်သည့်စကားတစ်လုံးကိုမျှ ကိုယ်တော်မဖွင့်ဟခဲ့ချေ။ ကိုယ်တော်အားစွဲချက်တင်သူများသည် နောက်ဆုံးတွင်ကိုယ့်စကားနှင့်ကိုယ်မရှင်းနိုင်တော့ဘဲ၊ စိတ်ရှုပ်လာကာအမျက်ထွက်လာကြပါသည်။ ထိုစစ်ဆေးစီရင်ခြင်းသည် ရှေ့သို့မတိုးနိုင်တော့ချေ။ ၎င်းတို့၏အကြံအစည်သည် ရှုံးနိမ့်တော့မယောင်ဖြစ်နေပါသည်။

ကယာဖ၏အခြေအနေသည် အလွန်ဆိုးရွားနေပါသည်။ နောက်ဆုံးအားကိုးစရာတစ်ခုသာကျန်ပါတော့သည်။ ထိုအရာမှာ ခရစ်တော်အား ကိုယ့်ကိုကိုယ်အတင်းအကျပ်အပြစ်ရှိကြောင်းဝန်ခံစေရန်ဖြစ်ပါသည်။ ထိုနောက် ယဇ်ပုရောဟိတ်မင်းကြီးသည် တရားစီရင်ခြင်းကိုအစပြုခဲ့ပါသည်။ သူ့မျက်နှာသည်ရှုံ့မဲ့နေပြီး၊ သူ့အသံနှင့်အပြုအမူများသည် မိမိရှေ့တွင်ရှိသောအကျဉ်းသားအားအပြတ်ရှင်းနိုင်သည့်တန်ခိုးအာဏာရှိကြောင်း ရှင်းလင်းစွာဖော်ညွှန်းနေပါသည်။ ထိုနောက်၎င်းသည်ထ၍ "သင်သည်တစ်ခွန်းမျှပြန်၍မပြောသလော၊ ဤသူတို့သည် အဘယ်သို့သက်သေခံနေကြသနည်း" ဟုမေးလေ၏။

ခရစ်တော်သည် ဘာမျှပြန်မပြောဘဲငြိမ်နေ၏။ "ထိုသူသည် ညှဉ်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ သေသတ်ခြင်းငှာဆောင်သွားသောသိုးသငယ်ကဲ့သို့၊သူ့ကိုဆောင်သွား၍ သိုးသည်အမွေးညှပ်သောသူရှေ့မှာမြည်ဘဲနေသကဲ့သို့ သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏။" ဟေရှာ ၅၃း၇။

နောက်ဆုံးတွင်ကယာဖသည် မိမိ၏ညာဘက်လက်ကိုအထက်သို့မြှောက်လိုက်ကာ "သင်သည်ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်မှန်သည်မမှန်သည်ကို ငါတို့အားပြောစေခြင်းငှာ အသက်ရှင်တော်မူသောဘုရားသခင်ကို ငါတိုင်တည်၍သင့်ကိုကျိန်ဆိုစေ၏" ဟုဆို၏။

ခရစ်တော်သည် ဤတောင်းခံချက်ကိုမူတုံ့ပြန်တော်မူခဲ့ပါသည်။ နှုတ်ဆိတ်ရမည့်အချိန်ရှိသကဲ့သို့ တုံ့ပြန်ပြောဆိုရမည့်အချိန်လည်းရှိ၏။ တိုက်ရိုက်မမေးသရွေ့ကာလပတ်လုံး ကိုယ်တော်ပြန်လည်ဖြေဆိုတော်မမူချေ။ မိမိ၏ဤတုံ့ပြန်ဖြေဆိုချက်သည် မိမိ၏အသေခံခြင်းကိုအတည်ဖြစ်စေလိမ့်မည်ကိုလည်း ကိုယ်တော်သိထားပါသည်။ သို့ရာတွင် ထိုတောင်းခံချက်ကိုယုဒနိုင်ငံ၏အမြင့်ဆုံးအာဏာပိုင်ဟု အသိအမှတ်ပြုခြင်းခံရသည့်ပုဂ္ဂိုလ်ကဘုရားသခင်၏နာမတော်ကိုအမှီပြု၍ တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ပညတ်တော်အားတော်လျော်သောလေးစားမှုကိုပြရန် ပျက်ကွက်တော်မမူခဲ့ချေ။ ဤအရာအပြင် ကိုယ်တော်နှင့်အဖခမည်းတော်ဘုရားအကြားဆက်နွယ်မှုကိုလည်း မေးခွန်းထုတ်ခဲ့ကြပါသည်။ ထိုကြောင့်ကိုယ်တော်သည်



မိမိ၏ဂုဏ်တော်နှင့်မိမိလုပ်ဆောင်ရမည့်အမှုတော်အကြောင်းကို ရှင်းလင်းစွာဖွင့်ဆိုရမည်ဖြစ်ပါသည်။ "အကြင်သူသည်လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့။ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာထိုသူကိုငါဝန်ခံမည်" ဟုတပည့်တော်တို့အားကိုယ်တော်မိန့်တော်မူခဲ့ဖူးပါသည်။ မဿဲ ၁၀း၃၂။ ယခုတွင်ခရစ်တော်သည် မိမိ၏ပုံသက်သေအားဖြင့် ထိုသင်ခန်းစာကိုထပ်ဆင့်သွန်သင်နေပါသည်။

လူတိုင်းသည် ကိုယ်တော်ရှင်အားစူးစိုက်ကြည့်နေကြပြီး၊ နားစွင့်နေကြစဉ်တွင် ယေရှုက "သင်ဆိုသည်အတိုင်းမှန်၏။ ထိုမျှမက ငါဆိုသည်ကား၊ နောင်ကာလ၌လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက်မိုးတိမ်ကိုစီး၍ကြွလာသည်ကိုသင်တို့မြင်ရကြလတ္တံ့" ဟုမိန့်တော်မူလိုက်၏။ ထိုစဉ်တွင် ကောင်းကင်မှအလင်းသည် ကိုယ်တော်၏ဖြူရော်နေသောမျက်နှာတော်တွင် ထွန်းလင်းလျက်ရှိပါသည်။

ခရစ်တော်၏ဘုရားဇာတိတော်သည် အခိုက်အတန့်အားဖြင့်ကိုယ်တော်၏လူသားခန္ဓာကိုယ်တွင် ထွန်းလင်းတော်မူခဲ့ပါသည်။ ခရစ်တော်၏ထိုးဖောက်ရှုမြင်နိုင်သောမျက်ဝန်းတော်များရှေ့တွင် ယဇ်ပုရောဟိတ်မင်းကြီးသည် ထိတ်လန့်ကြောက်ရွံ့နေပါသည်။ ကိုယ်တော်ရှင်၏အကြည့်သည်၎င်း၏လျှို့ဝှက်အကြံအစည်များနှင့် စိတ်နှလုံးထဲတွင်တောက်လောင်နေသောအရာများကိုဖတ်နေသယောင်ဖြစ်နေပါသည်။ သူ၏အသက်တာတစ်လျှောက်လုံးတွင် ကိုယ်တော်ရှင်၏ထိုအကြည့်ကိုတစ်ခါမျှမမေ့ပျောက်နိုင်တော့ချေ။

"နောင်ကလ၌လူသားသည် တန်ခိုးတော်၏လက်ယာဘက်၌ထိုင်လျက်မိုးတိမ်ကိုစီး၍ကြွလာသည်ကို သင်တို့မြင်ကြရလတ္တံ့" ဟုယေရှုရှင်မိန့်မြွက်ခဲ့ပါသည်။ ကိုယ်တော်သည်ဤစကားများအားဖြင့် ယခုဖြစ်ပျက်နေသောအဖြစ်အပျက်နှင့်ပြောင်းပြန်ဖြစ်မည့်အရာများကို တင်ဆက်တော်မူခဲ့ပါသည်။ ဘုန်းတော်နှင့်ပြည့်စုံသောအသက်ပေးပိုင်ရှင်ယေရှုသခင်သည် ဘုရားသခင်၏လက်ယာတော်ဘက်တွင် ထိုင်တော်မူရမည်ဖြစ်ပါသည်။ ကိုယ်တော်သည်လောကီသားအပေါင်းအား တရားစီရင်မည့်တရားသူကြီးဖြစ်တော်မူလိမ့်မည်

ဖြစ်ပြီး၊ ကိုယ်တော်၏စီရင်ချက်ကို မည်သူမျှအယူခံဝင်နိုင်လိမ့်မည်မဟုတ်ချေ။ ထိုအချိန်တွင် လျှို့ဝှက်သမျှသောအရာအားလုံးသည် ဘုရားသခင်၏မျက်နှာတော်ဝယ်ထင်ရှားလာလိမ့်မည်ဖြစ်ပြီး၊ လူတိုင်းအားမိမိတို့၏အကျင့်အလျောက်စီရင်တော်မူပါလိမ့်မည်။

ခရစ်တော်၏နှုတ်ထွက်စကားများသည် ထိုယဇ်ပုရောဟိတ်မင်းကြီးအားထိတ်လန့်သွားစေခဲ့ပါသည်။ မိမိတို့၏အကျင့်အတိုင်းအကျိုးအပြစ်ကိုခံယူဖို့ ဘုရားသခင်၏တရားခွင်တွင် လူတိုင်းရပ်တည်ရင်ဆိုင်ရန်အတွက်လူသေများရှင်ပြန်ထမြောက်မည်ဟူသောအတွေးအခေါ်သည် ကယာဖအားကြောက်လန့်သွားစေခဲ့ပါသည်။ မိမိ၏အကျင့်အတိုင်း အနာဂတ်တွင်အကျိုးအပြစ်ခံရမည်အကြောင်းကို သူတို့ယုံကြည်ရန်ဆန္ဒမရှိပါချေ။ သို့သော် သူ၏စိတ်အာရုံတွင် နောက်ဆုံးတရားစီရင်ခြင်းမြင်ကွင်းသည် လျင်မြန်စွာပေါ်ထွန်းလာပါသည်။ လူသေကောင်များသည် ၎င်းတို့အနေနှင့်အမြဲတမ်းဖုံးဖိထားရန်မျှော်လင့်ထားခဲ့သောလျှို့ဝှက်ချက်များနှင့်အတူ သင်္ချိုင်းဂူများမှနိုးထလာကြသည့် ကြောက်စရာမြင်ကွင်းကို အခိုက်အတန့်အားဖြင့်သူမြင်ယောင်ခဲ့ပါသည်။ လူသေများနှင့်အတူဖုံးကွယ်ထားရန်ရည်ရွယ်ထားသော နက်နဲသည့်အရာများကိုထင်ရှားစေလျက် အရာရာကိုမြင်တွေ့နိုင်သောမျက်ဝန်းတော်ဖြင့်ကြည့်လျက်ရှိသော ထာဝရတရားသူကြီး၏ရှေ့မှောက်တွင်ရပ်နေသကဲ့သို့ အခိုက်အတန့်အားဖြင့် သူခံစားခဲ့ရပါသည်။

ထိုယဇ်ပုရောဟိတ်မင်းကြီးမြင်တွေ့နေရသောရူပါရုံသည် ရုတ်တရက်ပြတ်တောက်သွားခဲ့ပါသည်။ ခရစ်တော်၏စကားများသည် ထိုဇဒ္ဒုကဲကြီးအားအထူးထိခိုက်နာကြည်းစေခဲ့ပါသည်။ ကယာဖသည် ထမြောက်ခြင်း၊ တရားစီရင်ခြင်းနှင့်တမလွန်ဘဝကိစ္စများကို မယုံကြည်သူတစ်ဦးဖြစ်ပါသည်။ ယခုတွင် သူသည်အလွန့်အလွန်ဆိုးရွားစွာစိတ်ချောက်ချားလျက်ရှိပါသည်။ ၎င်း၏ရှေ့တွင်ရောက်ရှိနေသောဤအကျဉ်းသားသည် ၎င်းအလွန်မြတ်နိုးသောယုံကြည်ချက်တစ်ခုကို တိုက်ခိုက်ပြောဆိုနေပါတကား။ ---- ကယာဖသည် မိမိ၏ဟန်ဆောင်ကြောက်ရွံ့မှုကိုလူအများမြင်စေရန် မိမိ၏ဝတ်ရုံကိုဆုတ်



လျက် "ဤသူသည် ဘုရားကိုလွန်ကျူး၍ပြောပြီ။ အဘယ်သက်သေကိုလိုသေးသနည်း။ ဘုရားကိုလွန်ကျူး၍ပြောသောစကားကို ယခုပင်သင်တို့ကြားရပြီ။ အဘယ်သို့ထင်မှတ်သနည်း" ဟူ၍ ကိုယ်တော်အားအပြစ်စီရင်နိုင်ရန်နောက်ထပ်မည်သည့်စစ်ဆေးမေးမြန်းခြင်းကိုမျှမလိုအပ်တော့ကြောင်း ဖွင့်ဆိုလိုက်ပါသည်။ သို့နှင့်၎င်းတို့အားလုံးသည် ကိုယ်တော်အားအပြစ်စီရင်ခဲ့ကြပါသည်။

ပြင်းထန်သောစိတ်ဇောနှင့်ရောစပ်ထားသည့် အမှားအမှန်သိသည့်အသိစိတ်ကလေးသည် ကယာဖအားယခင်ကကဲ့သို့ပင် လုပ်ဆောင်စေခဲ့ပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများကိုယုံကြည်ခဲ့မိခြင်းအတွက် မိမိကိုယ်ကိုသူအပြစ်တင်စိတ်ဆိုးခဲ့မိပါသည်။ သမ္မာတရားကိုနက်နဲစွာသိရှိထားခြင်းအတွက် မိမိ၏နှလုံးကိုဆုတ်ဖြဲကာ ခရစ်တော်အားမေရှိယအဖြစ်ဝန်ခံရမည့်အစား၊ ကိုယ်တော်အားခိုင်ခိုင်မာမာဆန့်ကျင်သည့်သဘောဖြင့် မိမိ၏ယဇ်ပုရောဟိတ်ဝတ်ရုံကြီးကို သူဆုတ်ဖြဲပစ်လိုက်ပါသည်။ ဤအပြုအမူသည်အလွန်အရေးပါထိရောက်သောအပြုအမူတစ်ခုဖြစ်ခဲ့သော်လည်း၊ ကယာဖသည်မိမိအပြုအမူ၏အနက်အဓိပ္ပါယ်ကိုမသိရှိခဲ့ပါချေ။ ၎င်း၏အနီးအပါးတွင်ရှိနေကြသောတရားသူကြီးများက ခရစ်တော်အားအပြစ်ဒဏ်စီရင်ဖို့ဆုံးဖြတ်စေခဲ့သည့်ဤအပြုအမူအားဖြင့် ထိုယဇ်ပုရောဟိတ်ကြီးသည် မိမိကိုယ်ကိုအပြစ်စီရင်နေခဲ့ပါသည်။ ဘုရားသခင်၏ဥပဒေအရ သူသည်ယဇ်ပုရောဟိတ်ရာထူးအတွက်အရည်အချင်းမမီတော့ချေ။ ကယာဖသည် မိမိကိုယ်ကိုသေဒဏ်စီရင်ချက်ချမှတ်ခဲ့ချေပြီ။

ယဇ်ပုရောဟိတ်တစ်ပါးသည် မိမိ၏ဝတ်ရုံကိုမဆုတ်ဖြဲရချေ။ လေဝိအမျိုးသားများကျင့်သုံးသောစည်းမျဉ်းဥပဒေများအရ ထိုသို့မပြုလုပ်ရန်တားမြစ်ထားပါသည်။ ကျူးလွန်သူများသည် သေဒဏ်အပြစ်ပေးခံကြရမည်ဖြစ်ပါသည်။ မည်သည့်အချိန်အခါ၊ မည်သည့်အခြေအနေမျိုးတွင်မှ ယဇ်ပုရောဟိတ်များသည် မိမိ၏ဝတ်ရုံကိုမဆုတ်ဖြဲရချေ။ ယုဒလူများ၌ဓလေ့တစ်ခုရှိပါသည်။ ထိုဓလေ့မှာ မိတ်ဆွေများသေဆုံးသောအချိန်တွင် မိမိဝတ်ထားသောဝတ်ရုံကို

ဆုတ်ဖြဲပစ်ရသည့်ခလေ့ဖြစ်ပါသည်။ သို့ရာတွင် ထိုခလေ့ကို ယဇ်ပုရောဟိတ်များ အနေနှင့် ကျင့်သုံးရန်မလိုပါချေ။ ဤအကြောင်းကိစ္စနှင့်ပတ်သက်၍ ခရစ်တော်သည်မောရှေအားဖွင့်ဟ၍မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ (ဝတ် ၁၀း၆)။

ယဇ်ပုရောဟိတ်များဝတ်ဆင်သောဝတ်ရုံများသည် အစုတ်အပြဲလုံးဝ မရှိရချေ။ တင့်တယ်ခံ့ညားသောထိုဝတ်ရုံသည် ယေရှုခရစ်၏စာရိတ္တတော်ကိုပုံဆောင်ပါသည်။ ဝတ်စားဆင်ယင်ခြင်းနှင့်သဘောထားများ၊ အပြောအဆိုနှင့်စိတ်ထားများ၏စုံလင်ခြင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ ဘုရားသခင်ရှေ့မှောက်တွင်လက်ခံနိုင်ဖွယ်ဖြစ်လိမ့်မည်မဟုတ်ချေ။ သန့်ရှင်းသောကိုယ်တော်ရှင်၏ဘုန်းသမ္ဘာနှင့်ပြည့်စုံခြင်းကို လောကဆိုင်ရာဝတ်ပြုကိုးကွယ်မှုများဖြင့် ပုံဆောင်ထင်ရှားစေရမည်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်၌ကျင်းပသောဝတ်ပြုကိုးကွယ်ခြင်း၏သန့်ရှင်းခြင်းကိုစုံလင်ခြင်းမှတစ်ပါး၊ အခြားမည်သည့်အရာကမျှတော်လျော်စွာထင်ရှားစေနိုင်မည်မဟုတ်ချေ။ အားနည်းသောလူသားများသည် နှိမ့်ချသောစိတ်နှင့်ကြေကွဲသောနှလုံးသားများကိုဖော်ပြခြင်းအားဖြင့် မိမိ၏နှလုံးသားကိုဆုတ်ဖြဲပစ်နိုင်ကြပါသည်။ ဤအရာကိုဘုရားသခင်သဘောပေါက်နားလည်တော်မူပါသည်။ သို့ရာတွင်ယဇ်ပုရောဟိတ်သည် ဝတ်ရုံကိုမဆုတ်ဖြဲရချေ။ ထိုသို့ဆုတ်ဖြဲခြင်းသည် ကောင်းကင်အရာအားပုံဆောင်ထားမှုကိုပျက်ယွင်းစေပါသည်။ စုတ်ပြဲနေသောဝတ်ရုံကိုဝတ်ဆင်ကာ ဗိမာန်တော်တွင်လာရောက်အမှုတော်ဆောင်ဝံ့သောယဇ်ပုရောဟိတ်မင်းကို ဘုရားသခင်နှင့်မပတ်သက်သူအနေဖြင့်မှတ်ယူကြပါသည်။ သူသည် မိမိ၏ဝတ်ရုံကိုဆုတ်ဖြဲလိုက်ခြင်းအားဖြင့် ဘုရားသခင်၏ကိုယ်စားလှယ်တစ်ဦးအနေဖြင့်ရပ်တည်ခြင်းကို မိမိဘာသာဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်ပါသည်။ ထိုသူအားအမှုတော်ဆောင်နေသောယဇ်ပုရောဟိတ်အနေဖြင့် ဘုရားသခင်ကဆက်လက်၍လက်မခံတော့ချေ။ ကယာဖသည် ထိုလုပ်ရပ်အားဖြင့် လူသားများ၏စိတ်ဇောနှင့် လူသားများ၏မစုံလင်မှုများကိုထုတ်ဖော်ပြသနေပါသည်။

ကယာဖသည် သူ၏ဝတ်ရုံကိုဆုတ်ဖြဲလိုက်ခြင်းအားဖြင့် လူသားများတီထွင်ထားသော မိရိုးဖလာများကိုလိုက်လျှောက်နိုင်ရန် ဘုရားသခင်၏



ပညတ်တော်ကိုအချည်းနှီးဖြစ်စေခဲ့ပါသည်။ လူသားများတီထွင်ထားသည့် မိရိုးဖလာများအရ ယဇ်ပုရောဟိတ်တစ်ပါးသည် ဘုရားသခင်အားပြစ်မှားသောလုပ်ရပ်တစ်ခုကိုတွေ့မြင်လျှင် အပြစ်၏အခကိုကြောက်ရွံ့သည့်အနေဖြင့် မိမိ၏ဝတ်ရုံကိုဆုတ်ဖြဲပစ်နိုင်ပါသည်။ ကယာဖသည် မိရိုးဖလာကိုလိုက်လျှောက်သည့်အနေဖြင့် မိမိဝတ်ရုံကိုဆုတ်ဖြဲလိုက်ခြင်းအားဖြင့် ဘုရားသခင်၏ ပညတ်တော်များကို အချည်းနှီးဖြစ်စေခဲ့ပါသည်။

ထိုယဇ်ပုရောဟိတ်မင်းကြီး၏လုပ်ဆောင်မှုတိုင်းကို ပရိသတ်ကြီးက စိတ်ဝင်တစားကြည့်ရှုနေကြပါသည်။ ကယာဖသည် ထိုလုပ်ဆောင်မှုများ အားဖြင့် မိမိ၏ဘုရားတရားရှိမှုကိုအကျိုးရှိစွာဖြင့်ဖော်ပြနိုင်လိမ့်မည်ဟု အထင်ရှိခဲ့ပါသည်။ ခရစ်တော်အားစွဲချက်တင်သည့်သဘောဖြင့်ပြုမူခဲ့သော ၎င်း၏လုပ်ရပ်အားဖြင့် “ငါ့နာမသည်သူ၌တည်၏” ဟု ဘုရားသခင်မိန့်တော်မူခြင်းခံရသည့်ပုဂ္ဂိုလ်တစ်ဦးအား သူကဲ့ရဲ့ပြစ်တင်နေပါသည်။ အမှန်မှာသူကိုယ်တိုင် ဘုရားသခင်ကိုပြစ်မှားနေခြင်းသာဖြစ်ပါသည်။ သူသည်ဘုရားသခင်၏အပြစ်စီရင်မှုအောက်တွင် ကိုယ်တိုင်ရပ်တည်လျက် ခရစ်တော်အားဘုရားသခင်ကို ပြစ်မှားနေသူတစ်ဦးအဖြစ်အပြစ်စီရင်နေပါသည်။

ကယာဖသည် ၎င်း၏ဝတ်ရုံကိုဆုတ်ဖြဲလိုက်သောအချိန်တွင် သူ၏ အပြုအမူသည် နောက်ပိုင်းအချိန်များတွင်ယုဒလူမျိုးများသည် လူမျိုးစုတစ်စု အနေဖြင့် ဘုရားသခင်နှင့်ဆက်သွယ်သည့်အနေအထားအတွက် သူ၏အပြုအမူသည် အရေးပါသောအပြုအမူတစ်ခုဖြစ်ပါသည်။ တစ်ချိန်ကဘုရားသခင်၏ မျက်နှာသာပေးခြင်းခံခဲ့ရသောသားသမီးများသည် ကိုယ်တော်နှင့်ခွဲခွာကြလျက်ရှိပြီး၊ ၎င်းတို့သည် ဘုရားသခင်၏ပိုင်ထိုက်သောသားသမီးများအဖြစ်မှ အလျင်အမြန်ရွေ့လျော့သွားကြပါသည်။ အမှုပြီးပြီဟု ကပ်တိုင်ပေါ်ဝယ်ခရစ်တော်ဟစ်ကြွေးသောအချိန် ဗိမာန်တော်မှကန့်လန့်ကာနှစ်ခြမ်းကွဲသွားသော အချိန်တွင် ယုဒလူများသည် ၎င်းတို့၏ဝတ်ပြုကိုးကွယ်မှုများမှ ပုံဆောင်သောအရာအားလုံး၏ပုံရိပ်ဖြစ်တော်မူသော ကိုယ်တော်ရှင်ကိုငြင်းပယ်ကြကြောင်းကြေညာခြင်းဖြစ်ပါသည်။ ဣသရေလများသည် ဘုရားသခင်နှင့်

လမ်းခွဲခဲ့ကြချေပြီ။ မိမိအားယဇ်ပုရောဟိတ်မင်းဖြစ်ကြောင်း အထိမ်းအမှတ်ပြုသည့်ထိုဝတ်ရုံကြီးကို ကယာဖဆုတ်ဖြဲလိုက်ခြင်းသည် သင့်မြတ်မှုရှိလှပါသည်။ အကြောင်းမှာ သူ၏အမှုတော်ဆောင်ရွက်မှုသည် ၎င်းအတွက်သော်လည်းကောင်း၊ ယုဒလူများအတွက်သော်လည်းကောင်း ထိုအချိန်မှစ၍အဓိပ္ပါယ်ကင်းမဲ့ခဲ့လေပြီ။ ထိုယဇ်ပုရောဟိတ်မင်းသည် မိမိနှင့်တကွမိမိလူမျိုးများအတွက် ကြောက်ရွံ့စိုးရိမ်သဖြင့် ဝတ်ရုံကြီးကိုဆုတ်ဖြဲလိုက်ခြင်းသည် သင့်လျော်စွတကား။

ထိုဆန်ဟီဒရင်ကောင်စီမှခရစ်တော်အား သေဒဏ်ပေးထိုက်ကြောင်း ပြစ်ဒဏ်စီရင်ခဲ့ပါသည်။ သို့သော် အပြစ်ကျူးလွန်သူတစ်ဦးအား ညအချိန်တွင်အမှုစစ်ဆေးခြင်းသည် ယုဒဓမ္မသတ်နှင့်ဆန့်ကျင်ဖီလာနေပါသည်။ နေ့အချိန်အခါတွင် ကောင်စီဝင်အားလုံးစုံညီသောကောင်စီရှေ့မှောက်၌အမှုစစ်ဆေးခြင်းမှတစ်ပါး တရားဝင်အပြစ်စီရင်သည့်အခြားနည်းလမ်းမရှိတော့ချေ။ ဥပဒေအရ ထိုသို့အဆိုရှိထားသော်လည်း ယခုတွင်မူ ကယ်တင်ရှင်သည် အပြစ်စီရင်ပြီးဖြစ်သောရာဇဝတ်သားတစ်ဦးကဲ့သို့အဆက်ဆံခံနေရပြီး၊ လူသားများခံစားရဖူးသည့်အပြစ်ဒဏ်များတွင် အနိမ့်ကျအယုတ်ညံ့ဆုံးသောအပြစ်ဒဏ်များဖြင့် မတရားစီရင်မှုကိုခံယူရန် မတရားသောသူများလက်သို့ပေးအပ်ခြင်းကိုခံခဲ့ရပါသည်။ ယဇ်ပုရောဟိတ်မင်းကြီး၏နန်းတော်အား ကွင်းပြင်ကျယ်ကြီးတစ်ခုဝန်းရံထားပါသည်။ ထိုကွင်းပြင်ကြီးထဲတွင် ရောမစစ်သားများနှင့် ယုဒလူများစုရုံးနေကြပါသည်။ ထိုကွင်းပြင်ကြီးကိုဖြတ်၍ အချုပ်ခန်းထဲသို့ ခရစ်တော်အားခေါ်ဆောင်သွားကြပါသည်။ ထိုသို့ခေါ်ဆောင်သွားကြစဉ်တွင် လမ်းဘေးဝဲယာရှိလူများက ဘုရား၏သားတော်ဖြစ်ကြောင်း ကိုယ်တော်မိန့်တော်မူခဲ့သောဖွင့်ဆိုချက်များကို ပြက်ရယ်ပြုနေကြပါသည်။ "လက်ယာတော်ဘက်တွင်ထိုင်မည်" "မိုးတိမ်ကိုစီးလျက်ကြွလာမည်" ဟူ၍ ကိုယ်တော်မိန့်တော်မူခဲ့သောစကားများကို ထပ်ခါတလဲလဲပြက်ရယ်ပြုနေကြပါသည်။ တရားဝင်အမှုစစ်ဆေးခြင်းကိုစောင့်စားနေသောကိုယ်တော်အား အချုပ်ခန်းထဲတွင် ဖမ်းဆီးထားစဉ်၌လည်း ကာကွယ်စောင့်ရှောက်မှုမပြုခဲ့ကြချေ။ အသိဉာဏ်



မရှိသောလူ့ဗရုတ်သုတ်ခများသည် ထိုကောင်စီရှေ့တွင်ကိုယ်တော်အား ရက်စက်ကြမ်းတမ်းစွာပြုမူဆက်ဆံခဲ့သည်ကိုမြင်ခဲ့ရသဖြင့် ထိုအရာကိုအတုယူကာ ၎င်းတို့၏အလွန်ဆိုးရွားသောလုပ်ဆောင်မှုများကို ကိုယ်တော်၌လက်တွေ့ကျင့်သုံးခဲ့ကြပါသည်။ ခရစ်တော်၏မြင့်မြတ်သောအမူအရာနှင့်ကြီးမြတ်သောအပြုအမူသည် ၎င်းတို့အားအမျက်ဒေါသထွက်စေခဲ့ပါသည်။ ကိုယ်တော်၏နှိမ့်ချမှု၊ အပြစ်ကင်းမှုနှင့်စိတ်ရှည်သည်းခံမှုများသည် စာတန်ကဖြစ်ပွားစေခဲ့သောမုန်းတီးမှုဖြင့် ၎င်းတို့အားပြည့်ဝစေခဲ့ပါသည်။ သနားခြင်းကရုဏာနှင့်တရားမျှတမှုများသည် နင်းချေခြင်းကိုခံခဲ့ရပါသည်။ ဘုရား၏သားတော်ကိုလူမဆန်စွာဆက်ဆံခဲ့သကဲ့သို့ မည်သည့်ရာဇဝတ်သားကိုမျှမဆက်ဆံခဲ့ကြဖူးချေ။

သို့ရာတွင်ခရစ်တော်သည် ကယာဖ၏ရှေ့မှောက်တွင် ပြက်ရယ်ပြုသောအမှုစစ်ဆေးခြင်းကိုရင်ဆိုင်နေရစဉ်တွင် အချစ်ဆုံးတပည့်များမှတစ်ပါးသည် ကိုယ်တော်အားငြင်းပယ်ခဲ့ခြင်းသည် ရန်မူသူများ၏အပြင်းထန်ဆုံးသောထိုးနှိပ်ချက်ထက်ပြင်းထန်သောအရှိန်ဖြင့် ခရစ်တော်၏နှလုံးသားကိုထိခိုက်နာကျင်စေခဲ့ပါသည်။

တပည့်တော်များသည် မိမိတို့၏သခင်အားစွန့်ခွာသွားခဲ့ကြပြီးနောက်၊ တပည့်တော်နှစ်ပါးသည် ခရစ်တော်အားခေါ်ဆောင်သွားကြသည့်လူအုပ်ကြီး၏နောက်နားမလှမ်းမကမ်းမှ ခွာ၍လိုက်လာခဲ့ကြပါသည်။ ထိုသူနှစ်ဦးမှာ ပေတရုနှင့်ယောဟန်တို့ဖြစ်ကြပါသည်။ ယဇ်ပုရောဟိတ်များသည် ယောဟန်အားခရစ်တော်၏တပည့်တော်မှန်းသိသဖြင့် ကိုယ်တော်ကိုတရားစီရင်မည့်ခန်းမထဲသို့ဝင်ခွင့်ပြုခဲ့ပါသည်။ ထိုသို့ဝင်ခွင့်ပေးလိုက်ခြင်းအားဖြင့် ယောဟန်သည် မိမိသခင်၏အညံ့ခံရမှုများကိုမြင်တွေ့ကာ ထိုသခင်၏ဘုရားသားတော်ဖြစ်သည်ဟူသောအယူအဆများကို သရော်လာလိမ့်မည်ဟု သူတို့ယူဆခဲ့ကြပါသည်။ ယောဟန်သည် ပေတရုဝင်ခွင့်ရအောင် ထိုယဇ်ပုရောဟိတ်များကိုခွင့်တောင်းပေးသဖြင့် ပေတရုလည်းဝင်ခွင့်ရရှိသွားပါသည်။

ဝေလီဝေလင်းအချိန်ကလေးဖြစ်ပြီး၊ တစ်ည၏အအေးဆုံးသောအချိန်ဖြစ်သောကြောင့် ထိုပရိဝုဏ်ထဲရှိလူများသည်မီးလှုံနေကြပါသည်။ လူတစ်စုသည် မီးဖိုနားသို့ချဉ်းကပ်သွားကြစဉ် ပေတရုသည်လည်းထိုသူတို့နှင့်အတူ ရဲရဲတင်းတင်းမီးဖိုနားသို့တိုးသွားခဲ့ပါသည်။ မိမိအားခရစ်တော်၏တပည့်တော်တစ်ယောက်ဖြစ်သည်ကို သူတစ်ပါးမှတ်မိသွားမည်ကို သူမလိုလားခဲ့ချေ။ ထိုသူများနှင့်ရောကောသောကောနေလိုက်ခြင်းအားဖြင့် သူတို့သည်မိမိအား ခရစ်တော်ကိုဖမ်းလာသည့်အဖွဲ့ထဲမှဖြစ်သည်ဟုထင်ကြလိမ့်မည်ဟု ပေတရုအထင်ရှိခဲ့ပါသည်။

သို့ရာတွင် ပေတရု၏မျက်နှာကို အလင်းရောင်တစ်ချက်ထိုးမိသောအချိန်တွင် တံခါးစောင့်အမျိုးသမီးက ၎င်းအားမြင်သွားခဲ့ပါသည်။ ထိုသူသည် ယောဟန်နှင့်အတူဝင်လာခဲ့သူဖြစ်ကြောင်း သူမသတိထားခဲ့မိပြီး၊ သူ၏မျက်နှာပေါ်တွင် ထင်ရှားစွာပေါ်လွင်နေသော သောကဗျာပါဒများကြောင့် ထိုသူသည် ခရစ်တော်၏တပည့်တော်ဖြစ်ကောင်းနိုင်သည်ဟု သူမထင်မြင်ယူဆမိခဲ့ပါသည်။ ထိုအမျိုးသမီးသည် ကယာဖအိမ်မှအလုပ်သမားတစ်ဦးဖြစ်ပြီး အတော်စပ်စုသောသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် သူမကပေတရုအား “သင်သည်ထိုသူ၏တပည့်ဖြစ်သည်မဟုတ်လော” ဟု မေးလေ၏။ ထိုအမေးကြောင့် ပေတရုသည် လန့်ဖျပ်သွားပြီး ယောင်ယောင်မှားမှားဖြစ်သွားခဲ့ပါသည်။ မီးဖိုအနီးရှိလူများကလည်း ၎င်းအားဝိုင်း၍ကြည့်နေကြပါသည်။ ပေတရုအနေဖြင့် သူမပြောလိုက်သောစကားကို နားမလည်ဟန်ပြုနေသော်လည်း ထိုသူသည် ခရစ်တော်နှင့်အတူရှိခဲ့သူတစ်ဦးဖြစ်ကြောင်း သူမကအနီးတွင်ရှိနေသောလူများအား ဇွတ်အတင်းပြောပြနေပါသည်။ နောက်ဆုံးတွင် ပေတရုက “အချင်းမိန်းမ၊ ထိုသူကိုငါမသိ” ဟု စိတ်ဆိုးမာန်ဆိုးနှင့် ငြင်းလိုက်ပါသည်။ ဤငြင်းပယ်ခြင်းသည် ပထမအကြိမ်ငြင်းပယ်ခြင်းဖြစ်ပြီး၊ မကြာမီမှာပင် ကြက်တွန်လေ၏။ “အို၊ ပေတရုရယ်၊ သင်၏သခင်ကြောင့် မကြာမီကလေးကအရှက်ရခဲ့ပြီး မကြာမီတွင် ငြင်းပယ်ခဲ့ပါတကား။”



တပည့်တော်ယောဟန်မှာမူ တရားစီရင်ရာအခန်းထဲသို့ ဝင်ရောက်သွားပြီးနောက် မိမိသည် ခရစ်တော်၏တပည့်တော်ဖြစ်သည်ကို အခြားသူများသိရှိသွားဖို့ဖုံးကွယ်ရန်မကြိုးစားခဲ့ချေ။ မိမိ၏သခင်အား ဆဲရေးတိုင်းထွာနေသော ထိုလူကြမ်းများနှင့်လည်းမရောနှောခဲ့ချေ။ သူသည် ပုံမှားရိုက်ရန်မကြိုးစားခဲ့သည့်အတွက် မည်သည့်မေးမြန်းခြင်းကိုမျှမခံခဲ့ရချေ။ မယုံသင်္ကာအဖြစ်မခံခဲ့ရချေ။ လူအုပ်ကြီးများစွာအာရုံမထားသောနေရာတစ်ခုကို သူရှာခဲ့ပြီး ကိုယ်တော်ရှင်နှင့်နီးနိုင်သမျှနီးကပ်မည့်နေရာတစ်ခုကို ရွေးချယ်ခဲ့ပါသည်။ ထိုနေရာမှနေ၍ သခင်ဘုရားရင်ဆိုင်နေရသည့် စစ်ဆေးမေးမြန်းမှု အားလုံးကို သူကြားနိုင်ခဲ့ပါသည်။

ပေတရုအနေဖြင့် မိမိ၏ဇာတိမှန်ကိုအသိမခံရဲခဲ့ချေ။ အရာရာကို စိတ်မဝင်စားသည့်ပုံပန်းမျိုးလုပ်လိုက်သဖြင့် ပေတရုသည်အလွယ်တကူစုံစမ်းနှောင့်ယှက်ခြင်းခံရမည့်အခြေအနေမျိုးတွင်ရောက်ရှိနေသည့် သားကောင်တစ်ကောင်ဖြစ်သွားခဲ့ပါသည်။ ခရစ်တော်အတွက်တိုက်ပွဲဝင်ရန် သူ့အားခေါ်ခဲ့မည်ဆိုလျှင် သူသည်ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောစစ်သည်တော်တစ်ဦးအဖြစ်ရပ်တည်ခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော်လည်း သူတစ်ပါးကလက်ညှိုးထိုး၍အပြစ်ရှာသောအခါ သူရဲဘောကြောင်သူဖြစ်ကြောင်းမိမိကိုယ်ကိုဖော်ပြခဲ့ပါသည်။ သခင်ဘုရားအတွက်ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ရန်နောက်မတွန့်ခဲ့သူများသည် အခြားသူများ၏ပြက်ရယ်ပြုမှုများကြောင့် မိမိတို့၏ယုံကြည်ခြင်းကိုငြင်းပယ်ရန်တိုက်လှုန်ခြင်းကိုခံကြရပါသည်။ ရှောင်ရှားသင့်သောသူများနှင့်ပေါင်းဖော်မိခြင်းသည် မိမိကိုယ်ကိုစုံစမ်းခြင်းခံရမည့်အခြေသို့ပို့ဆောင်ခြင်းဖြစ်ပါသည်။ ထိုသူများသည်ရန်မူသူများအား မိမိတို့ထံလာရောက်စုံစမ်းနှောင့်ယှက်ရန်ဖိတ်ခေါ်နေကြပြီး၊ အခြားအခြေအနေမျိုးတွင် မကျူးလွန်ခဲ့သည့်ဒုစရိုက်များကို ကျူးလွန်နေကြပါသည်။ ဒုက္ခဆင်းရဲခြင်းများနှင့်ကဲ့ရဲ့ပြစ်တင်မှုများကြောင့် မိမိ၏ယုံကြည်ခြင်းကိုရွှေ့လျော့ပြောင်းလဲစေသော ယခုခေတ်တပည့်တော်များသည် ထိုအခန်းထဲတွင်ပေတရုငြင်းပယ်ခဲ့သကဲ့သို့ ကိုယ်တော်အားငြင်းပယ်နေကြပါသည်။

ပေတရုသည် မိမိသခင်အားအမှုစစ်ဆေးနေခြင်းကို စိတ်မဝင်စားဟန်ပြရန်ကြိုးစားခဲ့ငြားသော်လည်း၊ ကိုယ်တော့်အားပြောဆိုနေသော စော်ကားသည့်စကားများကိုကြားရသောအခါတွင်လည်းကောင်း၊ ကိုယ်တော်ခံစားနေရသောမတရားမှုများကိုမြင်ရသောအခါတွင်လည်းကောင်း သူသည်ဝမ်းနည်းမှုအပြည့်ဖြင့် စိတ်ဒုက္ခရောက်လျက်ရှိခဲ့ပါသည်။ ထိုထက်မကခရစ်တော်သည် ထိုကဲ့သို့သောပြုမူဆက်ဆံမှုများကိုအညံ့ခံခဲ့သည့်အတွက်ကြောင့် သူအံ့အားသင့်ကာစိတ်ဆိုးခဲ့ရပါသည်။ သူသည် မိမိခံစားချက်အမှန်ကို အခြားသူများသိမသွားစေဖို့ ကိုယ်တော်အားအချိန်အခါနှင့်မကိုက်ညီစွာ ပြက်ရယ်ပြုနေသောလူရမ်းကားများနှင့်ပေါင်းဖက်ရန်ကြိုးစားခဲ့ပါသည်။ သူသည်အမှားတစ်ခုကိုလုပ်ဆောင်နေပါသည်။ ဖြစ်ပျက်နေသောအရာများကိုဂရုမစိုက်သည့်သဘောဖြင့် စကားပြောဆိုရန်ကြိုးစားခဲ့သော်လည်း ခရစ်တော်အားပြုမူနေသည့်မတရားမှုများကိုမြင်တွေ့ရသဖြင့် မိမိ၏အမျက်ဒေါသကို သူမချုပ်ထိန်းနိုင်ခဲ့ချေ။

ထိုလူများသည် ပေတရုအားဒုတိယအကြိမ်ဂရုစိုက်မိကြပြန်ကာ၊ ခရစ်တော်၏နောက်လိုက်တစ်ဦးအဖြစ်စွပ်စွဲကြပြန်ပါသည်။ ယခုအခါတွင်မူသူက "ဤသူကိုငါမသိ" ဟုကျိန်ဆို၍ပင်ပြောလိုက်ပါသည်။ ယခုအချိန်အထိ ၎င်း၌နောင်တရရန်အခွင့်အရေးမကုန်သေးပါချေ။ နောက်ထပ်တစ်နာရီခန့်မျှကြာသောအခါ၊ ပေတရု၏ဓားချက်ကြောင့် နားရွက်ပြတ်သွားခဲ့ရသည့်ယဇ်ပုရောဟိတ်၏ကျွန်နှင့်ဆွေမျိုးတော်စပ်သူတစ်ဦးက "သင်သည်ဥယျာဉ်၌ယေရှုနှင့်အတူရှိသည်ကိုငါမြင်ခဲ့ပြီမဟုတ်လော" "အကယ်စင်စစ်သင်သည်ထိုသူတို့အဝင်ဖြစ်၏။ သင်သည်ဂါလိလဲလူဖြစ်၏။ သင့်စကားလဲတူ၏" ဟုပြောလေ၏။ ထိုသို့အပြောခံလိုက်ရသဖြင့် ပေတရုသည်ဒေါသအမျက်ခြောင်းခြောင်းထွက်ခဲ့ရပါသည်။ ခရစ်တော်၏တပည့်တော်ကြီးသည် မိမိကိုမေးခွန်းထုတ်သူအား အပြည့်အဝလိမ်လည်လှည့်ဖြားကာ မိမိ၏ဇာတိရုပ်အတုကိုအစစ်ဖြစ်ကြောင်းဖော်ပြရန်အလို့ငှာ ယခုတွင်မိမိ၏သခင်အားကျိန်ဆို၍ပင်ငြင်းဆိုပါတော့သည်။ ထိုအချိန်တွင်နောက်တစ်ခါကြက်တွန်ခဲ့ပါသည်။



ထိုကြက်တွန်သံကိုပေတရုကြားရသောအခါ၊ ကြက်သည်နှစ်ခါမတွန်မီ သင်သည်သုံးကြိမ်မြောက်အောင်ငါ့ကိုငြင်းပယ်လိမ့်မည်ဟူသော ကိုယ်တော်၏နှုတ်ထွက်စကားကိုသတိရခဲ့ပါသည်။ မာကု ၁၄း၃၀။

ပေတရု၏ပါးစပ်မှထွက်လာခဲ့သော ယုတ်ညံ့သည့်ကျိန်ဆိုမှုနှင့်စူးရှသောကြက်တွန်သံများကိုကြားတော်မူစဉ် ကယ်တင်ရှင်သည်ဒေါသထွက်နေသောတရားသူကြီးများကိုကြည့်နေရာမှ သနားစရာကောင်းလှသောထိုတပည့်တော်ကိုလှည့်၍ကြည့်တော်မူလိုက်ပါသည်။ ထိုအချိန်မှာပင်ပေတရုသည်လည်းသူ၏သခင်အားလှည့်၍ကြည့်လိုက်သောအချိန်နှင့်တိုက်ဆိုင်သွားပါသည်။ ကိုယ်တော်၏မျက်နှာတော်ဝယ် အမျက်ဒေါသတစ်စုံတစ်ရာကိုမျှမတွေ့ရဘဲ အလွန်ဝမ်းနည်းကြေကွဲမှုကိုသာတွေ့နေရပါသည်။

သနားခြင်းကရုဏာနှင့်အပြစ်လွှတ်ခြင်းသဘောထားများကိုဖော်ပြနေသည့် ကိုယ်တော်ရှင်၏ဖြူရော်နေသောမျက်နှာတော်နှင့်တုန်ယင်နေသောနှုတ်ခမ်းများသည် ပေတရု၏နှလုံးသားတွင်မြားတစ်ချောင်းစူးဝင်သွားသည့်နှယ်၊ ထိခိုက်နာကျင်သွားခဲ့ပါသည်။ အသိစိတ်ဓာတ်များကိုနိုးကြားစေခဲ့ပါသည်။ မှတ်ဉာဏ်များကိုလည်းပြန်လည်လှုပ်ရှားလာစေခဲ့ပါသည်။ လွန်ခဲ့သောနာရီပိုင်းအနည်းငယ်က ထောင်ထဲသို့ဖြစ်စေ၊ သေတွင်းသို့ဖြစ်စေ ကိုယ်တော်နှင့်အတူလိုက်ပါမည်ဟု မိမိပြုခဲ့သောကတိကိုသူပြန်လည်စဉ်းစားမိလာခဲ့ပါသည်။ အထက်ခန်းတွင်ရှိနေကြစဉ် မိမိသည် သခင်ဘုရားအားယခုည၌ပင်သုံးကြိမ်မြောက်အောင်ငြင်းဆိုလိမ့်မည်ဖြစ်ကြောင်း ကယ်တင်ရှင်ကမိန့်တော်မူစဉ်က ခံစားရသောဝမ်းနည်းမှုကိုလည်း ပြန်လည်သတိရလာမိပါသည်။ မိမိသည်ခရစ်တော်အားမသိပါဟု ယခုကလေးတွင်ပြောကြားခဲ့သော်လည်း ကိုယ်တော်သည် မိမိအကြောင်းကိုကျေကျေညက်ညက်သိရှိထားတော်မူကြောင်းကိုလည်းကောင်း၊ မိမိကိုယ်တိုင်ပင်မသိရှိခဲ့သော မိမိ၏စိတ်သဘောထားကိုတိတိကျကျသိရှိထားကြောင်းကိုလည်းကောင်း ပေတရုယခုသိရှိလာခဲ့ပါသည်။

အတိတ်ဖြစ်စဉ်များကိုတစ်ခုပြီးတစ်ခု သူသတိရလာခဲ့ပါသည်။ တပည့်တော်များအပေါ်မှာထားရှိသည့် ကိုယ်တော်၏သနားကြင်နာခြင်း၊

စိတ်ရှည်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်သည်းခံခြင်းများကို ပေတရုပြန်လည်သတိရလာခဲ့ပါသည်။ "ရှိမုန်၊ ဂျုံဆန်ကိုဆန်ခါနှင့်ခါသကဲ့သို့ စာတန်သည်သင်တို့ကိုချရမည်အကြောင်းအခွင့်တောင်းသည်ဖြစ်၍ သင်၏ယုံကြည်သောစိတ်မပျက်စေခြင်းငှာ ငါသည်သင့်အဖို့ဆုတောင်းလေပြီ" ဟူသောသတိပေးစကားကိုလည်း သူပြန်လည်သတိရလာခဲ့ပါသည်။ လုကာ ၂၂း၃၁-၃၂။ မိမိ၏ကျေးဇူးမသိတတ်မှုများ၊ လိမ်ညာမှုများနှင့်မုသားသုံး၍ကျိန်ဆိုမှုများ၏ရောင်ပြန်ဟပ်မှုကြောင့် ကြောက်ရွံ့စိတ်များပေါ်လာပါသည်။ သူသည် နောက်ထပ်တစ်ဖန်မိမိသခင်ဘုရားအားကြည့်လိုက်ရာ မျက်နှာတော်ကိုရိုက်ဖို့မြှောက်ထားသော ရိုင်းပျသောလက်တစ်ချောင်းကိုမြင်လိုက်ရပါသည်။ ထိုမြင်ကွင်းကိုကြာရှည်စွာကြည့်နိုင်စွမ်းမရှိတော့ဘဲ စိတ်နှလုံးကြေကွဲစွာဖြင့် ထိုအခန်းထဲမှလျင်မြန်စွာထွက်သွားခဲ့ပါသည်။

ပေတရုသည် အမှောင်ကြီးထဲတွင်တစ်ယောက်တည်း ခြေဦးတည့်ရာသို့ထွက်သွားခဲ့ပါသည်။ နောက်ဆုံးတွင် ဂေသရေမန်ဥယျာဉ်ထဲ၌ရောက်နေကြောင်း ကိုယ့်ကိုကိုယ်တွေ့ရပါသည်။ ဤဥယျာဉ်ထဲတွင် နာရီအနည်းငယ်ခန့်ကဖြစ်ပျက်ခဲ့သောအရာများသည် သူ၏စိတ်အာရုံထဲဝယ်ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့ပါသည်။ ဒုက္ခဆင်းရဲခြင်းခံနေရသည့်ကိုယ်တော်၏မျက်နှာတော်၊ သွေးနှင့်ရောနေသည့်ချွေးများဖြင့်ပေကျံနေသည့်ကိုယ်တော်၏မျက်နှာတော်၊ ပရိဒေဝမီးတောက်လောင်နေသော ကိုယ်တော်၏မျက်နှာတော်ကိုသူမြင်ယောင်လာခဲ့ပါသည်။ ထိုအချိန်အခါမျိုးတွင် ကိုယ်တော်ရှင်နှင့်အတူပူးပေါင်းဆုတောင်းပေးသင့်သောမိမိတို့သည်အိပ်ပျော်နေကြစဉ်တွင် ကိုယ်တော်ရှင်သည်ငိုကြွေးလျက် တစ်ပါးတည်းဆုတောင်းခဲ့ရသည့်အဖြစ်ကို ခါးသီးသောသံဝေဂစိတ်များနှင့်ပြန်လည်သတိရမိခဲ့ပါသည်။ "စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေကြလော့" ဟူသောစေခိုင်းချက်ကိုသူပြန်လည်သတိရခဲ့ပါသည်။ မဿဲ ၂၆း၄၁။ ထိုနောက်တရားစီရင်သည့်အခန်းထဲတွင်ဖြစ်ပျက်ခဲ့သောမြင်ကွင်းများကို သူမြင်ယောင်





လာခဲ့ပါသည်။ ပူဆွေးဒုက္ခရောက်နေသောကယ်တင်ရှင်အပေါ်သို့ အလေးဆုံးသောဝန်တစ်ခုကို မိမိကထပ်လောင်းတင်ပေးခဲ့မိသည်ကိုသိရှိရသည့်အတွက် စိတ်နှလုံး၌နာကျင်မှုဝေဒနာကို သူခံစားခဲ့ရပါသည်။ အဖခမည်းတော်ထံ ခရစ်တော်ဒူးထောက်ဆုတောင်းခဲ့သောနေရာ၌ပင် ပေတရုဒူးထောက်၍ဦးညွှတ်လိုက်ကာ မိမိသေသွားလျှင်သိပ်ကောင်းမှာဘဲဟု ရေရွတ်ခဲ့မိပါသည်။

ခရစ်တော်သည် ပေတရုအားဆုတောင်းလျက်စောင့်နေရန် မိန့်တော်မူသောအချိန်တွင် ပေတရုသည်အိပ်ပျော်နေခြင်းအားဖြင့် ၎င်းကျူးလွန်တော့မည့်အပြစ်ကြီးအတွက် လမ်းဖွင့်ပေးစေခဲ့ပါသည်။ တပည့်တော်အပေါင်းတို့သည်လည်း ဤကဲ့သို့အရေးကြီးသောအချိန်အခါတွင် ငိုက်မျဉ်းအိပ်ပျော်နေကြခြင်းအားဖြင့် မဟာဆုံးရှုံးမှုတစ်ခုကိုဖြစ်စေကြလျက်ရှိပါသည်။ တပည့်တော်များအနေနှင့် အလွန်ဆိုးရွားသောစုံစမ်းခြင်းများကိုရင်ဆိုင်ကျော်လွှားရမည်ကို ခရစ်တော်သိရှိထားတော်မူပါသည်။ စုံစမ်းစစ်ဆေးရာကာလတွင် ၎င်းတို့အဆင်သင့်မရှိကြစေဖို့ စာတန်သည် ၎င်းတို့၏စိတ်နှလုံးများကိုထုံထိုင်းအောင်လုပ်လိမ့်မည်ကိုလည်း ကိုယ်တော်သိရှိထားပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ၎င်းတို့အားသတိပေးခဲ့ခြင်းဖြစ်ပါသည်။ ဥယျာဉ်ထဲတွင်ရှိနေကြစဉ်တွင် ပေတရုသည်ဆုတောင်းလျက်စောင့်နေခဲ့မည်ဆိုလျှင် မိမိ၏ချည့်နဲ့သောခွန်အားအပေါ်တွင်သာ အားကိုးလုပ်ဆောင်တော့ရန် ပစ်ထားခြင်းခံခဲ့ရလိမ့်မည်မဟုတ်ချေ။ ၎င်း၏သခင်အားလည်းငြင်းပယ်ခဲ့လိမ့်မည်မဟုတ်ချေ။ ထိုတပည့်တော်များသည် ထိုအချိန်တွင် ခရစ်တော်နှင့်အတူဆုတောင်းခဲ့ကြလိမ့်မည်ဆိုလျှင် ကပ်တိုင်ပေါ်တွင်ခံယူရမည့်ခရစ်တော်၏ဒုက္ခဝေဒနာကို သူတို့ကြည့်နိုင်စွမ်းရှိခဲ့ကြပါလိမ့်မည်။ ခရစ်တော်ခံစားခဲ့ရသောဒုက္ခဝေဒနာ၏သဘာဝကိုလည်း ထိုက်သင့်သလောက်သူတို့နားလည်ခဲ့ကြပါလိမ့်မည်။ မိမိခံစားရမည့်အရာများအကြောင်း၊ အသေခံခြင်းအကြောင်း၊ ထမြောက်ခြင်းအကြောင်းနှင့်ပတ်သက်သော ကြိုတင်မိန့်မြွက်ချက်များကိုလည်း သူတို့ပြန်လည်စဉ်းစားသိရှိနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ အလွန်အတိဒုက္ခရောက်

နေသောအချိန်တွင် အမှောင်ထုကိုခွင်းကာ ၎င်းတို့၏ယုံကြည်ခြင်းကိုဆောက်တည်ပေးမည့်မျှော်လင့်ချက်ရောင်ခြည်များလည်း သန်းလာခဲ့လိမ့်မည်ဖြစ်ပါသည်။

နံနက်မိုးသောက်အလင်းရောက်သည်နှင့်တစ်ပြိုင်နက် ဆန်ဟီဒရင်ကောင်စီဝင်များသည် တစ်ဖန်စုရုံးလာကြကာ ခရစ်တော်အားကောင်စီရုံးခန်းထဲသို့ခေါ်ဆောင်လာခဲ့ကြပါသည်။ ကိုယ်တော်က မိမိသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းဖွင့်ဆိုခဲ့ရာ ထိုဖွင့်ဆိုချက်ကိုစွဲချက်တင်နိုင်သောအရာတစ်ခုအဖြစ် သူတို့အမိပ္ပါယ်ကောက်ယူခဲ့ကြပါသည်။ သို့ရာတွင် လွန်ခဲ့သောညကအမှုစစ်ဆေးခဲ့စဉ်အချိန်၌ ကောင်စီဝင်အများစုသည် မတက်ရောက်နိုင်ခဲ့ကြဘဲ မကြားနာခဲ့ရသေးသဖြင့် ကိုယ်တော်ကိုထိုစွဲချက်အားဖြင့် အပြစ်မစီရင်နိုင်ခဲ့ကြချေ။ ၎င်းပြင် ရောမတရားရုံးအနေနှင့်လည်း ကိုယ်တော်၌သေပြစ်စီရင်ထိုက်သောအပြစ်တစ်စုံတစ်ရာမတွေ့နိုင်ကြောင်းကို သူတို့သိထားကြပါသည်။ ညတုန်းကကိုယ်တော်ပြောခဲ့သည့်စကားများကို ကိုယ်တော့်ပါးစပ်မှနောက်တစ်ဖန်ထွက်လာသည်ကို သူတို့ကြားခဲ့ရလျှင် သူတို့ရည်မှန်းထားသည့်အတိုင်းဖြစ်နိုင်စရာအကြောင်းရှိပါသည်။ အကြောင်းမှာ ကိုယ်တော်၏မိမိကိုယ်ကိုမေရှိယဟု ဖွင့်ဆိုချက်အားပုန်ကန်ထကြွမှုအတွက် နိုင်ငံရေးနှင့်ပတ်သက်သောလှုံ့ဆော်မှုတစ်ရပ်ဖြစ်သည်ဟု သူတို့အမိပ္ပါယ်ကောက်ယူခဲ့ကြခြင်းကြောင့်ဖြစ်ပါသည်။

သင်သည်ခရစ်တော်မှန်လျှင် ငါတို့အားပြောလော့ဟု သူတို့ဆိုကြသော်လည်း ကိုယ်တော်သည်နှုတ်ဆိတ်တော်မူခဲ့ပါသည်။ သို့နှင့်သူတို့သည်မေးခွန်းများကိုအဆက်မပြတ်မေးနေကြသောကြောင့် နောက်ဆုံးတွင်သနားစဖွယ်ကောင်းသည့် ဝမ်းနည်းပူဆွေးသောလေသံဖြင့် “ငါပြောလျှင်သင်တို့သည်မယုံ၊ ငါမေးလျှင်လည်း သင်တို့သည်မဖြေဘဲငါ့ကိုမလွှတ်ဘဲနေကြလိမ့်မည်ဟု ခရစ်တော်မိန့်တော်မူလိုက်ပါသည်။ သူတို့သည် ကိုယ်တော်အကြောင်းနှင့်ပတ်သက်၍ ဆင်ခြေတက်စရာအကြောင်းမရှိတော့သော်လည်း၊ ထပ်လောင်း



၍ကိုယ်တော်မိန့်တော်မူသည်ကား လူသားသည် ဘုရားသခင်၏တန်ခိုးလက်ယာဘက်၌ထိုင်တော်မူလတ္တံ့” ဟူ၍ဖြစ်၏။

ထိုနောက် ထိုသူအပေါင်းတို့က သင်သည်ဘုရားသခင်၏သားတော်မှန်သည်တကားဟု တညီတညွတ်တည်းဆိုကြရာ သင်တို့ဆိုသည်အတိုင်းမှန်သည်ဟုမိန့်တော်မူ၏။ ထိုအခါထိုသူတို့က အဘယ်သက်သေလိုသေးသနည်း၊ သူ၏စကားကိုငါတို့ကိုယ်တိုင်ကြားရပြီဟုဆိုကြ၏။

သို့နှင့်ယုဒအာဏာပိုင်များ၏တတိယအကြိမ်စီရင်ချက်အရလည်း၊ ထိုနည်းအတိုင်းပင် ခရစ်တော်အားသေပြစ်စီရင်ခဲ့ကြပါသည်။ ယခုအချိန်တွင်လိုအပ်နေသည့်အရာတစ်ခုမှာ ရောမအာဏာပိုင်များအနေဖြင့် ၎င်းတို့၏စီရင်ချက်ကိုအတည်ပြုကာ၊ ကိုယ်တော်အား၎င်းတို့လက်ထဲသို့အပ်ရန်ပင်ဖြစ်သည်ဟု ၎င်းတို့ယူဆခဲ့ကြပါသည်။

သို့နှင့်တတိယအကြိမ်မြောက်မတရားလုပ်ဆောင်ခြင်းနှင့် ပြက်ရယ်ပြုခြင်းများဖြစ်ပေါ်လာပါသည်။ ယခုအကြိမ်တွင် ကိုယ်တော်ခံရသည့်မတရားမှုများသည် ဗရတ်သုတ်ခလူများဖြင့်စုစည်းထားသည့် ထိုလူအုပ်ကြီးကပြုလုပ်သောမတရားမှုများ၊ ပြက်ရယ်ပြုမှုများထက်ပို၍ဆိုးရွားလှပါသည်။ ဤအရာကို ယဇ်ပုရောဟိတ်များရှေ့မှောက်တွင် ၎င်းတို့၏ခွင့်ပြုချက်အရလုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ ၎င်းတို့၏နှလုံးသားထဲတွင် လူသားချင်းစာနာသောစိတ်ထားများကင်းပျောက်လျက်ရှိလေပြီ။ ၎င်းတို့၏ဖော်ပြပြောဆိုချက်များသည်အားနည်းသောကြောင့် ကိုယ်တော်ရှင်အားနှုတ်မပိတ်နိုင်ခဲ့လျှင် ခေတ်အဆက်ဆက်တွင်ဘာသာရေးဖောက်ပြန်သူများအားနှုတ်ပိတ်ရာတွင် အသုံးပြုခဲ့သောအကြမ်းဖက်သတ်ဖြတ်မှုများကို သူတို့ကျင့်ကြမည်သာဖြစ်ပါသည်။

ခရစ်တော်အတွက်စီရင်ချက်ကို တရားသူကြီးများကကြေညာလိုက်သောအခါ အလွန်ဆိုးရွားသောစိတ်ဓာတစ်ခုသည် ထိုလူများအားလွှမ်းမိုးသွားခဲ့ပါသည်။ ထွက်ပေါ်လာသောအော်ဟစ်သံများသည် တောရိုင်းများ၏အော်သံများနှယ်ဆူညံလှပါသည်။ ဤသူသည် ဒုစရိုက်ကောင်ဖြစ်သည်။

သူ့ကိုအသေသတ်ကြဟုအော်ဟစ်ကာ လူအုပ်ကြီးသည် ခရစ်တော်ရှိရာသို့ တစ်ဟုန်ထိုးပြေးလာကြပါသည်။ ရောမစစ်သားများသာထိုနေရာတွင်မရှိခဲ့ပါလျှင် ခရစ်တော်သည်ကပ်တိုင်အတင်မခံရမီတွင် သေဆုံးသွားလိမ့်မည်ဖြစ်ပါသည်။ ရောမအာဏာပိုင်များကကြားဝင်ကာ လက်နက်အသုံးပြုပြီး လူအုပ်ကြီး၏ ကသောင်းကနင်းဖြစ်မှုကိုမထိန်းပေးခဲ့လျှင် ခရစ်တော်သည် ထိုတရားသူကြီးများရှေ့မှာပင် အပိုင်းပိုင်းဖြတ်ပိုင်းခြင်းကိုခံခဲ့ရပါလိမ့်မည်။

အပြစ်ကျူးလွန်ကြောင်းမထင်ရှားသည့်ပုဂ္ဂိုလ်တစ်ဦးအား ဤကဲ့သို့ ရက်စက်စွာလုပ်ဆောင်မှုအတွက် ရပ်တုကိုးကွယ်သူတစ်ပါးအမျိုးသားများကပင်အမျက်ထွက်ခဲ့ကြပါသည်။ ခရစ်တော်အပေါ်ပြစ်ဒဏ်စီရင်ခဲ့မှုတွင် ယုဒများသည်စည်းကမ်းဖောက်ဖျက်ကြောင်း၊ လူတစ်ဦးအား မိမိ၏သက်သေခံချက်အရသေဒဏ်ပေးခြင်းသည် ယုဒဓမ္မသတ်နှင့်ပင်မကိုက်ညီကြောင်း၊ ရောမအရာရှိများကကြေညာခဲ့ကြပါသည်။ ဤကဲ့သို့ကြားဝင်ဟန့်တားမှုသည် တဒင်္ဂငြိမ်းချမ်းမှုကိုဖြစ်စေခဲ့သော်လည်း ယုဒခေါင်းဆောင်များသည် ကြင်နာမှုများနှင့်အရှက်အကြောက်များကင်းစွာဖြင့် မတရားမှုကိုဆက်လက်လုပ်ဆောင်ခဲ့ကြပါသည်။

ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် မိမိတို့၏ သိက္ခာကိုပင်မစောင့်စည်းကြတော့ဘဲ သားတော်ဘုရားအားညစ်ညမ်းသော အသုံးအနှုန်းများကိုသုံးနှုန်းကာ မတရားစွပ်စွဲပြောဆိုခဲ့ကြပါသည်။ သူတို့သည်ကိုယ်တော်အား မိဘမျိုးရိုးနှင့်ပတ်သက်၍ စော်ကားပြောဆိုခဲ့ကြပါသည်။ မိမိကိုယ်ကိုမေရှိယဖြစ်သည်ဟု အယောင်ဆောင်ကြေညာခြင်းအတွက် အယုတ်ညံ့ဆုံးသောသေပြစ်ကို ၎င်းအားပေးထိုက်ကြောင်း သူတို့ဖွင့်ဟခဲ့ကြပါသည်။ အကျင့်စာရိတ္တအပျက်ပြားဆုံးသောသူများသည် ခရစ်တော်အားမတရားစော်ကားရာတွင်ပါဝင်ခဲ့ကြပါသည်။ ထိုသူများသည် ဟောင်းနွမ်းနေပြီဖြစ်သော ဝတ်ရုံကြီးတစ်ထည်နှင့် ကိုယ်တော်၏ဦးခေါင်းတော်ကိုအုပ်လိုက်ပြီး၊ မျက်နှာတော်ကိုလက်နှင့်ပုတ်ခဲ့ကြကာ၊ အချင်းခရစ်တော် ကိုယ်တော်ကိုအဘယ်သူ



ပုတ်သည်ကိုပုရောဖက်ပြု၍ဟောတော်မူပါဟု ပြက်ရယ်ပြုပြောဆိုခဲ့ကြပါသည်။ ထိုနောက် စက်ဆုပ်စရာကောင်းလှသောလူတစ်ယောက်သည် အနီးသို့ရောက်လာပြီး ဦးခေါင်းတော်ကိုခြုံထားသည့်ထိုဝတ်ရုံကြီးကိုဖယ်လိုက်ကာ မျက်နှာတော်ကိုတံတွေးနှင့်ထွေးလိုက်ပါသည်။

ဘုရားသခင်၏ကောင်းကင်တမန်များသည် သားတော်ဘုရားအား စော်ကားသည့်သဘောဖြင့် ၎င်းတို့မလေးမခန့်ပြောခဲ့၊ ပြုခဲ့သည့်စကားများနှင့်အပြုအမူများကို တိကျစွာမှတ်တမ်းတင်လျက်ရှိကြပါသည်။ တစ်နေ့တွင် ခရစ်တော်၏အားနည်းဖြူရော်နေသည့်မျက်နှာတော်အား မထီလေးစားလုပ်ကာ တံတွေးနှင့်ထွေးခဲ့ကြသောထိုလူယုတ်မာများသည် ကိုယ်တော်အား နေရောင်ခြည်ထက်ထွန်းလင်းသော ဘုန်းရောင်ခြည်များကွန့်မြူးလျက်ကြွလာတော်မူသည်ကို မြင်ကြရလိမ့်မည်။

****

# tcef; (76)
# ,k"½Sun½kwf

ထာဝရဘုရားသခင်အနေနှင့် ဂုဏ်ပြုနိုင်သည့်အခြေအနေတွင်ရှိသော အသက်တာတစ်ခုသည် ဝမ်းနည်းဖွယ်ရာဘဝဇာတ်သိမ်းခန်းဖြင့်နိဂုံးချုပ်သွားသည်ကို ယုဒရှကာရုတ်၏အသက်တာကတင်ဆက်ထားပါသည်။ သူသည် ယေရုရှလင်မြို့သို့သွားခဲ့သည့်နောက်ဆုံးခရီးစဉ်မတိုင်မီတွင် သေဆုံးသွားခဲ့မည်ဆိုလျှင် တမန်တော်တစ်ဆယ့်နှစ်ပါးအဝင်ပုဂ္ဂိုလ်တစ်ဦးအနေဖြစ် မှတ်ယူခြင်းကိုခံခဲ့ရလိမ့်မည်ဖြစ်ပြီး၊ အကြီးအကျယ်လွမ်းဆွတ်ခြင်းခံရမည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့လိမ့်မည်ဖြစ်ပါသည်။ ရာစုနှစ်ပေါင်းများစွာဆက်လက်တည်ရှိနေမည့် စက်ဆုပ်ရွံရှာဖွယ်၎င်း၏အတိတ်ကြောင်းသည်လည်း ကျန်ရစ်ခဲ့လိမ့်မည်မဟုတ်ဘဲ ၎င်း၏ဘဝနေဝင်ခါနီးတွင်ဖြစ်ပျက်ခဲ့သော ထင်ရှားသည့်အဖြစ်အပျက်ကြီးများကိုသာဖော်ပြခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ၎င်း၏ဇာတိရုပ်မှန်ကို ကမ္ဘာလောကအားသိမြင်စေခဲ့ခြင်းဌာ ယခုကဲ့သို့သူ့ဘဝကိုနိဂုံးချုပ်စေခဲ့ခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ၎င်း၏သမိုင်းစဉ်သည် ဘုရားသခင်ကခန့်အပ်ထားသည့်သူများအတွက် သတိပေးချက်တစ်ခုဖြစ်ပါသည်။

ယုဒသည်ခရစ်တော်အား ယဇ်ပုရောဟိတ်များ၏လက်သို့အပ်နှံရန် ပသခါပွဲမတိုင်မီကလေးတွင် ၎င်းတို့နှင့်အသစ်တစ်ဖန်ကတိပြုခဲ့ပါသည်။ ကိုယ်တော်ရှင်အားဘုရားဆုတောင်းရန်အသွားတွင်ဖမ်းဆီးကြရန် ထိုစဉ်က စီစဉ်ထားခဲ့ပါသည်။ ရှိမုန်၏အိမ်တွင်စားသောက်ပွဲကျင်းပစဉ်ကတည်းက မိမိလုပ်ဆောင်ရန်ကတိကဝတ်ပြုခဲ့သောထိုလုပ်ငန်းအတွက် စဉ်းစားသုံးသပ်ရန်အခွင့်အရေးရရှိခဲ့သော်လည်း သူသည်မိမိ၏အကြံအစည်ကိုမပြောင်းလဲခဲ့ချေ။ ကျွန်တစ်ဦးအားဌားရမ်းသည့်အဖိုးအခလောက်သာဖြစ်သောငွေသုံးဆယ်ဖြင့် စက်ဆုပ်ဖွယ်ရာသောအသေသတ်ခြင်းကိုခံစေရန် မိမိ၏အရှင်ဘုရားအားသူရောင်းခဲ့ပါသည်။



ယုဒသည် ငွေကိုတပ်မက်လွန်းသောသူတစ်ယောက်ဖြစ်ပါသည်။ သို့ရာတွင် ဤကဲ့သို့သောအလုပ်မျိုးကိုအမြဲတမ်းလုပ်သည့်အခြေထိအောင် သူ့အနေနှင့်မပျက်စီးသေးပါချေ။ မိမိအသက်တာအားလွှမ်းမိုးလာသည်အထိ ဥစ္စာဓနကိုတပ်မက်လွန်းသည့် မကောင်းသောစိတ်ဓာတ်ကိုသူမွေးမြူခဲ့ပါသည်။ ငွေကိုတပ်မက်သောစိတ်သည် ခရစ်တော်ကိုချစ်သည့်စိတ်ထက်အလေးသာသွားခဲ့ပါသည်။ ဒုစရိုက်မှုတစ်ခု၏ကျွန်ဘဝသို့ရောက်လာခြင်းအားဖြင့် အပြစ်များကိုဆက်လက်ကျူးလွန်ရန် မိမိကိုယ်ကိုစာတန်လက်၌ဆက်ကပ်ခဲ့ပါသည်။

များစွာသောလူထုကြီးသည် ခရစ်တော်၏နောက်တော်ပါးမှလိုက်လျှောက်နေသောအချိန်တွင် ယုဒသည်တမန်တော်များနှင့်ပူးပေါင်းခဲ့ပါသည်။ တရားဇရပ်တွင်လည်းကောင်း၊ ဂါလိလဲအိုင်ကမ်းစပ်တွင်လည်းကောင်း၊ တောင်ပေါ်တွင်လည်းကောင်း မိန့်တော်မူခဲ့သောကိုယ်တော်၏နှုတ်ထွက်စကားများကိုကြားရစဉ် ပီတိဖြစ်နေကြသည့်အချိန်တွင် ကယ်တင်ရှင်၏သွန်သင်ချက်များသည် ၎င်းတို့၏စိတ်နှလုံးကိုလှုပ်ရှားစေခဲ့ပါသည်။ အမြို့မြို့အနယ်နယ်မှဖျားနာသူများ၊ လမ်းမသွားနိုင်သောသူများနှင့်မျက်မမြင်များသည် ခရစ်တော်ထံစုရုံးလာကြသည်ကို ယုဒမြင်တွေ့ခဲ့ဖူးပါသည်။ သေလုမြောပါးဖြစ်နေသောလူနာများအား ခြေတော်ရင်းတွင်ချထားသည်ကိုလည်း သူမြင်တွေ့ခဲ့ဖူးပါသည်။ လူနာများကိုကုသရာတွင်လည်းကောင်း၊ နတ်ဆိုးများကိုနှင်ထုတ်ရာတွင်လည်းကောင်း၊ လူသေများကိုထမြောက်စေရာတွင်လည်းကောင်း ပြတော်မူခဲ့သောကယ်တင်ရှင်၏မဟာတန်ခိုးတော်ကိုလည်း သူမြင်တွေ့ခဲ့ရပါသည်။ သူ၏ကိုယ်ပိုင်အသက်တာအားဖြင့်လည်း ခရစ်တော်၏တန်ခိုးတော်အထောက်အထားများကိုခံစားခဲ့ဖူးပါသည်။ သူကြားဖူးခဲ့သည့်တရားဒေသနာများထက် ခရစ်တော်၏သွန်သင်ဟောကြားချက်များသည် ကောင်းမွန်ထိရောက်ကြောင်းကိုလည်း သူသိထားပါသည်။ ကိုယ်တော်ရှင်ကိုသူချစ်ပါသည်။ အတူလည်းနေလိုလှပါသည်။ မိမိ၏အကျင့်စာရိတ္တနှင့်အသက်တာကိုပြောင်းလဲမှုရှိလာရန်လည်း သူလိုလားခဲ့ပါသည်။ ကယ်တင်ရှင်သည် သူ့အားငြင်းဆန်တော်မမူခဲ့ဘဲ တမန်တော်ဆယ့်နှစ်ပါးအဝင်ဖြစ်စေခဲ့ပါသည်။ ကိုယ်တော်သည်

သူ့အားတရားဟောဆရာအလုပ်ကိုလုပ်ရန်ခန့်အပ်ခဲ့ပါသည်။ လူနာများကိုကုသခြင်းတန်ခိုးနှင့် နတ်ဆိုးများကိုနှင်ထုတ်ခြင်းအခွင့်ကိုလည်းပေးတော်မူခဲ့ပါသည်။ သို့သော်ယုဒသည် မိမိအသက်တာအား ကိုယ်တော်၌လုံးလုံးလျားလျားအပ်နှံသည့်အဆင့်သို့မရောက်ခဲ့ပါချေ။ သူသည် လောကီနှင့်ပတ်သက်သောရည်မှန်းချက် (သို့မဟုတ်) ငွေကိုတပ်မက်ခြင်းစိတ်ကိုမစွန့်လွှတ်ခဲ့ချေ။ ခရစ်တော်၏တရားဟောဆရာရာထူးကိုလက်ခံလုပ်ဆောင်စဉ်မှာပင် သူသည် ဝိညာဉ်တော်၏ပြုပြင်မှုကိုခံယူရန် မိမိကိုယ်ကိုမဆက်ကပ်ခဲ့ချေ။ မိမိ၏ကိုယ်ပိုင်အယူအဆအတိုင်း ကြိုက်သလိုလုပ်ဆောင်နိုင်သည်ဟုသူသဘောပေါက်ကာ အခြားသူများအားဝေဖန်အပြစ်တင်သည့်သဘောထားများကိုမွေးမြူခဲ့ပါသည်။

ယုဒသည် အခြားတမန်တော်များ၏လေးစားမှုကိုခံခဲ့ရသူတစ်ဦးဖြစ်ပြီး၊ ၎င်းတို့အပေါ်တွင်ဩဇာရှိသူတစ်ဦးလည်းဖြစ်ပါသည်။ သူကိုယ်တိုင်လည်းမိမိ၏အရည်အချင်းကိုအထင်ကြီးနေသူတစ်ဦးဖြစ်ပြီး၊ ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ အရည်အချင်းနှင့်ပြည့်စုံမှုတွင်လည်းကောင်း အခြားတမန်တော်များသည် မိမိထက်အများကြီးနိမ့်ကျသည်ဟု သူမှတ်ယူထားခဲ့ပါသည်။ သူတို့သည်အခွင့်ကောင်းများကိုမမြင်တတ်ကြဘဲ အခြေအနေကိုအကျိုးရှိအောင်အသုံးမချတတ်ကြဟု သူထင်မြင်ခဲ့ပါသည်။ အသင်းတော်သည် ထိုကဲ့သို့အမြင်တိုသောခေါင်းဆောင်များ၏ဦးဆောင်မှုအောက်တွင် မည်သည့်အခါမျှတိုးတက်ကြီးပွားမည်မဟုတ်ဟု သူထင်မြင်ခဲ့ပါသည်။ ပေတရုသည် စိတ်မြန်ပြီး မစဉ်းမစားလုပ်တတ်သူတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ ခရစ်တော်၏နှုတ်တော်ထွက်သမ္မာတရားများကိုသိမ်းဆည်းခဲ့သူယောဟန်အားငွေကြေးထိန်းသိမ်းမှုတွင် အလွန်ညံ့ဖျင်းသူတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း ယုဒမှတ်ယူခဲ့ပါသည်။ အရာရာတွင်စေ့စပ်သေချာလှသောမဿဲသည် ရိုးသားမှုနှင့်စပ်လျဉ်း၍ အထင်ကရဖြစ်သူတစ်ဦးဖြစ်သည့်ပြင် ခရစ်တော်၏မိန့်တော်မူချက်များကိုသေချာစွာစဉ်းစားသုံးသပ်ကာ ထိုတရားတော်ကိုအထူးစိတ်ဝင်စားသူတစ်ဦးဖြစ်သောကြောင့် အရေးကြီးသောလုပ်ငန်းများတွင်အားကိုးနိုင်



မည့်သူမဟုတ်ဟု ယုဒကမှတ်ယူထားပါသည်။ ယုဒသည် ဤသို့တမန်တော်များ၏အကြောင်းကိုအကျဉ်းချုံးသုံးသပ်လိုက်ကာ အုပ်ချုပ်သူတစ်ဦး၏အရည်အချင်းရှိသောသူသာ တမန်တော်များတွင်မပါခဲ့လျှင် အသင်းတော်သည်အကြီးအကျယ်ဒုက္ခရောက်သွားလိမ့်မည်ဟု ဝါကြွားခဲ့ပါသည်။ သူသည်မိမိကိုယ်ကိုမည်သူမျှမယှဉ်နိုင်သည့်လူတစ်ဦးအဖြစ်မှတ်ယူထားပါသည်။ ထို့ပြင် အသရေရှိသောပုဂ္ဂိုလ်တစ်ပါးအနေဖြင့်လည်းယူဆထားပါသည်။ ထိုကဲ့သို့လည်းသူ့ကိုယ်သူအမြဲတမ်းဖော်ပြလေ့ရှိပါသည်။

ယုဒရှကာရုတ်သည် မိမိ၏အားနည်းချက်များကိုမသိခဲ့ချေ။ သူ့အနေနှင့် မိမိကိုယ်ကိုမိမိပြင်ဆင်နိုင်မည့်အခွင့်အလမ်းရနိုင်သည့်ရာထူးတစ်ခုတွင်လုပ်ဆောင်ခွင့်ရရှိခဲ့ပါသည်။ သူသည် တမန်တော်များ၏ဘဏ္ဍာရေးမှူးတစ်ဦးအနေဖြင့် ထိုအဖွဲ့ကလေးအတွက် စားရေးသောက်ရေးကိုစီစဉ်ပေးရန်နှင့်ဆင်းရဲသားများ၏အဓိကလိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် တာဝန်ယူရပါသည်။ ပသခါပွဲဝင်မည့်အခန်းထဲတွင် သင်ပြုရမည့်အမှုကိုအလျင်အမြန်ပြုလော့ဟုမိန့်တော်မူစဉ်က ထိုပွဲအတွက်လိုအပ်သောအရာများကိုဝယ်ရန် (သို့မဟုတ်) ဆင်းရဲသားများ၏လိုအပ်ချက်များကိုမစပေးရန်ခိုင်းစေသည်ဟုတမန်တော်များကထင်မှတ်ခဲ့ကြပါသည်။ ထိုကဲ့သို့သူတစ်ပါးအကျိုးဆောင်လုပ်ငန်းများကိုလုပ်ဆောင်ခြင်းအားဖြင့် ယုဒသည်တစ်ကိုယ်ကောင်းဆန်တတ်သည့်စိတ်ဓာတ်ကိုတိုးတက်ကြီးပွားလာအောင်ပြုစုရန်ဖြစ်ပါသည်။ သူသည် ခရစ်တော်သွန်သင်သည့်အရာများကိုနေ့စဉ်ကြားနာ၍ တစ်ကိုယ်ကောင်းမဆန်သောသက်တော်စဉ်ကိုမြင်တွေ့နေရစဉ်မှာပင် တပ်မက်သည့်စိတ်ထားများကိုကျင့်သုံးခဲ့ပါသည်။ သူ၏လက်ထဲသို့ရောက်ရှိလာသည့် အနည်းငယ်သောအလှူငွေများသည် သူ့အတွက်စုံစမ်းနှောင့်ယှက်ခြင်းတစ်ခုဖြစ်နေပါသည်။ ခရစ်တော်အားကျွေးမွေးပြုစုရသည့်အတွက်သော်လည်းကောင်း၊ ဘာသာရေးအခမ်းအနားများတွင်လုပ်အားပေးရသည့်အတွက်သော်လည်းကောင်း သူရသင့်သည်ဟုထင်သည့်လုပ်အားခများကို ထိုအလှူဘဏ္ဍာငွေထဲမှပင် ကဲ့၍ယူထားတတ်ပါသည်။ ဤကဲ့သို့သောဥပါယ်တံမျဉ်ပြုမှုများသည် ၎င်း၏လုပ်ဆောင်

မှုများကိုဖုံးဖိထားနိုင်သော်လည်း ဘုရားသခင်၏မျက်မှောက်တော်ဝယ် သူသည်သူခိုးတစ်ဦးသာဖြစ်နေပါသည်။

ငါ၏နိုင်ငံတော်သည် ဤလောကနှင့်မဆိုင်ဟုခရစ်တော်မကြာခဏမိန့်တော်မူခဲ့သောစကားများသည် ယုဒအားစိတ်ပျက်စေခဲ့ပါသည်။ သူလမ်းထွင်ပေးသည့်အတိုင်း ခရစ်တော်လိုက်၍လုပ်တော်မူလိမ့်မည်အထင်နှင့် ယုဒကလမ်းကြောင်းပေးခဲ့ပါသည်။ နှစ်ခြင်းဆရာယောဟန်ကိုထောင်မှကယ်ဆယ်ရန်သူစီစဉ်ခဲ့ဖူးပါသည်။ သို့ရာတွင်ယောဟန်သည် ခေါင်းဖြတ်၍အသတ်ခံရဖို့စွန့်ပစ်ခြင်းခံခဲ့ရပါသည်။ ၎င်းပြင်ခရစ်တော်သည် မိမိ၏ကြီးမြတ်သောလုပ်ပိုင်ခွင့်များကို ပို၍ခိုင်မာလာအောင်လုပ်ဆောင်ရမည့်အစား ဆိတ်ကွယ်ရာသို့သွား၍တပည့်တော်များနှင့်အတူ အနားယူခဲ့ပါသည်။ ယုဒသည်ရန်လိုတိုက်ခိုက်မှုများကို ပို၍လုပ်လိုသောဆန္ဒရှိခဲ့ပါသည်။ အကယ်၍သာခရစ်တော်သည် တမန်တော်များ၏စီမံလုပ်ဆောင်မှုကိုမတားမြစ်ခဲ့ပါလျှင် အမှုတော်သည် ယခုထက်တိုးတက်အောင်မြင်လိမ့်မည်ဟု သူထင်ခဲ့ပါသည်။ ယုဒခေါင်းဆောင်များ၏ရန်ငြိုးဖွဲ့မှုသည်လည်း တဖြည်းဖြည်းတိုးပွားလာကြောင်းကိုသူဂရုပြုမိခဲ့ပြီး ၎င်းတို့ကခရစ်တော်ထံတွင်နိမိတ်လက္ခဏာတစ်ခုပြရန်တောင်းခံကြစဉ် ကိုယ်တော်က၎င်းတို့အားဂရုမထားခဲ့ပုံများကိုလည်း သူမြင်တွေ့ခဲ့ရပါသည်။ သူ၏စိတ်နှလုံးသည် မယုံကြည်မှုများကိုလက်ကမ်းနေသဖြင့် စာတန်သည်သံသယဖြစ်သောစိတ်များနှင့် ပုန်ကန်ခြားနားလိုသောစိတ်များကို ၎င်း၏စိတ်နှလုံးထဲတွင်ဖြစ်ဖွားစေခဲ့ပါသည်။ သခင်ယေရှုသည် စိတ်ဓာတ်ကျစရာကောင်းသောအရာများကို အဘယ်ကြောင့်ဗာရာဏသီချဲ့နေရသနည်း။ ကိုယ်တော်သည် မိမိနှင့်တကွတပည့်တော်များရင်ဆိုင်ရမည့်စုံစမ်းစစ်ဆေးခြင်းများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများအကြောင်းကို အဘယ်ကြောင့်ကြို၍ပြောနေရသနည်းဟု ယုဒအတွေးနယ်ချဲ့ခဲ့ပါသည်။ နိုင်ငံတော်သစ်တွင် ကြီးမားသောရာထူးတစ်နေရာရရှိရန်မျှော်လင့်ချက်ဖြင့် ယုဒသည်ခရစ်တော်၏အမှုတော်ထဲတွင်ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သူ့မျှော်လင့်ချက်များသည် စိတ်ပျက်စရာဖြစ်သွားမည်လား။ ယုဒသည်ခရစ်တော်အား ဘုရားသခင်



၏သားတော်မဖြစ်ဟုစိတ်မပြဋ္ဌာန်းခဲ့ဖူးချေ။ သို့သော်လည်း ကိုယ်တော်ပြုတော်မူသောအံ့ဖွယ်အမှုများအကြောင်းကို ရှင်းပြနိုင်ရန်မေးမြန်း၍ စောဒကတက်လျက်ရှိခဲ့ပါသည်။

ခရစ်တော်ကိုယ်တိုင်သွန်သင်ချက်များပေးခဲ့ငြားသော်လည်း ကိုယ်တော်သည်ယေရုရှလင်မြို့တွင် ဘုရင်တစ်ပါးအနေဖြင့်စိုးစံတော်မူလိမ့်မည်ဟု သူထင်မြင်လျက်ရှိပါသည်။ လူငါးထောင်ကိုကျွေးမွေးစဉ်က သူသည်ထိုအယူအဆကိုသူတစ်ပါးလက်ခံလာအောင်ကြိုးစားခဲ့ပါသည်။ ထိုစဉ်ကဆာလောင်နေသောလူထုကြီးအား မုန့်ဝေရာတွင်သူပါဝင်ကူညီခဲ့ပါသည်။ မိမိတတ်နိုင်သလောက်သူတစ်ပါးအားမစကူညီခြင်းအတွက် ခံစားရသည့်အကျိုးကျေးဇူးကိုတွေ့မြင်နိုင်ရန် သူအခွင့်အရေးရရှိခဲ့ပါသည်။ ဘုရားသခင်အားမစကူညီခြင်းမှအမြဲတမ်းပေါက်ဖွားလာသောကျေနပ်နှစ်သိမ့်မှုကို သူခံစားခဲ့ရပါသည်။ လူအုပ်ကြီးထဲမှလူနာများကို ခရစ်တော်ထံသို့ခေါ်ဆောင်ရာတွင်သူကူညီခဲ့ဖူးပါသည်။ ကယ်တင်ရှင်၏တန်ခိုးတော်အားဖြင့်ကုသပေးလိုက်သဖြင့် ရောဂါပျောက်ကင်းသွားသည့်လူနာများ ခံစားခဲ့ရသောဝမ်းမြောက်ပျော်ရွှင်ခြင်းများကိုလည်း သူမြင်တွေ့ခဲ့ဖူးပါသည်။ သူသည်ခရစ်တော်၏လုပ်နည်းလုပ်ဟန်များကိုသိရှိနားလည်တန်ရာ၏။ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် လူငါးထောင်အားကျွေးမွေးလိုက်ခြင်းအားဖြင့် နှိုးဆွလိုက်သောစိတ်အားထက်သန်မှုများကို ယုဒကပထမဦးစွာအကျိုးရှိအောင်အသုံးချခဲ့ပါသည်။ ခရစ်တော်အားအတင်းအကျပ်ခေါ်ဆောင်ကာ ဘုရင်မြှောက်ရန်စတင်စီစဉ်ခဲ့သူမှာလည်း သူပင်ဖြစ်ပါသည်။ သူသည်ရည်ရွယ်ချက်ကြီးမားသူဖြစ်သဖြင့် သူ၏စိတ်ပျက်မှုများမှာလည်း ခါးသီးစရာကောင်းလှပါသည်။

လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိဟူ၍ သူကြားနာခဲ့ရသည့်အသက်မုန့်နှင့်ပတ်သက်၍ တရားဇရပ်တွင် ကိုယ်တော်မိန့်တော်မူခဲ့သောသွန်သင်ချက်သည် ယုဒ၏အသက်တာတွင် အလှည့်အပြောင်းတစ်ခုကိုဖြစ်စေခဲ့ပါသည်။ ယောဟန် ၆း၅၃။ ခရစ်တော်သည် လောကီအကျိုးကျေးဇူးကိုမဟုတ်၊ လောကုတ္တရာကိစ္စများကို

ဖြည့်ဆည်းပေးနေတော်မူကြောင်း သူမြင်တွေ့ခဲ့ရပါသည်။ အမြင်ကျယ်သူတစ်ဦးဟုမိမိကိုယ်ကိုမှတ်ယူလျက် ခရစ်တော်သည် မိမိ၏တပည့်တော်များအား မည်သည့်ရာထူးဂုဏ်ထူးကိုမျှပေးနိုင်မည်မဟုတ်ဟု သူထင်မြင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ခရစ်တော်နှင့်ရင်းရင်းနှီးနှီးမပေါင်းသင်းတော့ဘဲ တဖြည်းဖြည်းစွန့်ခွာရန်သူဆုံးဖြတ်ခဲ့ပါသည်။ သူသည်နိုးနိုးကြားကြားရှိရလိမ့်မည်ဖြစ်ပါသည်။ နိုးနိုးကြားကြားလည်းရှိခဲ့ပါသည်။

ထိုအချိန်မှစ၍တပည့်တော်များအား စိတ်ပျက်စေမည့်သံသယဖြစ်ဖွယ်သောစကားများကို သူဖွင့်ဟလာပါသည်။ ခရစ်တော်၏မိန့်တော်မူချက်များကိုဆန့်ကျင်ရာတွင် ယဇ်ပုရောဟိတ်များနှင့်ဖာရိရှဲများအသုံးပြုနေကျစကားများကို ထပ်ခါတလဲလဲအသုံးပြုကာ အမှားမှားအယွင်းယွင်းဖြစ်စေသောထင်မြင်ယူဆချက်နှင့်ငြင်းခုံမှုများကို သူစတင်ကျင့်သုံးလာခဲ့ပါသည်။ ပြဿနာကြီးငယ်နှင့်အဆင်မပြေမှုအကြီးအငယ်များကိုလည်းကောင်း၊ အမှုတော်တိုးတက်ရေးအတွက် အတွေ့အကြုံရသောအခက်အခဲများနှင့် အဟန့်အတားများကိုလည်းကောင်း၊ အမှန်တရားနှင့်ဆန့်ကျင်လုပ်ဆောင်မှုအတွက် သက်သေအထောက်အထားများအဖြစ် ယုဒကအနက်ဖွင့်လာခဲ့ပါသည်။ ခရစ်တော်တင်ဆက်ခဲ့သောသမ္မာတရားတော်နှင့် မည်သည့်ဆက်နွှယ်မှုတစ်စုံတစ်ခုမျှမရှိသောသမ္မာကျမ်းစာမှကျမ်းချက်များကို သူစတင်အသုံးပြုလာခဲ့ပါသည်။ ဆက်နွှယ်မှုမရှိသောထိုကျမ်းချက်များသည် တပည့်တော်များအားစိတ်နှလုံးရှုပ်ထွေးသွားစေပြီး၊ ၎င်းတို့၏စိတ်ဓာတ်ကျမှုများကိုအစဉ်သဖြင့်တိုးပွားစေခဲ့ပါသည်။ ယုဒသည်မိမိကိုယ်ကိုလိပ်ပြာသန့်သူတစ်ဦးအဖြစ် သိသာထင်ရှားစေရန်အလို့ငှာ ဤနည်းအားဖြင့်ဤအရာအားလုံးကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင်တမန်တော်များသည် ခရစ်တော်၏မိန့်တော်မူချက်များကိုအတည်ပြုရန် သမ္မာကျမ်းစာတွင်အထောက်အထားများကိုရှာဖွေကြသောအချိန်တွင် ယုဒသည်၎င်းတို့အားဖြည်းဖြည်းချင်းလမ်းကြောင်းပြောင်းပစ်တတ်ပါသည်။ ဤသို့ဖြင့် အပေါ်ယံကြောလိမ္မာပါးနပ်မှုဖြင့် ဘုရားတရားရေးကိစ္စများကိုအသုံးပြုကာ ခရစ်တော်ဖော်ညွှန်းခဲ့သည့်အဓိပ္ပါယ်နှင့် ကွဲပြားခြားနား



သောအလင်းတရားများကို သူတင်ဆက်ခဲ့ပါသည်။ သူပေးခဲ့သောအကြံများသည် လောကီရာထူးဌာနန္တရများကိုရလိုသောစိတ်များကိုသာ နှိုးဆွပေးခဲ့ပါသည်။ ထိုသို့နှိုးဆွခြင်းအားဖြင့် တမန်တော်များအား ၎င်းတို့စဉ်းစားသုံးသပ်သင့်သောအရာများမှလွဲချော်သွားစေခဲ့ပါသည်။ တမန်တော်အချင်းချင်းစိတ်ဝမ်းကွဲပြားကာ မည်သူသည်အကြီးမြတ်ဆုံးဖြစ်သနည်းဟူသောငြင်းခုံမှုကိုယေဘုယျအားဖြင့် ယုဒကနှိုးဆွပေးခဲ့ခြင်းဖြစ်ပါသည်။

မည်သည့်အနေအထားတွင်ရှိနေမှသာ တမန်တော်တစ်ဦးဖြစ်နိုင်ကြောင်း သူဌေးကလေးအားခရစ်တော်မိန့်တော်မူသည့်အချိန်ကလည်း ယုဒမကျေမနပ်ဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် အမှားတစ်ခုကိုကျူးလွန်ပြီဟုသူထင်မြင်ခဲ့ပါသည်။ ဤကဲ့သို့သောအကြီးအကဲတစ်ဦးသည် ယုံကြည်သူများနှင့်ပေါင်းစည်းလာလျှင် ခရစ်တော်၏အမှုတော်အတွက်အမအစဖြစ်လာလိမ့်မည်ဖြစ်ပါသည်။ အကယ်၍ ကိုယ်တော်သည်ယုဒတစ်ယောက်တည်းကိုသာအကြံတောင်းခဲ့မည်ဆိုလျှင် ထိုယုံကြည်သူတစ်စုအတွက်အကျိုးရှိမည့်အစီအစဉ်များကိုသူအကြံပေးနိုင်ခဲ့မည်၊ သူ၏လုပ်နည်းလုပ်ဟန်များနှင့်စည်းမျဉ်းနိယာမများသည် ခရစ်တော်နှင့်အနည်းငယ်ကွဲပြားခြားနားလိမ့်မည်ဖြစ်သော်လည်း၊ ထိုကွဲပြားခြားနားခြင်းကြောင့် မိမိသည်ခရစ်တော်ထက်သာလွန်သည်ဟု သူအထင်ရှိနေခဲ့ပါသည်။

တမန်တော်များအား ခရစ်တော်သွန်သင်သည့်အရာများထဲတွင် ယုဒမကြိုက်သောအရာတချို့ရှိနေပါသည်။ သူ၏ဩဇာသက်ရောက်မှုအောက်တွင်မကျေနပ်မှုတဆေးကလေးသည် လျင်မြန်စွာဖောင်းပွလာခဲ့ပါသည်။ ဤမကျေနပ်မှုတွင်နှိုးဆွနေသူအစစ်ကို တမန်တော်များမသိရှိခဲ့ကြချေ။ သို့သော်စာတန်သည် မိမိ၏အကျင့်စာရိတ္တများကို ယုဒအားမျှဝေလျက်ရှိကြောင်းကိုလည်းကောင်း၊ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် တပည့်တော်များအပေါ်ဩဇာလွှမ်းမိုးနိုင်မည့်လမ်းကြောင်းတစ်ခုကိုဖွင့်ပေးလျက်ရှိကြောင်းကိုလည်းကောင်းခရစ်တော်တွေ့မြင်တော်မူပါသည်။ ကိုယ်တော်အားမအပ်နှံမီ တစ်နှစ်အလိုတွင် တမန်တော်များအားမိန့်တော်မူခဲ့သည်မှာ တစ်ကျိပ်နှစ်ပါးသောသင်တို့

ကိုငါရွေးကောက်သည်မဟုတ်လော။ သို့သော်လည်း သင်တို့တွင်ရန်သူတစ်ယောက်ပါသည်ဟူ၍ဖြစ်၏။ ယောဟန် ၆း၇၀။

သို့စေကာမူ ယုဒသည်သိသာသောမည်သည့်ဆန့်ကျင်မှုကိုမျှမပြုခဲ့ချေ။ ကယ်တင်ရှင်၏သွန်သင်ချက်များကို သံသယရှိပုံလည်းမပေါ်ချေ။ သူသည် ရှိမုန်၏အိမ်စားသောက်ပွဲမဝင်မီတိုင်အောင် အပြင်ပန်းညည်းတွားမှုတစ်စုံတစ်ခုကိုမျှမပြုလုပ်ခဲ့ချေ။ မာရိသည် ခရစ်တော်၏ခြေထောက်ကိုဆီမွှေးနှင့်လိမ်းသောအခါတွင်မူ တပ်မက်သောငင်း၏စိတ်သဘောထားများသည် ထင်ရှားလာခဲ့ပါသည်။ ခရစ်တော်ထံမှဆုံးမပြစ်တင်သည့်စကားများကိုကြားရသောအချိန်တွင် သူ့စိတ်နှလုံး၌မခံချိမခံသာဖြစ်သွားခဲ့ပါသည်။ ထိခိုက်နာကြည်းနေသည့်မာနစိတ်နှင့် ကလဲ့စားချေလိုသောဆန္ဒများသည် အရံအတားများကိုဖြိုဖျက်ပစ်လိုက်ပါသည်။ ကာလအချိန်ရှည်လျားစွာလိုက်စားကျင့်သုံးခဲ့သောလောဘစိတ်သည် သူ့အားထိန်းချုပ်ထားခဲ့ပါသည်။ ဤအတွေ့အကြုံသည် အပြစ်နှင့်မနားမနေဆော့ကစားတတ်သောလူများ၏အတွေ့အကြုံမျိုးပင်ဖြစ်ပါလိမ့်မည်။ တွန်းလှန်ခြင်းမပြုသော၊ ကျော်လွှားခြင်းမပြုသော စာရိတ္တပျက်ပြားမှု၏သဘာဝအင်အားစုများသည် စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကိုတုံ့ပြန်ကြပါသည်။ သို့နှင့်ထိုအသက်ဝိညာဉ်သည် မိမိအလိုဆန္ဒ၏သုံ့ပန်းတစ်ဦးဖြစ်လာပါသည်။

သို့ရာတွင်ယုဒသည် လုံးလုံးကြီးစိတ်နှလုံးမာကျောသည့်အဆင့်သို့မရောက်သေးပါ။ ကိုယ်တော်ကိုအပ်နှံရန် နှစ်ကြိမ်တိုင်တိုင်ကတိကဝတ်ပြုပြီးသည့်တိုင် သူ၌နောင်တရဖို့အခွင့်အလမ်းရှိနေပါသေးသည်။ ပသခါစားသောက်ပွဲတွင် ယုဒ၏အကြံအစည်များကိုထုတ်ဖော်ခြင်းအားဖြင့် မိမိ၏ဘုရားဇာတိတော်ကို ကိုယ်တော်ပြသတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ယုဒအားအမှုတော်မြတ်တွင် တမန်တော်စာရင်းဝင်ဖြစ်စေခဲ့ပါသည်။ သို့ရာတွင် မေတ္တာ၏နောက်ဆုံးတောင်းဆိုသံကိုသူဂရုမပြုခဲ့ချေ။ ထိုအချိန်တွင် သူ၏ကိစ္စကိုဆုံးဖြတ်ချက်ချခဲ့ရပါသည်။ ခရစ်တော်ဆေးကြောပေးခဲ့သောထိုခြေထောက်နှစ်ချောင်းသည် ခရစ်တော်ကိုအပ်နှံဖို့ရန်အတွက် ထွက်ခွာသွားခဲ့ချေပြီ။



သခင်ယေရှုသည် ကပ်တိုင်အတင်ခံရမည်ဟုနဂိုကတည်းကသတ်မှတ်ခဲ့လျှင် မလွဲမသွေအတင်ခံရမည်သာဖြစ်ကြောင်း၊ ကယ်တင်ရှင်ကိုမိမိအပ်နှံခဲ့ခြင်းသည် ကပ်တိုင်အတင်ခံရခြင်း၊ မခံရခြင်းတို့ကိုပြောင်းလဲပေးလိမ့်မည်မဟုတ်ကြောင်း၊ အကယ်၍ ကိုယ်တော့်အနေဖြင့်အသေခံစရာမလိုလျှင် ကိုယ်တော်သည်မိမိကိုယ်ကိုကယ်တင်ရန်အတွက် အတင်းအကျပ်လုပ်ဆောင်ခဲ့လိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့်သူဆင်ခြေပေးခဲ့ပါသည်။ သူထင်သည့်အတိုင်းဖြစ်ခဲ့ပါမူ ငင်း၏သစ္စာဖောက်မှုအတွက် ယုဒသည်အကျိုးအမြတ်ရရှိခဲ့လိမ့်မည်ဖြစ်ပါသည်။ မိမိသည် ခရစ်တော်ကိုအပ်နှံခြင်းအားဖြင့်အကျိုးရှိလိမ့်မည်ဟု ယုဒမှတ်ယူခဲ့ပါသည်။

ခရစ်တော်သည်ကိုယ်ကိုကိုယ်အဖမ်းခံလိမ့်မည်ဟု ယုဒမယုံကြည်ခဲ့ချေ။ ကိုယ်တော်အားပညာပေးရန်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့အပ်နှံခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်အနေနှင့်ထိုအချိန်မှစ၍ မိမိအားလေးလေးစားစားဆက်ဆံလာအောင် တစ်ကဏ္ဍအနေဖြင့်လုပ်ဆောင်ရန် သူကြံရွယ်ခဲ့ပါသည်။ သို့ရာတွင် သူသည်ခရစ်တော်အားကပ်တိုင်တွင်တင်နေခြင်းဖြစ်ကြောင်းကိုမိမိကိုယ်တိုင်မသိရှိခဲ့ချေ။ ကိုယ်တော်၏အထိကရသာဓကပြုသွန်သင်မှုများအားဖြင့် ကျမ်းတတ်ဆရာနှင့်ဖာရိရှဲများအား အကြိမ်ပေါင်းများစွာချိုးနှိမ်နိုင်ခဲ့သည်မဟုတ်ပါလား။ သူတို့သည် မိမိကိုယ်ကိုအကြိမ်ပေါင်းများစွာတရားစီရင်ခဲ့ကြသည်မဟုတ်ပါလား။ တစ်ခါတစ်ရံတွင် တရားတော်သည် ငင်းတို့၏စိတ်နှလုံးကိုထိခိုက်စေသည့်အချိန်များ၌ စိတ်ဆိုးမာန်ဆိုးဖြစ်လာကာ ကိုယ်တော်အားပေါက်ရန်ခဲကို သူတို့ကောက်ခဲ့ကြပါသည်။ သို့ပါသော်လည်း ကိုယ်တော်သည်ကြိမ်ဖန်များစွာတိမ်းရှောင်လွတ်မြောက်ခဲ့ပါသည်။ ကိုယ်တော်သည် ကျော့ကွင်းအမျိုးမျိုးမှလွတ်မြောက်ခဲ့ဖူးသဖြင့် ယခုအကြိမ်တွင်လည်း အဖမ်းခံရမှာမဟုတ်ကြောင်း ယုဒထင်မြင်ခဲ့မိပါသည်။

ယုဒသည် ဤအရာကိုမိမိထင်သည့်အတိုင်းမှန်–မမှန်သိရန်စမ်းကြည့်ဖို့ဆုံးဖြတ်ခဲ့ပါသည်။ ခရစ်တော်သည်မေရှိယဖြစ်ခဲ့လျှင် သူ၏ကောင်းမှုပြုခြင်းကိုခံခဲ့ရသည့်လူများက သူ့အနားတွင်စုရုံးလာကာ ဘုရင်မြှောက်ကြလိမ့်

မည်ဖြစ်သည်။ ဤသို့လုပ်ဆောင်လိုက်မည်ဆိုလျှင် ယခုတွင်မသေမချာ မရေမရာဖြစ်နေသောရင်တွင်းခံစားချက်များသည် အေးငြိမ်းသွားပေလိမ့်မည် ဖြစ်သည်ဟု ယုဒယူဆခဲ့ပါသည်။ ယုဒသည် ဒါဝိဒ်ပလ္လင်ထက်တွင်စိုးစံမည့်ဘုရင်တစ်ပါးတင်မြှောက်ခြင်းအတွက် နာမည်ကောင်းရလိမ့်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ခရစ်တော်တည်ထောင်မည့်နိုင်ငံတော်သစ်တွင် ကိုယ်တော်ပြီးလျှင်အကြီးဆုံးသောရာထူးကို သူရရှိနိုင်ပါလိမ့်မည်။

တမန်တော်အတုဖြစ်သောထိုသူသည် သခင်ယေရှုကိုအပ်နှံခြင်းအားဖြင့် မိမိ၏လုပ်ဆောင်ရမည့်အခန်းကဏ္ဍတစ်ခုကို ဆောင်ရွက်သွားခဲ့ပါသည်။ ဥယျာဉ်ထဲတွင်ရောက်ရှိနေသောလူအုပ်ကြီးကိုခေါင်းဆောင်သူများအား၊ ငါနမ်းသောသူသည် ယေရှုပင်ဖြစ်၏။ သူ့ကိုဖမ်းကြဟုယုဒပြောစဉ်က ရန်သူတို့၏လက်မှအမှန်တကယ်ကိုယ်တော်လွတ်မြောက်သွားလိမ့်မည်ဟု အပြည့်အဝယုံကြည်ထားပါသည်။ ဖမ်းဆီးထားရာမှလွတ်မြောက်သွားသဖြင့် ထိုသူများက မိမိအား အပြစ်တင်ကြမည်ဆိုလျှင် သူ့ကိုဖမ်းကြဟုငါပြောထားသည် မဟုတ်လားဟူ၍ သူပြန်လည်ပြောဆိုနိုင်မည်ဖြစ်ပါသည်။

ခရစ်တော်အားဖမ်းဆီးသူများသည် မိမိပြောသည့်အတိုင်းလုပ်ဆောင်ကာ ကိုယ်တော်အားမလွတ်နိုင်အောင်ကြိုးနှင့်ချည်နှောင်နေကြသည်ကို ယုဒမြင်တွေ့ခဲ့ရပါသည်။ သူသည် ဥယျာဉ်မှယုဒတရားခွင်သို့တိုင်အောင်စိတ်ပူပန်စွာဖြင့် ကိုယ်တော်နောက်မှလိုက်လာခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ဘုရားသခင်၏သားတော်အသွင်ဖြင့်ဘုန်းထွန်းလင်းလာကာ ၎င်းတို့၏အကြံအစည်အားလုံးနှင့်အစွမ်းတန်ခိုးများကို အာခံဖီဆန်ခြင်းအားဖြင့် ရန်မူသူများအားအံ့အားသင့်အောင်ပြုတော်မူမည့်အချိန်ကို သူစောင့်ကြည့်နေခဲ့ပါသည်။ တစ်နာရီပြီးတစ်နာရီအချိန်တွေကုန်လွန်သွားခဲ့သော်လည်း၊ ကိုယ်တော်သည် ၎င်းမျှော်လင့်ထားသကဲ့သို့လုပ်ဆောင်ခြင်းမပြုဘဲ မိမိအပေါ်လုပ်ဆောင်နေသည့် မတရားမှုအားလုံးကိုခံယူနေသဖြင့် မိမိ၏သခင်ကိုသေဒဏ်ခံရန်ရောင်းစားမိကြောင်းသိရှိကာ ယုဒ၏စိတ်တွင်ကြောက်ရွံ့တုန်လှုပ်မှုများလွှမ်းမိုးလာခဲ့ပါသည်။





အမှုစစ်ဆေးခြင်းပြီးဆုံးလုခါနီးအချိန်တွင် ယုဒသည်စိတ်နှလုံးနာကျင်မှုဝေဒနာကိုဆက်လက်ခံစားနိုင်စွမ်းမရှိတော့ဘဲ၊ ကိုယ်တော်မှာအပြစ်မရှိပါဘူး၊ ကိုယ်တော်ကိုချမ်းသာပေးပါ–ကယာဖရယ် ဟူ၍ကြားရသူတိုင်းအားနှလုံးတုန်ရင်ခုန်စေသည့်ကွဲအက်သံကြီးဖြင့် အော်ဟစ်ပြောဆိုနေကြောင်းကြားကြရပါသည်။

ထောင်ထောင်မောင်းမောင်းရှိလှသောယုဒအား အလန့်တကြားဖြစ်နေသောလူအုပ်ကြီးထဲသို့တိုးဝင်နေသည်ကို ယခုမြင်နေရပါသည်။ သူ၏မျက်နှာသည်ဖြူဖပ်ဖြူရော်ဖြစ်နေပြီး မျက်တွင်းဟောက်ပက်ဖြစ်နေပါသည်။ ချွေးသီးချွေးပေါက်ကြီးများသည် သူ၏နဖူးထက်ဝယ်တွဲလဲခိုနေကြပါသည်။ တရားပလ္လင်ဆီသို့တစ်ဟုန်ထိုးပြေးသွားကာ ခရစ်တော်အားအပ်နှံသည့်အတွက်ရရှိခဲ့သည့်အဖိုးအခဖြစ်သောငွေဒင်္ဂါးများကို ထိုယဇ်ပုရောဟိတ်မင်းကြီးရှေ့တွင် သူပစ်ချလိုက်ပါသည်။ ကိုယ်တော်သည် သေပြစ်ခံထိုက်သောမည်သည့်ပြစ်မှုကိုမျှမကျူးလွန်ခဲ့ပါကြောင်းအော်ဟစ်လျက် ကယာဖ၏ဝတ်ရုံကြီးကိုဇွတ်အတင်းဆွဲထားပြီး၊ ခရစ်တော်ကိုလွှတ်ပေးပါရန် မရမကသူတောင်းပန်ခဲ့ပါသည်။ ကယာဖသည် သူ့အားတွန်းဖယ်ပစ်လိုက်ပြီး၊ စိတ်နှလုံးရှုပ်ထွေးစွာဖြင့်ဘာပြောလို့ပြောရမှန်းမသိအောင်ဖြစ်နေပါသည်။ ထိုယဇ်ပုရောဟိတ်မင်းကြီး၏မုမမှန်မှုသည်ထင်ရှားခဲ့ချေပြီ။ ၎င်းတို့သည် သခင်ဘုရားအားအပ်နှံရန် ယုဒအားလာဘ်ထိုးခဲ့ကြောင်း ထိုအပြုအမူအားဖြင့်ထင်ရှားစေခဲ့ပါသည်။

ထိုနောက်ယုဒက အကျွန်ုပ်ပြစ်မှားပါပြီ၊ အပြစ်မရှိသောသူ၏အသွေးကိုအပ်မိပါပြီဟုဆို၏။ ထိုသူတို့ကလည်း ငါတို့နှင့်အဘယ်သို့ဆိုင်သနည်း။ ကိုယ်အမှုကိုကိုယ်ကြည့်လော့ဟု စိတ်တည်ငြိမ်စွာဖြင့်မထီလေးစားပြန်၍ဖြေဆိုလိုက်ပါသည်။ မဿဲ ၂၇း၄။ ထိုယဇ်ပုရောဟိတ်များသည် ယုဒအားအသုံးခံပစ္စည်းတစ်ခုအဖြစ်အသုံးချရန် ဆန္ဒရှိခဲ့ကြပါသည်။ သို့ရာတွင် ယုဒ၏ယုတ်မာမှုကိုသူတို့စက်ဆုပ်ကြပါသည်။ ထိုကြောင့် ယုဒအနေနှင့်ဝန်ချတောင်းပန်ခြင်းဖြင့် သူတို့ထံပြန်လှည့်လာသောအချိန်တွင် ယဇ်ပုရောဟိတ်များသည် သူ့အားရိုင်းပျစွာမောင်းထုတ်ခဲ့ကြပါသည်။

ယခုတွင် ယုဒသည်ခရစ်တော်အား ဘုရား၏သားတော်အဖြစ်အသိအမှတ်ပြုလျက် ကိုယ်တော်အားမိမိကိုယ်ကိုအလွတ်ရုန်းထွက်ရန်တောင်းပန်လျက်၊ ခြေတော်ရင်းတွင်ပျပ်ဝပ်လိုက်ပါသည်။ ကိုယ်တော်ရှင်သည် ထိုသစ္စာဖောက်အား မည်သည့်အပြစ်တင်စကားကိုမျှမပြောကြားခဲ့ချေ။ ယုဒသည် ထိုသို့အပြစ်ဝန်ချတောင်းပန်ခြင်းသည် ကျခံရမည့်အပြစ်ဒဏ်ကိုကြောက်ရွံ့နေသော ၎င်း၏ဒုစရိုက်ကျူးလွန်သည့်အသက်ဝိညာဉ်၏လှုံ့ဆော်မှုကြောင့်သာဖြစ်ကြောင်း၊ အပြစ်မဲ့သောသားတော်ကိုအပ်နှံမိခြင်းအတွက် စိတ်နှလုံးကြေကွဲမှုကြောင့်မဟုတ်ကြောင်း ခရစ်တော်သိရှိတော်မူပါသည်။ သို့စေကာမူ ခရစ်တော်သည် မည်သည့်အပြစ်တင်စကားကိုမျှမဖွင့်ဟခဲ့ချေ။ သို့ရာတွင် ယုဒအားသနားကြင်နာစွာဖြင့်စေ့စေ့ကြည့်ရှုလျက် ဤအချိန်ကိုရင်ဆိုင်ရန်ငါသည်ဤလောကသို့ကြွလာတော်မူခဲ့ခြင်းဖြစ်သည်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

လူအုပ်ကြီးထဲတွင် အံ့အားသင့်သံများပေါ်ထွက်လာခဲ့ပါသည်။ မိမိအားအပ်နှံသူအပေါ်ထားရှိသည့် ခရစ်တော်၏စိတ်ရှည်သည်းခံမှုများကို လူထုကြီးသည်အံ့အားသင့်တွေဝေစွာဖြင့်ကြည့်ရှုနေကြပါသည်။ ထိုပုဂ္ဂိုလ်သည်သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ကြောင်းကို ၎င်းတို့သိရှိခံစားလာကြရပါသည်။ သို့ရာတွင် ကိုယ်တော်သည် ဘုရားသခင်၏သားတော်တစ်ပါးဖြစ်ခဲ့လျှင် ဤချုပ်နှောင်ဖမ်းဆီးမှုမှလွတ်မြောက်အောင်ကြိုးစားကာ မိမိကိုစွဲဆိုသူများအပေါ်တွင်အောင်ပွဲဆင်ရန် အဘယ်ကြောင့်မလုပ်ဆောင်ခဲ့သနည်းဟူသောမေးခွန်းပေါ်ထွက်လာခဲ့ပါသည်။

မိမိ၏အသနားခံတောင်းပန်ခြင်းသည် အချည်းနှီးဖြစ်သွားကြောင်းကိုယုဒသိရှိသွားကာ အလွန်နောက်ကျသွားပြီ၊ အလွန်နောက်ကျသွားပြီဟုဟစ်အော်ပြီး ထိုတရားခွင်မှထွက်ပြေးသွားခဲ့ပါသည်။ ခရစ်တော်အားကပ်တိုင်တင်နေကြသည်ကိုမမြင်ရက်တော့သဖြင့် ဝမ်းနည်းပူဆွေးစွာဖြင့် အပြင်သို့ထွက်သွားကာ ယုဒသည်ကိုယ်ကိုကိုယ်ကြိုးဆွဲချ၍သတ်သေသွားခဲ့ပါသည်။

ထိုနေ့၏နောက်ပိုင်းအချိန်များတွင် ပိလတ်မင်း၏နန်းတော်မှကရာနီကုန်းသို့သွားရာလမ်းပေါ်တွင် ခရစ်တော်အားကပ်တိုင်တင်ရန်ခေါ်ဆောင်လာ



ကြသည့် လူအုပ်ကြီး၏ပြောင်လှောင်သရော်သံများကို ရပ်သွားစေသည့်အဖြစ်အပျက်တစ်ခုဖြစ်ပျက်ခဲ့ပါသည်။ လူသူကင်းရှင်းသောနေရာတစ်ခုသို့ သူတို့ရောက်ရှိလာကြသောအခါ သစ်ပင်ခြောက်တစ်ပင်၏ခြေရင်းတွင်သေဆုံးနေသောယုဒ၏အလောင်းကိုတွေ့ကြရပါသည်။ အလွန်စက်ဆုပ်ကြောက်လန့်စရာကောင်းသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။ သစ်ပင်တွင်တွဲလောင်းကျနေစဉ် ကြိုးဆွဲချရာတွင်အသုံးပြုခဲ့သည့်ကြိုးသည် ၎င်း၏ကိုယ်အလေးအချိန်ကိုမခံနိုင်သဖြင့် ပြတ်တောက်သွားခဲ့ပါသည်။ ၎င်း၏ခန္ဓာကိုယ်သည် မြေကြီးပေါ်သို့ပြုတ်ကျစဉ်ပုံပျက်ပန်းပျက်ဖြစ်လောက်အောင် စုတ်ပြဲပွန်းပဲ့ကုန်ခဲ့ပါသည်။ ထိုအချိန်တွင်ခွေးများသည် ထိုအလောင်းကြီးကိုအငန်းမရလု၍စားနေကြပါသည်။ ကျန်ကြွင်းသည့်ရုပ်ကလာပ်အစိတ်အပိုင်းများကို စုစည်းကာချက်ချင်းမြှုပ်နှံပစ်လိုက်ရပါသည်။ သို့ရာတွင် လူအုပ်ကြီးသည်မပြောင်လှောင်နိုင်ကြတော့ဘဲ ၎င်းတို့၏နှလုံးသားတွင်ခံစားနေရသောအရာများသည်လည်းဖြူရော်နေသောမျက်နှာပြင်များတွင် ထင်ရှားစွာပေါ်လွင်နေပါသည်။ သခင်ခရစ်တော်၏အသွေးတော်ကိုသွန်းစေခဲ့သော ထိုလူများအပေါ်တွင်ကျရောက်မည့်ဆိုးကျိုးဆိုးပြစ်များသည် ယခုပင်ကျရောက်လျက်ရှိပါသည်တကား။–

****

# tcef; (77)
# ykEÅdydwfrif;\wf&m;cGifü

ရှင်မဿဲခရစ်ဝင် ၂၇း၂၊ ၁၁–၃၁။ ရှင်မာကု ၁၅း၁–၂၀။ ရှင်လုကာ ၂၃း၁–၂၅။ ရှင်ယောဟန် ၁၈း၂၈–၄၀။ ၁၉း၁–၁၆ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် ရောမဘုရင်ခံပိလတ်မင်း၏တရားခွင်တွင်အကျဉ်းသားတစ်ဦးကဲ့သို့တုပ်နှောင်ခြင်းကိုခံလျက် တရားစစ်ဆေးခြင်းကိုခံခဲ့ရပါသည်။ ကိုယ်တော်၏ပတ်လည်တွင် အစောင့်အကြပ်များနှင့်ပြည့်နေပြီး၊ တရားရုံးကြီးတစ်ခုလုံးသည် လေ့လာကြည့်ရှုသူများနှင့်ပြည့်ညပ်နေပါသည်။ ဝင်ပေါက်၏အပြင်ဘက်နားတွင် ဆန်ဟီဒရင်အဖွဲ့မှတရားသူကြီးများ၊ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများတို့ပါဝင်သည့် လူအုပ်ကြီးကနေရာယူထားကြပါသည်။

ဆန်ဟီဒရင်အဖွဲ့ဝင်များသည် ခရစ်တော်ကိုအပြစ်စီရင်ပြီးနောက်၊ ထိုစီရင်ချက်ကိုအတည်ပြုချက်ရယူရန် ပိလတ်မင်းထံသို့ရောက်ရှိလာကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုသူများသည် ရောမတရားရုံးခန်းမထဲသို့မဝင်ကြချေ။ ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်ချက်များအရ ထိုကဲ့သို့သောတရားရုံးထဲသို့ဝင်ထွက်သွားလာခြင်းသည် ၎င်းတို့အားညစ်ညူးစေနိုင်ပြီး၊ အကယ်၍ထိုတရားရုံးများထဲသို့ဝင်မိပါက ပသခါပွဲဝင်ခွင့်ရရှိတော့မည်မဟုတ်ချေ။ သို့ရာတွင် သတ်ဖြတ်လိုသည့်အထိ ပြင်းထန်နေသောမုန်းတီးခြင်းစိတ်သည် ၎င်းတို့အားညစ်ညူးစေသည်ကို ၎င်းတို့မသိရှိကြချေ။ ခရစ်တော်သည် ပသခါသိုးသငယ်စစ်စစ်ဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ကိုသူတို့ငြင်းပယ်ခြင်းအားဖြင့် ၎င်းတို့ကျင်းပနေကြသောပသခါပွဲသည် အနှစ်သာရမရှိတော့ကြောင်းကိုလည်းကောင်း သူတို့မသိနားမလည်ခဲ့ကြချေ။

ကယ်တင်ရှင်သည် ထိုတရားရုံးခန်းမထဲသို့ဝင်သောအချိန်တွင် ကိုယ်တော်အားကြည့်နေသည့်ပိလတ်မင်း၏အကြည့်သည် မိတ်ဆွေအကြည့်မျိုး



မဟုတ်ပါချေ။ မိမိအားအိပ်ရာမှနိုး၍ခေါ်လာခဲ့ကြသောကြောင့် မြန်မြန်ပြီးအောင်တရားစီရင်ရန် ပိလတ်မင်းဆုံးဖြတ်ထားပါသည်။ သူသည် တရားသူကြီးတစ်ဦး၏ကြ္ကန့်သိက္ခာမျိုးနှင့် ခရစ်တော်အားဆက်ဆံနေပါသည်။ တရားစီရင်ပေးရန် မိမိအားသန်းခေါင်ကျော်တစ်ချက်တီးလောက်တွင် အိပ်ရာမှခေါ်ထရလောက်အောင် အရေးတကြီးစီရင်မှုကိုခံယူမည့်ပုဂ္ဂိုလ်သည် မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးဖြစ်ကြောင်းလေ့လာရန် တင်းမာသောမျက်နှာထားဖြင့် ခရစ်တော်ဘက်သို့လှည့်၍ကြည့်လိုက်ပါသည်။ ထိုပုဂ္ဂိုလ်အားယုဒအာဏာပိုင်များအနေနှင့် အလျင်အမြန်စစ်ဆေးအပြစ်ပေးရန်စိတ်စောနေကြသည်ကိုလည်း ၎င်းသိရှိထားပါသည်။

ပိလတ်မင်းသည် သခင်ယေရှုကိုကြိုးကြပ်ခေါ်ဆောင်လာသူများအား အသေအချာကြည့်လိုက်ပါသည်။ ထို့နောက် စူးစမ်းသည့်သဘောဖြင့် ကိုယ်တော်အားစိုက်၍ကြည့်လိုက်ပါသည်။ သူသည် ရာဇဝတ်သားအမျိုးမျိုးကိုစစ်ဆေးခဲ့ဖူးပါသည်။ သို့ရာတွင် ဤကဲ့သို့ကောင်းမြတ်၍ ကျက်သရေနှင့်ပြည့်စုံသောဥပဓိရုပ်ရှိသူတစ်ဦးဦးကို မည်သည့်အခါကမျှမစစ်ဆေးခဲ့ဖူးချေ။ ကိုယ်တော်၏မျက်နှာတော်ပေါ်ဝယ် မည်သည့်ဒုစရိုက်လွန်ကျူးခြင်း၊ ကြောက်ရွံ့ခြင်း၊ အတင့်ရဲလွန်းခြင်း၊ ကလန်ကဆန်လုပ်လိုသောသဘောရှိခြင်းတစ်စုံတစ်ရာကိုမျှ သူမတွေ့ခဲ့ရချေ။ သူမြင်တွေ့နေရသောအရာမှာ တည်ငြိမ်၍သိက္ခာသမာဓိနှင့်ပြည့်ဝသော လူနေပုံပန်းတစ်ခုသာဖြစ်ပြီး၊ ထိုသူ၏မျက်နှာသည် ရာဇဝတ်သားတစ်ဦး၏ပုံပန်းမျိုးမဟုတ်ဘဲ ကောင်းကင်နိုင်ငံ၏အထိမ်းအမှတ်ကိုဆောင်နေပါသည်။

ခရစ်တော်၏ပုံပန်းသဏ္ဌာန်သည် ပိလတ်မင်း၏စိတ်နှလုံးတွင်နှစ်သက်မှုကိုဖြစ်စေပါသည်။ ထိုကြောင့် သူ၏ကောင်းမွန်သောဇာတိကလေးသည် နိုးဆွခြင်းခံခဲ့ရပါသည်။ သူသည် ခရစ်တော်၏အကြောင်းကိုလည်းကောင်း၊ ခရစ်တော်၏လုပ်ဆောင်ချက်များကိုလည်းကောင်း ကြားခဲ့ဖူးပါသည်။ လူနာများကိုကုသကာ၊ လူသေများကိုရှင်ပြန်ထမြောက်စေခဲ့သော ဤဂါလိလဲမှ ပုရောဖက်ကြီးပြုလုပ်ခဲ့သောအံ့ဖွယ်နိမိတ်များအကြောင်းအချို့ကို သူ့ဇနီးမှ

တစ်ဆင့်သူကြားခဲ့ဖူးပါသည်။ ယခုတွင်ဤအရာများသည် ပိလတ်မင်း၏ စိတ်အာရုံတွင် အိပ်မက်မက်နေသကဲ့သို့ထင်ရှားပေါ်လွင်လာခဲ့ပါသည်။ နေရာတကာမှကြားခဲ့ဖူးသည့် ကောလာဟလသတင်းများကိုလည်း ပြန်လည်၍သူသတိရခဲ့မိပါသည်။ သို့နှင့်ထိုအကျဉ်းသားအပေါ်တွင်စွဲဆိုထားသည့်အရာများအကြောင်းကို ယုဒလူများအားမေးဖို့ဟန်ပြင်လိုက်ပါသည်။

ဤသူသည်အဘယ်သူနည်း။ အဘယ်ကြောင့်သူ့ကိုခေါ်လာကြသနည်း။ သူ့ကိုမည်သည့်အမှုနှင့်သင်တို့စွဲဆိုထားကြသနည်း ဟူ၍သူကမေးလိုက်ရာ ယုဒလူများသည်လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ပါသည်။ ခရစ်တော်အားစွဲဆိုထားသည့်မိမိတို့၏စွဲချက်သည် အခြေအမြစ်မရှိကြောင်းသိရှိထားကြသဖြင့် ထိုအမှုကိုလူသိရှင်ကြားစစ်ဆေးဖို့ သူတို့အလိုမရှိခဲ့ကြချေ။ ထိုကြောင့် ဤသူသည်နာဇရက်မြို့သားယေရှုဟုခေါ်သည့် လူလိမ်တစ်ဦးဖြစ်ပါသည်ဟုသူတို့ဖြေဆိုကြပါသည်။

ထိုနောက်တစ်ဖန်ပိလတ်မင်းက ထိုသူ၌အဘယ်အပြစ်ကိုတင်ကြသနည်းဟုမေးမြန်းရာ ယဇ်ပုရောဟိတ်များသည် ထိုအမေးကိုပြန်လည်ဖြေကြားခြင်းမပြုဘဲ စိတ်ဆိုးမာန်ဆိုးနှင့် ဤသူသည်လူဆိုးမဟုတ်လျှင်အကျွန်ုပ်တို့သည် ကိုယ်တော်၌မအပ်ပါဟုတုံ့ပြန်ခဲ့ကြပါသည်။ အဓိပ္ပါယ်မှာ ဆန်ဟီဒရင်အဖွဲ့ဝင်များအပါအဝင် နိုင်ငံ၏ရှေ့ဆောင်လူကြီးများကသေဒဏ်ထိုက်သည်ဟုယူဆသောလူတစ်ယောက်ကို သင့်ထံသို့ခေါ်ဆောင်လာရာ သူ၌အဘယ်အပြစ်ကိုတင်ကြသနည်းဟုမေးစရာလိုသေးသလား ဟူ၍ဖြစ်ပါသည်။ ၎င်းတို့သည် အရေးပါသောသူများဖြစ်ကြောင်းကို ပိလတ်မင်းအနေနှင့်သိရှိထားဖို့ သူတို့အလိုရှိကြပါသည်။ သို့မှသာ အမေးအမြန်းမထူတော့ဘဲ ၎င်းတို့၏တောင်းဆိုချက်ကိုလိုက်လျောလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်၏အံ့ဖွယ်နိမိတ်လက္ခဏာများကို မြင်တွေ့ခံစားခဲ့ဖူးသောလူထုကြီးသည် မိမိတို့ကြိုတင်ညှိနှိုင်းထားသော လီဆယ်မှုများနှင့်ဆန့်ကျင်သောအဖြစ်အပျက်တစ်ခုကို ပြောပြမည်ဆိုလျှင် ပြောနိုင်ကြသောကြောင့် ၎င်းတို့၏စီရင်ချက်ကို အလျင်အမြန်အတည်ပြုပေးရန် သူတို့ဆန္ဒစောနေကြပါသည်။



ပိလတ်မင်းသည်တွေဝေထိုင်းမှိုင်းနေပြီး၊ ဉာဏ်ပညာနည်းပါးသူတစ်ဦးဖြစ်သောကြောင့် မိမိတို့၏ကြံစည်ထားသည့်အတိုင်း အခက်အခဲမရှိလုပ်ဆောင်နိုင်ကြလိမ့်မည်ဟု သူတို့ထင်မြင်ထားကြပါသည်။ ဤအချိန်မတိုင်မီက သေဒဏ်အပြစ်မပေးသင့်သောပုဂ္ဂိုလ်များအား သေဒဏ်ပေးရန်သူစီရင်ခဲ့ဖူးပါသည်။ အပြစ်မဲ့သူဖြစ်စေ၊ အပြစ်ရှိသူဖြစ်စေ အကျဉ်းသားဖြစ်လာသောသူတစ်ဦး၏အသက်ကို နည်းနည်းကလေးမှသူတန်ဖိုးမထားခဲ့ချေ။ ထိုကြောင့်ပိလတ်မင်းသည် ယခုတွင်ကြားနာစစ်ဆေးမှုမပြုတော့ဘဲ ခရစ်တော်အားသေဒဏ်ချမှတ်လိမ့်မည်ဟု ယဇ်ပုရောဟိတ်များကမျှော်လင့်ခဲ့ကြပါသည်။ ဤအရာကိုပသခါပွဲနေ့အချိန်အခါအတွက် အခွင့်အရေးတစ်ရပ်အနေနှင့်လိုက်လျောရန် သူတို့တောင်းဆိုခဲ့ကြပါသည်။

သို့ရာတွင်ပိလတ်မင်းအား ယခင်ကအတိုင်းမဆုံးဖြတ်နိုင်အောင်ဟန့်တားထားသည့်အရာတချို့ ဤအကျဉ်းသားတွင်ရှိနေပါသည်။ ထိုကြောင့်သူသည်ထိုကဲ့သို့မဆုံးဖြတ်ရဲချေ။ ထိုယဇ်ပုရောဟိတ်များ၏အကြံအစည်များကိုလည်း ပိလတ်မင်းသိရှိခဲ့ပါသည်။ သေဆုံးသည်မှာလေးရက်ကြာပြီဖြစ်သောလာဇရုအား မကြာမီကလေးကမှ ခရစ်တော်ထမြောက်စေခဲ့ကြောင်းကို သူသတိရလာပါသည်။ ထိုကြောင့် သေဒဏ်စီရင်ချက်ကိုလက်မှတ်မထိုးမီ ကိုယ်တော်အားမည်သည့်စွဲဆိုချက်နှင့်စွဲဆိုထားကြောင်းကိုလည်းကောင်း၊ ထိုစွဲချက်ကိုသက်သေပြနိုင်–မပြနိုင်ကိုလည်းကောင်း သိရှိဖို့လိုသည်ဟုသူဆုံးဖြတ်ခဲ့ပါသည်။

သင်တို့၏တရားစီရင်မှုသည် လိုလေသေးမရှိလောက်အောင်ပြည့်စုံလျှင် အဘယ်ကြောင့်အကျဉ်းသားကိုငါ့ထံသို့ခေါ်လာရသနည်း၊ သူ့ကိုယူ၍သင်တို့ဓမ္မသတ်အတိုင်းစီရင်ကြဟု ပိလတ်မင်းကဆို၏။ ထိုသို့တင်းမာစွာပြောဆိုလိုက်သဖြင့် မိမိတို့သည်ထိုသူအားအပြစ်ဒဏ်စီရင်ပြီးဖြစ်ကြောင်း၊ ထိုစီရင်ချက်ကိုတရားဝင်ရန် ပိလတ်မင်း၏အတည်ပြုချက်ရရှိဖို့လိုကြောင်း ယဇ်ပုရောဟိတ်များကပြောကြပါသည်။ သင်တို့၏စီရင်ချက်မှာအဘယ်သို့နည်းဟု ထပ်ဆင့်မေးမြန်းလိုက်ရာ ကျွန်ုပ်တို့၌မည်သူ့ကိုမျှသေဒဏ်ပေးခွင့်

မရှိသော်လည်း သူ့ကိုသေဒဏ်ပေးထားပါသည်ဟု သူတို့ကဖြေဆိုလေ၏။ ခရစ်တော်၏အမှုအခင်းနှင့်ပတ်သက်၍ မိမိတို့၏စကားကိုအတည်ပြုကာ မိမိတို့၏စီရင်ချက်ကိုလက်ခံရန် သူတို့တောင်းပန်ခဲ့ကြပါသည်။ ထိုဆုံးဖြတ်ချက်အတွက်ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကိုလည်း မိမိတို့တာဝန်ယူကြောင်း သူတို့ပြောဆိုခဲ့ကြပါသည်။

ပိလတ်မင်းသည်တရားမျှတပြီး၊ အမှားမလုပ်ဖူးသည့်တရားသူကြီးမျိုးမဟုတ်သည့်ပြင် အကျင့်စာရိတ္တပိုင်းမှာအတော်အားနည်းသူတစ်ဦးဖြစ်ပါသည်။ သို့သော်လည်း ဤတောင်းဆိုချက်ကိုခွင့်ပြုပေးရန်ငြင်းဆိုခဲ့ပါသည်။ အခြားသူများက ကိုယ်တော်အားစွဲချက်မတင်သရွေ့ကာလပတ်လုံး သူသည်ကိုယ်တော်အားအပြစ်စီရင်မည်မဟုတ်ချေ။

ယဇ်ပုရောဟိတ်များသည်အကျပ်ရိုက်နေကြပါသည်။ မိမိတို့၏ဟန်ဆောင်မှုနှင့်လျှို့ဝှက်မှုများကိုလုံအောင်ဖုံးဖိထားရမည်ကို သူတို့သိထားကြပါသည်။ ခရစ်တော်အားဘာသာရေးအကြောင်းပြချက်ဖြင့် ဖမ်းဆီးကြောင်းကိုလည်း လူမသိစေလိုကြချေ။ အကယ်၍ ဘာသာရေးအကြောင်းပြချက်နှင့်ဖမ်းဆီးထားကြောင်းထင်ရှားလာခဲ့လျှင် ၎င်းတို့၏စီရင်ချက်များအား ပိလတ်မင်းအနေဖြင့်အလေးထားလိမ့်မည်မဟုတ်ချေ။ ခရစ်တော်အားဥပဒေချိုးဖောက်သူတစ်ဦးအနေနှင့်ထင်ပေါ်အောင် သူတို့စွမ်းဆောင်ကြရပါမည်။ သို့မှသာ နိုင်ငံရေးပြစ်မှုကျူးလွန်သူတစ်ဦးကဲ့သို့ အပြစ်စီရင်နိုင်ကြမည်ဖြစ်ပါသည်။ ယုဒလူမျိုးများတွင် ရောမအစိုးရကိုဆန့်ကျင်အကြမ်းဖက်မှုများနှင့်ပုန်ကန်ထကြွမှုများသည် အမြဲတမ်းလိုလိုဖြစ်ပွားလျက်ရှိပါသည်။ ရောမများသည် ပုန်ကန်ထကြွမှုများကို ခွန်အားသုံး၍နှိမ်နင်းခဲ့ဖူးပြီး၊ ပုန်ကန်မှုဖြစ်ပေါ်စေနိုင်သည့်အရာတိုင်းကိုနှိမ်နင်းရန် အမြဲတမ်းစောင့်ကြည့်လျက်ရှိပါသည်။

ဤအဖြစ်အပျက်မဖြစ်ပျက်မီရက်အနည်းငယ်က "အကျွန်ုပ်တို့သည်ကဲသာဘုရင်အားအခွန်ကိုဆက်အပ်သလော၊ မဆက်အပ်သလော" ဟုမေးလျှောက်ကာ ခရစ်တော်၏အမှားကိုထောက်ရန် သူတို့ကြိုးစားခဲ့ဖူးကြပါသည်။ သို့ရာတွင် ခရစ်တော်သည် ၎င်းတို့၏သူတော်ကောင်းယောင်ဆောင်မှုကိုထုတ်ဖော်တော်မူခဲ့ပါသည်။ ထိုနေရာတွင်ရောက်ရှိနေကြသော ရောမစစ်သားများသည် ထိုမသမာသူများ၏အကြံအစည်များလုံးလုံးအထမမြောက်ကြောင်းကိုမြင်တွေ့ခဲ့ကြရပြီး၊ ၎င်းတို့အားအရှုံးနှင့်ရင်ဆိုင်စေသည့် "ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အားဆက်ပေးကြလော့" ဟူသော ကိုယ်တော်၏အဖြေစကားကိုလည်းကြားခဲ့ကြရပါသည်။ လုကာ ၂၀း၂၂-၂၅။

ယခုတွင်ယဇ်ပုရောဟိတ်များသည် ဤအခါသမယမျိုးတွင် ကိုယ်တော်သွန်သင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ထားသည့်အရာများကို ခရစ်တော်သည်သွန်သင်ခဲ့ပြီဖြစ်ကြောင်းကို ထင်ရှားအောင်ပြုလုပ်ကြရန်ကြံစည်စဉ်းစားနေကြပါသည်။ သူတို့သည်တစ်ဘက်စွန်းရောက်သွားကာ "မိမိသည်ခရစ်တော်တည်းဟူသောရှင်ဘုရင်ဖြစ်ကြောင်းကိုဆိုလျက် ကဲသာဘုရင်ကိုအခွန်မဆက်နှင့်ဟုမြစ်တားသည်ကို အကျွန်ုပ်တို့တွေ့ပါပြီ" ဟုထွက်ဆိုသည့်မမှန်သောသက်သေများကိုခေါ်၍ အပြစ်တင်စေခဲ့ပါသည်။ ဤစွပ်စွဲချက်အားလုံးသည် အခြေအမြစ်မရှိလှပါ။ အခြေအမြစ်မရှိမှန်းကိုလည်း သူတို့သိရှိထားကြပါသည်။ သို့ရာတွင်၎င်းတို့သည် မိမိတို့စီစဉ်ထားသည့်အတိုင်း ပြီးမြောက်အောင်လုပ်ကိုင်နိုင်ဖို့ရန် မုသားကိုသုံးဖို့ဝန်မလေးကြချေ။

ပိလတ်မင်းသည် ၎င်းတို့၏အကြံအစည်ကိုသိထားပါသည်။ ခရစ်တော်သည်အစိုးရကိုပုန်ကန်ထကြွသည်ကိုသူမယုံကြည်ပါ။ ကိုယ်တော်၏နူးညံ့သိမ်မွေ့မှုနှင့်နှိမ့်ချမှုအပြည့်ရှိသောသွင်ပြင်လက္ခဏာသည် စွဲဆိုထားသည့်စွပ်စွဲချက်နှင့်တခြားစီဖြစ်နေခဲ့ပါသည်။ ယုဒအာဏာပိုင်များအတွက်ခလုတ်တံသင်းဖြစ်နေသောအပြစ်မဲ့သူတစ်ဦးအား သုတ်သင်ပယ်ရှင်းပစ်မည့်အကြံအစည်တစ်ခုကို ၎င်းတို့ကြံစည်ထားကြောင်း ပိလတ်မင်းသဘောပေါက်နားလည်ခဲ့ပါသည်။ ထိုနောက် သူသည်သခင်ယေရှုဘက်သို့လှည့်ကာ သင်သည်ယုဒရှင်ဘုရင်မှန်သလောဟုမေးလျှင် မင်းကြီးမေးသည့်အတိုင်းမှန်သည်ဟုမိန့်တော်မူ၏။ ထိုအချိန်တွင် ခရစ်တော်၏မျက်နှာတော်သည် နေရောင်ခြည်အလင်းကဲ့သို့ပင်တောက်ပနေပါသည်။

ကယာဖနှင့်၎င်းတို့၏အပေါင်းပါများတို့သည် ကိုယ်တော်၏ဖြေဆိုသမျှကိုကြားရသောအခါ၊ မိမိတို့စွဲဆိုထားသည့်ပြစ်မှုကို သူကိုယ်တိုင်ကျူးလွန်

ကြောင်းဝန်ခံနေပြီဖြစ်ကြောင်း ကိုယ်တိုင်နားထောင်ရန်ပိလတ်မင်းအားပြောဆိုကြပါသည်။ ယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်ဆရာများနှင့်ယုဒအကြီးအကဲများသည် ခရစ်တော်ကိုသေဒဏ်ပေးရန်အတွက် ဆူညံသောအသံများကိုပြုလျက် တောင်းဆိုနေကြပါသည်။ ထိုနောက် လူထုကြီးကလည်းပါဝင်အော်ဟစ်လာကြသည့်အတွက် ဖြစ်ပေါ်လာသောအော်သံများသည် နားကွဲလုမတတ်ဆူညံနေပါတော့သည်။ ခရစ်တော်သည် မိမိအားစွဲချက်တင်နေကြသူများအားမည်သို့မျှတုံ့ပြန်မှုမပြုသောကြောင့် ပိလတ်မင်းသည်စိတ်ရှုပ်ထွေးလာပြီး၊ သင်သည်တစ်ခွန်းမျှပြန်၍မပြောသလော၊ ဤသူတို့သည် အဘယ်သို့သက်သေခံသနည်းဟုယေရှုကိုမေးလျှင် ကိုယ်တော်သည်တစ်ခွန်းမျှပြန်ပြောတော်မမူဘဲ တိတ်ဆိတ်နေတော်မူ၏။

ပိလတ်မင်း၏နောက်နားတွင်ရပ်နေသောခရစ်တော်သည် ထိုအခန်းထဲတွင်ရှိနေသူအားလုံးကိုမြင်တွေ့တော်မူ၍ ၎င်းတို့၏မတရားစွပ်စွဲမှုများကိုကြားနေရသော်လည်း မမှန်သောထိုစွဲဆိုချက်များအတွက် မည်သို့မျှတုံ့ပြန်တော်မမူခဲ့ချေ။ ကိုယ်တော်၏အမူအရာအကျင့်အကြံများက ၎င်း၏အပြစ်ကင်းသောအသက်တာကို ထင်ရှားစေလျက်ရှိပါသည်။ မိမိအားတိုက်ခိုက်နေသောဒေါသလှိုင်းလုံးများအလယ်တွင် ကိုယ်တော်သည်တည်ငြိမ်စွာရပ်တည်တော်မူခဲ့ပါသည်။ လှိုင်းလေပြင်းထန်သောသမုဒ္ဒရာကြီးထဲမှ လှိုင်းတံပိုးကဲ့သို့မြင့်သည်ထက်မြင့်တက်လာသော ၎င်းတို့၏ပြင်းထန်သောအမျက်လှိုင်းများသည် ကိုယ်တော်၏ပတ်လည်တွင်ဖြစ်ပေါ်နေသော်လည်း ကိုယ်တော်အားမထိခိုက်နိုင်ခဲ့ကြချေ။ ကိုယ်တော်သည် တိတ်ဆိတ်စွာရပ်နေတော်မူခဲ့သော်လည်း ထိုတိတ်ဆိတ်မှုသည် အနီးအနားတွင်ရှိနေသူများ၏စိတ်နှလုံးကိုထိခိုက်စေလျက်ရှိပါသည်။ ကိုယ်ခန္ဓာတော်၌အတွင်းမှအလင်းတော်သည် ထွန်းလင်းနေသကဲ့သို့ဖြစ်နေပါသည်။

ကိုယ်တော်၏အမူအရာကိုကြည့်ပြီး၊ ပိလတ်မင်းသည်အံ့အားသင့်နေပါသည်။ ဤပုဂ္ဂိုလ်သည် မိမိအားစွဲဆိုထားချက်များကိုဂရုမပြုပါလား။ မိမိအသက်ကိုကယ်တင်ဖို့ ဤသူအရေးမထားပါလားဟူ၍ ပိလတ်မင်းသည်



မိမိ၏စိတ်ထဲ၌တွေးနေမိပါသည်။ စော်ကားမှုများနှင့်ပြောင်လှောင်သရော်မှုများကို မည်သို့မျှမတုံ့ပြန်ဘဲ တည်ငြိမ်စွာရပ်တည်နေသောကိုယ်တော်၏ဟန်အမူအရာများကို သေချာစွာကြည့်နေစဉ်တွင် ဤပုဂ္ဂိုလ်သည် ဆူညံဆူညံလုပ်နေသောထိုယဇ်ပုရောဟိတ်များကဲ့သို့ မဖြောင့်မတ်သောသူ၊ မတရားသောသူတစ်ဦးမဖြစ်နိုင်ဟု ပိလတ်မင်းသိရှိခဲ့ပါသည်။ ထိုကြောင့် သူသည် ကိုယ်တော်ထံမှအမှန်တရားကိုကြားနာခွင့်ရနိုင်ရန်နှင့် ရုန်းရင်းခတ်နေသောဤလူအုပ်ထဲမှ ကိုယ်တော်အားလွတ်မြောက်ခွင့်ပေးနိုင်ရန် ကိုယ်တော်အားမိမိအနားသို့ခေါ်လိုက်ပြီး သင်သည်ယုဒရှင်ဘုရင်မှန်သလောဟု တစ်ဖန်မေးလိုက်ပါသည်။

သခင်ယေရှုသည် ထိုအမေးကိုတိုက်ရိုက်ဖြေဆိုတော်မမူခဲ့ချေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ပိလတ်မင်းအားနိုးဆွလျက်ရှိကြောင်းကိုသိတော်မူသဖြင့် ထင်ရှားစွာသိမြင်လာသည့်အရာများကိုအသိအမှတ်ပြုရန် ၎င်းအားအခွင့်အရေးပေးခဲ့ပါသည်။ ထိုကြောင့်ယေရှုက မင်းကြီးသည်ကိုယ်အလိုအလျောက်ဤသို့မေးသလော၊ (သို့မဟုတ်) သူတစ်ပါးတို့သည် ငါ၏အကြောင်းကိုလျှောက်ကြပြီလော ဟုမေးတော်မူ၏။ သင်၏လျှောက်ထားချက်သည် ယဇ်ပုရောဟိတ်များ၏စွဲချက်လော (သို့မဟုတ်) ငါ့ထံမှအလင်းတရားရလိုသောဆန္ဒဖြင့်မေးမြန်းခြင်းလောဟူသော အဓိပ္ပါယ်များသက်ရောက်သည့်ကိုယ်တော်၏တုံ့ပြန်မှုသည် ပိလတ်မင်း၏အမေးကိုလှုံ့ဆော်ပေးခဲ့ပါသည်။ ခရစ်တော်၏မိန့်တော်မူသည့်စကားများ၏အဓိပ္ပါယ်ကို ပိလတ်မင်းနားလည်ခဲ့သော်လည်း မာနတရားသည်၎င်း၏စိတ်နှလုံးကိုလွှမ်းမိုးထားခဲ့ပါသည်။ သိရှိလာသောအမှန်တရားကို သူအသိအမှတ်မပြုခဲ့ဘဲ၊ ငါသည်ယုဒလူဖြစ်သလော။ သင်၏လူမျိုးနှင့်တကွ ယဇ်ပုရောဟိတ်အကြီးတို့သည် သင့်ကိုငါ၌အပ်ကြပြီ။ သင်သည်အဘယ်သို့ပြုမိသနည်းဟုမေးလေ၏။

ပိလတ်မင်းသည် အထူးအခွင့်အရေးတစ်ရပ်ကိုလက်လွှတ်ခဲ့ရချေပြီ။ သို့ရာတွင်ခရစ်တော်သည် ၎င်းအားအလင်းတရားကိုမပေးတော့ဘဲစွန့်ပစ်ထားတော်မမူခဲ့ချေ။ ပိလတ်မင်း၏အမေးကိုမဖြေဆိုခြင်းအားဖြင့် မိမိသည်လောကီ

နိုင်ငံတစ်ခုကိုတည်ထောင်ရန် ကြွလာခြင်းမဟုတ်ကြောင်း၊ နားလည်သဘောပေါက်စေရန် မိမိ၏အမှုတော်အကြောင်းကို ရှင်းလင်းစွာဖွင့်ဟမိန့်မြွက်တော်မူသည်ကား၊–

ငါ၏နိုင်ငံသည်ဤလောကနှင့်မစပ်ဆိုင်၊ ငါ၏နိုင်ငံသည် ဤလောကနှင့်စပ်ဆိုင်လျှင် ငါသည်ယုဒလူတို့လက်သို့မရောက်စေခြင်းငှာ ငါ၏လူတို့သည်တိုက်လှန်ကြလိမ့်မည်။ ယခုမူကား၊ ငါ၏နိုင်ငံသည် ဤဒေသအရပ်နှင့်မစပ်ဆိုင်ဟုမိန့်တော်မူ၏။ ပိလတ်မင်းကလည်း သို့ဖြစ်လျှင် သင်သည်ရှင်ဘုရင်မှန်သလောဟုမေးသော် ယေရှုကမင်းကြီးမေးသည့်အတိုင်းငါသည်ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌သက်သေခံခြင်းငှာ ငါသည်မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကိုနားထောင်ကြသည်ဟု မိန့်တော်မူ၏။

သမ္မာတရားကိုလက်ခံရန်အသင့်ရှိသူများအတွက်နားလည်ရန် နက်နဲခက်ခဲနေသောအရာများကိုဖော်ထုတ်ပေးမည့်အရာသည် ကိုယ်တော်၏သမ္မာတရားပင်ဖြစ်ကြောင်း ခရစ်တော်အသိအမှတ်ပြုမိန့်တော်မူခဲ့ပါသည်။ ထိုသမ္မာတရား၌ကိုယ်ကိုကိုယ်ချီးမြှောက်ခြင်းတန်ခိုးပါရှိသဖြင့် ဤအရာသည် ဧဝံဂေလိတရားပျံ့နှံ့မှုအတွက် လျှို့ဝှက်ချက်ဖြစ်ပါသည်။ သမ္မာတရားကိုလက်ခံနာယူခြင်းနှင့်မှန်ကန်စွာအသုံးချခြင်းဖြင့်သာလျှင် ၎င်း၏ပျက်ယွင်းနေသောသဘာဝကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပိလတ်မင်းအားသဘောပေါက်စေတော်မူခဲ့ပါသည်။

ပိလတ်မင်းသည် အမှန်တရားကိုသိရှိဖို့ဆန္ဒရှိခဲ့ပါသည်။ သူ၏စိတ်နှလုံးသည် ဝေခွဲမရနိုင်အောင်ရှုပ်ထွေးနေပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများကိုမြဲမြံစွာဆုပ်ကိုင်ထားပြီး၊ အမှန်တရားကိုသိလိုသောဆန္ဒနှင့်ရယူပိုင်ဆိုင်လိုသောဆန္ဒများကြောင့် စိတ်လှုပ်ရှားနေပါသည်။ ထိုကြောင့် သမ္မာတရားကားအဘယ်သို့နည်းဟု သူကမေးလိုက်ပါသည်။ သို့ရာတွင် အပြင်ဘက်တွင်ရှိနေကြသည့်လူအုပ်ကြီး၏ရုန်းရင်းခတ်မှုများသည် ဤအချိန်ဤနာရီတွင်လုပ်ဆောင်ရမည့်အရာကို သူ့အားသတိရစေခဲ့ပြီး ယဇ်ပုရောဟိတ်



များကလည်း ချက်ချင်းဆုံးဖြတ်လုပ်ဆောင်ရမည့်အရာကို ဆူညံစွာတောင်းခံနေကြသဖြင့် ပိလတ်မင်းအနေနှင့်အဖြေရသည်အထိပင်မစောင့်နိုင်ခဲ့ချေ။ ထိုယုဒလူများရှိနေသည့်အပြင်ဘက်သို့ထွက်သွားကာ "ဤသူ၌အဘယ်အပြစ်ကိုမျှမတွေ့" ဟု လေးနက်စွာသူကြေညာလိုက်ပါသည်။

တစ်ပါးအမျိုးသားတစ်ဦးဖြစ်သော ထိုတရားသူကြီး၏ဆုံးဖြတ်ချက်သည် ကိုယ်တော်ရှင်အားအပြစ်ရှာနေကြသော ယုဒလူအကြီးအကဲများ၏ သစ္စာမဲ့မှုနှင့်မှားယွင်းမှုများအတွက် မခံချည့်မခံသာဖြစ်စေသောဆုံးမမှုတစ်ရပ်ဖြစ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ထိုဆုံးဖြတ်ချက်ကိုကြားရသောအခါ အလွန့်အလွန်စိတ်ပျက်ခဲ့ပြီး၊ အလွန်အမျက်ထွက်ခဲ့ကြပါသည်။ သူတို့သည် ဤအခွင့်အရေးကိုရရှိရန် အချိန်အကြာကြီးကြံစည်ကာ အချိန်အကြာကြီးစောင့်စားခဲ့ကြရပါသည်။ ခရစ်တော်အားလွှတ်ပစ်တော့မည့်အလားအလာကိုတွေ့ရှိကြသောအခါ ကိုယ်တော်အားအစိတ်စိတ်အပိုင်းပိုင်းဖြတ်ပစ်ရန် အသင့်အနေအထားတွင်ရှိနေသည့်ပုံမျိုးပေါ်နေပါသည်။ သူတို့သည် ပိလတ်မင်းအားကျယ်လောင်စွာအပြစ်တင်ပြောဆိုကြပြီး၊ ထိုကဲ့သို့ဆုံးဖြတ်လျှင် ရောမအစိုးရ၏အပြစ်ပေးခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ကြပါသည်။ ကဲသာဘုရင်နှင့်မိမိကိုယ်ကိုဆိုင်ပြိုင်နေသူတို့အတည်ပြုထားသော ကိုယ်တော်အားအပြစ်စီရင်ရန်ငြင်းဆန်မှုဖြင့် ပိလတ်မင်းအားသူတို့စွပ်စွဲပြောဆိုခဲ့ကြပါသည်။

ခရစ်တော်ပြုတော်မူလျက်ရှိသော ပုန်ကန်ထကြွရန်လုပ်ဆောင်မှုများအကြောင်းကို တစ်တိုင်းပြည်လုံးတွင်လူသိရှင်ကြားဖြစ်ကြောင်း သူတို့ကစိတ်ဆိုးမာန်ဆိုးဖြင့် ဟစ်အော်ကြွေးကြော်ခဲ့ကြပါသည်။ ဤသူသည် ဂါလိလဲပြည်မှစ၍ လူများတို့ကိုနှိုးဆော်သောသူဖြစ်ပါသည်ဟု သူတို့ကဟစ်အော်ပြောဆိုခဲ့ကြပါသည်။

ယခုအချိန်တိုင်၊ ပိလတ်မင်းအနေနှင့်ခရစ်တော်အားအပြစ်စီရင်ရန်စိတ်ပင်မကူးမိခဲ့သေးချေ။ ယုဒလူများသည် ကိုယ်တော်အားမုန်းတီးမှုနှင့်တစ်ဖက်သတ်အထင်လွဲမှားမှုကြောင့်သာ ထိုသို့အပြစ်တင်နေသည်ကိုသူသိရှိ

ထားပါသည်။ အမှန်အတိုင်းဆိုလျှင် သူသည်ခရစ်တော်အားချက်ချင်းလွှတ်ပေးသင့်ပါသည်။ သူလုပ်ဆောင်ရမည့်တာဝန်ကိုလည်းသူသိရှိထားပါသည်။ သို့ရာတွင်ပိလတ်မင်းသည် ၎င်းအားယုဒလူများကမုန်းတီးမည်ကိုစိုးရွံ့ခဲ့ပါသည်။ ယုဒများ၏လက်ထဲသို့ ခရစ်တော်အားပေးအပ်ရန်သူငြင်းဆိုခဲ့လျှင် ရုန်းရင်းခတ်မှုတစ်ခုဖြစ်ပေါ်လာလိမ့်မည်ဖြစ်ပါသည်။ ဤအရာကိုသူမရင်ဆိုင်ရဲချေ။ ခရစ်တော်သည် ဂါလိလဲပြည်သားတစ်ဦးဖြစ်ကြောင်းသူသိရှိသောအခါ ထိုအချိန်တွင်ယေရုရှလင်မြို့၌ရောက်ရှိနေသော ထိုနယ်၏ဘုရင်ခံဖြစ်သူဟေရုဒ်မင်းထံလွှဲပြောင်းပေးအပ်ရန်သူဆုံးဖြတ်ခဲ့ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် အမှုစစ်ဆေးခြင်းတာဝန်ကို ဟေရုဒ်ထံသို့ပခုံးပြောင်းပေးရန်သူစဉ်းစားခဲ့ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် မိမိနှင့်ဟေရုဒ်အကြား ကာလကြာရှည်စွာဖြစ်ပွားနေသောမတည့်မရှုမှုကို သက်သာပြေလည်သွားရန် အခွင့်အလမ်းတစ်ခုဖြစ်သည်ဟု သူယူဆခဲ့ပါသည်။ ထိုနည်းအတိုင်းပင်စမ်းကြည့်ခဲ့ရာ ထိုတရားသူကြီးနှစ်ဦးသည် ကယ်တင်ရှင်အားအမှုစစ်ဆေးခြင်းတွင်ပြန်လည်၍မိတ်ဆွေဖြစ်သွားခဲ့ကြပါသည်။

ပိလတ်မင်းသည် ခရစ်တော်ကိုရောမစစ်သားများလက်သို့တစ်ဖန်ပြန်လည်အပ်နှံလိုက်ရာ ပြက်ရယ်ပြုကာမလေးမစားလုပ်နေသည့်လူအုပ်ကြီးဝန်းရံလျက် ဟေရုဒ်မင်းကြီးထံသို့ကိုယ်တော်အားအမြန်ခေါ်ဆောင်သွားခဲ့ကြပါသည်။

"ထိုမင်းသည်ယေရှုကိုမြင်လျှင် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ သူသည်ကိုယ်တော်အားတစ်ခါမျှမမြင်ခဲ့ဖူးသော်လည်း၊ အထက်သတင်းတော်များကိုကြား၍ ကိုယ်တော်ကိုမြင်ခြင်းငှာကြာမြင့်စွာအလိုရှိသည်ဖြစ်၍ ပြတော်မူသောနိမိတ်လက္ခဏာတစ်စုံတစ်ခုကိုမြင်ရမည်ဟုမျှော်လင့်လျက်နေ၏။" ဤဟေရုဒ်မင်းကြီးသည် နှစ်ခြင်းဆရာယောဟန်၏အသွေးကိုသွန်းခဲ့သည့်ဟေရုဒ်မင်းကြီးပင်ဖြစ်ပါသည်။ ခရစ်တော်၏အကြောင်းကိုပထမဦးစွာကြားဖူးခဲ့စဉ်က သူသည်အလွန်ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဤသူကားငါ၏အမိန့်နှင့်လည်ပင်းကိုဖြတ်သောယောဟန်ဖြစ်၏။ သေခြင်းမှထမြောက်လေပြီ။ ထိုကြောင့် တန်ခိုး



များကိုပြနိုင်သည်ဟုပြောဆိုခဲ့ဖူးပါသည်။ မာကု ၆း၁၆။ မဿဲ ၁၄း၂။ သို့စေကာမူ ဟေရုဒ်သည်ခရစ်တော်အားတွေ့မြင်လိုလှပါသည်။ ယခုအချိန်သည်ဤပုရောဖက်အားကယ်တင်ရန်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း သူသိရှိထားပါသည်။ ထိုကဲ့သို့လုပ်ဆောင်ပေးလိုက်လျှင် လင်ပန်းကြီးအပေါ်တွင်တင်၍ယူဆောင်လာခဲ့သောသွေးသံရဲရဲနှင့်ခေါင်းပြတ်ကြီးအကြောင်းကို အမြဲတမ်းမေ့ပျောက်သွားနိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့ပါသည်။ မိမိ၏စေ့စပ်သေချာမှုကို သူတစ်ပါးကနှစ်သက်မှုပြသည်ကိုသူအလိုရှိခဲ့ပါသည်။ ၎င်းပြင် အကယ်၍ကိုယ်တော်အားလွှတ်ပေးမည့်အလားအလာများကိုပြကာ၊ နိမိတ်လက္ခဏာတစ်ခုခုပြခိုင်းလျှင် ကိုယ်တော်ပြတော်မူလိမ့်မည်ဟုလည်း သူယူဆခဲ့ပါသည်။

များပြားစွာသောယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ဟေရုဒ်မင်းကြီးထံသို့ခရစ်တော်နှင့်အတူလိုက်ပါလာခဲ့ကြပါသည်။ ကယ်တင်ရှင်အားဟေရုဒ်မင်းကြီးထံသို့ခေါ်လာကြပြီး၊ အလွန်စိတ်လှုပ်ရှားစွာဖြင့်စကားပြောဆိုနေကြသောထိုပုဂ္ဂိုလ်ကြီးများသည် ခရစ်တော်အားစွဲချက်တင်ခဲ့ကြပါသည်။ သို့ရာတွင်ဟေရုဒ်သည် ၎င်းတို့၏စွပ်စွဲချက်များကိုဂရုမထားခဲ့ပါချေ။ ခရစ်တော်ကိုမေးခွန်းအနည်းငယ်မေးလိုသဖြင့် ဆူညံနေသောပုဂ္ဂိုလ်ကြီးများအားငြိမ်ငြိမ်နေရန် သူအမိန့်ပေးလိုက်ပါသည်။ ခရစ်တော်အားခတ်ထားသည့်လက်ထိပ်များကိုလည်းချွတ်ပစ်ရန် သူအမိန့်ပေးလိုက်ပြီး၊ တစ်ချိန်တည်းမှာပင် ကိုယ်တော်အားကြမ်းတမ်းစွာပြုမူဆက်ဆံခြင်းအတွက် ထိုသူများအားသူအပြစ်တင်ခဲ့ပါသည်။ ဟေရုဒ်မင်းသည် ခရစ်တော်၏တည်ကြည်ငြိမ်သက်သောမျက်နှာတော်ကို ကြင်နာသနားစွာဖြင့်ကြည့်လိုက်ရာ ကိုယ်တော်၌ဉာဏ်အမြော်အမြင်နှင့်သန့်ရှင်းစင်ကြယ်မှုများကိုသာ တွေ့မြင်နေရပါသည်။ သူသည်လည်း ပိလတ်မင်းကဲ့သို့ပင် ခရစ်တော်အနေဖြင့်ရန်ငြိုးဖွဲ့မှုနှင့်မနာလိုဝန်တိုမှုများကြောင့် ယခုကဲ့သို့စွဲချက်တင်ခံနေရကြောင်း သိရှိလက်ခံလာခဲ့ပါသည်။

ဟေရုဒ်မင်းသည် ခရစ်တော်အားမေးခွန်းများမေးခဲ့သော်လည်း ကိုယ်တော်သည်မည်သို့မျှဖြေဆိုခြင်းမရှိဘဲ တိတ်ဆိတ်လျက်သာနေတော်မူ၏။

ထိုအချိန်တွင် မင်းကြီး၏အမိန့်ဖြင့်အိုမင်းမစွမ်းသောသူများနှင့် ကိုယ်အင်္ဂါချို့တဲ့သူများကိုရှေ့တော်သို့ခေါ်သွင်းလာကာ၊ ခရစ်တော်အားမိမိပြောဆိုချက်များကို နိမိတ်လက္ခဏာတစ်ခုပြခြင်းအားဖြင့်သက်သေပြရန် မင်းကြီးကအမိန့်ပေးလိုက်ပါသည်။ "သင်သည်လူနာများကိုရောဂါပျောက်ကင်းစေနိုင်ကြောင်းကို လူအများပြောကြ၏။ နေရာအနှံ့တွင်နာမည်ကြီးနေသောထိုသတင်းသည် အမှန်ဟုတ်မဟုတ်ကို ကျွန်ုပ်တွေ့လိုလှပါသည်။ သင်သည်အခြားသူများအတွက်နိမိတ်လက္ခဏာပြနိုင်လျှင် ယခုအချိန်တွင် မိမိ၏အကျိုးအလို့ငှာပြတော်မူပါ။ သင့်အတွက်ကောင်းကျိုးပြုပါလိမ့်မည်" ဟု ဟေရုဒ်ကပြောဆို၏။ ထိုနောက် တစ်ဖန် "ကောလာဟလသတင်းပြေးနေသကဲ့သို့ သင်၌တန်ခိုးရှိကြောင်းကိုထင်ရှားရန် ကျွန်ုပ်အားနိမိတ်လက္ခဏာတစ်ခုပြပါ" ဟုလည်းထပ်လောင်း၍သူအမိန့်ပေးလိုက်ပါသည်။ သို့ရာတွင် ခရစ်တော်သည်မကြားမမြင်သောသူတစ်ဦးကဲ့သို့တိတ်ဆိတ်လျက်ရှိနေပါသည်။ သားတော်ဘုရားသည်လူဇာတိကိုခံယူထားသဖြင့် ထိုအခြေအနေမျိုးတွင်လူသားတစ်ဦးပြုသကဲ့သို့ပြုရမည်ဖြစ်ပါသည်။ ထိုကြောင့်ဤအနေအထားမျိုးတွင်ကျရောက်နေသောလူတစ်ဦးခံရမည့်နာကျင်မှုဝေဒနာနှင့်အသရေယုတ်မှုများမှ မိမိကိုယ်ကိုကယ်တင်ရန် နိမိတ်လက္ခဏာတစ်ခုကိုပြတော်မူလိမ့်မည်မဟုတ်ချေ။

အကယ်၍ခရစ်တော်သည် မိမိ၏ရှေ့မှောက်၌နိမိတ်လက္ခဏာတစ်ခုပြတော်မူခဲ့လျှင် ဖမ်းဆီးထားရာမှလွှတ်ပေးမည်ဟု ဟေရုဒ်မင်းကြီးက ကတိပြုခဲ့ပါသည်။ ခရစ်တော်အားတရားစွဲဆိုထားသောသူများသည် ကိုယ်တော်ရှင်ပြုတော်မူခဲ့သောနိမိတ်လက္ခဏာများကို ကိုယ်မျက်စိဖြင့်မြင်တွေ့ခဲ့ဖူးကြပါသည်။ သင်္ချိုင်းထဲမှလူသေကိုရှင်ပြန်ထမြောက်ခိုင်းသည့် ကိုယ်တော်၏မိန့်တော်မူသံကိုလည်း သူတို့ကြားခဲ့ဖူးကြပါသည်။ လူသေများသည် ကိုယ်တော်၏အမိန့်တော်ကိုနာခံ၍ထမြောက်ကြသည်ကိုလည်း သူတို့မြင်တွေ့ခဲ့ဖူးကြပါသည်။ ထိုကြောင့် ကိုယ်တော်ရှင်သည် ယခုအချိန်တွင်နိမိတ်လက္ခဏာတစ်ခုပြတော်မူမည်ကို သူတို့ကြောက်ရွံ့စိုးရိမ်နေကြပါသည်။ ကိုယ်တော်ရှင်သည် မိမိ၏တန်ခိုးတော်ကိုထုတ်ပြသမည်ကို သူတို့အကြောက်ရွံ့ဆုံးဖြစ်ပါသည်။





ထိုသို့တန်ခိုးပြခြင်းသည် ၎င်းတို့၏အကြံအစည်များကိုလုံးဝပျက်ပြားသွားစေလိမ့်မည်ဖြစ်ပြီး၊ ၎င်းတို့၏အသက်ကိုပင် အန္တရာယ်ရှိလာနိုင်ပါသည်။ ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် စိုးရိမ်ပူပန်သောစိတ်နှင့်ကိုယ်တော်အား နောက်တစ်ဖန်စွဲချက်တင်ပြန်ပါသည်။ ခရစ်တော်သည် နိုင်ငံတော်သစ္စာဖောက်တစ်ဦးဖြစ်ကြောင်း၊ ဘုရားသခင်ကိုပြစ်မှားသောသူတစ်ဦးဖြစ်ကြောင်း ၎င်းပြုသောနိမိတ်လက္ခဏာများသည် နတ်ဆိုးမင်းကြီးဗေလဇေဗုလထံမှရရှိသည့်တန်ခိုးများကို အသုံးပြု၍လုပ်ဆောင်ခြင်းသာဖြစ်ကြောင်းများကို အသံမြှင့်၍သူတို့အော်ဟစ်ကြွေးကြော်ခဲ့ကြပါသည်။ တစ်ယောက်တစ်ပေါက်အော်ဟစ်ပြောဆိုသံများကြောင့် ထိုခန်းမကြီးသည် စိတ်ရှုပ်ထွေးစရာမြင်ကွင်းတစ်ခုဖြစ်လာခဲ့ပါသည်။

ဟေရုဒ်မင်းသည် နှစ်ခြင်းဆရာယောဟန်၏ဦးခေါင်းကို ဟေရောဒိမိဖုရားကတောင်းခံမှုကြောင့် ကြောက်ရွံ့တုန်လှုပ်သွားစဉ်အခါကထက်၊ ယခုအချိန်တွင် ပို၍ပင်အမြော်အမြင်နည်းပါးခဲ့ပါသည်။ အခိုက်အတန့်အားဖြင့် မိမိပြုမှားမိခဲ့သောကြောက်လန့်စရာအပြုအမူအတွက် သံဝေဂတရားအကြီးအကျယ်ရရှိခဲ့သော်လည်း ၎င်းအပျော်အပါးလိုက်စားသောအသက်တာကြောင့် ကိုယ်ကျင့်တရားနှင့်ပတ်သက်သောအသိအမြင်စိတ်များသည် ပို၍ပို၍သာယုတ်ညံ့လာပါတော့သည်။ ယခုအချိန်တွင် မိမိအနေဖြင့်ဆရာယောဟန်အားပေးခဲ့သောအပြစ်ဒဏ်မျိုးကို ခရစ်တော်အားပေးလိုကပေးနိုင်ကြောင်းဝါကြွားလာသည့်အခြေအထိ ဟေရုဒ်မင်းကြီး၏စိတ်နှလုံးသည်မာကျောလာခဲ့ပါသည်။ ၎င်းပြင် မိမိကိုယ်တော်အားလွှတ်လိုကလွှတ်၍ အပြစ်စီရင်လိုကစီရင်ပိုင်ခွင့်အာဏာရှိကြောင်း ထပ်ခါတလဲလဲပြောကာ ခရစ်တော်အားသူခြိမ်းခြောက်နေပါသည်။ သို့ရာတွင် ခရစ်တော်သည် ၎င်းပြောသောစကားတစ်လုံးကိုမျှကြားသည့်လက္ခဏာပြတော်မမူခဲ့ချေ။

ကိုယ်တော်သည် မည်သို့မျှပြန်လည်ဖြေဆိုခြင်းမပြုသည့်အတွက် ဟေရုဒ်မင်းကြီးသည်စိတ်ဆိုးလာခဲ့ပါသည်။ ကိုယ်တော်၏အပြုအမူသည် ၎င်း၏အာဏာတန်ခိုးကိုလုံးလုံးဂရုမထားသည့်သဘောကို ဖော်ညွှန်းနေသယောင်

ဖြစ်နေပါသည်။ အဆင်အခြင်ကင်းမဲ့ပြီး၊ ဝင့်ဝါတတ်သောထိုမင်းကြီးအတွက် ဖွင့်ဟဆုံးမခြင်းသည် ယခုကဲ့သို့လျစ်လျူရှုခြင်းလောက် စိတ်ထိခိုက်စေလိမ့်မည်မဟုတ်ချေ။ မလှုပ်မယှက်တိတ်ဆိတ်ဆဲရှိသောခရစ်တော်အား ဒေါသတကြီးဖြင့် နောက်တစ်ဖန်သူကြိမ်းမောင်းပြန်ပါသည်။

ဤလောကကမ္ဘာတွင်ပြုလုပ်ဆောင်ရွက်ရမည့် ခရစ်တော်၏အမှုတော်လုပ်ငန်းသည် အချည်းနှီးသောစပ်စုမှုများနှင့်ကျေနပ်နှစ်သိမ့်နေရန်မဟုတ်ချေ။ ကိုယ်တော်သည် စိတ်နှလုံးကြေကွဲသူများကိုကုသရန် ကြွလာတော်မူခဲ့ပါသည်။ ဒုစရိုက်၏နာမကျန်းမှုများကြောင့်ထိခိုက်ပွန်းပဲ့လျက်ရှိကြသော အသက်ဝိညာဉ်များကိုကုသရန် မည်သည့်စကားကိုမဆိုကိုယ်တော်ပြောတော်မူမည်ဖြစ်သော်လည်း သမ္မာတရားကိုနင်းချေနေသော ညစ်ညမ်းသည့်ခြေထောက်အောက်တွင်ရောက်ရှိနေကြသူများအတွက် မည်သည့်စကားတစ်လုံးကိုမျှ မိန့်တော်မမူခဲ့ချေ။

ခရစ်တော်သည် စိတ်နှလုံးမာကျောသောဟေရုဒ်မင်း၏နားကိုထုတ်ချင်းထိုးဖောက်သွားနိုင်သည့်စကားများကို ပြောမည်ဆိုကပြောနိုင်တော်မူပါသည်။ ဟေရုဒ်၏အသက်တာတွင်ပြုခဲ့သောအရာများနှင့် မကြာမီအချိန်တွင် ၎င်းအပေါ်ကျရောက်တော့မည့်ပြစ်ဒဏ်စီရင်မှုများကို ၎င်း၏ရှေ့တွင်ထင်ရှားစွာထုတ်ဖော်ပြသခြင်းအားဖြင့် ၎င်းအားကြောက်လန့်တုန်လှုပ်သွားအောင် ခရစ်တော်လုပ်မည်ဆိုက လုပ်နိုင်တော်မူပါသည်။ သို့ရာတွင် ဤကဲ့သို့ဆိတ်ဆိတ်နေခြင်းသည် ခရစ်တော်ပေးနိုင်သည့်ဆုံးမပဲ့ပြင်မှုများတွင် အပြင်းထန်ဆုံးသောဆုံးမပဲ့ပြင်မှုတစ်ခုဖြစ်ပါသည်။ ဟေရုဒ်မင်းကြီးသည် အကြီးမြတ်ဆုံးသောပုရောဖက်ကြီးထံမှ ကြားခဲ့ရသောတရားတော်ကိုငြင်းပယ်ခဲ့ပြီး၊ အခြားမည်သည့်သမ္မာတရားကိုမျှလက်ခံခြင်းမရှိခဲ့ချေ။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်၌ ၎င်းအတွက်မိန့်တော်မူစရာမည်သည့်စကားမျှမရှိတော့ချေ။ လူသားများ၏ဒုက္ခဆင်းရဲမှုများကိုကြားနာရန် အမြဲတမ်းနားစွင့်လျက်ရှိသော ကိုယ်တော်၏နားတော်၌ ဟေရုဒ်၏အမိန့်ပေးသံအတွက်နေရာမရှိတော့ချေ။ နောင်တရသောအပြစ်သားများကို သနားကြင်နာစွာခွင့်လွှတ်တတ်



သောမေတ္တာအားဖြင့် အမြဲတမ်းကြည့်တော်မူခဲ့သောမျက်ဝန်းတော်သည် ဟေရုဒ်မင်းအားကြည့်ရှုတော်မမူတော့ချေ။ စိတ်နှလုံးထဲတွင်စွဲမြဲစရာအကောင်းဆုံးသော သမ္မာတရားကိုဖွင့်ဟခဲ့သော အပြစ်အများဆုံးသောအပြစ်သားများနှင့် အယုတ်ညံ့ဆုံးသောအပြစ်သားနှင့်အတူ သိမ်မွေ့နူးညံ့သောအသံဖြင့်အသနားခံခဲ့သော ကိုယ်တော်၏နှုတ်တော်သည် မိမိအားမလိုအပ်ဟုအထင်ရှိသောမာနထောင်လွှားသည့်ဤမင်းကြီးအတွက် မဖွင့်ဟတော့ချေ။

ဟေရုဒ်မင်းကြီး၏မျက်နှာသည် တဖြည်းဖြည်းမည်းလာပြီး လူထုကြီးဘက်သို့လှည့်ကြည့်လိုက်ကာ ခရစ်တော်အားအယောင်ဆောင်လှည့်ဖြားသူတစ်ဦးအဖြစ် လူသိရှင်ကြားစွပ်စွဲပြောဆိုလိုက်ပါသည်။ ထိုနောက်ခရစ်တော်ဘက်သို့လှည့်ကာ သင်ပြောသည့်အတိုင်းမှန်ကန်ကြောင်းအထောက်အထားမပြနိုင်လျှင် သင့်အားယုဒလူအုပ်ကြီးနှင့်ရောမစစ်သားများလက်ထဲသို့အပ်လိုက်တော့မည်ဟုသူပြောဆိုခဲ့ပါသည်။ ထိုသူများသည် သင့်အားစကားပြောလာအောင်လုပ်နိုင်ကောင်းလုပ်နိုင်ကြလိမ့်မည်။ အကယ်၍သင်သည်အယောင်အဆောင်သမားတစ်ဦးဖြစ်နေလျှင် သင်အတွက်ခံစားထိုက်သောအရာမှာ ၎င်းတို့၏လက်ထဲတွင်အသေခံခြင်းသာဖြစ်လိမ့်မည်။ အကယ်၍သင်သည်ဘုရားသခင်၏သားတော်ဖြစ်ခဲ့ပါလျှင် နိမိတ်လက္ခဏာတစ်ခုပြခြင်းအားဖြင့် သင့်ကိုယ်သင်ကယ်တင်ပါဟု သူကပြောဆိုခဲ့ပါသည်။

ထိုသို့ပြောကြားပြီးနောက်မကြာမီမှာပင် သူတို့သည်ခရစ်တော်အားဇွတ်အတင်းဆွဲခေါ်သွားခဲ့ကြပါသည်။ တောသားရဲများသည် သားကောင်တစ်ကောင်ကိုဝိုင်း၍ကိုက်ဖက်နေသည့်နှယ် ကိုယ်တော်အားလူထုကြီးကဝန်းရံထားကြပါသည်။ ခရစ်တော်အားဆွဲရန်းခေါ်ဆောင်သွားကြရာ ဟေရုဒ်သည်လည်းသားတော်ဘုရားအား အသရေယုတ်ညံ့အောင်ကြိုးစားမှုတွင် ထိုလူအုပ်ကြီးနှင့်ပူးပေါင်းခဲ့ပါသည်။ ရောမစစ်သားများကသာ စိတ်ရူးပေါက်နေသောလူအုပ်ကြီးအား ကြားဝင်၍မတားဆီးခဲ့လျှင် ခရစ်တော်၏ခန္ဓာကိုယ်သည်တစ်စစီဖြစ်သွားခဲ့ပါလိမ့်မည်။

"ဟေရုဒ်မင်းသည်စစ်သူရဲတို့နှင့်တကွ ကိုယ်တော်ကိုမခန့်မညားလုပ်ကာပြက်ရယ်ပြု၍ တင့်တယ်သောအဝတ်ကိုဝတ်စေ၏။" မတရားသော

ဤလုပ်ဆောင်မှုတွင် ရောမစစ်သားများသည်လည်း ပါဝင်လုပ်ဆောင်ခဲ့ကြပါသည်။ ဟေရုဒ်နှင့်တကွယုဒအာဏာပိုင်များ၏ကူညီထောက်မမှုကိုရရှိသည့် ထိုအကျင့်ပျက်ဆိုးယုတ်သောရောမစစ်သားများက လှုံ့ဆော်ပေးသောအရာအားလုံးကို ခရစ်တော်အပေါ်သို့ပုံချခဲ့ကြပါသည်။ သို့စေကာမူ ကိုယ်တော်၏ မြင့်မြတ်သောသည်းခံခြင်းအရာသည် ယုတ်လျော့သွားခြင်းမရှိခဲ့ချေ။

ခရစ်တော်ကိုနှိပ်စက်ညှဉ်းပန်းခဲ့သောသူများသည် ကိုယ်တော်၏ စာရိတ္တတော်အား မိမိတို့၏စာရိတ္တတော်နှင့်တိုင်းတာရန်ကြိုးစားခဲ့ကြပါသည်။ မိမိတို့ယုတ်မာသကဲ့သို့ ကိုယ်တော်လည်းယုတ်မာသောသူတစ်ဦးဖြစ်သည်ဟု သူတို့ရုပ်လုံးဖော်ခဲ့ကြပါသည်။ လက်ရှိဖြစ်ပျက်နေသောမြင်ကွင်းများ၏နောက်ကွယ်၌ တစ်နေ့သောအခါတွင် ဘုန်းတော်နှင့်ထင်ရှားလာမည့်ကိုယ်တော်၏ မြင်ကွင်းသည် အလိုအလျောက်ပေါ်ထွက်လာခဲ့ပါသည်။ ခရစ်တော်၏ရှေ့မှောက်တွင် ကြောက်ရွံ့တုန်လှုပ်နေသူအချို့လည်းရှိကြပါသည်။ ကြမ်းတမ်းခက်ထန်သောလူအုပ်ကြီးသည် ကိုယ်တော်ရှင်အားပြက်ရယ်ပြုသည့်အနေဖြင့် ဦးညွှတ်ဖို့ရာရှေ့သို့ရောက်လာကြစဉ်တွင် ထိုသူများနှင့်အတူပြက်ရယ်ပြုရန် လာခဲ့ကြသူတချို့သည် ကြောက်ရွံ့ဆိတ်ငြိမ်စွာဖြင့်ပြန်လှည့်သွားခဲ့ပါသည်။ ကရုဏာရောင်ခြည်တော်၏နောက်ဆုံးသောအလင်းတန်းကလေးသည် အပြစ်ကြောင့်မာကျောနေသောသူ၏စိတ်နှလုံးပေါ်တွင် ကျရောက်ထွန်းလင်းလျက်ရှိပါသည်။ လူသားဇာတိတော်တွင် ဘုရားဇာတိတော်ထွန်းလင်းတောက်နေသည့်အတွက် ကိုယ်တော်သည်သာမန်လူသားတစ်ဦးမဖြစ်နိုင်ကြောင်း၊ သူသိရှိခဲ့ပါသည်။ ပြက်ရယ်ပြုသူများ၊ သူတစ်ပါးမယားကိုကြာခိုသူများနှင့် လူသတ်သမားများကဝိုင်းထားသောကိုယ်တော်အား ဟေရုဒ်မင်းကြည့်ရှုနေစဉ်တွင် ပလ္လင်တော်ထက်၌စိုးစံနေသော ဘုရားတစ်ဆူကိုမိမိကြည့်ရှုနေရသည့်နှယ် ၎င်းခံစားခဲ့ရပါသည်။

ဟေရုဒ်မင်းသည်ကြောက်ရွံ့စိတ်များပေါ်လာသဖြင့် ခရစ်တော်အပေါ် ၎င်းတို့စီရင်ထားသောအပြစ်ဒဏ်ကိုအတည်မပြုဝံ့ချေ။ ကြောက်လန့်ဖွယ်ရာကောင်းသော ဤတာဝန်မှကင်းဝေးလိုသောဆန္ဒဖြင့် ဟေရုဒ်သည်ခရစ်တော်အား ရောမတရားရုံးသို့ပြန်၍ပို့လိုက်ပါသည်။



ပိလတ်မင်းသည်စိတ်ပျက်သွားကာ စိတ်မကျေမနပ်ဖြစ်သွားခဲ့ပါ သည်။ ယုဒလူများသည် ၎င်းတို့၏အကျဉ်းသားကို မိမိထံသို့ပြန်၍ခေါ်လာကြသောအခါ ၎င်းတို့သည်ကိုယ်တော်အား မည်သို့မည်ပုံဆက်ဆံခဲ့ကြသည်ကိုစိတ်မရှည်စွာဖြင့် သူမေးလိုက်ပါသည်။ မိမိအနေဖြင့် ခရစ်တော်အားစစ်ဆေးမေးမြန်းခဲ့ပြီးဖြစ်သော်လည်း မည်သည့်အပြစ်တစ်စုံတစ်ရာမျှမတွေ့ကြောင်း၊ ပိလတ်မင်းကသတိပေးစကားပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် ကိုယ်တော်အားပြစ်တင်စွပ်စွဲမှုများပြုခဲ့ကြသော်လည်း ထိုစွဲချက်များအတွက် မည်သည့်သက်သေအထောက်အထားတစ်စုံတစ်ခုကိုမျှမပြနိုင်ခဲ့ကြဟု ပိလတ်မင်းကပြောဆိုခဲ့ပါသည်။ မိမိ၏နယ်ထဲမှတစ်နယ်ဖြစ်သော ဂါလိလဲနယ်၏ဘုရင်ခံဖြစ်သော ဟေရုဒ်မင်းထံသို့လည်း ခရစ်တော်အားလွှဲအပ်ကာစစ်ဆေးမေးမြန်းစေခဲ့ပြီးဖြစ်သော်လည်း သေဒဏ်ပေးလောက်အောင်အပြစ်တစ်စုံတစ်ရာမတွေ့ရှိခဲ့ရချေ။ ထို့ကြောင့် "သူ့ကိုငါဆုံးမ၍လွှတ်မည်" ဟု ပိလတ်မင်းကပြောဆိုလိုက်ပါသည်။

ဤနေရာတွင်ပိလတ်မင်းသည် မိမိအားနည်းချက်များကိုဖော်ပြနေပါသည်။ ခရစ်တော်သည် အပြစ်မဲ့သောသူတစ်ဦးဖြစ်ကြောင်းဖော်ပြခဲ့သော်လည်း စွပ်စွဲသူများစိတ်ကျေနပ်သွားစေရန် ကိုယ်တော်အားကြိမ်ဒဏ်ပေးဖို့ သူဆန္ဒပြင်းပြခဲ့ပါသည်။ သူသည်လူအုပ်ကြီးနှင့်အဆင်ပြေစေရန် တရားမျှတမှုနှင့်စည်းမျဉ်းများကိုအရှုံးခံ၍စတေးခဲ့ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းအားအရေးနိမ့်သွားစေခဲ့ပါသည်။ လူအုပ်ကြီးသည် သူ၏ဆုံးဖြတ်ချက်မချနိုင်ခြင်းအပေါ်တွင်ရောင့်တက်လာကာ ခရစ်တော်၏အသက်ကိုပင်အော်ဟစ်တောင်းခံလာခဲ့ကြပါသည်။ ပိလတ်မင်းသည် အစကနဦးတွင်ခိုင်မာစွာရပ်တည်ပြီး၊ အပြစ်မဲ့သူတစ်ဦးအားအပြစ်မစီရင်ဖို့ဆုံးဖြတ်ခဲ့လျှင် တစ်သက်ပတ်လုံးနောင်တသံဝေဂရစရာလိုတော့မည်မဟုတ်သည့်ပြင် အသက်ရှင်သမျှကာလပတ်လုံး မိမိအားချည်နှောင်ထားမည့်ဒုစရိုက်အချည်အနှောင်ကြီးကိုလည်း ဖြတ်တောက်နိုင်ခဲ့လိမ့်မည်ဖြစ်ပါသည်။ မိမိသိရှိထားသည့်အမှန်တရားအတိုင်း သူလုပ်ဆောင်ခဲ့မည်ဆိုလျှင် ထိုယုဒများသည်၎င်းထံတွင် ထိုကဲ့သို့ဆင့်ဆို

လာရဲတော့မည်မဟုတ်ချေ။ ခရစ်တော်သည် အသေခံရလိမ့်မည်မှာသေချာပါသည်။ သို့ရာတွင် ထိုကိစ္စနှင့်ပတ်သက်သောဒုစရိုက်မှုသည် သူနှင့်ကင်းရှင်းခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့သော်ပိလတ်မင်းသည် ဩတ္တာပ္ပစိတ်၏လှုံ့ဆော်မှုကိုတစ်ထစ်ချင်းဆန့်ကျင်လုပ်ဆောင်ခဲ့ပါသည်။ သူသည်တရားမျှတစွာ သာတူညီမျှတရားစီရင်မှုမပြုခဲ့သည့်အတွက် ယခုတွင်ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများလက်ထဲတွင် မိမိကိုယ်ကိုခိုကိုးရာမဲ့ဖြစ်နေကြောင်းတွေ့ရပါသည်။ ၎င်း၏မတည်ငြိမ်မှုများနှင့်ဆုံးဖြတ်ချက်မချနိုင်ခြင်းများသည် ၎င်းအားပျက်စီးခြင်းသို့ရောက်စေခဲ့ပါသည်။

ဘုမသိဘမသိမလုပ်ဆောင်မိစေရန် ယခုအချိန်တိုင်အောင်ပိလတ်မင်းအား ဘုရားသခင်စွန့်ပစ်ထားတော်မမူခဲ့ချေ။ ၎င်းအနေနှင့်ကျူးလွန်တော့မည့်ဆဲဆဲအပြစ်တစ်ခုကိုမကျူးလွန်စေရန် ဘုရားသခင်ထံမှသတင်းစကားတစ်ခုအားဖြင့် ပိလတ်မင်းအားသတိပေးခဲ့ပါသည်။ ခရစ်တော်၏ဆုတောင်းသံကိုနားညောင်းသည့်အနေဖြင့် ကောင်းကင်တမန်တစ်ပါးသည် ပိလတ်မင်း၏မိဖုရားထံသို့ရောက်ရှိလာခဲ့ပါသည်။ သူမသည်အိပ်မက်ထဲတွင် ခရစ်တော်နှင့်တွေ့ဆုံစကားပြောခဲ့ရပါသည်။ သူမသည် ယုဒလူမျိုးတစ်ဦးမဖြစ်သော်လည်း အိပ်မက်ထဲတွင်ခရစ်တော်ကိုတွေ့မြင်ရသောအခါ ကိုယ်တော်လုပ်ဆောင်လျက်ရှိသောအမှုတော်အပေါ် လုံးဝသံသယမဖြစ်တော့ချေ။ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို သူမသိရှိလာခဲ့ပြီး၊ ထိုပုဂ္ဂိုလ်သည် တရားခွင်တွင်အမှုစစ်ဆေးခြင်းခံနေရကြောင်းကိုလည်း သူမတွေ့မြင်ခဲ့ပါသည်။ ရာဇဝတ်သား၏လက်များကိုလည်းချည်နှောင်သည့်နှယ် တင်းတင်းကျပ်ကျပ်ကိုယ်တော်၏လက်များကိုတုပ်နှောင်ထားကြသည်ကိုလည်းကောင်း၊ ဟေရုဒ်နှင့်၎င်း၏စစ်သားများသည် ကြောက်လန့်ဖွယ်ရာများကိုလုပ်ဆောင်နေကြောင်းကိုလည်းကောင်း အိပ်မက်ထဲတွင်သူမမြင်တွေ့ခဲ့ရပါသည်။ "ကျွန်ုပ်တို့၏ဓမ္မသတ်အတိုင်းသူသည်သေထိုက်ပါသည်" ဟူ၍မနာလိုဝန်တိုမှုများနှင့် ရန်ငြိုးထားမှုများ၏လှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်သောရှူးရှူးမိုက်မိုက်စွပ်စွဲသံများကိုလည်း သူမကြားခဲ့ရပါသည်။ ပိလတ်မင်းကြီးသည်



ဤသူ၌အဘယ်အပြစ်ကိုမျှငါမတွေ့ဟုဆိုပြောသော်လည်း ခရစ်တော်အားကြိမ်ဒဏ်ပေးခဲ့သည်ကိုလည်း အိပ်မက်ရူပါရုံထဲတွင်သူမမြင်တွေ့ခဲ့ရပါသည်။ ပိလတ်မင်း၏အပြစ်စီရင်ချက်ချသံကိုသူမကြားခဲ့ရပြီး၊ ခရစ်တော်အားလူသတ်သမားများလက်ထဲသို့အပ်လိုက်သည်ကိုလည်း သူမမြင်ခဲ့ရပါသည်။ ကရာနီကုန်းထက်မှစိုက်ထူထားသည့်ကပ်တိုင်ကိုလည်း သူမမြင်ခဲ့ရပါသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် အမှောင်ထုဖုံးလွှမ်းနေသည်ကိုသူမမြင်ခဲ့ရပြီး၊ အမှုပြီးပြီဟူသောအော်ဟစ်သံကိုလည်း သူမကြားခဲ့ရပါသည်။ နောက်ထပ်ဆက်တိုက်သူမမြင်တွေ့ခဲ့ရသောမြင်ကွင်းမှာ ဤကမ္ဘာကြီးသည် လွတ်လပ်လဟာကြီးထဲတွင်ချာချာလည်နေစဉ်တွင် ခရစ်တော်သည် မိုးတိမ်ကိုစီး၍ကြွလာသည်ကိုလည်းကောင်း၊ လူသတ်သမားများသည် ဘုန်းတော်ထွန်းတောက်နေသောကိုယ်တော်၏ရှေ့မှောက်မှထွက်ပြေးသွားကြသည်ကိုလည်းကောင်း အိပ်မက်ရူပါရုံတွင်သူမမြင်တွေ့ခဲ့ရပါသည်။ ထိုနောက် ကြောက်လန့်တကြားသူမအော်ဟစ်လိုက်စဉ်တွင် အိပ်ရာမှလန့်နိုးခဲ့ပါသည်။ သို့နှင့်ချက်ချင်းပင် သတိပေးစကားများကိုရေးချကာ ပိလတ်မင်းထံသို့စာချွန်တော်ပေးပို့ခဲ့ပါသည်။

ပိလတ်မင်းသည် မည်သို့ဆုံးဖြတ်ချက်ချရမည်ကိုစဉ်းစားနေစဉ်တွင် စေတမန်တစ်ဦးသည် လူအုပ်ကြီးထဲမှတိုးဝင်လာကာ ထိုစာချွန်တော်ကို ၎င်း၏လက်ထဲသို့ပေးအပ်လိုက်ပါသည်။ စာထဲတွင် "ထိုဖြောင့်မတ်သောသူကိုအဘယ်သို့မျှမပြုပါနှင့်။ ယနေ့ပင်ကျွန်မသည် ထိုသူကြောင့်အိပ်မက်၌ပြင်းစွာခံရပါပြီ" ဟူ၍ဖတ်ရှုလိုက်ရပါသည်။

ပိလတ်မင်း၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားပါသည်။ ဖီလာဆန့်ကျင်နေသောခံစားမှုများကြောင့် သူစိတ်ရှုပ်ထွေးသွားခဲ့ပါသည်။ သူသည်ဆုံးဖြတ်ချက်ချရန်ကြန့်ကြာနေသဖြင့် ယဇ်ပုရောဟိတ်များသည် ထိုလူအုပ်ကြီးအားမီးထိုးပေးနေပါသည်။ ပိလတ်မင်းအားအတင်းအကျပ်ဆုံးဖြတ်ချက်ချခိုင်းကြပါသည်။ သူသည်ခရစ်တော်အားလွှတ်ပေးနိုင်မည့်ရိုးရာဓလေ့တစ်ခုကို ယခုမှသတိရလာခဲ့ပါသည်။ ပသခါပွဲအချိန်တွင် လူထုကြီးမှရွေးပေးသည့်အကျဉ်းသားတစ်ဦးကို ထောင်မှလွှတ်ရိုးထုံးစံရှိပါသည်။ ထိုဓလေ့ထုံးစံကို

ရုပ်တုကိုးကွယ်သူများကတီထွင်ထားခြင်းဖြစ်ပါသည်။ ထိုဓလေ့ထုံးစံတွင် တရားမျှတမှုစိုးစဉ်းမျှမပါရှိသော်လည်း ယုဒလူများကအလွန်တန်ဖိုးထားခဲ့ကြပါသည်။ ထိုအချိန်တွင် ရောမအာဏာပိုင်များသည် ဗာရဗ္ဗဟုခေါ်သည့် သေဒဏ်ပေးခြင်းခံရသောအကျဉ်းသားတစ်ဦးကိုချုပ်နှောင်ထားပါသည်။ ဤသူသည်မိမိကိုယ်ကိုမေရှိယဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့ပါသည်။ ကမ္ဘာကြီးအားကောင်းမွန်လာအောင် အရာရာကိုစီစဉ်တကျတည်ထောင်ရန် သူ၌တန်ခိုးအာဏာရှိပါသည်ဟုဆိုပါသည်။ မိမိခိုးဆိုးတိုက်ခိုက်ခြင်းမှရသည့်ပစ္စည်းများသည် မိမိပိုင်ဖြစ်ကြောင်း စာတန်၏လှည့်ဖြားမှုအောက်တွင်သူဖွင့်ဆိုခဲ့ပါသည်။ နတ်ဆိုးများ၏တန်ခိုးများကိုအသုံးပြုကာ ထူးဆန်းအံ့ဩဖွယ်ရာများကိုသူပြုလုပ်ခဲ့ပါသည်။ သို့နှင့်လူအများသည်သူ့ဘက်သို့ပါလာခဲ့ကြရာ ထိုလူများကိုအသုံးပြုကာ ရောမအာဏာပိုင်များကိုပုန်ကန်ထကြွမှုပြုလုပ်ခဲ့ပါသည်။ သူသည်ဘာသာရေးစိတ်အားထက်သန်မှုအရေကိုခြုံထားသည့်မာကျောခက်ထန်သောလူယုတ်မာတစ်ဦးဖြစ်ပြီး၊ ပုန်ကန်ထကြွရန်နှင့်ရက်စက်ကြမ်းကြုတ်မှုများကိုလုပ်ရန် ဝါသနာထုံသူတစ်ဦးဖြစ်ပါသည်။ ဤသူနှင့်အပြစ်မဲ့သောခရစ်တော်အကြား ရွေးချယ်ပေးခြင်းအားဖြင့် ထိုသူများ၏တရားမျှတသောစိတ်ကိုပြန်လည်နှိုးဆွပေးနိုင်လိမ့်မည်ဟု ပိလတ်မင်းယူဆခဲ့ပါသည်။ ယုဒလူကြီးအနေနှင့်ယဇ်ပုရောဟိတ်များကိုဆန့်ကျင်ကာ ခရစ်တော်အားကရုဏာသက်ကြရန်သူလိုလားခဲ့ပါသည်။ ထို့ကြောင့် လူအုပ်ကြီးဘက်သို့လှည့်လိုက်ကာ သင်တို့သည်အဘယ်သူကိုလွှတ်စေချင်သနည်း။ ဗာရဗ္ဗကိုလွှတ်စေချင်သလော။ ခရစ်ဟုခေါ်သောယေရှုကိုလွှတ်စေချင်သလောဟု မျှော်လင့်ချက်ကြီးစွာဖြင့်မေးလိုက်ပါသည်။

တောရိုင်းတိရစ္ဆာန်များ၏ဟိန်းသံများနှယ် ထွက်ပေါ်လာသောလူအုပ်ကြီး၏အဖြေမှာ အကျွန်ုပ်တို့အားဗရဗ္ဗကိုလွှတ်ပါလော့ဟူ၍ဖြစ်၏။ ဗာရဗ္ဗ ဗာရဗ္ဗဆိုသောအသံသည် ပို၍ပို၍သာကျယ်လောင်ဆူညံလာပါတော့သည်။ မိမိမေးသောမေးခွန်းကိုထိုလူများနားမလည်သောကြောင့် ထိုသို့ဖြေတာလားဟုသံသယဖြစ်ကာ "ပိလတ်မင်းက သင်တို့သည်ယုဒရှင်ဘုရင်ကိုလွှတ်စေ



ချင်သလောဟုမေးပြန်၏။ ထိုအခါ ထိုသူကိုထုတ်ပါလော့။ အကျွန်ုပ်တို့အား၊ ဗာရဗ္ဗအားလွှတ်ပါလော့ဟု ထိုသူများကနောက်တစ်ဖန်အော်ဟစ်ကြပြန်၏။ သို့ဖြစ်လျှင် ခရစ်ဟုခေါ်ဝေါ်သောယေရှုကို အဘယ်သို့ပြုရမည်နည်းဟုမေးသော် ထိုသူအပေါင်းတို့က လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းခံပါလေစေဟု နတ်ဆိုးသံများနှင့်တူသော ပွတ်ပွတ်ရိုက်နေသောလူအုပ်ကြီး၏အော်ဟစ်သံများပေါ်ထွက်လာခဲ့ပါသည်။ နတ်ဆိုးများကိုယ်တိုင်လူယောင်ဆောင်၍ လူအုပ်ကြီးထဲတွင်ပါဝင်ကြကာ "သူသည်လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းကိုခံရပါလေစေ" ဟုအော်ဟစ်ခဲ့ကြခြင်းဖြစ်ပါသည်။

ပိလတ်မင်းသည်စိတ်ဒုက္ခရောက်သွားပါသည်။ ထိုကဲ့သို့ဖြစ်လာခဲ့လိမ့်မည်ဟုသူမထင်မိခဲ့ချေ။ အပြစ်မဲ့သူတစ်ဦးကိုအလွန်မတန်ယုတ်ညံ့၍ ရက်စက်သောသေခြင်းမျိုးနှင့်အသေခံစေရမည်ကို သူမလိုလားခဲ့ချေ။ အော်ဟစ်သံများစဲသွားသောအခါ ပိလတ်မင်းသည်လူအုပ်ကြီးဘက်သို့လှည့်၍ အဘယ်ကြောင့်နည်း။ သူသည်အဘယ်အပြစ်ကိုပြုဘိသနည်းဟုမေးသော်လည်း အခြေအနေသည်ပို၍သာအငြင်းပွားစရာဖြစ်လာပါသည်။ သူတို့လိုချင်သောအရာမှာ ခရစ်တော်၏အပြစ်ကင်းသောအသက်တာနှင့်ပတ်သက်သော သက်သေအထောက်အထားမဟုတ်ဘဲ ခရစ်တော်၏အသက်ကိုဖြစ်နေပါသည်။

ပိလတ်မင်းသည်ကိုယ်တော်အား အသက်အန္တရာယ်မှကာကွယ်ပေးရန် ကြိုးစားလုပ်ဆောင်ဆဲဖြစ်ပါသည်။ "ထိုသူသည်အဘယ်အပြစ်ကိုပြုဘိသနည်း၊ သေထိုက်သောအပြစ်တစ်စုံတစ်ခုမျှသူ၌ငါမတွေ့။ ထို့ကြောင့်ငါဆုံးမ၍လွှတ်မည်" ဟုသုံးကြိမ်မြောက်အောင် ပိလတ်မင်းကပြောခဲ့၏။ သို့ရာတွင် ခရစ်တော်ကိုလွှတ်မည်ဟုပြောခြင်းသည် လူထုကြီးအားအလွန့်အလွန်သွေးကြွစေခဲ့သဖြင့် "ထိုသူကိုကပ်တိုင်၌ရိုက်ထားပါစေ" ဟု၎င်းတို့အော်ဟစ်ခဲ့ကြ၏။ ပိလတ်မင်း၏ဆုံးဖြတ်ချက်မမှန်ကန်မှုကြောင့် ဖြစ်ပေါ်လာသောထိုမုန်တိုင်းသည် ပို၍ပို၍သာပြင်းထန်လာပါတော့သည်။

ထိုနောက်ပင်ပန်းနွမ်းနယ်မှုကြောင့် အားပြတ်လုမတတ်ဖြစ်နေပြီး၊ တစ်ကိုယ်လုံးတွင်ဒဏ်ရာများနှင့်ပြည့်နေသော သခင်ယေရှုကိုခေါ်ဆောင်သွား

ကြကာ၊ လူထုကြီး၏ရှေ့မှောက်တွင်ကြိမ်ဖြင့်ရိုက်ခဲ့ကြပါသည်။ "ထိုအခါ စစ်သူရဲတို့သည် ကိုယ်တော်ကိုပြဲတောရိုရုံးတည်းဟူသော အိမ်တော်ဦးအတွင်းသို့ဆောင်သွား၍ စစ်သူရဲတစ်တပ်လုံးကိုစုရုံးစေပြီး ကိုယ်တော်အားနီမောင်းသောအဝတ်ကိုဝတ်စေ၍ ဆူးပင်နှင့်ရက်သောဦးရစ်ကိုတင်ပြီးလျှင် ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟု ကောင်းချီးစကားကိုပြောကြ၏။ --- တံတွေးနှင့်ထွေးခြင်း၊ ရှေ့တော်မှာဒူးထောက်၍ပျပ်ဝပ်ခြင်းကိုလည်းပြုကြ၏။" တစ်ခါတစ်ခါတွင် တချို့လူယုတ်မာများက ကိုယ်တော်၏လက်ထဲမှာထည့်ထားသည့်ကျူလုံးကိုရုတ်တရက်ဆွဲယူလိုက်ကာ ဆူးရစ်သရဖူအပေါ်မှနေ၍ရိုက်ချလိုက်ရာ ဆူးများသည်အသားတော်သို့စိုက်ဝင်သွားကာ သွေးများယိုစီးလာခဲ့ပါသည်။ ယိုစီးလာသောသွေးများသည် မျက်နှာပြင်မှတစ်ဆင့် မုတ်ဆိတ်မွေးများဆီသို့တစိမ့်စိမ့်ကျသွားခဲ့ပါသည်။

အို၊ ကောင်းကင်နှင့်မြေကြီးတို့အံ့အားသင့်ကြပါ။ နှိပ်စက်ကလူပြုနေကြသူများနှင့် အနှိပ်စက်ခံနေရသူကိုကြည့်ပါဦး။ စိတ်ရူးပေါက်နေသောလူအုပ်ကြီးသည် လောကသားများအားကယ်တင်မည့်ကိုယ်တော်ကို ဝန်းရံထားကြပါသည်။ ပြက်ရယ်ပြုခြင်းနှင့်လှောင်ပြောင်မှုများသည် ဘုရားကိုပြစ်မှားပြောဆိုသည့် ကြမ်းတမ်းသောဆဲရေးကျိန်ဆိုမှုများနှင့်ရောပွမ်းနေပါသည်။ ကိုယ်တော်၏နိမ့်ကျသောမွေးဖွားခြင်းနှင့် နှိမ့်ချသောအသက်တာသည် ခံစားမှုမရှိသောလူအုပ်ကြီးအတွက် ဝေဖန်စရာဖြစ်နေပါသည်။ မိမိသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဆိုသောမိန့်ဆိုချက်ကို သူတို့ပြက်ရယ်ပြုနေကြပြီး၊ ယုတ်ညံ့သောနောက်ပြောင်စကားများနှင့် မထီလေးစားပြုသည့်သရော်စကားများသည်သာ သူတို့၏နှုတ်ခမ်းမှထွက်ပေါ်လာနေလျက်ရှိပါသည်။

ကယ်တင်ရှင်အားမတရားစော်ကားမှုတွင် ကြမ်းကြုတ်သောလူအုပ်ကြီးအား စာတန်ကိုယ်တိုင်ဦးဆောင်ခဲ့ပါသည်။ သူ၏အကြံအစည်မှာ ဖြစ်နိုင်လျှင်ကိုယ်တော်ရှင်အနေနှင့် လက်တုံ့ပြန်လာအောင်ဆွပေးရန်ဖြစ်ပါသည်။ (သို့မဟုတ်) ကိုယ်တော်ရှင်သည် ကိုယ့်ကိုကိုယ်ကယ်တင်ဖို့နိမိတ်လက္ခဏာတစ်ခုကိုပြအောင်ဆွပေးရန်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ကယ်တင်ခြင်း



စီမံကိန်းကိုပျက်ပြားသွားအောင် သူကြိုးစားခဲ့ပါသည်။ ကြောက်လန့်စရာကောင်းသော ဤစမ်းသပ်ချက်ကိုတွေ့ကြုံရင်ဆိုင်ရာတွင် ကိုယ်တော်ရှင်၏လူသားအသက်တာတွင် စွန်းထင်းခဲ့သောအစွန်းအကွက်ကလေးတစ်ကွက်သည်လည်းကောင်း၊ ကိုယ်တော့်ဇာတိ၏ချို့ယွင်းလစ်ဟင်းမှုတစ်ခုသည်လည်းကောင်း၊ ဘုရားသခင်၏သိုးသငယ်အား မစုံမလင်သောယဇ်ကောင်တစ်ကောင်ဖြစ်သွားစေခဲ့လိမ့်မည်ဖြစ်ပြီး၊ လူသားများအတွက်လုပ်ဆောင်နေသောကယ်တင်ခြင်းလုပ်ငန်းသည်လည်း ပျက်ပြားသွားခဲ့လိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် အမိန့်ပေးလိုက်ရုံနှင့် မိမိအားကူညီမည့်ကောင်းကင်သားများကိုဆင့်ခေါ်နိုင်တော်မူ၍ မိမိဘုရားဇာတိ၏ဘုန်းတန်ခိုးတော်များကို တောက်ပထွန်းလင်းစေခြင်းဖြင့် ထိုလူအုပ်ကြီးကိုမိမိရှေ့မှကြောက်လန့်တကြားနှင့်ထွက်ပြေးသွားအောင် မောင်းထုတ်နိုင်တော်မူသောကိုယ်တော်သည် ရန့်ရင်းကြမ်းတမ်းသောစော်ကားမှုများနှင့်အကြမ်းဖက်မှုများကို တည်ငြိမ်မှုအပြည့်ဖြင့်ခေါင်းငုံ့ခံတော်မူခဲ့ပါသည်။

ကိုယ်တော်၏ဘုရားဇာတိတော်အတွက် အထောက်အထားအနေဖြင့် နိမိတ်လက္ခဏာတစ်ခုကိုပြရန် ခရစ်တော်အားရန်မူသူများကတောင်းဆိုခဲ့ကြပါသည်။ သူတို့ယခုတောင်းဆိုနေသည့်နိမိတ်လက္ခဏာထက် အဆမတန်ကြီးမြတ်သောနိမိတ်လက္ခဏာအတွက်အထောက်အထားကို သူတို့ရရှိခဲ့ပြီးဖြစ်ပါသည်။ ကြမ်းတမ်းခက်ထန်မှုများနှင့်ပြည့်စုံသောစိတ်ဓာတ်လှုံ့ဆော်မှုကြောင့် ကိုယ်တော်အားညှဉ်းပန်းသူများသည် လူသားများထက်နိမ့်ကျသော စာတန်၏ပုံသဏ္ဌာန်နှင့်တူသည့်တိုင်အောင် ယုတ်ညံ့သွားကြသည်နှင့်အမျှ ကိုယ်တော်၏နူးညံ့သိမ်မွေ့မှုနှင့်သည်းခံမှုများသည် လူသားများထက်မြင့်မြတ်သောအခြေအနေသို့ ခရစ်တော်အားမြှင့်တင်၍ ထာဝရဘုရားသခင်နှင့်တော်စပ်မှုရှိကြောင်းကိုထင်ရှားစေပါသည်။ ကိုယ်တော်ရှင်အားသိက္ခာကျဆင်းစေခဲ့သည့်အရာများသည် ကိုယ်တော်အားမြှောက်စားခြင်းခံရမှုအတွက် ခံဝန်ချက်တစ်ခုဖြစ်ပါသည်။ ကိုယ်တော်၏မျက်နှာတော်နှင့်မုတ်ဆိတ်များတွင် ယိုစီးကျဆင်းလာသည့်သွေးစက်များသည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးအနေဖြင့်

ဝမ်းမြောက်ခြင်းဆီနှင့်ဘိသိက်သွန်းလောင်းခြင်း၏ကတိဝန်ခံချက်တစ်ရပ်ဖြစ်ပါသည်။

ကယ်တင်ရှင်သည် မိမိအားပြုလုပ်နေကြသောမတရားမှုများအားလုံးကြောင့် နှုတ်ခမ်းများထဲမှညည်းညူသံကလေးကိုပင်ထွက်မလာခဲ့သည်ကိုမြင်တွေ့နေရဖြင့် စာတန်သည်ပို၍အမျက်ထွက်လာခဲ့ပါသည်။ ကိုယ်တော်သည် လူဇာတိကိုခံယူထားသော်လည်း ထူးကဲကြီးမြတ်သောခံနိုင်ရည်ရှိမှုဖြင့် ထောက်မထားခြင်းကိုခံတော်မူခဲ့ရပါသည်။ ထိုကြောင့် ဘုရားရှင်၏အလိုတော်မှလုံးဝသွေဖည်ခြင်းမရှိခဲ့ချေ။

ပိလတ်မင်းသည် ခရစ်တော်အားကြိမ်ဒဏ်ပေးရန်ခွင့်ပြုခြင်းဖြင့် လူထုကြီး၏ကရုဏာသက်မှုများပြန်လည်နိုးကြားလာလိမ့်မည်ဟု ယူဆခဲ့ပါသည်။ ဤမျှလောက်အပြစ်ပေးလိုက်လျှင်လုံလောက်ပြီဖြစ်ကြောင်း သူတို့ဆုံးဖြတ်ကြလိမ့်မည်ဟု သူထင်ခဲ့မိပါသည်။ ယဇ်ပုရောဟိတ်များ၏ရန်ငြိုးဖွဲ့မှုများသည်ပင် ကျေအေးသွားလိမ့်မည်ဟုသူထင်မြင်ယူဆခဲ့ပါသည်။ သို့ရာတွင် အပြစ်မဲ့သူတစ်ဦးဟုမှတ်ယူခြင်းခံရသူတစ်ဦးအပေါ် ထိုကဲ့သို့အပြစ်ဒဏ်စီရင်ခြင်းအတွက် ၎င်းအနေနှင့်အားနည်းချက်ရှိနေကြောင်း၊ ထိုးထွင်းသိမြင်နိုင်စွမ်းရှိသောယုဒများက မြင်တွေ့ခဲ့ကြပါသည်။ ပိလတ်မင်းအနေနှင့် ယေရှုအားကယ်ဆယ်ရန်ကြိုးစားနေကြောင်းကို သူတို့သိရှိသဖြင့် ကိုယ်တော်အားလွတ်မသွားအောင်လုပ်ရန် သူတို့စိတ်ပြဋ္ဌာန်းခဲ့ကြပါသည်။ ပိလတ်မင်းသည် “ငါတို့စိတ်ကျေနပ်အောင်ကြိမ်ဒဏ်ပေးခြင်းဖြစ်ကြောင်း၊ ဤကိစ္စကိုယတိပြတ်ဆုံးဖြတ်ရမည့်အရာတစ်ခုအနေဖြင့်လက်ခံရန်ဖိအားပေးလျှင် ကျွန်ုပ်တို့သည် သေချာပေါက်အောင်ပွဲဆင်လိမ့်မည်” ဟု သူတို့အထင်ရှိနေကြပါသည်။

ယခုတွင်ပိလတ်မင်းသည် ဗာရဗ္ဗအားတရားရုံးသို့ထုတ်လာရန်အမိန့်ပေးလိုက်ပါသည်။ ထိုနောက် ထိုအကျဉ်းသားနှစ်ဦးအားယှဉ်၍ရပ်စေပြီး၊ ကယ်တင်ရှင်ကိုပြညွှန်လျက် သူ့ကိုကြည့်ကြလော့။ ဤသူ၌အဘယ်အပြစ်ကိုမျှငါမတွေ့ကြောင်းကိုသင်တို့သိစေခြင်းငှာ သူ့ကိုသင်တို့ရှိရာသို့ငါထုတ်



ပြသည်ဟု တည်ကြည်ခံ့ညား၍တောင်းပန်သည့်အသံမျိုးဖြင့် ပိလတ်မင်းပြောဆိုခဲ့၏။

လှောင်ပြောင်သည့်သဘောဖြင့် ဝတ်ပေးထားသည့်ဝတ်ရုံကိုဝတ်လျက်၊ ဆူးရစ်သရဖူကိုဆောင်းလျက် သားတော်ဘုရားသည်မတ်တတ်ရပ်နေပါသည်။ ဝတ်ရုံကြီးကိုခါးထိအောင်ချွတ်လိုက်သောအခါ သွေးများစိမ့်ထွက်နေသောအရှိုးရာကြီးများသည် ကျောကုန်းတွင်ထင်ရှားနေပါသည်။ မျက်နှာတော်သည် သွေးစသွေးနများဖြင့်ပေကျံနေပြီး၊ မောပန်းနာကျင်သည့်အသွင်ကိုဆောင်နေသော်လည်း ယခုအချိန်လောက်တစ်ခါမျှအသရေမတင့်တယ်ခဲ့ဖူးချေ။ ကိုယ်တော်ရှင်သည် ရန်မူသူများရှေ့တွင်မျက်နှာပျက်ခြင်းရှိတော်မမူချေ။ ၎င်းပြင်ပြုတော်မူသောကိုယ်နေဟန်ထားတိုင်းသည် မိမိအားရန်မူနေသော၎င်းတို့အပေါ်တွင်ထားရှိတော်မူသည့်နူးညံ့သောသဘောထား၊ အောင့်အည်းသည်းခံမှုနှင့် ကြင်နာသနားမှုများကိုဖော်ပြတော်မူနေပါသည်။ ကိုယ်တော်၏လုပ်ကိုင်ဆောင်ရွက်ပုံများတွင် မည်သည့်သူရဲဘောကြောင်သောအားနည်းမှုများကိုမတွေ့ရဘဲ၊ စိတ်ရှည်သည်းခံခြင်းနှင့် သိက္ခာသမာဓိရှိခြင်းများကိုသာ တွေ့ခဲ့ရပါသည်။ ကိုယ်တော်သည် မိမိ၏နံဘေးတွင်ကပ်ရပ်နေသည့်အကျဉ်းသားနှင့် လုံးဝကွဲပြားခြားနားတော်မူပါသည်။ ဗာရဗ္ဗ၏မျက်နှာထားက ၎င်းသည်အသည်းမာသောလူကြမ်းလူရမ်းကြီးဖြစ်ကြောင်းဖော်ပြနေပါသည်။ တွေ့မြင်နေရသူများအတွက် ၎င်းသည်အရာရာတွင် ခရစ်တော်နှင့်ကွဲပြားခြားနားနေကြောင်းထင်ရှားနေပါသည်။ လူအုပ်ကြီးထဲမှအချို့သူများသည် ငိုကြွေးခဲ့ကြပါသည်။ သူတို့သည်ခရစ်တော်ကိုကြည့်ရင်း ကရုဏာသက်လာခဲ့ကြပါသည်။ ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည်ပင်လျှင် ကိုယ်တော်သည် မိမိမိန့်တော်မူခဲ့သည့်အတိုင်း မှန်ကန်နေကြောင်းသိရှိလာခဲ့ကြပါသည်။

ခရစ်တော်အားခြံရံထားသည့် ရောမစစ်သူရဲများ၏စိတ်နှလုံးသည် လုံးလုံးကြီးမာကျောသည့်အခြေအနေသို့ မရောက်တတ်သေးပါ။ အချို့က ကိုယ်တော်အားရာဇဝတ်သားဖြစ်ကြောင်း၊ အန္တရာယ်များသောသူတစ်ဦးဖြစ်ကြောင်း ထင်ရှားစေမည့်အသွင်အပြင်တစ်ခုခုကိုတွေ့ရနိုးနိုးနှင့် ကိုယ်တော်၏

မျက်နှာတော်ကို ကောင်းမွန်စွာကြည့်ရှုခဲ့ကြပါသည်။ ၎င်းပြင် ဗာရဗ္ဗဘက်သို့လှည့်၍လည်း ရွံရှာသောအကြည့်ဖြင့်တစ်ခါတစ်ခါကြည့်ခဲ့ကြပါသည်။ သူသည်လူဆိုးတစ်ဦးဖြစ်ကြောင်း သေသေချာချာကြည့်ရန်ပင်မလိုပါချေ။ အစစ်အဆေးခံနေရသောကိုယ်တော်ရှင်ဘက်သို့လှည့်၍ သနားကြင်နာစိတ်အပြည့်ဖြင့် သေချာစွာကြည့်ရှုခဲ့ကြပါသည်။ တွေ့မြင်နေရသောတိတ်ဆိတ်စွာအညှံ့ခံနေသော ကိုယ်တော်၏ပုံပန်းလက္ခဏာသည် ၎င်းတို့၏စိတ်ထဲတွင်စွဲမှတ်သွားစေခဲ့ပြီး ကိုယ်တော်အားခရစ်တော်ဖြစ်ကြောင်း အသိအမှတ်ပြုခြင်းနှင့် ငြင်းပယ်ကာ ကိုယ့်ကြမ္မာကိုယ်ဆုံးဖြတ်ခြင်းတို့အနက် တစ်ခုခုကိုရွေးချယ်မပြီးမချင်း မည်သည့်အခါမျှ ထိုမြင်ကွင်းသည် စိတ်ထဲမှပျောက်သွားခဲ့လိမ့်မည်မဟုတ်ချေ။

ပိလတ်မင်းသည် ခရစ်တော်၏မညည်းမတွားသောသည်းခံမှုကို အံ့အားသင့်မိခဲ့ပါသည်။ ဗာရဗ္ဗ၏အသွင်အပြင်နှင့်လုံးဝကွဲပြားခြားနားသောဤသူကိုမြင်ရလျှင် ယုဒများသည်ကရုဏာသက်သွားကြလိမ့်မည်ဟု သံသယကင်းစွာဖြင့်ထင်မြင်မိခဲ့ပါသည်။ လောက၏အလင်းအနေဖြင့် ၎င်းတို့၏မှောဟဖုံးလွှမ်းခြင်းနှင့်အမှားအယွင်းများကိုထောက်ပြခဲ့သော ကိုယ်တော်အပေါ်ထားရှိခဲ့သည့်ထိုယဇ်ပုရောဟိတ်များ၏မုန်းတီးမှုများကို သူနားမလည်နိုင်အောင်ဖြစ်ခဲ့ရပါသည်။ သူတို့သည် ထိုလူအုပ်ကြီးအားအမျက်ထွက်လာအောင်ဆွပေးခဲ့ကြပြီး "ထိုသူကိုလက်ဝါးကပ်တိုင်မှာရိုက်ပါ" ဟုတစ်ခဲနက်ဟစ်အော်ခဲ့ကြပါသည်။ နောက်ဆုံးတွင် ၎င်းတို့၏ယုတ္တိမတန်သောရက်စက်ကြမ်းကြုတ်မှုများကြောင့် စိတ်မရှည်နိုင်တော့ဘဲ သင်တို့သည်သူ့ကိုယူ၍လက်ဝါးကပ်တိုင်မှာရိုက်ထားကြ။ ငါသည်သူ၌အပြစ်ကိုမတွေ့ဟု ပိလတ်မင်းသည်စိတ်ပျက်လက်ပျက်ဖြင့်ပြောလိုက်ပါသည်။

ဤရောမဘုရင်ခံသည် ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကိုမြင်ဖူးကြားဖူးခဲ့သူတစ်ဦးဖြစ်သော်လည်း၊ ကြိမ်ဒဏ်ပေးလိုက်သဖြင့်မျက်နှာမှသွေးများထွက်လာကာ ကျောကုန်းတစ်ပြင်လုံးသည်စုတ်ပြတ်နေသည့်အခြေအနေမျိုးမှာပင် ပလ္လင်တော်ထက်စိုးစံနေသောဘုရင်တစ်ပါး၏ဟန်နေဟန်ထား



မျိုးဖြင့်ပြည့်စုံသောကိုယ်တော်အား၊ ကရုဏာသက်ခဲ့မိပါသည်။ သို့ရာတွင် ယဇ်ပုရောဟိတ်များကမူ "အကျွန်ုပ်တို့၌ရှိသောဓမ္မသတ်အတိုင်းသူသည်အသေခံထိုက်ပါ၏" ဟုကြွေးကြော်ခဲ့ကြ၏။

ပိလတ်မင်းသည်လန့်ဖျပ်သွားခဲ့ပါသည်။ သူ၌ခရစ်တော်နှင့်ပတ်သက်၍လည်းကောင်း၊ ကိုယ်တော်၏အမှုတော်နှင့်ပတ်သက်၍လည်းကောင်း၊ မှန်ကန်သောအတွေးအခေါ်တစ်စုံတစ်ရာမရှိခဲ့သော်လည်း ဘုရားသခင်အားလည်းကောင်း၊ လူသားများထက်ဘုန်းတန်ခိုးကြီးသောပုဂ္ဂိုလ်များအားလည်းကောင်း ယုံကြည်မှုတွင်မူမသဲမကွဲရှိခဲ့ပါသည်။ ၎င်းအနေနှင့် တစ်ချိန်ကတွေးတောစဉ်းစားမိခဲ့ဖူးသောအယူအဆတစ်ခုသည် ယခုအချိန်တွင်ပို၍ပုံပေါ်လာခဲ့ပါသည်။ ကြက်သွေးရောင်ဝတ်ရုံကြီးကိုဝတ်လျက် ဆူးရစ်သရဖူကိုဆောင်းထားသည့်မိမိရှေ့တွင်ရပ်နေသောဤသူသည် ဘုရားသခင်နှင့်ဆိုင်သောပုဂ္ဂိုလ်တစ်ဦးဖြစ်နိုင်မဖြစ်နိုင်ကို သူသံသယဖြစ်နေပါသည်။

ထိုနောက် တစ်ဖန်သူသည်တရားစစ်ဆေးနေသောနေရာသို့သွား၍ ခရစ်တော်အား သင်သည်အဘယ်ကဖြစ်သနည်းဟုမေးလေ၏။ သို့ရာတွင် ခရစ်တော်သည် ဖြေဆိုတော်မမူခဲ့ချေ။ သမ္မာတရား၏သက်သေခံတစ်ဦးအနေဖြင့် မိမိအမှုဆောင်နေခြင်းဖြစ်ကြောင်းရှင်းလင်းတင်ပြလျက် ကယ်တင်ရှင်သည် ပိလတ်မင်းအားစုံစုံစေ့စေ့ပြောကြားခဲ့ပြီဖြစ်ပါသည်။ ပိလတ်မင်းအနေနှင့်မူ ထိုအလင်းတရားကိုဂရုမထားခဲ့ပါချေ။ သူသည် ထိုလူအုပ်ကြီး၏တောင်းဆိုချက်ကိုလိုက်လျောဖို့ မိမိ၏စည်းမျဉ်းဥပဒေများနှင့်အခွင့်အာဏာများကိုအလျှော့ပေးခြင်းအားဖြင့် မိမိ၏တရားသူကြီးလုပ်ပိုင်ခွင့်ကို တလွဲအသုံးပြုခဲ့ပါသည်။ ခရစ်တော်၌သူ့အတွက်နောက်ထပ်ပေးရန်အလင်းမရှိတော့ပြီ။ ကိုယ်တော်ရှင်က မည်သို့မျှပြန်လည်ဖြေဆိုခြင်းမရှိသဖြင့် ပိလတ်မင်းသည်စိတ်ဆိုးလာကာ၊ ငါနှင့်စကားမပြောသလော။ ငါသည်သင့်ကိုလက်ဝါးကပ်တိုင်တွင် ရိုက်ထားပိုင်သည်ကိုလည်းကောင်း၊ လွှတ်ပိုင်သည်ကိုလည်းကောင်း သင်မသိသလောဟု ဟိတ်ဟန်ထုတ်ကာပြောလိုက်ရာ–

အထက်အရပ်မှအခွင့်ကိုမရလျှင် မင်းကြီးသည်ငါ့ကိုအဘယ်သို့မျှ မပြုပိုင်။ ထိုကြောင့် ငါ့ကိုမင်းကြီးလက်သို့အပ်နှံသောသူသည် သာ၍အပြစ်ရှိသည်ဟု ခရစ်တော်တုံ့ပြန်တော်မူခဲ့ပါသည်။

ခရစ်တော်သည် မိမိအားကပ်တိုင်တင်မည့်ရောမဘုရင်ခံ၏အပြုအမူများကြောင့် ဒုက္ခဝေဒနာနှင့်ဝမ်းနည်းပူဆွေးမှုများကိုအပြင်းအထန်ခံနေရစဉ်မှာပင် တတ်နိုင်သလောက်အပြစ်လွှတ်တော်မူခဲ့ပါသည်။ ဤကမ္ဘာကြီးတွင် အချိန်တိုင်းလက်ဆင့်ကမ်းပြောပြဖို့ ကောင်းသောမြင်ကွင်းတစ်ခုပင်ဖြစ်ပါသည်။ ထိုမြင်ကွင်းသည် လောကီသားအားလုံးကိုတရားစီရင်မည့် ကိုယ်တော်၏စာရိတ္တတော်အပေါ်ထွန်းလင်းနေသောအလင်းတော်တစ်ခုလည်းဖြစ်ပါသည်။

ငါ့ကိုမင်းကြီးလက်၌အပ်နှံသောသူသည် သာ၍ကြီးသောအပြစ်ရှိ၏ဟုဆိုရာ၌ ခရစ်တော်သည်ယုဒလူမျိုးကို ယဇ်ပုရောဟိတ်တစ်ပါးအနေဖြင့် ကိုယ်စားပြုနေသော ကယာဖကိုဆိုလိုခြင်းဖြစ်ပါသည်။

ထိုယဇ်ပုရောဟိတ်များသည်ရောမအာဏာပိုင်များအား ထိန်းချုပ်ထားသည့်ဥပဒေစည်းမျဉ်းများကိုသိရှိထားကြပါသည်။ ခရစ်တော်အကြောင်းကို သက်သေခံထားသော အနာဂတ္တိစကားမှအလင်းတရားကိုလည်းကောင်း၊ ခရစ်တော်ကိုယ်တိုင်ပြုခဲ့သောသွန်သင်ချက်များနှင့်နိမိတ်လက္ခဏာများမှ အလင်းတရားကိုလည်းကောင်း သူတို့သိရှိထားကြပါသည်။ ၎င်းတို့သေဒဏ်စီရင်လိုက်သော ကိုယ်တော်၏ဘုရားဇာတိတော်နှင့်ပတ်သက်၍ မှားနိုင်သော သက်သေအထောက်အထားများကိုလည်း ထိုယုဒတရားသူကြီးများကရရှိထားကြပါသည်။ သူတို့သည် မိမိတို့ရရှိထားသောအလင်းတရားအတိုင်း စီရင်ခြင်းကိုခံကြရပါလိမ့်မည်။

တိုင်းပြည်တွင်အမြင့်ဆုံးရာထူး၌ရပ်တည်၍ ပေးအပ်ခြင်းခံရသည့် သန့်ရှင်းသောဝတ်များကို ယုတ်ညံ့စွာသစ္စာဖောက်ခဲ့ကြသောထိုသူများ၌ အကြီးမားဆုံးသောအပြစ်ဒုစရိုက်နှင့်အလေးဆုံးဝန်များပိနေပါသည်။ ပိလတ်မင်း၊ ဟေရုဒ်မင်းနှင့်ရောမစစ်သားများမှာ ခရစ်တော်၏အကြောင်းကို၎င်းတို့နှင့်နှိုင်းစာလျှင် အသိအမြင်မရှိသလောက်ဖြစ်နေပါသည်။ ကိုယ်တော်အားကြမ်းတမ်း





စွာဆက်ဆံခဲ့ခြင်းဖြင့် ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများအား၊ သဘောတွေ့စေလိမ့်မည်ဟုသူတို့ယူဆခဲ့ကြပါသည်။ ယုဒလူများကြွယ်ဝစွာရရှိခဲ့သောအလင်းတရားများကို သူတို့မရရှိခဲ့ကြချေ။ အကယ်၍ ထိုရောမစစ်သားများအား၊ အလင်းတရားပေးခဲ့မည်ဆိုလျှင် သူတို့သည်ယုဒများကဲ့သို့ ကိုယ်တော်အားကြမ်းတမ်းစွာဆက်ဆံခဲ့ကြလိမ့်မည်မဟုတ်ချေ။

ပိလတ်မင်းသည်ကိုယ်တော်အားလွှတ်ခြင်းငှာ တစ်ဖန်ရှာကြံပြန်၏။ သို့ရာတွင်ယုဒလူတို့ကလည်း ထိုသူကိုလွှတ်လျှင်ကိုယ်တော်သည်ကဲသာဘုရင်၏အဆွေမဟုတ်ဟု အော်ဟစ်နေကြပါသည်။ ဤနည်းအားဖြင့် သူတော်ကောင်းယောင်ဆောင်သူများသည် ကဲသာဘုရင်၏တန်ခိုးအာဏာကိုကာကွယ်ပေးသယောင်ပြုကြပြန်ပါသည်။ ရောမများ၏စည်းမျဉ်းဥပဒေများကိုဆန့်ကျင်သောသူများအနက် ယုဒလူများသည်အပြင်းထန်ဆုံး၊ အခါးသီးဆုံးဖြစ်ပါသည်။ ယုဒများသည် မိမိတို့အတွက်ဘာမျှအန္တရာယ်မရှိလျှင် မိမိတို့၏အမျိုးသားရေးနှင့်ဘာသာရေးတောင်းဆိုချက်များကို ဇွတ်အတင်းလုပ်ကိုင်စေခြင်းအားဖြင့် နှိပ်စက်ကလူပြုတတ်ကြပါသည်။ သို့ရာတွင် သူတို့သည်ရက်စက်ကြမ်းကြုတ်မှုများကိုဖြစ်ပေါ်စေလိုကြသောအခါတွင် ကဲသာဘုရင်၏တန်ခိုးအာဏာကိုမြှောက်တင်ခဲ့ကြပါသည်။ ခရစ်တော်အားသုတ်သင်ရှင်းလင်းနိုင်ရန် သူတို့သည်မိမိတို့မုန်းတီးသည့်သူစိမ်းနိုင်ငံ၏အုပ်ချုပ်မှုကို သစ္စာရှိကြောင်းဝန်ခံခဲ့ကြပါသည်။

ရှင်ဘုရင်လုပ်လိုသောသူမည်သည်ကား၊ ကဲသာဘုရင်၏ရန်သူဖြစ်သည်ဟု သူတို့ကဆက်၍ပြောဆိုကြပါသည်။ ဤအချက်သည် ပိလတ်မင်း၏အားနည်းချက်ကိုထိခိုက်သွားစေခဲ့ပါသည်။ သူသည်ရောမအစိုးရ၏မယုံသင်္ကာမှုကိုခံခဲ့ရပြီး၊ ဤသတင်းမျိုးသည်မိမိအားထိခိုက်ပျက်စီးစေမည်ကို သူသိထားပါသည်။ ထိုယုဒများကိုတားဆီးဟန့်တားလိုက်မည်ဆိုလျှင် ဒေါသလှိုင်းတံပိုးများသည် မိမိအားရိုက်ခတ်လာလိမ့်မည်ကိုလည်း သူသိထားပါသည်။ သူတို့သည်နည်းမျိုးစုံကိုသုံး၍ကလဲ့စားချေကြလိမ့်မည်ကိုလည်း သူသိထားပါသည်။ အကြောင်းမှာယုဒများသည် အကြောင်းပြချက်မခိုင်လုံဘဲ မိမိတို့

မုန်းတီးနေသော ခရစ်တော်၏အသက်တော်ကိုလုပ်ကြံရန်မဆုတ်မနစ်ကြိုးစား လုပ်ဆောင်နေသည့်ပုံသက်သေကို သူကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီဖြစ်သောကြောင့်တည်း။

ထိုနောက်ပိလတ်မင်းသည် တရားပလ္လင်ပေါ်မှာထိုင်လိုက်ပြီး၊ ယုဒများရှေ့တွင်ခရစ်တော်ကိုရပ်စေကာ သင်တို့၏ရှင်ဘုရင်ကိုကြည့်ကြလော့ဟုပြောလျှင် ထိုသူကိုထုတ်ပါ၊ ထုတ်ပါ၊ လက်ဝါးကပ်တိုင်မှာရိုက်ထားပါဟူ၍ ဆူညံစွာအော်ဟစ်သောအသံများကိုကြားခဲ့ရပါသည်။ သင်တို့၏ရှင်ဘုရင်ကိုလက်ဝါးကပ်တိုင်မှာရိုက်ထားရမည်လောဟု ပိလတ်မင်းကမေးလိုက်ရာ ဘုရားသခင်ကိုပြစ်မှားသောစကားများကိုပြောတတ်သည့်နှုတ်ခမ်းများက ကျွန်ုပ်တို့၌ကဲသာဘုရင်မှတစ်ပါး အဘယ်ရှင်ဘုရင်မျှမရှိပါဟု ပြန်၍ဖြေဆိုကြ၏။

ယုဒများသည် တစ်ပါးအမျိုးသားဘုရင်တစ်ပါးကိုရွေးချယ်လိုက်ခြင်းဖြင့် ဘာသာရေးကိုရှေ့တန်းတင်အလေးထားသောအုပ်ချုပ်ရေးစနစ်ကို အသုံးပြုသည့်နိုင်ငံအဖြစ်မှရပ်သိမ်းသွားခဲ့ပါသည်။ သူတို့သည်ဘုရားသခင်အား ဘုရင်တစ်ပါးအနေဖြင့် အသိအမှတ်မပြုခဲ့ကြချေ။ ထိုအချိန်မှစ၍ သူတို့၌ကယ်တင်မည့်သူမရှိတော့ပြီ။ သူတို့၌ကဲသာဘုရင်မှတစ်ပါးအခြားဘုရင်မရှိတော့ပြီ။ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများသည် ဤနည်းအတိုင်းယုဒလူများအားလမ်းပြခဲ့ကြပါသည်။ ထိုသို့လမ်းပြခဲ့ကြသည့်အတွက် နောက်ပိုင်းတွင်ဖြစ်ပေါ်လာမည့်ကြောက်စရာဆိုးကျိုးများအတွက် သူတို့၌တာဝန်ရှိနေပါသည်။ နိုင်ငံတစ်ခု၏အပြစ်ကျူးလွန်မှုများနှင့် နိုင်ငံတစ်ခု၏ပျက်စီးဆုံးရှုံးမှုသည် ထိုနိုင်ငံမှဘာသာရေးခေါင်းဆောင်များကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါသည်။

ပိလတ်မင်းသည်မိမိမနိုင်၊ လူများသာ၍ရုန်းရင်းခတ်မှုပြုကြသည်ကိုမြင်လျှင် ရေကိုယူ၍လူများရှေ့တွင်မိမိလက်ကိုဆေးလျက် ဤဖြောင့်မတ်သောသူ၏အသွေးနှင့်ငါသည်ကင်းရှင်း၏။ ဤအမှုကိုသင်တို့ကြည့်ကြလော့ဟုဆို၏။ သူသည်ကိုယ့်စကားနှင့်ကိုယ်အပြစ်ရောက်နေသဖြင့် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခရစ်တော်ကိုမျှော်ကြည့်လိုက်ပါသည်။ ခေါင်းငုံ့နေသော



သူများစွာတို့တွင် ကိုယ်တော်ရှင်၏မျက်နှာတော်တစ်ခုတည်းသာ ငြိမ်သက်မှုရှိခဲ့ပါသည်။ ကိုယ်တော်ရှင်၏ဦးခေါင်းတော်တွင် ရောင်ခြည်တော်နုနုကလေးသည် ကွန့်မြူးနေသယောင်ဖြစ်နေပါသည်။ “သူသည်ဘုရားတစ်ဆူဖြစ်သည်” ဟု စိတ်ထဲတွင်ပိလတ်မင်းရေရွတ်နေခဲ့ပါသည်။ ထိုနောက် လူအုပ်ကြီးဘက်သို့လှည့်၍ ငါသည်ဤသူ၏အသွေးနှင့်ကင်းရှင်း၏။ သူ့ကိုခေါ်သွားပြီး ကပ်တိုင်ပေါ်မှာတင်လိုက်ကြ။ သို့ရာတွင် ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာတို့သတိပြုရန်မှာ ဤသူသည်ဖြောင့်မတ်သောသူတစ်ဦးဖြစ်သည်။ ယနေ့လုပ်ရပ်အတွက် ကိုယ်တော်သည်ငါ့ကိုအပြစ်မစီရင်ဘဲ သင်တို့ကိုအပြစ်စီရင်ပါစေဟူ၍ ကြေညာပြောဆိုလိုက်၏။ ထိုနောက် ခရစ်တော်ဘက်သို့လှည့်၍ ဤလုပ်ရပ်အတွက်ကျွန်ုပ်ကိုအပြစ်လွှတ်ပါ။ သင့်ကိုကျွန်ုပ်မကယ်နိုင်တော့ပါဟုသူပြောလိုက်ပါသည်။ ထိုနောက် ခရစ်တော်အားနောက်တစ်ဖန်ကြိမ်ဒဏ်ပေးပြီးနောက် ကပ်တိုင်တင်ရန်ထိုသူများလက်ထဲသို့အပ်နှံလိုက်ပါသည်။

ပိလတ်မင်းသည် ခရစ်တော်ကိုကယ်ဆယ်လိုလှပါသည်။ သို့ရာတွင် ထိုသို့မကယ်ဆယ်လိုက်ခြင်းအားဖြင့် ၎င်းသည်မိမိ၏ရာထူးနှင့်သိက္ခာကိုထိန်းသိမ်းနိုင်ခဲ့ပါသည်။ လောကီနှင့်ဆိုင်သောမိမိ၏တန်ခိုးအာဏာဆုံးရှုံးခံရမည့်အစား အပြစ်ကင်းသောအသက်တစ်ချောင်းကိုစတေးရန် သူရွေးချယ်ခဲ့ပါသည်။ ဆုံးရှုံးမှုများနှင့်ဒုက္ခဆင်းရဲခြင်းများကိုရှောင်လွှဲနိုင်ရန် လူပေါင်းမည်မျှသည် ဤနည်းဤဟန်အတိုင်းလုပ်ဆောင်နေကြပါသည်။ အသိစိတ်ဓာတ်နှင့်တာဝန်သိသောစိတ်ဓာတ်များက တစ်လမ်းသို့ပြည့်နှင်နေပြီး၊ ကိုယ်ကျိုးရှာလိုသောစိတ်က လမ်းတစ်လမ်းသို့ပြည့်နှင်နေပါသည်။ အမှားလမ်းသို့စီးဆင်းနေသောရေစီးကြောင်းသည် ပို၍ပြင်းထန်နေသဖြင့် ဒုစရိုက်အမှုကိုလျှော့ပေး၍ စေ့စပ်သောသူများသည် ဒုစရိုက်အမှောင်ထဲသို့မျောပါသွားကြပါသည်။

ပိလတ်မင်းသည် လူအုပ်ကြီး၏တောင်းဆိုချက်ကိုအလျှော့ပေးခဲ့ပါသည်။ မိမိ၏ရာထူးအဆုံးခံရမည့်အစား ခရစ်တော်အားကပ်တိုင်တက်ဖို့သူပေးအပ်လိုက်ပါသည်။ သို့ရာတွင် ကြိုတင်ကာကွယ်ထားသည့်ကြားမှ

သူမနှစ်မြို့ဆုံးအရာတစ်ခုဖြစ်ပျက်လာခဲ့ပါသည်။ သူ့အားပေးထားသည့် အဆောင်အယောင်များကို ပြန်လည်ရုပ်သိမ်းခြင်းခံခဲ့ရပြီး၊ ရာထူးမှလည်း ဖယ်ရှားခြင်းခံလိုက်ရပါသည်။ ခရစ်တော်အားကပ်တိုင်တင်ပြီးမကြာမီမှာပင် သူသည်စိတ်နှလုံးကြေကွဲကာ ကိုယ့်ကိုကိုယ်အဆုံးစီရင်သွားခဲ့ပါသည်။ ထိုနည်းတူ အပြစ်ဒုစရိုက်ကိုအလျှော့ပေးလုပ်ဆောင်သူအပေါင်းတို့သည်လည်း ဝမ်းနည်းခြင်းနှင့်ဆုံးရှုံးမှုများကိုသာ ရိတ်သိမ်းကြရမည်ဖြစ်ပါသည်။ လူထင်သည်အတိုင်းမှန်သောလက္ခဏာရှိသော်လည်း အဆုံး၌သေခြင်းသို့ပို့သောလမ်းတစ်မျိုးရှိ၏။ သုတ္တံ ၁၄း၁၂။

ပိလတ်မင်းအနေဖြင့် ခရစ်တော်၏အသွေးတော်နှင့်ကင်းရှင်းကြောင်းပြောဆိုနေစဉ်တွင် ကယာဖကမခန့်လေးစားလေသံဖြင့် သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေဟုဆို၏။ ထိုစကားကိုယဇ်ပုရောဟိတ်နှင့်တကွ လူအုပ်ကြီးတစ်ခုလုံးကသံယောင်လိုက်၍ ဆူညံစွာအော်ဟစ်ကြွေးကြော်ကာ သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်မှာလည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေဟုဆိုကြ၏။

ထိုယုဒများသည် ရွေးချယ်မှုတစ်ခုကိုပြုခဲ့ကြပေပြီ။ သူတို့သည် ခရစ်တော်ကိုလက်ညှိုးထိုးကာ ဤသူကိုမလွှတ်စေချင်ပါ။ ဗာရဗ္ဗကိုလွှတ်စေချင်ပါသည်ဟု ပြောခဲ့ပြီးဖြစ်ပါသည်။ ခိုးဆိုးသတ်ဖြတ်နေသူဗာရဗ္ဗသည် စာတန်၏ကိုယ်စားလှယ်တစ်ဦးဖြစ်ပါသည်။ ခရစ်တော်မှာမူ ဘုရား၏ကိုယ်စားလှယ်တော်ဖြစ်ပါသည်။ ခရစ်တော်သည် အငြင်းပယ်ခံခဲ့ရ၍ ဗာရဗ္ဗသည်အရွေးချယ်ခံခဲ့ရပါသည်။ သူတို့သည် ဗာရဗ္ဗကိုရရှိသွားကြပေပြီ။ ဤကဲ့သို့ရွေးချယ်ခဲ့ခြင်းအားဖြင့် ကမ္ဘာဦးမှစ၍လူလိမ်လူညာ လူသတ်သမားဖြစ်ခဲ့သူတစ်ဦးကို သူတို့လက်ခံခဲ့ကြပါသည်။ စာတန်သည် သူတို့၏ခေါင်းဆောင်ဖြစ်ပါသည်။ သူတို့သည်လူမျိုးစုတစ်စုအနေဖြင့် စာတန်၏အမိန့်အတိုင်းလုပ်ဆောင်ခဲ့ကြပါသည်။ သူ၏လုပ်ငန်းကိုသူတို့ဆက်လက်လုပ်ဆောင်ကြရပါလိမ့်မည်။ သူ၏အုပ်စိုးမှုကိုခံကြရပါမည်။ ခရစ်တော်အစား ဗာရဗ္ဗကိုရွေးချယ်သောထိုသူများသည် ဗာရဗ္ဗ၏ရက်စက်မှုများကို မသေမချင်းခံစားကြရပေတော့မည်။



သူတို့သည် အပြစ်ဒဏ်စီရင်ခြင်းခံနေရသော ကိုယ်တော်အားကြည့်ရှုလျက် သူ၏အသွေးသည်ငါတို့အပေါ်၌လည်းကောင်း၊ ငါတို့သားမြေးများပေါ်၌လည်းကောင်း တည်ရှိပါစေဟုအော်ဟစ်ခဲ့ကြပါသည်။ ကြောက်စရာကောင်းသော ထိုအော်ဟစ်သံများသည် ကောင်းကင်နိုင်ငံရှိပလ္လင်တော်သို့ရောက်ရှိသွားခဲ့ပါသည်။ ၎င်းတို့ကိုယ်တိုင်ချမှတ်သည့်ထိုစီရင်ချက်ကို ကောင်းကင်နိုင်ငံတွင်မှတ်တမ်းတင်ထားပါသည်။ ၎င်းတို့၏တောင်းလျှောက်သံကို နားညောင်းတော်မူခဲ့ပါသည်။ သားတော်ဘုရား၏အသွေးတော်သည် ၎င်းတို့၏သားမြေးများအပေါ်တွင် အစဉ်အမြဲတည်သောကျိန်ခြင်းမင်္ဂလာကဲ့သို့ကျရောက်ခဲ့ပါသည်။

ကျရောက်ခဲ့သောကျိန်ခြင်းအမင်္ဂလာများကို ယေရုရှလင်မြို့ကြီးပျက်စီးမှုတွင်တွေ့မြင်ခဲ့ရပါသည်။ စပျစ်နွယ်ပင်မှကင်းကွာခဲ့သော အသီးမသီးတော့သည့်ကိုင်းခြောက်များသည် စုစည်းကာမီးရှို့ခံရသကဲ့သို့ နှစ်ပေါင်းတစ်ထောင်ရှစ်ရာလုံးလုံး ယုဒလူများခံစားခဲ့ရသောအခြေအနေများတွင် ကျရောက်ခဲ့သောကျိန်ခြင်းအမင်္ဂလာများကို ကြောက်လန့်စွာတွေ့မြင်ခဲ့ရပါသည်။ ယုဒလူများသည် ရာစုနှစ်တစ်နှစ်ပြီးတစ်နှစ် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကမ္ဘာအနှံ့သွားလာနေထိုင်ခဲ့ရပြီး၊ အပြစ်ကျူးလွန်မှုများတွင်သေဆုံးခဲ့ကြရပါသည်။

ထိုဆုတောင်းချက်သည် တရားစီရင်ရာနေ့ရက်ကြီးတွင် လုံးလုံးလျားလျားပြည့်စုံပါလိမ့်မည်။ ဤလောကသို့ခရစ်တော်တစ်ဖန်ကြွလာသောအခါ ကိုယ်တော်အားလူ့ဗရုတ်သုတ်ခများဝန်းရံထားသည်ကို လူအများမြင်ကြရမည်မဟုတ်ချေ။ ထိုအချိန်တွင် ကောင်းကင်နိုင်ငံ၏အရှင်တစ်ပါးအနေဖြင့် ကိုယ်တော်အားသူတို့ဖူးတွေ့ကြရပါမည်။ ခရစ်တော်သည် မိမိဘုန်း၊ အဖဘုရားသခင်၏ဘုန်းတော်နှင့်တကွ သန့်ရှင်းသောကောင်းကင်တမန်များ၏ဘုန်းများဖြင့်ကြွလာတော်မူလိမ့်မည်။ ကိုယ်တော်ရှင်ကြွလာသောအခါ ကုဋေကုဋ္ဌာမကများပြားသောကောင်းကင်တမန်များသည် အလွန်သာယာသည့်အောင်မြင်ခြင်းသီချင်းများကိုချီးမွမ်းလျက် ကိုယ်တော်အားခြံရံလျက်လိုက်ပါလာကြလိမ့်မည်။ ထိုအချိန်တွင် ကိုယ်တော်သည် ဘုန်းတော်ပလ္လင်ထက်တွင်ထိုင်တော်မူကာ၊ လူမျိုးအပေါင်းတို့သည် ရှေ့တော်တွင်စုရုံးကြပါလိမ့်မည်။ ထိုအချိန်

တွင်လူအပေါင်းတို့သည် ကိုယ်တော်ကိုမြင်တွေ့ကြရပါလိမ့်မည်။ ကိုယ်တော်အားကပ်တိုင်တင်ခဲ့သူများသည်လည်း ကိုယ်တော်ကိုမြင်တွေ့ကြရပါမည်။ ကိုယ်တော်သည် ဆူးရစ်သရဖူ၏နေရာတွင် ဦးရစ်သရဖူကိုဆောင်းထားပါသည်။ ထိုသရဖူသည် အဆင့်ဆင့်ရှိသောသရဖူဖြစ်ပါသည်။ နီမောင်းသောဝတ်ရုံကြီးအစား၊ အဘယ်ခဝါသည်မျှမတတ်နိုင်အောင် မိုးပွင့်ကဲ့သို့အလွန်ဖြူသောဝတ်ရုံကြီးကိုဝတ်ဆင်ထားပါသည်။ မာကု ၉း၃။ ၎င်းပြင် ကိုယ်တော်၏ဝတ်ရုံပေါ်တွင်လည်းကောင်း၊ ကိုယ်တော်၏ပေါင်ပေါ်တွင်လည်းကောင်း ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟူသောဘွဲ့နာမတော်ကို ရေးထားလျက်ရှိပါသည်။ ဗျာဒိတ် ၁၉း၁၆။ ကိုယ်တော်အားပြက်ရယ်ပြုသူများနှင့် ထိုးနှိပ်ရိုက်ခတ်ခဲ့သူများသည်လည်း၊ ထိုနေရာတွင်ရှိနေကြပါလိမ့်မည်။ ယခုတရားစီရင်နေကြသော ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ၎င်းတို့ပြုလုပ်ခဲ့သောတရားစီရင်ခြင်းမြင်ကွင်းကို တစ်ဖန်မြင်ကြရပါလိမ့်မည်။ မီးစာလုံးများနှင့်မှတ်တမ်းတင်ထားသည့်နှယ် အဖြစ်အပျက်တိုင်းသည် ၎င်းတို့ရှေ့တွင်ပေါ်ထွက်လာပါလိမ့်မည်။

သူ၏အသွေးသည် ငါတို့အပေါ်သို့လည်းကောင်း၊ သားမြေးတို့အပေါ်သို့လည်းကောင်းတည်ပါစေဟူ၍ တောင်းလျှောက်ခဲ့သူများသည် ထိုအချိန်တွင်အဖြေရကြပါလိမ့်မည်။ ထိုအချိန်တွင် ကမ္ဘာသူကမ္ဘာသားအားလုံးသည် နားလည်သဘောပေါက်ကြပါလိမ့်မည်။ မည်သူသည် ၎င်းတို့အားသတိပေးစကားပြောကြားခဲ့သည်ကိုလည်းကောင်း၊ ထိုသူများသည်သနားစရာကောင်းသော အားအင်ချည့်နဲ့သူများဖြစ်ကြောင်းကိုလည်းကောင်း ကမ္ဘာသူကမ္ဘာသားများသိရှိလာပါလိမ့်မည်။ သူတို့သည် ကြောက်အားလန့်အားအသံဖြင့် တောင်များကျောက်များတို့ကိုခေါ်လျက် ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူ၏မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကိုကွယ်ကာ၍ ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည်ခံရပ်နိုင်မည်နည်းဟု အော်ဟစ်ကြပါလိမ့်မည်။ ဗျာ ၆း၁၆–၁၇။

****



# tcef; (78)
# usmeDukef;

ရှင်မဿဲခရစ်ဝင် ၂၇း၃၁–၅၃။ ရှင်မာကု ၁၅း၂၀–၃၈။ ရှင်လုကာ ၂၃း၂၆–၄၆။ ရှင်ယောဟန် ၁၉း၁၆–၃၀ တို့ကိုအခြေပြုထားပါသည်။

"ကရာနီအမည်ရှိသောအရပ်သို့ရောက်ကြသော် ကိုယ်တော်အား–––လက်ဝါးကပ်တိုင်မှာရိုက်ထားကြ၏။"

"မိမိအသွေးအားဖြင့်လူများကိုစင်ကြယ်စေခြင်းငှာ" ခရစ်တော်သည် မြို့တံခါးအပြင်၌အသေခံတော်မူ၏။ ဟေဗြဲ ၁၃း၁၂။ အာဒံနှင့်ဧဝတို့သည် ပညတ်တော်ကိုလွန်ကျူးခဲ့ကြသဖြင့် ဧဒင်ဥယျာဉ်မှနှင်ထုတ်ခြင်းကိုခံခဲ့ကြရပါသည်။ ကျွန်ုပ်တို့ကိုယ်စားအသေခံမည့်ခရစ်တော်သည်လည်း ယေရုရှလင်မြို့အပြင်ဘက်တွင်အသေခံရမည်ဖြစ်ပါသည်။ ကိုယ်တော်သည် ရာဇဝတ်သားများနှင့်လူသတ်သမားများအား ကွပ်မျက်သည့်မြို့ပြင်တွင် အသေသတ်ခြင်းကိုခံခဲ့ရပါသည်။ ခရစ်တော်သည် ငါတို့အတွက်ကြောင့်ကျိန်ခြင်းကိုခံရသောသူဖြစ်၍ ငါတို့ကိုပညတ်တရား၏ကျိန်ခြင်းမှရွေးနုတ်တော်မူပြီဟူသောဖွင့်ဆိုချက်သည် အရေးပါလှပါသည်။ ဂလာတိ ၃း၁၃။

များပြားစွာသောလူအုပ်ကြီးသည် တရားစီရင်သည့်နေရာမှကရာနီကုန်းတိုင်အောင် ခရစ်တော်၏နောက်မှလိုက်လာခဲ့ကြပါသည်။ ခရစ်တော်အားသေဒဏ်စီရင်လိုက်သည့်သတင်းသည် ယေရုရှလင်မြို့ထဲတွင်ပျံ့နှံ့သွားသဖြင့် လူတန်းစားအမျိုးမျိုးမှလူ့အလွှာအသီးသီးတို့သည် ကပ်တိုင်တင်မည့်ထိုနေရာသို့စုရုံးလာခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများအား ခရစ်တော်၏နောက်လိုက်များကိုမနှောင့်ယှက်ရန် ကတိကဝတ်ထားစေခဲ့ပြီးဖြစ်သဖြင့် ရပ်နီးရပ်ဝေးမှယုံကြည်သူများသည် တမန်တော်များနှင့်ပူးပေါင်းကာ ခရစ်တော်၏နောက်တော်မှလိုက်လာခဲ့ကြပါသည်။

သခင်ယေရှုသည် ပိလတ်မင်း၏နန်းတော်ဂိတ်မှထွက်လာသည့်အချိန်တွင် ဗာရဗ္ဗအတွက်ပြင်ဆင်ထားသောကပ်တိုင်ကြီးကို စုတ်ပြတ်၍သွေးများထွက်နေသောပခုံးတော်ပေါ်သို့ တင်ပေးလိုက်ကြပါသည်။ ခရစ်တော်နှင့်အတူတစ်ချိန်တည်းကပ်တိုင်အတင်ခံရမည့် ဗာရဗ္ဗ၏အပေါင်းအပါနှစ်ဦးတို့သည်လည်း ကိုယ့်ကပ်တိုင်ကိုယ်ထမ်း၍လိုက်လာခဲ့ကြပါသည်။ အင်အားကုန်ခန်း၍ဒုက္ခဝေဒနာခံစားနေရသော ထိုအချိန်ထိုကပ်တိုင်သည် ကိုယ့်အတွက်အလွန်လေးလံလှပါသည်။ တပည့်တော်များနှင့်အတူပသခါပွဲဝင်ပြီးသည့်အချိန်မှစ၍ ကိုယ်တော်သည်တစ်စုံတစ်ရာကိုမျှမစားသောက်ခဲ့ချေ။ စာတန်ကိုယ်စားလှယ်များ၏တိုက်ခိုက်မှုကြောင့် ကိုယ်တော်သည်ဂေသရေမန်ဥယျာဉ်တွင် ဒုက္ခဝေဒနာများကိုခံစားခဲ့ရပါသည်။ ကိုယ်တော်သည်အပ်နှံခြင်းကိုခံခဲ့ရသဖြင့် ပရိဒေဝမီးတောက်လောင်ခဲ့ရပြီး၊ တပည့်တော်များကမိမိအားစွန့်ခွာထွက်ပြေးသွားကြသည်ကိုလည်း မြင်တွေ့တော်မူခဲ့ရပါသည်။ ကိုယ်တော်သည် ရှေးဦးစွာအန္နတ်ထံသို့အပို့ခံခဲ့ရပါသည်။ ထိုနောက်ကယာဖထံသို့အပို့ခံခဲ့ရပြီး၊ ထိုနောက်ပိလတ်မင်းထံသို့အပို့ခံခဲ့ရပါသည်။ ကိုယ်တော်သည် ပိလတ်မင်းမှတစ်ဆင့်ဟေရုဒ်မင်းထံသို့အပို့ခံခဲ့ရပြီး၊ တစ်ဖန်ပိလတ်မင်းထံသို့ပြန်၍အပို့ခံခဲ့ရပြန်ပါသည်။ စော်ကားသည့်အပြုအမူများနှင့်ပြက်ရယ်ပြုခြင်းများကို အထပ်ထပ်ခံစားခဲ့ရပါသည်။ ကြိမ်ဒဏ်နှစ်ခါအပေးခံခဲ့ရပါသည်။ ထိုညတွင် အသက်ဝိညာဉ်တစ်လုံးအတွက် အပြင်းထန်ဆုံးသောစစ်ဆေးမှုမျိုးကိုခံခဲ့ရပါသည်။ သို့ရာတွင် ခရစ်တော်သည်ရှုံးနိမ့်တော်မမူခဲ့ချေ။ ကိုယ်တော်သည် နှုတ်တော်မှစကားတစ်လုံးကိုမျှမပြောခဲ့သော်လည်း ထိုအပြုအမူအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခဲ့ပါသည်။ တရားခွင်တွင်ကိုယ်တော်ရင်ရင်ဆိုင်ခဲ့ရသော မနှစ်မြို့ဖွယ်သောပြက်ရယ်ပြုမှုများကို သိက္ခာရှိရှိနှင့်ခိုင်ခိုင်မြဲမြဲသည်းခံတော်မူခဲ့ပါသည်။ သို့ရာတွင် ဒုတိယအကြိမ် ကြိမ်ဒဏ်ပေးပြီးသည့်အချိန်တွင် ကပ်တိုင်ကိုအထမ်းခိုင်းသောအခါ ကိုယ်တော်၏လူသားဇာတိသည်ဆက်လက်၍ခံနိုင်စွမ်းမရှိတော့ပြီ။ လေးလံသောကပ်တိုင်ကြီးအောက်တွင်အားချည့်နဲ့ကာလဲကျသွားခဲ့ပါသည်။



နောက်မှလိုက်လာကြသောလူအုပ်ကြီးသည် ယိုင်တိယိုင်တိုင်ဖြင့်အင်အားချည့်နဲ့စွာလျှောက်လှမ်းနေသော ခရစ်တော်ကိုမြင်တွေ့ခဲ့ကြသော်လည်း ကရုဏာသက်ကြောင်းမဖော်ပြခဲ့ကြချေ။ ကိုယ်တော်သည် လေးလံသောထိုကပ်တိုင်ကြီးကိုမထမ်းနိုင်တော့သဖြင့် သူတို့သည်ခနဲ့တဲ့တဲ့စကားများကိုပြောကာ ဆဲရေးခဲ့ကြပါသည်။ နောက်တစ်ဖန်ကပ်တိုင်ကြီးကိုပခုံးတော်ထက်ဝယ်တင်ပေးလိုက်ရာ တစ်ခါထပ်၍မြေကြီးပေါ်သို့လဲကျသွားပြန်ပါသည်။ ကိုယ်တော်သည် ဤဝန်ကိုဆက်၍ထမ်းဖို့မလွယ်တော့ကြောင်း ထိုသူများသိရှိလာခဲ့ကြသော်လည်း ထိုကဲ့သို့သောအသရေယုတ်သည့်အရာတစ်ခုအားထမ်းပေးမည့်သူကိုရှာဖို့အကျပ်ရိုက်နေကြပါသည်။ ယုဒများသည် ဤကဲ့သို့ထမ်းသောကပ်တိုင်ကိုထမ်းလိုသဖြင့် ညစ်ညူးမှုရှိသွားလျှင် ပသခါပွဲကိုဝင်ခွင့်ရကြတော့မည်မဟုတ်ချေ။ နောက်တော်ပါးမှလိုက်လာသောလူအုပ်ထဲမှ မည်သူတစ်ဦးတစ်ယောက်မျှထိုကပ်တိုင်ကိုထမ်းခြင်းငှာ အောက်ကျမခံလိုကြချေ။

ထိုအခိုက်တွင် ထိုနေရာသို့ရောက်ရှိလာသောကုရေနေပြည်သားရှိမုန်သည် ထိုလူအုပ်ကြီးနှင့်တွေ့ဆုံပါတော့သည်။ ခနဲ့တဲ့တဲ့ပြောသောစကားသံများနှင့်အယုတ္တအနတ္တစကားများကို သူကြားလိုက်ရပါသည်။ ယုဒဘုရင်ကြီးအတွက်လမ်းဖယ်ပေးပါဦးဟူသော စက်ဆုပ်ရွံရှာဖွယ်သောစကားများကိုလည်း ထပ်ခါတလဲလဲကြားနေရပါသည်။ သူသည်ထိုမြင်ကွင်းကြောင့်အံ့အားသင့်စွာဖြင့်ရပ်နေမိပါသည်။ သူသည်ကရုဏာသက်ကြောင်းဖော်ပြလိုက်သဖြင့် ထိုသူများသည်သူ့ကိုဖမ်း၍ ကပ်တိုင်အထမ်းခိုင်းပါတော့သည်။

ရှိမုန်သည် ခရစ်တော်အကြောင်းကိုကြားခဲ့ဖူးပါသည်။ သူကိုယ်တိုင်ယုံကြည်သူတစ်ဦးမဖြစ်သေးသော်လည်း သူ၏သားများသည် ခရစ်တော်အားယုံကြည်သောသူများဖြစ်ကြပါသည်။ ထိုကပ်တိုင်ကို ကရာနီသို့ရောက်သည်အထိထမ်းပို့ခဲ့ရခြင်းသည် ရှိမုန်အတွက်မင်္ဂလာတစ်ပါးဖြစ်ခဲ့ပါသည်။ ဤကဲ့သို့လုပ်ဆောင်ခွင့်ရခဲ့သည့်အတွက် သူသည်နောင်ပိုင်းအချိန်များ၌အမြဲတမ်းကျေးဇူးတင်ဝမ်းမြောက်ခဲ့ပါသည်။ သူ့အားမိမိသဘောအတိုင်း ခရစ်တော်၏ကပ်တိုင်ကို မိမိပခုံးထက်ဝယ်ယူတင်ထမ်းရွက်စေခဲ့ပြီး ထိုကပ်တိုင်၏

အောက်တွင် သူသည်ကျေနပ်နှစ်သိမ့်စွာဖြင့် မားမားမတ်မတ်ရပ်တည်ခဲ့ပါသည်။

အမျိုးသမီးအရေအတွက်အတော်များများသည် သေဒဏ်စီရင်ခြင်းခံရသော ကိုယ်တော်၏နောက်မှလိုက်လာကြသည့် လူအုပ်ကြီးထဲတွင်ပါဝင်ခဲ့ကြပါသည်။ သူတို့သည်ခရစ်တော်အား အာရုံစူးစိုက်ပြီးကြည့်နေခဲ့ကြပါသည်။ သူတို့အထဲမှအချို့တို့သည် ကိုယ်တော်အားဖူးခဲ့ကြပါသည်။ အချို့မှာငင်းတို့၏လူနာများကို ကိုယ်တော်ထံသို့ယူဆောင်ခဲ့ဖူးကြပါသည်။ ထိုကြောင့် ဖြစ်ပျက်ခဲ့သမျှအကြောင်းစုံကိုပြန်လည်ဖောက်သည်ချနေကြပါသည်။ မိမိတို့၏စိတ်နှလုံးများတွင်နူးညွတ်ကာ ကရုဏာသက်နေသည့် ကိုယ်တော်အပေါ်ထားရှိသည့်လူအုပ်ကြီး၏မုန်းတီးမှုများကိုတွေ့ရသဖြင့် သူတို့အံ့သြခဲ့ကြရပါသည်။

ငင်းပြင် စိတ်ရူးပေါက်နေသောလူအုပ်ကြီး၏အပြုအမူများနှင့် ယဇ်ပုရောဟိတ်များ၏စိတ်ဆိုးမာန်ဆိုးပြောဆိုနေသည့်စကားများကို မြင်ရကြားရသော်ငြားလည်း၊ ဤအမျိုးသမီးများသည် မိမိတို့၏ကရုဏာသက်မှုကိုဖော်ပြခဲ့ကြပါသည်။ သခင်ယေရှုသည်အားအင်ချည့်နဲ့စွာဖြင့် မြေကြီးပေါ်သို့လဲကျသွားသောအချိန်တွင် ဤအမျိုးသမီးများသည် ဝမ်းနည်းပက်လက်ဖြစ်ကာငိုကြွေးခဲ့ကြပါသည်။

ခရစ်တော်သည် ဤမြင်ကွင်းတစ်ခုကိုသာသတိထားခဲ့မိပါသည်။ ဤလောက၏အပြစ်များကိုယူတင်ဝတ်ဆောင်ထားရစဉ်၊ ဒုက္ခဝေဒနာများကိုအကြီးအကျယ်ခံစားနေရစဉ်မှာပင် ကိုယ်တော်သည်ပူဆွေးမှုများကိုဖော်ပြကြသည့်ငင်းတို့အား ကရုဏာမပြုဘဲနေတော်မမူခဲ့ချေ။ ထိုအမျိုးသမီးများသည် ယုံကြည်သူများမဟုတ်ကြပါ။ ကိုယ်တော်အတွက်သူတို့ငိုကြွေးနေခြင်းမှာ ကိုယ်တော်သည် ဘုရားသခင်စေလွှတ်တော်မူသည့်သူတစ်ဦးဖြစ်သည်ဟူသော အသိစိတ်ကြောင့်မဟုတ်ဘဲ၊ လူသားချင်းစာနာသောခံစားချက်ကြောင့် ငိုကြွေးကြခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် သူတို့ပြသောကရုဏာသက်မှုအတွက် အထင်အမြင်သေးတော်မမူခဲ့သည့်ပြင် သူတို့အားပို၍ပင်ကရုဏာသက်တော်မူ



ခဲ့သဖြင့်၊ ယေရုရှလင်မြို့သမီးတို့၊ ငါ့ကြောင့်မငိုကြွေးကြနှင့်။ မိမိတို့နှင့် မိမိတို့သားများကြောင့်ငိုကြွေးကြလော့ဟုမိန့်တော်မူခဲ့၏။ မိမိရှေ့တွင်ဖြစ်ပျက်နေသောမြင်ကွင်းမှသည် ယေရုရှလင်မြို့ကြီးပျက်စီးမည့်မြင်ကွင်းအထိ ဆန့်၍ ခရစ်တော်ကြည့်တော်မူခဲ့ပါသည်။ အနာဂတ်၏ကြောက်စရာမြင်ကွင်းထဲတွင် ကိုယ်တော်မြင်တွေ့တော်မူရသည်မှာ ယခုငိုကြွေးနေသောအမျိုးသမီးများထဲမှ တချို့တို့သည် ငင်းတို့၏သားများနှင့်အတူ ထိုအချိန်တွင်ပျက်စီးသေဆုံးကုန်သည့်မြင်ကွင်းပင်ဖြစ်ပါသည်။

ကိုယ်တော်ရှင်၏အတွေးများသည် ယေရုရှလင်မြို့ကြီးပျက်စီးသွားသည်မှ တရားစီရင်သောနေ့ရက်ကြီးတိုင်အောင်ရောက်ရှိသွားခဲ့ပါသည်။ နောင်တမရသော ထိုမြို့ကိုဖျက်ဆီးခြင်းအရာသည် ဤကမ္ဘာပေါ်တွင်ကျရောက်လာမည့် နောက်ဆုံးသောဖျက်ဆီးခြင်း၏အထိမ်းအမှတ်တစ်ခုဖြစ်ကြောင်း ကိုယ်တော်တွေ့မြင်ခဲ့ပါသည်။ "ထိုအခါသူတို့သည် အိုတောင်များတို့၊ ငါတို့အပေါ်သို့ကျပါ။ အိုကုန်းများတို့၊ ငါတို့ကိုဖုံးအုပ်ကြပါဟုခေါ်ကြလိမ့်မည်။ အကြောင်းမူကား၊ စိမ်းသောအပင်ကိုဤသို့ပြုကြလျှင် ခြောက်သောအပင်များ၌အဘယ်သို့ဖြစ်လိမ့်မည်နည်းဟု ကိုယ်တော်မိန့်တော်မူ၏။ ခရစ်တော်သည် စိမ်းသောအပင်ကို အပြစ်ကင်းသောကယ်တင်ရှင်ဖြစ်သည့် မိမိကိုယ်တိုင်နှင့် ပုံဆောင်ထားပါသည်။ ဘုရားသခင်သည် ပညတ်တော်ကိုလွန်ကျူးသောလူသားများခံရမည့် မိမိ၏အမျက်တော်ကို သားတော်အပေါ်သို့သွန်းလောင်းတော်မူခဲ့ပါသည်။ ခရစ်တော်သည် လူသားများကျူးလွန်သောအပြစ်ဒုစရိုက်များအတွက် ကပ်တိုင်အတင်ခံခဲ့ရပါသည်။ အပြစ်တွင်ဆက်လက်နစ်မျောနေသောအပြစ်သားသည် မည်သည့်ဒုက္ခဝေဒနာများကိုခံစားရလိမ့်မည်နည်း။ နောင်တမရသောသူများနှင့်ကိုယ်တော်ကိုမယုံကြည်သောသူများသည် နှုတ်အားဖြင့်မဖော်ပြနိုင်လောက်အောင် ဆိုးယုတ်သည့်ဝမ်းနည်းကြေကွဲမှုတစ်ခုနှင့်ရင်ဆိုင်ကြရလိမ့်မည်။

ကရာနီသို့အသွား ခရစ်တော်၏နောက်မှလိုက်ပါလာသောလူအုပ်ကြီးထဲမှ များစွာသောသူများသည် ယေရုရှလင်မြို့ထဲသို့မြည်းကလေးကိုစီး၍

အောင်ပွဲဆင်သည့်အနေဖြင့် ခရစ်တော်ဝင်ရောက်လာစဉ်က ဟောရှဏ္ဏာဟု ဝမ်းမြောက်ဝမ်းသာအော်ဟစ်ကြွေးကြော်ကာ စွန်ပလွံခက်များကိုဝှေ့ယမ်းခဲ့ကြသူများဖြစ်ကြပါသည်။ ထိုအချိန်က ခေတ်၏ရေစီးကြောင်းကိုလိုက်ကာ ကိုယ်တော်အားကောင်းချီးသြဘာပေးခဲ့သူများသည် ယခုအချိန်တွင်သူ့ကို ကပ်တိုင်တင်ပါ၊ သူ့ကိုကပ်တိုင်တင်ပါဟုအော်ဟစ်နေကြပါသည်။ ခရစ်တော်သည်မြည်းကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်ခဲ့စဉ်က တပည့်တော်များ၏မျှော်လင့်ခြင်းသည် အထွတ်အထိပ်သို့ရောက်ခဲ့ပါသည်။ ကိုယ်တော်ရှင်နှင့်ရင်းနှီးစွာဆက်ဆံခြင်းသည် ကြီးမြတ်သောအသရေတင့်တယ်မှုတစ်ခုဖြစ်သည်ဟု ထင်ကာ ကိုယ်တော့်အပါးသို့တိုးဝင်ချဉ်းကပ်ခဲ့ကြပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်ဒုက္ခရောက်နေသောယခုအချိန်တွင်မူ သူတို့သည်ကိုယ်တော်နှင့် ခပ်လှမ်းလှမ်းမှလိုက်လာခဲ့ကြပါသည်။ သူတို့သည်စိတ်ပျက်ဝမ်းနည်းပြီး စိတ်ပျက်လက်ပျက်ဖြင့်ခေါင်းငုံ့ထားကြပါသည်။ သိုးထိန်းကိုငါရိုက်သတ်၍ သိုးတို့သည်ကွဲလွင့်ရကြမည်ဟုရေးထားသည်နှင့်အညီ ယနေ့ညတွင်သင်တို့ရှိသမျှသည် ငါ့ကြောင့်စိတ်ပျက်ကြလိမ့်မည်ဟူသော ခရစ်တော်၏ဖွင့်ဆိုချက်သည် မည်မျှမှန်ကန်လိုက်ပါသနည်း။ မဿဲ ၂၆း၃၁။

ကွပ်မျက်မည့်နေရာသို့ရောက်သောအခါ ထိုအကျဉ်းသားများကို ကပ်တိုင်တွင်ကပ်၍သံနှင့်ရိုက်ကြပါသည်။ သူခိုးနှစ်ဦးမှာမိမိတို့အားကပ်တိုင်တွင်သံနှင့်ရိုက်နေသူများ၏လက်ထဲမှလွတ်မြောက်ရန် ရုန်းကန်နေကြပါသည်။ ခရစ်တော်မှာမူ ရုန်းကန်တွန်းလှန်မှုတစ်စုံတစ်ခုမျှပြုတော်မမူခဲ့ချေ။ သခင်ဘုရား၏မယ်တော်သည်လည်း ချစ်သားယောဟန်၏အကူအညီဖြင့်ကရာနီကုန်းသို့လိုက်လာခဲ့ပါသည်။ ကိုယ်တော်သည် ကပ်တိုင်၏ဝန်အလေးကြီးအောက်တွင် မောဟိုက်နွမ်းလျနေကြောင်းကိုသူမမြင်သောအခါ ဒဏ်ရာများနှင့်ပြည့်ဝနေသောခေါင်းတော်ကို မိမိ၏လက်ကလေးဖြင့်ဖေးမပေးလိုလှပါသည်။ တစ်ချိန်က မိမိ၏ရင်ခွင်ထက်ဝယ်မှေးစက်တော်မူခဲ့သော သားတော်၏နဖူးမှယိုထွက်နေသောချွေးစများကိုလည်း သုတ်ပေးလိုလှပါသည်။ သို့ရာတွင် သူမသည် ထိုသို့ပြုစုခွင့်မရခဲ့ပါချေ။ ကိုယ်တော်သည် မိမိတန်ခိုးတော်ကို



ပြ၍ ရန်သူများလက်မှမိမိကိုယ်ကိုလွတ်မြောက်အောင်ရုန်းထွက်တော်မူလိမ့်မည်ဟု သူမသည်တပည့်တော်များနှင့်အတူ မျှော်လင့်ထားဆဲဖြစ်ပါသည်။ သို့ရာတွင် ထိုစဉ်ကဖြစ်ပျက်လျက်ရှိသောအရာများအကြောင်းနှင့်ပတ်သက်၍ ကြိုတင်မိန့်မြွက်ခဲ့သောစကားများကိုပြန်လည်သတိရလာသောအခါ သူမသည် စိတ်နှလုံးကြေကွဲခဲ့ရပါသည်။ ထိုသူခိုးများကိုကပ်တိုင်တွင်ရိုက်ခတ်နေကြစဉ် သူမ၏စိတ်ထဲတွင်ဖြစ်ပေါ်လာသောမေးခွန်းများမှာ လူသေများကိုရှင်ပြန်ထမြောက်စေခဲ့သည့်သားတော်သည် ကပ်တိုင်အတင်ခံတော့မှာလား၊ ဘုရားသခင်၏သားတော်သည် ထိုကဲ့သို့နည်းမျိုးဖြင့်ရက်စက်စွာအသတ်ခံတော့မှာလား။ ခရစ်တော်သည်မေရှိယဖြစ်သည်ဟူသော မိမိ၏ယုံကြည်ခြင်းကိုစွန့်လွှတ်ရတော့မှာလား။ ကိုယ်တော်ခံစားနေရသော အရှက်တကွဲအကျိုးနည်းခြင်းကိုဖြစ်စေမည့် ဝမ်းနည်းဖွယ်အဖြစ်ကိုဘာမျှကူညီခွင့်မရဘဲ ဤကဲ့သို့ပင်ကြည့်နေရတော့မှာလားဟူ၍ဟူ၍ဖြစ်ပါသည်။ ကိုယ်တော်၏လက်များကို ကပ်တိုင်၌ကပ်၍ဖြန့်စေပြီး အသားတော်ထဲသို့သံများဖြင့်ရိုက်သွင်းနေကြပါသည်။ သံချွန်များသည် အသားတော်ကိုဖောက်ထွင်းသွားစဉ် စိတ်နှလုံးထိခိုက်နေသောတမန်တော်များသည် အားအင်ချည့်နဲ့နေသောမယ်တော်ကို ထိုမြင်ကွင်းမှဝေးရာသို့ ခေါ်ဆောင်သွားခဲ့ကြပါသည်။

ကယ်တင်ရှင်သည် လုံးဝညည်းညူတော်မမူဘဲ မျက်နှာတော်သည် ဆက်လက်တည်ငြိမ်အေးချမ်းဆဲဖြစ်ပါသည်။ သို့သော် နဖူးတော်မှချွေးသီးချွေးပေါက်ကြီးများကျဆင်းလာခဲ့ပါသည်။ ကိုယ်တော်၏မျက်နှာပေါ်မှဇောချွေးများကိုသုတ်ပေးမည့် ကြင်နာယုယသောလက်တစ်ချောင်းတစ်လေမျှမရှိခဲ့ပါချေ။ ကိုယ်တော်၏နှလုံးတော်အားဖြေသိမ့်မှုပေးရန် ကရုဏာစကားများနှင့်သစ္စာစကားများကိုပြောပေးမည့်သူတစ်စုံတစ်ဦးမျှမရှိခဲ့ပါတကား။ ထိုရောမစစ်သားများသည် မိမိအားအဆုံးစီရင်မည့်လုပ်ငန်းကိုလုပ်ဆောင်နေကြစဉ် ယေရှုက အိုအဖ၊ သူတို့၏အပြစ်ကိုခွင့်လွှတ်တော်မူပါ။ သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြဟု ထိုသူများအတွက်ဆုတောင်းပေးခဲ့ပါသည်။ ခရစ်တော်သည် မိမိခံစားနေရသောဝေဒနာအတွက်စိတ်မပူဘဲ မိမိအားနှိပ်စက်

ကလူပြုနေသူများ၏အပြစ်များနှင့် သူတို့ခံရမည့်အပြစ်ဒဏ်များအတွက် စိတ်နှလုံးပူပန်တော်မူခဲ့ပါသည်။ မိမိအားကြမ်းတမ်းစွာကပ်တိုင်တင်နေသော ရောမစစ်သားများအားဒုက္ခရောက်စေရန် မည်သည့်ကျိန်ဆိုမှုမျိုးကိုမျှပြုလုပ်တော်မမူခဲ့ချေ။ မိမိတို့အကြံအောင်သွားသဖြင့် တိတ်တဆိတ်ပီတိဖြစ်နေကြသော ထိုယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများအားလည်း လက်စားချေပေးတော်မူပါရန် ဘုရားသခင်ထံ၌တစ်စုံတစ်ရာမတောင်းခံခဲ့ချေ။ ခရစ်တော်သည် ၎င်းတို့၏အသိအလိမ္မာမရှိမှုနှင့် ၎င်းတို့ပြုခဲ့သောဒုစရိုက်များအတွက် ၎င်းတို့အားသနားတော်မူခဲ့ပါသည်။ ၎င်းတို့အားအပြစ်ခွင့်လွှတ်ရန် ကိုယ်တော်ပြုခဲ့သောတစ်ခုတည်းသောလျှောက်လဲချက်မှာ သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြဟူ၍ဖြစ်ပါသည်။

မိမိတို့နှိပ်စက်ညှဉ်းဆဲနေသောပုဂ္ဂိုလ်သည် ဒုစရိုက်နွံတွင်နစ်နေသော လူသားမျိုးနွယ်စုတစ်ခုလုံးအား ထာဝရပျက်စီးခြင်းမှကယ်တင်ရန် ကြွလာသောသူဖြစ်ကြောင်းသိရှိခဲ့လျှင် သူတို့သည်သံဝေဂတရားရစရာလိုကြလိမ့်မည်မဟုတ်ချေ။ ကြောက်ရွံ့တုန်လှုပ်ခဲ့ကြလိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် မိမိတို့၏ကယ်တင်ရှင်ဖြစ်ကြောင်းသိရှိခွင့်၊ လက်ခံနိုင်ခွင့်ရရှိကြသောကြောင့် ၎င်းတို့၏အသိပညာကင်းမဲ့မှုသည် ၎င်းတို့၏ဒုစရိုက်အပြစ်ကိုမဖယ်ရှားနိုင်ခဲ့ချေ။ ထိုသူများထဲမှအချို့သည် ထိုအချိန်တွင်မိမိတို့၏အပြစ်ကိုပြန်လည်မြင်တွေ့လာကာနောင်တရပြီး၊ ပြောင်းလဲလာခဲ့ပါသည်။ နောင်တမရသောသူတချို့က ၎င်းတို့အတွက်ခရစ်တော်ပြုခဲ့သောဆုတောင်းချက်ကို အထမမြောက်အောင်လုပ်ဆောင်ခဲ့ကြပါသည်။ သို့ရာတွင် ဘုရားသခင်၏အကြံအစည်တော်သည် အထွတ်အထိပ်သို့ရောက်ခဲ့ပါသည်။ အဖခမည်းတော်ဘုရား၏ရှေ့တော်မှောက်တွင် လူသားများအတွက်ဖျန်ဖြေသူတစ်ပါးဖြစ်လာရန် ခရစ်တော်သည် ထိုလုပ်ပိုင်ခွင့်ကိုအသုံးပြုထိုက်တော်မူပါသည်။

မိမိတို့အားရန်မူသူများအတွက် ပြုတော်မူခဲ့သောခရစ်တော်၏ဆုတောင်းချက်သည် လောကီသားများအားလုံးနှင့်လည်းပတ်သက်ပါသည်။ ဤဆုတောင်းချက်သည် ကမ္ဘာဦးအစမှသည်ကမ္ဘာဆုံးသည့်တိုင်အောင် မိမိတို့၏



သက်တမ်းအငန်းအတာအလိုက် အသက်ရှင်နေထိုင်ခဲ့ကြသောသူအားလုံးကို အကျုံးဝင်စေခဲ့ပါသည်။ သားတော်ဘုရားကိုကပ်တိုင်တင်၍သတ်ခြင်းအမှုသည် လူသားအားလုံးအပေါ်တွင်ကျရောက်လျက်ရှိပါသည်။ သို့ပါ၍ အပြစ်လွှတ်ခြင်းအခွင့်ကိုလည်း လူတိုင်းအားအကြွင်းမဲ့ပေးတော်မူလျက်ရှိပါသည်။ အလိုရှိသောသူတိုင်းသည် ဘုရားသခင်နှင့်ရန်ငြိမ်းမှုကိုရရှိနိုင်ပြီး၊ ထာဝရအသက်ကိုအမွေခံခွင့်ရနိုင်ကြပါသည်။

ခရစ်တော်ကို ကပ်တိုင်တွင်ကပ်၍သံချွန်များနှင့်ရိုက်ကြပြီးနောက် လူသန်ကြီးများသည်ထိုကပ်တိုင်ကိုထူလိုက်ကာ ပြင်ဆင်ထားသောတွင်းထဲသို့ကြမ်းတမ်းစွာဆောင့်ထည့်လိုက်ကြပါသည်။ ဤသို့လုပ်ဆောင်နေခြင်းသည် သားတော်ဘုရားအားနာကျင်မှုဝေဒနာကို ပြင်းထန်စွာခံစားစေပါသည်။ ထိုနောက်ပိလတ်မင်းသည် ဟေဗြဲဘာသာ၊ ဟေလသဘာသာ၊ လက်တင်ဘာသာများဖြင့်ကမ္ပည်းရေးထိုးကာ ဦးခေါင်းတော်အထက်နားရှိ ကပ်တိုင်ထိပ်တွင်ရိုက်ထားလိုက်ပါသည်။ ထိုကမ္ပည်းကို “ယုဒရှင်ဘုရင်နာဇရက်မြို့သားယေရှု” ဟူ၍ရေးသားထားပါသည်။ ထိုကမ္ပည်းသည် ယုဒလူများအားစိတ်ဆိုးစေခဲ့ပါသည်။ ထိုကြောင့်သူတို့သည် ပိလတ်မင်း၏နန်းတော်ဝင်းအတွင်းသို့သွား၍ ထိုသူကိုလက်ဝါးကပ်တိုင်မှာရိုက်ပါ။ ကဲသာဘုရင်မှတစ်ပါးအဘယ်ရှင်ဘုရင်မျှမရှိဟု အော်ဟစ်ခဲ့ကြပါသည်။ ယောဟန် ၁၉း၁၅။ မည်သူမဆိုအခြားသောဘုရင်ကိုအသိအမှတ်ပြုပါလျှင် သစ္စာဖောက်ဟုမှတ်ယူခြင်းခံရလိမ့်မည်ဟုလည်း သူတို့ကြွေးကြော်ခဲ့ကြပါသည်။ ပိလတ်မင်းသည် သူဖွင့်ဟသောခံစားချက်များကို ပြည့်ပြည့်စုံစုံရေးသားထားပါသည်။ သခင်ယေရှုသည် ယုဒရှင်ဘုရင်ဖြစ်သည်ဟူသောအချက်မှလွဲ၍ မည်သည့်ထိမိလဲစရာကိုမျှသူမပြောမဆိုခဲ့ချေ။ ထိုကမ္ပည်းက ရောမအစိုးရအပေါ်ထားရှိရမည့် ယုဒများ၏သစ္စာစောင့်သိမှုအတွက် အကျိုးသက်ရောက်သော အသိအမှတ်ပြုချက်တစ်ရပ်ဖြစ်ပါသည်။ မည်သူမဆိုမိမိကိုယ်ကိုယုဒရှင်ဘုရင်ဟုကြေညာလျှင် သေဒဏ်စီရင်ခြင်းခံရလိမ့်မည်ဖြစ်ကြောင်း ထိုကမ္ပည်းကဖွင့်ဆိုနေပါသည်။ ထိုယဇ်ပုရောဟိတ်များသည် ကိုယ့်ကိုကိုယ်မလိမ့်တပတ်လုပ်ခဲ့ကြပါသည်။ ယုဒ

လူများသည် ကိုယ်တော်အားအဆုံးစီရင်ဖို့ကြိုးစားကြံစည်နေသောအချိန်တွင် ကယာဖက တစ်မျိုးသားလုံးကိုကယ်တင်ရန် သူတစ်ဦးအသေခံခြင်းသည် လျော်ကန်သင့်မြတ်လှပါသည်ဟုပြောဆိုခဲ့၏။ ယခုတွင် ၎င်းတို့၏ဟန်ဆောင်လျှို့ဝှက်မှုများသည်ထင်ရှားခဲ့လေပြီ။ သူတို့သည် ခရစ်တော်ကိုအဆုံးစီရင်နိုင်စေရန်အလို့ငှာ တစ်နိုင်ငံလုံးကိုစတေးဖို့အသင့်အနေအထားတွင်ရှိနေကြပါသည်။

ထိုသူများ၏လုပ်ကိုင်ဆောင်ရွက်မှုများကို ယဇ်ပုရောဟိတ်များက မြင်တွေ့ကာ ထိုကမ္ပည်းကိုစာသားပြောင်းပေးရန် ပိလတ်မင်းအားတောင်းခံခဲ့ကြပါသည်။ “ယုဒဘုရင်ဟုမရေးပါနှင့်။ ငါသည်ယုဒဘုရင်ဖြစ်သည်ဟုသူဆိုကြောင်းကိုရေးပါ” ဟု သူတို့ကဆိုကြ၏။ သို့သော် ပိလတ်မင်းသည် မိမိအားနည်းချက်များကြောင့် ကိုယ့်ကိုကိုယ်ဒေါသဖြစ်နေသဖြင့် ထိုယဇ်ပုရောဟိတ်များ၏အကြံပြုတောင်းဆိုချက်ကိုလုံးလုံးဂရုမထားဘဲ ငါရေးပြီးသောအရာကိုငါရေးပြီဟုပြန်ဆိုခဲ့ပါသည်။

ပိလတ်မင်းနှင့် ထိုယုဒလူများထက်တန်ခိုးအာဏာကြီးမြတ်သူတစ်ပါးက ထိုကမ္ပည်းကိုခရစ်တော်၏ဦးခေါင်းအထက်တွင်ကပ်ရန် ညွှန်ကြားတော်မူခဲ့ပါသည်။ ဘုရားသခင်၏အစီအမံကြောင့် ထိုကဲ့သို့ကမ္ပည်းကပ်ထားခြင်းသည် စိတ်နှလုံးကိုနိုးကြားစေ၍ သမ္မာကျမ်းစာကိုစူးစမ်းလေ့လာမှုကိုလည်း ပြုလုပ်စေခဲ့ပါသည်။ ခရစ်တော်အားကပ်တိုင်တင်သောနေရာသည် ယေရုရှလင်မြို့၏အနီးအနားမှာပင်ဖြစ်ပါသည်။ ထိုအချိန်အခါတွင် ထောင်ပေါင်းများစွာသောလူများသည် ယေရုရှလင်မြို့တွင်စုရုံးနေကြရာ နာဇရက်မြို့သားယေရှုသည် မေရှိယဖြစ်ကြောင်းဖော်ပြထားသောထိုကမ္ပည်းကို သတိထားမိခဲ့ကြပါလိမ့်မည်။ ထိုအရာသည် ဘုရားသခင်၏လမ်းပြခြင်းခံရသောလက်တစ်ချောင်းကရေးသားထားသည့် အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောသမ္မာတရားတစ်ခုဖြစ်ပါသည်။

ကပ်တိုင်ပေါ်တွင် ကိုယ်တော်ရှင်ခံစားခဲ့ရသောဝေဒနာများတွင် အနာဂတ္တိစကားများသည်ပြည့်စုံလျက်ရှိပါသည်။ မိမိခံစားရမည့်ဒုက္ခဆင်းရဲ





ခြင်းများအကြောင်းကို ကပ်တိုင်အတင်မခံရမီရာစုနှစ်ပေါင်းများစွာကတည်းက ကိုယ်တော်မိန့်တော်မူထားသည်မှာ “ခွေးတို့သည်အကျွန်ုပ်ကိုဝိုင်းလျက် စုဝေးသောလူဆိုးတို့သည်ဝန်းရံလျက်နေ၍ အကျွန်ုပ်၏လက်ခြေတို့ကိုထိုးဖောက်ကြပါပြီ။ ကိုယ်အရိုးရှိသမျှတို့ကိုအကျွန်ုပ်ရေတွက်နိုင်ပါ၏။ သူတို့သည် အကျွန်ုပ်ကိုကြည့်မြင်၍အားရလျက်နေကြပါသည်” ဟူ၍ဖြစ်၏။ ဆာလံ ၂၂း၁၆–၁၈။ ကိုယ်တော်ဝတ်ရုံနှင့်ပတ်သက်သည့်အနာဂတ္တိစကားများကိုမူ ကိုယ်တော်၏ရန်သူများထံမှလည်းကောင်း၊ မိတ်ဆွေများထံမှလည်းကောင်း မည်သည့်အကြံပေးမှုကြားဝင်စွက်ဖက်မှုတစ်စုံတစ်ရာမရှိဘဲ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြပါသည်။ ကိုယ်တော်၏ဝတ်ရုံတော်ကို ကိုယ်တော်အားကပ်တိုင်တင်ခဲ့ကြသည့် ရောမစစ်သားများအားပေးခဲ့ကြပါသည်။ ဝတ်ရုံတော်ကိုတစ်ပိုင်းစီပိုင်း၍ယူကြရန် သူတို့ငြင်းခုံပြောဆိုနေသံကို ကိုယ်တော်ကြားခဲ့ရပါသည်။ သို့ရာတွင် ထိုဝတ်ရုံတော်သည် ချုပ်ရိုးမရှိသည့်တစ်စပ်တည်းရက်လုပ်ထားသောဝတ်ရုံဖြစ်သောကြောင့် “အင်္ကျီကိုမဆုတ်ကြနှင့်၊ အဘယ်သူယူရမည်ကိုစာရေးတံချကြကုန်အံ့” ဟုအချင်းချင်းပြောဆိုခဲ့ကြ၏။

ကျမ်းစာ၏အခြားတစ်နေရာ၌ ကိုယ်တော်ရှင်မိန့်တော်မူထားသည်မှာ “ကဲ့ရဲ့ခြင်းအားဖြင့်အကျွန်ုပ်သည်စိတ်ပျက်၍ အလွန်ပူဆွေးခြင်းရှိပါ၏။ သနားသောသူကိုကြည့်၍မမြင်၊ သက်သာစေသောသူကိုရှာ၍မတွေ့ရပါ။ အကျွန်ုပ်စားစရာဖို့ဆေးခါးကိုကျွေးကြပါ၏။ ရေငတ်သောအခါပုံးရည်ကိုတိုက်ကြပါ၏” ဟူ၍ဖြစ်၏။ ဆာလံ ၆၉း၂၀–၂၁။ ကပ်တိုင်တင်၍အသတ်ခံရမည့်သူများအား နာကျင်မှုသက်သာစေရန် ထုံထိုင်းစေသောအရည်များကိုတိုက်ခွင့်ပြုထားပါသည်။ ထို့ကြောင့် ထိုအရည်မျိုးကိုခရစ်တော်အားတိုက်ကျွေးကြရာ ကိုယ်တော်သည်မြည်းစမ်းကြည့်ပြီး သောက်ရန်ငြင်းဆန်တော်မူခဲ့ပါသည်။ စိတ်ကိုအမှောင်လွှမ်းစေမည့်မည်သည့်အရာကိုမျှ ကိုယ်တော်သုံးဆောင်လိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် မိမိ၏ယုံကြည်ကိုးစားမှုကို ဘုရားသခင်၌သာအစဉ်စွဲမြဲထားခဲ့ပါသည်။ ဤလုပ်ဆောင်မှုသည်သာ ကိုယ်တော့်အတွက်တန်ခိုးခွန်အားဖြစ်ပါသည်။ အသိဉာဏ်များကိုမှောင်မိုက်ဖုံးလွှမ်းအောင်လုပ်

ခြင်းသည် စာတန်အားအခွင့်သာအောင်လုပ်ဆောင်ပေးခြင်းသာဖြစ်ပါလိမ့်မည်။

ကိုယ်တော်သည် ကပ်တိုင်ပေါ်တွင်အချိတ်ဆွဲခံထားရသောအချိန်၌ ကိုယ်တော်အားရန်သူများက ၎င်းတို့၏ပြင်းထန်သောဒေါသအမျက်များကို ထုတ်ဖော်ခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများနှင့် ကျမ်းတတ်ဆရာများသည် လူအုပ်ကြီးနှင့်အတူရော၍ သေလုဆဲဆဲကိုယ်တော်အားပြောင်လှောင်သရော်ခဲ့ကြပါသည်။ နှစ်ခြင်းမင်္ဂလာကိုခံယူစဉ်အခါက တစ်ကြိမ်၊ အရောင်အဝါထွန်းတောက်စွာဖြင့်တောင်ပေါ်တွင်မောရှေ၊ ဧလိယတို့နှင့်တွေ့ဆုံစဉ်ကတစ်ကြိမ် ခရစ်တော်အားဘုရားသခင်၏သားတော်ဖြစ်ကြောင်းဖွင့်ဟတော်မူသည့် ဘုရားသခင်၏အသံကိုသူတို့ကြားခဲ့ဖူးပါသည်။ ခရစ်တော်အားမအပ်နှံမီကလေးတွင်လည်း ကိုယ်တော်၏ဘုရားဇာတိကို သက်သေခံလျက် အဖဘုရားသခင်ဖွင့်ဟခဲ့ပါသေးသည်။ သို့ရာတွင်ယခုအချိန်တွင်မူ ကောင်းကင်နိုင်ငံမှအသံတော်သည်တိတ်နေပါသည်။ ခရစ်တော်အားထောက်ခံရန်ပြောဆိုသည့်အသံတစ်ခုကိုမျှ မကြားရတော့ချေ။ လူယုတ်မာများ၏မတရားပြုကျင့်မှုများနှင့်ပြက်ရယ်ပြုမှုများကို ကိုယ်တော်တစ်ပါးတည်းခံစားနေရပါသည်။

"ဘုရားသခင်၏သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှဆင်းလော့။ ခရစ်တော်တည်းဟူသောဘုရားသခင်ရွေးချယ်တော်မူသောသူမှန်လျှင် ကိုယ်ကိုကယ်တင်ပါလေစေ" ဟူ၍ သူတို့ပြက်ရယ်ပြုပြောဆိုခဲ့ကြ၏။ တောထဲတွင်စုံစမ်းနှောင့်ယှက်ခြင်းခံရစဉ်ကလည်း "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲတို့ကိုမုန့်ဖြစ်စေခြင်းငှာအမိန့်ရှိတော်မူပါ" "ကိုယ်တော်သည်ဘုရားသခင်၏သားတော်မှန်လျှင် ဤဗိမာန်တော်အထွတ်မှ ကိုယ်ကိုအောက်သို့ချလိုက်တော်မူပါ" ဟုစာတန်ကပြောခဲ့ဖူးပါသည်။ မဿဲ၊ ၄း၃၊၆။ စာတန်နှင့်သူ၏နတ်ဆိုးများသည်လူယောင်ဆောင်၍ ထိုကပ်တိုင်အနားသို့ ရောက်ရှိနေခဲ့ကြပါသည်။ ၎င်းတို့သည် ယဇ်ပုရောဟိတ်များတို့နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိကြပါသည်။ ကိုယ်တော်နှင့်ပတ်သက်၍ မမှန်သော



သက်သေခံခြင်းများကို၎င်းတို့မပြုလုပ်မီအထိ ကိုယ်တော်အားတစ်ခါမျှမမြင်ဖူးခဲ့ကြသည့် လူအုပ်ကြီးထဲမှတချို့သည် ကိုယ်တော်အားစွဲချက်တင်လာအောင် ယုဒဆရာများကဆွပေးခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများနှင့် ဖာရိရှဲများသည် ဆိုးယုတ်သောကမူးရှူးထိုးလုပ်တတ်သည့် ဤဇရုတ်သုတ်ခလူအုပ်ကြီးနှင့်ပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။ ဘာသာရေးခေါင်းဆောင်များသည် စာတန်နှင့်သူ၏နတ်ဆိုးများအားပူးပေါင်းခဲ့ကြပါသည်။ သူတို့သည် စာတန်ခိုင်းစေသည့်အတိုင်းလုပ်ဆောင်နေကြပါသည်။

"ဤသူသည်သူတစ်ပါးတို့ကိုကယ်တင်တတ်၏။ ကိုယ်ကိုမကယ်တင်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှယခုဆင်းပါလေစေ။ ဆင်းလျှင်ငါတို့ယုံကြည်ကြမည်" ဟူ၍ယဇ်ပုရောဟိတ်များပြောဆိုနေသောစကားများကိုလည်း သေလုမြောပါးဒုက္ခဝေဒနာခံစားနေရသောသခင်ယေရှုသည် ကြားတော်မူခဲ့ပါသည်။ ခရစ်တော်သည်ကပ်တိုင်ထက်မှ ဆင်းလာချင်လျှင် ဆင်းလာနိုင်သည့်တန်ခိုးရှိပါသည်။ သို့ရာတွင် အပြစ်သားများသည် ဘုရားသခင်ထံမှမျှော်လင့်ခြင်းအခွင့်ရရှိစေရန်အလိုငှာ ကိုယ်တော်သည်မိမိကိုယ်ကိုကယ်တင်တော်မမူခဲ့ပါ။ အနာဂတ္တိစကားများကိုနားလည်သည်ဟုပြောဆိုကြသောထိုသူများသည် ခရစ်တော်ကိုပြက်ရယ်ပြုခြင်းအားဖြင့် ထိုအချိန်အခါမျိုးတွင်သူတို့ပြောကြလိမ့်မည်ဟု ဝိညာဉ်တော်အားဖြင့်ကြိုတင်ဖော်ပြခဲ့သောစကားများကို ထပ်ခါတလဲလဲပြောဆိုနေကြပါသည်။ သို့ရာတွင် ဝိညာဉ်ရေးမှောင်မိုက်ကျမှုကြောင့် သူတို့သည်မိမိကိုယ်တိုင်ထိုအနာဂတ္တိစကားများကိုပြည့်စုံစေလျက်ရှိကြောင်းမသိရှိကြချေ။ ထို့ကြောင့် ပြက်ရယ်ပြုနေသောသူများက "သူသည်ဘုရားသခင်ကိုကိုးစားပြီ၊ ငါသည်ဘုရားသခင်၏သားဖြစ်၏ဟုဆိုပြီ။ သို့ဖြစ်၍ ဘုရားသခင်သည် သူ၌အလိုတော်ရှိလျှင်ယခုပင်ကယ်တင်တော်မူပါလေစေ" ဟုဆိုကြ၏။ မိမိတို့၏သက်သေခံချက်များသည် ခေတ်အဆက်ဆက်မြည်ဟည်းသွားလိမ့်မည်ကို နည်းနည်းကလေးမျှသူတို့မစဉ်းစားမိခဲ့ကြချေ။ သို့ရာတွင် ဤစကားများကို ပြက်ရယ်ပြုသည့်အနေဖြင့်ပြောဆိုခဲ့ကြသော်လည်း လူသားများအားယခင်က

နှင့်မတူ၊ တစ်မူထူးခြားစွာဖြင့် ကျမ်းစာကိုလေ့လာချင်သောစိတ်များပေါက်ဖွားလာအောင် ဖန်တီးခဲ့ပါသည်။ ပညာရှိများသည် တရားတော်ကိုကြားနာခဲ့ကြပါသည်။ လေးနက်စွာလေ့လာရှာဖွေခဲ့ကြပါသည်။ ဆုတောင်းပတ္ထနာပြုခဲ့ကြပါသည်။ သူတို့သည် ခရစ်တော်၏လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အနက်အဓိပ္ပါယ်ကိုမတွေ့မချင်း ကျမ်းပိုဒ်တစ်ပိုဒ်နှင့်တစ်ပိုဒ်နှိုင်းယှဉ်ကာ မနားမနေလေ့လာခဲ့ကြပါသည်။ ခရစ်တော်ကိုကပ်တိုင်၌ချိတ်ဆွဲထားသည့်အချိန်ကမှူ ကိုယ်တော်အကြောင်းကိုကောင်းမွန်စွာနားလည်သဘောပေါက်ခြင်းမရှိခဲ့ကြချေ။ ကပ်တိုင်အတင်ခံရမည့်မြင်ကွင်းကိုမြင်ခဲ့ရသူများနှင့် ကိုယ်တော်၏မိန့်မြွက်ချက်ကိုကြားခဲ့ရသောသူများ၏စိတ်နှလုံးများထဲတွင် တရားတော်အလင်းသည်ထွန်းလင်းလျက်ရှိခဲ့ပါသည်။

ကပ်တိုင်ပေါ်တွင် ပရိဒေဝမီးတောက်လောင်နေသောခရစ်တော်အတွက် နှစ်သိမ့်စရာဟူ၍တစ်ခုကိုသာတွေ့ခဲ့ရပါသည်။ ထိုအရာမှာ နောင်တရသောသူခိုးကြီး၏ဆုတောင်းချက်ပင်ဖြစ်ပါသည်။ ခရစ်တော်နှင့်အတူကပ်တိုင်အတင်ခံရမည့်သူခိုးကြီးနှစ်ယောက်စလုံးက အစပထမတွင်ပြောင်လှောင်သရော်ခဲ့ကြပါသည်။ တစ်ယောက်မှာမူ သူခံစားရသောဒုက္ခဝေဒနာကြောင့်ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ကလန်ကဆန်လုပ်ခဲ့ပါသည်။ ကျန်တစ်ယောက်မှာမူထိုသို့မဟုတ်ပါ။ ဤသူသည်မာကျောခက်ထန်သောရာဇဝတ်သားတစ်ဦးမဟုတ်ချေ။ မကောင်းသောမိတ်ဆွေများကြောင့် လမ်းလွဲခဲ့ရသူတစ်ဦးဖြစ်ပါသည်။ ခရစ်တော်အားနင်ပဲဆပြောဆိုနေသော ကပ်တိုင်နားမှာရပ်နေကြသူများထဲမှအတော်များများထက်လည်း၊ ဒုစရိုက်မှုနည်းပါးသူတစ်ဦးဖြစ်ပါသည်။ သူသည်ခရစ်တော်ကိုမြင်ဖူးခဲ့ပြီး၊ ကိုယ်တော်ရှင်၏သွန်သင်ချက်များကိုလည်းကြားနာခဲ့ဖူးပါသည်။ ကိုယ်တော်ရှင်၏သွန်သင်ချက်များကြောင့် အမှန်တရားကိုသိရှိလာခဲ့သော်လည်း ထိုယဇ်ပုရောဟိတ်များနှင့်ယုဒအကြီးအကဲများ၏သွေးဆောင်မှုကြောင့် ကိုယ်တော်ရှင်အားကျောခိုင်းခဲ့ပါသည်။ မိမိအသိစိတ်ကလေးထိမ်ဝှက်ထားရန်ကြိုးစားယင်း၊ အဖမ်းအဆီးခံရပြီး ရာဇဝတ်သားတစ်ဦးအဖြစ်အမှုစစ်ဆေးခြင်းခံရကာ ကပ်တိုင်တွင်သေဒဏ်



ခံရန်အမိန့်ချမှတ်ခံရသည့်အခြေအထိ အပြစ်နွံတွင်ပို၍ပို၍သာနစ်ခဲ့ရပါတော့သည်။ တရားခွင်တွင်လည်းကောင်း၊ ကရာနီသို့သွားရာလမ်းတစ်လျှောက်တွင်လည်းကောင်း သူသည်ခရစ်တော်နှင့်အတူလိုက်ပါခဲ့ပါသည်။ ဤသူ၌အဘယ်အပြစ်ကိုမျှငါမတွေ့ဟူသော ပိလတ်မင်း၏ပြောဆိုသံကိုလည်းသူကြားခဲ့ရပါသည်။ ယောဟန် ၁၉း၄။ ကိုယ်တော်၏မြင့်မြတ်သောဟန်နေဟန်ထားနှင့်နှိပ်စက်ကလူပြုသူများအား အပြစ်ခွင့်လွှတ်သနားကြင်နာတတ်သောစိတ်ဓာတ်ကိုလည်း သူသတိထားမိခဲ့ပါသည်။ များစွာသောဘာသာရေးသမားများသည် ခရစ်တော်အားမထီလေးစားစကားများပြော၍ပြက်ရယ်ပြုနေကြသည်ကို သူသည်ကပ်တိုင်ပေါ်မှမြင်နေရပါသည်။ ရယ်သွမ်းနေသောသူများကိုသူမြင်နေရပါသည်။ သူနှင့်ဘဝတူမိတ်ဆွေက "သင်သည်ခရစ်တော်မှန်လျှင်ကိုယ်ကိုလည်းကောင်း၊ ငါတို့ကိုလည်းကောင်းကယ်တင်လော့" ဟူ၍ကိုယ်တော်အားကဲ့ရဲ့ပြစ်တင်နေသည်ကိုလည်း သူကြားနေရပါသည်။ အနီးမှဖြတ်သွားသူများက ကိုယ်တော်ကိုကာကွယ်ပြောဆိုနေသည်ကိုလည်း သူကြားနေရပါသည်။ ထိုသူများက ကိုယ်တော်၏သွန်သင်ချက်များနှင့် ပြုတော်မူခဲ့သောနိမိတ်လက္ခဏာများအကြောင်းကို ထပ်ခါတလဲလဲပြောနေကြသည်ကိုလည်း သူကြားနေရပါသည်။ ထို့ကြောင့် ဤပုဂ္ဂိုလ်သည် ခရစ်တော်ဖြစ်သည်ဟု သူသိရှိလာခဲ့ပါသည်။ ထို့ကြောင့် မိမိအဖော်ကိုဆုံးမ၍ သင်သည်ဤသူနည်းတူအပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကိုမကြောက်သလောဟုဆို၏။ သေလုဆဲဆဲဖြစ်နေသောထိုသူခိုးနှစ်ယောက်အနေဖြင့် မည်သည့်လူသားကိုမှကြောက်စရာမလိုပါချေ။ သို့ရာတွင် မိမိတို့အနေနှင့်ကြောက်ရွံ့ရှိသေရမည့်ဘုရားတစ်ဆူရှိတော်မူသည်ဟူသောအသိတရားကို တစ်ယောက်သောသူခိုးကခံစားခဲ့ရပါသည်။ ယခုအချိန်တွင် အပြစ်နှင့်ညစ်ထေးနေသော ၎င်း၏အသက်တာသည် အဆုံးသတ်တော့မည့်ဆဲဆဲဖြစ်ပါသည်။ "ငါတို့သည်ကိုယ်ပြုမိသောအပြစ်နှင့်အလျောက်ခံရသည်ဖြစ်၍ တရားသဖြင့်ခံရကြ၏။ ဤသူမူကား၊ အဘယ်အပြစ်ကိုမျှမပြု" ဟု သံဝေဂရသောသူခိုးကဆို၏။

ယခုအချိန်တွင် စာဒကတက်စရာအကြောင်းတစ်စုံတစ်ရာမရှိတော့ချေ။ ဒွိဟဖြစ်စရာလုံးဝမရှိတော့ချေ။ အပြစ်တင်ဖို့လည်းမလိုတော့ချေ။ ၎င်းကျူးလွန်ခဲ့သောရာဇဝတ်မှုအတွက် အပြစ်ဒဏ်စီရင်ချက်ချသည့်အချိန်မှစ၍ ထိုသူခိုးကြီးသည် မျှော်လင့်ချက်ကင်းမဲ့သောသူတစ်ဦးဖြစ်နေခဲ့ပါသည်။ သို့ရာတွင် နူးညံ့သောသဘောထားကလေးသည် သူ၏နှလုံးသားတွင်အံ့သြစရာကောင်းလောက်အောင် ပြန်လည်ရှင်သန်လာခဲ့ပါသည်။ ခရစ်တော်၏တရားဒေသနာများကို သူပြန်လည်သတိရလာခဲ့ပါသည်။ လူနာများကိုကိုယ်တော်ကုသခဲ့ပုံများနှင့် အပြစ်ခွင့်လွှတ်ခဲ့ပုံများကိုလည်း ပြန်လည်၍သူသတိရလာခဲ့ပါသည်။ ခရစ်တော်ကိုယုံကြည်သောသူများ၏ပြောဆိုသံများကိုသူကြားခဲ့ရပါသည်။ ယုံကြည်သူများသည်ငိုကြွေးလျက် နောက်တော်မှလိုက်နေကြသည်ကိုလည်း သူမြင်ခဲ့ရပါသည်။ ကယ်တင်ရှင်၏ဦးခေါင်းတော်နားမှာကပ်ထားသည့်ကမ္ပည်းစာသားကိုလည်း သူဖတ်ရှုခဲ့ပြီးချေပြီ။ အနားမှဖြတ်သွားသူများထဲမှ အချို့တို့ပြောဆိုသည့်ကရုဏာစကားသံများကိုလည်းကောင်း၊ အချို့ပြောဆိုသည့်ပြက်ရယ်စကားသံများကိုလည်းကောင်း သူကြားခဲ့ရချေပြီ။ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်း၏စိတ်နှလုံးအား အလင်းတရားပေးတော်မူသဖြင့် သက်သေအထောက်အထားများသည် နည်းနည်းချင်းဆက်စပ်မိလာခဲ့ပါသည်။ နာကျင်စွာထိုးနှိပ်ခြင်းခံရသော၊ ပြက်ရယ်ပြုခြင်းခံရသော၊ ကပ်တိုင်တွင်ဆွဲထားခြင်းခံရသောခရစ်တော်၌ ဤလောက၏အပြစ်ကိုဆောင်ယူသွားသည့် ဘုရားသခင်၏သိုးသငယ်ကို သူတွေ့မြင်နေရပါသည်။ သေအံ့ဆဲဆဲအကူအညီမဲ့တစ်ဦးက သေအံ့ဆဲဆဲကယ်တင်ရှင်အား သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါဟူ၍ အသနားခံသောပတ္ထနာသံတွင် မျှော်လင့်ချက်နှင့်စိတ်ထိခိုက်နာကျင်မှုများရောပြွမ်းနေပါသည်။

တုံ့ပြန်သံမှာ လျင်မြန်စွာပေါ်ထွက်လာခဲ့ပါသည်။ သာယာပျော့ပျောင်း၍နဝံပီယံရှိပြီး မေတ္တာကရုဏာနှင့်ပြည့်ဝသောအသံဖြင့် "ယနေ့တွင်ငါ့အမှန်အကန်ဆိုသည်ကား၊ သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်" ဟု ကိုယ်တော်မိန့်တော်မူ၏။



ခရစ်တော်သည် ဤသို့ဒုက္ခဝေဒနာကိုခံစားနေရစဉ်မှာ ကဲ့ရဲ့ပြစ်တင်သောစကားများနှင့် ပြက်ရယ်ပြုသောစကားများကိုသာ ကြားနေရပါသည်။ ကိုယ်တော်သည် ကပ်တိုင်တွင်ဆွဲထားခြင်းခံရစဉ်တွင် ပြက်ရယ်ပြုသံများနှင့်ကျိန်ဆဲသံများဖြင့်သာ လွှင့်မျောနေပါတော့သည်။ တမန်တော်များထံမှယုံကြည်မှုနှင့်ကိုးစားမှုများရှိနေသေးကြောင်း ဖွင့်ဟချက်များကိုကြားနာရန် ကိုယ်တော်ဆန္ဒပြင်းပြခဲ့ပါသည်။ သို့ရာတွင် "ထိုသူသည် ဣသရေလအမျိုးကိုရွေးနုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည်အထက်ကမျှော်လင့်ကြပြီ" ဟူသောဝမ်းနည်းဖွယ်ရာစကားသံများကိုသာ ၎င်းတို့ထံမှကိုယ်တော်ကြားခဲ့ရပါသည်။ သေအံ့ဆဲဆဲသူခိုးကြီးထံမှ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာကိုဖော်ပြသည့်ဖွင့်ဟချက်သည် ထိုစဉ်ကခရစ်တော်အတွက် မည်မျှကြည်နူးစရာဖြစ်လိုက်မည်နည်း။ ယုဒခေါင်းဆောင်များက ကိုယ်တော်အားငြင်းပယ်နေကြစဉ် တမန်တော်များကလည်း ကိုယ်တော်၏ဘုရားဇာတိတော်ကိုသံသယဝင်နေကြစဉ်တွင် သေခါနီးဆဲဆဲဖြစ်သော သနားစရာသူခိုးကြီးကခရစ်တော်အား၊ "သခင်" ဟုခေါ်နေပါသည်။ နိမိတ်လက္ခဏာများကိုပြနေသောအချိန်များနှင့် ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်းတွင် ခရစ်တော်အားသခင်ဟုခေါ်မည့်သူများစွာရှိခဲ့သော်လည်း၊ ကပ်တိုင်ပေါ်တွင်ချိတ်ဆွဲထားစေသည့်အချိန်၌ သေခါနီးကျမှကယ်တင်ခြင်းခံရသော နောင်တရသည့်သူခိုးကြီးမှလွဲ၍ မည်သူကမျှသခင်ဟုမခေါ်ခဲ့ကြချေ။

သူခိုးကြီးက သခင်ယေရှုအားသခင်ဟုခေါ်လိုက်သံကို အနားတွင်ရပ်နေသူများက ကြားလိုက်ကြရပါသည်။ နောင်တရသူတစ်ဦး၏စကားပြောသည့်လေသံကလေးသည် ၎င်းတို့အားအာရုံပြုစေခဲ့ပါသည်။ ကပ်တိုင်ခြေရင်းတွင် ခရစ်တော်၏ဝတ်ရုံကိုမဲချပြီးယူဖို့ ဆူညံဆူညံဖြစ်နေသောသူများလည်း မိမိတို့၏ငြင်းခုံနေမှုများကိုရပ်တန့်လိုက်ကာ နားထောင်နေကြပါသည်။ စိတ်ဆိုးမာန်ဆိုးဖြင့်ပြောဆိုနေသောအသံများစဲသွားပေပြီ။ သူတို့သည်အသက်ပင်မရှူဘဲ ကိုယ်တော်အားကြည့်နေကြပြီး၊ နှုတ်ခမ်းတော်မှထွက်ပေါ်လာမည့်တုံ့ပြန်သံကို နားစွင့်နေကြပါသည်။

ထိုကတိစကားများကိုကိုယ်တော်မိန့်တော်မူစဉ်တွင် ကပ်တိုင်အပေါ်မှမိုးထားသယောင်ဖြစ်နေသောတိမ်လွှာမည်းကြီးသည် တောက်ပသောရောင်ခြည်တစ်ခု၏ထိုးဖောက်မှုကိုခံလိုက်ရပါသည်။ ဘုရားသခင်၏လက်ခံတော်မူခြင်းကိုခံရသဖြင့် နောင်တရသောထိုသူခိုးကြီးသည် စုံလင်သောငြိမ်သက်မှုကိုခံစားခဲ့ရပါသည်။ ခရစ်တော်သည်အနှိမ့်ချခံရစဉ်မှာပင် ဘုန်းတော်ထင်ရှားတော်မူခဲ့ပါသည်။ အခြားသူများတို့ကအရှုံးနှင့်ရင်ဆိုင်သွားရပြီဟု ထင်မြင်ခြင်းခံခဲ့ရသောကိုယ်တော်သည် အောင်နိုင်သူတစ်ပါးဖြစ်နေပါသည်။ ကိုယ်တော်သည် အပြစ်ကိုယူတင်ဝတ်ဆောင်သူအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပါသည်။ လူများတို့သည် ကိုယ်ခန္ဓာတော်ကိုအနိုင်အထက်ပြုနိုင်ကောင်းပြုနိုင်ကြလိမ့်မည်။ မျက်နှာတော်ကိုဆူးရစ်သရဖူဖြင့်ထိုးဖောက်နိုင်ကောင်း ထိုးဖောက်နိုင်ကြပါလိမ့်မည်။ ကိုယ်တော်ရှင်၏ဝတ်ရုံကိုချွတ်၍ သူနိုင်ငါနိုင်လုယူကောင်းလုယူနိုင်ကြပါမည်။ သို့ရာတွင် ကိုယ်တော်ထံ၌ရှိတော်မူသောအပြစ်လွှတ်ခြင်းတန်ခိုးကို ကိုယ်တော်ထံမှမည်သူမျှလုယူနိုင်ကြလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် အသေသတ်ခံခြင်းအားဖြင့် မိမိ၏ဘုရားဇာတိတော်ကိုလည်းကောင်း၊ အဖခမည်းတော်၏ဘုန်းတော်ကိုလည်းကောင်း တပ်တပ်အပ်အပ်အတည်ပြုဖွင့်ဟနေပါသည်။ ကိုယ်တော်ရှင်သည် မကယ်တင်နိုင်လောက်အောင်၊ လက်မတိုသေးသကဲ့သို့ မကြားနိုင်လောက်အောင်လည်း နားမလေးသေးပါချေ။ မိမိအားဖြင့် အဖခမည်းတော်ထံသို့ချဉ်းကပ်လာသည့်လူတိုင်းအား ကိုယ်တော်၌ကယ်တင်ပိုင်ခွင့်ရှိတော်မူပါသည်။

ယနေ့တွင် ငါအမှန်အကန်ဆိုသည်ကား၊ သင်သည်ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်ဟု သူခိုးကြီးအားခရစ်တော်ကတိပြုရာ၌ ထိုသူခိုးကြီးသည် ထိုနေ့မှာပင်ကိုယ်တော်ရှင်နှင့်အတူ ပရဒိသုဘုံသို့ရောက်ရှိသွားသည်ဟုမဆိုလိုချေ။ ကိုယ်တော်ရှင်ကိုယ်တော်တိုင်လည်း ထိုနေ့တွင်ပရဒိသုဘုံသို့မရောက်ရှိသေးချေ။ သင်္ချိုင်းတော်တွင်အိပ်စက်ခဲ့ရပြီး၊ ထမြောက်ခြင်းနံနက်တွင် "ငါသည်ခမည်းတော်ထံသို့မတက်ရသေး" ဟုကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၂၀း၁၇။ သို့ရာတွင် ကပ်တိုင်အတင်ခံရသောနေ့၊



အရှုံးနှင့်ရင်ဆိုင်ခဲ့ရသောထိုနေ့တွင် ထိုကတိတော်ကိုပေးခဲ့ခြင်းဖြစ်ပါသည်။ ရာဇဝတ်ကောင်တစ်ဦးကဲ့သို့ ကပ်တိုင်ထက်တွင်သေအံ့ဆဲဆဲသော "ယနေ့" တွင်သနားစရာထိုအပြစ်သားအား "သင်သည်ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်" ဟု အာမခံချက်ပေးတော်မူခဲ့ပါသည်။

ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်အတင်ခံရသောသူခိုးကြီးနှစ်ယောက်သည် ကိုယ်တော်၏တစ်ဘက်တစ်ချက်စီတွင် ကပ်တိုင်အတင်ခံခဲ့ကြရပြီး၊ ကိုယ်တော်မှာ ၎င်းတို့နှစ်ဦး၏အလယ်တွင် ကပ်တိုင်အတင်ခံခဲ့ရပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒအကြီးအကဲများ၏ညွှန်ကြားချက်အရ ဤကဲ့သို့နေရာချထားလိုက်ခြင်းဖြစ်ပါသည်။ သူခိုးကြီးနှစ်ဦး၏အလယ်တွင် နေရာချထားလိုက်ခြင်းအားဖြင့် ကိုယ်တော်သည် ထိုရာဇဝတ်သားသုံးဦးတွင် အပြစ်အကြီးဆုံးရာဇဝတ်သားအဖြစ် ဖော်ညွှန်းလိုက်ခြင်းဖြစ်ပါသည်။ "မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ရောက်၏" ဟူသောအနာဂတ္တိစကားသည် ဤနေရာတွင်ပြည့်စုံခြင်းသို့ရောက်ခဲ့ပါသည်။ သို့ရာတွင် ယဇ်ပုရောဟိတ်များသည် မိမိတို့၏အပြုအမူ၏အနက်အဓိပ္ပါယ်ကိုမသိရှိခဲ့ကြချေ။ ခရစ်တော်သည် ထိုသူခိုးကြီးများ၏အလယ်တွင် ကပ်တိုင်အတင်ခံခဲ့ရသည့်နည်းတူ ကိုယ်တော်၏ကပ်တိုင်ကို အပြစ်နွံတွင်နစ်လျက်ရှိသော ဤကမ္ဘာလောက၏အလယ်တည့်တည့်တွင်စိုက်ထူခဲ့ပါသည်။ ၎င်းပြင် နောင်တရသောသူခိုးကြီးအားပြောခဲ့သော ကိုယ်တော်၏နှုတ်ထွက်စကားများသည် ကမ္ဘာ့အစွန်အဖျားဒေသများသို့တိုင် ထွန်းလင်းသွားမည့်အလင်းတော်ဖြစ်ခဲ့ပါသည်။

ခရစ်တော်သည် ကိုယ်စိတ်နှစ်ပါးစလုံးတွင် အပြင်းထန်ဆုံးသောဒုက္ခဝေဒနာများခံစားနေရစဉ်မှာပင် သူတစ်ပါးအကျိုးကိုရှေးရှုကာစကားပြောကြားနေသည့် ကိုယ်တော်၏မဟာမေတ္တာတော်ကို ကောင်းကင်တမန်များကရင်သပ်ရှုမောကြည့်ရှုခဲ့ကြပါသည်။ ခရစ်တော်သည် ကပ်တိုင်၏ဒဏ်ရာဒဏ်ချက်များကိုခံစားနေရစဉ်မှာပင် ပုရောဖက်တစ်ပါးအနေဖြင့် ယေရုရှလင်မြို့၏သမီးများအတွက် အနာဂတ်ပြုတော်မူခဲ့ပါသည်။ ယဇ်ပုရောဟိတ်တစ်ပါးအနေဖြင့် မိမိအားသတ်နေသည့်လူသတ်သမားများအတွက် ခမည်းတော်ဘုရားထံတွင်

ထုချေလျှောက်လဲပေးတော်မူခဲ့ပါသည်။ ချစ်တတ်သောကယ်တင်ရှင်တစ်ပါးအနေဖြင့် နောင်တရသောအပြစ်သား၏အပြစ်များကို ခွင့်လွှတ်ဖြေရှင်းတော်မူခဲ့ပါသည်။

ခရစ်တော်သည် မိမိအနီးပတ်ဝန်းကျင်တွင်ရှိနေကြသောလူများကို တစ်ချက်ဝေ့ကြည့်လိုက်ရာ ပုဂ္ဂိုလ်တစ်ဦးကိုအာရုံပြုမိခဲ့ပါသည်။ ထိုပုဂ္ဂိုလ်မှာ ကပ်တိုင်ခြေရင်းတွင်မတ်တတ်ရပ်နေသောမယ်တော်ပင်ဖြစ်ပါသည်။ ယောဟန်သည် မယ်တော်အားဖေးမထားပါသည်။ သူမသည် သားတော်ဘုရားနှင့်ခွဲခွာနေနိုင်စွမ်းမရှိတော့သဖြင့် ကိုယ်တော်၏အသက်တော်ချုပ်ခါနီးပြီဖြစ်ကြောင်းကိုသိသောယောဟန်က သူမအား ကပ်တိုင်သို့တစ်ဖန်ပြန်၍ခေါ်လာခဲ့ပါသည်။ ခရစ်တော်သည် အသက်တော်ချုပ်ခါနီးအချိန်မှာပင် မယ်တော်ကိုသတိရအောက်မေ့တော်မူခဲ့ပါသည်။ ဝမ်းနည်းပူဆွေးနေသောမယ်တော်၏မျက်နှာကိုကြည့်တော်မူလျက် မယ်တော်၊ သင်၏သားတို့အားကြည့်ပါဟူ၍လည်းကောင်း၊ ယောဟန်ဘက်သို့လှည့်ကာ သင်၏အမိကိုကြည့်ပါဟူ၍လည်းကောင်းမိန့်တော်မူ၏။ ယောဟန်သည် ခရစ်တော်၏စကားများကိုနားလည်သဘောပေါက်သဖြင့် ပေးအပ်တော်မူသောတာဝန်ကို လက်ခံခဲ့ပါသည်။ သူသည်ချက်ချင်းပင်မယ်တော်အား အိမ်သို့ခေါ်သွားခဲ့ပြီး၊ ထိုအချိန်မှစ၍ သူမအားပြုစုစောင့်ရှောက်ပေးခဲ့ပါသည်။ ကယ်တင်ရှင်သည် ချစ်ခင်ကြင်နာမှုနှင့်ပြည့်ဝပါတကား။ စိတ်ရောကိုယ်ပါဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရစဉ်မှာပင် မယ်တော်အားဂရုစိုက်စောင့်ရှောက်ဖို့ သတိရတော်မူခဲ့သေးပါသည်။ မယ်တော်၏ရှေ့ရေးအတွက်စီစဉ်ပေးရန် ကိုယ်တော်၌ငွေကြေးမရှိသော်လည်း၊ မိမိကိုယ်တိုင် ယောဟန်၏နှလုံးသားဝယ်ကိန်းဝပ်တော်မူ၍ မယ်တော်အားမွန်မြတ်သောအမွေပစ္စည်းတစ်ခုအနေဖြင့် သူ့ထံတွင်ပေးအပ်တော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် သူမအနေဖြင့်အထူးလိုအပ်သည့် ကြင်နာယုယမှုကိုရရှိခံစားနိုင်ဖို့ ကိုယ်တော်စီစဉ်ပေးတော်မူခဲ့ပါသည်။ သူမသည် ခရစ်တော်အားချစ်သောကြောင့် ယောဟန်၏ကရုဏာသက်မှုကို သူမရရှိခံစားခဲ့ရပါသည်။ ယောဟန်သည် သန့်ရှင်းမွန်မြတ်သောတာဝန်တစ်ခုအနေဖြင့် သူမအားလက်ခံ



ပြုစုခြင်းသည် ကြီးမားသောကောင်းချီးမင်္ဂလာတစ်ပါးကို လက်ခံရရှိခြင်းပင်ဖြစ်ပါသည်။ သူမသည်ယောဟန်အား၊ ၎င်း၏သခင်ဘုရားကို ထာဝစဉ်သတိရစေသောသူတစ်ဦးဖြစ်စေခဲ့ပါသည်။

ခရစ်တော်ပြတော်မူခဲ့သော သားသမီးပီသသည့်မေတ္တာ၏စုံလင်သောပုံသက်သေသည် ခေတ်အဆက်ဆက်တွင်တောက်ပစွာထွန်းလင်းခဲ့ပါသည်။ နှစ်ပေါင်းသုံးဆယ်လုံးလုံး လုပ်ငန်းဆောင်တာများကိုနေ့စဉ်လုပ်ဆောင်ကာ အိမ်မှုတာဝန်များကိုထမ်းရွက်တော်မူခဲ့ပါသည်။ ၎င်းပြင် နောက်ဆုံးသောဒုက္ခဝေဒနာများကိုခံစားနေရသည့်ယခုအချိန်မှာပင် ဝမ်းနည်းပက်လက်ဖြစ်နေသောမုဆိုးမကြီးအတွက် စီစဉ်ပေးရန်သတိရအောက်မေ့တော်မူခဲ့ပါသည်။ ကိုယ်တော်ဘုရား၏သားစစ်သမီးမှန်တိုင်းတို့၏အသက်တာများတွင်လည်း ဤစိတ်ဓာတ်မျိုးကိုတွေ့မြင်ရပါလိမ့်မည်။ မိဘနှစ်ပါးအားလုပ်ကျွေးခယခြင်းသည် မိမိတို့ယုံကြည်သက်ဝင်သောဘာသာတရား၏အခန်းကဏ္ဍတစ်ခုဖြစ်သည်ဟု ခရစ်တော်၏နောက်လိုက်များကခံယူကြပါလိမ့်မည်။ ထိုကဲ့သို့သောပြုစုစောင့်ရှောက်မှုမျိုးနှင့်ကရုဏာထားမှုမျိုးကို မိဘတိုင်းကလက်ခံရန်လက်နေးကြလိမ့်မည်မဟုတ်ချေ။

ယခုတွင်သခင်ဘုရားသည် လူသားများအားအပြစ်ကမ္ဘာမှရွေးနုတ်ရန် အသေခံရတော့မည်ဖြစ်ပါသည်။ မိမိအသက်တော်ကိုစွန့်တော်မူခြင်းအရာတွင် ခရစ်တော်သည် အောင်ပွဲဆင်သောဝမ်းမြောက်သံများဖြင့် အားပေးထောက်ခံခြင်းကိုမခံခဲ့ရချေ။ အရာရာသည် အဆမတန်ဖိစီးသောစိတ်အားငယ်စရာများသာဖြစ်ခဲ့ပါသည်။ ခရစ်တော်သည် ဒုက္ခဆင်းရဲခံရသူအပေါင်းတို့၏အထွတ်အထိပ်ဖြစ်တော်မူခဲ့ပါသည်။ သို့ရာတွင် ၎င်းခံစားရသောဒုက္ခဆင်းရဲခြင်းသည် အပြစ်ကြောင့်ဖြစ်ပွားလာသော မဆွေရစိတ်၏အသိစိတ်ကလေးမှ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ဒုစရိုက်မှုများနှင့်အကျွမ်းတဝင်ဖြစ်မှုကြောင့် ဖြစ်ပေါ်လာသောထိုမဆွေရစိတ်ကလေးသည် လူသားများအားအပြစ်၏ဆိုးယုတ်မှုများကိုမမြင်တွေ့စေတော့ချေ။ အပြစ်သည် လူသားများ၏စိတ်နှလုံးထဲတွင် မည်မျှနက်ရှိုင်းစွာအမြစ်စွဲနေသည်ကိုလည်းကောင်း၊ အနည်း

စာတန်သည် ပြင်းထန်သောထိုစုံစမ်းနှောင့်ယှက်ခြင်းများအားဖြင့် ခရစ်တော်၏စိတ်နှလုံးကို မချိမဆံ့ဒုက္ခရောက်စေခဲ့ပါသည်။ ကယ်တင်ရှင်သည် သင်္ချိုင်းဂူတံခါးဝမှနေ၍ မည်သည့်အရာကိုမျှမမြင်နိုင်ခဲ့ချေ။ အောင်မြင်သူတစ်ပါးအနေဖြင့် ကိုယ်တော်ရှင်ပြန်လည်ထမြောက်လိမ့်မည် ဟူသော မျှော်လင့်ချက်သတင်းကိုလည်းကောင်း၊ မိမိ၏ဆက်ကပ်မှုကို အဖဘုရားသခင်အနေနှင့်လက်ခံတော်မူသည့်သတင်းကိုလည်းကောင်း မကြားမသိရတော့ပြီ။ အပြစ်တရားသည် ဘုရားသခင်အားအလွန်စိတ်နာကြည်းထိခိုက်စေသောကြောင့် မိမိတို့၏ခွဲခွာခြင်းသည် ထာဝရခွဲခွာခြင်းဖြစ်သွားမည်ကို ကိုယ်တော်စိုးရိမ်ကြောင့်ကြတော်မူခဲ့ပါသည်။ ခရစ်တော်ခံစားရသော အလွန်ပြင်းပြသည့်ဝေဒနာသည် ကရုဏာတံခါးပိတ်သည့်အချိန်တွင် အပြစ်သူအပြစ်သားများခံစားကြရမည့်ဒုက္ခဝေဒနာမျိုးပင်ဖြစ်ပါသည်။ ဘုရားသခင်၏အမျက်တော်ကို လူသားများကိုယ်စား သားတော်အပေါ်သို့ကျရောက်စေသော အပြစ်၏မကောင်းမှုများသည် ကိုယ်တော်သောက်ရမည့်ခွက်ဖလားအားခါးစေပြီး၊ သားတော်၏နှလုံးသားကို ကွဲအက်ကြေမွစေခဲ့ပါသည်။

ကောင်းကင်တမန်များသည် အံ့သြတွေဝေစွာဖြင့် ကယ်တင်ရှင်ခံစားနေရသောဒုက္ခဝေဒနာများကိုကြည့်ရှုနေကြပါသည်။ ကောင်းကင်သားများသည် ထိုကြောက်လန့်စရာကောင်းသည့်မြင်ကွင်းကို မကြည့်ဝံ့ကြသဖြင့် ၎င်းတို့၏မျက်နှာများကို အတောင်များနှင့်ကွယ်ထားကြပါသည်။ သက်မဲ့အရာများကလည်း အစော်ကားခံနေရသောသေလုမြောပါးဖြစ်နေသည့် ၎င်းတို့၏ဖန်ဆင်းရှင်အား ကရုဏာသက်ကြောင်းဖော်ပြခဲ့ကြပါသည်။ နေမင်းကြီးသည် စက်ဆုပ်ရွံရှာဖွယ်မြင်ကွင်းကြည့်ရန်ငြင်းဆန်ခဲ့ပါသည်။ နေမင်းကြီး၏လင်းရောင်ခြည်များသည် နေ့လယ်အချိန်ကြီးတွင် ကမ္ဘာပေါ်သို့တောက်ပစွာဖြင့် အစွမ်းကုန်ထွန်းလင်းလျက်ရှိပါသည်။ သို့ရာတွင် ရုတ်တရက်လင်းရောင်ခြည်များကွယ်သွားခဲ့ပါသည်။ အသုဘခေါင်းပေါ်တွင် အမည်းရောင်အဝတ်ကြီးဖြင့်ဖုံးထားသည့်နှယ် လက်ဝါးကပ်တိုင်၌အမှောင်ထုဖုံးလွှမ်းနေခဲ့ပါသည်။ "သုံးချက်တီးအချိန်တိုင်အောင် မြေတစ်ပြင်လုံး၌မှောင်မိုက်



ငယ်မျှသောလူနည်းစုကသာ အပြစ်၏စိုးမိုးမှုများကိုဖြိုဖျက်ပစ်ရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းကိုလည်းကောင်း ခရစ်တော်မြင်တွေ့တော်မူခဲ့ပါသည်။ ဘုရားသခင်၏အမအစမပါလျှင် လူသားများသည်ပျက်စီးဆုံးရှုံးသွားကြမည်ကို ကိုယ်တော်သိရှိထားတော်မူပြီး၊ လူအများသည် ကြွယ်ဝသောအမအစအကူအညီများကို လက်လှမ်းမီနိုင်သည့်အခြေအနေမှာပင် ပျက်စီးဆုံးရှုံးသွားကြကြောင်းကို ခရစ်တော်မြင်တွေ့တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့အတွက်အစားထိုးခံရသူဖြစ်ရုံမက အာမခံတစ်ဦးလည်းဖြစ်တော်မူသော ခရစ်တော်အပေါ်တွင် ကျွန်ုပ်တို့၏မကောင်းမှုဒုစရိုက်များကို စုပုံခဲ့ကြပါသည်။ ပညတ်တော်၏တရားစီရင်မှုမှ ကျွန်ုပ်တို့အားကယ်တင်နိုင်စေရန်အလို့ငှာ ကိုယ်တော်သည်ပညတ်တော်ကိုလွန်ကျူးသူတစ်ဦးအဖြစ်မှတ်ယူခြင်းကိုခံခဲ့ရပါသည်။ အာဒံ၏သားမြေးများကျူးလွန်ခဲ့သည့်အပြစ်များသည် ခရစ်တော်၏နှလုံးသားပေါ်ဝယ် ဖိစီးကျရောက်လျက်ရှိပါသည်။ ဒုစရိုက်မှုများကိုမနှစ်မြို့ကြောင်းထင်ရှားစေသည့် ကြောက်လန့်ဖွယ်ရာကောင်းသောကိုယ်တော်၏အမျက်တော်သည် သားတော်၏စိတ်နှလုံးတော်၌ ထိတ်လန့်မှုများဖြင့်ပြည့်ဝစေခဲ့ပါသည်။ ခရစ်တော်သည် ခမည်းတော်ဘုရား၏ကရုဏာနှင့် အပြစ်ခွင့်လွှတ်တတ်သည့်မဟာမေတ္တာတော်အကြောင်းကို အသက်တာတစ်လျှောက်လုံးတွင် လူသားများအားဖွင့်ဟမိန့်မြွက်တော်မူခဲ့ပါသည်။ အပြစ်အများဆုံးအပြစ်သားအား ကယ်တင်ခြင်းရရှိအောင်လုပ်ဆောင်ရန်မှာ ခရစ်တော်၏ဦးတည်ချက်ဖြစ်ပါသည်။ သို့သော် ယခုတွင်အလွန်လေးလံလှသောအပြစ်ဝန်များက ၎င်းအားဖိစီးထားသောကြောင့် ခမည်းတော်ဘုရား၏ရန်ငြိမ်းသည့်မျက်နှာတော်ကိုပင် ကိုယ်တော်မြင်နိုင်စွမ်းမရှိတော့ချေ။ ယခုကဲ့သို့ပရိဒေဝမီးအပြင်းအထန်တောက်လောင်နေသော၌အချိန်အခါမျိုးတွင် ဘုရားသခင်၏မျက်နှာတော်လွှဲခြင်းခံရသဖြင့် ကိုယ်တော်၏နှလုံးသားသည် မည်သည့်အခါမျှလူသားများအနေနှင့် ပြည့်စုံစွာနားမလည်နိုင်သည့်ဝမ်းနည်းမှုဖြင့် ထိုးဖောက်ခြင်းကိုခံတော်မူနေရပါသည်။ စိတ်နှလုံးကြေကွဲမှုသည် အလွန်ပြင်းထန်လှသဖြင့် ခန္ဓာကိုယ်၏နာကျင်မှုကိုခံစားဖို့ပင် မေ့လျော့နေခဲ့ပါသည်။

အတိဖြစ်လေ၏" လနှင့်ကြယ်များမထွက်သည့် ညသန်းခေါင်ကြီးကဲ့သို့မှောင်မိုက်အတိဖြစ်နေသော ထိုအမှောင်ထုကြီးသည် နေကြတ်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားသဘာဝတရားတစ်ခုခုကြောင့်သော်လည်းကောင်း ဖြစ်ပေါ်လာခြင်းမဟုတ်ပါချေ။ ထိုအရာသည် နောက်ပိုင်းအချိန်များတွင် ကမ္ဘာပေါ်၌အသက်ရှင်နေထိုင်ကြမည့် လူသားများ၏ယုံကြည်ခြင်းကိုခိုင်မြဲစေရန်အလို့ငှာ ဘုရားသခင်ပေးတော်မူသော အံ့ဖွယ်သက်သေခံအထောက်အထားတစ်ခုဖြစ်ပါသည်။

ထိုအမှောင်အတိထဲတွင် ဘုရားသခင်ရှိနေတော်မူပါသည်။ ထာဝရဘုရားသည် မိမိ၏တဲတော်ကိုအမှောင်အတိဖြစ်စေတော်မူ၍ မိမိ၏ဘုန်းကို လူသားများ၏မျက်စိမှကွယ်ဝှက်ထားတော်မူပါသည်။ ဘုရားသခင်ကိုယ်တော်တိုင်နှင့် သန့်ရှင်းသောကောင်းကင်တမန်များသည် ထိုလက်ဝါးကပ်တိုင်၏နံဘေးတွင်ရှိနေတော်မူကြပါသည်။ ခမည်းတော်ဘုရားသခင်သည် သားတော်ဘုရားနှင့်အတူရှိနေတော်မူခဲ့ပါသည်။ သို့စေကာမူ ကိုယ်တော်သည်ကိုယ်ထင်ပြတော်မမူခဲ့ချေ။ မိမိဘုန်းတန်ခိုးတော်ကို ထင်ရှားစေခဲ့လိမ့်မည်ဆိုလျှင် ထိုနေရာတွင်ကြည့်နေကြသောလူသားများအားလုံးသည် သေကျေပျက်စီးကုန်ကြပေလိမ့်မည်သာတည်း။ ၎င်းပြင် ခရစ်တော်သည် ကြောက်လန့်ဖွယ်သော ထိုအချိန်နာရီတွင် ခမည်းတော်ဘုရားနှင့်အတူရှိကာ နှစ်သိမ့်မှုကိုခံယူရန်မဟုတ်ပါချေ။ အမျက်တော်တည်းဟူသော စပျစ်သီးနယ်ရာကျင်းကြီးထဲတွင် တစ်ကိုယ်တည်းလျှောက်လှမ်းရန်ဖြစ်ပါသည်။ မည်သူမျှကိုယ်တော်နှင့်အတူရှိကြလိမ့်မည်မဟုတ်ချေ။

ထာဝရဘုရားရှင်သည် နောက်ဆုံးအနေဖြင့် သားတော်ခံစားရလျက်ရှိသောဒုက္ခကိုမကြည့်ရက်သဖြင့် မျက်နှာတော်ကိုလွှဲတော်မူခဲ့ပါသည်။ ခရစ်တော်ဒုက္ခဆင်းရဲခြင်းခံစားရသည်ကို တွေ့မြင်ခဲ့ရသမျှသောသူအားလုံးသည် ကိုယ်တော်၏ဘုရားဇာတိတော်ကို သဘောပေါက်ခဲ့ကြပါသည်။ ထိုအချိန်ကလူသားမျိုးနွယ်များမြင်တွေ့ခဲ့ကြရသော ထိုမျက်နှာတော်ကို ဘယ်တော့မှမမေ့ပျောက်နိုင်ခဲ့ကြပါ။ ကာဣန၏မျက်နှာထားက လူသတ်သမား



တစ်ဦးအဖြစ်ဖြင့် မိမိကျူးလွန်ခဲ့သောဒုစရိုက်များကို ဖော်ပြနေသကဲ့သို့ ခရစ်တော်၏မျက်နှာတော်သည် ဘုရားသခင်၏ရုပ်လုံးတော်ဖြစ်သောအပြစ်မဲ့ခြင်း၊ တည်ငြိမ်ခြင်းနှင့်ကျေးဇူးပြုခြင်းသဘောများကို ဖော်ပြနေပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်အားအပြစ်ရှာသူများသည် ကောင်းကင်မှပြသော ထိုအမှတ်တံဆိပ်ကို ဂရုမထားခဲ့ကြချေ။ ပြောင်လှောင်သရော်နေကြသောထိုလူအုပ်ကြီးသည် ခရစ်တော်ဒုက္ခခံစားနေရသည်ကို နာရီပေါင်းများစွာစူးစိုက်ကြည့်ရှုခဲ့ကြပါသည်။ ယခုတွင်မူ ကိုယ်တော်သည် ဘုရားသခင်၏ဝတ်ရုံတော်ဖြင့် ကရုဏာသက်စွာဖုံးအုပ်ခြင်းကိုခံခဲ့ရပါသည်။

ကရာနီကုန်းတစ်ခုလုံးတွင် တိတ်ဆိတ်ငြိမ်သက်သွားသယောင်ဖြစ်ခဲ့ပါသည်။ ကပ်တိုင်နားတွင်စုရုံးနေကြသောလူအုပ်ကြီးသည် အမျိုးအမည်မဖော်ပြနိုင်သော ကြောက်ရွံ့တုန်လှုပ်မှုမျိုးကို ခံစားခဲ့ရပါသည်။ တစ်ပိုင်းတစ်စသာဖော်ပြထားသည့် ပြစ်ဒဏ်စီရင်မှုများအလယ်တွင် ဆဲဆိုသံများနှင့်ကဲ့ရဲ့ပြစ်တင်သံများသည် စဲသွားခဲ့ပါသည်။ ယောကျာ်းကြီးများ၊ အမျိုးသမီးကြီးများနှင့်ကလေးသူငယ်များအားလုံးသည် မြေကြီးပေါ်တွင်မှောက်ချလိုက်ကြပါသည်။ ထင်ရှားသောလျှပ်စစ်ပြက်ခြင်းများသည်လည်း ရံဖန်ရံခါထိုတိမ်တိုက်ကြီးထဲမှထွန်းလင်းလာကာ၊ ကပ်တိုင်နှင့်တကွ ထိုကပ်တိုင်ပေါ်တွင်ရောက်နေသောကယ်တင်ရှင်ကို ထင်ရှားစွာမြင်သာစေခဲ့ပါသည်။ မိမိတို့အားအကျိုးအပြစ်ဆပ်ပေးမည့်အချိန်ရောက်ရှိလာပြီဟု ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများ၊ ကျမ်းတတ်ဆရာများ၊ အာဏာပါးကွက်သားများနှင့်လူထုကြီးက ထင်မြင်ခဲ့ကြပါသည်။ ခဏအကြာတွင်မူ အချို့လူများက ခရစ်တော်သည်ကပ်တိုင်မှဆင်းလာတော်မူလိမ့်မည်ဟု တီးတိုးပြောဆိုခဲ့ကြပါသည်။ အချို့လူများကမူ မိမိတို့၏ရင်ဘတ်များကိုထုလျက် ကြောက်လန့်တကြားအော်ဟစ်ငိုကြွေးလျက် ယေရုရှလင်မြို့ဘက်သို့စမ်းတဝါးဝါးဖြင့် ပြန်သွားရန်ကြိုးစားခဲ့ကြပါသည်။

သုံးချက်တီးအချိန်တွင် ထိုယုဒလူအုပ်ကြီး၏အပေါ်မှလွှမ်းမိုးထားသောအမှောင်ထုကြီးပျောက်ကွယ်သွားခဲ့သော်လည်း ကယ်တင်ရှင်ကိုမူ ဖုံးအုပ်

ထားဆဲဖြစ်ပါသည်။ ထိုအရာသည် ခရစ်တော်၏နှလုံးသားထက်ဝယ် ဖိစီးခဲ့သောဒုက္ခဝေဒနာများနှင့် ကြောက်လန့်မှုများ၏အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့ပါသည်။ ကပ်တိုင်အားဖုံးလွှမ်းထားသောအမှောင်ထုကြီးကို မည်သည့်မျက်စိနှင့်မျှထိုးဖောက်မြင်နိုင်စွမ်းမရှိခဲ့ပါချေ။ ၎င်းပြင် ဒုက္ခဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရသော ခရစ်တော်၏အသက်ဝိညာဉ်ကိုရစ်ပတ်ထားသည့် စိတ်ညှိုးငယ်မှုများကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိုးဖောက်နိုင်စွမ်းမရှိခဲ့ပါချေ။ ကပ်တိုင်တွင်ချိတ်ဆွဲထားစဉ်တွင် ကိုယ်တော်အားမိုးကြိုးတစ်ချက်ပြင်းထန်စွာပစ်ခဲ့သယောင်ဖြစ်ခဲ့ပါသည်။ ထိုအချိန်တွင် ကိုယ်တော်က ဧလိ၊ ဧလိ လာမာရှာဗခသာနိ ဟုကြီးသောအသံနှင့်ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်းဟုဆိုလိုသတည်း။ ကယ်တင်ရှင်၏နှုတ်တော်မှပေါ်ထွက်လာသဖြင့် ဘုရားသခင်၏အမျက်တော်သည် ကိုယ်တော်အပေါ်သို့ကျရောက်ပြီ။ ဘုရားသခင်၏သားတော်ဟု ကိုယ့်ကိုကိုယ်သမုတ်ခဲ့သောကြောင့် ထာဝရဘုရား၏အမျက်တော်မိုးကြိုးသည် ကိုယ်တော်အားပစ်ခဲ့ပြီဟု လူများကပြောဆိုခဲ့ကြပါသည်။ ယုံကြည်သူများအနေနှင့်မူ ကိုယ်တော်၏ညည်းတွားသံများကိုကြားခဲ့ရပါသည်။ သူတို့အတွက် မျှော်လင့်ချက်မဲ့ခဲ့ရချေပြီ။ ဘုရားသခင်သည် ခရစ်တော်အားစွန့်ပစ်တော်မူခဲ့လျှင် ကိုယ်တော်၏နောက်လိုက်များသည် မည်သူ့ကိုယုံကြည်ကိုးစားရတော့မည်နည်း။

ဒုက္ခဖိစီးနေသည့်ခရစ်တော်၏စိတ်နှလုံးထဲမှ အမှောင်ထုကြီးပျောက်ကွယ်သွားသောအခါ ခန္ဓာကိုယ်နာကျင်မှုကိုတစ်ဖန်ခံစားလာရပြန်ကာ "ရေငတ်သည်" ဟု ကိုယ်တော်မိန့်တော်မူ၏။ ကိုယ်တော်၏နှုတ်ခမ်းများသည် အလွန်ခြောက်သွေ့နေသည်ကို မြင်ရသောရောမစစ်သားတစ်ဦးက သနားသောစိတ်ဖြင့် ရေမှိုတံတွေးကိုအနားတွင်ရှိသောပုံးရှည်အိုးထဲထည့်ကာ ဟုသုပ်ပင်အကိုင်းရိုးတံဖြင့်တပ်၍ ခံတွင်းတော်၌တော့ပေးလိုက်ပါသည်။ ထိုယဇ်ပုရောဟိတ်များကမူ ကိုယ်တော်ရှင်ခံစားနေရသောနာကျင်မှုကို ပြက်ရယ်ပြုနေခဲ့ကြပါသည်။ ကမ္ဘာကြီးကိုအမှောင်ထုကြီးဖုံးလွှမ်းထားစဉ်အချိန်က သူတို့သည်





အလွန်ကြောက်လန့်ခဲ့ကြပြီး ယခုတွင်ထိတ်လန့်မှုလျော့နည်းသွားသည်နှင့် အမျှခရစ်တော်ထွက်ပြေးလွတ်မြောက်သွားမည်ကို သူတို့စိုးရိမ်လာကြပြန်ပါသည်။ ကိုယ်တော်ရှင်မိန့်မြွက်ခဲ့သော "ဧလိ၊ ဧလိ လာမာရှာဗခသာနိ" ဟူသောစကားများကို မှားယွင်းစွာသူတို့အနက်ဖွင့်ကြကာ သူသည်ဧလိယကိုခေါ်သည်ဟု ခါးသီးသောစက်ဆုပ်ရွံရှာမှုအပြည့်ဖြင့် မခန့်လေးစားပြောခဲ့ကြပါသည်။ ကိုယ်တော်ခံစားနေရသောဒုက္ခဝေဒနာများကို သက်သာစေမည့်နောက်ဆုံးအခွင့်အရေးတစ်ခုကို သူတို့ငြင်းဆန်ကာ "ရှိစေတော့၊ ဧလိယသည် သူ့ကိုကယ်တင်ခြင်းငှာလာမည်မလာမည်ကိုကြည့်ကြကုန်အံ့" ဟုဆိုကြ၏။

အပြစ်မရှိသောသားတော်ဘုရားသည် ကပ်တိုင်ထက်တွင်ချိတ်ဆွဲခြင်းကိုခံခဲ့ရပြီး ခန္ဓာကိုယ်သည် ကြိမ်နှင့်အရိုက်ခံထားရသဖြင့် စုတ်ပြဲနေပါသည်။ ကောင်းချီးပေးခဲ့သောလက်တော်ကို သစ်သားကပ်တိုင်ကြီးတွင်ကပ်၍ရိုက်ထားကြပါသည်။ မေတ္တာလုပ်ငန်းများကိုလုပ်ဆောင်ရန် မမောမပန်းတမ်းသွားလာခဲ့သောခြေထောက်များကိုလည်း သစ်တိုင်တွင်ကပ်၍သံနှင့်ရိုက်ထားကြပြီး၊ ခေါင်းတော်၌လည်း ဆူးရစ်သရဖူမှဆူးများဖြင့်စူးစေလျက်ရှိပါသည်။ တုန်ယင်နေသောနှုတ်ခမ်းအစုံသည် ဝမ်းနည်းဖွယ်အော်ဟစ်သံများကိုဟစ်ကြွေးတော့မည်နှယ်ဖြစ်နေပါသည်။ သားတော်ဘုရားသည် သင့်အတွက်ဒုစရိုက်ဝန်များကို ယူတင်ဝတ်ဆောင်ရန်သဘောတူခဲ့ကြောင်းကိုလည်းကောင်း၊ သင့်အတွက်မရဏာနိုင်ငံ၏တန်ခိုးများကိုဖြိုဖျက်၍ ပရဒိသုဘုံ၏တံခါးများကိုဖွင့်ပေးခဲ့ကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်၏ဦးခေါင်း၊ လက်နှင့်ခြေထောက်များမှယိုစီးခဲ့သောသွေးများ၊ ကပ်တိုင်၏ဒဏ်များနှင့် အဖဘုရားသခင်၏မျက်နှာလွှဲမှုများကြောင့် ခံစားခဲ့ရသောဒုက္ခဝေဒနာများကလူသားအသီးသီးအားဖွင့်ဟလျက်ရှိပါသည်။ လှိုင်းလေထန်သောပင်လယ်လှိုင်းတံပိုးကြီးများကိုငြိမ်သက်စေ၍ ရေမြှုပ်ထနေသောလှိုင်းလုံးကြီးများပေါ်တွင်လမ်းလျှောက်တော်မူခဲ့သော၊ နတ်ဆိုးများကိုကြောက်ရွံ့တုန်လှုပ်စေ၍ ရောဂါဘယများကိုကင်းရှင်းစေခဲ့သော၊ မျက်မမြင်များကိုအလင်းရစေ၍ လူသေများကို

ရှင်ပြန်ထမြောက်စေခဲ့သောကိုယ်တော်သည် သင့်ကိုချစ်သည့်အတွက်ကြောင့် မိမိကိုယ်ကိုယဇ်ကောင်တစ်ကောင်အနေဖြင့် ကပ်တိုင်ပေါ်တွင်အသေခံတော်မူခဲ့ပါသည်။ အပြစ်ကိုယူတင်ဝတ်ဆောင်ခဲ့ရသူကိုယ်တော်ရှင်သည် မြင့်မြတ်သောဖြောင့်မတ်ခြင်း၏အမျက်တော်ကိုခံယူတော်မူပြီး သင့်အတွက်မိမိကိုယ်ကိုအပြစ်သားဖြစ်စေခဲ့ပါသည်။

ထိုနေရာတွင်ကြည့်ရှုနေကြသူများသည် ထိုကြောက်စရာမြင်ကွင်း၏နိဂုံးကို ငြိမ်သက်စွာဖြင့်စောင့်စားကြည့်ရှုနေကြပါသည်။ သို့ရာတွင် ကပ်တိုင်တစ်ခုလုံးတွင် အမှောင်ထုဖုံးလွှမ်းထားဆဲဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် ယေရုရှလင်မြို့ဆီသို့မျှော်ကြည့်လိုက်ရာ ထူထပ်သောထိုတိမ်တိုက်ကြီးသည် ထိုမြို့ကြီးပေါ်တွင်လည်းကောင်း၊ ယုဒလွင်ပြင်များပေါ်တွင်လည်းကောင်း တည်နေသည်ကိုတွေ့ရှိကြရပါသည်။ ဤလောက၏အလင်းဖြစ်တော်မူသော တရားတော်နေမင်းကြီးသည် တစ်ချိန်ကမျက်နှာသာပေးခဲ့ဖူးသော ထိုမြို့မှမိမိ၏ရောင်ခြည်များကို ပြန်လည်ရုပ်သိမ်းလျက်ရှိပါသည်။ ဘုရားသခင်၏အမျက်တော်နှင့်စပ်ဆိုင်သော ပြင်းစွာသောမိုးကြိုးထစ်ချုန်းသံများသည် ပြစ်ဒဏ်စီရင်ခြင်းခံရသော ထိုမြို့တော်ကိုဦးတည်၍မြည်ဟည်းနေပါသည်။

ထိုနောက်အမှောင်ထုသည် ကပ်တိုင်တွင်ရုတ်တရက်ရှင်းသွားခဲ့ပြီးဖန်ဆင်းခြင်းခံရသည့်အရာများအားလုံးတွင် ပဲ့တင်ထပ်သွားသယောင်ဖြစ်သွားစေသည့် အောင်မြင်သောအသံဖြင့် အမှုပြီးပြီ၊ အိုအဖ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌အပ်နှံပါ၏ဟု ကိုယ်တော်ဟစ်ကြွေးတော်မူ၏။ ကပ်တိုင်ပတ်လည်တွင် ရောင်ခြည်တော်များကွန့်မြူးနေပါသည်။ ကယ်တင်ရှင်၏မျက်နှာတော်မှအရောင်အဝါများသည် နေကဲ့သို့တောက်ပနေပါသည်။ ထိုနောက်ဦးခေါင်းတော်သည် ငိုက်စိုက်ကျသွားကာ အသက်ချုပ်သွားတော်မူခဲ့ပါသည်။

ဘုရားသခင်ကစွန့်ပစ်တော်မူကြောင်း ထင်ရှားစွာသိသာစေနိုင်သည့်ဒုက္ခမှောင်မိုက်အလယ်တွင် ခရစ်တော်သည် ဒုက္ခဆင်းရဲခြင်းကိုအဆုံးတိုင်အောင်ခံစားတော်မူခဲ့ပါသည်။ ထိုသို့သောကြောက်လန့်စရာအချိန်နာရီတွင်



ထိုအချိန်အထိ ၎င်းအားဘုရားသခင်လက်ခံတော်မူကြောင်း ပြသတော်မူသည့်သက်သေအထောက်အထားအပေါ်တွင် အမှီပြုတော်မူခဲ့ပါသည်။ သူသည်ခမည်းတော်ဘုရား၏ဂုဏ်တော်ကို သိတော်မူထားပါသည်။ အဖဘုရား၏တရားမျှတခြင်း၊ ကရုဏာကြီးခြင်းနှင့် မဟာမေတ္တာတော်များကို နားလည်သဘောပေါက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ယုံကြည်ခြင်းအားဖြင့်အဖဘုရားသခင်၌နားနေတော်မူခဲ့ပါသည်။ အဖဘုရား၏အမိန့်တော်များကိုလိုက်လျှောက်ရန်လည်း နှစ်ထောင်းအားရရှိခဲ့ပါသည်။ အပ်နှံသည့်အနေဖြင့်အဖဘုရားသခင်က မိမိအားမျက်နှာလွှဲတော်မူသည်ဟူသောခံစားချက်သည်မိမိကိုယ်ကိုဘုရားသခင်ထံ၌ ဆက်ကပ်သောအချိန်တွင် ပျောက်ကွယ်သွားခဲ့ပါသည်။ ခရစ်တော်သည် ယုံကြည်ခြင်းအားဖြင့် အောင်ပွဲဆင်သူတစ်ပါးဖြစ်ခဲ့ပါသည်။

ဤမြင်ကွင်းမျိုးကို မည်သူမျှယခင်ကမမြင်ခဲ့ဖူးချေ။ လူအုပ်ကြီးသည်အံ့အားသင့်ပြီးရပ်နေကြကာ၊ ကယ်တင်ရှင်အားအသက်မရှူဘဲ စိုက်ကြည့်နေကြပါသည်။ အမှောင်ထုကြီးသည် ကမ္ဘာလောကကြီးအား တစ်ဖန်လွှမ်းမိုးလိုက်ပြန်ပြီး မိုးချုန်းသံကဲ့သို့သောပြင်းထန်သည့်မြည်ဟည်းသံကြီးတစ်ခုကိုကြားခဲ့ကြရပါသည်။ ထိုအရာမှာ ပြင်းထန်သောမြေငလျင်တစ်ခုဖြစ်ပါသည်။ မြေငလျင်လှုပ်မှုကြောင့် လူများသည် တစ်နေရာတည်းတွင်စုပုံသွားခဲ့ကြပါသည်။ ကစဥ့်ကလျား ဖရိုဖရဲဖြစ်သွားကာ ကြောက်ရွံ့တုန်လှုပ်မှုများဆက်လက်ဖြစ်ပေါ်လာခဲ့ပါသည်။ ပတ်ဝန်းကျင်အရပ်များတွင်ရှိသော တောင်များနှင့်ကျောက်တောင်များကွဲကုန်ကြပြီး၊ ကြီးစွာသောအသံများဖြင့် လွင်ပြင်များဆီသို့ပြိုကျကုန်ခဲ့ကြပါသည်။ သင်္ချိုင်းဂူများကွဲအက်ကုန်ပြီး လူသေများထမြောက်လာခဲ့ကြပါသည်။ ဘုရားသခင်ဖန်ဆင်းထားသည့်အရာများသည်အစိတ်စိတ်အမြွှာမြွှာကွဲကြေကုန်ကြသယောင်ဖြစ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်များ၊ ယုဒအကြီးအကဲများ၊ ရောမစစ်သားများ၊ အာဏာပါးကွက်သားများနှင့်ယုဒလူအပေါင်းတို့သည် ကြောက်လန့်မှုကြောင့် စကားတစ်လုံးတစ်ပါဒမျှမပြောနိုင်ကြဘဲ မြေကြီးပေါ်တွင်ပြားပြားဝပ်မှောက်လိုက်ကြပါသည်။

ခရစ်တော်၏နှုတ်ခမ်းမှအမှုပြီးပြီဟု ကျယ်လောင်စွာဟစ်အော်လိုက်သောအချိန်တွင် ယဇ်ပုရောဟိတ်များသည် ဗိမာန်တော်အတွင်း၌ အမှုတော်ဆောင်လျက်ရှိကြပါသည်။ ထိုအချိန်သည် ညနေပိုင်းယဇ်ပူဇော်ရမည့်အချိန်ဖြစ်ပါသည်။ ခရစ်တော်ကိုပုံဆောင်သောသိုးသငယ်ကိုပူဇော်ရန် ယူဆောင်လာခဲ့ကြပါသည်။ တင့်တယ်ခမ်းနားသောဝတ်ရုံကြီးကိုဝတ်ထားသည့် ယဇ်ပုရောဟိတ်မင်းကြီးသည် ဣဇာက်ကိုသတ်ရန်အာဗြဟံပြုသကဲ့သို့ ဓားကိုင်ထားသောလက်ကိုမြှောက်လိုက်ပါသည်။ ထိုမြင်ကွင်းကို လူအပေါင်းကစိတ်ဝင်တစားကြည့်နေကြပါသည်။ သို့ရာတွင် ဘုရားသခင်ကိုယ်တော်တိုင်ချဉ်းကပ်လာတော်မူသဖြင့် ကမ္ဘာကြီးသည်ကြောက်လန့်တုန်လှုပ်သွားခဲ့ပါသည်။ ဗိမာန်တော်အတွင်းပိုင်းရှိကန့်လန့်ကာကို လူမျက်စိဖြင့်မမြင်နိုင်သည့်လက်တော်က အထက်မှအောက်သို့ခွဲလိုက်သောအသံနှင့်အတူ ကန့်လန့်ကာကြီးသည် နှစ်ခြမ်းကွဲသွားခဲ့ရာ တစ်ချိန်ကဘုရားသခင်ကိုယ်တော်တိုင်စံမြန်းတော်မူခဲ့သော အသန့်ရှင်းဆုံးသောအခန်းကို လူအများကောင်းမွန်စွာတွေ့မြင်နိုင်ခဲ့ပေပြီ။ ဤနေရာတွင် ရှကီနာဟုခေါ်သည့်ရောင်ခြည်တော်ကွန့်မြူးခဲ့ဖူးပါသည်။ ဤနေရာတွင်ရှိသောကရုဏာပလ္လင်ထက်ဝယ် ဘုရားသခင်သည် မိမိ၏ဘုန်းတော်ကိုထွန်းလင်းခဲ့ဖူးပါသည်။ ဗိမာန်တော်၏အခြားအပိုင်းများနှင့်ပိုင်းခြားထားသည့် ဤကန့်လန့်ကာကို ယဇ်ပုရောဟိတ်မင်းကြီးမှလွဲ၍ မည်သူမျှမဖွင့်မတင်ခဲ့ဖူးပါချေ။ သူသည် ယုဒလူများအတွက်အပြစ်ဖြေခြင်းအမှုကိုဆောင်ရွက်ရန် တစ်နှစ်လျှင်တစ်ကြိမ် ဤအခန်းထဲသို့ဝင်ရပါသည်။ သို့ရာတွင်ယခု၌ ထိုကန့်လန့်ကာကြီးသည် နှစ်ခြမ်းကွဲသွားခဲ့ချေပြီ။ ဗိမာန်တော်၏အသန့်ရှင်းဆုံးအခန်းဟုခေါ်တွင်သည့်ထိုနေရာသည် ထိုအချိန်မှစ၍မသန့်ရှင်းတော့ပြီ။

လူအပေါင်းတို့သည် ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။ ထိုယဇ်ပုရောဟိတ်ကြီးသည် ယဇ်ကောင်ကိုသတ်မည့်ဆဲဆဲတွင် ဓားသည်ချည့်နဲ့နေသောဂင်း၏လက်ထဲမှလွတ်ကျသွားပြီး၊ သိုးသငယ်သည် လွတ်မြောက်သွားခဲ့ပါသည်။ ဘုရားသခင်၏သားတော်အသေသတ်ခံခြင်းဖြင့် ပုံဆောင်



သောအရာနှင့်ပုံဆောင်ခြင်းခံရသောအရာနှစ်ခုတို့သည် တွေ့ဆုံခဲ့ကြချေပြီ။ မဟာယဇ်ပူဇော်ပွဲကြီးကိုလုပ်ဆောင်ပြီးခဲ့ချေပြီ။ အသန့်ရှင်းဆုံးအခန်းသို့ သွားရန်လမ်းပွင့်သွားခဲ့ချေပြီ။ အသစ်သောလုပ်နည်းလုပ်ဟန်တစ်ခုကို လူသားအားလုံးအတွက် ပြင်ဆင်လိုက်ပါသည်။ အပြစ်ကြောင့်ဝမ်းနည်းပူဆွေးနေသောလူများသည် မိမိတို့၏အပြစ်များကိုဖြေလွှတ်ခွင့်ရရန် ယဇ်ပုရောဟိတ်မင်းကြီးအလာကို စောင့်နေစရာမလိုတော့ချေ။ ထိုအချိန်မှစ၍ ကယ်တင်ရှင်ဘုရားသည် ယဇ်ပုရောဟိတ်ကဲ့သို့လည်းကောင်း၊ ကြားဖျန်ဖြေသူတစ်ပါးကဲ့သို့လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်တွင် အမှုတော်ဆောင်တော့မည်ဖြစ်ပါသည်။ အပြစ်အတွက်ယဇ်ပူဇော်ခြင်းလုပ်ငန်းအားလုံးတို့သည် အဆုံးသို့ရောက်ပြီဟု ဝတ်ပြုကိုးကွယ်နေသောထိုယုဒများကို အသံတော်ဖြင့်မိန့်မြွက်သည့်အလား ထိုအဖြစ်အပျက်ကအဓိပ္ပါယ်ဖော်ညွှန်းနေပါသည်။ "ကျမ်းစာလိပ်၌အကျွန်ုပ်ကိုအမှီပြု၍ရေးထားသည်နှင့်အညီ အကျွန်ုပ်သည် ကိုယ်တော်၏အလိုကိုဆောင်အံ့သောငှာသွားပါမည်။"

"ခရစ်တော်သည်ငါတို့အဖို့ ထာဝရရွေးနုတ်ခြင်းကျေးဇူးကိုခံရ၍ ----မိမိအသွေးတော်နှင့်သန့်ရှင်းရာဌာနထဲသို့ တစ်ခါတည်းဝင်တော်မူ၏" ဟူ၍ ကျမ်းစာလာသည်နှင့်အညီ သားတော်ဘုရားသည်ကြွလာလုပ်ဆောင်တော်မူပါသည်။ ဟေဗြဲ ၁၀း၇။ ၉း၁၂။

****

# tcef; (79)
## trjy;jyD

ခရစ်တော်သည် မိမိလုပ်ဆောင်ရမည့်အမှုတော်လုပ်ငန်းများကိုလုပ်ဆောင်၍မပြီးမချင်း၊ အမှုပြီးပြီဟူသော နောက်ဆုံးစကားလေးကိုပြော၍မပြီးမချင်း အသက်တော်ချုပ်ငြိမ်းတော်မမူခဲ့ချေ။ တိုက်လှန်ပွဲတွင် ခရစ်တော်အောင်ပွဲဆင်ခဲ့ပါသည်။ ကိုယ်တော်၏လက်ယာတော်လက်နှင့် သန့်ရှင်းသောလက်ရုံးတော်သည် ကယ်တင်ခြင်းအမှုကိုပြုလေပြီ။ ကိုယ်တော်သည်အောင်နိုင်သူတစ်ပါးအနေဖြင့် ကောင်းကင်ဘဝဂ်ဝယ် မိမိ၏အောင်လံကိုစိုက်ထူခဲ့ချေပြီ။ ကောင်းကင်တမန်များသည် ပျော်ရွှင်ဝမ်းမြောက်မှုမရှိခဲ့ကြဘူးလား။ ကောင်းကင်နိုင်ငံတစ်ခုလုံးက ကိုယ်တော်ရှင်၏အောင်မြင်မှုတွင် အောင်ပွဲဆင်ခဲ့ကြပါသည်။ စာတန်သည် မိမိရှုံးနိမ့်သွားပြီဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိအုပ်စီးထားသောနိုင်ငံကို လက်လွှတ်ဆုံးရှုံးသွားပြီဖြစ်ကြောင်းကိုလည်းကောင်း သိရှိခဲ့ပါသည်။

အမှုပြီးပြီဟူသောဟစ်ကြွေးသံသည် ကောင်းကင်တမန်များနှင့်တကွ ကျဆုံးနေသောကမ္ဘာများအတွက် အထူးအရေးကြီးလှပါသည်။ ကယ်တင်ခြင်းစီမံကိန်းကြီးလုပ်ဆောင်ပြီးစီးခြင်းသည် ကျွန်ုပ်တို့အတွက်သာမက ထိုကောင်းကင်တမန်များအတွက်လည်း အရေးပါလှပါသည်။ သူတို့သည် ကျွန်ုပ်တို့နှင့်အတူ ခရစ်တော်၏အောင်မြင်မှုအသီးအပွင့်ကို မျှဝေခံစားကြရပါသည်။

ခရစ်တော်အသေမခံမီတိုင်အောင် စာတန်၏ဇာတိရုပ်မှန်ကို ကောင်းကင်တမန်များနှင့်တကွ ကျဆုံးနေသောကမ္ဘာများအား ရှင်းရှင်းလင်းလင်းမဖော်ပြခဲ့သေးချေ။ မဟာဖောက်ပြန်ရေးသမားကြီးသည် ၎င်း၏နိယာမများကို သန့်ရှင်းသောကောင်းကင်သားများကပင်နားမလည်နိုင်အောင် မိမိကိုယ်ကိုအရေခြုံလှည့်ဖြားခဲ့ပါသည်။ ထိုသူများသည် ပုန်ကန်ခြားနားတတ်သည့် ၎င်း၏သဘာဝကို ရှင်းလင်းစွာမသိမြင်ခဲ့ကြချေ။



အံ့ဖွယ်ကောင်းသောတန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ကောင်းကင်သားတစ်ပါးသည် ထာဝရဘုရားသခင်ကိုအန်တုဖက်ပြိုင်ခဲ့ပါသည်။ ထိုလူစီဖာနှင့်ပတ်သက်၍ ဘုရားသခင်မိန့်တော်မူထားသည်မှာ သင်သည်ထူးဆန်းသောတံဆိပ်ဖြစ်၏။ ပညာနှင့်ပြည့်စုံ၍ တင့်တယ်ခြင်းအသရေလည်းပြည့်စုံလျက်ရှိ၏ဟူ၍ဖြစ်၏။ ယေဇကျေ ၂၈း၁၂။ လူစီဖာသည် လွှမ်းမိုးသောခေရုဗိမ်ဖြစ်၏။ သူသည်ဘုရားသခင်ရှိတော်မူသောနေရာတွင် ထွန်းလင်းတောက်ပသည့်အလင်းတော်တွင် ရပ်ခဲ့ရသူတစ်ဦးဖြစ်ပါသည်။ သူသည်အဖန်ဆင်းခံရသူများထဲတွင် အမြတ်ဆုံးဖြစ်ပြီး စကြဝဠာအား ဘုရားသခင်၏အလိုတော်ကိုဖော်ပြရာတွင် ထိပ်သီးပုဂ္ဂိုလ်တစ်ပါးဖြစ်ခဲ့ပါသည်။ အပြစ်ကျူးလွန်ပြီးနောက်ပိုင်းတွင် သူ၏လှည့်ဖြားသွေးဆောင်နိုင်သည့်တန်ခိုးသည် ပို၍စဉ်းလဲလာခဲ့ပါသည်။ ၎င်းပြင် သူ၏ဇာတိရုပ်မှန်ကိုထုတ်ဖော်ရန်မှာ ပို၍ပင်ခက်ခဲနေပါတော့သည်။ အကြောင်းမှာ သူသည်အဖခမည်းတော်ဘုရားနှင့်အတူနေရသည့်အခြေအထိ မြှောက်စားခြင်းခံခဲ့ရသောကြောင့်ဖြစ်ပါသည်။

လူတစ်ယောက်သည် ကျောက်စရစ်ခဲတစ်လုံးကို မြေကြီးပေါ်သို့ပစ်ချရန်လွယ်ကူသကဲ့သို့ ဘုရားသခင်အနေနှင့်စာတန်နှင့်တကွ သူ၏အပေါင်းပါများအားဖျက်ဆီးပစ်လိုက အလွယ်တကူဖျက်ဆီးပစ်နိုင်တော်မူပါသည်။ သို့ရာတွင် ထိုသို့ပြုတော်မမူခဲ့ပါ။ ပုန်ကန်ခြားနားမှုကို အင်အားသုံး၍အနိုင်ယူရန်မဟုတ်ချေ။ အနိုင်အထက်အခွင့်အာဏာသုံးခြင်းသည် စာတန်၏အုပ်ချုပ်မှုတွင်သာတွေ့နိုင်ပါသည်။ ခရစ်တော်၏နိယာမမှာ ထိုကဲ့သို့မဟုတ်ပါချေ။ ကိုယ်တော်၏အခွင့်အာဏာသည် ကောင်းမြတ်ခြင်း၊ ကရုဏာထားခြင်းနှင့်ချစ်ခြင်းမေတ္တာများအပေါ်တွင် အခြေပြုထားပါသည်။ ဤနိယာမများကိုတင်ဆက်ခြင်းသည် ကျွန်ုပ်တို့အသုံးပြုရမည့်နည်းလမ်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏အုပ်စိုးမှုသည် ကောင်းမြတ်သောကိုယ်ကျင့်တရားနှင့်ပြည့်စုံပြီး၊ သမ္မာတရားနှင့်ချစ်ခြင်းမေတ္တာများသည် အရှိန်ကြီးသောတန်ခိုးများအဖြစ်အသုံးပြုရမည့်အရာများဖြစ်ကြပါသည်။

အရာခပ်သိမ်းတို့အား ထာဝရလုံခြုံမှုရှိသည့်စနစ်တစ်ခုအောက်တွင်ထားရန်မှာ ဘုရားသခင်၏အကြံအစည်တော်ဖြစ်ပါသည်။ ထိုကြောင့်

စာတန်အား ၎င်း၏အုပ်စိုးမှုစနစ်၏အခြေခံစည်းမျဉ်းများကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်ဖို့အချိန်ပေးရမည်ဟု ကောင်းကင်ကောင်စီတွင် ဆုံးဖြတ်ခဲ့ကြပါသည်။ မိမိ၏စည်းမျဉ်းဥပဒေများသည် ဘုရားသခင်၏စည်းမျဉ်းများထက် သာလွန်ကောင်းမွန်သည်ဟု စာတန်ကြွေးကြော်ခဲ့ပါသည်။ ထိုကြောင့် စကြဝဠာကြီးတစ်ခုလုံးမှ ၎င်း၏စည်းမျဉ်းဥပဒေများကိုမြင်တွေ့နိုင်ဖို့ စာတန်အားလုပ်ဆောင်ရန်အချိန်ပေးခဲ့ပါသည်။

စာတန်သည် လူများအားပြစ်နွံထဲသို့ခေါ်ဆောင်သွားကာ ကယ်တင်ခြင်းစီမံကိန်းကိုပျက်ပြားသွားအောင် တိုက်ပွဲဝင်ခဲ့ပါသည်။ နှစ်ပေါင်းလေးထောင်လုံးလုံး ခရစ်တော်သည် လူသားများအတွက်မြှင့်တင်ရေးလုပ်ငန်းများကိုလုပ်ဆောင်နေသကဲ့သို့ စာတန်ကလည်းလူသားများအား ပျက်စီးဆုံးရှုံးသွားစေရန်နှင့် ယုတ်ညံ့သွားစေရန် လုပ်ဆောင်လျက်ရှိပါသည်။ ထိုအဖြစ်အပျက်အားလုံးကို စကြဝဠာတစ်ခုလုံးကမြင်တွေ့ခဲ့ကြရပါသည်။

ဤလောကသို့ခရစ်တော်ကြွလာတော်မူသောအခါ စာတန်သည် ကိုယ်တော်ရှင်အားရန်မူခဲ့ပါသည်။ ကိုယ်တော်အား ဗက်လင်မြို့တွင်မွေးဖွားခြင်းခံခဲ့သည့်ကလေးငယ်ဘဝမှစ၍ သုတ်သင်ပယ်ရှင်းပစ်ရန် စာတန်လုပ်ဆောင်ခဲ့ပါသည်။ ခရစ်တော်အား စုံလင်ကောင်းမြတ်သောကလေးဘဝသို့မရောက်ရန်၊ အမှားအယွင်းမရှိသောအရွယ်ရောက်သူဘဝသို့မရောက်ရန်၊ သန့်ရှင်းသောအမှုတော်ကိုမဆောင်နိုင်ရန်၊ စုံလင်၍အပြစ်အနာအဆာကင်းသောယဇ်ကောင်အနေဖြင့် မိမိကိုယ်ကိုမပူဇော်နိုင်ရန် ဟန့်တားဖို့နည်းအမျိုးမျိုးဖြင့် စာတန်ကြိုးစားခဲ့ပါသည်။ သို့ရာတွင် သူရှုံးနိမ့်သွားခဲ့ပါသည်။ ခရစ်တော်အားအပြစ်လုပ်အောင် သူမစွမ်းဆောင်နိုင်ခဲ့ချေ။ ဤကမ္ဘာပေါ်တွင် ကိုယ်တော်လာရောက်လုပ်ဆောင်ခဲ့သောအမှုတော်မှ ကိုယ်တော်အားသူမောင်းမထုတ်နိုင်ခဲ့ချေ။ ထိုအမှုကိုဆက်လက်မလုပ်ဆောင်နိုင်စေဖို့ စိတ်ဓာတ်ကျအောင်သူမစွမ်းဆောင်နိုင်ခဲ့ချေ။ စာတန်၏အမျက်တော်မုန်တိုင်းကြီးသည် အစာရှောင်ခဲ့သောတောထဲမှသည် ကရာနီကုန်းတိုင်အောင် ကိုယ်တော်အားဦးတည်၍တိုက်ခတ်ခဲ့သော်လည်း ထိုမုန်တိုင်းသည် အကြင်နာကင်းမဲ့စွာ



ထန်လေလေ၊ သားတော်ဘုရားသည် ခမည်းတော်၏လက်တော်ကိုမြဲမြဲဆုပ်ကိုင်ထားကာ သွေးစွန်းသောလမ်းသို့ ဆက်၍လျှောက်လေလေဖြစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်အားဖိနှိပ်ချုပ်ချယ်ကာ လွှမ်းမိုးရန်စာတန်ကြိုးစားသမျှအားလုံးသည် ကိုယ်တော်၏အပြစ်မဲ့သောဂုဏ်တော်ကို သာ၍ထင်ရှားပေါ်လွင်စေခဲ့ပါသည်။

ကောင်းကင်နိုင်ငံတော်နှင့်တကွ အပြစ်တွင်ကျဆုံးခြင်းမရှိသည့်ကမ္ဘာများက ထိုတိုက်လှန်ပွဲကြီးကို ကြည့်ရှုနေကြပါသည်။ ထိုပွဲကြီး၏နိဂုံးချုပ်မြင်ကွင်းကို စိတ်ဝင်တစားဖြင့် သူတို့စောင့်ကြည့်နေကြပါသည်။ ကယ်တင်ရှင်သည် ဂေသရေမန်ဥယျာဉ်ထဲသို့ဝင်ရောက်သွားတော်မူကြောင်းကိုလည်းကောင်း၊ မဟာအမှောင်ထုကြီး၏ကြောက်လန့်ဖွယ်ရာများကြောင့် စိတ်ဝိညာဉ်သည် ခေါင်းငိုက်စိုက်ကျနေသည်ကိုလည်းကောင်း သူတို့မြင်တွေ့နေရပါသည်။ အကျွန်ုပ်အဖ၊ ဤခွက်သည်အကျွန်ုပ်ကိုလွန်သွားနိုင်လျှင်လွန်သွားပါစေသောဟူ၍ခါးသီးစွာဟစ်ကြွေးလိုက်သည့်အော်ဟစ်သံကိုလည်း သူတို့ကြားခဲ့ရပါသည်။ မဿဲ ၂၆း၃၉။ အဖဘုရားသခင်သည် ၎င်းနှင့်အတူမရှိတော့သဖြင့် ကိုယ်တော်သည်ခါးသီးသောဝမ်းနည်းမှုမျိုးဖြင့် ဝမ်းနည်းပက်လက်ဖြစ်နေကြောင်းကို သူတို့တွေ့ရပါသည်။ ကိုယ်တော်ခံစားနေရသည့်ဝမ်းနည်းမှုမျိုးသည် နောက်ဆုံးသေငယ်ဇောပြန်သောအချိန်တွင် ခံစားရသောဝမ်းနည်းမှုမျိုးထက်သာလွန်နေပါသည်။ ခန္ဓာကိုယ်ရှိချွေးများမှ သွေးနှင့်ရောနေသောချွေးများထွက်လာကာ တစ်စက်ချင်းမြေကြီးပေါ်သို့ကျနေပါသည်။ ထိုအခြေအနေဆိုးမှ ကယ်တင်ခြင်းခံရဖို့သုံးကြိမ်တိုင်တိုင် ပါးစပ်မှဖျစ်ညှစ်၍ဆုတောင်းခဲ့ပါသည်။ ဘုရားသခင်သည် ထိုမြင်ကွင်းကိုဆက်လက်ကြည့်နိုင်စွမ်းမရှိတော့သဖြင့် သားတော်ဘုရားအားနှစ်သိမ့်မှုပေးရန် စေတမန်တစ်ဦးကိုစေလွှတ်တော်မူခဲ့ပါသည်။

ထိုယဇ်ကောင်တည်းဟူသောခရစ်တော်အား၊ လူသတ်သမားများလက်ထဲသို့ အပ်နှံလိုက်ကြပြီကိုလည်းကောင်း၊ ထိုလူများကပြောင်လှောင်သရော်ကာ ကြမ်းတမ်းစွာဖြင့်တရားခွင်တစ်ခုမှတစ်ခုသို့ ရေးကြီးသုတ်ပျာဖြင့်

ခေါ်ဆောင်သွားကြသည်ကိုလည်းကောင်း ကောင်းကင်သားများမြင်တွေ့ကြပါသည်။ ကိုယ်တော်၏နှိမ့်ချစွာမွေးဖွားခံယူခဲ့ခြင်းကြောင့် နှိပ်စက်ကလူပြုကြသည့်ထိုသူများက မထီမဲ့မြင်ပြုသည့်စကားများပြောနေကြသည်ကိုလည်းကောင်း၊ အချစ်ဆုံးတပည့်တော်များထဲမှတစ်ပါးက ကျိန်ဆို၍ငြင်းပယ်နေသောအသံကိုလည်းကောင်း ကောင်းကင်သားများကြားခဲ့ရပါသည်။ စာတန်၏မစဉ်းစားလုပ်ဆောင်ချက်များနှင့်တကွ လူသားများ၏စိတ်နှလုံးအပေါ်တွင်လွှမ်းမိုးထားသည့် ၎င်း၏တန်ခိုးများကိုလည်း သူတို့မြင်တွေ့ခဲ့ကြရပါသည်။ အလွန်ကြောက်လန့်စရာကောင်းသောမြင်ကွင်းပါတကား။ ညဉ့်သန်းခေါင်ကြီးတွင် ဂေသရေမန်ဥယျာဉ်ထဲ၌ ခရစ်တော်သည်အဖမ်းခံခဲ့ရပါသည်။ ထိုနောက် တရားခွင်တစ်ခုမှတစ်ခုသို့ အတင်းခေါ်ဆောင်သွားခြင်းကိုခံခဲ့ရပါသည်။ ယဇ်ပုရောဟိတ်များထံတွင်နှစ်ကြိမ်၊ ဆန်ဟီဒရင်အဖွဲ့ရှေ့တွင်တစ်ကြိမ် အစစ်ဆေးခံခဲ့ရပါသည်။ ပြက်ရယ်ပြုခြင်း၊ ကြိမ်ဒဏ်ပေးခြင်းနှင့်ပြစ်ဒဏ်စီရင်မှုများကိုခံခဲ့ရပြီး၊ ငိုယိုနေသောယေရုရှလင်မြို့၏သမီးများနှင့်ပြက်ရယ်ပြုနေကြသော လူဗရုတ်သုတ်ခများအလယ်တွင် လေးလံသောကပ်တိုင်ကြီးကိုထမ်းကာ ကပ်တိုင်အတင်ခံဖို့ခေါ်ဆောင်သွားခြင်းကိုခံခဲ့ရပါသည်။

ခရစ်တော်သည် ကပ်တိုင်တွင်ချိတ်ဆွဲထားခြင်းခံနေရသည်ကိုလည်းကောင်း၊ ကိုယ်တော်၏ကိုယ်ခန္ဓာပေါ်ရှိဒဏ်ရာဒဏ်ချက်များမှ သွေးများယိုစီးနေသည်ကိုလည်းကောင်း၊ နဖူးတော်၌သွေးများနှင့်ရောနေသည့် ချွေးသီးချွေးပေါက်ကြီးများ တွဲလဲခိုနေသည်ကိုလည်းကောင်း ကောင်းကင်သားများကဝမ်းနည်းအံ့သြစွာဖြင့်ကြည့်နေကြပါသည်။ လက်တော်နှင့်ခြေတော်များမှသွေးများသည် ကပ်တိုင်စိုက်ထူထားသည့်ကျောက်ပေါ်သို့ တစ်စက်ချင်းယိုစီးလျက်ကျနေပါသည်။ ခန္ဓာကိုယ်၏အလေးချိန်ကြောင့် ကိုယ်တော်၏လက်တော်မှသံရိုက်ရာများသည် ပို၍ပို၍ကျယ်လာခဲ့ပါသည်။ ခဲခဲယဉ်းယဉ်းပြုလုပ်နေရသည့် ကိုယ်တော်၏အသက်ရှူသံများသည် မြန်လာပါသည်၊ ပြင်းထန်လာပါသည်။ သူ၏အသက်ဝိညာဉ်သည် ဤလောက၏အပြစ်ဝန်များအောက်တွင် အမောဆို့နေပါသည်။ ကိုယ်တော်သည် ဒုက္ခပင်လယ်ဝေနေစဉ်မှာပင်



အဖဘုရား၊ မိမိတို့ဘာလုပ်နေသည်ကို သူတို့မသိကြသောကြောင့် သူတို့၏အပြစ်များကိုခွင့်လွှတ်တော်မူပါဟူ၍ ဆုပတ္ထနာတောင်းလျှောက်သောအချိန်တွင် ကောင်းကင်တစ်နိုင်ငံလုံးကအံ့အားသင့်ခဲ့ကြရပါသည်။ သို့ရာတွင် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသည့်ထိုနေရာတွင်နေကြသောလူများသည် တစ်ပါးတည်းသောသားတော်၏အသက်တော်ကိုလုပ်ကြံရန် ပူးပေါင်းလျက်ရှိကြပါသည်။ စကြဝဠာကြီး၏ရှေ့မှောက်တွင်ဝမ်းနည်းစရာမြင်ကွင်းပါတကား။

လောကီမှောင်မိုက်၏အထွတ်အမြတ်များဖြစ်သည့် အာဏာတန်ခိုးရှိသူများသည် လူသားများ၏စိတ်နှလုံးထဲတွင် မယုံကြည်မှု၏အလွန်ဆိုးရွားသောအရိပ်မည်းကို ထိုးပေးလျက်ရှိကြပါသည်။ ဘုရားသခင်သည် နတ်ဆိုးဖြစ်လာသောဤကောင်းကင်တမန်များကို မိမိပလ္လင်ရှေ့တွင်ခစားရန်ဖန်ဆင်းခဲ့စဉ်က ၎င်းတို့သည်လှပတင့်တယ်၍ ဘုန်းအသရေနှင့်ပြည့်စုံခဲ့ကြပါသည်။ သူတို့သည် မိမိတို့မြှောက်စားခြင်းခံရသောအဆင့်အတန်းနှင့်တော်လျော်သောနှစ်လိုဖွယ်ကောင်းခြင်း၊ သန့်ရှင်းခြင်းတို့နှင့်ပြည့်စုံခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်၏လက်နက်တန်ဆာများဖြင့် ဝတ်ဆင်ခဲ့ကြပါသည်။ ထိုသူများသည် ဘုရားသခင်၏အမှုတော်ဆောင်များဖြစ်ခဲ့ကြပါသည်။ သို့ရာတွင် အပြစ်တွင်ကျဆုံးခဲ့သောထိုနတ်ဆိုးများအား တစ်ချိန်ကကောင်းကင်ရွှေနန်းတော်တွင်အမှုတော်ဆောင်ခဲ့ကြသော ကောင်းကင်တမန်များဖြစ်သည်ဆိုသည်ကို မည်သူမှတ်မိနိုင်ပါမည်နည်း။

ခရစ်တော်အား အပြစ်သားများတွင် အကြီးဆုံးသောပုဂ္ဂိုလ်အဖြစ်ယုဒများကယုံကြည်အောင်လုပ်ဆောင်ရန်နှင့် ကိုယ်တော်အားမုန်းစရာကောင်းသူတစ်ဦးအဖြစ်မှတ်ယူလာရန် စာတန်၏နတ်ဆိုးများသည် ထိုဒုစရိုက်သားများနှင့်ပူးပေါင်းခဲ့ကြပါသည်။ ကပ်တိုင်ပေါ်တွင်ချိတ်ဆွဲထားခြင်းခံရသောခရစ်တော်အား ပြက်ရယ်ပြုနေကြသောထိုသူများသည် ပုန်ကန်ခြားနားလိုသောစိတ်ဓာတ်များဖြင့် ပြည့်ဝလျက်ရှိကြပါသည်။ ထိုသူများသည် ညစ်ညမ်း၍စက်ဆုပ်ရွံရှာဖွယ်သောစကားများကိုလည်း ပြောခဲ့ကြပါသည်။

ခရစ်တော်၌ အပြစ်တစ်စုံတစ်ရာရှာ၍တွေ့နိုင်ခဲ့သော်လည်းကောင်း၊ ခရစ်တော်သည် ထိုကြောက်စရာနှိပ်စက်ညှဉ်းပန်းမှုဒဏ်မှလွတ်မြောက်ရန် တစ်စုံတစ်ခုသောအရာတွင် စာတန်အားလျှော့ပေးခဲ့လျှင်သော်လည်းကောင်း ဘုရားသခင်အားရန်မူနေသည့် ထိုနတ်ဆိုးများနှင့်ထိုလူဆိုးများသည် အောင်ပွဲခံသွားကြလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်သည် ခေါင်းတော်ကိုငိုက်စိုက်ညွှတ်၍ အသက်တော်ကိုစွန့်တော်မူခဲ့သော်လည်း၊ ဘုရားသခင်အပေါ်ထားရှိသည့် မိမိ၏ယုံကြည်ချက်နှင့်အပ်နှံခြင်းကို စွဲမြဲဆုပ်ကိုင်တော်မူခဲ့ပါသည်။ "ကောင်းကင်ဘုံ၌ကြီးသောအသံကား၊ ယခုမှာကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ဘုရားသခင်၏နိုင်ငံတော်နှင့် သူ၏ခရစ်တော်၏အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင့်ရှေ့တော်၌ နေ့ညမပြတ်အပြစ်တင်သောရန်သူကို အောက်သို့ချလေပြီ။" ဗျာဒိတ် ၁၂း၁၀။

မိမိအလိမ်ပေါ်သွားပြီဖြစ်ကြောင်းကို စာတန်တွေ့မြင်ခဲ့ပါသည်။ သူ၏လုပ်ဆောင်မှုများသည် နတ်ဆိုးများ၏ရှေ့မှောက်တွင်လည်းကောင်း၊ စကြဝဠာ၏ရှေ့မှောက်တွင်လည်းကောင်း ထင်ရှားလျက်ရှိပါသည်။ မိမိသည် လူသတ်သမားတစ်ဦးဖြစ်ကြောင်းကို စာတန်သည်ကိုယ်တိုင်ဖော်ညွှန်းလျက်ရှိပါသည်။ သူသည် သားတော်ဘုရား၏အသွေးတော်ကိုသွန်းစေခဲ့ခြင်းအားဖြင့် ကောင်းကင်သားများ၏ကရုဏာသက်မှုနှင့်လွဲသွားအောင် ပြုလုပ်လျက်ရှိပါသည်။ ထိုအချိန်မှစ၍ စာတန်အားသူလုပ်လိုသည့်အတိုင်း လုပ်ခွင့်မပေးတော့ချေ။ သူသည်မည်သို့ပင်ဟန်ဆောင်စေကာမူ၊ ကောင်းကင်ရွှေနန်းမှဆင်းသက်ကြွလာကြမည့် ကောင်းကင်တမန်များကို သူမစောင့်စားနိုင်တော့ဘဲ၊ ခရစ်တော်၏ညီအစ်ကိုမောင်နှမများအား အပြစ်၏ညစ်ညမ်းမှုများနှင့်မှောင်မိုက်၏ဝတ်ရုံများကိုဝတ်ဆင်ထားသူများအဖြစ် စွပ်စွဲခဲ့ပါသည်။ ထိုအချိန်တွင် စာတန်နှင့်ကောင်းကင်နိုင်ငံအကြား ဆက်နွယ်ထားသည့်ကရုဏာနှောင်ကြိုးကလေးသည် ပြတ်တောက်သွားခဲ့ပါသည်။

သို့စေကာမူစာတန်သည် ထိုအချိန်တွင်အဖျက်ဆီးမခံခဲ့ရချေ။ ထိုကောင်းကင်တမန်များသည် ထိုမဟာတိုက်လှန်ပွဲကြီးနှင့်ပတ်သက်နေသော



အရာအားလုံးကို ထိုအချိန်ရောက်သည်တိုင် နားမလည်ကြသေးချေ။ ထိခိုက်နိုင်သည့်အခြေတွင်ရှိနေသော အခြေခံစည်းမျဉ်းများကို သာ၍ပြည့်စုံစွာဖော်ပြရန်လိုအပ်ပါသည်။ လူသားများ၏ကောင်းကျိုးအတွက် စာတန်ကိုဆက်လက်အသက်ရှင်စေရမည်ဖြစ်ပါသည်။ ခရစ်တော်နှင့်စာတန်အကြား ဖြစ်ပွားနေသောကွဲပြားခြားနားမှုများကို ကောင်းကင်တမန်များကဲ့သို့ လူသားများနားလည်သဘောပေါက်ဖို့လိုအပ်လှပါသည်။ မည်သူ့ကိုကိုးကွယ်မည်ကိုလည်း သူတို့ရွေးချယ်ကြရပါမည်။

ဘုရားသခင်၏ပညတ်တော်သည် လိုက်လျှောက်ရန်မဖြစ်နိုင်သည့်အရာတစ်ခုဖြစ်ကြောင်း၊ သစ္စာတရားနှင့်ကရုဏာတရားသည် တစ်ခုနှင့်တစ်ခုဖီလာဆန့်ကျင်နေကြောင်း၊ ပညတ်တော်ကိုမစောင့်ထိန်းနိုင်သောကြောင့်ထိုအပြစ်သားသည် အပြစ်လွှတ်ခွင့်မရနိုင်ကြောင်းများကို မဟာတိုက်လှန်ပွဲကြီးအစပြုသည့်အချိန်မှစ၍ စာတန်ကြေညာခဲ့ပါသည်။ အပြစ်ကျူးလွန်သည့်အခါတိုင်း၊ အပြစ်ဒဏ်စီရင်ခြင်းကိုခံရမည်။ ဘုရားသခင်သည် သစ္စာနှင့်ဖြောင့်မတ်ခြင်းတို့နှင့်စပ်ဆိုင်သောဘုရားတစ်ဆူမဖြစ်နိုင်ဟု စာတန်ပြောလာပါသည်။ လူများသည် ဘုရားသခင်၏ပညတ်ကိုချိုးဖောက်ကာ ကိုယ်တော်၏အလိုတော်ကိုလိုက်ရန် ဖီဆန်လာသောအချိန်တွင် စာတန်သည်အားရဝမ်းသာပါသည်။ ထိုအချိန်မျိုးတွင် ပညတ်တော်ကိုစောင့်ရှောက်ရန်မဖြစ်နိုင်ကြောင်း၊ လူသားများသည် အပြစ်ခွင့်လွှတ်မှုကိုခံရဖို့မဖြစ်နိုင်ကြောင်းများသည်ထင်ရှားနေသည်ဟု စာတန်ကြွေးကြော်ခဲ့ပါသည်။ ပုန်ကန်ထကြွမှုပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် စာတန်သည် ကောင်းကင်မှနှင်ထုတ်ခြင်းခံခဲ့ရသဖြင့် လူသားမျိုးနွယ်များအားလည်း ဘုရားသခင်၏မေတ္တာကိုမခံစားကြစေရန်၊ ဘုရားနှင့်ဆက်နွယ်မှုကိုဖြတ်တောက်ပစ်မည်ဟု စာတန်ပြောဆိုခဲ့ပါသည်။ ဘုရားသခင်သည် အပြစ်သားများကိုကရုဏာပြခဲ့သော်လည်း တရားမျှတမှုမရှိဟု စာတန်ကလှို့ဆော်ခဲ့ပါသည်။

သို့ရာတွင် လူသည်အပြစ်သားဖြစ်လျက်ပင် စာတန်နှင့်အဆင့်အတန်းကွဲပြားခြားနားဆဲဖြစ်ပါသည်။ ကောင်းကင်နိုင်ငံမှာရှိနေသောလူစီဖာသည်

ဘုရားသခင်ဘုန်းတော်အလင်း၌ အပြစ်ကျူးလွန်ခဲ့ပါသည်။ သူသည်အခြားဖန်ဆင်းခံရသည့်သတ္တဝါများထက် ဘုရားသခင်၏မေတ္တာကိုဖော်ပြခြင်းခံခဲ့ရပါသည်။ စာတန်သည် ဘုရားသခင်၏ဂုဏ်တော်ကိုနားလည်သဘောပေါက်လျက်၊ ကိုယ်တော်၏ကောင်းမြတ်ခြင်းများကိုသိလျက်နှင့် တစ်ကိုယ်ကောင်းဆန်သောမိမိ၏သဘောအတိုင်း လွတ်လပ်စွာလုပ်ဆောင်ဖို့ ရွေးချယ်ခဲ့ပါသည်။ ဤရွေးချယ်မှုသည် နောက်ဆုံးရွေးချယ်မှုတစ်ခုဖြစ်ပါသည်။ ဘုရားသခင်သည် ၎င်းအားကယ်တင်ရန် ထိုထက်ပို၍မလုပ်နိုင်တော့ပြီ။ သို့ရာတွင် လူသားများသည် လိမ်လည်လှည့်ဖြားမှုကိုခံခဲ့ရလေပြီ။ ၎င်းတို့၏စိတ်နှလုံးများသည် စာတန်၏စဉ်းလဲသောဆင်ခြေဆင်လက်များကြောင့် နောက်ကျိုလျက်ရှိကြပါသည်။ ဘုရားမေတ္တာ၏အတိမ်အနက်ကိုလည်း သူတို့မသိရှိကြတော့ချေ။ သူ၌ဘုရားသခင်၏မေတ္တာတော်အကြောင်းကိုသိရှိနိုင်ဖို့မျှော်လင့်ချက်ရှိနေပါသေးသည်။ ကိုယ်တော်၏စာရိတ္တတော်ကိုကြည့်မြင်ခြင်းအားဖြင့် သူသည်ဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိလာနိုင်ပါသည်။

ဘုရားသခင်၏ကရုဏာတော်ကို သခင်ယေရှု၏အသက်တာအားဖြင့် လူသားများအားဖော်ပြခဲ့ပါသည်။ သို့ရာတွင် ကရုဏာတော်သည် သစ္စာတရားကိုမဖျက်ပယ်ပါ။ ပညတ်တော်သည် ဘုရားသခင်၏စာရိတ္တတော်ကိုဖော်ပြပြီး၊ အပြစ်တွင်ကျဆုံးနေသောလူတစ်ဦးလိုက်လျှောက်နိုင်ရန်အလိုငှာ ထိုပညတ်တော်၏စာလုံးဗိန္ဒုတစ်လုံးကိုမျှ ပြောင်းလဲပေးနိုင်မည်မဟုတ်ချေ။ ဘုရားသခင်သည် ပညတ်တော်ကိုမပြောင်းလဲခဲ့သော်လည်း လူသားများ၏ကယ်တင်ခြင်းအတွက် ခရစ်တော်၌ကိုယ်ကိုကိုယ်ဆက်ကပ်တော်မူခဲ့ပါသည်။ "ဘုရားသခင်သည် ခရစ်တော်အထဲ၌ရှိနေလျက် လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့စေတော်မူ၏။" ၂ကော ၅း၁၉။

ပညတ်တော်သည် ဖြောင့်မတ်သောအသက်တာ စုံလင်သောအကျင့်စာရိတ္တတည်းဟူသော ဖြောင့်မတ်သောအခြေအနေများအတိုင်း အသက်ရှင်နေထိုင်ရန်တောင်းဆိုနေပါသည်။ ဤအခြေအနေမျိုးတွင် အသက်ရှင်ရန်



လူသည်မစွမ်းဆောင်နိုင်ပါ။ လူ့အစွမ်းအားဖြင့် ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်၏တောင်းဆိုမှုကို ဖြည့်စွမ်းနိုင်လိမ့်မည်မဟုတ်ချေ။ သို့သော်ခရစ်တော်သည် လူသားတစ်ဦးအနေဖြင့် ဤလောကသို့ကြွလာခဲ့ကာ သန့်ရှင်းသောအသက်တာဖြင့်နေထိုင်တော်မူခဲ့ပါသည်။ စုံလင်သောစာရိတ္တတစ်ခုကိုလည်း တိုးတက်ဖွံ့ဖြိုးစေခဲ့ပါသည်။ ဤအရာကိုလက်ခံရယူရန်အသင့်ရှိသူများအား အခမဲ့လက်ဆောင်အဖြစ် ကိုယ်တော်ပေးတော်မူပါသည်။ ဤကဲ့သို့သောဘုရားသခင်၏သည်းခံစိတ်ရှည်မှုကြောင့် ထိုသူများသည် အတိတ်တွင်ကျူးလွန်မိခဲ့သောအပြစ်များကို ခွင့်လွှတ်ခြင်းခံကြရပါသည်။ ထိုထက်မကခရစ်တော်သည်၎င်းတို့အား ဘုရားသခင်၏ကြန်အင်လက္ခဏာများနှင့်ပြည့်ဝစေတော်မူပါသည်။ ဘုရားသခင်သည် လူသားများ၏အကျင့်စာရိတ္တကို ဝိညာဉ်ရေးခွန်အားနှင့်အသရေတင့်တယ်မှုများဖြင့်ပြီးသော ကောင်းမြတ်သောအဆောက်အအုံတည်းဟူသော မြင့်မြတ်သောစာရိတ္တနှင့်ဆင်တူသည့်စာရိတ္တမျိုးကို တည်ဆောက်ပေးတော်မူပါသည်။ ဤနည်းအားဖြင့် ပညတ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ခရစ်တော်ကိုယုံကြည်သောထိုသူ၌ပြည့်စုံလာခဲ့ပါသည်။ ဘုရားသခင်သည် ---- ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေခြင်းငှာလည်းကောင်း၊ ယေရှုခရစ်ကိုယုံကြည်သူတို့၏အပြစ်ကိုလွှတ်တော်မူသော်လည်း တရားသဖြင့်ပြုတော်မူခြင်းငှာလည်းကောင်း တတ်နိုင်တော်မူ၏။

ဘုရားသခင်၏မေတ္တာတော်ကို သစ္စာတရားတွင်လည်းကောင်း၊ ကရုဏာတော်တွင်လည်းကောင်း ညီမျှစွာဖော်ပြထားပါသည်။ သစ္စာတရားသည် ကိုယ်တော့်ပလ္လင်တော်၏အုတ်မြစ်ဖြစ်ပြီး၊ မေတ္တာတော်၏အသီးအပွင့်လည်းဖြစ်ပါသည်။ ဘုရားသခင်ပညတ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ငြိမ်သက်မှုအတွက်ရန်သူတစ်ဦးဖြစ်ကြောင်းသက်သေပြရန် စာတန်ကြိုးစားခဲ့ပါသည်။ ကရုဏာတော်ကို သမ္မာတရား၊ သစ္စာတရားတို့နှင့်ကတ္တားခြားပစ်ရန် စာတန်ကြံစည်နေပါသည်။ သို့ရာတွင် ဘုရားသခင်၏အကြံတော်တွင် ထိုအရာများသည် ခွဲခြား၍မရနိုင်အောင်ပေါင်းစည်းထားသောအရာများဖြစ်ကြောင်း ခရစ်တော်ဖော်ပြတော်မူထားပါသည်။ ကရုဏာတော်နှင့်

သစ္စာတော်သည် ခွဲခြား၍မရနိုင်သောအရာများဖြစ်ပါသည်။ "ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာသည် တစ်ပါးကိုတစ်ပါးနမ်းကြပြီ။" ဆာလံ ၈၅း၁၀။

ခရစ်တော်သည် မိမိ၏သက်တော်စဉ်အားဖြင့်လည်းကောင်း၊ အသေသတ်ခံခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်၏သစ္စာတရားသည် ကိုယ်တော်၏ကရုဏာတော်ကိုမဖျက်ဆီးပစ်ရုံသာမက အပြစ်ကိုပင်ခွင့်လွှတ်ကြောင်း၊ ပညတ်တော်သည်ဖြောင့်မတ်ကြောင်း၊ လုံးလုံးလိုက်လျှောက်နိုင်ခြင်းရှိကြောင်းများကို ထင်ရှားစေခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏မေတ္တာတော်နှင့်ပတ်သက်သည့် မမှားယွင်းနိုင်သောအထောက်အထားကို လူသားများအားပေးထားခဲ့ပြီးဖြစ်ပါသည်။

ယခုတွင် အခြားသောလှည့်ဖြားမှုတစ်ခုကိုထုတ်ဖော်လုပ်ဆောင်လာပါသည်။ ကရုဏာတော်သည် သစ္စာတရားကိုဖျက်ဆီးခဲ့ကြောင်း၊ ခရစ်တော်အသေခံခြင်းသည် ခမည်းတော်ဘုရား၏ပညတ်ကိုဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း စာတန်ကြွေးကြော်ခဲ့ပါသည်။ ပညတ်တော်ကိုပြင်ဆင်ခြင်းငှာလည်းကောင်း၊ ဖျက်သိမ်းခြင်းငှာလည်းကောင်း ဖြစ်နိုင်ခဲ့လျှင် ထိုအချိန်ကခရစ်တော်အသေခံစရာလိုခဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ပညတ်တော်ကိုဖျက်သိမ်းခြင်းသည် ပညတ်တော်လွန်ကျူးခြင်းကို အစဉ်အမြဲရှိနေအောင်လုပ်ဆောင်ခြင်းဖြစ်ပြီး၊ ဤကမ္ဘာကြီးအား စာတန်၏ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်းသာဖြစ်ပါလိမ့်မည်။ ပညတ်တော်သည် ပြုပြင်ပြောင်းလဲခြင်းငှာမဖြစ်နိုင်သည့်အခြေတွင် ပညတ်တော်ကိုစောင့်ရှောက်ခြင်းအားဖြင့်သာ လူသားများသည် ကယ်တင်ခြင်းရရှိနိုင်မည်ဖြစ်သောကြောင့် ယေရှုခရစ်သည် ကပ်တိုင်အတင်ခံခဲ့ရခြင်းဖြစ်ပါသည်။ သို့စေကာမူ ခရစ်တော်အနေနှင့် ပညတ်တော်ကိုတည်စေရန်လုပ်ဆောင်နေသောနည်းလမ်းကို စာတန်အနေနှင့်ပညတ်တော်ကိုဖျက်သိမ်းသည်ဟု ရုပ်လုံးဖော်နေပါသည်။ ဤနေရာတွင် ခရစ်တော်နှင့်စာတန်အကြား ဖြစ်ပွားနေသောမဟာတိုက်လှန်ပွဲကြီး၏နောက်ဆုံးသောဗီလာဆန့်ကျင်မှုကြီးသည် ဖြစ်ပေါ်လာခဲ့ပါသည်။





ယခုအချိန်တွင် ဘုရားသခင်ကိုယ်တော်တိုင်မိန့်မြွက်ခဲ့သောပညတ်တော်သည် မှားယွင်းကြောင်း၊ တချို့ဖော်ပြချက်များကိုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း စာတန်ဖွင့်ဆိုလာပါသည်။ ထိုအရာသည် ၎င်းတို့အနေနှင့်ဤကမ္ဘာလောကတွင် နောက်ဆုံးပြုလုပ်မည့်လှည့်ဖြားမှုတစ်ရပ်ဖြစ်ပါသည်။ သူ့အနေနှင့်ပညတ်တော်တစ်ခုလုံးကို တိုက်ဖျက်ဖို့ကြိုးစားရန်မလိုပါချေ။ ပညတ်တော်တစ်ချက်ကလေးကို လူအများလျစ်လျူရှုအောင်လုပ်နိုင်ခဲ့မည်ဆိုလျှင် သူ့အကြံအောင်မြင်မည်ဖြစ်ပါသည်။ အကြောင်းမူကား၊ ပညတ်တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌မှားမိလျှင် ပညတ်တရားအလုံးစုံကိုလွန်ကျူးသောအပြစ်ရှိ၏။ ယာကုပ် ၂း၁၀။ တစ်စုံတစ်ခုသောပညတ်တော်ကိုဖောက်ဖျက်ရန်သဘောတူခြင်းအားဖြင့် လူသားများသည် စာတန်၏လက်အောက်သို့ကျရောက်သွားကြပါသည်။ ဘုရားသခင့်ပညတ်တော်၏နေရာတွင် လူသားများတီထွင်သောပညတ်ကိုအစားထိုးလိုက်ခြင်းအားဖြင့် စာတန်သည် ဤလောကကမ္ဘာကိုထိန်းချုပ်ရန်ကြိုးစားပါလိမ့်မည်။ ဤကဲ့သို့လုပ်ဆောင်လိမ့်မည်ကိုလည်း ကြိုတင်၍ဟောကြားထားပြီးဖြစ်ပါသည်။ စာတန်၏ကိုယ်စားလှယ်ဖြစ်သော အယူဝါဒဖောက်ပြန်သူမဟာတန်ခိုးရှင်အကြောင်းကို ဖွင့်ဆိုထားသည်မှာ "အမြင့်ဆုံးသောဘုရားကိုဆန့်ကျင်ဘက်ပြု၍ ကြီးစွာသောစကားကိုပြောလိမ့်မည်။ အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသူတို့ကိုညှဉ်းဆဲနှိပ်စက်လိမ့်မည်။ ကာလအချိန်နှင့်ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှာကြံစည်လိမ့်မည်။" ဒံယေလ ၇း၂၅။

ဘုရားသခင်၏ပညတ်များကိုဆန့်ကျင်လုပ်ဆောင်ရန် လူသားများသည် ပညတ်များကိုဇကန်အမှန်တီထွင်ပြဋ္ဌာန်းကြလိမ့်မည်။ သူတို့သည် အခြားသူများ၏သြတ္တပ္ပစိတ်ကို အကျဉ်းအကျပ်ချုပ်ကိုင်ရန် ကြိုးစားကြပါလိမ့်မည်။ သူတို့သည် မိမိတို့၏မိတ်ဆွေများအား ထိုပညတ်များကိုဇွတ်အတင်းစောင့်ရှောက်ခိုင်းကာ နှိပ်စက်ညှဉ်းပန်းကြပါလိမ့်မည်။

ကောင်းကင်နိုင်ငံတော်တွင်အစပျိုးခဲ့သော ဘုရားသခင်၏ပညတ်တော်နှင့်ပတ်သက်သောတိုက်လှန်ပွဲသည် နောက်ဆုံးသောကာလတိုင်အောင်

ဆက်လက်ဖြစ်ပေါ်နေလိမ့်မည်။ လူတိုင်းသည် အစမ်းသပ်ခံကြရလိမ့်မည်။ ပညတ်တော်ကိုနားထောင်မလား (သို့မဟုတ်) နားမထောင်ဘူးလားဟူသော မေးခွန်းများကို တစ်ကမ္ဘာလုံးကအဖြေပေးရပါလိမ့်မည်။ ဘုရားသခင်၏ ပညတ်တော်နှင့် လူများတီထွင်ထားသည့်ပညတ်များအကြားတစ်ခုခုကိုရွေးချယ်ရန် လူအပေါင်းတို့သည် ဆင့်ခေါ်ခြင်းကိုခံရလိမ့်မည်။ ဤနေရာတွင်နယ်မြေကန့်သတ်သောမျဉ်းကိုဆွဲပါလိမ့်မည်။ ထိုအချိန်တွင် အဖွဲ့နှစ်ဖွဲ့သာရှိပါတော့မည်။ လူတိုင်း၏စာရိတ္တများကို အဆုံးစွန်ဖွံ့ဖြိုးစေခဲ့ပြီးဖြစ်သည့်အတွက် လူတိုင်းလူတိုင်းက မိမိသည်သစ္စာစောင့်သောသူများဘက်တွင်ရပ်တည်မည် (သို့မဟုတ်) ပုန်ကန်ခြားနားသောသူများဘက်တွင်ပါဝင်မည်ကို ရွေးချယ်ကြရပါလိမ့်မည်။

ထိုအချိန်တွင်အဆုံးသည်ရောက်လတ္တံ့။ ဘုရားသခင်သည် မိမိ၏ပညတ်တော်တွင် အပြစ်တစ်စုံတစ်ရာမရှိကြောင်းထင်ရှားစေပြီး၊ မိမိ၏လူများကိုကယ်တင်တော်မူပါလိမ့်မည်။ စာတန်နှင့်တကွ ပုန်ကန်ခြားနားမှုတွင် ပါဝင်ခဲ့ကြသူများအားလုံးကို ပယ်ရှားပစ်ပါလိမ့်မည်။ အပြစ်နှင့်အပြစ်သားများသည် အရင်းနှင့်အဖျားပါမကျန်အောင် ပျက်စီးကုန်ကြပါလိမ့်မည်။ စာတန်သည်အရင်းဖြစ်၍ သူ၏နောက်လိုက်များသည် အဖျားများဖြစ်ကြပါသည်။ “သင်သည်ကိုယ်ကိုဘုရားသခင်ကဲ့သို့ထင်မှတ်သောကြောင့်----အို--လွှမ်းမိုးသောခေရုဗိမ်မီးတောက်သောကျောက်တို့အထဲက သင့်ကိုပယ်ရှင်းမည်။--သင်သည်ကြောက်မက်ဖွယ်ဖြစ်လိမ့်မည်။ နောက်တစ်ဖန်မပေါ်လာရ။” “မတရားသောသူသည်မရှိရ။ သူ၏နေရာကိုစေ့စေ့ရှာ၍မတွေ့ရ။” “မရှိဖူးသောသူကဲ့သို့ဖြစ်ရကြလိမ့်မည်။” ယေဇကျေ ၂၈:၆–၁၉။ ဆာလံ ၃၇:၁၀။ ဩဗဒိ၊ ၁:၁၆။

ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ဘုရားသခင်အနေဖြင့်မစဉ်းစားမဆင်ခြင်ဘဲ ထင်ရာလုပ်သည့်သဘောမျိုးမဟုတ်ချေ။ ကရုဏာတော်ကိုလက်ခံရန်ငြင်းဆိုသူများသည် မိမိတို့စိုက်သည့်အတိုင်းရိတ်ကြရပါသည်။ ဘုရားသခင်သည် အသက်စမ်းရေဖြစ်တော်မူ၏။ အကြင်သူသည် ဒုစရိုက်အမှုကို



လုပ်ဆောင်ရန်ရွေးချယ်အံ့။ ထိုသူသည် ဘုရားသခင်နှင့်အဆက်ပြတ်စေသဖြင့် မိမိကိုယ်ကိုအသက်နှင့်အဆက်ပြတ်စေခြင်းဖြစ်ပါသည်။ “ထိုသူတို့သည် ဘုရားသခင်၏အသက်နှင့်ကွာလျက်ရှိကြ၏။” “ငါ့ကိုမုန်းသောသူအပေါင်းတို့သည် သေခြင်းကိုချစ်တတ်ကြ၏” ဟူ၍ ခရစ်တော်မိန့်တော်မူနေပါသည်။ ဧဖက် ၄:၁၈။ သုတ္တံ ၈:၃၆။

မိမိတို့၏အကျင့်စာရိတ္တများကိုဖွံ့ဖြိုးအောင်လုပ်နိုင်ရန်နှင့် မိမိတို့၏အသက်တာစည်းမျဉ်းများကိုဖော်ပြနိုင်ရန် ဘုရားသခင်သည် ၎င်းတို့အားအသက်ရှင်ခွင့်ပေးထားတော်မူပါသည်။ မိမိတို့၏ရွေးချယ်မှု၏အသီးအပွင့်များကို လက်ခံရယူခြင်းအားဖြင့် ဤအရာသည်ပြီးမြောက်ခဲ့ပါသည်။ စာတန်နှင့်သူ၏အပေါင်းပါများသည် ပုန်ကန်ခြားနားသောအသက်တာအားဖြင့် ကိုယ်တော်ရှင်အတူရှိနေခြင်းသည် ၎င်းတို့အတွက်လောင်သောမီးဖြစ်နေသည့်အခြေအထိ ဘုရားသခင်နှင့်လုံးဝဆန့်ကျင်ဖီလာခဲ့ကြပါသည်။ ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ကိုယ်တော်၏ဘုန်းတော်သည် ထိုသူများကိုဖျက်ဆီးပစ်လိမ့်မည်။

မဟာတိုက်လှန်ပွဲကြီးအစပျိုးခဲ့စဉ်အချိန်က ကောင်းကင်တမန်များသည် ဤအရာကိုနားမလည်ခဲ့ကြချေ။ စာတန်နှင့်သူ၏အပေါင်းပါများအား ၎င်းတို့ကျူးလွန်ခဲ့သော အပြစ်၏ဆိုးကျိုးများကို မိမိတို့ဘာသာရိတ်သိမ်းရန်စွန့်ပစ်ထားခဲ့မည်ဆိုလျှင် သူတို့သည်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်သာတည်း။ ၎င်းပြင် ကောင်းကင်တမန်များအနေနှင့်လည်း ထိုအရာသည်အပြစ်၏အခဖြစ်ကြောင်း ထင်ထင်ရှားရှားသိမြင်ကြလိမ့်မည်မဟုတ်ချေ။ ဘုရားသခင်၏ကောင်းမြတ်ခြင်းအပေါ် သံသယရှိမှုသည် ဒုစရိုက်မျိုးစေ့ကဲ့သို့ အပြစ်၏ဆိုးရွားသောအသီးများကိုသီးပွင့်ရန် စိတ်နှလုံးထဲတွင်ဆက်လက်တည်ရှိနေပါလိမ့်မည်။

သို့သော်လည်း မဟာတိုက်လှန်ပွဲကြီးသည် ထိုကဲ့သို့အဆုံးသတ်သွားလိမ့်မည်မဟုတ်ချေ။ ကယ်တင်ခြင်းစီမံကိန်းလုပ်ငန်းပြီးဆုံးသွားသော ထိုအချိန်တွင် ဘုရားသခင်၏စာရိတ္တတော်ကို အသိဉာဏ်ရှိသောသတ္တဝါအား

ပြသပါလိမ့်မည်။ ပညတ်တော်တွင်ပါရှိသောပညတ်ချက်များကိုလည်း စုံလင်၍မပြောင်းလဲနိုင်သောပညတ်များအနေဖြင့် မြင်တွေ့လာကြပါလိမ့်မည်။ ထိုအချိန်တွင် အပြစ်၏သဘာဝသည် ထင်ရှားစွာမြင်တွေ့ရပါမည်။ စာတန်၏ဇာတိရုပ်မှန်သည်လည်းထင်ရှားလာပါလိမ့်မည်။ ထိုအချိန်တွင် အပြစ်ကိုအဆုံးသတ်စေခြင်းသည် ဘုရားသခင်၏မေတ္တာတော်ကိုထင်ရှားစေပြီး၊ အလိုတော်ကိုလိုက်လျှောက်လိုသူများနှင့် နှလုံးသားထဲ၌ပညတ်တော်ရှိထားသည့်သူများရှေ့တွင် အသရေတော်သည် တည်မြဲလျက်ရှိနေပါလိမ့်မည်။

ထိုအချိန်တွင် ကောင်းကင်တမန်များသည် ခရစ်တော်၏ကပ်တိုင်ကိုကြည့်နေကြစဉ် ဝမ်းမြောက်ဝမ်းသာရှိနေကြပါသည်။ အကြောင်းမူကား၊ ယခင်ကသူတို့သည် အရာရာကိုနားမလည်ခဲ့ကြသော်လည်း၊ အပြစ်တရားနှင့်စာတန်သည် အမြဲတမ်းလုံးဝဆိတ်သုဉ်းသွားပြီဖြစ်ကြောင်း၊ လူသားများ၏ကယ်တင်ခြင်းစီမံကိန်းသည် အောင်မြင်သွားပြီဖြစ်ကြောင်း၊ စကြဝဠာကြီးသည် အမြဲတမ်းလုံခြုံစိတ်ချသွားရပြီဖြစ်ကြောင်း ယခုတွင် နားလည်သဘောပေါက်လာခဲ့ကြပါသည်။ ခရစ်တော်ကိုယ်တော်တိုင်အနေနှင့်မူ ကရာနီပေါ်တွင် မိမိပြုခဲ့သောအသေသတ်ခံခြင်း၏အကျိုးသက်ရောက်မှုကို ပြည့်ပြည့်စုံစုံသိမြင်တော်မူထားပါသည်။ ကိုယ်တော်သည် ကပ်တိုင်ပေါ်တွင်ရောက်နေစဉ်တွင် ထိုအရာများကိုမျှော်ကြည့်ကာ အမှုပြီးပြီဟုကြွေးကြော်တော်မူခဲ့ပါသည်။

****



tcef; (80)

a,moyf\ocsK@if;ü

သခင်ယေရှုသည် နောက်ဆုံး၌အသက်တော်ကိုချုပ်တော်မူခဲ့ပါသည်။ ရက်ရှည်လများ၊ အရှက်တကွဲဖြစ်ခဲ့မှုနှင့်ညှဉ်းပန်းနှိပ်စက်မှုများသည် အဆုံးသတ်သွားခဲ့ချေပြီ။ ဥပုသ်တော်နေ့ကိုကြိုဆိုသည့် ဆည်းဆာချိန်၏နောက်ဆုံးသောနေခြည်ပျောက်ကွယ်သွားသောအချိန်တွင် သားတော်ဘုရားသည် ယောသပ်၏သင်္ချိုင်းထဲတွင် ငြိမ်သက်စွာနားနေတော်မူခဲ့ပါသည်။ ကိုယ်တော်ဆောင်ရွက်ရမည့်အမှုတော်သည် ပြီးမြောက်ခဲ့ချေပြီ။ ငြိမ်သက်စွာဖြင့်လက်ပိုက်နားနေတော်မူပြီ။ ကိုယ်တော်သည် သန့်ရှင်းသောဥပုသ်တော်နေ့တစ်နေ့လုံးနားနေခဲ့ပါသည်။

အစဦးတွင် ခမည်းတော်ဘုရားနှင့်သားတော်ဘုရားတို့သည် ဖန်ဆင်းခြင်းအမှုပြီးသောအချိန်၌ ဥပုသ်တော်နေ့တွင်နားနေခဲ့ကြပါသည်။ ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်းသောတန်ဆာတို့ကိုဖန်ဆင်းပြီးသောအချိန်တွင် ဖန်ဆင်းရှင်နှင့်တကွ ကောင်းကင်သားအားလုံးသည် တွေ့မြင်ရသောထိုမြင်ကွင်းအတွက် ဝမ်းမြောက်ဝမ်းသာရှိခဲ့ပါသည်။ "နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍ ဘုရားသခင့်သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့်ကြွေးကြော်ကြ၏" (ယောဘ ၃၈း၇)။ ယခုတွင်မူ ခရစ်တော်သည် ကယ်တင်ခြင်းလုပ်ငန်းမှအနားယူတော်မူခဲ့လေပြီ။ ကိုယ်တော်ကိုချစ်သော ဤကမ္ဘာပေါ်ရှိလူများသည် ဝမ်းနည်းပူဆွေးနေကြသော်လည်း ကောင်းကင်နိုင်ငံတော်တွင်မူ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါသည်။ အနာဂတ်အတွက်ထားတော်မူသောကတိတော်သည် ကောင်းကင်သားများ၏မျက်လုံးထဲတွင် ဂုဏ်အသရေနှင့်ပြည့်စုံလှပါသည်။ အပြစ်ကိုအောင်နိုင်ခဲ့ကြသဖြင့် မည်သည့်အခါမျှမကျဆုံးနိုင်တော့သည့် ပုံမှန်နေရာသို့ပြန်လည်ရောက်ရှိသွားသော ကိုယ်တော်ဖန်ဆင်းခဲ့သည့်အရာများနှင့် လူသားမျိုးနွယ်စုတို့သည် ခရစ်တော်၏စုံလင်

သောအမှုတော်၏ရလဒ်ဖြစ်ကြောင်း ဘုရားသခင်နှင့်တကွ၊ ကောင်းကင်သားများမြင်တွေ့ခဲ့ရပါသည်။ ခရစ်တော်နားနေခဲ့သည့် ထိုနေ့နှင့်ထိုမြင်ကွင်းများသည် အမြဲတမ်းဆက်နွယ်နေပါသည်။ "ကိုယ်တော်၏အမှုတော်သည် စုံလင်သောကြောင့်" "ဘုရားသခင်ပြုတော်မူသမျှသောအမှုသည် နိစ္စထာဝရဖြစ်သည်။" တရားဟော ၃၂း၄။ ဒေသနာ ၃း၁၄။ ကမ္ဘာဦးမှစ၍ သန့်ရှင်းသောပုရောဖက်ဆရာတော်တို့နှုတ်ဖြင့် ဘုရားသခင်ဗျာဒိတ်ထားတော်မူသော---၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောအချိန်သို့ရောက်သောအခါ၊ ယောသပ်သင်္ချိုင်းထဲတွင် ခရစ်တော်နားနေခဲ့သည့် ဖန်ဆင်းခြင်းနှင့်ဆိုင်သော ဥပုသ်နေ့သည်လည်း ဝမ်းမြောက်ဖွယ်ရာ နားနေရာနေ့တစ်နေ့အဖြစ် ဆက်လက်တည်ရှိနေပါလိမ့်မည်။ (တမန်တော် ၃း၂၁)။ ကယ်တင်ခြင်းခံရသောလူမျိုးအပေါင်းတို့သည် ဥပုသ်နေ့အစဉ်အတိုင်း ဘုရားသခင်နှင့်သိုးသငယ်ရှေ့တွင် ဝမ်းမြောက်စွာကိုးကွယ်ဝတ်ပြုကြသောအချိန်တွင် ကောင်းကင်သားများနှင့်မြေကြီးသားများသည် အတူတကွချီးမွမ်းထောမနာပြုကြပါလိမ့်မည်။

ခရစ်တော်အားကပ်တိုင်တင်သည့် ထိုနေ့၏အဆုံးပိုင်းကလေးတွင် အနာဂတ္တိစကားပြည့်စုံမှုအတွက် အသစ်စက်စက်သောသက်သေအထောက်အထားတစ်ခုကို လူသားများအားပေးသနားတော်မူခဲ့ပါသည်။ ထိုအထောက်အထားက ခရစ်တော်၏ဘုရားဇာတိတော်ကို သက်သေခံခဲ့ပါသည်။ ကပ်တိုင်တွင်လွှမ်းမိုးထားသည့် အမှောင်ထုကြီးကွယ်ပျောက်သွားသည့်အချိန်တွင် ခရစ်တော်၏အသက်ချုပ်မည့်အော်သံသည် ထွက်ပေါ်လာခဲ့ပါသည်။ ထိုနောက်ဆက်တိုက် "စင်စစ်၊ ဤသူသည်ဘုရားသခင်၏သားတော်မှန်ပေ၏" ဟူသောအသံတစ်ခုကို ကြားလိုက်ကြရပါသည်။ မဿဲ ၂၇း၅၄။

ဤစကားများကို တိုးတိုးကလေးပြောခဲ့သည်မဟုတ်ချေ။ အသံလာရာဘက်ဆီသို့ အားလုံးကလှည့်ကြည့်လိုက်ပါသည်။ မည်သူပြောခဲ့သနည်း။ ထိုစကားများကိုပြောခဲ့သောသူသည် ရောမစစ်ဗိုလ်ကလေးဖြစ်ပါသည်။ ကယ်တင်ရှင်၏မြင့်မြတ်သောသည်းခံမှု၊ ကိုယ်တော်၏ရုတ်တရက်အသေခံမှုနှင့် နှုတ်တော်မှထွက်လာသည့်အောင်နိုင်မှုအတွက် ကြွေးကြော်သံများသည်



ထိုသူအားစိတ်ထိခိုက်စေခဲ့ပါသည်။ ကပ်တိုင်ပေါ်တွင်ချိတ်ဆွဲထားခြင်းခံရသော ကျိုးပဲ့စုတ်ပြတ်နေသောကိုယ်ခန္ဓာတော်တွင် ဘုရားသားတော်၏ရုပ်လုံးတော်ကို သူတွေ့မြင်ခဲ့ပါသည်။ ထိုအခါ မိမိ၏ယုံကြည်ခြင်းကိုမထုတ်ဖော်မဖွင့်ဟဘဲ မနေနိုင်တော့ချေ။ ကယ်တင်ရှင်သည် မိမိအသက်ဝိညာဉ်၏သားဖွားခြင်းဝေဒနာကဲ့သို့သော ပြင်းထန်သောဝေဒနာအကြောင်းကိုတွေ့မြင်ခံစားရန် ထိုသို့နည်းအားဖြင့် တစ်ဖန်ထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်ရှင်အသေခံတော်မူခဲ့သော ထိုနေ့ရက်ကြီးတွင် သဘာဝချင်းမတူညီသောပုဂ္ဂိုလ်သုံးဦးက မိမိတို့၏ယုံကြည်ခြင်းကိုဖွင့်ဟခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်သုံးဦးမှာ ရောမစစ်သားများကိုအမိန့်ပေးရသောပုဂ္ဂိုလ်တစ်ဦး၊ ကယ်တင်ရှင်၏ကပ်တိုင်ကိုကူ၍ထမ်းခဲ့သောပုဂ္ဂိုလ်တစ်ဦးနှင့် ကိုယ်တော်ရှင်၏ကပ်တိုင်နံဘေးတွင် ကပ်တိုင်အတင်ခံခဲ့ရသောပုဂ္ဂိုလ်တစ်ဦးတို့ဖြစ်ကြပါသည်။

ညနေခင်းသို့ရောက်သောအခါ ထူးဆန်းသောဆိတ်ငြိမ်မှုတစ်ခုသည် ကရာနီကုန်းပေါ်တွင်ကျရောက်နေပါသည်။ လူစုကွဲသွားပြီး များစွာသောလူများသည် နံနက်ခင်းအချိန်တွင်လာခဲ့စဉ်ကကဲ့သို့မဟုတ်ဘဲ၊ စိတ်သဘောထားအသစ်နှင့် ယေရုရှလင်မြို့သို့ပြန်သွားခဲ့ကြပါသည်။ များစွာသောလူများသည် ခရစ်တော်ကိုမုန်းသောကြောင့်စုရုံးလာခဲ့ခြင်းမဟုတ်ဘဲ စပ်စုချင်သည့်သဘောဖြင့်စုရုံးလာကြခြင်းသာဖြစ်ပါသည်။ တချို့ကမူ ယဇ်ပုရောဟိတ်များ၏စွပ်စွဲချက်များကိုယုံကြည်ခဲ့ကြပြီး၊ ခရစ်တော်အားရာဇဝတ်သားတစ်ဦးအဖြစ် မှတ်ယူခဲ့ကြပါသည်။ သူတို့သည် အထူးစိတ်လှုပ်ရှားစွာဖြင့် လူအုပ်ကြီးနှင့်ပူးပေါင်းခဲ့ကြကာ ကိုယ်တော်ရှင်အားနင်ပဲဆပြောဆိုခဲ့ကြပါသည်။ သို့ရာတွင် ကမ္ဘာကြီးအား၊ အမှောင်ထုဖြင့်လွှမ်းမိုးရစ်ပတ်လိုက်သောအချိန်တွင် ၎င်းတို့သည် ဩတ္တပ္ပစိတ်၏လှုံ့ဆော်မှုကြောင့် မိမိတို့၏မှားယွင်းသောလုပ်ရပ်များကို သိရှိခံစားလာခဲ့ကြပါသည်။ ကြောက်စရာအမှောင်ထုကြီးထဲဝယ် မည်သည့်ပြောင်လှောင်သရော်သံများကိုမျှ မကြားခဲ့ရချေ။ အမှောင်ထုပျောက်ကွယ်သွားသောအချိန်တွင် စိုးရွံ့တိတ်ဆိတ်စွာဖြင့် သူတို့သည် အိမ်သို့သွားခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်များ၏စွပ်စွဲချက်များသည် မှားယွင်း

ကြောင်းကိုလည်းကောင်း၊ ခရစ်တော်သည် အယောင်အဆောင်သမားတစ်ဦး မဟုတ်ကြောင်းကိုလည်းကောင်း သူတို့သဘောပေါက်ခဲ့ကြပါသည်။ ၎င်းနောက် ရက်သတ္တပတ်အနည်းငယ်အကြာတွင် ပင်တေကုတ္တေပွဲ၌ ပေတရုတရားဟော သောအခါ ထိုသူများသည် ခရစ်တော်ဘက်သို့ပြောင်းလဲလာခဲ့ကြသော ထောင် ပေါင်းများစွာသောသူများတွင် အပါအဝင်ဖြစ်ခဲ့ကြပါသည်။

သို့ရာတွင် ယုဒခေါင်းဆောင်များသည် မိမိတို့မြင်တွေ့ခဲ့ရသော အဖြစ်အပျက်များကြောင့် စိတ်သဘောထားမပြောင်းလဲခဲ့ကြချေ။ ခရစ်တော် အပေါ်ထားရှိသော ၎င်းတို့၏မုန်းတီးမှုသည် လျော့ပါးမသွားခဲ့ချေ။ ကိုယ်တော် အားကပ်တိုင်တင်စဉ်က ကမ္ဘာလောကကြီးအားလွှမ်းမိုးခဲ့သောအမှောင်ထုကြီး သည် ထိုယဇ်ပုရောဟိတ်များနှင့် ယုဒအကြီးအကဲများ၏စိတ်နှလုံးများအား လွှမ်းမိုးထားသည့်အမှောင်ထုလောက် မထူထပ်မသိပ်သည်းခဲ့ချေ။ ကိုယ်တော်ရှင် အားမွေးဖွားခဲ့စဉ်က ထွန်းလင်းခဲ့သောကြယ်ကြီးသည် ခရစ်တော်အား သိကျွမ်းခဲ့ပြီး ကိုယ်တော်ရှင်အားသိပ်ထားသည့် နွားစားခွက်ရှိရာသို့မာဂု ပညာရှိများအား လမ်းပြပို့ဆောင်ခဲ့ပါသည်။ ထိုကောင်းကင်သားများသည် ကိုယ်တော်ရှင်ကိုသိကျွမ်းကြသဖြင့် ဗက်လင်မြို့၏ကွင်းပြင်ထက်ဝယ် ဂုဏ် တော်ချီးမွမ်းသည့်သီချင်းကို သီဆိုခဲ့ကြပါသည်။ ပင်လယ်ကြီးသည် ကိုယ်တော်ရှင်၏အသံကိုသိကျွမ်းသဖြင့် အမိန့်တော်ကိုနာခံခဲ့ပါသည်။ ရောဂါဘယများနှင့်သေခြင်းတရားသည် ကိုယ်တော်၏တန်ခိုးအာဏာကိုအသိ အမှတ်ပြုခဲ့ကြပြီး၊ ၎င်းတို့၏သားကောင်ကို ကိုယ်တော်ထံတွင်အရှုံးပေး အပ်နှံခဲ့ပါသည်။ နေမင်းကြီးသည် ကိုယ်တော်ရှင်အားသိကျွမ်းခဲ့ပါသည်။ ထိုကြောင့် သေလုမြောပါးဒုက္ခဝေဒနာခံစားနေရသောမြင်ကွင်းကို မျက်ကွယ် ပြုခဲ့ပါသည်။ ကျောက်သားများသည် ကိုယ်တော်အားသိထားကြပါသည်။ ထိုကြောင့် ကိုယ်တော်ရှင်၏အော်ဟစ်သံကိုကြားသောအခါ၊ အစိတ်စိတ် အမြွှာမြွှာကွဲကြေကုန်ခဲ့ကြပါသည်။ သက်မဲ့ဖြစ်သောသဘာဝပစ္စည်းများသည် ခရစ်တော်အားသိကျွမ်းခဲ့ပါသည်။ ထိုကြောင့် ထိုအရာများသည် ကိုယ်တော်၏ ဘုရားဇာတိတော်ကို သက်သေခံခဲ့ကြပါသည်။ သို့သော် ––– သို့သော် –––



ယုဒလူအကြီးအကဲများနှင့်ယဇ်ပုရောဟိတ်များသည် သားတော်ဘုရားကို မသိကြပါတကား။–

သို့စေကာမူ ထိုသူများသည် အနားမနေခဲ့ကြချေ။ ခရစ်တော်ကို အသေသတ်ရန်အကြံအစည်ကို သူတို့အကောင်အထည်ဖော်ခဲ့ကြပါသည်။ သို့သော်ငြားလည်း သူတို့မျှော်လင့်ထားခဲ့သည့်အတိုင်း အောင်မြင်မှုမရရှိခဲ့ ကြချေ။ အမြင်အားဖြင့် ၎င်းတို့အောင်ပွဲဆင်နေသောအချိန်၌ပင် နောင်တွင် မည်သို့ဆက်လက်ဖြစ်ပျက်မည်ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ သံသယဖြစ် နေခဲ့ကြပါသည်။ "အမှုပြီးပြီ" "အိုအဖ၊ အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော် လက်၌အကျွန်ုပ်အပ်ပါ၏" ဟူ၍ ဟစ်အော်သံကို သူတို့ကြားခဲ့ကြပါသည်။ ယောဟန် ၁၉း၃၀။ လုကာ ၂၃း၄၆။ ကျောက်များအစိတ်စိတ်ကွဲသွားသည် ကို သူတို့မြင်တွေ့ခဲ့ပါသည်။ ကြီးကျယ်သောမြေလျင်ဒဏ်ကိုလည်း သူတို့ ခံစားခဲ့ကြရပြီး စိတ်နှလုံးမတည်မငြိမ်ဖြစ်ကာ ပူပန်သောကရောက်ခဲ့ကြရ ပါသည်။

ခရစ်တော်အသက်ရှင်စဉ်အခါက ယုဒများအပေါ်လွှမ်းမိုးခဲ့သော သြဇာသက်ရောက်မှုကိုလည်းကောင်း၊ အသေခံတော်မူပြီးနောက်ရရှိခဲ့သော သြဇာသက်ရောက်မှုကိုလည်းကောင်း သူတို့သဝန်တိုခဲ့ကြပါသည်။ သေနေ သောခရစ်တော်အား အသက်ရှင်စဉ်ကခရစ်တော်ထက် များစွာပို၍သူတို့ ကြောက်ရွံ့တုန်လှုပ်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်အား ကပ်တိုင်တင်စဉ်တွင် ဖြစ်ပျက်ခဲ့သောအရာများကို လူအများအာရုံစူးစိုက်သွားမည်ကိုလည်း သူတို့ ကြောက်ရွံ့ထိတ်လန့်ခဲ့ကြပါသည်။ ထိုနေ့ကလုပ်ဆောင်ခဲ့မှု၏ရလဒ်များ အတွက် သူတို့စိုးရိမ်ခဲ့ကြပါသည်။ သူတို့သည်ဥပုသ်နေ့အချိန်၌ ကပ်တိုင် ပေါ်တွင်ကိုယ်တော်ရှင်၏ခန္ဓာကိုယ်ကြီးဆက်လက်တည်ရှိနေခြင်းကို မည်သည့် နည်းနှင့်မျှလိုလားကြမည်မဟုတ်ချေ။ ယခုတွင်ဥပုသ်ဝင်တော့မည်။ လူများ ကိုကပ်တိုင်ပေါ်တွင်ချိတ်ဆွဲထားခြင်းသည် ဥပုသ်နေ့၏သန့်ရှင်းမှုကိုပျက်ပြား စေပါလိမ့်မည်။ ဤအရာကို ယိုးမယ်ဖွဲ့မှုတစ်ရပ်အနေဖြင့်အသုံးပြုကာ ကပ်တိုင် ပေါ်မှရာဇဝတ်သားကို အမြန်သေအောင်လုပ်ပစ်ရန်နှင့် ထိုသူ၏အလောင်းကို

နေမဝင်မီကပ်တိုင်မှဖယ်ရှားပေးရန် ပိလတ်မင်းအားယုဒခေါင်းဆောင်များက တောင်းဆိုခဲ့ကြပါသည်။

ခရစ်တော်အား ကပ်တိုင်ပေါ်တွင်ဆက်လက်တည်ရှိနေခြင်းကို ထိုသူများအလိုမရှိကြသဖြင့် ပိလတ်မင်းကလည်းအလိုမရှိခဲ့ပါချေ။ သူ၏သဘောတူညီချက်ကိုရယူပြီးနောက် မြန်မြန်သေစေရန် သူခိုးကြီးနှစ်ဦး၏ခြေထောက်များကိုချိုးပစ်လိုက်ကြပါသည်။ သို့ရာတွင် ခရစ်တော်အားသေလျက်ရှိကြောင်းကို သူတို့တွေ့ခဲ့ကြရပါသည်။ ကြားခဲ့၊ မြင်ခဲ့ရသောမြင်ကွင်းများကြောင့် ကြမ်းရမ်းသောထိုစစ်သားများ၏စိတ်နှလုံးများသည်နူးညံ့လာကာ ကိုယ်တော့်ခြေထောက်များကိုမချိုးကြရန် တစ်ဦးနှင့်တစ်ဦးတားမြစ်ဟန့်တားကြပါသည်။ ထိုနည်းအားဖြင့် ဘုရားသခင်၏သိုးသငယ်ကိုပူဇော်ခြင်းအရာတွင် ပသခါပွဲနှင့်ဆိုင်သောစည်းမျဉ်းကိုပြည့်စုံစေခဲ့ပါသည်။ “ထိုအသားကို နံနက်တိုင်အောင်မကြွင်းစေရ၊ အရိုးကိုလည်းမချိုးရ၊ ပသခါပွဲနှင့်ဆိုင်သောအထုံးအဖွဲ့ရှိသမျှတို့ကိုလိုက်၍ ပွဲခံရသောအခွင့်ရှိ၏။” တောလည်ရာ ၉း၁၂။

ခရစ်တော်သေဆုံးနေကြောင်းတွေ့ရှိရသောအခါ ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် အံ့သြတွေဝေသွားခဲ့ကြပါသည်။ ကပ်တိုင်အတင်ခံရသူများသည် ဖြုန်းကနဲအသက်မထွက်နိုင်ကြချေ။ မည်သည့်အချိန်တွင် အသက်ထွက်သွားသည်ကိုသိရန်လည်း အလွန်ခက်ခဲလှပါသည်။ ကပ်တိုင်အတင်ခံရသူတစ်ဦးသည် ခြောက်နာရီအတွင်းအသက်ထွက်သွားသည်ဆိုသည်မှာ မကြားဖူးသည့်အရာတစ်ခုဖြစ်ပါသည်။ ခရစ်တော်သည် အမှန်တကယ်သေဆုံးခြင်းဟုတ်၊ မဟုတ်သိရှိရန် ထိုယဇ်ပုရောဟိတ်ကြီးများ၏ အကြံပေးချက်အရ ရောမစစ်သားတစ်ယောက်က ကိုယ်တော်၏နံဘေးတော်ကို လှံဖြင့်ထိုးကြည့်ခဲ့ပါသည်။ လှံနှင့်အထိုးခံရသည့်ဒဏ်ရာမှ သွေးနှင့်ရေတို့သည် ဒလဟောထွက်လာခဲ့ပါသည်။ အနားတွင်ကြည့်နေသူများက ဤအချက်ကိုသတိထားခဲ့မိကြပါသည်။ ဤအဖြစ်အပျက်ကိုရှင်ယောဟန်က တိတိကျကျဖော်ပြထားသည်မှာ “စစ်သူရဲတစ်ယောက်သည် နံဘေးတော်ကိုလှံနှင့်ထိုးဖောက်၍ သွေးနှင့်ရေသည် ချက်ချင်းထွက်လာ၏။ ထိုအကြောင်း



အရာကိုမြင်သောသူသည် သက်သေခံ၏။ သူ၏သက်သေခံချက်သည်လည်း မှန်ပေ၏။ သင်တို့သည်ယုံကြည်မည်အကြောင်း သူပြောသောစကားမှန်သည်ကိုသူသိ၏။ ထိုအကြောင်းအရာကား၊ သူ၏အရိုးကိုမချိုးရဟုကျမ်းစာလာချက်ပြည့်စုံမည်အကြောင်းတည်း။ တစ်ဖန်ကျမ်းစာလာသည်ကား၊ ထိုသူတို့သည် မိမိတို့ထိုးဖောက်သောသူကို ရှုမြင်ရကြလိမ့်မည်ဟုလာ၏” ယောဟန် ၁၉း၃၄–၃၇။

ခရစ်တော်သည် ကပ်တိုင်ပေါ်တွင်မသေခဲ့ဘဲ မေ့မြောသွားခြင်းသာဖြစ်သည်။ ထိုနောက် ပြန်၍သတိရလာခဲ့သည်ဟူ၍ ရှင်ပြန်ထမြောက်ပြီးသည့်နောက်ပိုင်းတွင် ယဇ်ပုရောဟိတ်များက ဝါဒဖြန့်ခဲ့ကြပါသည်။ နောက်ထပ်သတင်းတစ်ခုမှာ သချိုင်းဂူထဲတွင်မြှုပ်နှံခဲ့သောအလောင်းသည် ခရစ်တော်၏အသားနှင့်အရိုးများဖြင့် ဖွဲ့စည်းထားသည့်အလောင်းအစစ်မဟုတ်ဘဲ ကိုယ်တော်၏ခန္ဓာကိုယ်နှင့်တူသော အလောင်းတစ်ခုသာဖြစ်သည်ဟူ၍ဖြစ်ပါသည်။ ဤလိမ်ညာမှုများကို ရောမစစ်သားများကအတည်မပြုခဲ့ကြချေ။ ကိုယ်တော်ရှင်သည် သေနှင့်ပြီးဖြစ်ကြောင်း၊ ခြေထောက်တော်များကိုမချိုးခဲ့ကြချေ။ ယဇ်ပုရောဟိတ်များကျေနပ်အောင်သာ နံဘေးတော်ကိုလှံနှင့်ထိုးပြခဲ့ခြင်းဖြစ်ပါသည်။ အသက်မထွက်သေးလျှင်လည်း ထိုလှံချက်ကြောင့် ချက်ချင်းအသက်ထွက်သွားခဲ့လိမ့်မည်ဖြစ်ပါသည်။

သို့ရာတွင် ထိုလှံချက်များနှင့် ကပ်တိုင်၏နာကျင်မှုများကြောင့် ခရစ်တော်အသက်ထွက်ခဲ့သည်မဟုတ်ချေ။ သေမည့်ဆဲဆဲတွင် ကြီးသောအသံဖြင့်ဟစ်အော်ကာ နံဘေးတော်မှသွေးများ၊ ရေများယိုစီးလာခြင်းက ကိုယ်တော်သည် နှလုံးကွဲ၍သေခဲ့ကြောင်းကိုဖော်ပြနေပါသည်။ စိတ်ပိုင်းဆိုင်ရာအတိဒုက္ခရောက်မှုကြောင့် ကိုယ်တော်ရှင်၏နှလုံးကွဲခဲ့ရပါသည်။ ကိုယ်တော်အား၊ လောကီသားအပေါင်းတို့၏အပြစ်များက အဆုံးစီရင်ခဲ့ခြင်းဖြစ်ပါသည်။

ခရစ်တော်၏သေခြင်းနှင့်အတူ တမန်တော်များ၏မျှော်လင့်ချက်သည် ကွယ်ပျောက်ခဲ့ရပါသည်။ သူတို့သည် ကိုယ်တော်၏ပိတ်နေသောမျက်ခွံနှင့် ငိုက်စိုက်ကျနေသောဦးခေါင်းကိုလည်းကောင်း၊ သွေးများဖြင့်အလူးလူးဖြစ်နေသော

ဆံပင်တော်ကိုလည်းကောင်း၊ ချွန်းဖြင့်ထိုးဖောက်ခံထားသည့် လက်များနှင့် ခြေထောက်များကိုလည်းကောင်း ကြည့်နေခဲ့ကြရာ မဖော်ပြနိုင်အောင်စိတ်ဒုက္ခ ရောက်ခဲ့ကြပါသည်။ နောက်ဆုံးအချိန်အထိ ကိုယ်တော်ရှင်သေဆုံးသွားသည် ကို သူတို့မယုံကြည်ခဲ့ကြချေ။ ကိုယ်တော်သည် အမှန်ဧကန်သေဆုံးသည် ဟုလည်း သူတို့မယုံကြည်ခဲ့ကြချေ။ စိတ်နှလုံးမသာမယာဖြစ်နေကြသောကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ ကိုယ်တော်ရှင်၏ကြိုတင်မိန့်မှာချက်များကို သူတို့ သတိမရခဲ့ကြချေ။ ယခုအချိန်တွင် ကိုယ်တော်ရှင်မိန့်တော်မူခဲ့သောအရာ များထက် နှစ်သိမ့်မှုပေးနိုင်မည့်အရာဟူ၍မရှိပါချေ။ သူတို့သည် ကပ်တိုင်နှင့် ကပ်တိုင်အတင်ခံခဲ့ရသူကိုသာ မြင်တွေ့ခဲ့ကြပါသည်။ အနာဂတ်ရေးသည် အခြေမလှသယောင်ဖြစ်နေပါသည်။ ခရစ်တော်အပေါ် သူတို့ထားရှိခဲ့သော ယုံကြည်ခြင်းများသည် ပျက်ပြားခဲ့ရချေပြီ။ သို့ရာတွင် သူတို့သည် ခရစ်တော် ကိုမည်သည့်အခါကမျှ ယခုအချိန်လောက်မချစ်ခဲ့ကြဖူးချေ။ ကိုယ်တော်ရှင်၏ အရေးပါအရာရောက်ခြင်းနှင့် ကိုယ်တော်ရှင်၏အတူရှိမှုသည် အထူးလိုအပ် ကြောင်းများကို မည်သည့်အခါကမျှ ယခုအချိန်လောက်သူတို့မသိရှိခဲ့ကြချေ။

ခရစ်တော်၏ခန္ဓာကိုယ်သည် သေဆုံးနေသည့်အချိန်၌ပင် တပည့် တော်များအတွက် တန်ဖိုးရှိလှပါသည်။ ကိုယ်တော်အားအသရေတင့်တယ် စွာဖြင့် မြှုပ်နှံသင်္ဂြိုဟ်လိုကြသော်လည်း ထိုအကြံကိုမည်သို့အကောင်အထည် ဖော်ရမည်ကို သူတို့မသိရှိခဲ့ကြချေ။ ခရစ်တော်သည် ရောမအစိုးရအား ဆန့်ကျင်သည့်နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ကပ်တိုင်အတင်ခံခဲ့ရရာ ထိုပြစ်မှု မျိုးဖြင့်သေဒဏ်ပေးခြင်းခံရသူသည် ထိုကဲ့သို့သောရာဇဝတ်သားများကိုမြှုပ်နှံ ရန်စီမံထားသော သီးသန့်သင်္ချိုင်းကုန်းသို့လွှဲအပ်ခြင်းကိုခံကြရပါသည်။ တမန်တော်ရှင်ယောဟန်နှင့် ဂါလိလဲမှအမျိုးသမီးတစ်စုသည် ကပ်တိုင်နား မှာပင် ဆက်လက်စောင့်ကြည့်နေကြပါသည်။ ခရစ်တော်၏အလောင်းကို အကြင်နာကင်းမဲ့သော ရောမစစ်သားများလက်ထဲသို့အပ်နှံကာ အသရေယုတ် သောသင်္ချိုင်းတွင်မြှုပ်နှံဖို့ သူတို့မလိုလားကြချေ။ သို့ရာတွင် ထိုအရာကို သူတို့မတားဆီးနိုင်ပါချေ။ သူတို့သည် ယုဒအာဏာပိုင်များ၏ထောက်ခံ



မှုကိုရယူနိုင်သူများမဟုတ်ကြသည့်ပြင် ပိလတ်မင်းအပေါ်တွင်လည်း ဩဇာ ညောင်းသူများမဟုတ်ကြချေ။

အရေးကြီးနေသောဤအချိန်တွင် အရိမသဲသားယောသပ်နှင့် နိကောဒင်တို့သည် ၎င်းတို့အားကူညီမစရန် ရောက်ရှိလာခဲ့ကြပါသည်။ ထို သူနှစ်ယောက်စလုံးသည် ဆန်ဟီဒရင်အဖွဲ့ဝင်များဖြစ်ကြပြီး၊ ပိလတ်မင်းနှင့် လည်းရင်းနှီးကြပါသည်။ သူတို့နှစ်ဦးစလုံးသည် လူချမ်းသာများဖြစ်ကြပြီး ဩဇာတိက္ကမရှိသူများဖြစ်ကြပါသည်။ ခရစ်တော်၏အလောင်းတော်ကို အသရေတင့်တယ်စွာမြှုပ်နှံသင့်သည်ဟု သူတို့သန္နိဋ္ဌာန်ချခဲ့ကြပါသည်။

ယောသပ်သည် ပိလတ်မင်းထံသို့ရဲဝံ့စွာဖြင့်သွားရောက်ကာ ခရစ်တော် ၏အလောင်းကိုတောင်းခဲ့ပါသည်။ ခရစ်တော်သည် ဧကန်အမှန်သေဆုံး သွားခဲ့ကြောင်း၊ ထိုသူ့ထံမှပထမဦးဆုံးပိလတ်မင်းကြားသိခဲ့ရပါသည်။ ကပ်တိုင် တင်ရာတွင် ဖြစ်ပျက်ခဲ့သည့်အရာများနှင့်ပတ်သက်၍ တစ်ခုနှင့်တစ်ခုမတူ ညီသောသတင်းများရောက်ရှိခဲ့သော်လည်း ခရစ်တော်၏အမှန်တကယ်သေဆုံး ပြီဟူသောသတင်းကို ၎င်းမသိရန်တမင်တကာထိမ်ချန်ထားခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏အလောင်းတော်နှင့်စပ်လျဉ်း၍ တမန်တော်များ၏လိမ်လည် လှည့်ဖြားမှုကိုဂရုမစိုက်ရန် ပိလတ်မင်းအားယဇ်ပုရောဟိတ်များက သတိပေး ခဲ့ကြပါသည်။ ယောသပ်၏တောင်းခံမှုကိုကြားနာပြီးနောက် ကပ်တိုင်တွင် တာဝန်ကျခဲ့သောရောမစစ်ဗိုလ်ကို ပိလတ်မင်းကခေါ်ခိုင်းလိုက်ပြီး ခရစ်တော်၏ သေခြင်းနှင့်ပတ်သက်၍ ကျိန်းသေသောအဖြေတစ်ခုကိုရရှိရန် မေးမြန်း လေ့လာခဲ့ပါသည်။ ယောသပ်၏သက်သေခံချက်ကိုအတည်ဖြစ်စေမည့် ကရာနီ၏အဖြစ်အပျက်များကို ထိုစစ်ဗိုလ်ထံမှကြားသိခဲ့ရပါသည်။

နောက်ဆုံးတွင် ယောသပ်၏တောင်းဆိုချက်ကို ခွင့်ပြုခဲ့ပါသည်။ သခင်ဘုရားကိုမြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် ယောဟန်၏စိတ်နှလုံးပူပန်နေစဉ်တွင် ယောသပ်သည် ခရစ်တော်၏အလောင်းကိုယူဆောင်ခွင့်ပြုသည့် ပိလတ်မင်း၏ အမိန့်နှင့်အတူပြန်လည်ရောက်ရှိလာခဲ့ပါသည်။ နိကောဒင်သည် အလောင်းကို ပြင်ဆင်ရန် ပေါင်တစ်ရာခန့်လေးသော မုရန်အစေးနှင့်အကျော်အမွှေးနံ့သာ

များယူဆောင်လာခဲ့ပါသည်။ ယေရုရှလင်မြို့မှဂုဏ်အသရေအရှိဆုံးသူများ သေလျှင်ပင် ယခုလောက်ဂုဏ်ပြုခြင်းခံရလိမ့်မည်မဟုတ်ချေ။ သခင်ဘုရားကိုသင်္ဂြိုဟ်ရာတွင် ကိုယ်နှင့်အမျှအထူးစိတ်ဝင်တစားရှိလှသော ဤသူဌေးကြီးနှစ်ဦးကိုကြည့်ကာ တမန်တော်များသည် အံ့အားသင့်နေကြပါသည်။

ခရစ်တော်ဘုရားသက်တော်ထင်ရှားရှိစဉ်အခါက ယောသပ်ရောနိကောဒင်ပါ ကယ်တင်ရှင်အား လူသိရှင်ကြားလက်မခံခဲ့ကြချေ။ အကယ်၍ကိုယ်တော်အားလက်ခံခဲ့လျှင် ၎င်းတို့အားဆန်ဟီဒရင်အဖွဲ့မှထုတ်ပစ်မည်ဆိုသည်ကို သူတို့သိထားကြပါသည်။ သူတို့သည် ထိုကောင်စီထဲတွင်ရှိသောမိမိတို့၏ဩဇာအာဏာများကိုအသုံးပြုကာ ကိုယ်တော်အားကာကွယ်စောင့်ရှောက်ရန် မျှော်လင့်ခဲ့ကြပါသည်။ အခိုက်အတန့်အားဖြင့် မိမိတို့ကြံစည်သည့်အတိုင်း လုပ်ဆောင်နိုင်ခဲ့သယောင်ဖြစ်သော်လည်း စဉ်းလဲသောယဇ်ပုရောဟိတ်များသည် ခရစ်တော်အား၊ ၎င်းတို့နှစ်ယောက်ကထောက်ခံကြောင်းတွေ့မြင်သွားကာ သူတို့၏အကြံများကိုပျက်ပြားစေခဲ့ပါသည်။ သူတို့နှစ်ဦးမရှိသောအချိန်တွင် ခရစ်တော်အားတရားစီရင်ကာ ကပ်တိုင်တင်ခဲ့ကြပါသည်။ ယခုအချိန်တွင် ကိုယ်တော်ရှင်သည် သေဆုံးသွားပြီဖြစ်သဖြင့် ကိုယ်တော့်အပေါ်ထားခဲ့ကြသည့် ၎င်းတို့၏သံယောဇဉ်များကို မဖုံးကွယ်နိုင်ကြတော့ပြီ။ မိမိတို့သည် ကိုယ်တော်၏တပည့်တော်များဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ရန် တမန်တော်များစိုးရွံ့နေကြစဉ်တွင် ယောသပ်နှင့်နိကောဒင်တို့သည် တမန်တော်များအားကူညီမစရန် ရဲဝံ့စွာထွက်ပေါ်လာခဲ့ပါသည်။ ဤအချိန်အခါသည် ဤဂုဏ်သရေရှိသူဌေးကြီးများ၏အကူအညီကို အထူးလိုအပ်နေသောအချိန်အခါဖြစ်ပါသည်။ ထိုသူများသည် သေဆုံးနေသောသခင်ဘုရားအတွက် ဆင်းရဲသားများမလုပ်နိုင်သည့်တာဝန်များကို လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ၎င်းတို့၏ဥစ္စာကြေးငွေရာထူးအရှိန်များကိုသုံး၍ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများရန်မှ တမန်တော်များကိုများစွာကာကွယ်ပေးနိုင်ခဲ့ပါသည်။

သူတို့သည် မိမိတို့ကိုယ်တိုင်ပင် နူးညံ့ညင်သာစွာရိုသေကိုင်းရှိုင်းစွာဖြင့် ကပ်တိုင်ပေါ်တွင်ရှိနေသော အလောင်းတော်ကိုဖြုတ်ခဲ့ကြပါသည်။



ပုံ့ရွံ့စုတ်ပြတ်နေသောအလောင်းတော်ကိုကြည့်ကာ ၎င်းတို့မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြပါသည်။ ယောသပ်၌ကျောက်ကိုထွင်းထားသည့် သင်္ချိုင်းဂူတစ်ခုထားပါသည်။ ထိုဂူသည် ကရာနီကုန်းအနီးတွင်ရှိပါသည်။ မိမိကိုယ်တိုင်အတွက် ယောသပ်သီးသန့်ထားခဲ့သောဂူဖြစ်သော်လည်း၊ ယခုတွင်မူခရစ်တော်အတွက် သူပြင်ဆင်ပေးခဲ့ပါသည်။ ထိုအလောင်းကြီးကို နိကောဒင်ယူလာခဲ့သောအမွှေးနံ့သာများနှင့်ရော၍ ပိတ်ဖြူစပ်ဖြင့်သေချာစွာရစ်ပတ်ထားကာသင်္ချိုင်းဂူသို့သယ်ဆောင်သွားခဲ့ကြပါသည်။ ဤတပည့်တော်သုံးယောက်တို့သည်ကိုယ်တော်၏ကွေးနေသောခြေထောက်များကိုဆန့်ပေးခဲ့ပြီး၊ စုတ်ပြတ်နေသောလက်တော်နှစ်ဖက်ကို အသက်မရှူတော့သောရင်ဘတ်ပေါ်တွင် ခေါက်၍တင်ထားလိုက်ကြပါသည်။ ထိုသူများနှင့်ဂါလိလဲအမျိုးသမီးများသည် မိမိတို့ချစ်ခင်မြတ်နိုးကြသော ကိုယ်တော်၏အသက်မရှိတော့သည့်အလောင်းတော်အတွက် မိမိတို့ပြုနိုင်သမျှသောဝတ်ကို ပြုခဲ့ကြပါသည်။ ထိုအချိန်တွင် အလွန်လေးလံသောကျောက်တုံးကြီးတစ်ခုကို ထိုဂူတွင်လှိမ့်၍ပိတ်ထားလိုက်ကြကြောင်းသူတို့မြင်ခဲ့ရပါသည်။ ကယ်တင်ရှင်ကို ငြိမ်သက်စွာနားနေရန် ချန်ထားခဲ့ရချေပြီ။ ထိုအမျိုးသမီးများသည် ကပ်တိုင်မှနောက်ဆုံးကျမှပြန်ခဲ့ကြပါသည်။ ခရစ်တော်၏သင်္ချိုင်းမှလည်း နောက်ဆုံးကျမှပြန်ခဲ့ကြပါသည်။ နေဝင်ဆည်းဆာအချိန်သို့ရောက်လာသောအခါ မာဂဒလမာရိနှင့်တကွ အခြားမာရိများသည် မိမိတို့ချစ်သောကယ်တင်ရှင်၏ကံကြမ္မာအတွက် ဝမ်းနည်းမျက်ရည်ကျလျက်ကိုယ်တော်အားမြှုပ်နှံထားသောသင်္ချိုင်းနားတွင် ရစ်သီရစ်သီလုပ်နေခဲ့ကြပါသည်။ "ထိုနောက်မှပြန်သွားပြီးလျှင်၊ ----- ပညတ်တော်အတိုင်း ဥပုသ်နေ့၌အလုပ်မလုပ်ဘဲနေကြ၏" လုကာ ၂၃:၅၆။

ဤဥပုသ်သည် ဝမ်းနည်းပူဆွေးနေကြသောတပည့်တော်များနှင့်တကွ ယဇ်ပုရောဟိတ်များ၊ ယုဒလူအကြီးအကဲများ၊ ကျမ်းတတ်ဆရာများနှင့် ယုဒလူများအတွက် မည်သည့်အခါမျှမေ့မရနိုင်သည့်ဥပုသ်နေ့ဖြစ်ခဲ့ပါသည်။ အဖိတ်နေ့၏နေဝင်ချိန်တွင် ဥပုသ်ဝင်ပြီဖြစ်ကြောင်း အချက်ပြတံပိုးခရာသံထွက်ပေါ်လာခဲ့ပါသည်။ ပသခါပွဲကညွှန်ပြနေသောကိုယ်တော်သည် လူယုတ်မာ

များ၏လက်ချက်ကြောင့် အဆုံးစီရင်ခြင်းခံခဲ့ရကာ ယောသပ်၏သချိုင်းတွင် မြှုပ်နှံခြင်းခံရစဉ်တွင် ထိုပသခါပွဲရာစုနှစ်တစ်လျှောက် ကျင်းပခဲ့သည့်အတိုင်း ကျင်းပခဲ့ကြပါသည်။ ထိုဥပုသ်နေ့တွင် ဗိမာန်တော်ပရိဝုဏ်အတွင်း၌ ဝတ်ပြုကိုးကွယ်သူများနှင့် ပြည့်ကျပ်နေပါသည်။ ဂေါလဂေါသအရပ်မှ ယဇ်ပုရောဟိတ်မင်းကြီးသည် ခမ်းနားထည်ဝါသောယဇ်ပုရောဟိတ်များဝတ်သော ဝတ်ရုံကြီးကိုဝတ်ဆင်လျက် ထိုနေရာတွင်ရောက်ရှိနေပါသည်။ အဖြူရောင်ခေါင်းပေါင်းများကိုပေါင်းထားသည့်ယဇ်ပုရောဟိတ်များသည် မိမိတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြပါသည်။ နွားအသွေးများနှင့်ဆိတ်အသွေးများကို အပြစ်အတွက်ပူဇော်ပသနေစဉ် ထိုနေရာတွင်ရှိကြသော အချို့ပုဂ္ဂိုလ်များသည် မတည်ငြိမ်ဖြစ်နေခဲ့ကြပါသည်။ ပုံဆောင်သောအရာနှင့်ပုံဆောင်ခြင်းခံရသောအရာသည် တွေ့ဆုံခဲ့ပြီဖြစ်ကြောင်းကိုလည်းကောင်း၊ အလွန်မြင့်မြတ်လှသောယဇ်ပုရောဟိတ်များကို ဤလောက၏အပြစ်အတွက် စတေးခဲ့ပြီဖြစ်ကြောင်းကိုလည်းကောင်း သူတို့မသိရှိခဲ့ကြရှာချေ။ ဝိနည်းထုံးဖွဲ့ဆိုင်ရာ ကိုးကွယ်ဝတ်ပြုမှုများသည် အရေးမပါတော့ကြောင်းကိုလည်း သူတို့မသိရှိခဲ့ကြချေ။ အစီအစဉ်ကို ထိုကဲ့သို့သောထူးခြားသည့်ခံစားချက်များဖြင့် ယခင်ကတစ်ခါမျှဤကဲ့သို့မကြည့်ရှုခဲ့ဖူးပါချေ။ တံပိုးခရာသံများ၊ တေးဂီတတီးခတ်သံများနှင့် အဆိုသည်များ၏သီချင်းသံများသည် ယခင်ကအတိုင်းပင် ကြည်လင်ကျယ်လောင်စွာပေါ်ထွက်လာနေပါသည်။ သို့ရာတွင် ထူးဆန်းသောအသိတစ်ခုသည် အရာရာတိုင်း၌ပျံ့နှံ့သွားခဲ့ပါသည်။ ဖြစ်ပျက်ခဲ့သောထူးဆန်းသည့်အဖြစ်အပျက်တစ်ခုအကြောင်းကို တစ်ဦးနှင့်တစ်ဦးမေးမြန်းစုံစမ်းခဲ့ကြပါသည်။ ထိုအချိန်အထိ အသန့်ရှင်းဆုံးအခန်း၏သန့်ရှင်းမှုကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ကျူးကျော်ဝင်ရောက်ခြင်းများကို ကာကွယ်တားဆီးခဲ့ပါသည်။ သို့ရာတွင် ယခုအချိန်တွင်မူ ထိုအခန်းကိုလူတိုင်းမြင်တွေ့နိုင်ကြပေပြီ။ ရွှေရောင်၊ ကြက်သွေးရောင်၊ ခရမ်းရောင်များနှင့်ပြီးသော ဇာထိုးပန်းထိုးအတတ်ပညာများဖြင့် လှပစွာပြင်ဆင်ထားသည့် ပိတ်သားစစ်စစ်ကန့်လန့်ကာကြီးသည် အထက်မှအောက်သို့ကွဲသွားခဲ့ပါသည်။ ထာဝရဘုရားသည် မိမိ၏ဘုန်းတော်





ကိုဖော်ပြရန် ယဇ်ပုရောဟိတ်မင်းကြီးနှင့်တွေ့ဆုံတော်မူသည့်နေရာ ဘုရားသခင်၏သန့်ရှင်းသောအခန်းဖြစ်ခဲ့ဖူးသောထိုနေရာသည် လူတိုင်းမြင်သာရန် ပွင့်လစ်သွားပေပြီ။ ထိုအခန်းကို သန့်ရှင်းသောအခန်းအဖြစ် ဘုရားသခင်အနေဖြင့် အသိအမှတ်မပြုတော့ပြီ။ ထိုယဇ်ပုရောဟိတ်များသည် ယဇ်ပလ္လင်ရှေ့တွင် စိတ်တထင့်ထင့်ဖြင့် အမှုတော်ဆောင်နေကြပါသည်။ အသန့်ရှင်းဆုံးအခန်း၏ကြည်ညိုဖွယ်သော နက်နဲသည့်အရာများကို ဖွင့်လှစ်ပြသလိုက်ခြင်းသည် ဖြစ်ပေါ်လာတော့မည့်ဘေးဒုက္ခကြီးအတွက် ထိုသူများအားကြောက်ရွံ့ထိတ်လန့်စေပါသည်။

များစွာသောလူများသည် ကရာနီကုန်းမှာမြင်ခဲ့ရသောမြင်ကွင်းများကြောင့် ဖြစ်ပေါ်လာသောအတွေးများဖြင့် စိတ်နှလုံးယောက်ယက်ခတ်နေကြပါသည်။ ကပ်တိုင်တင်သည့်အချိန်မှစ၍ ရှင်ပြန်ထမြောက်သည့်အချိန်အထိ လူများစွာတို့သည် အနာဂတ္တိစကားများကို မအိပ်မနေလေ့လာခဲ့ကြပါသည်။ အချို့သည် ထိုအချိန်က ၎င်းတို့ကျင်းပခဲ့သည့်ပသခါပွဲ၏အနက်အဓိပ္ပါယ်အပြည့်အစုံကို နားလည်ရန်လေ့လာခဲ့ခြင်းဖြစ်ပြီး အချို့မှာခရစ်တော်သည် ၎င်းတို့မိန့်တော်မူသည့်အတိုင်းမဟုတ်ကြောင်းကိုသက်သေပြရန် လေ့လာခဲ့ခြင်းဖြစ်ပါသည်။ အချို့မှာမူ စိတ်နှလုံးဝမ်းနည်းကြေကွဲစွာဖြင့် ခရစ်တော်သည် မေရှိယအစစ်အမှန်ဖြစ်ကြောင်းအထောက်အထားများကို ရှာဖွေသည့်အနေဖြင့်လေ့လာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးမျိုးသောရည်ရွယ်ချက်များနှင့် လေ့လာဆည်းပူးခဲ့ကြသော်လည်း အနာဂတ္တိစကားသည် လွန်ခဲ့သောရက်ပိုင်းအနည်းငယ်အတွင်းတွင် ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များအားဖြင့် ပြည့်စုံခဲ့ပြီဖြစ်ကြောင်း၊ ကပ်တိုင်အတင်ခံခဲ့ရသောသူသည် ကမ္ဘာ့ကယ်တင်ရှင်တစ်ပါးဖြစ်ကြောင်း စသည့်တူညီသောသမ္မာတရားများကို သိရှိနားလည်ခဲ့ကြပါသည်။ ထိုအချိန်က ပသခါပွဲဝင်ရန်စုရုံးလာခဲ့ကြသောလူများစွာတို့သည် နောက်ပိုင်းတွင် တစ်ခါမျှပသခါပွဲမဝင်ကြတော့ချေ။ ယဇ်ပုရောဟိတ်များအပါအဝင် များစွာသောလူများသည် ခရစ်တော်၏ဇာတိရုန်မှန်ကိုသိရှိခဲ့ကြပါသည်။ အနာဂတ္တိစကားကို သူတို့လေ့လာရှာဖွေခဲ့ခြင်းတွင် အချည်းနှီး

မဖြစ်ခဲ့ပါ။ ရှင်ပြန်ထမြောက်ပြီးသည့်နောက်ပိုင်းတွင် သူတို့သည်ကိုယ်တော်အား ဘုရား၏သားတော်အဖြစ်အသိအမှတ်ပြုခဲ့ပါသည်။

သခင်ယေရှုအား ကပ်တိုင်အတင်ခံရသည်ကိုမြင်သောအခါ "မောရှေသည် တောအ၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည်မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား၊ ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း" ဟူသောသံလွင်တောင်ပေါ်တွင် ညအချိန်၌ကိုယ်တော်မိန့်မြွက်ခဲ့သည့်စကားများကို နိကောဒင်သတိရခဲ့ပါသည်။ ယောဟန် ၃း၁၄–၁၅။

နိကောဒင်သည် သင်္ချိုင်းတွင်း၌ ခရစ်တော်လဲလျောင်းနေသော ထိုဥပုသ်တော်နေ့တွင် ရေးဖြစ်ဟောင်းများကိုပြန်လည်စဉ်းစားခွင့်ရခဲ့ပါသည်။ ယခုအချိန်တွင် ပို၍ကြည်လင်သောအလင်းတော်တစ်ခုသည် သူ၏စိတ်နှလုံးထဲ၌ထွန်းလင်းခဲ့သဖြင့် ခရစ်တော်၏မိန့်တော်မူခဲ့သောစကားများသည် ၎င်းအတွက်နက်နဲသောအရာများမဟုတ်တော့ပြီ။ သက်တော်ထင်ရှားစဉ်က ကိုယ်တော်ရှင်အားမဆက်သွယ်ခဲ့မိသည့်အတွက် များစွာနစ်နာခဲ့ရကြောင်းကို သူသိရှိလာခဲ့ရပါသည်။ ယခုတွင်သူသည် ကရာနီအဖြစ်အပျက်များကို ပြန်လည်သတိရလာခဲ့ပါသည်။ လူသတ်သမားများအတွက် ခရစ်တော်ပြုခဲ့သောပတ္ထနာနှင့် သေခါနီးသူခိုးကြီး၏တောင်းခံမှုအတွက် ခရစ်တော်ပေးခဲ့သောအဖြေကို ဉာဏ်ပညာတတ်အရာရှိကြီးသည် ကြားခဲ့ဖူးပါသည်။ တစ်ဖန်တုံ နိကောဒင်သည် ဒုက္ခဝေဒနာခံစားနေရသောကယ်တင်ရှင်ကို ပြန်လည်မြင်ယောင်ခဲ့ပါသည်။ အောင်နိုင်သူတစ်ပါးကဲ့သို့မိန့်မြွက်ခဲ့သော "အမှုပြီးပြီ" ဟူသော နောက်ဆုံးဟစ်အော်သံကိုလည်း သူကြားယောင်ခဲ့ပါသည်။ မြေလျှင်လှုပ်ခြင်း၊ အမှောင်ထုဖုံးလွှမ်းခြင်း၊ ကန့်လန့်ကာကွဲခြင်း၊ ကျောက်များကွဲကြေခြင်းများကို သူပြန်လည်မြင်ယောင်ခဲ့ပါသည်။ ထို့ကြောင့် သူ၏ယုံကြည်ခြင်းသည် ပို၍ခိုင်ခံ့တည်မြဲလာခဲ့ပါသည်။ တပည့်တော်များ၏ယုံကြည်ခြင်းကိုပျက်စီးစေခဲ့သော ထိုအဖြစ်အပျက်သည် ယောသပ်နှင့်နိကောဒင်တို့အား ခရစ်တော်၏ဘုရားဇာတိတော်ကို သဘောပေါက်စေခဲ့ပါသည်။ ၎င်းတို့ခံစား



နေရသောကြောက်ရွံ့မှုများသည် ခိုင်ခံ့တည်ကြည်သော ၎င်းတို့၏ယုံကြည်ခြင်းကြောင့် ပျောက်ကွယ်သွားခဲ့ပါသည်။

ခရစ်တော်သည် သင်္ချိုင်းတွင်းမှာလဲလျောင်းနေသည့်အချိန်မှာလောက် မည်သည့်အချိန်မှာမှ လူထုကြီး၏အာရုံပြုမှုကိုမခံခဲ့ရချေ။ လူအများသည် ထုံးစံအတိုင်း နာဇရက်မြို့သားယေရှုအကြောင်းကိုမေးမြန်းစုံစမ်းလျက် လူနာများကိုဗိမာန်တော်ပုရိဝုဏ်ထဲသို့ခေါ်ဆောင်လာခဲ့ကြပါသည်။ များစွာသောလူများသည် လူနာကိုကုသခဲ့၍ လူသေကိုရှင်ပြန်ထမြောက်စေခဲ့သော ကိုယ်တော်နှင့်တွေ့ဆုံရန် ရပ်ဝေးမှလာခဲ့ကြခြင်းဖြစ်ပါသည်။ အနာရောဂါများကိုကုသပေးခဲ့သောခရစ်တော်နှင့် ကျွန်ုပ်တို့တွေ့ချင်သည်ဟူ၍ အရပ်ရှစ်မျက်နှာမှအော်ဟစ်နေကြသည်ကိုလည်း ကြားနေရပါသည်။ ထိုအခါသမယတွင် အနာကြီးရောဂါကိုပြရန်လာကြသည်ဟု အထင်ခံရသူများအား၊ ယဇ်ပုရောဟိတ်များကစစ်ဆေးကြပါသည်။ အချို့လူများအား၊ ၎င်းတို့၏ခင်ပွန်း၊ ဇနီး၊ သားသမီးများကအနာကြီးရောဂါရှိကြောင်းကြေညာစေကာ ထိုသူများအားနေအိမ်များနှင့်မိတ်ဆွေသင်္ဂဟများနှင့်ဝေးရာသို့သွားရောက်နေထိုင်ရန် စီရင်ချက်ချသည်ကို ဇွတ်အတင်းနားထောင်ခိုင်းခဲ့ကြပါသည်။ အနာကြီးရောဂါရှိသည်ဟုသတ်မှတ်ခြင်းခံရသူများသည် မိမိအနားသို့မည်သည်များချဉ်းကပ်မလာစေရန် "ငါမသန့်ရှင်း" ဟုသတိပေးဟစ်အော်ကြရပါသည်။ မည်သည့်အနာကြီးရောဂါကိုမျှ တို့ထိကုသပေးရန်ငြင်းဆိုတော်မမူခဲ့သော နာဇရက်မြို့သားယေရှု၏ကောင်းကျိုးပြုသောလက်များသည် အသက်မရှုတော့သည့်ရင်ဘတ်ပေါ်တွင် ခေါက်၍တင်ထားခြင်းခံနေခဲ့ရပါသည်။ "သန့်ရှင်းခြင်းသို့ရောက်စေ" ဟုနှစ်သိမ့်စကားများဖြင့် တောင်းလျှောက်လာသူများအား အဖြေပေးတတ်သောနှုတ်ခမ်းအစုံသည်လည်း ယခုအချိန်တွင်တိတ်ဆိတ်သွားခဲ့ချေပြီ။ မဿဲ ၈း၃။ မိမိတို့ခံစားနေရသောရောဂါဝေဒနာများကို သက်သာအောင်ကုသရန် ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများထံတွင် အသနားခံခဲ့ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ အသက်ရှင်လျက်ရှိသော ခရစ်တော်အား မိမိတို့အလယ်တွင် တစ်ဖန်ရောက်ရှိလာဖို့အလိုရှိကြောင်း

ထင်ရှားနေပါသည်။ လူများသည် ကိုယ်တော်ကိုသာတစ်မေးတည်းမေးနေကြပါသည်။ သူတို့သည် စကားအလွဲမခံကြချေ။ သို့ရာတွင် ယဇ်ပုရောဟိတ်များက သူတို့ကိုဗိမာန်တော်မှမောင်းထုတ်ခဲ့ကြပါသည်။ လူနာများကိုအကုခံဖို့ ဝင်ခွင့်တောင်းသူများမဝင်နိုင်စေရန် ဗိမာန်တော်ဂိတ်တံခါးကိုရောမစစ်သားများအား စောင့်ကြပ်စေခဲ့ကြပါသည်။

ခရစ်တော်၏ကုသမှုကိုခံယူရန် လာခဲ့ကြသောရောဂါသည်များသည် စိတ်ပျက်ဝမ်းနည်းခဲ့ကြရပါသည်။ လမ်းမပေါ်တွင်ငိုကြွေးနေသူများနှင့်ပြည့်ညှပ်နေခဲ့ပါသည်။ လူနာများသည် ခရစ်တော်၏ကုသမှုကိုမရရှိကြသဖြင့် သေတော့မလိုဖြစ်နေကြပါသည်။ သမားတော်များ၏ကုသမှုများသည် အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ရောဂါကုသမှုတွင် ယောသပ်၏သင်္ချိုင်းထဲတွင်လဲလျောင်းနေသည့်ပုဂ္ဂိုလ်လောက် မည်သူမျှမကျွမ်းကျင်ကြချေ။ မဟာအလင်းတော်တစ်ခုသည် ဤကမ္ဘာမှကွယ်ပျောက်သွားခဲ့ပြီဟူသော အသိစိတ်ဓာတ်ကလေးကို လူနာများ၏ငိုကြွေးသံများက ထောင်ပေါင်းများစွာသောလူသားများ၏နှလုံးသားဝယ် ထင်ရှားစွာသိမြင်ခံစားစေခဲ့ပါသည်။ ခရစ်တော်မရှိတော့သည့်ကမ္ဘာကြီးသည် မှောင်မိုက်လျက်ရှိပါသည်။ "သူ့ကိုကပ်တိုင်တင်ပါ" ဟုဟစ်ကြွေးခဲ့ကြသူများသည် ယခုတွင် မိမိတို့အပေါ်သို့ဘေးအန္တရာယ်ကျရောက်တော့မည်ကိုသိရှိကာ "ခရစ်တော်သည်အသက်ရှင်သေးလျှင် ကိုယ်တော်ကိုကျွန်ုပ်တို့အားပေးပါ" ဟုစိတ်ဓာတ်တက်ကြွစွာ အော်ဟစ်နေကြပါသည်။

ခရစ်တော်သည် ယဇ်ပုရောဟိတ်များ၏လုပ်ကြံမှုကိုခံခဲ့ရကြောင်း ထိုသူများသိရှိကြသောအခါ မည်သည့်အတွက်ကြောင့် ထိုကဲ့သို့အဆုံးစီရင်ခဲ့ကြောင်း မေးမြန်းလာကြပါသည်။ အမှုစစ်ဆေးခြင်းနှင့်ပတ်သက်သောအချက်များကို တတ်နိုင်သမျှလျှို့ဝှက်ခဲ့ကြသော်လည်း သင်္ချိုင်းတွင်း၌ကိုယ်တော်လျောင်းစက်နေစဉ်တွင် ကိုယ်တော်၏နာမတော်သည် လူများစွာတို့၏နှုတ်ခမ်းဖျားတွင်ရေပန်းစားခဲ့ပြီး ကရော်ကမည်ပြုလုပ်ခဲ့သောအမှုစစ်ဆေးခြင်းနှင့် ယဇ်ပုရောဟိတ်များ၏လူမဆန်မှုများအကြောင်းကို နေရာအနှံ့တွင်ပြောနေကြပါသည်။ မေရှိယနှင့်ပတ်သက်သော ဓမ္မဟောင်းကျမ်းမှအနာဂတ္တိစကား



များကိုရှင်းပြရန် ပညာတတ်ပုဂ္ဂိုလ်များက ယဇ်ပုရောဟိတ်များအားတောင်းခံလာကြပါသည်။ သူတို့သည် မှားယွင်းမှုများဖြင့်တန်ဆာဆင်ကာ ပြန်လည်ဖြေဆိုရန်ကြိုးစားကြစဉ်တွင် အရူးများနှယ်ဖြစ်နေကြပါသည်။ ခရစ်တော်၏အသေသတ်ခံခြင်းနှင့်ပတ်သက်သည့် အနာဂတ္တိကျမ်းစကားများကို သူတို့ရှင်းမပြတတ်ကြချေ။ သို့ရာတွင် မေးမြန်းလာသူအများစုအနေနှင့် ကျမ်းစာသည် ပြည့်စုံခဲ့ပြီဖြစ်ကြောင်း သဘောပေါက်ခဲ့ကြပါသည်။

မိမိတို့အနေဖြင့် အလွန်ကောင်းသည်ဟုအထင်ရှိခဲ့သော လက်စားချေမှုသည် အလွန်ခါးသီးမှုတစ်ခုဖြစ်နေခဲ့ပါသည်။ မိမိတို့သည် လူထုကြီး၏အပြစ်တင်မှုကိုခံနေရကြောင်းကိုလည်းကောင်း၊ ခရစ်တော်အားအဆုံးစီရင်ရာတွင် မိမိတို့၏သြဇာခံဖြစ်ခဲ့သူများသည် ယခုအချိန်တွင် ၎င်းတို့၏ရှက်ကြောက်ဖွယ်လုပ်ရပ်များကြောင့် စိတ်ချောက်ချားနေကြကြောင်းကိုလည်းကောင်း ယဇ်ပုရောဟိတ်များသိရှိခဲ့ကြပါသည်။ ခရစ်တော်အားလူလိမ်တစ်ဦးအဖြစ် လူထုကြီးယုံကြည်လာအောင် ထိုယဇ်ပုရောဟိတ်များကကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြချေ။ ထိုသူများထဲမှ တချို့သည် လာဇရု၏သင်္ချိုင်းဂူသို့ရောက်ဖူးခဲ့ကြပါသည်။ ခရစ်တော်သည် မိမိကိုယ်ကိုသေရာမှပြန်လည်ထမြောက်စေကာ မိမိတို့ရှေ့တွင် တစ်ဖန်ပြန်ပေါ်လာလိမ့်မည်လားဟုတွေးတောမိကာ သူတို့ကြောက်ရွံ့တုန်လှုပ်နေခဲ့ကြပါသည်။ မိမိ၌အသက်ကိုစွန့်ရသောတန်ခိုးနှင့် အသက်ကိုပြန်ယူနိုင်သောတန်ခိုးရှိကြောင်း ကိုယ်တော်ကြွေးကြော်ခဲ့သည်ကို ၎င်းတို့ကြားခဲ့ဖူးပါသည်။ "ဤဗိမာန်တော်ကိုဖြိုဖျက်ကြလော့၊ သုံးရက်အတွင်းတွင် ငါတည်ဆောက်မည်" ဟူ၍ မိန့်မြွက်ခဲ့သည်ကိုလည်း သူတို့သတိရကြပါသည်။ ယောဟန် ၂း၁၉။ "ငါတို့သည် ယေရုရှလင်မြို့သို့ယခုသွားကြ၏။ လူသားသည် ယဇ်ပုရောဟိတ်အကြီးကျမ်းပြုဆရာတို့လက်သို့ရောက်လိမ့်မည်။ ထိုသူတို့သည် သေပြစ်ကိုစီရင်ကြလိမ့်မည်။ လူသားအားပြက်ရယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းကိုပြုစေခြင်းငှာ တစ်ပါးအမျိုးသားတို့လက်သို့အပ်နှံကြလိမ့်မည်။ သုံးရက်မြောက်သောနေ့၌ထမြောက်လိမ့်မည်" ဟူ၍ တမန်တော်

များအား ခရစ်တော်မိန့်တော်မူသောစကားများကို ယုဒရှကာရုတ်ကငင်းတို့အားပြောပြခဲ့ဖူးပါသည်။ (မဿဲ ၂၀း၁၈–၁၉)။ သူတို့သည် ထိုစကားများကိုကြားရစဉ်က ပြက်ရယ်ပြုလှောင်ပြောင်သရော်ခဲ့ကြပါသည်။ သို့ရာတွင် ခရစ်တော်၏မိန့်မြွက်စကားများသည် ယခုအချိန်အထိပြည့်စုံလျက်ရှိကြောင်းကိုလည်း သူတို့သတိရခဲ့ကြပါသည်။ သုံးရက်မြောက်သောနေ့တွင် ငါတစ်ဖန်ထမြောက်လိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူထားရာ ဤစကားသည်လည်းပြည့်စုံလိမ့်မည်မဟုတ်ဟု အဘယ်သူပြောဆိုနိုင်ပါအံ့နည်း။ သူတို့သည် ဤအတွေးများကိုဆက်၍မတွေးလိုတော့ချေ။ သို့ရာတွင် ထိုအတွေးများကိုဖျောက်ဖျက်၍မရခဲ့ကြချေ။ ၎င်းတို့အဖနတ်ဆိုးကြီးကဲ့သို့ပင် ကိုယ်တော်ရှင်ပြောသည့်စကားများသည် အမှန်တကယ်ပြည့်စုံမည်ဖြစ်ကြောင်းကို သူတို့ယုံကြည်ကာကြောက်ရွံ့တုန်လှုပ်ခဲ့ကြပါသည်။

ယခုတွင် သွေးရူးသွေးတန်းစိတ်လှုပ်ရှားမှုများသည် ပျောက်ကွယ်သွားကာ ခရစ်တော်၏သဏ္ဌာန်တော်သည် ၎င်းတို့၏စိတ်အာရုံတွင်ထင်ရှားလာခဲ့ပါသည်။ ကိုယ်တော်သည် မိမိအားရန်မူသူများရှေ့တွင် ၎င်းတို့၏မတရားပြုကျင့်မှုများကို ညည်းညူခြင်းမပြုဘဲ ဒုက္ခဆင်းရဲခံစားလျက် တည်ငြိမ်အေးငြိမ်းစွာဖြင့် မတ်တတ်ရပ်နေတော်မူသည်ကို သူတို့မြင်ခဲ့ကြရပါသည်။ ကိုယ်တော်ရှင်အား အမှုစစ်ဆေးခြင်းနှင့်ကပ်တိုင်တင်ခြင်းနှင့်စပ်ဆိုင်သောအဖြစ်အပျက်များကို သူတို့ပြန်လည်သတိရခဲ့ကြကာ ခရစ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ပို၍ပင်သူတို့သိရှိခံစားလာခဲ့ကြပါသည်။ တရားခံသည်တရားလိုဖြစ်လာပြီး အပြစ်ဒဏ်စီရင်ခံထားရသူသည် တရားစီရင်သူဖြစ်လာကာ အကွပ်မျက်ခံခဲ့ရသူသည် မိမိအားကွပ်မျက်ခဲ့သူများအားထိုလုပ်ရပ်အတွက် တရားမျှတမှုရှိမရှိမေးမြန်းရန် ၎င်းတို့ရှေ့မှောက်၌ကိုယ်တော်သည် အချိန်မရွေးပြန်လည်ထမြောက်လာနိုင်ကြောင်း သူတို့သိထားခဲ့ကြပါသည်။

သူတို့သည် ဥပုသ်နေ့တွင်နားနေနိုင်ခြင်းမရှိခဲ့ကြပါ။ ညစ်ညမ်းသွားမည်ကိုစိုးသဖြင့် ပိလတ်မင်း၏အိမ်ဝင်းထဲသို့မဝင်ခဲ့ကြသော်လည်း ခရစ်တော်၏



အလောင်းတော်အကြောင်းကို သူတို့ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ မိမိတို့ကပ်တိုင်တင်ခဲ့သော ခရစ်တော်၏အလောင်းကြီးကို သင်္ချိုင်းထဲတွင်အမြဲတမ်းယခုကဲ့သို့တည်ရှိနေအောင် စီစဉ်ရမည်ဟုဆိုကြကာ “ယဇ်ပုရောဟိတ်အကြီးနှင့်ဖာရိရှဲတို့သည် ပိလတ်မင်းထံစုဝေး၍ ထိုလှည့်ဖြားသောသူက ငါသည်သုံးရက်မြောက်သောနေ့၌ထမြောက်မည်ဟုမသေမီပြောသည်ကို အကျွန်ုပ်တို့မှတ်မိပါပြီ။ ထိုကြောင့် သူ၏တပည့်တို့သည် ညအခါလာ၍အလောင်းကိုခိုးယူပြီးလျှင် သူသည်သေခြင်းမှထမြောက်တော်မူပြီဟု လူအပေါင်းတို့အားပြောဆိုကြသော် ရှေ့အမှားထက်နောက်အမှားသာ၍ကြီးမည်ဟုစိုးရိမ်စရာအကြောင်းရှိသည်ဖြစ်၍ သင်္ချိုင်းတွင်းကိုသုံးရက်မြောက်အောင် လုံခြုံစွာစောင့်စိမ့်သောငှာ အမိန့်ရှိတော်မူပါဟုလျှောက်ကြလျှင် ပိလတ်မင်းက သင်တို့၌လူစောင့်တစ်တပ်ရှိ၏။ သွားကြ၊ တတ်နိုင်သမျှအတိုင်း လုံခြုံစွာစောင့်စေကြဟုဆိုလေ၏” မဿဲ ၂၇း၆၂–၆၅။

သင်္ချိုင်းကိုလုံခြုံအောင်မည်သို့မည်ပုံစောင့်ရမည်ကို ယဇ်ပုရောဟိတ်များက ညွှန်ကြားခဲ့ပါသည်။ အလွန်ကြီးမားသောကျောက်တုံးကြီးတစ်တုံးဖြင့် အဝင်ဝကိုပိတ်ဆို့ထားလိုက်ပါသည်။ ထိုကျောက်တုံးကြီးကို ကြိုးများဖြင့်ချည်နှောင်ယှက်ဆိုင်းထားပြီး ထိုကြိုးများ၏အစများကို ခိုင်ခံ့သောကျောက်တုံးကြီးများနှင့် တွဲ၍ချည်ထားလိုက်ပါသည်။ ထိုနောက် ကြိုးစများကိုချည်ထားသောနေရာတွင် ရောမတံဆိပ်ကိုခတ်ထားလိုက်ပါသည်။ ဤတံဆိပ်ကိုမဖျက်ဆီးဘဲ ထိုကျောက်တုံးကိုဖယ်ရှားနိုင်မည်မဟုတ်ချေ။ လက်ဆော့မှုကိုကာကွယ်ရန် တပ်သားတစ်ရာပါသော ရောမစစ်တပ်တစ်တပ်သည် ထိုသင်္ချိုင်းဝန်းကျင်တွင် တပ်ချစောင့်ကြပ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်များသည် သင်္ချိုင်းဂူထဲတွင်လဲလျောင်းနေသောခရစ်တော်၏အလောင်းကို တတ်နိုင်သမျှစောင့်ကြပ်ခဲ့ကြပါသည်။ ကိုယ်တော်အား ထိုနေရာတွင်အစဉ်ထာဝရဆက်လက်တည်ရှိစေလိုသည့်သဘောဖြင့် ကိုယ်တော်၏သင်္ချိုင်းဂူအားတံဆိပ်ခတ်ခဲ့ကြပါသည်။

လူသားများ၏အကြံအစည်များနှင့်စီမံမှုများသည် အားနည်းလှပါသည်။ မိမိတို့၏ကြိုးစားမှုသည် အရာမထင်ကြောင်းကို သူတို့သည်နည်းနည်း

ကလေးမှမသိရှိကြချေ။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုတားဆီးဖို့ရန် ကြိုးစားလုပ်ဆောင်မှုသည် ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအတွက် သဘော ပေါက်လွယ်ဆုံးသော အထောက်အထားဖြစ်ခဲ့ပါသည်။ သင်္ချိုင်းဂူဝန်းကျင် တွင် စစ်သားများများချထားလေလေ၊ ခရစ်တော်ထမြောက်ကြောင်းသက်သေ အထောက်အထားသည် ခိုင်လုံလေလေဖြစ်ပါသည်။ ခရစ်တော်အသေမခံမီ နှစ်ပေါင်းများစွာကတည်းက သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ဆာလံ ဆရာအားဖြင့်မိန့်တော်မူသည်ကား၊ "လူမျိုးတို့သည် အဘယ်ကြောင့်ရုန်းရင်း ခတ်ပြုကြသနည်း။ လူစုတို့သည် အဘယ်ကြောင့်အချည်းနှီးကြံစည်ကြသနည်း။ လောကီရှင်ဘုရင်တို့သည်ထကြ၍ မှူးမတ်အရာရှိတို့လည်း ထာဝရဘုရားနှင့် ခရစ်တော်ကိုရန်ဘက်ပြုလျက် ---- သင်းဖွဲ့ကြ၏။ ကောင်းကင်ဘုံ၌ ထိုင်တော်မူသောသူသည်ပြုံးရယ်၍ ထာဝရဘုရားသည် သူတို့ကိုကဲ့ရဲ့တော်မူ ၏" ဟူ၍ဖြစ်၏။ ဆာလံ ၂း၁-၄။ ရောမလက်နက်ကိုင်စစ်သူရဲများသည် သင်္ချိုင်းဂူထဲတွင်ရှိနေသော အသက်ပေးပိုင်ရှင်ထာဝရဘုရားအား၊ ချုပ်ထိန်း ထားခြင်းငှာ မစွမ်းနိုင်ကြပြီ။ သင်္ချိုင်းထဲမှ ကိုယ်တော်ထွက်လာမည့်အချိန် သည် နီးကပ်လာလေပြီ။

****



# tcef; (81)
# ocifa,½Ixajrmufawmfrljcif;

မဿဲ ၂၈း၂-၄၊ ၁၁-၁၅ တို့ကိုအခြေပြုထားပါသည်။

ခုနစ်ရက်တွင် ပထမနေ့၏ညသည် တဖြည်းဖြည်းကုန်ဆုံးသွားခဲ့ ပေပြီ။ မိုးလင်းအံ့ဆဲဆဲတွင်ဖြစ်ပေါ်လေ့ရှိသော အမှောင်ဆုံးအချိန်ကိုရောက် ရှိလာခဲ့ပေပြီ။ ခရစ်တော်သည် ကျဉ်းမြောင်းသောသင်္ချိုင်းဂူထဲတွင် အကျဉ်းသား တစ်ဦးအဖြစ်ဖြင့် ဆက်လက်ရှိနေဆဲပင်ဖြစ်ပါသည်။ အဝတွင်ပိတ်ထားသည့် ကျောက်တုံးကြီးသည် သူ့နေရာမှာပင်ဆက်လက်ရှိနေပါသည်။ ခတ်ထား သည့်ရောမတံဆိပ်သည်လည်း မကျိုးမပျက်ပင်ရှိနေပါသည်။ ရောမစစ်သူရဲ များသည် ကောင်းမွန်စွာစောင့်ရှောက်ခဲ့ကြပါသည်။ ၎င်းပြင်၊ ထိုနေရာတွင် မျက်စိနှင့်မမြင်နိုင်သည့်အစောင့်များလည်းရှိနေခဲ့ကြပါသည်။ ထိုနေရာပတ်ဝန်း ကျင်တွင် နတ်ဆိုးထုကြီးသည် စုဝေးနေကြပါသည်။ တတ်နိုင်မည်ဆိုလျှင် စာတန်နှင့်သူ၏အပေါင်းပါနတ်ဆိုးများသည် သားတော်ဘုရားရှိသည့်သင်္ချိုင်း ဂူမှတံဆိပ်ကို အမြဲတမ်းထိန်းထားလိုကြပါသည်။ သို့ရာတွင် ကောင်းကင် တမန်များသည်လည်း ထိုသင်္ချိုင်းကိုဝိုင်းထားကြပါသည်။ ပို၍ခွန်အားကောင်း သောကောင်းကင်တမန်များသည် ခရစ်တော်ကိုကြိုဆိုရန် စောင့်ဆိုင်းရင်း သင်္ချိုင်းဂူကိုကာကွယ်စောင့်ရှောက်ထားကြပါသည်။

"မြေကြီးသည်ပြင်းစွာလှုပ်လေ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ကောင်းကင်ဘုံမှဆင်းလာ၏။" ဘုရားသခင်ပေး တော်မူသည့်ဝတ်ရုံတော်ကိုဝတ်ဆင်ထားသည့် ထိုကောင်းကင်တမန်သည် ကောင်းကင်ရွှေနန်းမှထွက်ခွာလာခဲ့ပါသည်။ ဘုရားသခင်၏ဘုန်းရောင်ခြည် များသည် ၎င်း၏ရှေ့တွင်ထင်ရှား၍ သူ၏လမ်းခရီးကိုလင်းစေခဲ့၏။ "သူ၏ မျက်နှာသည် လျှပ်စစ်ကဲ့သို့ထင်၏။ အဝတ်သည်လည်း မိုးပွင့်ကဲ့သို့ဖြူ၏။

လူစောင့်တို့သည် ကောင်းကင်တမန်ကိုကြောက်ရွံ့သဖြင့် တုန်လှုပ်၍သေမတတ်ဖြစ်ကြ၏။"

ယဇ်ပုရောဟိတ်နှင့်ယုဒလူအကြီးအကဲတို့၊ သင်တို့၏အစောင့်တပ်သားများ၏တန်ခိုးသည် ယခုအဘယ်မှာရှိသနည်း။ လူသားအချင်းချင်း မည်သည့်အခါမျှ မကြောက်ရွံ့ခဲ့ဖူးသောရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ဤစစ်သည်တော်ကြီးများသည် ယခုတွင် ဓားလှံမကိုင်ဆောင်ထားသည့် သုံ့ပန်းများနှယ်ဖြစ်နေပါတော့သည်။ ၎င်းတို့တွေ့မြင်နေရသောထိုမျက်နှာသည် လူသားရိုးရိုးတစ်ဦး၏မျက်နှာမဟုတ်ချေ။ ထိုမျက်နှာသည် သခင်ဘုရား၏ကောင်းကင်ဗိုလ်ခြေများထဲမှ ခွန်အားအကောင်းဆုံးသော ကောင်းကင်တမန်၏မျက်နှာသာဖြစ်ပါသည်။ ဤစေတမန်သည် စာတန်ကျဆုံးပြီးနောက် စာတန်၏နေရာတွင်တာဝန်ထမ်းဆောင်ရမည့် ကောင်းကင်တမန်ဖြစ်ပါသည်။ ဗက်လင်တောင်ကုန်းများပေါ်တွင် ခရစ်တော်၏ဖွားမြင်တော်မူခြင်းကို ကြွေးကြော်ခဲ့သည့်ပုဂ္ဂိုလ်မှာ သူပင်ဖြစ်ပါသည်။ သူ၏ချဉ်းကပ်လာမှုကြောင့် ကမ္ဘာမြေကြီးသည်တုန်လှုပ်သွားခဲ့ပြီး နတ်ဆိုးများလည်းထွက်ပြေးကုန်ကြပါသည်။ ကျောက်တုံးကြီးကိုသူတွန်းဖယ်နေစဉ်တွင် ကောင်းကင်သည် မြေကြီးပေါ်သို့သက်ဆင်းလာသည့်နှယ်ဖြစ်ခဲ့ပါသည်။ သူသည် ထိုကျောက်တုံးကြီးကိုကျောက်စရစ်ခဲကလေးတစ်လုံးနှယ်ဖယ်ရှားပစ်လိုက်သည်ကို သူတို့မြင်ကြရပြီး၊ သားတော်ဘုရားထွက်တော်မူပါ။ အဖဘုရားသခင်သည် သင့်ကိုခေါ်ပြီဟူသော သူပြောဆိုလိုက်သည်ကိုလည်း သူတို့ကြားကြရပါသည်။ ခရစ်တော်သည် သင်္ချိုင်းထဲမှထမြောက်လာကာ "ငါသည်ထမြောက်ခြင်းအကြောင်းဖြစ်၏။ အသက်လည်းဖြစ်၏" ဟူ၍ ကွဲသွားသည့်သင်္ချိုင်းဂူကိုကြည့်ကာ မိန့်မြွက်နေသည်ကိုလည်း သူတို့ကြားကြရ၏။ ကိုယ်တော်သည် ဘုန်းသမ္ဘာနှင့်ပြည့်စုံစွာဖြင့် သင်္ချိုင်းတွင်းမှထမြောက်လာသောအချိန်တွင် ထိုကောင်းကင်တမန်သည် ကယ်တင်ရှင်၏ရှေ့မှောက်တွင် ပျပ်ဝပ်၍ဂုဏ်တော်ကိုချီးမွမ်းသီဆိုကာ ကိုယ်တော်အားကြိုဆိုနေပါသည်။

မြေငလျင်တစ်ခုသည် ခရစ်တော်အသက်ချုပ်တော်မူခဲ့သောအချိန်နာရီကို အမှတ်အသားပြုခဲ့ပြီး အခြားမြေငလျင်တစ်ခုက အောင်မြင်စွာ



ကိုယ်တော်ရှင်ထမြောက်တော်မူခဲ့သည့်အချိန်ကို အမှတ်ပြုခဲ့ပါသည်။ သေခြင်းနှင့်သင်္ချိုင်းကိုနှိမ်နင်းအောင်မြင်တော်မူခဲ့သောကိုယ်တော်သည် မြေငလျင်လှုပ်ခြင်း၊ လျှပ်စီးပြက်ခြင်းနှင့်မိုးချုန်းသံများကြားမှ အောင်နိုင်သူတစ်ပါးကဲ့သို့ သင်္ချိုင်းဂူထဲမှထမြောက်ကာ ထွက်လာတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ဤလောကသို့တစ်ဖန်ကြွလာတော်မူသောအခါ "မြေကြီးနှင့်ကောင်းကင်ကိုလှုပ်ဦးမည်" "ပြည်တော်သည် ယစ်မူးသောသူကဲ့သို့တလူးလည်လည်ရှိ၏။ ပုခက်ကဲ့သို့လှုပ်ရှား၏။" "မိုးကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွပျောက်သွားလိမ့်မည်။ လောကဓာတ်တို့သည် ပူအားကြီး၍ပျက်ကြလိမ့်မည်။" သို့ရာတွင် "ထာဝရဘုရားသည် မိမိလူတို့၏ခိုလှုံရာ ဣသရေလအမျိုးသားတို့၏အစွမ်းသတ္တိဖြစ်တော်မူလိမ့်မည်။" ဟေဗြဲ ၁၂း၂၆။ ဟေရှာယ ၂၄း၂၀။ ၃၄း၄။ ၂ပေ ၃း၁၀။ ယောလ ၃း၁၆။

ခရစ်တော်သည် အသက်ချုပ်တော်မူသောအချိန်တွင် ဤကမ္ဘာကြီးအား နေ့လယ်အချိန်၌ပင် အမှောင်ထုနှင့်ပတ်ရစ်ခဲ့သည်ကို ထိုစစ်သူရဲများမြင်ခဲ့ကြရပြီး၊ ရှင်ပြန်ထမြောက်သောအချိန်တွင် ညအချိန်ကြီး၌ပင် ကောင်းကင်တမန်၏ဘုန်းရောင်ခြည်များဖြင့် ထွန်းလင်းတောက်ပစေခဲ့သည်ကိုမြင်ခဲ့ရပါသည်။ ကိုယ်တော်သည် စာတန်နှင့်တကွ အမှောင်တန်ခိုးများကိုအောင်နိုင်တော်မူပြီ။ ကိုယ်တော်သည် သေခြင်းကိုအောင်နိုင်တော်မူပြီဟူသော ကောင်းကင်သားများ၏အောင်ပွဲသံကိုလည်း သူတို့ကြားခဲ့ကြရပါသည်။

ခရစ်တော်သည် ဘုန်းအာနုဘော်နှင့်ပြည့်စုံစွာဖြင့် သင်္ချိုင်းတွင်းမှထမြောက်တော်မူခဲ့သည်ကို ရောမစစ်သူရဲများမြင်တွေ့ခဲ့ကြပါသည်။ မကြာသေးခင်မှ ၎င်းတို့ပြက်ရယ်ပြုကာ လှောင်ပြောင်သရော်ခဲ့ကြသော ကိုယ်တော်၏မျက်နှာတော်ကို စူးစိုက်၍ကြည့်နေကြပါသည်။ ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ဤသူသည် တရားခွင်တွင်သူတို့မြင်ဖူးခဲ့သောအကျဉ်းသားဖြစ်ကြောင်း၊ မိမိတို့ပြင်ဆင်ပေးခဲ့သော ဆူးရစ်သရဖူတစ်ခုကိုဆောင်းခဲ့ရသောသူသည် ထိုသူပင်ဖြစ်ကြောင်းများကို သူတို့သိရှိခဲ့ကြပါသည်။ ပိလတ်မင်းနှင့်ဟေရုဒ်မင်းတို့ရှေ့တွင် ဆိုင်ပြိုင်တိုက်လှန်ခြင်းမပြုဘဲ ရက်စက်စွာကြိမ်ဒဏ်ပေးခြင်းခံ

ရသဖြင့် စုတ်ပြဲနေသောခန္ဓာကိုယ်ကြီးဖြင့် ရပ်တည်ခဲ့သောသူမှာ ထိုသူပင်ဖြစ်ပါသည်။ ကပ်တိုင်တွင်သံနှင့်အရိုက်ခံခဲ့ရပြီး၊ ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများက ကျေနပ်နှစ်သိမ့်စွာဖြင့် ခေါင်းတညိတ်ညိတ်လှုပ်ကာ "ဤသူသည် သူတစ်ပါးတို့ကိုကယ်တင်တတ်၏။ ကိုယ်ကိုမကယ်တင်နိုင်ပါတကား" ဟုပြောဆိုခဲ့သောသူသည် ထိုသူပင်ဖြစ်ပါသည်။ ယောသပ်၏ အသုံးမပြုရသေးသည့်သင်္ချိုင်းကုန်းတွင် အထပ်ထပ်ချထားသောအစောင့်အကြပ်များသည်လည်း ကိုယ်တော်၏ထမြောက်ခြင်းကိုမတားဆီးနိုင်ကြတော့ပြီ။

ဘုန်းတော်နှင့်တောက်ပနေသောကယ်တင်ရှင်နှင့် ကောင်းကင်တမန်များ၏ရှေ့မှောက်ဝယ် ထိုရောမစစ်သားများသည် သူရဲဘောကြောင်နေကြပြီး လူသေများနှယ်ဖြစ်နေခဲ့ကြပါသည်။ ကောင်းကင်သားများပျောက်ကွယ်သွားသောအခါ သူတို့သည် မတ်တတ်ထရပ်လိုက်ကြပြီး၊ ဥယျာဉ်ဂိတ်တံခါးဆီသို့အမြန်ဆုံးပြေးသွားကြပြီး တွေ့သမျှသောသူအား၊ အံ့ဖွယ်သတင်းများကို ပြောပြနေကြပါသည်။ ပိလတ်မင်းထံတော်သို့ သူတို့ဦးတည်သွားခဲ့ကြသော်လည်း သူတို့ပြောသောစကားများကို ယုဒအာဏာပိုင်များကကြားသိထားနှင့်ပြီဖြစ်သဖြင့် ၎င်းတို့အား မိမိတို့ထံသို့အရင်လာရန် အခေါ်လွှတ်ခဲ့ကြပါသည်။ ထိုစစ်သူရဲများက ထူးဆန်းသောလက္ခဏာတစ်ခုကို ဖော်ပြခဲ့ကြပါသည်။ ကြောက်ရွံ့တုန်လှုပ်၍ ဖြူဖပ်ဖြူရော်ဖြစ်နေသောမျက်နှာများဖြင့် ခရစ်တော်၏ ထမြောက်ခြင်းအကြောင်းကို သူတို့သက်သေခံခဲ့ကြပါသည်။ ထိုစစ်သူရဲများသည် မိမိတို့တွေ့သမျှမြင်သမျှအားလုံးကို ပြောပြခဲ့ကြပါသည်။ သူတို့၌ အမှန်တရားမှလွဲ၍ မည်သည့်အရာကိုမျှပြောဖို့စဉ်းစားဖို့အချိန်မရပြီ။ ကပ်တိုင်အတင်ခံရသောသူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ ၎င်းအား ကောင်းကင်နိုင်ငံတော်၏တန်ခိုးတော်အရှင်၊ ဘုန်းတော်အရှင်အဖြစ် ကောင်းကင်တမန်တစ်ပါးကြွေးကြော်ဂုဏ်ပြုနေသည်ကို မိမိတို့ကြားခဲ့ရကြောင်းများကို စိတ်ထိခိုက်စွာဖြင့် သူတို့ပြောပြခဲ့ကြ၏။

ယဇ်ပုရောဟိတ်များ၏မျက်နှာများသည် လူသေများ၏မျက်နှာများကဲ့သို့ဖြစ်နေကြပါသည်။ ကယာဖသည် စကားပြောဖို့ကြိုးစားခဲ့ပါသည်။



သူ၏နှုတ်ခမ်းအစုံသည်လှုပ်နေသော်လည်း အသံကားမထွက်ခဲ့ချေ။ ထိုစစ်သူရဲများသည် ထိုအခန်းထဲမှထွက်ခွာသွားတော့မည်အလုပ်တွင် အသံတစ်ခုက ၎င်းတို့အားဟန့်တားလိုက်ပါသည်။ ကယာဖသည် အဆုံးတွင်စကားပြောနိုင်လာပြီး၊ စောင့်ပါဦး။ သင်တို့မြင်ခဲ့သောဤအရာများကို မည်သူ့ကိုမျှမပြောနှင့်ဟု တားမြစ်ခဲ့ပါသည်။

ထို့ပြင် ယဇ်ပုရောဟိတ်များက "ညအခါ ငါတို့အိပ်ပျော်စဉ်တွင် ထိုသူ၏တပည့်တို့သည်လာ၍ အလောင်းကိုခိုးသွားကြသည်ဟု သင်တို့ပြောကြလော့" ဟု ထိုစစ်သူရဲများအား မှားယွင်းသောသတင်းတစ်ခုကိုကြွေးကြော်ကြရန် သင်ပေးလိုက်ကြပါသည်။ ယဇ်ပုရောဟိတ်များသည် ကိုယ့်ကိုကိုယ်လှည့်စားနေကြခြင်းသာဖြစ်ပါသည်။ မိမိတို့အိပ်ပျော်နေစဉ်တွင် တပည့်တော်များကလာ၍ အလောင်းတော်ကိုခိုးသွားသည်ဟု ထိုစစ်သူရဲများကအဘယ်သို့ပြောနိုင်ပါမည်နည်း။ အကယ်၍ သူတို့အိပ်ပျော်နေခဲ့ကြလျှင် သူတို့သည် အဘယ်သို့သိနိုင်ကြပါမည်နည်း။ ၎င်းပြင်၊ အလောင်းကိုတပည့်တော်များ ခိုးယူသွားကြကြောင်း သက်သေထူခဲ့လျှင် ယဇ်ပုရောဟိတ်များက သူတို့အားရှေးဦးစွာအပြစ်စီရင်ကြလိမ့်မည်မဟုတ်ပါလား။ အကယ်၍ ထိုကင်းစောင့်များသည် သင်္ချိုင်းဂူတွင်အိပ်ပျော်ခဲ့ကြမည်ဆိုလျှင် ယဇ်ပုရောဟိတ်များက ၎င်းတို့အားပိလတ်မင်းထံတွင် ရှေးဦးစွာစွဲချက်တင်ကြလိမ့်မည်မဟုတ်ပါလား။

မိမိတို့တာဝန်ထမ်းဆောင်စဉ်တွင် အိပ်ပျော်နေသဖြင့် စွဲချက်အတင်ခံရမည်ကိုလည်း သူတို့စိုးရွံ့နေကြပါသည်။ ဤပြစ်မှုမျိုးသည် သေဒဏ်ပေးနိုင်သည့်ပြစ်မှုမျိုးဖြစ်ပါသည်။ လူများကိုလိမ်ညာရန် မမှန်သောသက်သေကိုခံမည်ဆိုလျှင် သူတို့သည်စိုးရိမ်ဖွယ်အသက်အန္တရာယ်ရှိလာနိုင်ပါသည်။ သူတို့သည် မိမိတို့၏ကင်းစောင့်တာဝန်ကို မအိပ်ဘဲမစောင့်ခဲ့ကြဖူးလား။ ငွေမျက်နှာကိုကြည့်၍လိမ်ညာပြီးထွက်ဆိုခဲ့ကြမည်ဆိုလျှင် အမှုအစစ်ခံရာတွင် မည်ကဲ့သို့၎င်းတို့အနေဖြင့် အမှုနိုင်နိုင်ပါမည်နည်း။

မိမိတို့မလိုလားသော ထိုသက်သေခံချက်ကို တိတ်သွားစေရန်အလို့ငှာ ခရစ်တော်ထမြောက်သွားသည်ဆိုသည့်သတင်းကို ပိလတ်မင်းအနေ

နှင့်လည်း မိမိတို့ထက်ပို၍နှစ်မြို့မည်မဟုတ်ကြောင်းပြောလျက် ယဇ်ပုရောဟိတ်များသည် ထိုအစောင့်တပ်သားများ၏အသက်အန္တရာယ်ကိုအာမခံရန် ကတိပြုခဲ့ကြပါသည်။ ထိုရောမစစ်သူရဲများသည် အမှန်တရားကိုပိုက်ဆံနှင့်လဲခဲ့ကြချေပြီ။ ထိုသူများသည် အမှန်တရား၏ထိတ်လန့်စရာအကောင်းဆုံးသတင်းစကားတစ်ခုကိုကြားပြောရန် ထိုယဇ်ပုရောဟိတ်များထံသို့ရောက်ရှိလာခဲ့ကြပြီး၊ ပိုက်ဆံကိုအဓိကထားလျက် ယဇ်ပုရောဟိတ်များသင်ပေးလိုက်ကြသည့်မမှန်သောသတင်းများကို လှည့်လည်ပြောကြားရန် ပြန်ထွက်သွားခဲ့ကြပါသည်။

ထိုစဉ်မှာ ခရစ်တော်ထမြောက်သည့်သတင်းစကားသည် ပိလတ်မင်းထံသို့ရောက်ရှိသွားခဲ့ပါသည်။ ပိလတ်မင်းသည် ခရစ်တော်ကိုသေဒဏ်ပေးရာတွင် တာဝန်ရှိသောပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သော်လည်း ထိုသူများနှင့်နှိုင်းယှဉ်ကြည့်ခဲ့လျှင် စိတ်မပူသယောင်ဖြစ်ခဲ့ပါသည်။ စိတ်မပါ့တပါနှင့် ကယ်တင်ရှင်အားကွပ်မျက်ခဲ့ရသဖြင့် သနားသောစိတ်ရှိသော်လည်း စစ်မှန်သောနောင်တတရားကို ယခုတိုင်မရရှိသေးချေ။ သူသည်ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မည်သူ့ကိုမျှမတွေ့ရန်ဆုံးဖြတ်ကာ တံခါးပိတ်နေခဲ့ပါသည်။ သို့ပါသော်လည်း၊ ယဇ်ပုရောဟိတ်များသည် သူ့ထံသို့မရမကအရောက်လာခဲ့ကြပြီး၊ မိမိတို့တီထွင်ထားသည့်အစီအစဉ်ကိုပြောပြကာ ထိုကင်းစောင့်များ၏တာဝန်ပျက်ကွက်မှုကို လျစ်လျူရှုပေးရန် တောင်းပန်ခဲ့ကြပါသည်။ ထိုတောင်းဆိုချက်ကိုသဘောမတူမီ သူသည်ထိုအစောင့်တပ်သားများနှင့် သီးသန့်တွေ့ဆုံကာမေးမြန်းကြည့်ခဲ့ပါသည်။ သူတို့သည် မိမိတို့၏အသက်အန္တရာယ်ကိုစိုးရိမ်ရသဖြင့် တစ်စုံတစ်ခုကိုမျှဖုံးကွယ်ခြင်းမပြုဘဲ ဖြစ်သမျှကိုပြောပြခဲ့ကြပါသည်။ ပိလတ်မင်းသည် ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာအားလုံးကို သူတို့ထံမှကြားသိခဲ့ရပါသည်။ သူသည် ထိုကိစ္စကိုဆက်လက်မဆောင်ရွက်ခဲ့သော်လည်း ထိုအချိန်မှစ၍ စိတ်နှလုံးငြိမ်သက်မှုမရရှိခဲ့တော့ချေ။

ခရစ်တော်အား သင်္ချိုင်းဂူထဲ၌မြှုပ်နှံထားသောအချိန်တွင် စာတန်သည် အသာရနေခဲ့ပါသည်။ ကယ်တင်ရှင်အနေဖြင့် နောက်တစ်ဖန်ပြန်လည်



အသက်မရှင်နိုင်တော့ဟုလည်း မျှော်လင့်ခဲ့ပါသည်။ ခရစ်တော်၏အလောင်းတော်ကိုတောင်းပန်၍ သင်္ချိုင်းဂူကိုသူ၏နတ်ဆိုးများအားစောင့်ကြပ်စေကာ ကိုယ်တော်အားအကျဉ်းသားတစ်ဦးအဖြစ် ထိန်းချုပ်ထားရန်ကြိုးစားခဲ့ပါသည်။ ၎င်း၏နတ်ဆိုးများသည် ကောင်းကင်တမန်များချဉ်းကပ်လာသောအချိန်တွင် ထွက်ပြေးသွားကြသည်ကိုမြင်သောအခါ သူအလွန်စိတ်ဆိုးခဲ့ပါသည်။ ခရစ်တော်သည် အောင်မြင်မှုသရဖူကိုဆောင်းလျက် ထမြောက်လာသည်ကိုတွေ့ရသောအခါတွင် မိမိ၏တိုင်းနိုင်ငံသည် အဆုံးသို့ရောက်တော့မည်ဖြစ်ကြောင်း၊ မိမိသည်နောက်ဆုံးတွင်သေရမည်ဖြစ်ကြောင်း သူသိရှိခဲ့ပါသည်။

ထိုယဇ်ပုရောဟိတ်များသည် ခရစ်တော်ကိုကွပ်မျက်လိုက်ကြခြင်းအားဖြင့် မိမိတို့ကိုယ်ကို စာတန်၏အသုံးခံပစ္စည်းများဖြစ်စေခဲ့ကြပါသည်။ ယခုတွင်သူတို့သည် ၎င်း၏ဩဇာခံလုံးလုံးဖြစ်ခဲ့ရချေပြီ။ လွတ်လမ်းမရှိသောစာတန်၏ထောင်ချောက်တွင် အဖမ်းခံထားကြရပေရာ ခရစ်တော်ကိုသာဆက်လက်၍တိုက်လှန်ခဲ့ကြပါတော့သည်။ ခရစ်တော်ရှင်ပြန်ထမြောက်ကြောင်းသတင်းကို သူတို့ကြားသိရသောအခါ လူထုကြီး၏အမျက်ထွက်ခံရမည်ကိုလည်း သူတို့စိုးရိမ်မိခဲ့ကြပါသည်။ သူတို့၌အသက်အန္တရာယ်ရှိနေကြောင်းကိုလည်း သိထားခဲ့ကြပါသည်။ ဤပြဿနာမှထွက်ပေါက်တစ်ခုသာရှိပါသည်။ ၎င်းမှာ ခရစ်တော်ထမြောက်သည်ဆိုသည်မှာ မမှန်ကန်ကြောင်းငြင်းဆို၍ ကိုယ်တော်အားအယောင်ဆောင်သမားတစ်ဦးအဖြစ် ထင်ရှားအောင်သက်သက်ပြရန်သာဖြစ်ပါသည်။

စစ်သူရဲများကိုလာဘ်ထိုးကာ ပိလတ်မင်းကိုလည်းနှုတ်ပိတ်ထားဖို့တောင်းပန်လျက် ၎င်းတို့၏မှားယွင်းသောသတင်းကို ရပ်နီးရပ်ဝေးတွင်ပျံ့နှံ့စေခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့၏နှုတ်ပိတ်ခြင်းငှာမစွမ်းနိုင်သည့် သက်သေများလည်းရှိနေပါသေးသည်။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ထိုစစ်သူရဲများပြုလုပ်ခဲ့သောသက်သေခံချက်ကို လူအတော်များများကကြားခဲ့ကြလေပြီ။ ၎င်းပြင် ခရစ်တော်နှင့်အတူထမြောက်ခဲ့ကြသော အချို့လူသေများကလည်း များစွာသောလူများထံသွား၍ ကိုယ်တော်ထမြောက်ပြီ

ဖြစ်ကြောင်းကို ကြွေးကြော်ခဲ့ကြပေပြီ။ ကိုယ်တော်ရှင်၏ထမြောက်တော်မူခြင်းကို မြင်ခဲ့ကြားခဲ့ရသူများအကြောင်းကို ယဇ်ပုရောဟိတ်များထံသတင်းပို့ခဲ့ကြပါသည်။ လမ်းမတွင်လမ်းလျှောက်စဉ်တွင်ဖြစ်စေ၊ မိမိတို့နေအိမ်ရှိသီးသန့်အခန်းများတွင်နေထိုင်စဉ်၌ဖြစ်စေ၊ ခရစ်တော်နှင့်ပက်ပင်းတိုးမိမည်ကိုပင် ထိုယဇ်ပုရောဟိတ်များစိုးရွံ့နေကြရပါသည်။ မိမိတို့အတွက် လုံခြုံသောနေရာဟူ၍မရှိတော့ကြောင်းကို သူတို့သိရှိထားကြပါသည်။ မည်သည့်မင်းတုပ်နှင့်ကန့်လန့်များကမျှ ကိုယ်တော်ရန်မှမကာကွယ်နိုင်ပြီ။ “သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်း တည်ရှိပါစေ” ဟူ၍အော်ဟစ်ကြသောအချိန်၌ ထိုတရားခွင်တွင်ဖြစ်ပျက်ခဲ့သောမြင်ကွင်းသည် နေ့ရောညပါ သူတို့ရှေ့တွင်ထင်ရှားနေပါသည်။ (မဿဲ ၂၇း၂၅)။ ထိုမြင်ကွင်းသည် ၎င်းတို့၏စိတ်အာရုံထဲမှ မည်သည့်အခါမျှကွယ်ပျောက်သွားခဲ့လိမ့်မည်မဟုတ်ချေ။ သူတို့သည် မည်သည့်အခါမျှအေးချမ်းသာယာစွာဖြင့် အိပ်စက်နိုင်ကြလိမ့်မည်မဟုတ်ချေ။

သင်၏ခမည်းတော်ဘုရားသည် သင့်အားခေါ်တော်မူပြီဟူသောအားကြီးသည့်ကောင်းကင်တမန်တစ်ပါး၏အသံသည် ခရစ်တော်၏သင်္ချိုင်း၌ပေါ်ထွက်လာသောအချိန်တွင် ကယ်တင်ရှင်သည် အသက်ရှင်လျက်နှင့်သင်္ချိုင်းတွင်းမှထွက်လာတော်မူခဲ့ပါသည်။ ထိုအချိန်တွင် “ငါသည်ကိုယ်အသက်ကိုစွန့်၍ နောက်တစ်ဖန်ယူဦးမည်။ ---- ကိုယ်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တစ်ဖန် ကိုယ်အသက်ကိုယူပြန်၍ ရသောအခွင့်သည်ငါ၌ရှိ၏” ဟူ၍ ကိုယ်တော်မိန့်မြွက်ခဲ့သောနှုတ်ကပတ်တော်သည် မှန်ကန်ကြောင်းထင်ရှားခဲ့၏။ ထိုအချိန်တွင် “ဤဗိမာန်တော်ကိုဖြိုဖျက်ကြလော့၊ သုံးရက်အတွင်းတွင်ငါတည်ဆောက်မည်” ဟု ယဇ်ပုရောဟိတ်များအားကိုယ်တော်မိန့်မြွက်ခဲ့သောအနာဂတ္တိစကားသည် ပြည့်စုံခြင်းသို့ရောက်ခဲ့၏။

ခရစ်တော်သည် ကွဲသွားခဲ့သောယောသပ်၏သင်္ချိုင်းဂူအပေါ်တွင် “ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း” ဖြစ်၏ဟု အောင်မြင်သောအသံနှင့်ကြွေးကြော်တော်မူခဲ့ပါသည်။ ဤစကားများကို





ဘုရားသခင်တစ်ဆူတည်းကသာ ပြောဆိုခွင့်ရှိသောစကားများဖြစ်ပါသည်။ ဖန်ဆင်းခြင်းခံရသော ဝေနေယျသတ္တဝါအပေါင်းတို့သည် ဘုရားသခင်၏အလိုတော်နှင့်တန်ခိုးတော်ကြောင့်သာ အသက်ရှင်နေကြပါသည်။ ထိုသူတို့သည် ဘုရားသခင်ထံမှအသက်ကို လက်ခံရယူထားကြသည့် အင်အားချည့်နဲ့သောသူများသာဖြစ်ကြပါသည်။ အကြီးမြတ်ဆုံးသောကောင်းကင်တမန်မှသည်အနိမ့်ကျဆုံးသောသတ္တဝါကလေးတိုင်း အားလုံးသောဝေနေယျသတ္တဝါများသည် ဘုရားသခင်ထံမှအသက်ကိုရယူထားကြသူများသာဖြစ်ကြပါသည်။ ထာဝရဘုရားနှင့်တစ်လုံးတစ်ဝတည်းရှိသော ကိုယ်တော်တစ်ဦးတည်းကသာ “ငါ၌၊ ကိုယ်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တစ်ဖန်ကိုယ်အသက်ကိုပြန်ယူရသောအခွင့်ရှိသည်” ဟုပြောဆိုပိုင်ခွင့်ရှိပါသည်။ ခရစ်တော်သည်မိမိ၏ဘုရားဇာတိတော်အားဖြင့် သေခြင်း၏အနှောင်အဖွဲ့ကို ချိုးဖောက်နိုင်သည့်တန်ခိုးဣဒ္ဓိပါဒ်ကို ပိုင်ဆိုင်တော်မူခဲ့ပါသည်။

ခရစ်တော်သည် အိပ်ပျော်လျက်ရှိနေကြသောသူများ၏အဦးသီးအဖြစ်သေခြင်းမှထမြောက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် နိမ့်တုံမြင့်တုံလှုပ်ရှားနေသောကောက်လှိုင်းကို ပုံဆောင်ခြင်းခံရသူတစ်ပါးဖြစ်ခဲ့ပါသည်။ ၎င်းပြင်ကိုယ်တော်သည် ထိုကောက်လှိုင်းကို ဘုရားသခင်ထံတော်တွင်ဆက်ကပ်သောအချိန်တွင် ရှင်ပြန်ထမြောက်တော်မူခဲ့ပါသည်။ ပုံဆောင်ကျင်းပသောဤအခမ်းအနားကို နှစ်ပေါင်းတစ်ထောင်ကျော်ပြုလုပ်ကျင်းပခဲ့ပါသည်။ ကောက်လှိုင်းများကိုရိတ်သိမ်းရာသီတွင် စပါးပင်မှအဦးသီးများကိုစုသိမ်းကာ ပသခါပွဲကျင်းပရန် ယေရုရှလင်မြို့သို့ရောက်ရှိလာသောအခါ ထိုအဦးသီးကောက်လှိုင်းကို ကျေးဇူးတော်ခံရာပူဇော်သကာအဖြစ် ဘုရားသခင်ထံဆက်ကပ်ကြရပါသည်။ ဤကောက်လှိုင်းကို ဘုရားသခင်ထံဆက်ကပ်မပြီးမချင်း၊ ကောက်လှိုင်းများကိုရိတ်သိမ်းခြင်း၊ ချည်နှောင်ခြင်းမပြုလုပ်ရချေ။ ဘုရားသခင်ထံဆက်ကပ်သည့်ထိုကောက်လှိုင်းသည် ရိတ်သိမ်းပွဲကိုပုံဆောင်ပါသည်။ ထိုနည်းအတူ အဦးသီးဖြစ်တော်မူသောခရစ်တော်သည် ဘုရားသခင်၏နိုင်ငံတော်တွင်စုရုံးကြမည့် မဟာဝိညာဉ်ရေးရိတ်သိမ်းပွဲကြီးကို ပုံဆောင်ထားပါ

သည်။ ကိုယ်တော်ရှင်၏ရှင်ပြန်ထမြောက်ခြင်းသည် ဖြောင့်မတ်လျက်အိပ်ပျော်နေသော လူသေအားလုံး၏ထမြောက်ခြင်းအတွက် ပုံဆောင်မှုတစ်ရပ်နှင့် အာမခံချက်တစ်ရပ်ဖြစ်ပါသည်။ "ယေရှုသည် သေပြီးမှတစ်ဖန်ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင် ထိုနည်းတူယေရှု၌အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်" ၁သက်၊ ၄း၁၄။

ခရစ်တော်သည် မိမိနှင့်အတူများစွာသောလူသေများအား ထမြောက်စေတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်အသက်ချုပ်တော်မူစဉ်က လှုပ်လိုက်သောမြေငလျင်သည် ထိုသူများ၏သင်္ချိုင်းကိုကွဲအက်ပွင့်လစ်စေခဲ့ပြီး၊ ကိုယ်တော်ရှင်ပြန်ထမြောက်သောအချိန်၌ ထိုသူများလည်းထမြောက်လာခဲ့ကြပါသည်။ ထိုသူများသည် ဘုရားသခင်နှင့်လက်တွဲလုပ်ဆောင်ခဲ့ကြသောလုပ်ဖော်ဆောင်ဖက်များ၊ သမ္မာတရားကိုသက်သေခံရန် မိမိတို့၏အသက်ကိုစွန့်ပြီးအမှုတော်ဆောင်ခဲ့သူများဖြစ်ကြပါသည်။ ယခုတွင် သေခြင်းမှထမြောက်သွားသည့်ကိုယ်တော်ရှင်အတွက် သက်သေခံကြရန်ဖြစ်ပါသည်။

ခရစ်တော်သည် ဤလောကတွင်အမှုတော်ထမ်းဆောင်စဉ် လူသေကိုရှင်ပြန်ထမြောက်စေခဲ့ပါသည်။ ကိုယ်တော်သည် နာဣနမြို့မုဆိုးမကြီး၏သားကလေးကိုလည်းကောင်း၊ တရားဇရပ်မှူး၏သမီးအားလည်းကောင်း၊ လာဇရုအားလည်းကောင်း ရှင်ပြန်ထမြောက်စေခဲ့ပါသည်။ သို့ရာတွင် ထိုသူများကိုမသေနိုင်တော့သည့်အခြေအနေမျိုးဖြင့် ထမြောက်စေခဲ့ခြင်းမဟုတ်ပါ။ ရှင်ပြန်ထမြောက်ပြီးသည့်နောက်မှာပင်၊ သေတတ်သောသတ္တဝါများဖြစ်ကြဆဲဖြစ်ပါသည်။ သို့ရာတွင် ခရစ်တော်နှင့်အတူရှင်ပြန်ထမြောက်ခဲ့ကြသူများမှာ ထာဝရအသက်ကိုဝင်စားရန်ထမြောက်ခဲ့ကြခြင်းဖြစ်ပါသည်။ သေခြင်းအပေါ်တွင် ကိုယ်တော်၏အောင်နိုင်မှုအတွက် ဆုမင်္ဂလာများကဲ့သို့ ၎င်းတို့သည်ကိုယ်တော်နှင့်အတူ ကောင်းကင်နိုင်ငံတော်သို့တက်ကြွသွားကြပါသည်။ "ဤသူများသည် စာတန်၏သုံ့ပန်းများမဟုတ်ကြတော့ပြီ။ သူတို့ကိုငါကယ်တင်ခဲ့ပြီ။ သူတို့သည် ငါရှိသောနေရာတွင် ငါနှင့်အတူရှိစေခြင်းငှာ



အဦးသီးများအဖြစ် သူတို့အားသင်္ချိုင်းထဲမှငါခေါ်ထုတ်ခဲ့ပြီ။ သူတို့သည် ဝမ်းနည်းပူဆွေးစရာများကိုလည်းကောင်း၊ သေခြင်းကိုလည်းကောင်း မည်သည့်အခါမျှ၊ မရင်ဆိုင်ရတော့ပြီ" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။

ထိုသူများသည် မြို့ထဲသို့ထွက်ခွာသွားခဲ့ကြပြီး လူအများထံသွားရောက်ကာ "ခရစ်တော်သည် ထမြောက်တော်မူပြီ။ ငါတို့သည် ကိုယ်တော်နှင့်အတူထမြောက်ခြင်းကိုခံခဲ့ရပြီဟု ကြွေးကြော်ကြ၏။ ဤသို့နှယ်ထမြောက်ခြင်းနှင့်ပတ်သက်သည့် မွန်မြတ်သောသမ္မာတရားကို မမေ့နိုင်အောင်ဖြစ်စေခဲ့ပါသည်။ ရှင်ပြန်ထမြောက်ခဲ့ကြသော သန့်ရှင်းသူများက "ကိုယ်တော်၏လူသေတို့သည် အသက်ရှင်ကြပါလိမ့်မည်။ ငါ၏အသေကောင်တို့သည်လည်း ထမြောက်ကြပါလိမ့်မည်" ဟူ၍ နှုတ်ကပတ်တော်၏သမ္မာတရားများကိုသက်သေခံကြပါလိမ့်မည်။ မြေမှုန့်၌နေသောသူတို့ နိုး၍သီချင်းဆိုကြလော့။ အကြောင်းမူကား၊ ကိုယ်တော်၏နှင်းသည် မြက်ပင်တို့ကိုပေါက်စေသောနှင်းကဲ့သို့ဖြစ်၍ မြေသည်လည်းမိမိသင်္ချိုင်းသားတို့ကိုထုတ်ဖော်ရပါလိမ့်မည်" ဟူသော အနာဂတ္တိစကား၏ပြည့်စုံခြင်းအတွက် ၎င်းတို့၏ရှင်ပြန်ထမြောက်ခြင်းသည် သာဓကတစ်ခုဖြစ်ခဲ့ပါသည်။ ဟေရှာယ ၂၆း၁၉။

ခရစ်တော်သည် ယုံကြည်သူများအတွက်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်တော်မူ၏။ အပြစ်ကြောင့်ဆုံးရှုံးသွားခဲ့သောအသက်ကို ခရစ်တော်၌ပြန်လည်ရရှိပါသည်။ အကြောင်းမူကား၊ အလိုတော်ရှိသည့်သူကိုထမြောက်စေရန် ကိုယ်တော်တိုင်၌အသက်ရှိတော်မူ၏။ ကိုယ်တော်သည် ထာဝရအသက်ပေးပိုင်သည့်အခွင့်လည်းရှိတော်မူ၏။ လူသားဇာတိတွင် မိမိစွန့်တော်မူခဲ့သောအသက်ကို တစ်ဖန်ယူပြန်၍ လူသားဇာတိတွင်ရှင်စေတော်မူ၏။ "သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှာလာသတည်း။" "ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလိုငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်။" "ငါ၏အသားကိုစား၍ ငါ၏အသွေးကိုသောက်သောသူသည် ထာဝရအသက်ကို

ရ၏။ ထိုသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်" ယောဟန် ၁၀း၁၀။ ၄း၁၄။ ၆း၅၄။

ယုံကြည်သူများအတွက်သေခြင်းတရားသည် အသေးအဖွဲကိစ္စတစ်ခုသာဖြစ်ပါသည်။ ဤအရာကို ကျွန်ုပ်တို့နှင့်တဒင်္ဂသာစပ်ဆိုင်မည့်အရာတစ်ခုကဲ့သို့လည်း၊ သေခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ခရစ်တော်မိန့်တော်မူထားပါသည်။ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကိုနားထောင်သောသူသည် သေခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။" သေခြင်းကိုဘယ်တော့မှမြည်းစမ်းရတော့မည်မဟုတ်။ ခရစ်ယာန်များအတွက်သေခြင်းသည် အိပ်ပျော်ခြင်းတစ်ခုသာဖြစ်ပါသည်။ ခေတ္တခဏဆိတ်ငြိမ်ခြင်း၊ ခေတ္တခဏအမှောင်ကျခြင်းသာဖြစ်ပါသည်။ ထိုအသက်သည် ဘုရားသခင်၏ထံတော်၌ ခရစ်တော်နှင့်အတူ ဝှက်ထားလျက်ရှိ၏။ "ငါတို့အသက်တည်းဟူသောခရစ်တော်သည် ထင်ရှားတော်မူသောအခါ ငါတို့သည်လည်း ထိုသခင်နှင့်အတူဘုန်းကြီး၍ ထင်ရှားကြလတ္တံ့" ယောဟန် ၈း၅၁၊၅၂။ ကောလောသဲ ၃း၄။

အမှုပြီးပြီဟူ၍ ကပ်တိုင်ထက်မှဟစ်ကြွေးခဲ့သောအသံတော်ကို လူသေများကြားခဲ့ကြပါသည်။ ထိုအသံတော်သည် သင်္ချိုင်းဂူများကိုကွဲစေ၍ အိပ်ပျော်နေသူများအားထလာရန်ဆင့်ဆိုတော်မူ၏။ ကောင်းကင်ယံမှထွက်ပေါ်လာမည့် ခရစ်တော်၏အသံတော်ကိုကြားသောအချိန်တွင်လည်း ထိုနည်းအတူဖြစ်ပျက်ပါလိမ့်မည်။ ထိုအသံတော်သည် သင်္ချိုင်းဂူများအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပြီး၊ ခရစ်တော်၌သေလွန်သောသူများအား ထမြောက်စေပါလိမ့်မည်။ ခရစ်တော်ရှင်ပြန်ထမြောက်စဉ်အချိန်က သင်္ချိုင်းဂူအနည်းငယ်သည် ပွင့်လစ်ခဲ့သော်လည်း ကိုယ်တော်ရှင်ဒုတိယအကြိမ်ကြွလာသောအခါ ခရစ်တော်၌သေလွန်သူအားလုံးသည် ကိုယ်တော်၏အသံတော်ကိုကြားကာ ဘုန်းတော်နှင့်ပြည့်စုံသော မသေနိုင်တော့သည့်အသက်ဖြင့် ထမြောက်လာကြပါလိမ့်မည်။ ခရစ်တော်အားရှင်ပြန်ထမြောက်စေခဲ့သည့် ထိုတန်ခိုးတော်သည် ကိုယ်တော်၏အသင်းတော်အား အာဏာစက်များ၊ အာဏာတန်ခိုးများအားလုံးတို့၏အထက်အမည်နာမမှည့်ခေါ်ထားသည့် အရာအားလုံးတို့၏



အထက်၌ ထူမြှင့်တင်တော်မူကာ၊ ဤပစ္စုပ္ပန်ကမ္ဘာတွင်သာမက နောင်လာမည့်ကမ္ဘာသစ်တွင်လည်း ကိုယ်တော်နှင့်အတူအသရေတင့်တယ်စေတော်မူပါလိမ့်မည်။

****

# tcef; (82)
# tb,faMumifhidka<u;oenf;

ရှင်မဿဲ ၂၈း၁၊ ၅–၈။ မာကု ၁၆း၁–၈။ လုကာ ၂၄း၁–၁၂။ ယောဟန် ၂၀း၁–၁၈ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်၏ကပ်တိုင်ခြေရင်းတွင်ရှိနေခဲ့ကြသော ထိုအမျိုးသမီးများသည် ဥပုသ်ထွက်မည့်အချိန်ကိုစောင့်ဆိုင်းနေကြပါသည်။ ခုနစ်ရက်တွင် ပထမနေ့ရက်၏အရုဏ်ဦးအချိန်၌ ခရစ်တော်၏အလောင်းကိုသုတ်လိမ်းပက်ဖျန်းပေးရန် အမွှေးနံ့သာများကိုယူဆောင်ကာ သင်္ချိုင်းဂူသို့ဦးတည်၍သွားခဲ့ကြပါသည်။ ခရစ်တော်ထမြောက်သွားကြောင်းကို သူတို့လုံးလုံးမစဉ်းစားမိခဲ့ကြချေ။ ၎င်းတို့၏မျှော်လင့်ချက်ရောင်ခြည်သည် ဆိတ်ကွယ်ခဲ့ရပေပြီ။ သူတို့၏စိတ်နှလုံးများသည် ဝမ်းနည်းပူဆွေးမှုများဖြင့်ပြည့်သိပ်နေခဲ့ပါသည်။ သင်္ချိုင်းသို့သွားစဉ်မှာပင် ခရစ်တော်ပြုတော်မူခဲ့သော ကရုဏာလုပ်ငန်းများနှင့်ပြောတော်မူခဲ့သော နှစ်သိမ့်စကားများအကြောင်းကို ပြန်၍စားမြုံ့ပြန်ခဲ့ကြပါသည်။ သို့ရာတွင် "နောက်တစ်ဖန် သင်တို့ကိုငါတွေ့မြင်ရလိမ့်မည်" ဟူသောစကားကို သူတို့သတိမရခဲ့ကြချေ။

သူတို့သည် ထိုအချိန်တွင် မည်သည့်အရာများဖြစ်ပျက်နေသည်ကို မသိကြဘဲ ဥယျာဉ်အနီးသို့ချဉ်းကပ်လာကာ "တွင်းဝ၌ပိတ်သောကျောက်ကို အဘယ်သူလိမ့်လှန်၍ပေးမည်နည်း" ဟု အချင်းချင်းပြောဆိုနေကြ၏။ ထိုကျောက်တုံးကြီးကို မိမိတို့မရွှေ့နိုင်မှန်းသူတို့သိကြသော်လည်း သင်္ချိုင်းကုန်းဆီသို့ဆက်၍သွားခဲ့ကြပါသည်။ ကြည့်ပါဦး၊ နေ၏အလင်းရောင်မဟုတ်သော အလွန်တောက်ပသောဘုန်းရောင်ခြည်သည် ကောင်းကင်တွင်ရုတ်တရက်ထွန်းလင်းတောက်ပလာခဲ့ပါသည်။ ကမ္ဘာမြေကြီးသည် တုန်လှုပ်သွားခဲ့ပါသည်။ ဂူဝတွင် ကျောက်တုံးကြီးမရှိတော့သည်ကိုလည်းကောင်း၊ သင်္ချိုင်းထဲ၌အလောင်းမရှိတော့သည်ကိုလည်းကောင်း သူတို့တွေ့ရှိခဲ့ကြပါသည်။



ထိုအမျိုးသမီးများသည် သင်္ချိုင်းဆီသို့အရပ်လေးမျက်နှာမှလာခဲ့ကြသည်ဖြစ်ရာ မာဂဒလမာရိသည် ထိုနေရာသို့ပထမဦးဆုံးရောက်ရှိလာကာ ဂူဝတွင်ကျောက်တုံးကြီးမရှိတော့သည်ကိုတွေ့ရသဖြင့် တမန်တော်များကိုသတင်းပို့ရန် အမြန်ထွက်ခွာသွားခဲ့ပါသည်။ ထိုစဉ်တွင် အခြားအမျိုးသမီးများရောက်ရှိလာကြပါသည်။ ထိုသင်္ချိုင်းဂူဝန်းကျင်တွင် ထိန်လင်းနေသော်လည်း ခရစ်တော်၏အလောင်းကား၊ ထိုနေရာတွင်မရှိတော့ပြီ။ သူတို့သည် ထိုနေရာတွင်ရစ်သီရစ်သီလုပ်နေကြစဉ် ထိုနေရာ၌မိမိတို့ချည်းမဟုတ်ကြောင်းသိလာကြပါသည်။ အရောင်အဝါတောက်ပသောဝတ်ရုံကိုဝတ်ဆင်ထားသည့် ပျိုမျစ်နုနယ်လူရွယ်တစ်ဦးသည် ထိုဂူပေါ်တွင်ထိုင်နေပါသည်။ ဤသူသည် ကျောက်တုံးကြီးကိုလှိမ့်ဖယ်ခဲ့သော ကောင်းကင်တမန်ပင်ဖြစ်ပါသည်။ ခရစ်တော်၏နောက်လိုက်မိတ်ဆွေများ အလန့်တကြားဖြစ်မသွားစေရန် သူသည်လူသားသဏ္ဌာန်ကိုဆောင်ခဲ့သော်လည်း ၎င်းတို့၏ပတ်ဝန်းကျင်တွင် အရောင်အဝါတောက်ပနေသောကြောင့် ထိုအမျိုးသမီးများသည် ကြောက်ရွံ့တုန်လှုပ်နေကြပါသည်။ သူတို့သည် ထွက်ပြေးဖို့ပြန်အလှည့်တွင် ကောင်းကင်တမန်က "ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ လက်ဝါးကပ်တိုင်မှာသတ်သောယေရှုကို သင်တို့ရှာကြသည်ကိုငါသိ၏။ ဤအရပ်၌မရှိ၊ မိန့်တော်မူသည့်အတိုင်း ထမြောက်တော်မူပြီ။ လာကြ၊ သခင်လျောင်းတော်မူရာအရပ်ကိုကြည့်ကြလော့။ အလျင်အမြန်ပြန်သွား၍ သေခြင်းမှထမြောက်တော်မူကြောင်းကို တပည့်တော်တို့အားပြောကြလော့" ဟုပြောဆိုလိုက်သဖြင့် ခြေလှမ်းများတုံ့သွားခဲ့ကြပါသည်။ သူတို့သည် သင်္ချိုင်းဂူကိုကြည့်လိုက်၊ အံ့သြဖွယ်သတင်းကိုနားထောင်လိုက်နှင့်အလုပ်များနေစဉ် ထိုနေရာတွင်ရှိနေသောအခြားကောင်းကင်တမန်တစ်ပါးက "သင်တို့သည် အသေကောင်ရှိရာအရပ်၌ အသက်ရှင်သောသူကိုအဘယ်ကြောင့်ရှာကြသနည်း။ ဤအရပ်၌မရှိ၊ ထမြောက်တော်မူပြီ။ လူသားသည် ဆိုးသောသူတို့လက်သို့အပ်နှံခြင်း၊ လက်ဝါးကပ်တိုင်မှာအသေသတ်ခြင်းကိုခံရမည်။ သုံးရက်မြောက်သောနေ့၌ထမြောက်လိမ့်မည်ဟု ဂါလိလဲပြည်၌ရှိတော်မူစဉ် သင်တို့အားမိန့်တော်မူသောစကားကို အောက်မေ့ကြဦးဟုဆို၏။"

ကိုယ်တော်ရှင်ထမြောက်တော်မူပြီ၊ ကိုယ်တော်ရှင်ထမြောက်တော်မူပြီဟူသောစကားကို ထိုအမျိုးသမီးများသည် ထပ်ခါတလဲလဲရွတ်ဆိုခဲ့ကြပါသည်။ အလောင်းတော်ကိုလူးပေးရန် အမွှေးနံ့သာများကို ယခုတွင်မလိုတော့ပြီ။ ကယ်တင်ရှင်သည် အသက်ရှင်လျက်ရှိပြီ။ သေသောသူမဟုတ်တော့ပြီ။ ကိုယ်တော်သည် အသေသတ်ခံခြင်းနှင့်ပတ်သက်၍မိန့်မြွက်စဉ်က တစ်ဖန်ထမြောက်တော်မူမည်အကြောင်းကိုလည်း မိန့်တော်မူခဲ့သည်ကို ယခုတွင်သူတို့သတိရလာခဲ့ကြပါသည်။ ဤလောကကမ္ဘာအတွက် မည်မျှထူးခြားသည့်နေရက်ကြီးပါလဲ။ ထိုအမျိုးသမီးများသည် "ကြောက်ရွံ့သဖြင့်လည်းကောင်း၊ အလွန်ဝမ်းမြောက်သဖြင့်လည်းကောင်း သင်္ချိုင်းတော်မှအလျင်အမြန်သွား၍ တပည့်တော်တို့အား ထိုသတင်းစကားကိုကြားပြောခြင်းငှာ" ထွက်ခွာသွားခဲ့ကြပါသည်။

မာဂဒလမာရိသည် ထိုသတင်းကောင်းကိုမကြားခဲ့ရချေ။ ထိုကြောင့် "ကျွန်မ၏သခင်ကိုယူသွားကြပြီ။ အဘယ်မှာထားကြသည်ကိုမသိပါ" ဟူသောဝမ်းနည်းစရာသတင်းကို ပေတရုနှင့်ယောဟန်တို့ထံသို့ယူဆောင်သွားခဲ့၏။ သို့နှင့်တမန်တော်များသည် သင်္ချိုင်းကုန်းသို့အလျင်အမြန်သွား၍ကြည့်ရှုကြရာ မာရိပြောသည့်အတိုင်းဖြစ်သည်ကို တွေ့ခဲ့ရပါသည်။ ပိတ်ပုဆိုးနှင့်ပဝါကိုသာ သူတို့တွေ့ခဲ့ကြရပြီး၊ သခင်ဘုရားကိုမူ မတွေ့ရှိခဲ့ကြချေ။ ထိုသို့မတွေ့ပင်မတွေ့ငြားသော်လည်း ကိုယ်တော်ရှင်ထမြောက်တော်မူပြီဖြစ်ကြောင်းကို ဤနေရာတွင်အထောက်အထားရှိနေပါသည်။ ထိုအဝတ်များကိုလွှတ်ပစ်ထားသည်မဟုတ်ဘဲ သေချာစွာခေါက်ကာ သူ့နေရာနှင့်သူသိမ်းဆည်းထားခဲ့ပါသည်။ ယောဟန်သည် ထိုအရာကိုမြင်တွေ့ကာ ယုံကြည်ခြင်းသို့ရောက်ခဲ့ပါသည်။ သူသည် ယခုတိုင်အောင် ခရစ်တော်သေခြင်းမှထမြောက်မည်ဟူသော ကျမ်းစကားကိုနားမလည်သေးသော်လည်း ရှင်ပြန်ထမြောက်မည်ဟူ၍ ကြိုတင်ပြောကြားခဲ့သော ကိုယ်တော်၏စကားများကို ထိုအချိန်တွင်ပြန်လည်သတိရလာခဲ့ပါသည်။

လူသေအဝတ်အစားများကို ထိုကဲ့သို့စနစ်တကျထားသိုထားခဲ့သူမှာ ခရစ်တော်ကိုယ်တိုင်ပင်ဖြစ်ပါသည်။ ခွန်အားကြီးသောကောင်းကင်တမန်သည်



ထိုသင်္ချိုင်းဂူသို့ရောက်လာသောအချိန်တွင် ကိုယ်တော်ရှင်၏အလောင်းကိုစောင့်ကြပ်နေကြသည့် ကောင်းကင်တမန်အဖွဲ့ထဲမှတစ်ပါးသည် ၎င်းနှင့်ပူးပေါင်းခဲ့ပါသည်။ ကောင်းကင်မှဆင်းကြွလာသောကောင်းကင်တမန်သည် ကျောက်တုံးကြီးကိုဖယ်ရှားပေးနေစဉ် အခြားကောင်းကင်တမန်တစ်ပါးသည် သင်္ချိုင်းတွင်းသို့ဝင်ကာ ခရစ်တော်၏အလောင်းကိုရစ်ပတ်ထားသောအဝတ်များကို ဖြည်ပေးခဲ့ပါသည်။ သို့ရာတွင် ကိုယ်တော်ရှင်သည် မိမိ၏လက်တော်ဖြင့် ထိုအဝတ်များကိုခေါက်လိုက်ကာ နေသားတကျသိုထားလိုက်ပါသည်။ ကြယ်များနှင့်မြူမှုန်များကို ညီတူမျှတူလမ်းပြပို့ဆောင်တော်မူသည့် ကိုယ်တော်ရှင်၏ရှေ့တော်တွင် အရေးမပါသောအရာဟူ၍ တစ်စုံတစ်ရာမျှမရှိပါချေ။ အစီအစဉ်ကျနမှုနှင့်စုံလင်မှုများကို လက်ရာတော်အားလုံးတွင်တွေ့မြင်ရပါသည်။

မာရိသည် ယောဟန်နှင့်ပေတရုတို့နောက်မှကပ်၍ သင်္ချိုင်းကုန်းသို့လိုက်လာခဲ့ပါသည်။ ထိုတမန်တော်နှစ်ပါးသည် သင်္ချိုင်းကုန်းမှယေရုရှလင်မြို့သို့ပြန်သွားခဲ့ကြသော်လည်း သူမမှာမူ ထိုနေရာ၌နေရစ်ခဲ့ပါသည်။ အလောင်းမရှိတော့သည့်ဂူကြီးကိုကြည့်ကာ ဝမ်းနည်းပက်လက်ဖြစ်နေပါသည်။ သို့နှင့်သူမသည်အထဲသို့ကြည့်လိုက်ရာ ကောင်းကင်တမန်တစ်ပါးသည် ကိုယ်တော်ရှင်အားမြှုပ်နှံခဲ့သောဂူ၏ခေါင်းရင်းတွင်လည်းကောင်း၊ ကျန်တစ်ပါးသည် ခြေရင်းတွင်လည်းကောင်းရှိနေကြသည်ကို တွေ့လိုက်ရပါသည်။ "ထိုသူတို့က အချင်းမိန်းမ၊ အဘယ်ကြောင့်ငိုကြွေးသနည်းဟုမေးလျှင် ကျွန်မ၏သခင်ကိုယူသွားကြပြီ၊ အဘယ်မှာထားသည်ကိုမသိပါ" ဟုပြောလေ၏။

ထိုနောက်သူမသည် ခရစ်တော်၏အလောင်းတော်နှင့်ပတ်သက်၍ မစနိုင်မည့်သူတစ်ဦးအားရှာဖွေရမည်ဟူသောအတွေးဖြင့် ထိုကောင်းကင်တမန်ထံမှထွက်ခွာသွားခဲ့ပါသည်။ "အချင်းမိန်းမ၊ အဘယ်ကြောင့်ငိုကြွေးသနည်း" ဟု အခြားအသံတစ်ခုက သူမအားမေးမြန်းလိုက်ပါသည်။ မျက်ရည်စများကြောင့် မှုန်ဝါးဝါးဖြစ်နေသောမျက်လုံးများဖြင့်ကြည့်လိုက်ရာ လူတစ်ယောက်၏သဏ္ဌာန်ကိုတွေ့လိုက်ရသဖြင့် ထိုသူအားဥယျာဉ်မှူးကြီး

ဖြစ်မည်အထင်နှင့်၊ "သင်သည်သူ့ကိုဆောင်သွားသည်မှန်လျှင် အဘယ်မှာထားသည်ကို ကျွန်မအားပြောပါ။ ကျွန်မယူသွားပါမည်အရှင်" ဟု ပြောလေ၏။ ဤသူဌေးကြီးယောသပ်၏သင်္ချိုင်းဂူသည် ခရစ်တော်ကိုမြှုပ်နှံရန် အသရေတင့်တယ်သောနေရာဖြစ်ခဲ့မည်ဆိုလျှင် သူမကိုယ်တိုင် ခရစ်တော်၏အလောင်းကိုထားရန် စီစဉ်ခဲ့ပါလိမ့်မည်။ ခရစ်တော်၏အသံတော်ကြောင့် အလောင်းမရှိဘဲလွတ်နေသည့် သင်္ချိုင်းဂူတစ်ခုရှိထားပါသည်။ ထိုဂူသည် လာဇရုအားမြှုပ်နှံခဲ့သောဂူပင်ဖြစ်ပါသည်။ သခင်ဘုရား၏အလောင်းတော်အတွက် မြှုပ်နှံဖို့ဂူတစ်ခုကို ထိုနေရာတွင်သူမ မရှာနိုင်ခဲ့ဖူးလား။ ခရစ်တော်၏မွန်မြတ်လှသောအလောင်းတော်ကို ပြုစုစောင့်ရှောက်ခြင်းသည် သူမ၏ဝမ်းနည်းကြေကွဲမှုကို အကြီးအကျယ်သက်သာရာရလိမ့်မည်ဖြစ်ကြောင်း သူမသိရှိခံစားခဲ့ရပါသည်။

သို့ရာတွင် ခရစ်တော်သည် ယခုအချိန်၌သူမအားပြောနေကျအသံနေအသံထားဖြင့် "မာရိ" ဟု ခေါ်လိုက်ပါသည်။ ထိုအခါ မာရိသည် မိမိအားစကားပြောနေသူသည် သူစိမ်းတစ်ဦးမဟုတ်ကြောင်းသိရှိကာ လှည့်ကြည့်လိုက်ရာ အသက်ရှင်လျက်ရှိသောခရစ်တော်ကို တွေ့လိုက်ရပါသည်။ သူမသည် ဝမ်းသားအားရစွာဖြင့် ခရစ်တော်သည် ကပ်တိုင်အတင်ခံခဲ့ရသည်ကိုပင်မေ့လျော့သွားပြီး၊ ကိုယ်တော်ထံသို့တစ်ဟုန်ထိုးပြေးသွားကာ ခြေတော်ကိုဖက်ယမ်းမည်ပြုကာ "ရဗ္ဗုနိ" ဟု ထူးလေ၏။ သို့ရာတွင် ယေရှုက မိမိလက်တော်ကိုမြှောက်လျက် "ငါကိုမဖက်နှင့်ဦး၊ ငါသည်ခမည်းတော်ထံသို့မတက်ရသေး၊ ငါ့ညီတို့ရှိရာသို့သွားလော့၊ ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော် ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်ထံသို့ ငါတက်ရမည်အကြောင်းအရာကိုကြားပြောလော့" ဟု မိန့်ကြားတော်မူ၏။ သို့နှင့်မာရိသည် ဝမ်းမြောက်ရွှင်မြူးစွာဖြင့် တမန်တော်များထံသို့ထွက်ခွာသွားခဲ့ပါသည်။

ခရစ်တော်သည် မိမိအသေသတ်ခံခြင်းကို အဖခမည်းတော်အသိအမှတ်ပြုလက်ခံကြောင်း အာမခံချက်မရမချင်း မိမိလူများ၏ကိုးကွယ်ခြင်းကို



လက်ခံရန်ငြင်းဆိုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကောင်းကင်ရွှေနန်းသို့တက်ကြွသွားသောအခါတွင် လူတို့၏အပြစ်များအတွက် ကိုယ်တော်ရှင်ပြုတော်မူသော အပြစ်ဖြေခြင်းအမှုသည် လုံလောက်မှုရှိကြောင်း၊ ကိုယ်တော်၏အသွေးတော်အားဖြင့် လူအပေါင်းတို့သည် ထာဝရအသက်ရရှိနိုင်ကြောင်းစသည့်အာမခံချက်များကို ဘုရားသခင်ကိုယ်တော်တိုင် မိန့်တော်မူသည်ကိုကြားသိခဲ့ရပါသည်။ နောင်တရသောသူများနှင့် အလိုတော်ကိုလိုက်လျှောက်သူများအား ကိုယ်တော်လက်သင့်ခံမည်ဟူသော ခရစ်တော်နှင့်ပြုတော်မူခဲ့သည့်ပဋိညာဉ်ကို အဖခမည်းတော်က အတည်ပြုတော်မူခဲ့ပါသည်။ ၎င်းပြင်အဖဘုရားသခင်သည် သားတော်ကိုချစ်တော်မူသကဲ့သို့ ၎င်းတို့အားလည်းချစ်တော်မူခဲ့ပါသည်။ ခရစ်တော်သည် မိမိ၏အမှုတော်ကိုလည်းကောင်း၊ "လူသည်ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်းငါပြုမည်" ဟူသော ကတိကဝတ်ကိုလည်းကောင်း ပြည့်စုံပြီးစီးအောင်လုပ်ဆောင်ရပါမည်။ ဟေရှာယ ၁၃း၁၂။ ကောင်းကင်အောက်မြေကြီးပေါ်တွင်ရှိသော တန်ခိုးအာဏာအလုံးစုံတို့ကို ကိုယ်တော်၌အပ်နှင်းထားရာ ကိုယ်တော်သည် မိမိ၏ဘုန်းတန်ခိုးတော်များကို မိမိ၏နောက်လိုက်များအားမျှဝေပေးနိုင်ရန် ဤအပြစ်ကမ္ဘာရှိ တပည့်တော်များထံသို့ ပြန်လည်ကြွမြန်းတော်မူခဲ့ပါသည်။

ကယ်တင်ရှင်သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင် မိမိအသင်းတော်အတွက် ဆုကျေးဇူးများကိုလက်ခံရယူနေစဉ်တွင် တမန်တော်များသည် အလောင်းမရှိတော့သည့်သင်္ချိုင်းဂူကြီးအကြောင်းကိုစဉ်းစားကာ ဝမ်းနည်းငိုကြွေးနေကြပါသည်။ ကောင်းကင်သားအားလုံးအတွက် ပျော်ရွှင်ဝမ်းမြောက်စရာကောင်းသည့်ထိုနေ့ကြီးသည် တမန်တော်များအတွက် မရေရာမသေချာသောနေ့၊ စိတ်ရှုပ်စရာကောင်းပြီး၊ ဝမ်းနည်းဖွယ်သောနေ့တစ်နေ့ဖြစ်နေပါသည်။ ထိုအမျိုးသမီးများသက်သေခံကြသည်ကို သူတို့မယုံကြည်ကြခြင်းက ၎င်းတို့၏ယုံကြည်ခြင်းစိတ်များသည် မည်မျှကျဆင်းနေကြောင်းကို ထင်ရှားစေခဲ့ပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်ပြီဆိုသည့်သတင်းသည် ၎င်းတို့မျှော်လင့်ထားသည့်အရာနှင့် လုံးဝကွဲပြားခြားနားနေသောကြောင့် ထိုသတင်းကိုသူတို့

မယုံကြည်နိုင်အောင်ဖြစ်ခဲ့ကြရပါသည်။ ထိုသတင်းသာမှန်လျှင် အလွန်ကောင်းမှာဘဲဟုလည်း သူတို့ယူဆခဲ့ကြပါသည်။ ဇဒ္ဒုကဲများသွန်သင်သည့်ယုံကြည်ချက်များနှင့် သိပ္ပံနည်းကျသောသဘောတရားများဟု ခေါ်ဆိုနေကြသည့် သွန်သင်ချက်များကို သူတို့များစွာကြားဖူးထားကြသည့်အတွက် ရှင်ပြန်ထမြောက်ခြင်းနှင့်စပ်လျဉ်း၍ သူတို့၏စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေကြပါသည်။ လူသေများထမြောက်သည်ဆိုသည့်သွန်သင်ချက်နှင့်ပတ်သက်၍ နားမလည်တလည်ဖြစ်နေကြပါသည်။ အရေးကြီးသောဤအကြောင်းအရာကို သူတို့နားလည်နိုင်စွမ်းမရှိခဲ့ကြချေ။

"သင်တို့ရှေ့ဂါလိလဲပြည်သို့ကြွတော်မူကြောင်းကို ပေတရုမှစ၍ တပည့်တော်တို့အားသွား၍ပြောကြလော့။ အထက်ကမိန့်တော်မူသည်အတိုင်း ထိုပြည်၌သင်တို့သည် ကိုယ်တော်ကိုတွေ့မြင်ကြရလိမ့်မည်" ဟု ထိုအမျိုးသမီးများအား ကောင်းကင်တမန်က ပြောဆိုခဲ့ပါသည်။ ဤကောင်းကင်တမန်များသည် ကိုယ်ရံတော်တပ်သားများအဖြစ် ကိုယ်တော်၏လောကဘဝအသက်တာတစ်လျှောက်လုံးတွင် ကိုယ်တော်နှင့်အတူရှိခဲ့ကြသော ကောင်းကင်တမန်များဖြစ်ကြပါသည်။ ကိုယ်တော်အားအမှုစစ်ဆေးခံရာတွင်လည်းကောင်း၊ ကပ်တိုင်အတင်ခံရစဉ်တွင်လည်းကောင်း မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ရသူများလည်းဖြစ်ကြပါသည်။ တပည့်တော်များအား ကိုယ်တော်မိန့်တော်မူခဲ့သည့် မိန့်မြွက်သံများကိုလည်း သူတို့ကြားခဲ့ရပါသည်။ တပည့်တော်များထံအပြောခိုင်းလိုက်သောသတင်းစကားများအားဖြင့် ဤအရာကိုထင်ရှားစေခဲ့ပြီး၊ ဤအကြောင်းခြင်းရာသည် သူတို့အားသမ္မာတရားကိုသဘောပေါက်နားလည်စေခဲ့ပါသည်။ ထိုကဲ့သို့သောသတင်းစကားများသည် ရှင်ပြန်ထမြောက်သွားသော ၎င်းတို့၏ဘုရားသခင်၏စေတမန်များထံမှသာ လာနိုင်ပါသည်။

ပေတရုမှစ၍တပည့်တော်တို့အား သွား၍ပြောကြလော့ဟု ထိုကောင်းကင်တမန်များက ပြောဆိုခဲ့ကြပါသည်။ ခရစ်တော်အသေခံပြီးသည့်အချိန်မှစ၍ ပေတရုသည် နောင်တသံဝေဂတရားများရခဲ့ပါသည်။ ကိုယ်တော်ရှင်အား မိမိပြုခဲ့သောငြင်းပယ်ခဲ့မှုကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏မေတ္တာ



အကြည့်ကိုလည်းကောင်း သူအမြဲတမ်းမြင်ယောင်ခဲ့ပါသည်။ တမန်တော်အပေါင်းတွင် ပေတရုသည် အပြင်းအထန်ဆုံးသောခါးသီးမှုကို ခံစားခဲ့ရသူတစ်ဦးဖြစ်ပါသည်။ ယခုတွင် သူ၏နောင်တကိုလက်ခံအသိအမှတ်ပြုတော်မူကြောင်းနှင့် သူ၏အပြစ်ကိုခွင့်လွှတ်တော်မူကြောင်း အာမခံချက်တစ်ခုကိုပေးသည့်အနေဖြင့် သူ့အားနာမည်တပ်ခေါ်ခဲ့ပါသည်။

"သင်တို့ရှေ့၊ ဂါလိလဲပြည်သို့ကြွတော်မူကြောင်းကို ပေတရုမှစ၍ တပည့်တော်တို့အားသွား၍ပြောကြလော့။ အထက်ကမိန့်တော်မူသည့်အတိုင်း ထိုပြည်၌သင်တို့သည် ကိုယ်တော်ကိုတွေ့မြင်ရကြလိမ့်မည်" ဟု ကောင်းကင်တမန်ကဆိုခဲ့၏။ သူတို့အားလုံးသည် ခရစ်တော်ကိုစွန့်ပစ်ထားခဲ့ကြပြီဖြစ်သောကြောင့် ကိုယ်တော်အားတစ်ဖန်သွားရောက်တွေ့ဆုံရန်ကိုပင် ဆင့်ဆိုခဲ့ရပါသည်။ ကိုယ်တော်အနေနှင့် ၎င်းတို့အားစွန့်ပစ်ထားခဲ့တော်မမူပါ။ မာဂဒလမာရိက မိမိသည် ကိုယ်တော်ရှင်ကိုမြင်တွေ့ခဲ့ရကြောင်းပြောကာ ကိုယ်တော်အားတွေ့ဆုံရန်အတွက် ဂါလိလဲပြည်သို့သွားဖို့ တမန်တော်များအား ထပ်ခါတလဲလဲတိုက်တွန်းခဲ့ပါသည်။ "လမ်းမှာသွားကြစဉ် ယေရှုသည်ကြိုဆိုတော်မူ၍ သင်တို့အားမင်္ဂလာဖြစ်စေသတည်းဟု မိန့်တော်မူ၏။ ထိုမိန်းမတို့သည်ချဉ်းကပ်၍ ခြေတော်ကိုဖက်ယမ်းလျက် ပျပ်ဝပ်ကိုးကွယ်ကြ၏။ ယေရှုကလည်း ကြောက်ရွံ့ခြင်းမရှိကြနှင့်၊ သွားကြလော့၊ ငါ့ညီတို့သည် ဂါလိလဲပြည်သို့သွားစေခြင်းငှာ ဤသတင်းစကားကိုကြားပြောကြလော့။ ထိုပြည်၌သူတို့သည် ငါ့ကိုတွေ့မြင်ရကြလိမ့်မည်" ဟူ၍ တတိယအကြိမ်အဖြစ် ဤသတင်းစကားသည် သူတို့ထံသို့ပြောကြားခဲ့ပါသည်။

မိမိလျော့ပါးသွားခြင်းမရှိသည့်မေတ္တာတော်နှင့် သိမ်မွေ့နူးညံ့လှသော ဂရုစိုက်စောင့်ရှောက်မှုများကို တမန်တော်များအနေနှင့် သဘောပေါက်နားလည်လာအောင်လုပ်ရန်မှာ ရှင်ပြန်ထမြောက်ပြီးသည့်နောက် ယေရှုရှင်ပထမဦးဆုံးလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ မိမိသည် အသက်နှင့်ပြည့်စုံသော ကယ်တင်ရှင်ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ မိမိသည် သင်္ချိုင်းဂူ၏အချုပ်အနှောင်များကိုချိုးဖျက်ပစ်ခဲ့ပြီးဖြစ်သဖြင့် သေခြင်းသည်

မိမိအားမချုပ်ကိုင်နိုင်တော့ပြီဖြစ်ကြောင်းကိုလည်းကောင်း တပည့်တော်များအား သက်သေအထောက်အထားပြကာ မိမိသည် ၎င်းတို့၏ဆရာသမားတစ်ဦးအဖြစ် လောကမှာအတူနေခဲ့စဉ်ကကဲ့သို့ပင် ၎င်းတို့အားချစ်ခင်ကြင်နာတော်မူလျက်ရှိကြောင်းဖော်ပြရန် ယေရှုရှင်သည် ၎င်းတို့အားခဏခဏကိုယ်ထင်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့အပေါ်တွင်ရစ်ပတ်ထားဆဲဖြစ်သော မေတ္တာနှောင်ကြိုးများဖြင့်ဆွဲယူတော်မူခဲ့ပါသည်။ ထို့ကြောင့် ဂါလိလဲပြည်၌ ငါ့အားသူတို့တွေ့ဆုံရန် ငါ့ညီအစ်ကိုများအား သွား၍ပြောပါဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။

တမန်တော်များသည် ဤသို့သောရှင်းလင်းတိကျသည့်ချိန်းဆိုမှုကိုကြားရသောအချိန်တွင် ရှင်ပြန်ထမြောက်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့အားကိုယ်တော်ရှင်ကြိုတင်မိန့်မြွက်ထားသည်များကို ပြန်လည်သုံးသပ်မိလာခဲ့ကြပါသည်။ သို့ရာတွင် ယခုအချိန်မှာပင် သူတို့မပျော်ရွှင်နိုင်ကြသေးချေ။ သူတို့သည် မိမိတို့၏စိတ်ရှုပ်ထွေးမှုများနှင့် သံသယစိတ်များကို ထိုအချိန်တိုင်မစွန့်လွှတ်နိုင်ကြသေးချေ။ ထိုအမျိုးသမီးများက မိမိတို့သည် သခင်ဘုရားကိုဖူးတွေ့ခဲ့ပြီဟု ကြွေးကြော်နေသောအချိန်ထိပင် တမန်တော်များသည် မယုံကြည်ခဲ့ကြသေးချေ။ လှည့်စားမှုတစ်ရပ်သာဖြစ်သည်ဟု သူတို့ထင်မြင်ခဲ့ကြပါသည်။

သူတို့၌ တစ်ပူပေါ်တစ်ပူဆင့်သကဲ့သို့ဖြစ်နေပါသည်။ အဖိတ်နေ့တွင် မိမိတို့၏သခင်ဘုရားအသေခံတော်မူကြောင်း ၎င်းတို့တွေ့မြင်ခဲ့ရသည်။ ခုနစ်ရက်တွင် ပထမနေ့ရက်၌ ကိုယ်တော်၏အလောင်းကြီးပျောက်ဆုံးသွားသည်ကို မိမိကိုယ်တိုင်တွေ့ရှိခဲ့ကြရသည်။ ၎င်းပြင် လူများကိုလိမ်လည်လှည့်ဖြားရန်အတွက် ထိုအလောင်းကြီးကို သူတို့ခိုးသွားကြသည်ဟုလည်း အစွပ်စွဲခံခဲ့ကြရပါသည်။ မိမိတို့အပေါ်အသာရနေသည့် မှားယွင်းသောအထင်ရှိမှုများအတွက် သူတို့စိတ်ပျက်ခဲ့ကြရပါသည်။ သူတို့သည် ယဇ်ပုရောဟိတ်များ၏ရန်ကိုလည်းကောင်း၊ ယုဒလူထုကြီး၏အမျက်ကိုလည်းကောင်းကြောက်ရွံ့နေကြရပါသည်။ ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးမှ မစကယ်တင်နိုင်



တော်မူသည့် ကိုယ်တော်သည် ၎င်းတို့နှင့်အတူရှိဖို့ရန် သူတို့တောင့်တခဲ့ကြပါသည်။ "ထိုသူသည် ဣသရေလအမျိုးကိုရွေးနုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည် အထက်ကမြော်လင့်ကြပြီ" ဟူသောစကားများကို သူတို့အထပ်ထပ်ပြောဆိုခဲ့ကြသည်။ "စိမ်းသောအပင်ကိုဤသို့ပြုကြလျှင် ခြောက်သောအပင်၌အဘယ်သို့ဖြစ်လိမ့်မည်နည်း" ဟူသောစကားကိုလည်း စိတ်နှလုံးနာကျင်စွာဖြင့်သူတို့သတိရခဲ့ကြပါသည်။ လုကာ ၂၄း၂၁၊ ၂၃း၃၁။

မိမိတို့သခင်ဒုက္ခရောက်ခဲ့သကဲ့သို့ မိမိတို့လည်းအချိန်မရွေးဒုက္ခရောက်နိုင်သည်ဟူသောအသိဖြင့် သူတို့သည် အထက်ခန်းထဲတွင်စုရုံးပြီးတံခါးကိုသေသေချာချာပိတ်ထားခဲ့ကြပါသည်။

ကယ်တင်ရှင်သည် ထမြောက်တော်မူပြီဟူသောအသိဖြင့် သူတို့သည်တစ်ချိန်လုံးဝမ်းသာအားရရှိနေကြဖို့ကောင်းပါသည်။ ဥယျာဉ်ထဲတွင်မာရိငိုကြွေးနေစဉ် ခရစ်တော်သည် သူမ၏နံဘေးတွင်ရပ်တော်မူခဲ့ပါသည်။ မျက်စိတွင် မျက်ရည်ဝိုင်းနေသဖြင့် ကိုယ်တော်ကိုသူမသဲသဲကွဲကွဲမမြင်ခဲ့ရချေ။ ကောင်းကင်တမန်များပေးသည့်သတင်းစကားနှင့် ခရစ်တော်ကိုယ်တိုင်မိန့်မြွက်တော်မူသည့်စကားများကိုပင် မယုံကြည်နိုင်လောက်အောင် သူတို့သည်အထူးဝမ်းနည်းပူဆွေးနေကြပါသည်။

မည်မျှများပြားလှစွာသောလူများသည် ထိုတမန်တော်ကြီးများလုပ်ဆောင်ပြုမူခံစားခဲ့ကြသကဲ့သို့ ယနေ့ပြုမူခံစားနေကြပါသလဲ။ "သခင်ကိုယူသွားကြပြီ။ အဘယ်မှာထားကြသည်ကိုမသိ" ဟု မာရိကဲ့သို့လူမည်မျှတို့သည် ဝမ်းနည်းပူဆွေးစွာဖြင့် ဟစ်ကြွေးနေကြပါသနည်း။ "အဘယ်ကြောင့်ငိုကြွေးသနည်း။ အဘယ်သူကိုရှာသနည်း" ဟု ခရစ်တော်၏စကားများကလူပေါင်းမည်မျှတို့အား မိန့်တော်မူနေပါသနည်း။ ကိုယ်တော်သည် သူတို့အနီးတွင်ရောက်ရှိနေသော်လည်း သူတို့၏မျက်စိများတွင် မျက်ရည်များဖြင့်ပြည့်နေသည့်အတွက် ကိုယ်တော်ရှင်ကိုကွဲကွဲပြားပြားမမြင်တွေ့နိုင်ခဲ့ကြချေ။ ကိုယ်တော်ရှင်က သူတို့အားမိန့်နေသော်လည်း သူတို့နားမလည်ကြချေ။

အိုမိတ်ဆွေတို့၊ ကိုယ်တော်ရှင်မြင်တွေ့နိုင်ရန် ခေါင်းကိုမော့လိုက်ကြပါ။ မျက်စိကိုဖွင့်လိုက်ကြပါ။ ကိုယ်တော်ရှင်မိန့်တော်မူနေသည့် "အလျှင်

အမြန်သွား၍သေခြင်းမှထမြောက်တော်မူကြောင်းကို တပည့်တော်တို့အား ပြောကြလော့" ဟူသောအသံတော်ကိုကြားနိုင်ရန် နားကိုဖွင့်ထားကြပါ။ ကြီးမားသောကျောက်တုံးကြီးဖြင့်ပိတ်ဆို့ကာ ရောမအစိုးရမင်းကတံဆိပ်ခတ်ထားသည့် ယောသပ်၏သင်္ချိုင်းဂူကိုမကြည့်ကြဖို့ သူတို့အားမိန့်တော်မူနေပါသည်။ ထိုနေရာတွင် ခရစ်တော်မရှိတော့ပြီ။ လွတ်လပ်လဟာဖြစ်နေသောထိုဂူကြီးကိုမကြည့်ကြနှင့်။ အကူအညီမဲ့နေသူများကဲ့သို့ ဝမ်းမနည်းပါနှင့်။ ချိုမြသောနှလုံးနှင့်သန့်ရှင်းသောမီးဖြင့် အတို့ခံရသောနှုတ်ခမ်းများဖြင့် ယေရှုသည်ထမြောက်တော်မူပြီဟူသော ဝမ်းမြောက်ဖွယ်သီချင်းကိုသီဆိုကြပါစို့။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်ကြားဖျန်ဖြေခြင်းအမှုကိုဆောင်ရွက်တော်မူရန် အသက်ရှင်လျက်ရှိပါသည်။ ဤမျှော်လင့်ခြင်းကို ဆွဲကိုင်ထားပါ။ ထိုမျှော်လင့်ခြင်းသည် ထိုအသက်ဝိညာဉ်အားခိုင်ခံ့သောကျောက်ဆူးတစ်ခု ပမာကိုယ်တော်ရှင်၌တည်ကြည်ခိုင်မြဲစေပါလိမ့်မည်။ ယုံကြည်ပါ၊ ယုံကြည်လျှင်သင်သည်ဘုရားသခင်၏ဘုန်းတော်ကိုဖူးတွေ့ရပါလိမ့်မည်။

****





# tcef; (83)
# {armuf&GrookYc&D;wpfaxmuf

ရှင်လုကာ ၂၄း၁၃-၃၃ ကိုအခြေပြုထားပါသည်။

ခရစ်တော်ထမြောက်တော်မူသည့် ထိုနေ့၏ညနေခင်းတွင် တပည့်တော်နှစ်ပါးသည် ယေရုရှလင်မြို့မှရှစ်မိုင်အကွာတွင်တည်ရှိသော ဧမောက်ရွာသို့ခရီးထွက်ခဲ့ကြပါသည်။ ထိုတပည့်တော်နှစ်ပါးသည် ခရစ်တော်၏အမှုတော်မြတ်တွင် အထင်ကရဖြစ်သောပုဂ္ဂိုလ်များမဟုတ်ခဲ့ကြသော်လည်း ကိုယ်တော်အားနှစ်နှစ်ခြိုက်ခြိုက်ယုံကြည်ခဲ့သူများဖြစ်ကြပါသည်။ သူတို့သည် ပသခါပွဲဝင်ရန် ယေရုရှလင်မြို့သို့သွားရောက်ခဲ့ကြခြင်းဖြစ်ပြီး၊ မကြာခင်အချိန်ကဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ကြောင့် အကြီးအကျယ်စိတ်ပျက်နေခဲ့ကြပါသည်။ ခရစ်တော်အလောင်းသည် သင်္ချိုင်းထဲတွင်မရှိတော့ဟူသည့်သတင်းနှင့် ကောင်းကင်တမန်များကိုမြင်ခဲ့ပြီး၊ ခရစ်တော်ကိုဖူးတွေ့ခဲ့ရသောအမျိုးသမီးတစ်စု၏ပြောဆိုချက်သံများကိုလည်း ယနေ့နံနက်တွင် သူတို့ကြားခဲ့ကြရပါသည်။ သူတို့သည် ယခုတွင်ဆုတောင်းပတ္တနာပြုလုပ်ကြရန် အိမ်သို့ပြန်ခဲ့ကြခြင်းဖြစ်ပါသည်။ ဖြစ်ပျက်ခဲ့သောအကြောင်းအရာအလုံးစုံတို့ကို အချင်းချင်းဆွေးနွေးပြောဆိုကာ ညနေခင်းခရီးကိုဝမ်းနည်းပက်လက်ဖြင့် သူတို့လျှောက်လှမ်းလာခဲ့ကြပါသည်။ ယခုကဲ့သို့တစ်ခါမျှစိတ်မထိခိုက်ဖူးခဲ့ကြချေ။ သူတို့သည် မျှော်လင့်ချက်မဲ့စွာဖြင့်၊ ယုံကြည်ခြင်းမဲ့စွာဖြင့် ကပ်တိုင်၏အရိပ်ထဲတွင် လျှောက်လှမ်းလျက်ရှိကြပါသည်။

ထိုသို့ခရီးသွားနေစဉ် များစွာခရီးမရောက်ခင်မှာ သူစိမ်းတစ်ဦးသည် သူတို့အနီးသို့ချဉ်းကပ်လာကာ အတူခရီးသွားခဲ့ကြသော်လည်း သူတို့သည် အလွန်စိတ်ပျက်နေကြသဖြင့် ထိုသူစိမ်းအား ကောင်းကောင်းဂရုမစိုက်မိကြချေ။ သို့နှင့်မိမိတို့၏ရင်တွင်းခံစားချက်များကို ဆက်လက်၍အချင်းချင်းဖွင့်ဟနေကြပါသည်။ သူတို့သည် မိမိတို့ကောင်းမွန်စွာနားမလည်နိုင်သယောင်

ဖြစ်နေသည့် ခရစ်တော်ပေးတော်မူခဲ့သောသင်ခန်းစာများနှင့်စပ်လျဉ်း၍ ဆင်ခြင်သုံးသပ်လျက်ရှိကြပါသည်။ မကြာခင်အချိန်ကဖြစ်ပျက်ခဲ့သော အကြောင်းခြင်းရာများကိုပြောဆိုသောအချိန်တွင် ခရစ်တော်သည် ၎င်းတို့အား နှစ်သိမ့်မှုပေးလိုတော်မူခဲ့ပါသည်။ ၎င်းတို့ခံစားနေရသောဝမ်းနည်းကြေကွဲ မှုကို ကိုယ်တော်သိတော်မူပါသည်။ ဤမျှနိမ့်ကျစွာဒုက္ခခံခဲ့ရသည့်ပုဂ္ဂိုလ် သည် ခရစ်တော်ဖြစ်နိုင်ပါ့မလားဟူ၍ ၎င်းတို့၏အတွေးအခေါ်များကိုလည်း ရှုပ်ထွေးစေသည့်အတွေးအခေါ်များကိုလည်း ကိုယ်တော်နားလည်တော်မူခဲ့ ပါသည်။ သူတို့သည်ပြောရင်းဆိုရင်း ဝမ်းနည်းမှုများကိုမထိန်းနိုင်ကြတော့ဘဲ ငိုချလိုက်ကြပါသည်။ ထိုသူများသည် မိမိအားချစ်တော်မူကြောင်းကို ကိုယ်တော်သိတော်မူသဖြင့် ကျဆင်းလျက်ရှိသော မျက်ရည်များကိုသုတ်ပေးကာ ၎င်းတို့အားဝမ်းမြောက်ရွှင်လန်းသွားစေလိုတော်မူခဲ့ပါသည်။ သို့သော် ထိုသို့ မပြုလုပ်မီ ၎င်းတို့တစ်သက်ပန်မမေ့နိုင်သည့်သင်ခန်းစာများကို ပထမဦးစွာ ပေးဖို့လိုပါသည်။

ထိုကြောင့် "ကိုယ်တော်ကသင်တို့သည် ခရီးသွားလျက်အချင်းချင်း ဆွေးနွေးသောစကားကား၊ အဘယ်သို့သောစကားနည်း။ အဘယ်ကြောင့် မျက်နှာညှိုးငယ်ကြသနည်းဟုမေးတော်မူလျှင်၊ သူတို့တွင် ကလောဖအမည် ရှိသောသူက သင်သည်ယေရုရှလင်မြို့၌ဧည့်သည်ဖြစ်လျက်သာ ယခုအခါ ထိုမြို့၌ဖြစ်ခဲ့ပြီးသောအကြောင်းအရာတို့ကို မသိသလောဟုပြောဆို၏။" "ဘုရားသခင့်ရှေ့၊ လူအပေါင်းတို့ရှေ့မှာ နှုတ်သတ္တိ၊ လက်သတ္တိနှင့်ပြည့်စုံ သောပုရောဖက်တစ်ပါးဖြစ်သော်လည်း ယဇ်ပုရောဟိတ်မင်းအကြီးနှင့်ငါတို့ မင်းများသည် အသေသတ်ခြင်းကိုခံစေခြင်းငှာအပ်နှံ၍ ကပ်တိုင်မှာကွပ်မျက် ခဲ့ကြပါသည်။" သူတို့၏အရှင်ဘုရားနှင့်ပတ်သက်၍ စိတ်ပျက်ဖွယ်အကြောင်း အရာများကို ကိုယ်တော်အားသူတို့ပြောပြခဲ့ကြပါသည်။ "ထိုသူသည် ဣသရေလအမျိုးကိုရွေးနုတ်အံ့သောသူဖြစ်သည်ကို ငါတို့သည်အထက်က မျှော်လင့်ကြပြီ။ ထိုမှုမက ထိုအကြောင်းအရာဖြစ်၍ယခုသုံးရက်ရှိပြီ" ဟု စိတ်ပျက်ဝမ်းနည်းမှုများကြောင့်ဖြစ်ပေါ်လာသည့် နာကျင်သောနှလုံးသား တုန်ယင်သောနှုတ်ခမ်းများဖြင့် ဆက်လက်၍ဖွင့်ဟခဲ့ကြပါသည်။



ထိုတမန်တော်နှစ်ပါးသည် ခရစ်တော်၏နှုတ်တော်ထွက်စကားများ ကိုသတိမရခဲ့ရုံသာမက ဖြစ်ပျက်လာမည့်အကြောင်းအရာများနှင့်ပတ်သက်၍ မိန့်တော်မူခဲ့သော ကိုယ်တော်၏အနာဂတ်ပြုစကားများကိုနားမလည်ခဲ့ ကြသည်မှာ အလွန်ထူးဆန်းလှပါတကား။ ခရစ်တော်၏ဖွင့်ဟမိန့်မြွက်ချက် များ၏ပထမကဏ္ဍသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သကဲ့သို့ နောက်ပိုင်းကဏ္ဍ ဖြစ်သောသုံးရက်မြောက်သောနေ့တွင် တစ်ဖန်ထမြောက်မည်ဆိုသည်မှာလည်း ဧကန်အမှန်ပြည့်စုံမည်ဖြစ်ကြောင်းကို သူတို့နားမလည်ခဲ့ကြချေ။ ဤကဏ္ဍ ကလေးကို သူတို့သတိရသင့်ကြပါသည်။ ဤကဏ္ဍကလေးကို ယဇ်ပုရောဟိတ် များနှင့်ဖာရိရှဲများက သတိရခဲ့ကြပါသည်။ "အဖိတ်နေ့လွန်၍ နက်ဖြန်နေ့ ရောက်လျှင် ယဇ်ပုရောဟိတ်အကြီးနှင့်ဖာရိရှဲတို့သည် ပိလတ်မင်းထံ၌စုဝေး ၍ ထိုလှည့်ဖြားသောသူသည် သုံးရက်မြောက်သောနေ့၌ထမြောက်မည်ဟု မသေမီပြောသည်ကိုအကျွန်ုပ်တို့မှတ်မိပါပြီ" ဟု သူတို့ဆိုခဲ့ကြ၏။ မဿဲ ၂၇း၆၂–၆၃။ သို့ရာတွင် တပည့်တော်များသည် ဤစကားများကိုသတိမရ ခဲ့ကြချေ။

ထိုအခါ "ကိုယ်တော်ကလည်း ပုရောဖက်ဟောပြောသောစကား များကိုယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့၊ ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကိုဝင်စားရမည်မဟုတ်လော" ဟု မိန့်တော်မူ၏။ မိမိတို့၏ရင်တွင်းခံစားချက်များကိုသိမြင်ရုံသာမက ဤကဲ့သို့ သောစိတ်အားထက်သန်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကြင်နာခြင်း၊ မျှော်လင့် ခြင်းများနှင့်ပြည့်ဝသောစကားကိုပြောနေသည့်ထိုသူသည် မည်သူဖြစ်နိုင် ကြောင်း၊ ထိုတမန်တော်များစဉ်းစားနေကြပါသည်။ သူတို့သည်အံ့သြ တွေဝေသွားခဲ့ကြပြီး၊ ဝမ်းသာစရာမျှော်လင့်ချက်များရှိလာသဖြင့် စိတ်နှလုံး လှုပ်ရှားလာခဲ့ကြပါသည်။

မောရှေရေးသားသောစာအုပ်များနှင့်အစပျိုးခဲ့သော သမ္မာကျမ်းစာ သမိုင်းစဉ်၏ "က" အက္ခရာမှစ၍ သမ္မာကျမ်းစာထဲတွင်ဖော်ပြထားသော မိမိနှင့်ပတ်သက်သည့်အကြောင်းအရာအားလုံးကို ခရစ်တော်သည် ၎င်းတို့အား

အနက်ဖွင့်ဖော်ပြတော်မူခဲ့ပါသည်။ အကယ်၍ ၎င်းတို့နှင့်စကားပြောနေသောသူသည် မိမိကိုယ်တိုင်ပင်ဖြစ်ကြောင်း ၎င်းတို့အားအသိပေးတော်မူခဲ့မည် ဆိုလျှင် ထိုသူများသည် ကျေနပ်အားရဝမ်းသာကာ မည်သည့်အရာကိုမျှ သိလိုမြင်လိုစိတ်ရှိကြတော့မည်မဟုတ်ချေ။ သို့ရာတွင် သူတို့အနေနှင့် မိမိအား သက်သေခံထားသောသမ္မာကျမ်းစာတွင် ဖော်ပြထားသည့်ပုံဆောင်မှုများနှင့် အနာဂတ္တိစကားများနားလည်သဘောပေါက်ရန် မရှိမဖြစ်လိုအပ်နေပါသေးသည်။ ထိုနားလည်သဘောပေါက်မှုများအပေါ်တွင် ၎င်းတို့၏ယုံကြည်ခြင်းကိုဆောက်တည်ကြရမည်ဖြစ်ပါသည်။ ခရစ်တော်သည် ထိုသူများသဘောပေါက်လာအောင် မည်သည့်နိမိတ်လက္ခဏာကိုမျှမပြခဲ့ဘဲ သမ္မာကျမ်းစာကို သာရှေးဦးပထမရှင်းလင်းဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်၏သေခြင်းသည် မိမိတို့၏မျှော်လင့်ချက်များပျက်ပြားမှုကဲ့သို့ သူတို့မှတ်ယူခဲ့ကြပါသည်။ ယခုတွင် ထိုအရာသည် ၎င်းတို့၏ယုံကြည်ခြင်းအတွက် အခိုင်မာဆုံးအထောက်အထားတစ်ခုဖြစ်ကြောင်း အနာဂတ္တိစကားများထဲမှ သွန်သင်ချက်များအားဖြင့် ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။

ခရစ်တော်သည် ထိုတပည့်တော်များအား ထိုကဲ့သို့သွန်သင်ခြင်းအားဖြင့် ဓမ္မဟောင်းကျမ်းသည် မိမိ၏အမှုတော်အတွက်သက်သေခံတစ်ခုကဲ့သို့အရေးပါကြောင်း ဖော်ပြတော်မူခဲ့ပါသည်။ ခရစ်ယာန်ဖြစ်ပါသည်ဟု မိမိကိုယ်ကိုပြောနေကြသည့် များစွာသောသူများသည် ဓမ္မဟောင်းကျမ်းကို အသုံးမဝင်တော့သည့်ကျမ်းတစ်ခုအဖြစ်မှတ်ယူကာ ပစ်ပယ်နေကြပါသည်။ ခရစ်တော်သည် ထိုသို့ပစ်ပယ်ရန်သွန်သင်တော်မမူခဲ့ချေ။ သူတို့သည် မောရှေ၏စကား၊ ပုရောဖက်တို့၏စကားကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြဟူ၍ တစ်ခါကမိန့်တော်မူကာ ဓမ္မဟောင်းကျမ်းကို ခရစ်တော်တန်ဖိုးထားမိန့်မြွက်တော်မူခဲ့ပါသည်။ လုကာ ၁၆း၃၁။

အာဒံ၏အချိန်မှအဆုံးစွန်သောကာလတိုင် ရှေးဘိုးဘေးများနှင့် ပုရောဖက်များမှတစ်ဆင့် မိန့်တော်မူခဲ့သူမှာ ခရစ်တော်ပင်ဖြစ်ပါသည်။



ထိုကယ်တင်ရှင်ကို ဓမ္မဟောင်းကျမ်းထဲမှာကဲ့သို့ ဓမ္မဟောင်းကျမ်းတွင်လည်း ပီပြင်စွာဖော်ပြထားပါသည်။ ခရစ်တော်၏အသက်တော်စဉ်နှင့် ဓမ္မဟောင်းကျမ်း၏သွန်သင်ချက်များအား ရှင်းလင်းတိကျ၍တင့်တယ်မှုအပြည့်ဖြင့် ထုတ်ဖော်ခဲ့သည့်အရာမှာ ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသည့် အလင်းတရားများပင်ဖြစ်ပါသည်။ ခရစ်တော်ပြုတော်မူခဲ့သောနိမိတ်လက္ခဏာများသည် ကိုယ်တော်၏ဘုရားဇာတိတော်ကို ထင်ရှားစေမည့်အထောက်အထားတစ်ခုဖြစ်သကဲ့သို့ ကိုယ်တော်သည်ကယ်တင်ရှင်တစ်ပါးဖြစ်ကြောင်း သာ၍ခိုင်ခံ့သောသက်သေတစ်ခုကိုမူ ဓမ္မဟောင်းကျမ်းမှအနာဂတ္တိစကားများကို ဓမ္မသစ်ကျမ်းမှဖြစ်ရပ်များနှင့် တိုက်ဆိုင်လေ့လာခြင်းအားဖြင့်သာ တွေ့ရှိနိုင်ကြပါသည်။

မိမိလူဇာတိခံရခြင်းနှင့်ပတ်သက်၍ မှန်ကန်သောအယူအဆကို အနာဂတ္တိစကားများမှဆင်ခြင်သုံးသပ်ချက်များကိုအသုံးပြုလျက် ခရစ်တော်သည် တပည့်တော်များအားသွန်သင်တော်မူခဲ့ပါသည်။ ယုဒလူများ၏အလိုဆန္ဒနှင့်အညီ ဘုရင့်တန်ခိုး၊ ဘုရင့်အာဏာများကိုရယူကာ နန်းထိုင်မည့်မေရှိယတစ်ပါးကို သူတို့မျှော်လင့်ခဲ့ခြင်းသည် မှားယွင်းမှုများကိုဖြစ်စေခဲ့ပါသည်။ ထိုမျှော်လင့်ခြင်းသည် အမြင့်ဆုံးသောအခြေအနေမှ နိမ့်ကျဆုံးသောအခြေအနေထိ ကိုယ်တော်နှိမ့်ချဆင်းသက်လာခြင်းကို မှန်ကန်စွာနားလည်သိရှိမှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေပါသည်။ မိမိတမန်တော်များ၏အတွေးအခေါ်အကြံအဆများသည် အသေးအဖွဲ့ကိစ္စတိုင်းမှစ၍ ဖြူစင်သန့်ရှင်းခြင်းရှိရန် ကိုယ်တော်လိုလားတော်မူပါသည်။ သူတို့သည် ကိုယ်တော်ခံစားရမည့်အင်နိုးအတာဖြစ်သော ဒုက္ခခွက်ဖလားအကြောင်းနှင့်စပ်လျဉ်း၍ တတ်နိုင်သမျှနားလည်သဘောပေါက်ထားကြရပါမည်။ သူတို့ယခုတိုင်နားမလည်ကြသေးသည့် ကြောက်ရွံ့စရာဉ၍တိုက်လှန်မှုကြီးသည် ကမ္ဘာမတည်မရှိမီကတည်းက ပြုခဲ့သော ပဋိညာဉ်၏ပြည့်စုံမှုဖြစ်ကြောင်းကို သူတို့အားကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ အပြစ်ကိုဆက်လက်ကျူးလွန်နေကြလျှင် ပညတ်တော်ကိုကျူးလွန်ကြသည့်လူတိုင်းသည် ဧကန်အမှန်သေရမည်ဖြစ်သကဲ့သို့ ခရစ်တော်

သည် အသေခံရမည်ဖြစ်ပါသည်။ ဤအရာအားလုံးသည်ဖြစ်ရမည်။ သို့ရာတွင် အရှုံးနှင့်နိဂုံးချုပ်ရန်မဟုတ်ဘဲ ဘုန်းတော်နှင့်ပြည့်စုံသောထာဝရအောင်ပွဲကို ဆင်မြန်းကြရန်ဖြစ်ပါသည်။ လောကီသားများကို အပြစ်မှကယ်တင်ရန် တတ်အားသမျှကြိုးစားရမည်ဟု သူတို့အားကိုယ်တော်မိန့်တော်မူခဲ့၏။ ကိုယ်တော်၏တပည့်တော်များသည် ကြီးမားသိပ်သည်းသောဖွဲ့လုံ့လများဖြင့် ကိုယ်တော်ရှင်အသက်ရှင်နေထိုင်တော်မူသကဲ့သို့ အသက်ရှင်နေထိုင်ကြရမည်၊ ကိုယ်တော်ရှင်လုပ်ဆောင်ခဲ့သကဲ့သို့ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ခရစ်တော်သည် ကျမ်းစာကိုနားလည်စိမ့်သောငှာ ၎င်းတို့၏စိတ်နှလုံးကိုဖွင့်ပေးလျက် ဤနည်းအားဖြင့်မိန့်မြွက်တော်မူခဲ့ပါသည်။ တမန်တော်များသည် မောပန်းနွမ်းရိနေကြသော်လည်း ထိုစကားဝိုင်းသည် စည်စည်ကားကားဖြစ်ခဲ့ပါသည်။ အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောစကားများနှင့်အာမခံချက်များသည် ခရစ်တော်၏နှုတ်တော်ထွက်မှထွက်ပေါ်လာခဲ့ပါသည်။ သို့ရာတွင် ထိုသူတို့၏မျက်စိများသည် ချုပ်လျက်ရှိနေပါသေးသည်။ ယေရုရှလင်မြို့ကြီးကျဆုံးမည့်အကြောင်းကို ကိုယ်တော်ရှင်မိန့်တော်မူသောအချိန်တွင် သူတို့သည်ငိုကြွေးကာ ယေရုရှလင်မြို့ကြီးကိုလှမ်း၍ကြည့်ခဲ့ကြပါသည်။ သို့ရာတွင် မိမိ၏ခရီးဖော်သည် မည်သူမည်ဝါဖြစ်ကြောင်း နည်းနည်းကလေးမျှသူတို့မသိခဲ့ကြချေ။ မိမိတို့သည် အတူခရီးသွားနေသူ၏အကြောင်းကို ပြောဆိုနေကြသည်ဟုလည်း သူတို့မထင်မိခဲ့ကြချေ။ အကြောင်းမှာ ကိုယ်တော်သည် အခြားသူတစ်ဦးအနေဖြင့် မိမိကိုယ်ကိုရည်ညွှန်း၍ပြောဆိုနေခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် ကိုယ်တော်အားပသခါပွဲသို့တက်ရောက်ခဲ့သူများထဲမှတစ်ဦးဖြစ်ပြီး၊ ယခုအချိန်တွင် အိမ်သို့ပြန်လာသောသူတစ်ဦးအဖြစ်ဖြင့်သာ အထင်ရှိခဲ့ပါသည်။ ကိုယ်တော်သည် ကျောက်ကြမ်းလမ်းပေါ်တွင် သူတို့ကဲ့သို့ဂရုတစိုက်သွားလာခဲ့ရပြီး သူတို့နှင့်အတူမကြာခဏနားနေခဲ့ပါသည်။ ထာဝရဘုရား၏လက်ယာတော်ဘက်တွင် မကြာမီအချိန်တွင်နေရာယူကာ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီဟုမိန့်တော်မူနိုင်သည့်ပုဂ္ဂိုလ်



တစ်ပါးနှင့်အတူ ဘေးချင်းယှဉ်လျက် တောင်ပေါ်ခရီးလမ်းကြီးကို သူတို့ခရီးဆက်ခဲ့ကြပါသည်။ မဿဲ ၂၈း၁၈။

ခရီးသွားနေစဉ်မှာပင် နေဝင်သွားခဲ့ပြီး ထိုခရီးသည်သုံးဦးသည် ခရီးဆုံးသို့မရောက်မီမှာပင် အလုပ်သမားများသည် အလုပ်သိမ်းခဲ့ကြပေပြီ။ တပည့်တော်နှစ်ယောက်သည် မိမိတို့အိမ်ထဲသို့ အသီးသီးဝင်ကြတော့မည်အပြုတွင် ကိုယ်တော်မှာခရီးဆက်၍သွားမည့်ဟန်ပေါ်နေပါသည်။ သို့ရာတွင် ထိုတပည့်တော်များသည် ကိုယ်တော်ရှင်အားခင်မင်လေးစားစိတ်များပေါ်လာကာ သွန်သင်တော်မူချက်များကိုလည်း နာကြားချင်ကြသေးသဖြင့် ကျွန်ုပ်တို့နှင့်အတူဝင်၍နေပါဟုတောင်းပန်ကြ၏။ မိမိတို့၏ဖိတ်ကြားမှုကိုလက်ခံမည်မထင်သဖြင့် "ညဦးယံအချိန်ရှိပြီ၊ မိုးလည်းချုပ်ပါပြီ" ဟု ကိုယ်တော်အားကျပ်ကျပ်သွေးဆောင်ခဲ့ကြ၏။ ခရစ်တော်သည် ဤအသနားခံချက်ကိုလိုက်လျောတော်မူ၍ "ထိုသူတို့နှင့်အတူနေခြင်းငှာ ဝင်တော်မူ၏။"

ထိုတပည့်တော်များသည် ခရစ်တော်အားအတင်းအကျပ်မဖိတ်ခေါ်ခဲ့ကြလျှင် ၎င်းတို့နှင့်ခရီးသွားခဲ့သည့်ထိုပုဂ္ဂိုလ်သည် ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်ဖြစ်သည်ကို သိရှိခဲ့ကြလိမ့်မည်မဟုတ်ချေ။ ခရစ်တော်သည် မည်သူကိုမျှအတင်းအဓမ္မပြုကာ မဆက်ဆံခဲ့ပါချေ။ မိမိ၏အကူအညီကိုရယူလိုသူများကိုသာ မိမိအားစိတ်ဝင်စားစေလိုပါသည်။ ကိုယ်တော်သည်အနိမ့်ကျဆုံးသောအိမ်ထောင်များတွင် ဝမ်းမြောက်ဝမ်းသာစွာဝင်ရောက်ခိုတော်မူလိမ့်မည်ဖြစ်ပြီး၊ စိတ်နှလုံးအနှိမ့်ချဆုံးသောသူများကို ရွှင်လန်းစေတော်မူပါလိမ့်မည်။ လူသားများသည် ကောင်းကင်နိုင်ငံမှထိုဧည့်သည်တော်ကြီးအကြောင်းကို စဉ်းစားသုံးသပ်ရန် အထူးစိတ်ဝင်စားခဲ့လျှင်လည်းကောင်း၊ ကိုယ်တော်အား၎င်းတို့နှင့်အတူစိုးစံရန် မဖိတ်ခေါ်ခဲ့လျှင်လည်းကောင်း ကိုယ်တော်သည် ၎င်းတို့ကိုကျော်သွားပေလိမ့်မည်။ ဤသို့လုပ်ဆောင်နေကြခြင်းအားဖြင့် လူများစွာတို့သည် ကြီးစွာသောဆုံးရှုံးမှုနှင့်ရင်ဆိုင်နေကြရပါသည်။ ထိုတပည့်တော်နှစ်ဦးသည် မိမိတို့နှင့်အတူခရီးသွားနေသည့်ကိုယ်တော်အား သိရှိခဲ့ကြသည့်အတိုင်းအတာထက်ပို၍ ထိုသူတို့သည် ခရစ်တော်ကိုမသိရှိခဲ့ကြပါ။

ညနေစာစားရန် ရိုးရိုးအစာများကို မကြာမီတွင်ပြင်ဆင်ပြီးခဲ့ချေပြီ။ စားပွဲ၏ခေါင်းရင်းပိုင်းတွင်ထိုင်နေသော ထိုဧည့်သည်တော်ကြီး၏ရှေ့တွင် ထိုမုန့်များကိုချထားလိုက်ပါသည်။ ယခုတွင် အစားအစာကိုကောင်းချီးပေးရန် ကိုယ်တော်သည် လက်ကိုဆန့်တော်မူခဲ့ပါသည်။ ထိုတပည့်တော်များသည် အံ့သြကြောက်ရွံ့စွာဖြင့် နောက်သို့ဆုတ်လိုက်ကြပါသည်။ ထိုခရီးဖော်သည် ၎င်းတို့၏သခင်ဘုရားပြုတော်မူသကဲ့သို့ တထေရာတည်းလက်ကိုရှေ့ဆန့်တော်မူ၍ ကောင်းချီးပေးနေပါသည်။ သူတို့သည်တစ်ဖန်ပြန်၍ကြည့်လိုက်ရာ အလိုလေး၊ လက်တော်တွင်ရှိသောသံရာများကို သူတို့မြင်လိုက်ရပါသည်။ ဤပုဂ္ဂိုလ်သည်သခင်ယေရှုဖြစ်သည်။ ကိုယ်တော်သည် သေခြင်းမှထမြောက်တော်မူခဲ့ပြီးတကားဟု ချက်ချင်းပြိုင်တူအော်ဟစ်လိုက်ကြပါသည်။

ကိုယ်တော်အားကိုးကွယ်ဝတ်ပြုရန်အလို့ငှာ မိမိတို့ကိုယ်ကိုခြေတော်ရင်းတွင်ပျပ်ဝပ်ရန် သူတို့ထလိုက်ကြပါသည်။ သို့သော်လည်း ကိုယ်တော်သည် သူတို့၏မျက်မှောက်မှပျောက်ကွယ်သွားခဲ့ချေပြီ။

သူတို့သည် မကြာခင်အချိန်က သင်္ချိုင်းဂူထဲတွင်မြှုပ်နှံခြင်းခံခဲ့ရသော ကိုယ်တော်ရှင်ထိုင်တော်မူခဲ့သောနေရာကို အသေအချာကြည့်ရှုကြပြီး၊ “လမ်းခရီး၌ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကိုဖွင့်ပြတော်မူသောအခါ ငါတို့နှလုံးသည် ယိုဖိတ်မတတ်ဖြစ်သည်မဟုတ်လော” ဟု အချင်းချင်းပြောဆိုကြ၏။

သူတို့သည် ထိုသတင်းကောင်းကိုဖြန့်ဝေလိုချင်လွန်းသဖြင့် နေမထိထိုင်မသာဖြစ်ခဲ့ကြရပါသည်။ သူတို့ခံစားနေရသောမောပန်းမှုများနှင့် ဆာလောင်မှုများလည်းပြေပျောက်ခဲ့ချေပြီ။ ပြင်ဆင်ထားသောအစာများကို လုံးဝမစားတော့ဘဲ၊ ချန်ထားခဲ့ကာ ယေရုရှလင်မြို့တော်တွင်ရှိနေကြသော တမန်တော်များကိုပြောပြရန် လာခဲ့သည့်လမ်းအတိုင်း ဝမ်းသာအားရစွာဖြင့် တစ်ဖန်သုတ်ခြေတင်ခဲ့ကြပါသည်။ ထိုလမ်းခရီး၏တချို့နေရာများတွင်အန္တရာယ်ရှိသော်လည်း သူတို့သည်မတ်စောက်သောနေရာများကို ချောနေသောကျောက်လမ်းများအတိုင်း ချော်ချော်ချွတ်ချွတ်ဖြင့်တက်ခဲ့ကြရပါသည်။ မိမိတို့နှင့်အတူ



ခရီးသွားခဲ့ဖူးသည့် ထိုသူထံမှအကာအကွယ်ရမည်ကို သူတို့မသိမမြင်ဘဲလျက် လက်ထဲတွင်ကိုင်နေကျတောင်ဝှေးကလေးကိုကိုင်ကာ ခရီးရောက်သည်ထက်ရောက်အောင် ရှေ့သို့ခရီးဆက်ခဲ့ကြပါသည်။ သူတို့သည် လမ်းမှားခဲ့ကြသေးသော်လည်း၊ လမ်းကိုပြန်၍တွေ့ခဲ့ကြပါသည်။ တစ်ခါတစ်ရံတွင် ပြေးလိုက်၊ တစ်ခါတစ်ရံတွင်လဲလိုက်ဖြင့် သူတို့ခရီးဆက်ခဲ့ကြရာ ၎င်းတို့၏မျက်စိဖြင့်မမြင်ရသည့်ကိုယ်တော်သည် တစ်လမ်းလုံး၎င်းတို့နှင့်အတူလိုက်ပါလာတော်မူခဲ့ပါသည်။

ညသည်မှောင်မိုက်သော်လည်း တရားတော်နေမင်းကြီးသည် ၎င်းတို့အပေါ်တွင် တောက်ပထွန်းလင်းလျက်ရှိပါသည်။ သူတို့၏စိတ်နှလုံးများသည် ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြပါသည်။ ကမ္ဘာသစ်ကလေးထဲရောက်နေသလို သူတို့ခံစားခဲ့ကြရပါသည်။ ခရစ်တော်သည် အသက်နှင့်ပြည့်စုံတော်မူသော ကယ်တင်ရှင်ဖြစ်သောကြောင့် ကိုယ်တော်ရှင်အတွက် နောင်တွင်မငိုကြွေးရတော့ပြီ။ ခရစ်တော်သည်ထမြောက်ပြီဟူသောစကားကို သူတို့ခဏခဏရေရွတ်ခဲ့ကြပါသည်။ ဤအရာသည် ဝမ်းနည်းပက်လက်ဖြစ်နေကြသော ညီအစ်ကိုမောင်နှမများအတွက် ၎င်းတို့ယူဆောင်ခဲ့ကြသော သတင်းစကားဖြစ်ပါသည်။ ဧမောက်သို့သွားသောခရီးစဉ်၏အံ့သြဖွယ်ရာဖြစ်ရပ်များကိုလည်းကောင်း၊ လမ်းခရီးတွင် မိမိတို့နှင့်အတူခရီးသွားခဲ့သူ၏အကြောင်းကိုလည်းကောင်း သူတို့ပြောပြကြရပါလိမ့်မည်။ သူတို့သည် ကမ္ဘာအားပေးခဲ့ဖူးသည့်သတင်းများထဲတွင် အရေးအကြီးဆုံးသတင်းစကားတစ်ခုကို ယူဆောင်လာကြပါသည်။ လူသားမိသားစုများ၏မျှော်လင့်ချက်သည် ဝမ်းမြောက်ဖွယ်ရာထိုသတင်းစကားပေါ်တွင် ထာဝရကာလအမှီတံကဲပြုနေပါသည်။

****

# tcef; (84)
# oifwdkYüjidrfoufjcif;&Sdapowef;

လုကာ ၂၄း၃၃–၄၈။ ယောဟန် ၂၀း၁၉–၂၉ တို့ကိုအခြေပြုထားပါသည်။

ထိုတပည့်တော်နှစ်ယောက်သည် ယေရုရှလင်မြို့သို့ရောက်ရှိလာကြသောအခါ ပသခါပွဲချိန်ရာသီတွင် ညအချိန်၌ဖွင့်ထားလေ့ရှိသော အရှေ့ဂိတ်မှဝင်ခဲ့ကြ၏။ လူခြေတိတ်ပြီး မှောင်မိုက်လှသော်လည်း ဤခရီးသည်နှစ်ဦးသည် ထွန်းသစ်စလရောင်ကလေးကိုအမှီပြုက လမ်းကျဉ်းကလေးအတိုင်း လျှောက်လှမ်းလာခဲ့ကြပါသည်။ သူတို့သည် အသေသတ်မခံမီ နောက်ဆုံးညနေခင်းတွင် ခရစ်တော်ခေတ္တနေခဲ့သောအထက်ခန်းဆီသို့ ဦးတည်၍သွားနေကြပါသည်။ ဤနေရာတွင် အခြားညီအစ်ကိုများကို တွေ့နိုင်လိမ့်မည်ဖြစ်ကြောင်း သူတို့သိထားကြပါသည်။ ညဥ့်နက်လာပြီဖြစ်သော်လည်း တမန်တော်များသည် ခရစ်တော်၏အလောင်းအကြောင်းကို တပ်တပ်အပ်အပ်မသိမချင်းအိပ်ကြလိမ့်မည်မဟုတ်ကြောင်းကိုလည်း သူတို့သိထားကြပါသည်။ အထက်ခန်းသို့ရောက်သွားသောအခါ တံခါးကိုသေသေချာချာကန့်လန့်ထိုးပြီးပိတ်ထားသည်ကိုတွေ့ကြရပါသည်။ သူတို့သည် တံခါးကိုခေါက်ပြီးဝင်ခွင့်တောင်းကြသော်လည်း မည်သည့်တုံ့ပြန်ချက်ကိုမျှမရရှိကြချေ။ အရာခပ်သိမ်းတို့သည် တိတ်ဆိတ်ငြိမ်သက်နေပါသည်။ မိမိတို့၏နာမည်ကိုပြောပြသည့်အခါကျမှ တံခါးကိုသတိကြီးစွာဖြင့်ဖွင့်ပေးသဖြင့် အထဲသို့ဝင်ခဲ့ကြပါသည်။ ထိုအချိန်တွင် သူတို့၏မျက်စိဖြင့်မမြင်နိုင်သည့်ပုဂ္ဂိုလ်တစ်ပါးလည်း သူတို့နှင့်အတူ အခန်းထဲသို့လိုက်ပြီးဝင်လာခဲ့ပါသည်။ ထို့နောက် သူလျှိုများရန်မှကင်းဝေးစေရန် တံခါးကိုတစ်ဖန်ပြန်၍ပိတ်ထားလိုက်ကြပါသည်။

ထိုသူနှစ်ဦးသည် အခန်းထဲရှိယုံကြည်သူများကိုတွေ့ရသောအခါ အလွန်အံ့အားသင့်စိတ်လှုပ်ရှားခဲ့ရပါသည်။ အကြောင်းမှာ အထက်ခန်းထဲတွင်ရှိနေကြသောတပည့်တော်များက "သခင်ဘုရားသည် အမှန်ထမြောက်



တော်မူပြီ၊ ရှိမုန်အားကိုယ်ကိုပြတော်မူပြီ" ဟူ၍ ကျေးဇူးတင်ဝမ်းမြောက်သံများဖြင့် ချီးမွမ်းထောမနာပြုနေကြခြင်းကြောင့်ဖြစ်ပါသည်။ အမြန်ခရီးနှင်ခဲ့သောကြောင့် မောဟိုက်နေကြသော ထိုခရီးသည်နှစ်ဦးသည် မိမိတို့ထံသို့ခရစ်တော်ကိုယ်ထင်ပြသည့် အံ့ဖွယ်ဖြစ်ရပ်များကို ပြန်လည်ပြောပြခဲ့ကြပါသည်။ သူတို့ပြောပြလို့ပြီးရုံကလေးတွင် အချို့သူများက မယုံနိုင်စရာကောင်းလောက်အောင် ထူးဆန်းသည့်ထိုဖြစ်ရပ်ကို မယုံကြည်ကြောင်းပြောဆိုနေစဉ်အချိန်၌ ပုဂ္ဂိုလ်တစ်ပါးသည် သူတို့ရှေ့တွင်ရပ်တော်မူနေသည်ကို အခန်းထဲ၌ရှိသောတပည့်တော်များက တွေ့မြင်လိုက်ရပါသည်။ ထိုပုဂ္ဂိုလ်ကို လူတိုင်းကစူးစိုက်၍ကြည့်ရှုနေကြပါသည်။ ထိုသူဝင်လာစဉ်က တံခါးခေါက်သံကိုလည်းမကြားခဲ့ရ၊ ခြေသံကိုလည်းမကြားခဲ့ရချေ။ တပည့်တော်များသည် ကြောက်လန့်တကြားဖြစ်နေပြီး ထိုသူသည်မည်သည့်အဓိပ္ပါယ်ကိုဆောင်နေကြောင်း စဉ်းစားနေကြပါသည်။ ထို့နောက် "သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း" ဟူသောအရှင်ဘုရား၏နှုတ်တော်မှထွက်လာသော ကြည်လင်ပြတ်သားသည့်အသံတော်ကို သူတို့ကြားလိုက်ရပါသည်။

သို့ရာတွင် "တပည့်တော်တို့သည် တစ္ဆေကိုမြင်သည်ဟုစိတ်ထင်နှင့်ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။ ကိုယ်တော်ကလည်း အဘယ်ကြောင့်တုန်လှုပ်ခြင်းရှိကြသနည်း။ အဘယ်ကြောင့်အထူးထူးအထွေထွေသောစိတ်ရှိကြသနည်း။ ငါ့လက်ကိုကြည့်ကြလော့။ ငါ့ခြေကိုလည်းကြည့်ကြလော့၊ ငါ့ကိုယ်ပင်ဖြစ်၏။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြလော့။ ငါသည်သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏။ တစ္ဆေမည်သည်ကား၊ ဤကဲ့သို့မပြည့်စုံဟု မိန့်တော်မူလျက် လက်တော်ခြေတော်တို့ကို တပည့်တော်တို့အားပြတော်မူ၏။"

သူတို့သည် သံရိုက်ရာများကြောင့် ပုံပျက်ယွင်းနေသောလက်တော်နှင့်ခြေတော်များကို မြင်တွေ့ခဲ့ရပါသည်။ မိမိတို့အမြဲတမ်းကြားဖူးနေသည့်ကိုယ်တော်၏အသံတော်ကိုလည်း သူတို့မှတ်မိခဲ့ကြပါသည်။ "ထိုသူတို့သည် အံ့ဩ၍ဝမ်းမြောက်သောအားဖြင့် မယုံနိုင်သေးသောအခါ သင်တို့၌စားစရာ

တစ်စုံတစ်ခုရှိသလောဟုမေးတော်မူလျှင် ငါးကင်တစ်ပိုင်းနှင့်ပျားလပို့ကို ကပ်ပေးကြ၏။ ကိုယ်တော်ရှင်ယူ၍ သူတို့ရှေ့မှာစားတော်မူ၏။" "တပည့်တော်တို့သည် သခင်ကိုမြင်လျှင် ဝမ်းမြောက်ခြင်းရှိကြ၏။" မယုံကြည်မှုများနေရာတွင် ယုံကြည်ခြင်းနှင့်ဝမ်းမြောက်ခြင်းများအစားထိုးလာပြီး၊ စကားတစ်လုံးမျှမဖွင့်ဟနိုင်အောင် ဝမ်းသာမှုကိုခံစားလျက်၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို သူတို့အသိအမှတ်ပြုခဲ့ကြ၏။

ကောင်းကင်တမန်များသည် ခရစ်တော်ဘုရားဖွားမြင်တော်မူခြင်းခံစဥ်က ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးစေတော်မူသတည်း။ မြေကြီးပေါ်မှာလည်းငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာ၊ ကရုဏာရှိစေသတည်းဟု ချီးမွမ်းထောမနာပြုခဲ့ကြပါသည်။ ယခုတွင်လည်း ကယ်တင်ရှင်သည် ရှင်ပြန်ထမြောက်ပြီးသည့်နောက် တပည့်တော်များအား ပထမဦးဆုံးအကြိမ်အဖြစ် ကိုယ်ထင်ပြတော်မူစဥ် "သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း" ဟူ၍ မင်္ဂလာစကားများဖြင့် နှုတ်ခွန်းဆက်တော်မူခဲ့ပါသည်။ ခရစ်တော်သည် သံသယစိတ်များကြောက်ရွံ့စိတ်များဖြင့် ဒဏ်ပိနေသောအသက်ဝိညာဉ်များအား ငြိမ်သက်မှုပေးရန် အသင့်ရှိနေတော်မူပါသည်။ ကိုယ်တော်အားဝင်လာရန် နှလုံးတံခါးကိုဖွင့်ပေးကာ ကျွန်ုပ်တို့နှင့်အတူနေတော်မူပါဟု ပြောဆိုမည့်အချိန်ကို ခရစ်တော်စောင့်စားနေပါသည်။ "ငါသည် တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်ရလိမ့်မည်" ဗျာ ၃း၂၀။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်၌အိပ်ပျော်လျက်ရှိသူများအားလုံး၏နောက်ဆုံးထမြောက်ခြင်းအတွက် ပုံရိပ်တစ်ခုဖြစ်ပါသည်။ ထမြောက်တော်မူခဲ့သည့် ကယ်တင်ရှင်၏မျက်နှာတော်ဟန်ပန်လက္ခဏာနှင့် ပြောဆိုပုံများသည် တပည့်တော်များအတွက် အကျွမ်းတဝင်ကျက်မိထားသောအရာများဖြစ်ခဲ့ပါသည်။ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သည့်နည်းတူ ခရစ်တော်၌အိပ်ပျော်လျက်ရှိသောသူအပေါင်းတို့သည်လည်း တစ်ဖန်



ထမြောက်ကြပါလိမ့်မည်။ ထိုတပည့်တော်များသည် ခရစ်တော်ကိုမှတ်မိခဲ့ကြသကဲ့သို့ ထိုအခါတွင် ကျွန်ုပ်တို့၏မိတ်ဆွေများကို ကျွန်ုပ်တို့မှတ်မိကြပါလိမ့်မည်။ ထိုသူများသည် သေတတ်သောလူ့ဘဝတွင် ကိုယ်အင်္ဂါချွတ်ယွင်းကောင်းချွတ်ယွင်းခဲ့ကြပေမည်။ ရောဂါဘယများထူပြောကာ ရုပ်ပျက်ဆင်းပျက်ဖြစ်ကောင်းဖြစ်ခဲ့ကြပေမည်။ ထိုသူများရှင်ပြန်ထမြောက်လာသောအခါ စုံလင်ကျန်းမာရေးနှင့်အဆစ်အချိုးကျနစွာဖြင့် ထမြောက်လာကြလိမ့်မည်ဖြစ်သော်လည်း၊ ဘုန်းတော်နှင့်ပြည့်ဝသောရင်းတို့အား မည်သူမည်ဝါဖြစ်ကြောင်း ကောင်းမွန်စွာသိရှိနိုင်ပါလိမ့်မည်။ ယခုတွင် ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ၁ကော ၁၃း၁၂။ ခရစ်တော်၏မျက်နှာတော်မှ ဘုန်းရောင်ခြည်တော်များနှင့်တောက်ပလျက်ရှိနေကြသူများထဲတွင် ကျွန်ုပ်တို့ချစ်သောသူများ၏မျက်နှာများကိုလည်း ကျွန်ုပ်တို့မှတ်မိကြပေလိမ့်မည်။

တပည့်တော်များကိုတွေ့လျှင် မိမိအကြောင်းနှင့်စပ်လျဉ်း၍ မောရှေ၏ကျမ်း၊ အနာဂတ္တိကျမ်းနှင့်ဆာလံကျမ်းများတွင် ရေးသားချက်များသည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်ဖြစ်ကြောင်း မိမိအသေခံတော်မမူမီ ခရစ်တော်မိန့်တော်မူခဲ့သောစကားများကို သူတို့အားကိုယ်တော်သတိရစေတော်မူခဲ့ပါသည်။ "ထိုအခါ ကျမ်းစာကိုနားလည်စေခြင်းငှာ တပည့်တော်တို့၏ဉာဏ်ကိုဖွင့်တော်မူလျှင် ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရမည်။ ခရစ်တော်၏အခွင့်အားဖြင့် နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အားဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်းအရာတို့၏သက်သေဖြစ်ကြ၏။"

တပည့်တော်များသည် မိမိတို့၏လုပ်ဆောင်ရမည့်အမှုတော်၏လုပ်ငန်းသဘာဝနှင့်အငန်းအတာများကို စတင်သိရှိလာခဲ့ကြပါသည်။ မိမိတို့အား ခရစ်တော်ပေးသနားတော်မူခဲ့သော အံ့သြဖွယ်၊ သမ္မာတရားများကို ကမ္ဘာသို့ကြွေးကြော်ရန်ဖြစ်ပါသည်။ သူတို့သည် ခရစ်တော်၏အသက်တာ

ခရစ်တော်၏အသေခံခြင်းနှင့်ထမြောက်ခြင်း စသည့်ဖြစ်ရပ်ကြီးများကို ပြညွှန်ထားသည့်အနာဂတ္တိစကားများ၊ ပညတ်တော်၏သန့်ရှင်းခြင်းနှင့် ကယ်တင်ခြင်းစီမံကိန်း၏နက်နဲမှုများ၊ အပြစ်မှသန့်စင်စေနိုင်သော ခရစ်တော်၏တန်ခိုးတော် စသည့်အကြောင်းအရာများအတွက် သူတို့သည် သက်သေခံများဖြစ်ကြပါသည်။ ထိုအကြောင်းအရာများကို ကမ္ဘာအားသူတို့ကြွေးကြော်ရပါမည်။ ကယ်တင်ရှင်၏တန်ခိုးတော်နှင့် ၎င်းတို့၏နောင်တများကြောင့်ရရှိကြမည့် ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်းတို့နှင့်စပ်ဆိုင်သော ဧဝံဂေလိတရားတော်ကို သူတို့ကြွေးကြော်ကြရပါမည်။

ကိုယ်တော်သည် ထိုသို့မိန့်တော်မူပြီးသောအခါ "ထိုသူတို့အပေါ်၌မှုတ်လျက် သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုခံကြလော့။ အကြင်သူ၏အပြစ်ကိုသင်တို့လွှတ်လျှင် ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကိုသင်တို့တည်စေလျှင် ထိုသူသည် အပြစ်တည်လျက်ရှိ၏" ဟု မိန့်တော်မူ၏။ ခရစ်တော်သည် ဘုန်းထင်ရှားတော်မူခြင်းမခံရသေးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသည် ပြည့်ပြည့်စုံစုံမထင်ရှားသေးချေ။ ကောင်းကင်သို့ခရစ်တော်မတက်မီတွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို ကြွယ်ဝစွာမသွန်းလောင်းသေးချေ။ တမန်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုမရရှိကြသေးမီ ကမ္ဘာအနှံ့သာသနာဖြန့်လုပ်ငန်းကို လုပ်ဆောင်နိုင်ခြင်းမရှိကြသေးချေ။ သို့ရာတွင် အထူးရည်ရွယ်ချက်ဖြင့် ယခုတွင် ဝိညာဉ်တော်ကိုပေးသနားတော်မူခဲ့ပါသည်။ တမန်တော်များသည် အသင်းတော်နှင့်စပ်ဆိုင်သော လုပ်ငန်းတာဝန်များကိုမလုပ်ဆောင်နိုင်မီ ခရစ်တော်သည် ၎င်းတို့အပေါ်သို့ဝိညာဉ်ကိုမှုတ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့၏လက်ထဲ၌ မွန်မြတ်သန့်ရှင်းသောတာဝန်တစ်ခုကို ပေးအပ်တော်မူလျက်ရှိသည်ကိုလည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးမပါရှိလျှင်၊ ဤတာဝန်ကိုပြီးမြောက်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်းကိုလည်းကောင်း ၎င်းတို့အားကိုယ်တော်သိစေလိုတော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦးတစ်ယောက်၏ဝိညာဉ်ရေးအသက်တာအတွက် ဇီဝအသက်ဖြစ်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်



တော်ကိုမျှဝေခြင်းသည် ခရစ်တော်၏အသက်တာကိုမျှဝေပေးခြင်းဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်သည် လက်ခံရရှိသူအား ခရစ်တော်၏ကြန်အင်လက္ခဏာများဖြင့် ပြည့်ဝစေပါသည်။ ဘုရားသခင်၏အကြောင်းကို ထိုကဲ့သို့သွန်သင်ခြင်းခံရသူများ၊ စိတ်နှလုံးသားတွင် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းကိုခံရသူများ၊ မိမိ၏အသက်တာတွင် ခရစ်တော်နှင့်တူသောအသက်တာမျိုးထင်ရှားလျက်ရှိသည့်သူများ၊ ဤသူများသာလျှင် လူသားများ၏ကိုယ်စားလှယ်များအဖြစ်ဖြင့်ရပ်တည်ကာ အသင်းတော်၏ကိုယ်စားအမှုတော်ဆောင်ရမည်ဖြစ်ပါသည်။

"အကြင်သူ၏အပြစ်ကိုသင်တို့လွှတ်လျှင် ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကို သင်တို့တည်စေလျှင် ထိုသူသည်အပြစ်တည်လျက်ရှိ၏။" ခရစ်တော်သည် ဤနေရာတွင် သူတစ်ပါးအားတရားစီရင်ရန် လူသားများကိုလွှတ်လပ်ပေးနေခြင်းမဟုတ်ပါ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ တောင်ပေါ်ဒေသနာတွင် ကိုယ်တော်ရှင်ကတားမြစ်ပိတ်ပင်တော်မူခဲ့ပါသည်။ တရားစီရင်ခြင်းအခွင့်သည် ဘုရားသခင်တစ်ပါးတည်း၌သာရှိပါသည်။ သို့ရာတွင် အသင်းတော်ဖွဲ့စည်းတည်ထောင်ထားသည့်ပမာဏအလိုက် အသင်းသားတစ်ဦးစီအတွက် လုပ်ဆောင်ရန်တာဝန်တစ်ခုစီကို ခရစ်တော်သတ်မှတ်ထားတော်မူပါသည်။ အပြစ်တွင်ကျဆုံးနေသောသူများအား၊ သတိပေးစကားပြောရန်၊ သွန်သင်ဆုံးမရန်၊ ဖြစ်နိုင်လျှင်ပုံမှန်နေရာသို့ပြန်လည်ပို့ဆောင်ပေးရန် အသင်းတော်၌တာဝန်ရှိပါသည်။ "အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍တိုက်တွန်းသွေးဆောင်လော့" ၂တိ ၄း၂။ မှားယွင်းသောလုပ်ဆောင်မှုများကိုသစ္စာရှိစွာဖြင့်ဖြေရှင်းပါ။ အသက်ဝိညာဉ်တိုင်းအား ၎င်းတို့၏အန္တရာယ်ရှိနေကြောင်းသတိပေးပါ။ ကိုယ့်ကိုကိုယ်မလှည့်ဖြားမိကြစေရန် မည်သူကိုမျှစွန့်ပစ်မထားပါနှင့်၊ ကျူးလွန်ခဲ့သည့်အပြစ်များကို အမည်ဖော်ပြ၍ဆုံးမပါ။ လိမ်ညာခြင်း၊ ဥပုသ်ချိုးဖောက်ခြင်း၊ ခိုးခြင်း၊ ရုပ်တုကိုးကွယ်ခြင်းနှင့်တကွဒုစရိုက်လုပ်ရပ်တိုင်းနှင့်စပ်လျဉ်း၍ ဘုရားသခင်မိန့်တော်မူသမျှကိုဟောပြော

ပါ။ "ထိုသို့သောအကျင့်ကိုကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကိုအမွေမခံရကြ" ဟုသွန်သင်ပါ။ ဂလာတိ ၅း၂၁။ ထိုသူများသည် အပြစ်ကိုဆက်လက်ကျူးလွန်နေမည်ဆိုလျှင် အထက်ပါကျမ်းချက်တွင်ဖော်ပြထားသည့် အပြစ်ဒဏ်ကိုကောင်းကင်နိုင်ငံ၌လည်း၊ သူ့အပေါ်တွင်စီရင်တော်မူလျက်ရှိပါသည်။ အပြစ်ကိုရွေးချယ်ခြင်းအားဖြင့် ထိုသူများသည် ခရစ်တော်နှင့်မစပ်ဆိုင်သောသူများဖြစ်ကြ၏။ အသင်းတော်အနေဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များကို ခွင့်မပြုကြောင်းဖော်ပြရမည်။ သို့မဟုတ်လျှင် အသင်းတော်ကိုယ်တိုင် သူမ၏ဘုရားသခင်ကို ရှုတ်ချခြင်းဖြစ်ပါသည်။ အသင်းတော်သည် အပြစ်နှင့်ပတ်သက်၍ ဘုရားသခင်မိန့်ဆိုထားသည့်အတိုင်း ဖွင့်ဟရပါမည်။ အသင်းတော်သည် ဘုရားသခင်ညွှန်ကြားသည့်အတိုင်း အပြစ်ကိုကိုင်တွယ်ဖြေရှင်းရပါမည်။ သူမ၏အရေးယူလုပ်ဆောင်ချက်ကို ကောင်းကင်နိုင်ငံတွင် အတည်ပြုတော်မူပါသည်။ အသင်းတော်၏လုပ်ပိုင်ခွင့်အာဏာတန်ခိုးများကို မထီမဲ့မြင်ပြုသောသူသည် ခရစ်တော်ကိုယ်တော်တိုင်၏လုပ်ပိုင်ခွင့်အာဏာတန်ခိုးများကို မထီမဲ့မြင်ပြုခြင်းဖြစ်ပါသည်။

ဤကိစ္စအတွက် ပို၍ထင်ရှားသောသွန်သင်ချက်တစ်ခုမှာ "အကြင်သူ၏အပြစ်ကိုသင်တို့လွှတ်လျှင် ထိုသူသည်အပြစ်လွှတ်လျက်ရှိ၏" ဟူ၍ဖြစ်၏။ ဤအရာကိုမြဲမြံစွာမှတ်ကျုံးထားကြပါစို့။ မှားယွင်းသောသူများအတွက် အမှုတော်ဆောင်ရာတွင် ၎င်းတို့အားခရစ်တော်ထံသို့ပြညွှန်ကြပါစို့။ သိုးထိန်းသည် ဘုရားသခင်၏စားကျက်၌ရှိကြသောသိုးစုအား ကြင်နာယုယကြစေ။ ထိုသူများသည် ကယ်တင်ရှင်၏အပြစ်လွှတ်ခြင်း၊ ကရုဏာတော်အကြောင်းကို မှားယွင်းသောသူများထံသွား၍ပြောကြစေ။ အပြစ်သားများအားနောင်တရစေ၍ အပြစ်မှခွင့်လွှတ်နိုင်သည့်ကိုယ်တော်အား၊ ယုံကြည်ခြင်းရှိလာအောင် အားပေးကြစေ။ "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" ဟူသောနှုတ်ကပတ်တော်ကိုဖွင့်ဟကြစေ။ ၁ယော ၁း၉။





"ကိုယ်တော်သည် အကျွန်ုပ်တို့ကိုတစ်ဖန်သနား၍ အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏အပြစ်အလုံးစုံတို့ကို နက်နဲသောပင်လယ်ထဲသို့ချပစ်တော်မူလိမ့်မည်" ဟူသောအာမခံချက်ကို နောင်တရသောသူအပေါင်းတို့ရရှိကြပါမည်။ မိက္ခာ ၇း၁၉။

ထိုအပြစ်သား၏နောင်တရခြင်းကို အသင်းတော်အနေဖြင့်လှိုက်လှိုက်လှဲလှဲကြိုဆိုလက်ခံကြစေ။ နောင်တရသောသူတစ်စုံတစ်ယောက်အား၊ မယုံကြည်ခြင်းအမှောင်ထုမှ ယုံကြည်ဖြောင့်မတ်သောအလင်းတော်သို့ပို့ဆောင်ကြစေ။ ကြောက်ရွံ့တုန်လှုပ်နေသောထိုသူ၏လက်ကို ခရစ်တော်၏မေတ္တာတော်လက်များထဲသို့ပို့ကြစေ။ ထိုကဲ့သို့သောအပြစ်လွှတ်ခြင်းမျိုးကို ကောင်းကင်နိုင်ငံတော်တွင် အတည်ပြုတော်မူပါသည်။

အသင်းတော်၌ ဤနည်းအားဖြင့်သာ ထိုအပြစ်သား၏အပြစ်ကိုကင်းလွတ်ဖြေရှင်းခွင့်ရှိပါသည်။ အပြစ်ခွင့်လွှတ်ခြင်းကို ခရစ်တော်ပြုသောကောင်းမှုကုသိုလ်အားဖြင့်သာ ရရှိနိုင်ကြပါသည်။ အပြစ်ကင်းလွတ်ခွင့်ပြုနိုင်သည့်တန်ခိုးကို မည်သည့်လူသားတစ်စုံတစ်ဦး၌မျှ ပေးအပ်ထားခြင်းမရှိပါချေ။ တပည့်တော်များသည် လူမျိုးအပေါင်းတို့တွင် ခရစ်တော်၏နာမတော်အားဖြင့် အပြစ်ခွင့်လွှတ်ခြင်းအခွင့်ရရှိနိုင်ကြောင်းဟောကြားရန် တာဝန်ပေးအပ်ခြင်းခံရသော်လည်း သူတို့ကိုယ်တိုင်၌မူ အပြစ်၏အစွန်းအကွက်လေးတစ်ခုကိုပင် ဖယ်ရှားပေးနိုင်သည့်တန်ခိုးမရှိပါချေ။ ခရစ်တော်၏နာမတော်မှတစ်ပါး၊ "ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ" တမန် ၄း၁၂။

သခင်ယေရှုသည် တပည့်တော်များကို အထက်ခန်းထဲတွင်ပထမဦးဆုံးအကြိမ်အဖြစ်တွေ့ဆုံစဉ်က ထိုအထဲတွင် သောမ မပါရှိခဲ့ချေ။ သူသည် အခြားတမန်တော်များ၏ပြောကြားချက်များကိုကြားခဲ့ရပြီး၊ ခရစ်တော်သည် ထမြောက်တော်မူပြီဖြစ်ကြောင်း၊ သက်သေအထောက်အထားအခိုင်အလုံရရှိထားသော်လည်း သူ၏စိတ်နှလုံးသည် မယုံကြည်စိတ်များ၊ အမှောင်စိတ်များဖြင့်ပြည့်ဝနေခဲ့ပါသည်။ တပည့်တော်များက ရှင်ပြန်ထမြောက်ခဲ့သော

ကယ်တင်ရှင်သည် မိမိတို့အားကိုယ်ယောင်ပြခဲ့ကြောင်း ပြောပြသည်ကိုကြားရသောအခါ ထိုသတင်းသည် ပို၍ပင်စိတ်ပျက်စေခဲ့ပါသည်။ အကြောင်းမှာ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူခဲ့လျှင် လောကီနိုင်ငံနှင့်ပတ်သက်သော မျှော်လင့်ချက်များမရှိနိုင်တော့ချေ။ ၎င်းပြင်၊ သူ၏သခင်ဘုရားသည် သူမှလွဲ၍အခြားတမန်တော်အားလုံးကို ကိုယ်ထင်ပြခဲ့သည်ဆိုသည့်အချက်ကို စဉ်းစားမိသောအခါတွင် ၎င်း၏စိတ်နေမြင့်မားမှုအားထိခိုက်နာကျင်စေခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် သူသည်ကြားရသောသတင်းများကို မယုံကြည်ဖို့ဆုံးဖြတ်ခဲ့ပြီး၊ အခြားညီအစ်ကိုများ၏မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းတို့နှင့်နှိုင်းယှဉ်လိုက်လျှင် ပို၍မှောင်မိုက်သည့်အတိဒုက္ခတွင် ရက်သတ္တပတ်လုံးနစ်မျောနေခဲ့ပါသည်။

သောမသည် ထိုအချိန်အတွင်းတွင် "လက်တော်၌သံရိုက်ရာချက်ကိုမမြင်၊ သံရိုက်ရာချက်ကိုလက်ညှိုးနှင့်မတို့မစမ်း၊ နံဘေးတော်ကိုလည်းလက်နှင့်မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံ" ဟု ထပ်ခါတလဲလဲပြောဆိုနေပါသည်။ သူသည် အခြားညီအစ်ကိုများမြင်ခဲ့ရသောအရာများကို လက်မခံခဲ့ချေ။ သို့မဟုတ်လျှင် ၎င်းတို့၏သက်သေခံချက်များအပေါ်တွင် အခြေပြုနေသောယုံကြည်ခြင်းကို သူလေ့ကျင့်အသုံးချခဲ့လိမ့်မည်ဖြစ်ပါသည်။ သူသည် မိမိ၏ဘုရားသခင်အား နှစ်နှစ်ကာကာချစ်ခင်ခဲ့သော်လည်း မနာလိုဝန်တိုမှုနှင့်မယုံကြည်မှုများကို မိမိ၏နှလုံးသား၌ လွှမ်းမိုးချုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

များပြားလှစွာသောတပည့်တော်များသည် ထိုအထက်ခန်းကို ၎င်းတို့၏ယာယီနေအိမ်ကဲ့သို့သဘောထားကာ နေထိုင်ခဲ့ကြပါသည်။ ညနေပိုင်းတွင် သောမမှတစ်ပါး အခြားတပည့်တော်များအားလုံးသည် ထိုနေရာတွင်စုရုံးရောက်ရှိခဲ့ကြပါသည်။ သောမသည် တစ်ညနေတွင် အခြားသောတမန်တော်များနှင့်သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ခဲ့ပါသည်။ သူသည် ထိုသတင်းကိုမယုံကြည်နိုင်ငြားသော်လည်း၊ ဤသတင်းကောင်းသည် သတင်းမှန်ဖြစ်နိုင်သည်ဟု သူ၌မဆိုစလောက်သောမျှော်လင့်ချက်ကလေးရှိနေပါသေးသည်။ ထိုတမန်တော်များသည် ညနေခင်းစာစားနေကြစဉ် အနာဂတ္တိစကားတွင် ၎င်းတို့အားခရစ်တော်မိန့်မြွက်ခဲ့သော သက်သေအထောက်အထားများ



အကြောင်းကို ပြောဆိုနေကြပါသည်။ ထိုစဉ်တွင် ယေရှုသည် ကြွလာ၍ အလယ်မှာရပ်တော်မူလျက် "သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်း" ဟု မိန့်တော်မူ၏။

ထိုနောက် သောမဘက်သို့လှည့်၍ "သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ငါ့နံဘေးကိုစမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်၊ ယုံလော့" ဟု မိန့်တော်မူ၏။ ကိုယ်တော်သည် သောမတွေးခဲ့သောအတွေးများနှင့် ပြောခဲ့သောစကားများကိုသိထားကြောင်း ဤစကားများကထင်ရှားစေပါသည်။ ထိုရက်သတ္တပတ်လုံးတွင် ခရစ်တော်နှင့်မည်သည့်တပည့်တော်မျှမတွေ့ဆုံခဲ့ကြောင်းကို သောမသိထားပါသည်။ ထို့ကြောင့် တမန်တော်များအနေနှင့် မိမိ၏ယုံကြည်မှုများကို ဖောက်သည်ချခြင်းမဟုတ်နိုင်ချေ။ မိမိ၏ရှေ့တွင်ရပ်နေသည့်ထိုပုဂ္ဂိုလ် မိမိ၏အရှင်ဘုရားဖြစ်ကြောင်း သူမှတ်မိလာခဲ့ပါသည်။ နောက်ထပ်သက်သေအထောက်အထားတစ်စုံတစ်ခုကိုမျှ သူမလိုလားတော့ဘဲ ဝမ်းသာလုံးဆို့ကာ ခရစ်တော်၏ခြေတော်ရင်းတွင်ပျပ်ဝပ်လျက် "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား" ဟု လျှောက်ထားလေ၏။

သခင်ယေရှုသည် သောမ၏အသိအမှတ်ပြုခြင်းကိုလက်ခံတော်မူခဲ့သော်လည်း "သင်သည်ငါ့ကိုမြင်သောကြောင့်ယုံခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲယုံသောသူသည် မင်္ဂလာရှိကြ၏ဟု သိမ်မွေ့နူးညံ့စွာဖြင့် ၎င်းတို့၏မယုံကြည်မှုများကို ပဲ့ပြင်တော်မူခဲ့ပါသည်။ သူသည် အခြားသောတပည့်တော်များ၏သက်သေခံချက်များကိုယုံကြည်ရန် ဆန္ဒရှိခဲ့မည်ဆိုလျှင် ၎င်း၏ယုံကြည်ခြင်းသည် ခရစ်တော်အတွက်ပို၍နှစ်သက်ဖွယ်ဖြစ်ပါလိမ့်မည်။ တစ်လောကလုံးသည် သောမ၏လမ်းစဉ်ကိုလိုက်ခဲ့ကြပါမူ မည်သူတစ်ဦးတစ်ယောက်မျှကယ်တင်ခြင်းနှင့်စပ်ဆိုင်သော ယုံကြည်ခြင်းမျိုးရှိကြလိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား၊ ခရစ်တော်ကိုလက်ခံသူအပေါင်းတို့သည် အခြားသူများ၏သက်သေခံမှုအပေါ်တွင်သာ ဆောက်တည်ကြရမည်ဖြစ်သောကြောင့်တည်း။

သောမသည် ၎င်း၏မိတ်ဆွေများထံမှရရှိခဲ့သည့် သက်သေအထောက်အထားလောက် မိမိရရှိခဲ့ပါလျှင် ယုံကြည်ခြင်းသို့ရောက်ကြမည်ဟု သံသယ

ထားလိုသောသူများစွာတို့က ကိုယ်ကိုကိုယ်အပြစ်ဖြေရာစကားများပြောဆိုနေကြပါသည်။ ၎င်းတို့သည် ထိုအထောက်အထားထက်မက များပြားလှစွာသောအထောက်အထားများရရှိနေကြောင်းကို သူတို့မသိရှိခဲ့ကြချေ။ သောမကဲ့သို့ သံသယဖြစ်ရခြင်း၏အကြောင်းရင်းများကိုဖယ်ရှားပစ်ရန် စောင့်ဆိုင်းနေကြသောလူများစွာတို့သည် မိမိတို့၏အလိုဆန္ဒများကို မည်သည့်အခါမျှသိရှိကြလိမ့်မည်မဟုတ်ချေ။ သူတို့သည် မယုံကြည်မှု၌သာ တဖြည်းဖြည်းခိုင်မြဲလာကြပါတော့သည်။ မကောင်းသည့်ဘက်ကိုသာကြည့်ကာ မြည်တွန်တောက်တီးနေတတ်သောထိုသူများသည် မိမိတို့မည်သည့်အရာလုပ်ဆောင်နေသည်ကိုပင် မသိရှိကြတော့ချေ။ သူတို့သည် သံသယမျိုးစေ့များကိုစိုက်ပျိုးနေကြသဖြင့် သံသယကောက်နှံများကိုရိတ်သိမ်းကြရပါလိမ့်မည်။ ယုံကြည်မှုနှင့်စိတ်ချမှုများသည် မရှိမဖြစ်လိုအပ်သည့်အရာများဖြစ်လာသည့်အချိန်အခါမျိုးတွင် များစွာသောလူများသည် ဤနည်းအားဖြင့် မိမိကိုယ်ကိုမျှော်လင့်နိုင်စွမ်း၊ ယုံကြည်နိုင်စွမ်းမရှိကြသည့်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ခရစ်တော်သည် သောမအား ထိုကဲ့သို့ပြုမူဆက်ဆံတော်မူခြင်းတွင် ခရစ်ယာန်များအတွက် သင်ခန်းစာတစ်ခုကိုသွန်သင်ထားတော်မူပါသည်။ ယုံကြည်ခြင်းအားနည်းသောသူများနှင့် သံသယစိတ်အထင်ကရရှိနေသောပုဂ္ဂိုလ်များကို ကျွန်ုပ်တို့မည်ကဲ့သို့ဆက်ဆံသင့်ကြောင်း ကိုယ်တော်ရှင်ပုံသက်သေပြတော်မူခဲ့ခြင်းဖြစ်ပါသည်။ ခရစ်တော်သည် သောမအားအပြစ်တင်ခြင်းအားဖြင့် အနိုင်မယူခဲ့ရုံသာမက ငြင်းခုံမှုကိုလည်းပြုတော်မမူခဲ့ချေ။ ကိုယ်တော်သည် သံသယဖြစ်နေသောထိုသူအား မိမိကိုယ်ကိုဖော်ပြတော်မူခဲ့ပါသည်။ သောမအား ၎င်း၏ယုံကြည်ခြင်းအခြေအနေများနှင့်ပတ်သက်၍ပြဋ္ဌာန်းဖွင့်ဆိုပြနေမည်ဆိုလျှင် ပို၍ပင်အမြော်အမြင်ကင်းမဲ့သွားစေလိမ့်မည်ဖြစ်သဖြင့် ခရစ်တော်သည် မိမိ၏ကြွယ်ဝသောမဟာမေတ္တာတော်နှင့် ချင့်ချိန်စဉ်းစားမှုများအားဖြင့် အဟန့်အတားအားလုံးကို ချိုးဖွဲ့ပစ်တော်မူလိုက်ပါသည်။ မယုံကြည်မှုများကိုငြင်းခုံခြင်းအားဖြင့် အောင်နိုင်ခဲ့ပါသည်။ မအောင်အောင်



နိုင်သည့်အပြင် ထိုသူသည်မိမိ၏မယုံကြည်မှုကို အကာအကွယ်များပြုလုပ်ကာ ထိုမယုံကြည်မှုကိုထောက်ခံမည့်အရာများနှင့် ဆင်ခြေပေးမည့်အရာများကို ရှာဖွေလာပါလိမ့်မည်။ သို့ရာတွင် မေတ္တာကရုဏာနှင့်ပြည့်စုံသောခရစ်တော်အား အသေခံတော်မူခဲ့သောကယ်တင်ရှင်အဖြစ်ဖော်ပြကြစေ။ ကိုယ်တော်ကို သူတို့မြင်တွေ့လာလျှင် တစ်ချိန်ကယုံကြည်ရန်ဆန္ဒမရှိသောနှုတ်ခမ်းများမှ "အကျွန်ုပ်၏ဘုရားသခင်ပါတကား" ဟူ၍ သောမအသိအမှတ်ပြုသကဲ့သို့ အသိအမှတ်ပြုပြောဆိုသံများကို ကြားကြရပါလိမ့်မည်။

****

## tcef; (85)
## tckifen;wGifaeuufxyfwpfMudrfawGUqHkjcif;

ယောဟန် ၂၁း၁-၂၂ ကိုအခြေပြုထားပါသည်။

သခင်ယေရှုက မိမိအားဂါလိလဲပြည်တွင်လာရောက်တွေ့ဆုံရန် တပည့်တော်များကိုချိန်းဆိုထားတော်မူသဖြင့် ပသခါပွဲပြီးဆုံးသွားသည်တစ်ပြိုင်နက် သူတို့သည် ထိုနေရာသို့ခြေဦးလှည့်ခဲ့ကြပါသည်။ ၎င်းတို့သည် ပသခါပွဲကိုတက်ရောက်ရန်ပျက်ခဲ့လျှင် ဖောက်ပြန်ရေးသမားအဖြစ် သမုတ်ခြင်းခံရမည်ဖြစ်သည့်အတွက် ထိုပွဲပြီးဆုံးသည်အထိရောက်ခဲ့ကြပြီး ပွဲပြီးသွားသည်နှင့်တစ်ပြိုင်နက် ညွှန်ကြားတော်မူသည်အတိုင်း ကယ်တင်ရှင်ဘုရားအားဖူးတွေ့ကြရန် နေရင်းပြည်သို့ပြန်ခဲ့ကြပါသည်။

တမန်တော်များထဲမှခုနစ်ပါးသည် တစ်စုတစ်ရုံးတည်းခရီးသွားခဲ့ကြပါသည်။ သူတို့သည် တံငါသည်များ၏နုံချာသောအဝတ်များကိုဝတ်ထားကာ လောကီပစ္စည်းဥစ္စာချို့တဲ့သောသူများဖြစ်ကြသော်လည်း ဘုရားသခင်၏ရှေ့တော်ဝယ် ၎င်းတို့အားအကြီးမြတ်ဆုံးသောဆရာသမားဖြစ်စေသည့် သမ္မာတရားကိုလက်ခံကျင့်သုံးမှုအပိုင်းနှင့် သိကျွမ်းခြင်းအပိုင်းတွင် ကြွယ်ဝသောသူများဖြစ်ကြပါသည်။ သူတို့သည် ပုရောဖက်ကျောင်းများတွင် မနေခဲ့ဖူးကြသော်လည်း၊ ကမ္ဘာ့သမိုင်းတွင်အကြီးဆုံးဖြစ်သောပညာရှိကြီး သခင်ယေရှုထံတွင် သုံးနှစ်လုံးလုံးသွန်သင်မှုခံယူခဲ့ကြသဖြင့် သူတို့သည်တိုးတက်ကောင်းမွန်လာကာ အသိအလိမ္မာနှင့်ပြည့်စုံပြီး ရည်မွန်သောကိုယ်စားလှယ်များဖြစ်လာခဲ့ကြပါသည်။ ၎င်းတို့အားဖြင့် လူသားများအား သမ္မာတရား၏အသိပညာများကို သိကျွမ်းစေတော်မူမည်ဖြစ်ပါသည်။

ခရစ်တော်သည် မိမိ၏အမှုတော်လုပ်ငန်းများကို ထိုဂါလိလဲအိုင်နားတွင်အချိန်များများပေး၍ လုပ်ဆောင်တော်မူခဲ့ပါသည်။ တပည့်တော်များသည် အနှောင့်အယှက်မရှိတန်ရာသောနေရာတစ်ခုတွင် စုရုံးခဲ့ကြသော်လည်း မိမိတို့သည်သခင်ယေရှုအား သတိရစေသောအရာများနှင့် ကိုယ်တော်၏မဟာလက်ရာတော်များအလယ်တွင် ရောက်ရှိနေကြကြောင်းတွေ့ကြရပါသည်။ ဤအိုင်ပေါ်တွင် ပြင်းထန်သောမုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်ကြတော့မည်ဆဲဆဲ မိမိတို့အလွန်ကြောက်လန့်တုန်လှုပ်နေကြသောအချိန်၌ ခရစ်တော်သည် မိမိတို့အားကယ်ဆယ်ရန် ထိုလှိုင်းတံပိုးများပေါ်တွင် လမ်းလျှောက်ခဲ့ဖူးပါသည်။ ထိုအချိန်က ကိုယ်တော်၏အမိန့်တော်ကြောင့် လှိုင်းတံပိုးများသည် ငြိမ်သက်သွားခဲ့ပါသည်။ လှမ်း၍မြင်ရသောကမ်းပေါ်တွင် လူတစ်သောင်းလောက်ကို မုန့်အနည်းငယ်၊ ငါးအနည်းငယ်နှင့်ဝအောင်ကျွေးတော်မူခဲ့ဖူးပါသည်။ ထိုနေရာမှများစွာမဝေးကွာလှသည့်ကပေရနောင်မြို့တွင် ပြတော်မူခဲ့သောနိမိတ်လက္ခဏာများကိုလည်း များစွာမြင်တွေ့ခဲ့ဖူးကြပါသည်။ တပည့်တော်များသည် ထိုနေရာဆီသို့လှမ်း၍မျှော်ကြည့်နေစဉ်တွင် ကယ်တင်ရှင်ဘုရားမိန့်တော်မူခဲ့သောစကားနှင့် ပြုတော်မူခဲ့သောအံ့ဖွယ်နိမိတ်လက္ခဏာများကို ပြန်၍သတိရခဲ့ကြပါသည်။



ထိုညနေခင်းသည် သာသာယာယာရှိလှပါသည်။ ငါးဖမ်းခြင်းကိုမြတ်နိုးဆဲဖြစ်သောပေတရုက ဂါလိလဲအိုင်တွင်ငါးသွားဖမ်းကြရန် အကြံပြုခဲ့ပါသည်။ ထိုအကြံပြုချက်ကို အားလုံးကသဘောတူခဲ့ကြပါသည်။ အကြောင်းမှာ ၎င်းတို့၌အဝတ်နှင့်အစားများချို့တဲ့နေလျက်ရှိရာ တစ်ညတာဖမ်းမိမည့်ငါးများကိုရောင်းချ၍ ရသည့်ငွေကြေးများသည် ၎င်းတို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သူတို့သည် လှေများဖြင့်သွားရောက်ငါးဖမ်းခဲ့ကြသော်လည်း တစ်ကောင်မျှမမိခဲ့ကြချေ။ တစ်ညလုံးပင်ပင်ပန်းပန်းကြိုးစား၍ ငါးဖမ်းခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ချေ။ သူတို့သည် မောပန်းနွမ်းလျလျက်ရှိသော ထိုအချိန်များတွင် ၎င်းတို့နှင့်အတူမရှိသောသခင်ဘုရားအကြောင်းကိုပြောဆိုကာ ဤအိုင်ဝန်းကျင်တွင် အမှုတော်ဆောင်စဉ် ကိုယ်တော်ပြုတော်မူခဲ့သည့်အံ့ဖွယ်ဖြစ်ရပ်များအကြောင်းကို ပြန်လည်သတိရခဲ့ကြပါသည်။ မိမိတို့၏အနာဂတ်ရေးနှင့်စပ်လျဉ်း၍ သူတို့သံသယဝင်လာကာ သူတို့ရှေ့တွင်ရှိနေသောအခြေအနေများကြောင့်

ဝမ်းနည်းပူဆွေးခဲ့ကြပါသည်။ ထိုစဉ်တွင် ကမ်းပါးပေါ်တွင်တစ်ကိုယ်တည်း စောင့်ကြည့်နေသည့် သာမန်မျက်စိများဖြင့်မမြင်နိုင်သောကိုယ်တော်သည် သူတို့နောက်မှလိုက်လာတော်မူခဲ့ပါသည်။ မကြာမီတွင် မိုးစင်စင်လင်းလာခဲ့ပါသည်။ ၎င်းတို့စီးလာသောလှေသည် ကမ်းနှင့်မလှမ်းမကမ်းသို့ရောက်နေပါသည်။ ကမ်းပါးပေါ်တွင်ရပ်နေသောထိုသူက ၎င်းတို့အား "ချစ်သားတို့ စားစရာတစ်စုံတစ်ခုရှိသလောဟုမေးတော်မူလျှင် မရှိပါဟုပြန်ပြောကြ၏။" ထိုအခါထိုသူက "လှေ၏လက်ယာဘက်၌ပိုက်ကိုပစ်ချလော့။ ထိုသို့ပြုလျှင် ရလိမ့်မည်ဟုမိန့်တော်မူသည်အတိုင်း သူတို့သည်ပစ်ချ၍ များစွာသောငါးတို့ကိုအုပ်မိသောကြောင့် ပိုက်ကွန်ကိုဆွဲ၍မရနိုင်။"

ယောဟန်သည် ထိုသူကိုမှတ်မိသွားကာ "ငါတို့သခင်ပေတည်း" ဟု ပေတရုအားပြောလေ၏။ ပေတရုသည် အလွန်ဝမ်းသာအားရခြင်းရှိလှသဖြင့် ရေထဲသို့ခုန်ဆင်းသွားပြီး၊ သခင်ဘုရား၏နံဘေးတွင် မတ်တတ်ရပ်လိုက်ပါသည်။ အခြားတပည့်တော်များသည်လည်း ငါးအပြည့်ဖြင့်ပြီးသော ပိုက်ကွန်ကိုဆွဲယူကာ ၎င်းတို့လှေကိုကမ်းသို့ကပ်ခဲ့ကြပါသည်။ "ကမ်းပေါ်သို့ရောက်သောအခါ မီးခဲပုံကိုလည်းကောင်း၊ ကင်ထားသောငါးကိုလည်းကောင်း၊ မုန့်ကိုလည်းကောင်းတွေ့မြင်ကြ၏။"

ထိုမီးနှင့်ငါးများ၊ မုန့်များသည်အဘယ်ကရောက်လာသည်ကို မမေးနိုင်လောက်အောင် အံ့သြတွေဝေခဲ့ကြပါသည်။ ထိုစဉ်တွင် ယေရှုက "ယခုရသောငါးအချို့ကိုယူခဲ့ကြ" ဟု မိန့်တော်မူ၏။ ပေတရုသည် မိမိပစ်ချခဲ့သောပိုက်ကွန်ရှိရာဆီသို့ တစ်ဟုန်ထိုးပြေးဆင်းသွားပြီး ညီအစ်ကိုများကိုကူညီကာ ထိုပိုက်ကွန်ကိုကုန်းပေါ်သို့ဆွဲတင်ပေးခဲ့ပါသည်။ ထိုလုပ်ငန်းပြီးစီး၍ ညစာပြင်ဆင်ပြီးကြသောအခါ ၎င်းတို့အားညစာလာရောက်စားသုံးကြရန် ယေရှုကခေါ်ဖိတ်လိုက်ပါသည်။ ထိုနောက် ကိုယ်တော်သည် မုန့်ကိုဖဲ့၍ တပည့်တော်များကိုဝေပေးလိုက်ပါသည်။ ဤအရာကို တမန်တော်ခုနစ်ယောက်စလုံးသိရှိလက်ခံခဲ့ကြပါသည်။ တောင်ပေါ်တွင် လူငါးထောင်အားကျွေးမွေးခဲ့သည့်ဖြစ်ရပ်ကို သူတို့ပြန်လည်သတိရခဲ့ကြသော်လည်း သူတို့သည်စိုးရွံ့



ထိတ်လန့်နေကြပြီး ရှင်ပြန်ထမြောက်တော်မူခဲ့သည့်ကိုယ်တော်ရှင်အား ငြိမ်ပြီးစူးစိုက်ကြည့်နေခဲ့ကြပါသည်။

သခင်ယေရှုက မိမိနောက်တော်သို့လိုက်ခဲ့ရန် ၎င်းတို့အားအိုင်နားတွင် မိန့်တော်မူခဲ့သည့်မြင်ကွင်းကိုလည်း သူတို့ထင်ထင်ရှားရှားကြီးသတိရခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏အမိန့်အရ ရေနက်ထဲသို့လှေကိုလှော်သွားကာ ပိုက်ကွန်ကိုချခဲ့ကြရာ ပိုက်ကွန်စုတ်လုမတတ် များပြားလှသောငါးများကိုဖမ်းမိခဲ့ကြကြောင်းကိုလည်း သူတို့သတိရခဲ့ကြပါသည်။ ယခုအချိန်တွင်မူ ခရစ်တော်သည် မိမိတို့၏ငါးဖမ်းလှေများကို စွန့်ခွာခဲ့ကြရန်ခေါ်တော်မူပြီး၊ ၎င်းတို့အားလူကိုမျှားသောတံငါဖြစ်စေမည်ဟူသော ကတိတော်ကိုပေးခဲ့ပါသည်။ ၎င်းတို့၏စိတ်အာရုံတွင် ထိုမြင်ကွင်းကိုမှတ်မိနေစေရန်နှင့် ထိုမြင်ကွင်းကိုစွဲလမ်းနေစေရန် ထိုနိမိတ်လက္ခဏာကို ကိုယ်တော်တစ်ဖန်ပြုတော်မူခဲ့ပါသည်။ ကိုယ်တော်၏လုပ်ဆောင်ချက်သည် တပည့်တော်များအားပေးအပ်ထားသော အထူးတာဝန်ကို ပြန်လည်ဆန်းသစ်စေခဲ့ပါသည်။ ကိုယ်တော်အသေခံတော်မူခြင်းအားဖြင့် မိမိတို့လုပ်ဆောင်ရန် သတ်မှတ်ထားသောအလုပ်တာဝန်များသည် လျော့ပါးမသွားကြောင်းကို ဤလုပ်ဆောင်ချက်က ထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ၎င်းတို့နှင့်အတူတကွမနေထိုင်တော့သော်လည်း၊ ၎င်းတို့၏အလုပ်ဟောင်းဖြစ်သော ငါးဖမ်းခြင်းလုပ်ငန်းမှထောက်ပံ့ငွေများမရရှိကြတော့သော်လည်း၊ ထမြောက်ခြင်းအရှင်ခရစ်တော်သခင်သည် ၎င်းတို့အားဆက်လက်၍မစစောင့်ရှောက်တော်မူပါလိမ့်မည်။ ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်စဉ် လိုအပ်သည့်အရာများအတွက် ကိုယ်တော်စီစဉ်ပေးတော်မူပါလိမ့်မည်။ လှေ၏လက်ယာဘက်တွင်ကပ်၍ ပိုက်ကွန်ကိုချခိုင်းခြင်းအမှုတွင် ကိုယ်တော်၌ကြံရွယ်ချက်တစ်ခုရှိတော်မူပါသည်။ ၎င်းမှာကိုယ်တော်သည် လှေ၏လက်ယာဘက်တွင်ရှိသောကုန်းပေါ်တွင် ရပ်နေတော်မူသောကြောင့်တည်း။ ထိုလက်ယာဘက်သည် ယုံကြည်ခြင်းနှင့်ပတ်သက်သောဘက်ဖြစ်ပါသည်။ လူသားများ၏ကြိုးစားအားထုတ်မှုကို ကိုယ်တော်၏ဘုရားတန်ခိုးတော်နှင့်ပေါင်းစပ်ကာ ကိုယ်တော်နှင့်ဆက်နွယ်လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင် ထိုသူတို့သည် မုချအောင်မြင်မည်သာတည်း။

ခရစ်တော်သည် ဤသို့လုပ်ဆောင်ရာတွင် အထူးသဖြင့်ပေတရုနှင့် ပတ်သက်၍ သင်ခန်းစာတစ်ခုပေးရန် ရည်ရွယ်ပါသည်။ သခင်ဘုရားအပေါ် သစ္စာစောင့်ပါမည်ဟု ယခင်ကပေတရုပြောဆိုချက်နှင့် နောက်ပိုင်းတွင်ပြုလုပ်ခဲ့သောငြင်းပယ်ချက်များသည် ရှက်ဖွယ်ကောင်းလောက်အောင် တစ်ခုနှင့်တစ်ခုဆန့်ကျင်နေပါသည်။ သူသည် ခရစ်တော်အားစော်ကားခဲ့သဖြင့် ညီအစ်ကိုများ၏မယုံကြည်မကိုးစားမှုကို ခံခဲ့ရပါသည်။ သူသည် တမန်တော်များတွင် ယခင်အနေအထားနှင့် တာဝန်ဝတ္တရားများကို ပြန်လည်အပ်နှင်းခြင်းခံရတော့မည်မဟုတ်ဟု သူတို့ထင်မြင်ခဲ့ကြပါသည်။ သူကိုယ်တိုင်လည်း မိမိအား၊ ကိုယ်တော်ကိုအပ်နှံထားသောအရာအားလုံး လက်လွတ်ဆုံးရှုံးရပြီဟု ခံစားမိခဲ့ပါသည်။ ထို့ကြောင့် မိမိ၏တမန်တော်ရာထူးကိုပြန်လည်ထမ်းဆောင်ရန် ခေါ်တော်မူခြင်းမခံယူမီ မိမိသည်စစ်မှန်သောနောင်တရခဲ့ပြီဖြစ်ကြောင်းကို ကျန်တမန်တော်များအားလုံးရှေ့မှောက်တွင် သူဖော်ပြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ထင်ရှားစွာမဖော်ပြခဲ့လျှင် နောင်တရခဲ့ပြီးဖြစ်စေကာမူ ၎င်းကျူးလွန်ခဲ့သောအပြစ်သည် ခရစ်တော်အမှုတော်ဆောင်တစ်ဦးအနေဖြင့် အမှုဆောင်သောအခါ ၎င်း၏ဩဇာသက်ရောက်မှုများကို ဖျက်ဆီးပစ်ကောင်းပစ်နိုင်ပါသည်။ မိမိ၏ညီအစ်ကိုများထံမှ ယုံကြည်စိတ်ချမှုကိုပြန်လည်ရရှိနိုင်ရန်နှင့် ဧဝံဂေလိတရားအပေါ် ၎င်းပြုလုပ်ခဲ့သောအပြစ်တင်မှုများကို ဖယ်ရှားပစ်နိုင်ရန် သူ့အားခရစ်တော်အခွင့်အရေးပေးတော်မူခဲ့ပါသည်။

ဤနေရာတွင် ခရစ်တော်၏နောက်လိုက်အားလုံးကို သင်ခန်းစာတစ်ခုပေးနေပါသည်။ ဧဝံဂေလိတရားတော်သည် ဒုစရိုက်အပြစ်နှင့် မည်သည့်အလျှော့ပေးညှိနှိုင်းမှုကိုမပြုလုပ်ပါ။ ထိုတရားတော်သည် အပြစ်ကိုခွင့်မပြုနိုင်ပါချေ။ လျှို့ဝှက်သောအပြစ်များကို ဘုရားသခင်ထံ၌ လျှို့ဝှက်စွာဝန်ချတောင်းပန်ရန်ဖြစ်ပြီး၊ လူသိရှင်ကြားကျူးလွန်သောအပြစ်များအတွက် လူသိရှင်ကြားဝန်ချတောင်းပန်ရန်လိုပါသည်။ တပည့်တော်များ၏အပြစ်များကိုပြစ်တင်ရှုတ်ချခြင်းသည် ခရစ်တော်အပေါ်သို့ကျရောက်စေပါသည်။ ထိုကဲ့သို့



လုပ်ဆောင်ခြင်းသည် စာတန်အားအောင်ပွဲဆင်စေပြီး၊ ယုံကြည်ခြင်းအားနည်းသူများအတွက် ထိမိ၍လဲစရာဖြစ်စေပါသည်။ ထိုတမန်တော်သည် မိမိတတ်စွမ်းသမျှကြိုးစားကာ နောင်တရကြောင်းအထောက်အထားပေးခြင်းအားဖြင့် ဤပြစ်တင်ရှုတ်ချမှုကို ဖယ်ရှားပစ်ရန်ဖြစ်ပါသည်။

ခရစ်တော်နှင့်တပည့်တော်များသည် အိုင်နားတွင်အတူတကွစားသောက်နေကြစဉ်တွင် ယေရှုက "ယောန၏သားရှိမုန်၊ ဤသူတို့သည် ငါ့ကိုချစ်သည်ထက်သင်သည်သာ၍ချစ်သလော" ဟု ရှိမုန်ပေတရုအားမေးတော်မူ၏။ ဤသူတို့ဟုဆိုရာ၌ အနီးအနားတွင်ရှိနေကြသော ၎င်း၏ညီအစ်ကိုများကိုရည်ညွှန်းပါသည်။ ပေတရုသည် တစ်ချိန်ကဤကဲ့သို့အမေးခံရစဉ်တွင် "ဤသူရှိသမျှတို့သည် ကိုယ်တော်ကြောင့်စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည် စိတ်အလျှင်းမပျက်ပါ" ဟု ဖြေဆိုခဲ့ဖူးပါသည်။ မဿဲ၊ ၂၆း၃၃။ သို့ရာတွင် ယခု၌မူ "ဟုတ်ပါ၏သခင်၊ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူပါ၏" ဟူ၍သာ မိမိ၏အခြေအနေမှန်ကိုဖော်ပြခဲ့ပါသည်။ မိမိညီအစ်ကိုများကချစ်သည်ထက် ကိုယ်တော်ကိုသူကပိုချစ်သည်ဟူသော လေလုံးထွားသည့်အာမခံချက်မျိုး၊ ထိုအဖြေထဲတွင်မပါဝင်ပါချေ။ မိမိ၏ဆက်ကပ်မှုနှင့်ပတ်သက်၍ မိမိအမြင်ကိုသူမဖော်ပြတော့ချေ။ "ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူပါ၏" ဟူ၍ မိမိ၏ရိုးသားတည်ကြည်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ပေးရန် စိတ်နှလုံးအကြံအစည်အားလုံးကိုသိတော်မူသော ကိုယ်တော်ထံတွင် အသနားခံခဲ့ရာ "ငါ၏သိုးတို့ကိုကျွေးမွေးလော့" ဟု ယေရှုကထပ်လောင်းမိန့်မြွက်တော်မူခဲ့ပါသည်။

တစ်ဖန်ယေရှုက "ယောန၏သားရှိမုန် သင်သည်ငါ့ကိုချစ်သလော" ဟု မေးပြန်၏။ ဤအကြိမ်တွင် သင်၏ညီအစ်ကိုများထက် သင်သည်ငါ့ကိုချစ်သလောဟု ပေတရုကိုမေးတော်မမူတော့ချေ။ ဒုတိယအကြိမ်တုံ့ပြန်မှုမှာ ပထမအကြိမ်မှာကဲ့သို့ပင် လေလုံးထွားမှုများနှင့်ကင်းရှင်းသော "ဟုတ်ပါ၏သခင်၊ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူပါသည်" ဟူသောအဖြေကိုသာ ပေတရုပေးခဲ့ပါသည်။ ထိုအခါတွင် ငါ့သိုးတို့ကိုထိန်း

လော့ဟု ယေရှုမိန့်မြွက်တော်မူ၏။ ထိုနောက် တစ်ဖန်တတိယအကြိမ်အဖြစ် "ယောန၏သားရှိမုန် သင်သည်ငါ့ကိုချစ်သလော" ဟုမေးတော်မူပြန်သဖြင့် ခရစ်တော်သည် မိမိ၏အချစ်ကိုသံသယဝင်နေပြီဟုအထင်ရှိကာ ပေတရုသည် စိတ်ထိခိုက်သွားခဲ့ပါသည်။ ကိုယ်တော်သည် မိမိအားမယုံကြည်မှုများဖြစ်ပေါ် အောင်လုပ်နေကြောင်းသိရှိကာ စိတ်နှလုံးနာကျင်စွာဖြင့် "ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကိုသိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟုလျှောက်သော် ငါ့သိုးတို့ကိုကျွေးမွေးလော့ဟု ယေရှုရှင်မိန့်တော်မူ၏။"

ပေတရုသည် မိမိသခင်ဘုရားအားသုံးကြိမ်တိုင်တိုင် ဖြောင်ကျကျ ငြင်းပယ်ခဲ့ပါသည်။ ထို့ကြောင့် သူ၏နှလုံးသားကိုထိခိုက်စေသည့် အချွန်အတက်များသောမြားကဲ့သို့သော ထိုမေးခွန်းများဖြင့် ပိုင်ပိုင်နိုင်နိုင်မေးခွန်း ထုတ်ကာ သူ၏မေတ္တာနှင့်သစ္စာကို ထင်ရှားစေမည့်အာမခံချက်ကို ကိုယ်တော် ဆွဲယူတော်မူခဲ့ပါသည်။ ခရစ်တော်သည် ဤနည်းအားဖြင့် ပေတရုရရှိထားသည့်နောင်တစိတ်၏နက်ရှိုင်းမှုကိုလည်းကောင်း၊ တစ်ချိန်ကကြွားလုံးထုတ်ခဲ့သော ထိုတမန်တော်ကြီးသည် မည်မျှစိတ်နှိမ့်ချမှုရှိသွားပြီဖြစ်ကြောင်းကိုလည်းကောင်း စုရုံးနေကြသောတပည့်တော်များရှေ့တွင် ထင်ရှားစွာပြသတော်မူခဲ့ပါသည်။

ပေတရုသည် သဘာဝအားဖြင့်လောဘကြီးသူ၊ စိတ်မြန်သူတစ်ဦး ဖြစ်ပါသည်။ စာတန်သည် ၎င်းအားချုပ်ကိုင်ရန် ဤအကျင့်စာရိတ္တများကို အခွင့်ကောင်းယူအသုံးချခဲ့ပါသည်။ ပေတရုသည် ခရစ်တော်အားမငြင်းပယ်မီကလေးတွင် "ရှိမုန်၊ ရှိမုန် ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့ စာတန်သည် သင်တို့ကိုချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍၊ သင်သည်သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကို တည်ကြည်စေလော့" ဟု ကိုယ်တော်ရှင်မိန့်ကြားတော်မူခဲ့ပါသေးသည်။ လုကာ ၂၂း၃၁-၃၂။ ထိုအချိန်သည် ယခုရောက်လာခဲ့ချေပြီ။ ပေတရုအသက်တာ၏ပြောင်းလဲမှုသည် ထင်ရှားခဲ့ချေပြီ။ ခရစ်တော်နောက်ဆုံးမေးခဲ့သောမေးခွန်းသည် ကိုယ်ကိုကိုယ်အထင်ကြီးကာ



အလောတကြီးဖြေဆိုမည့်တုံ့ပြန်မှုကို ထွက်ပေါ်လာရန်မလှုံ့ဆော်နိုင်ခဲ့ချေ။ စိတ်နှိမ့်ချခြင်းနှင့်နောင်တစိတ်များကြောင့် ပေတရုသည် သိုးစုကိုကျွေးမွေးစောင့်ရှောက်ရန် ယခင်ကထက်ပို၍အဆင်သင့်ဖြစ်လာခဲ့ပါသည်။

ခရစ်တော်သည် ပေတရုအားပြန်လည်ရရှိခဲ့ပြီးနောက် လုပ်ဆောင်ရန်၎င်းအားပထမဦးဆုံးအပ်နှင်းခဲ့သောတာဝန်မှာ သိုးတို့ကိုကျွေးမွေးရန်ပင်ဖြစ်ပါသည်။ ပေတရုသည် ဤလုပ်ငန်းတွင်အတွေ့အကြုံမရှိခဲ့ပါ။ ဤအလုပ်ကိုလုပ်ရန် သတိဝီရိယနှင့်နူးညံ့သိမ်မွေ့ခြင်း၊ ခွဲလုံ့လနှင့်စိတ်ရှည်ခြင်းများလိုအပ်ပါသည်။ ကိုယ်တော်သည်၎င်းအား ယုံကြည်ခြင်းနုနယ်သူများထံသွားရောက်အမှုဆောင်ရန် ကိုယ်တော်ရှင်အားမသိရှိကြသေးသူများအား၊ ကျမ်းစာကိုဖွင့်၍သွန်သင်ပေးရန်၊ ထို့နောက်ထိုသူများကို ကိုယ်တော်၏အမှုတော်မြတ်တွင် အသုံးဝင်သောသူများဖြစ်လာအောင် ပညာပေးရန်ခေါ်တော်မူခဲ့ပါသည်။ ထိုအချိန်အထိ ပေတရုသည် ထိုလုပ်ငန်းများကိုလုပ်ဆောင်ရန်မသင့်လျော်သေးရုံမျှမက ထိုလုပ်ငန်းများ၏အရေးပါမှုကိုပင် နားမလည်ခဲ့သေးချေ။ သို့ရာတွင် ထိုအလုပ်ကိုလုပ်ဆောင်ရန် ခရစ်တော်သည် ပေတရုအားခေါ်တော်မူခဲ့ပါသည်။ ၎င်း၏ကိုယ်တွေ့ဗဟုသုတများနှင့်နောင်တစိတ်များက ဤလုပ်ငန်းအတွက် ၎င်းအားပြင်ဆင်ပေးခဲ့ပါသည်။

ပေတရုသည် ခရစ်တော်ကိုမငြင်းပယ်မီအချိန်က စိတ်မြန်မှုကြောင့် အမြော်အမြင်ကင်းမဲ့စွာဖြင့် စကားပြောဆိုလေ့ရှိပါသည်။ သူသည် အခြားသူများ၏အမှားကိုပြင်ဆင်ပေးရန်အတွက်သော်လည်းကောင်း၊ မိမိ၏အခြေအနေမှန်ကိုမသိမီ၊ မိမိဘာပြောရမည်ကိုမသိမီတွင် မိမိ၏သဘောထားကိုဖော်ပြရန်အတွက်သော်လည်းကောင်း အမြဲတမ်းအဆင်သင့်ရှိခဲ့ပါသည်။ သို့ရာတွင် စိတ်နှလုံးပြောင်းလဲလာပြီဖြစ်သောပေတရုသည် ယခင်အခြေအနေနှင့်အလွန်ကွာခြားလှပါသည်။ သူသည် မိမိ၌ယခင်ကရှိခဲ့ဖူးသော စိတ်ထကြွထက်သန်မှုများကိုချုပ်ထိန်းခဲ့သဖြင့် ခရစ်တော်၏ကရုဏာတော်သည် ၎င်း၏စိတ်ထက်သန်မှုကို စည်းကမ်းတကျအသုံးပြုရန် စီမံပေးတော်မူခဲ့ပါသည်။ သူသည် တစ်ရှူးထိုးသမားကိုယ့်ကိုကိုယ်စိတ်ချနေသူ၊ ကိုယ့်ကိုကိုယ်ချီးမြှောက်

နေသူတစ်ဦးမဟုတ်တော့ဘဲ စိတ်အေးသူ၊ စိတ်တည်ငြိမ်သူ အသွန်သင်ခံသူတစ်ဦးဖြစ်လာခဲ့ပေပြီ။ ထိုအချိန်တွင် သူသည် ခရစ်တော်၏သိုးကြီးများကိုကျွေးမွေးနိုင်သကဲ့သို့ သိုးသငယ်များကိုလည်း ကျွေးမွေးစောင့်ရှောက်နိုင်လာခဲ့ပါသည်။

ပေတရုနှင့်ဆက်ဆံရာတွင် ကိုယ်တော်ရှင်အသုံးပြုခဲ့သောနည်းနာသည် ပေတရုအတွက်သော်လည်းကောင်း၊ ၎င်း၏ညီအစ်ကိုများအတွက်သော်လည်းကောင်း သင်ခန်းစာတစ်ခုဖြစ်ခဲ့ပါသည်။ ကျူးလွန်သူတစ်ဦးကိုစိတ်ရှည်ခြင်း၊ ကြင်နာသနားခြင်းနှင့်အပြစ်လွှတ်သည့် ချစ်ခြင်းမေတ္တာများဖော်ပြလျက်တွေ့ဆုံရန် ၎င်းတို့အားထိုသင်ခန်းစာက သွန်သင်ထားပါသည်။ ပေတရုသည် သခင်ဘုရားအားငြင်းပယ်ခဲ့သော်လည်း ၎င်းအပေါ်တွင်ထားသောကိုယ်တော်၏မေတ္တာသည် မည်သည့်အခါမှမယိမ်းယိုင်ခဲ့ချေ။ လက်အောက်ခံသိုးထိန်းဖြစ်သောပေတရုသည် မိမိအားအပ်နှံထားသည့်သိုးကြီးများနှင့်သိုးငယ်များကိုထိုကဲ့သို့သောမေတ္တာမျိုးဖြင့်ချစ်ခင်သင့်ပါသည်။ သူသည် မိမိအားနည်းချက်နှင့်ရှုံးနိမ့်မှုများကို ပြန်လည်အောက်မေ့လျက် ခရစ်တော်သည်သူ့အားဆက်ဆံခဲ့သကဲ့သို့ နူးညံ့သိမ်မွေ့စွာဖြင့် ကိုယ်တော်၏သိုးစုကိုဆက်ဆံရန်ဖြစ်ပါသည်။

ပေတရုအားခရစ်တော်မေးခဲ့သောမေးခွန်းသည် အရေးပါလှပါသည်။ အမှုတော်တွင် တပည့်တော်အဖြစ်ပါဝင်ရန်တစ်ခုတည်းသောအခြေအနေကိုကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ ၎င်းမှာ "သင်သည်ငါ့ကိုချစ်သလော" ဟူ၍ ခရစ်တော်မေးခဲ့သောမေးခွန်းပင်ဖြစ်ပါသည်။ ဤအရာသည် အမှုတော်အတွက်မရှိမဖြစ်လိုအပ်သော အရည်အချင်းတစ်ခုဖြစ်ပါသည်။ ပေတရုအနေနှင့်အခြားအရည်အချင်းများရှိလျှင် ရှိနိုင်မည်ဖြစ်သော်လည်း ခရစ်တော်ကိုသူမချစ်ခဲ့လျှင် ကိုယ်တော်၏သိုးစုများအပေါ်စောင့်ရှောက်ကြည့်ရှုရသည့်သစ္စာရှိသောသိုးထိန်းကောင်းတစ်ဦးဖြစ်မလာနိုင်ပါချေ။ ဗဟုသုတကြွယ်ဝခြင်း၊ ကျေးဇူးပြုတတ်ခြင်း၊ စကားပြောကောင်းခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ စိတ်အားထက်သန်ခြင်း စသည်တို့သည် ကောင်းမြတ်သောလုပ်ငန်းများအတွက်



အကူအညီပေးနိုင်သော စိတ်ထားများဖြစ်သော်လည်း စိတ်နှလုံးထဲတွင် ခရစ်တော်ကိုချစ်သည့်မေတ္တာမရှိလျှင် ထိုခရစ်ယာန်အမှုတော်ဆောင်၏ အမှုတော်သည် ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရမည်သာတည်း။

ခရစ်တော်၌ ပေတရုတစ်ဦးတည်းကိုသာပြောချင်သောအရာများရှိသဖြင့် ကိုယ်တော်သည် ၎င်းတစ်ဦးတည်းနှင့်သတ်သတ်လမ်းလျှောက်ထွက်ခဲ့ပါသည်။ ယေရှုခရစ်သည် အသက်တော်ကိုမစွန့်မီတွင် "ငါသွားရာအရပ်သို့သင်သည်ယခုမလိုက်နိုင်၊ နောက်မှလိုက်ရလိမ့်မည်" ဟု ပေတရုအားမိန့်တော်မူခဲ့ပါသည်။ ထိုအခါပေတရုက "သခင်၊ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူအဘယ်ကြောင့်ယခုမလိုက်နိုင်သနည်း။ ကိုယ်တော်အဖို့အကျွန်ုပ်၏အသက်ကိုစွန့်ပါမည်" ဟု တုံ့ပြန်ခဲ့ပါသည်။ ယောဟန် ၁၃:၃၆-၃၇။ ထိုသို့ပေတရုတုံ့ပြန်သောအချိန်တွင် ခရစ်တော်မိန့်မြွက်ခဲ့သည့်စကား၏အတိမ်အနက်သည် မည်သို့ဦးတည်နေသည်ကို သူမသိခဲ့ပါချေ။ စမ်းသပ်မှုကိုခံရသောအချိန်တွင် ပေတရုသည်ကျဆုံးခဲ့ပါသည်။ သို့ရာတွင်သူအနေနှင့် ခရစ်တော်အပေါ်ထားရှိသည့် မိမိ၏မေတ္တာကိုထုတ်ဖော်ရန်အခွင့်အရေးကိုတစ်ဖန်ရယူရန်ဖြစ်ပါသည်။ ၎င်း၏ယုံကြည်ခြင်းအား နောက်ဆုံးအစမ်းသပ်ခံရမည့်အချိန်အတွက် ခွန်အားပြည့်ဖြိုးနေစေရန် ကယ်တင်ရှင်သည် ၎င်း၏အနာဂတ်ရေးကိုပေတရုအားဖော်ပြတော်မူခဲ့ပါသည်။ သူ၏အသက်အရွယ်ကသူ၏ခွန်အားကို သိသာထင်ရှားစေလျက်ရှိသောအချိန်ဖြစ်သည့်အသုံးဝင်၊ အကျိုးဖြစ်ထွန်းသော အသက်တာတစ်ခုကိုနေထိုင်ပြီးသည့်နောက်တွင် သူသည် မိမိနောက်သို့လိုက်လိမ့်မည်ဖြစ်ကြောင်း၊ ကိုယ်တော်သည် ပေတရုအားရည်မှတ်၍မိန့်တော်မူခဲ့ပါသည်။ "ငါအမှန်အကန်ဆိုသည်ကား၊ သင်သည်ပျိုသောအသက်ရှိစဉ် ကိုယ်ကိုကိုယ်ပတ်စည်း၍ အလိုရှိရာအရပ်သို့သွားလာတတ်၏။ သင်သည်အိုသောအခါ လက်နှစ်ဖက်ကိုဆန့်ပြီးလျှင် သူတစ်ပါးသည်သင့်ကိုပတ်စည်း၍ သင်အလိုမရှိရာအရပ်သို့ယူဆောင်သွားလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် အဘယ်သို့သောသေခြင်းအားဖြင့် ပေတရုသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမည့်အရိပ်ကိုပေးတော်မူ၏။"

ဤနည်းအားဖြင့်ပေတရုသည် မည်သည့်သေခြင်းမျိုးနှင့်သေရမည်ကိုဖော်ပြတော်မူခဲ့၏။ သူ၏လက်များသည်လည်း ကပ်တိုင်တွင်အရိုက်ခံရမည်ကို ကိုယ်တော်ကြိုတင်မိန့်မြွက်တော်မူခဲ့ပါသည်။ ထိုနောက်မှ "ငါ့နောက်သို့လိုက်လော့" ဟု ထိုတပည့်တော်အားမိန့်တော်မူ၏။ ဤဖော်ပြချက်ကြောင့်ပေတရုသည် စိတ်ဓာတ်ကျခြင်းမရှိပါ။ သူသည် မိမိ၏သခင်ဘုရားအတွက်မည်သည့်သေခြင်းမျိုးကိုမဆို ရင်ဆိုင်ရန်ဆန္ဒပြင်းပြလျက်ရှိပါသည်။

ခရစ်တော်အား လူအများယခုအချိန်တွင်သိနေကြသကဲ့သို့ ပေတရုသည်ထိုအချိန်အထိ ဇာတိပကတိအားဖြင့်သာ ကိုယ်တော်ကိုသိရှိခဲ့ပါသည်။ သို့ရာတွင် ထိုအချိန်တွင်မူ ထိုသို့မဟုတ်တော့ပြီ။ လူသားဇာတိတွင်ရှိသောကိုယ်တော်နှင့်ပေါင်းသင်းဆက်ဆံစဉ်က ကိုယ်တော်အားသိရှိခဲ့သကဲ့သို့မဟုတ်တော့ပြီ။ သူသည် ကိုယ်တော်ရှင်အား လူသားတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ကောင်းကင်မှစေလွှတ်လိုက်သော ဆရာတစ်ပါးအနေနှင့်သော်လည်းကောင်း ချစ်ခဲ့ပါသည်။ ယခုတွင်မူ ဘုရားတစ်ဆူအနေနှင့် ကိုယ်တော်အားသူချစ်ခဲ့ပါသည်။ ခရစ်တော်သည် မိမိအားအချစ်ခင်အမြတ်နိုးဆုံးဖြစ်ကြောင်းဖော်ပြသည့်သင်ခန်းစာကိုလည်း သူလေ့ကျက်ခဲ့ရချေပြီ။ ယခုတွင်သူသည်ကိုယ်တော်နှင့်အတူအသေခံ၍ အမှုတော်ဆောင်ရန် အဆင်သင့်ရှိနေပါသည်။ နောက်ဆုံးတွင် ကပ်တိုင်အတင်ခံရသောအခါ ၎င်း၏တောင်းဆိုချက်အရ ပေတရုသည် ကပ်တိုင်ဇောက်ထိုးအတင်ခံခဲ့ရပါသည်။ မိမိ၏သခင်ဘုရားကဲ့သို့ပုံမှန်အတိုင်း၊ ကပ်တိုင်အတင်ခံခြင်းသည် မိမိအတွက် မထိုက်တန်ဟုအထင်ရှိခဲ့ပါသည်။

"ငါ့နောက်သို့လိုက်လော့" ဟူသောစကားများသည် ပေတရုအတွက်ပြည့်စုံသောညွှန်ကြားချက်ဖြစ်ခဲ့ပါသည်။ ၎င်း၏သေခြင်းအတွက်သာမဟုတ်ဘဲ ၎င်း၏အသက်တာအဆင့်ဆင့်အတွက်လည်း ဤသင်ခန်းစာကိုပေးထားခဲ့ခြင်းဖြစ်ပါသည်။ ပေတရုသည် ထိုအချိန်အထိကိုယ့်အားကိုယ်ကိုးပြီး၊ လုပ်တတ်သောသဘောရှိနေပါသည်။ သူသည် ဘုရားသခင်၏အစီအစဉ်ကိုလိုက်လျှောက်ရန် စောင့်ဆိုင်းရမည့်အစား ဘုရားသခင်၏အမှုတော်အတွက် မိမိ





အစီအစဉ်ဖြင့်လုပ်ဆောင်ရန်ကြိုးစားခဲ့ပါသည်။ သို့ရာတွင် ဘုရားသခင့်ရှေ့မှသွားခြင်းအားဖြင့် မည်သည့်အောင်မြင်မှုကိုမျှ သူမရရှိနိုင်ခဲ့ချေ။ ထို့ကြောင့်ယေရှုက "ငါ့နောက်သို့လိုက်လော့" ဟု သူ့အားမိန့်မှာခဲ့ခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ငါ့ရှေ့ကမသွားနှင့်၊ ငါရှေ့ကသွားလျှင် သင်သည်တစ်ယောက်တည်းဖြင့် စာတန်၏နတ်ဆိုးများကို တစ်ယောက်တည်းရင်ဆိုင်နိုင်လိမ့်မည်မဟုတ်ချေ။ ငါ့ကိုသင့်ရှေ့မှာသွားခွင့်ပြုပါ။ သွားခွင့်ပြုလျှင် သင်၏ရန်သူများသည် သင့်ကိုမအောင်မြင်နိုင်ရာ" ဟူ၍ဖြစ်ပါသည်။

မိမိသည် ခရစ်တော်၏နံဘေးမှာလမ်းလျှောက်လာစဉ်တွင် ယောဟန်သည်နောက်မှလိုက်လာကြောင်း၊ ပေတရုတွေ့လိုက်ရပါသည်။ ထိုအခါယောဟန်၏အနာဂတ်ရေးကိုသိချင်စိတ်ပေါ်လာသဖြင့် ပေတရုက "သခင်၊ ဤသူ၌အဘယ်သို့ဖြစ်ပါလိမ့်မည်နည်းဟုမေးလျှောက်သော် ယေရှုက ငါကြွလာသည့်ကာလတိုင်အောင် ထိုသူကိုနေစေခြင်းငှာ ငါအလိုရှိလျှင်သင်သည်အဘယ်သို့ဆိုင်သနည်း။ သင်မူကား၊ ငါ့နောက်သို့လိုက်လော့ဟုမိန့်တော်မူ၏။" သခင်ဘုရားသည် မိမိသိသင့်သိထိုက်သောအရာများအားလုံးကို မိမိအားဖော်ပြတော်မူသည်ဟု ပေတရုအနေဖြင့်သဘောထားသင့်ပါသည်။ ခရစ်တော်၏နောက်လိုက်များ၏တာဝန်မှာ အခြားသူများအတွက် သတ်မှတ်ခွဲဝေထားသည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ တော်လျော်မှုမရှိသောစိတ်သောကရောက်မှုကင်းရှင်းစွာဖြင့် ခရစ်တော်၏နောက်သို့လိုက်ကြရန်ဖြစ်ပါသည်။ "ငါကြွလာသည့်ကာလတိုင်အောင် ထိုသူကိုနေစေခြင်းငှာ ငါအလိုရှိလျှင်" ဟူ၍ယောဟန်အကြောင်းနှင့်ပတ်သက်၍ ခရစ်တော်မိန့်ဆိုခဲ့သောစကားတွင်ယောဟန်သည် သခင်ဘုရားဒုတိယအကြိမ်ကြွလာသည့်အချိန်တိုင်အောင်အသက်ရှင်လိမ့်မည်ဟု အာမခံချက်ပေးထားခြင်းမဟုတ်ပါ။ မိမိ၏မဟာတန်ခိုးတော်ကို အခိုင်အမာဖြစ်ကြောင်းသိသာရုံသာ မိန့်မြွက်ခြင်းဖြစ်ပါသည်။ အကယ်၍ ထိုကဲ့သို့ဖြစ်ဖို့ကိုယ်တော်ရှင်အလိုတော်ရှိလျှင်တောင်မှ ပေတရု၏အမှုတော်လုပ်ငန်းကို မည်သို့မျှထိခိုက်နိုင်လိမ့်မည်မဟုတ်ချေ။ ပေတရုနှင့်ယောဟန်နှစ်ဦးစလုံးတို့၏အနာဂတ်ရေးသည် သခင်ဘုရား၏လက်တော်တွင်

ရှိပါသည်။ ၎င်းတို့တစ်ဦးစီတို့၏တာဝန်မှာ ကိုယ်တော်ရှင်၏နောက်တော်သို့လိုက်ခြင်းအားဖြင့် နားထောင်မှုရှိရန်သာဖြစ်ပါသည်။

လူပေါင်းမည်ရွေ့မည်မျှသည် ပေတရုလုပ်ဆောင်ခဲ့သကဲ့သို့ ယနေ့လုပ်ဆောင်နေကြပါသနည်း။ ထိုသူများသည် မိမိ၏တာဝန်ဝတ္တရားများကို လျစ်လျူရှုမည့်အန္တရာယ်ရှိနေစဉ်တွင် အခြားသူများကိစ္စကို စိတ်ဝင်စားကာ ၎င်းတို့လုပ်ရမည့်တာဝန်များကို သိချင်စိတ်ပြင်းထန်နေကြပါသည်။ ကျွန်ုပ်တို့လုပ်ရမည့်တာဝန်မှာ ခရစ်တော်ကိုကြည့်၍ ကိုယ်တော်၏နောက်သို့လိုက်ကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အခြားသူများ၏အသက်တာများတွင် အမှားအယွင်းများနှင့်စာရိတ္တဖောက်ပြန်မှုများကို တွေ့မြင်ကြရပါလိမ့်မည်။ အကြောင်းမှာ လူသားများသည် ချွတ်ယွင်းအားနည်းမှုများနှင့်ပြည့်ဝနေသူများဖြစ်ကြပါသည်။ သို့ရာတွင် ခရစ်တော်၌စုံလင်ခြင်းကိုသာ ကျွန်ုပ်တို့တွေ့မြင်ကြရပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုကြည့်ခြင်းအားဖြင့် ဇာတိပကတိမှဝိညာဉ်ပကတိသို့ ပြောင်းလဲလာကြပါလိမ့်မည်။

ယောဟန်သည် အသက်အရွယ်အိုမင်းရင့်ရော်သည်အထိ အသက်ရှည်ခဲ့ပါသည်။ ဤကမ္ဘာကြီး၏နောက်ဆုံးသောပြိုလဲပျက်စီးခြင်းကို ပုံဆောင်ထားသည့်ယေရုရှလင်မြို့အဖျက်ဆီးခံရခြင်းနှင့် ဗိမာန်တော်ကြီးပျက်စီးသွားခြင်းများကို သူသည် မျက်စိနှင့်တပ်အပ်တွေ့မြင်ရသူတစ်ဦးဖြစ်ပါသည်။ ယောဟန်သည် နောက်ပိုင်းအသက်တာများတွင် ခရစ်တော်၏နောက်တော်ပါးသို့ ရင်းနှီးစွာဖြင့်လိုက်လျှောက်ခဲ့ပါသည်။ “ချစ်သူတို့၊ ငါတို့သည်အချင်းချင်းချစ်ကြကုန်အံ့။” “ချစ်ခြင်းမေတ္တာ၌တည်သောသူသည် ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏” ဟူသောအချက်သည် ၎င်း၏သက်သေခံများ၏အဓိကချက်များဖြစ်ခဲ့ပါသည်။ ၁ယောဟန် ၄း၇၊၁၆။

ပေတရုသည် ပြန်လည်၍တမန်တော်စာရင်းဝင်ဖြစ်ခဲ့သော်လည်း ခရစ်တော်ထံမှ ၎င်းရရှိခဲ့သောချီးမြှောက်မှုနှင့်အခွင့်အာဏာများသည် ၎င်း၏ညီအစ်ကိုများအပေါ်အအုပ်အချုပ်လုပ်ရန် သူ့အားခွင့်မပြုခဲ့ပါ။ “ဤသူ၌



အဘယ်သို့ဖြစ်လိမ့်မည်နည်း” ဟူသော ပေတရု၏အမေးကိုတုံ့ပြန်သည့် “သင်နှင့်အဘယ်သို့ဆိုင်သနည်း။ သင်မူကား၊ ငါ့နောက်သို့လိုက်လော့” ဟူသောအဖြေတွင် ဤကိစ္စကို ခရစ်တော်ရှင်းလင်းဖော်ပြတော်မူထားပါသည်။ ပေတရုအား အသင်းတော်၏ဦးခေါင်း (ခေါင်းဆောင်) အဖြစ် ဂုဏ်ပြုခဲ့ခြင်းမရှိခဲ့ပါ။ ၎င်း၏အယူဝါဒဖောက်ပြန်မှုအတွက် အပြစ်လွှတ်ခြင်းနှင့် သိုးစုကိုကျွေးမွေးစောင့်ရှောက်ရန် တာဝန်ပေးခြင်းတွင် ခရစ်တော်ပြတော်မူခဲ့သောမျက်နှာသာပေးမှုနှင့် ခရစ်တော်၏နောက်တော်သို့လိုက်ရာတွင် ပေတရုကိုယ်တိုင်၏သစ္စာရှိမှုများသည် ၎င်းအားအခြားညီအစ်ကိုများ၏ယုံကြည်စိတ်ချမှုကို ရရှိစေခဲ့ပါသည်။ သူသည် ထိုအသင်းတော်အပေါ်တွင် များစွာဩဇာတိက္ကမရှိခဲ့ပါသည်။ ဂါလိလဲအိုင်နားတွင် သူ့အားကိုယ်တော်ရှင်သွန်သင်ခဲ့သော ထိုသင်ခန်းစာကို ပေတရုတစ်သက်လုံးမှတ်ယူကျင့်သုံးခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် အသင်းတော်များသို့ သူဩဝါဒပေးခဲ့သည်မှာ –

“သင်းအုပ်အရာ၌လည်းကောင်း၊ ခရစ်တော်၏ဆင်းရဲဒုက္ခဝေဒနာကိုသိမြင်သောသက်သေအရာ၌လည်းကောင်း ခန့်ထားသောသူ၊ ထင်ရှားစေတော်မူလတ္တံ့သော ဘုန်းအသရေတော်ကိုဆက်ဆံသောသူဖြစ်သောငါပေတရုသည် သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကိုတောင်းပန်ပါ၏။ သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သောအသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင် သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ သင်တို့သည် မညှိုးမနွမ်းတတ်သောဘုန်းကြီးသောပန်းဦးရစ်သရဖူကိုခံရကြလိမ့်မည်။” ၁ပေ ၅း၁–၄။

****

# tcef; (86)
# vlrsKd;wumwdkYXHoGm;íqHk;rMo0g'ay;Muavmh

မသဲ ၂၈း၁၆-၂၀ ကိုအခြေပြုထားပါသည်။

ခရစ်တော်သည် မိမိ၏ကောင်းကင်ရာဇပလ္လင်ပေါ်၌စိုးစံတော်မူသောအခါနီးရာတွင် တပည့်တော်များအား အထူးတာဝန်များကိုပေးထားတော်မူခဲ့ပါသည်။ "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍လူမျိုးတကာတို့ကို ဆုံးမဩဝါဒပေးလော့။" "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။" မာကု ၁၆း၁၅။ တမန်တော်များသည် ထိုလုပ်ငန်း၏အရေးပါမှုကို ကောင်းမွန်စွာသိမြင်ကြစေရန် ထိုစကားများကို မကြာခဏထပ်ခါတလဲလဲ မိန့်ဆိုတော်မူခဲ့ပါသည်။ ဤလောကကမ္ဘာတွင်နေထိုင်လျက်ရှိကြသော မြင့်မြတ်သောသူနှင့်နိမ့်ကျသောသူများ၊ လူချမ်းသာနှင့်လူဆင်းရဲများအားလုံးထံသို့ သွား၍ ကောင်းကင်မှလာသောထိုအလင်းတော်ကို ကြည်လင်ပြတ်သားစွာ ထွန်းလင်းကြရန်ဖြစ်ပါသည်။ ထိုတပည့်တော်များသည် ဤကမ္ဘာကြီးအား ကယ်တင်ရန်လုပ်ဆောင်ရာတွင် ကယ်တင်ရှင်နှင့်အတူ အမှုတော်ဆောင်ကြမည့် လုပ်ဖော်ဆောင်ဖက်များဖြစ်ခဲ့ကြပါသည်။

ခရစ်တော်သည် အထက်ခန်းထဲတွင် တပည့်တော်များနှင့်အတူရှိစဉ် တမန်တော်တစ်ဆယ့်နှစ်ပါးအား ထိုတာဝန်ကိုပေးအပ်ခဲ့ပြီးဖြစ်သော်လည်း ယခုတစ်ဖန် တပည့်တော်အများစုအား၊ ထိုတာဝန်ကိုအပ်နှင်းနေခြင်းဖြစ်ပါသည်။ ဂါလိလဲပြည်ရှိတောင်ကုန်းတစ်ခုပေါ်တွင် ကျင်းပခဲ့သောထိုအစည်းအဝေးပွဲသို့ လက်လှမ်းမီသမျှသောယုံကြည်သူအားလုံးကို စုရုံးစေခဲ့ပါသည်။ အသေခံတော်မမူမီကပင် ဤအစည်းအဝေးပွဲကျင်းပမည့်အချိန်နှင့်နေရာကို



ခရစ်တော်ကိုယ်တော်တိုင် သတ်မှတ်ထားပြီးဖြစ်ပါသည်။ သင်္ချိုင်းဂူတွင်တွေ့ဆုံခဲ့သောကောင်းကင်တမန်ကလည်း ဂါလိလဲပြည်တွင် ၎င်းတို့နှင့်တွေ့ဆုံမည့် ကိုယ်တော်၏ကတိတော်ကို တပည့်တော်များအားသတိပေးခဲ့ပါသည်။ ပသခါပွဲချိန်တွင် ယေရုရှလင်မြို့၌ စုရုံးလာကြသည့်ယုံကြည်သူများအားလည်း ဤကတိတော်ကို ထပ်ခါတလဲလဲသတိပေးပြောကြားခဲ့ပါသည်။ ပသခါပွဲသို့တက်ရောက်ခဲ့ကြသော ထိုသူများမှတစ်ဆင့် ထိုသတင်းသည် ခရစ်တော်အသေခံတော်မူခြင်းကြောင့် ဝမ်းနည်းပူဆွေးနေကြသူများထံသို့ ရောက်ရှိသွားခဲ့ပါသည်။ ထို့ကြောင့် လူတိုင်းသည် တွေ့ဆုံရမည့်ထိုအချိန်ကို စိတ်ဝင်တစားစောင့်မျှော်ခဲ့ကြပါသည်။ သူတို့သည် မနာလိုဝန်တိုတတ်သောယုဒများ၏မယုံသင်္ကာဖြစ်မှုများကို မနှိုးဆော်မိစေရန် ထိုနေရာသို့တိုက်ရိုက်မသွားခဲ့ကြဘဲ သွယ်ဝိုက်သောလမ်းများကိုအသုံးပြုကာ အရပ်လေးမျက်နှာမှ စုရုံးချဉ်းကပ်ခဲ့ပါသည်။ ခရစ်တော်နှင့်ပတ်သက်၍ မိမိတို့ကြားသိခဲ့ရသောသတင်းများကို အချင်းချင်းစိတ်အားတကြီးပြောဆိုလျက် အံ့ဩသောစိတ်ဖြင့်သူတို့ချဉ်းကပ်လာခဲ့ကြပါသည်။

ချိန်းဆိုထားသည့်အချိန်သို့ရောက်သောအခါ အရေအတွက်အားဖြင့် ငါးရာခန့်ရှိသောယုံကြည်သူများသည် ထိုတောင်ကုန်း၏ဆင်ခြေလျှောတစ်ခု၌ စုရုံးခဲ့ကြပါသည်။ သူတို့သည် ထမြောက်တော်မူခဲ့သော ကိုယ်တော်ရှင်အားတွေ့မြင်ခဲ့ရသူများထံမှ ရတတ်သမျှသောသတင်းများကိုကြားနာရန် စိတ်အားထက်သန်နေကြပါသည်။ တမန်တော်များသည် ထိုလူများထံသို့သွားရောက်ကာ ကိုယ်တော်ရှင်မိန့်တော်မူခဲ့သော ကျမ်းချက်များကိုသုံးသပ်တင်ပြပြီး၊ ခရစ်တော်နှင့်ပတ်သက်သည့်သူတို့မြင်သမျှ၊ ကြားသမျှကိုပြောပြနေကြပါသည်။ သောမကလည်း မိမိ၏မယုံကြည်ခဲ့မှုများအကြောင်းကိုပြန်လည်ဖောက်သည်ချကာ သံသယစိတ်များကင်းရှင်းသွားခဲ့ပုံများကို ပြောပြနေပါသည်။ ထိုစဉ်တွင် ခရစ်တော်သည် သူတို့အလယ်၌ရုတ်တရက်ပေါ်လာခဲ့ပါသည်။ မည်သည့်နေရာမှ မည်ကဲ့သို့ကြွလာတော်မူခဲ့သည်ကို မည်သူမျှမပြောနိုင်ခဲ့ချေ။ ထိုလူအုပ်ထဲမှအများစုသည် ကိုယ်တော်အားယခင်က

မမြင်ဖူးခဲ့ကြသော်လည်း ကပ်တိုင်၏ဒဏ်ရာဒဏ်ချက်များဖြစ်သော သံရိုက်ရာများကို လက်တော်နှင့်ခြေတော်များတွင်တွေ့ရှိရပြီး မျက်နှာတော်သည် ဘုရားသခင်၏မျက်နှာတော်ကဲ့သို့ဖြစ်သည်ကို သူတို့မြင်ကြသောအခါ ကိုယ်တော်အားပျပ်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။

သို့ရာတွင် တချို့မှာမူ သံသယစိတ်များရှိဆဲဖြစ်ပါသည်။ သံသယစိတ်ရှိသူများသည် ထိုနည်းအတူ ခေတ်အဆက်ဆက်တွင် အမြဲတမ်းရှိနေကြပါလိမ့်မည်။ ယုံခဲသောသူများသည် သံသယစိတ်ရှိသောအဖွဲ့တွင် ပါဝင်ကြမည်သာတည်း။ ထိုသူများသည် မိမိတို့၏မယုံကြည်မှုများကြောင့် များစွာသောနစ်နာမှုများနှင့်ရင်ဆိုင်ကြရပါသည်။

ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီးသည့်နောက်ပိုင်းတွင် ဤတစ်ကြိမ်သာယုံကြည်သူများနှင့် စုရုံးတွေ့ဆုံတော်မူခဲ့ပါသည်။ "ကိုယ်တော်က ထိုတပည့်တော်များအား၊ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" ဟု မိန့်တော်မူလာပါသည်။ တပည့်တော်များသည် ထိုသို့မိန့်တော်မမူမီမှာပင် ကိုယ်တော်အားပျပ်ဝပ်ကိုးကွယ်ခဲ့ကြပါသည်။ သို့ရာတွင် အသေခံတော်မူစဉ်အချိန်က ပိတ်နေခဲ့သောနှုတ်ခမ်းအစုံမှ ထွက်ပေါ်လာသောထိုမိန့်တော်မူချက်သည် ၎င်းတို့အား ထူးခြားသောတန်ခိုးနှင့်ပြည့်ဝစေခဲ့ပါသည်။ ယခုတွင် ကိုယ်တော်သည် ထမြောက်တော်မူသည့်ကယ်တင်ရှင်ဖြစ်တော်မူနေပေပြီ။ ထိုလူအုပ်ထဲမှလူများစွာသည် လူနာကိုကုသရာတွင်လည်းကောင်း၊ စာတန်၏နတ်ဆိုးများကိုနှိမ်နင်းရာတွင်လည်းကောင်း၊ မိမိ၏တန်ခိုးကို ကိုယ်တော်အသုံးပြုတော်မူသည်ကို မြင်ဖူးခဲ့ကြပါသည်။ ယေရုရှလင်မြို့တွင် နိုင်ငံသစ်တည်ထောင်ရန် ကိုယ်တော်၌တန်ခိုးရှိတော်မူသည်ကိုလည်းကောင်း၊ ဆန့်ကျင်သူများအားနှိမ်နင်းနိုင်သောတန်ခိုးရှိတော်မူသည်ကိုလည်းကောင်း၊ သဘာဝတရားများကိုထိန်းချုပ်နိုင်သည့်တန်ခိုးရှိကြောင်းကိုလည်းကောင်း သူတို့ယုံကြည်ထားကြပါသည်။ ကိုယ်တော်သည် လှိုင်းလေပြင်းထန်နေသောရေပြင်ကြီးကို ငြိမ်သက်စေတော်မူခဲ့ပြီ။ လှိုင်းတံပိုးကြီးများအပေါ်တွင် လမ်းလျှောက်တော်မူခဲ့ပြီ။ လူသေများကိုလည်း ထမြောက်စေတော်မူခဲ့ပါပြီ။ ယခုတွင် စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီဟု ကိုယ်တော်မိန့်တော်မူနေပါသည်။ ကိုယ်တော်၏နှုတ်တော်ထွက်စကားများသည် ကြားနာရသူများအား လောကီနှင့်ဆိုင်သော ယာယီကိစ္စများအကြောင်းကိုစဉ်းစားရာမှ ကောင်းကင်နိုင်ငံနှင့်စပ်ဆိုင်သော ထာဝရကာလကိစ္စများကိုမြော်တွေးလာစေရန် လမ်းပြတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏သိက္ခာတော်နှင့်ဘုန်းတော်အကြောင်းကို အမြင့်မားဆုံးတွေးခေါ်ကြံဆတတ်လာကြပါသည်။



ထိုတောင်ကုန်းပေါ်တွင်မိန့်တော်မူခဲ့သော ခရစ်တော်၏နှုတ်တော်ထွက်စကားများက လူသားများကိုယ်စား မိမိခံယူမည့်အသေခံခြင်းသည် ပြည့်ဝစုံလင်တော်မူကြောင်း၊ ကြေညာချက်တစ်ရပ်ဖြစ်ခဲ့ပါသည်။ အပြစ်ဖြေခြင်းနှင့်ပတ်သက်သော သတ်မှတ်ပြဋ္ဌာန်းချက်များကိုလည်း စုံလင်အောင်လုပ်ဆောင်ခဲ့ပေပြီ။ ဤကမ္ဘာတွင် မိမိလုပ်ဆောင်ရမည့်အမှုတော်မြတ်ကိုလည်း ပြီးမြောက်အောင်လုပ်ဆောင်ခဲ့ပေပြီ။ ကောင်းကင်တမန်များ၊ အာဏာစက်များ၊ တန်ခိုးရှင်များ၏ဂုဏ်ပြုခြင်းကိုခံရန် ကောင်းကင်ရာဇပလ္လင်သို့ပြန်ကြွတော်မူသည့်ခရီးလမ်းပေါ်တွင် ကိုယ်တော်ရောက်ရှိနေခဲ့ပေပြီ။ ထိုနောက် မိမိလုပ်ဆောင်ရမည့် ကြားဖျန်ဖြေရေးလုပ်ငန်းတာဝန်ကို ကိုယ်တော်ထမ်းဆောင်တော်မူတော့မည်ဖြစ်ပါသည်။ ကိုယ်တော်သည် ကြွယ်ဝသောအခွင့်တန်ခိုးများကိုခံယူတော်မူလျက် တပည့်တော်များအား အထူးတာဝန်များပေးကာ စေခိုင်းတော်မူသည်ကား၊ "သင်တို့သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" ဟူ၍ ဖြစ်သတည်း။ မဿဲ ၂၈း၁၉–၂၀။

ယုဒလူများအား၊ မွန်မြတ်သောသမ္မာတရားများကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်စေခဲ့သော်လည်း ဖာရိရှဲများ၏ယုံကြည်ချက်များသည် ၎င်းတို့

အားခဲယဥ်းသောသူများ၊ တစ်ယူသန်သောသူများဖြစ်စေခဲ့ပါသည်။ ထို ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများ၏ဝတ်စားဆင်ယင်မှုများ၊ ဓလေ့ထုံးစံများ၊ ဝိနည်းထုံးဖွဲ့များနှင့်ရိုးရာဓလေ့များသည် ၎င်းတို့အား၊ ဤလောက၏အလင်းဖြစ်ရန်မသင့်လျော်စေခဲ့ပါ။ သူတို့သည် မိမိတို့၏ယုဒနိုင်ငံကလေးကို တစ်ကမ္ဘာကဲ့သို့ရှုမြင်ခဲ့ကြပါသည်။ ဇာတ်အနိမ့်အမြင့်ခွဲခြားခြင်းသည် လူမျိုးရေးခွဲခြားခြင်းများမရှိဘဲ လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ လူတန်းစားအလွှာအသီးသီးနှင့်လိုက်လျောညီထွေသော ယုံကြည်ကိုးကွယ်မှုတစ်ခုကို ကြွေးကြော်ကြရန် ခရစ်တော်သည် တပည့်တော်များအားအထူးတာဝန်ပေးအပ်ခဲ့ပါသည်။

ခရစ်တော်သည် တပည့်တော်များနှင့်မခွဲခွာမီ မိမိတည်ထောင်မည့်နိုင်ငံတော်၏သဘာဝကို ပွင့်လင်းစွာဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုနိုင်ငံတော်နှင့်ပတ်သက်၍ မကြာသေးမီကမှ မိမိမိန့်တော်မူခဲ့သောစကားများကို ၎င်းတို့အားမှတ်မိသတိရစေခဲ့ပါသည်။ ဤကမ္ဘာလောကတွင် လောကီနှင့်ပတ်သက်သောနိုင်ငံတစ်ခုကိုတည်ထောင်ရန် မိမိ၌အကြံအစည်ရှိတော်မမူဘဲ ဝိညာဉ်ရေးနိုင်ငံတစ်ခုတည်ထောင်ရန်သာ အကြံအစည်ရှိတော်မူကြောင်းဖွင့်ဟခဲ့ပါသည်။ ကိုယ်တော်သည် ဒါဝိဒ်၏ပလ္လင်ထက်တွင် လောကီရှင်ဘုရင်တစ်ပါးကဲ့သို့စိုးစံရန်မဟုတ်ပါချေ။ မိမိကျော်ဖြတ်ခဲ့ရသောအခြေအနေအရပ်ရပ်တို့သည်လည်း၊ ထာဝရဘုရားရှင်နှင့်မိမိကိုယ်တော်တိုင် ကောင်းကင်နိုင်ငံတော်နှင့်စီမံချမှတ်ခဲ့သောအရာများသာဖြစ်ကြောင်းဖော်ပြလျက် ၎င်းတို့အား၊ သမ္မာကျမ်းစာကို ဖွင့်ပြတော်မူခဲ့ပါသည်။ ထိုအရာအားလုံးကို ဝိညာဉ်တော်ပဲ့ပြင်ခြင်းခံရသောလူများအားဖြင့် ကြိုတင်ဖွင့်ဆိုတော်မူခဲ့ပါသည်။ "ငါမိန့်တော်မူသည်အတိုင်း၊ ငါ့အားမေရှိယအနေဖြင့် သူတို့လက်မခံဟူသောအချက်သည် ပြည့်စုံခဲ့ပြီ။ ငါခံရမည့်ဒုက္ခဆင်းရဲများ၊ ရင်ဆိုင်ရမည့်အသေသတ်ခံခြင်းများနှင့်ပတ်သက်သည့် မိန့်တော်မူခဲ့သမျှအရာအားလုံးသည်လည်းပြည့်စုံတော်မူခဲ့ပေပြီ။ ငါပြောခဲ့သည့်အတိုင်းပင် သုံးရက်မြောက်သောနေ့မှာ ငါရှင်ပြန်ထမြောက်ခဲ့ပေပြီ။ သင်တို့သည် ကျမ်းစာကိုစိတ်အားထက်သန်စွာ



လေ့လာကြမည်ဆိုလျှင် ငါနှင့်ပတ်သက်၍ဖွင့်ဆိုထားသော အနာဂတ္တိစကားများသည် အသေးစိတ်ပြည့်စုံလျက်ရှိကြောင်းကို သင်တို့တွေ့ရပါလိမ့်မည်" ဟူ၍ ကိုယ်တော်ရှင်မိန့်ဆိုခဲ့ပါသည်။

ခရစ်တော်သည် မိမိကိုယ်တိုင်တပည့်တော်များ၏လက်တွင်အပ်ထားခဲ့သည့် အမှုတော်လုပ်ငန်းများကို ယေရုရှလင်မြို့မှစ၍လုပ်ဆောင်ကြရန် ၎င်းတို့အားအထူးတာဝန်ပေးတော်မူခဲ့ပါသည်။ လူသားမျိုးနွယ်စုအတွက် အံ့ဖွယ်ကောင်းအောင် ကိုယ်တော်နှိမ့်ချခဲ့သည့်မြင်ကွင်းကို ယေရုရှလင်မြို့တွင် တွေ့မြင်နိုင်ပါသည်။ ထိုနေရာတွင် ကိုယ်တော်သည် ဒုက္ခဝေဒနာခံစားခဲ့ရပါသည်။ ငြင်းပယ်ခြင်းကိုခံခဲ့ရပါသည်။ အသေသတ်ခြင်းကိုခံခဲ့ရပါသည်။ ယုဒပြည်သည် ကိုယ်တော်ရှင်၏မွေးရပ်ဇာတိဖြစ်ပါသည်။ ထိုပြည်တွင် ကိုယ်တော်သည် လူသားဇာတိကိုခံယူကာ လူသားများနှင့်အတူလျှောက်လှမ်းတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ၎င်းတို့အလယ်တွင်ရှိနေစဉ်တွင် ကောင်းကင်သည် မြေကြီးနှင့်မည်မျှနီးကပ်နေသည်ကို လူနည်းစုကသာ သိရှိနားလည်ခဲ့ကြပါသည်။ ထို့ကြောင့် တမန်တော်များသည် မိမိတို့၏အမှုတော်ကို ယေရုရှလင်မြို့မှစ၍ အစပြုရပါမည်။

ခရစ်တော်သည် ထိုမြို့တွင်အသေသတ်ခံခဲ့ရကြောင်း၊ ကိုယ်တော်ရှင်၏လုပ်ဆောင်ချက်များကိုလည်း ထိုမြို့သားများကအလေးအမြတ်မထားခဲ့ကြကြောင်း စသည့်အကြောင်းများကိုထောက်ရှုလျက် အခြားအခြေအနေကောင်းမည့်တစ်နေရာရာတွင် သွားရောက်အမှုဆောင်ရန် တမန်တော်များအနေနှင့်တောင်းဆိုကောင်း တောင်းဆိုနိုင်ကြပါသည်။ သို့ရာတွင် သူတို့သည် အခြားတစ်နေရာတွင်သွားရောက်အမှုဆောင်ရန် မတောင်းဆိုခဲ့ကြချေ။ ထိုမြို့တွင် ကိုယ်တော်ရှင်ကြဲဖြန့်တော်မူခဲ့သော သမ္မာတရားမျိုးစေ့များကို တမန်တော်များက ပြုစုပျိုးထောင်ပေးကြမည်ဖြစ်ပါသည်။ သို့မှသာ အစေ့များသည် အညှောက်ထွက်လာကာ အောင်မြင်သောရိတ်သိမ်းမှုတစ်ခုကိုဖြစ်စေပါလိမ့်မည်။ တမန်တော်များသည် ထိုလုပ်ငန်းကိုလုပ်ဆောင်ကြစဉ်တွင် မနာလိုဝန်တို၍ မုန်းမာန်ပွားလျက်ရှိသော ယုဒများ၏နှိပ်စက်ညှဉ်းပန်းမှုများ

နှင့်ရင်ဆိုင်ကြရမည်ဖြစ်သော်လည်း၊ ထိုအရာကို သခင်ဘုရားကိုယ်တော်တိုင်ခံစားတော်မူခဲ့ပြီးဖြစ်သဖြင့် ၎င်းတို့အနေနှင့်ထွက်ပြေးတိမ်းရှောင်ရန်မလိုပါချေ။ ကရုဏာတော်၏ရှေးဦးစွာသောကမ်းလှမ်းချက်များကို ကယ်တင်ရှင်အားသတ်ဖြတ်ခဲ့သူများအား ပြုလုပ်ရပါမည်။ ကိုယ်တော်ရှင်အား တိတ်တိတ်ပုန်းယုံကြည်နေကြသောသူများစွာတို့နှင့် ယဇ်ပုရောဟိတ်များ၏လှည့်ဖြားမှုကိုခံနေရသောသူများစွာသည် ထိုယေရုရှလင်မြို့ထဲတွင်ရှိနေကြပါသည်။ ထိုသူများထံသို့သွား၍ ဧဝံဂေလိတရားတော်ကို ဟောကြားရပါမည်။ ထိုသူများအား နောင်တလမ်းထဲသို့ခေါ်ဆောင်ကြရပါမည်။ ခရစ်တော်တစ်ပါးတည်းအားဖြင့်သာ အပြစ်လွှတ်ခြင်းအခွင့်ကိုရရှိနိုင်သည်ဟူသော အံ့ဩဖွယ်ကောင်းသည့်သမ္မာတရားများကိုလည်း ရှင်းလင်းဖော်ပြရပါမည်။ ယေရုရှလင်မြို့သည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်က ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေသဖြင့် ဟောကြားမည့်ဧဝံဂေလိတရားတော်ကို အနက်ရှိုင်းဆုံးမှတ်မိစွဲလမ်းနိုင်သည့်အခြေအနေတွင်ရှိနေပါသည်။

သို့ရာတွင် အမှုတော်လုပ်ငန်းကို ယေရုရှလင်မြို့တွင်သာဆောင်ရွက်ရန်မဟုတ်ဘဲ ကမ္ဘာအရပ်ရပ်ရှိ ဝေးလံသောဒေသများသို့တိုင် သွားရောက်ဟောကြားရန်ဖြစ်ပါသည်။ "သင်တို့သည် ငါ၏အနစ်နာခံသောအသက်တာအတွက် သက်သေခံများဖြစ်ကြသည်။ ဣသရေလများအတွက် ငါအမှုတော်ဆောင်ခဲ့သည်ကို သင်တို့မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ရပါသည်။ ထိုသူများသည် အသက်နှင့်ပြည့်စုံစေရန် ငါ့ထံသို့မလာခဲ့ကြသော်လည်း ယဇ်ပုရောဟိတ်များနှင့်ယုဒလူအကြီးအကဲများသည် သူတို့သဘောကျသလိုငါ့အားဆက်ဆံပြုမူကာ သမ္မာကျမ်းစာကကြိုတင်ဖွင့်ဆိုထားသည့်အတိုင်း၊ သူတို့သည် ငါ့အားငြင်းပယ်ခဲ့ကြသော်လည်း သူတို့၌သားတော်ဘုရားကိုလက်ခံရန် နောက်ထပ်အခွင့်အရေးတစ်ခုရှိနေပါသေးသည်။ မိမိတို့၏အပြစ်များကို ဖွင့်ဟဝန်ခံလျက် ငါ့ထံသို့လာသူအပေါင်းအား၊ အကြွင်းမဲ့လက်ခံတော်မူခဲ့ကြောင်းကို သင်တို့တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ငါ့ထံသို့လာသောသူကား၊ ငါသည်အလျှင်းနှင်မထုတ်ပါ။ ထိုကဲ့သို့ဆန္ဒရှိသူအပေါင်းသည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်မှု



ကိုရရှိကာ ထာဝရအသက်ကိုရရှိပါလိမ့်မည်။ ချစ်သားတပည့်တော်ငါသည် ဤကရုဏာသတင်းစကားကို သင်၌အပ်ထားပြီ။ ထိုသတင်းစကားကို ဣသရေလများထံသို့ ရှေးဦးစွာသွားရောက်ပြောကြားရမည်။ ထိုနောက်မှ လူမျိုးအပေါင်းတို့ထံသို့ သွားရောက်ဟောကြားရန်ဖြစ်ပါသည်။ ဤသတင်းစကားကို ယုဒလူနှင့်တစ်ပါးအမျိုးသားလူအားလုံးတို့ကို ဟောကြားရပါမည်။ ယုံကြည်သူအပေါင်းတို့အား အသင်းတော်တွင် စုရုံးထားကြရပါမည်။

ထိုတပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးအားဖြင့် အံ့ဖွယ်သောတန်ခိုးကိုရရှိကြပါလိမ့်မည်။ ထိုတန်ခိုးတော်ကိုသူတို့ရရှိထားကြောင်း၊ ၎င်းတို့ပြသည့်နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်အမှုများအားဖြင့် အတည်ပြုကြရန်ဖြစ်ပါသည်။ တမန်တော်များသာမက ထိုသတင်းစကားကိုလက်ခံရရှိသူများသည် အံ့ဖွယ်နိမိတ်လက္ခဏာများကိုပြကြပါလိမ့်မည်။ ထိုသူတို့သည် "ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတ္တံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကိုပြောကြလတ္တံ့။ မြွေတို့ကိုဖမ်းကိုင်ကြလတ္တံ့။ သေစေတတ်သောအဆိပ်အတောက်ကိုသောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတ္တံ့။ မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ချမ်းသာပေးကြလတ္တံ့" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ မာကု ၁၆း၁၇–၁၈။

ထိုခေတ်ထိုအခါက မကြာခဏအဆိပ်ခတ်၍သတ်တတ်ကြပါသည်။ အရှက်အကြောက်ကင်းမဲ့သူများသည် ၎င်းတို့အတွက် ခလုတ်တံသင်းဖြစ်သူများအား၊ အဆိပ်ခတ်သတ်ခြင်းအားဖြင့် ရှင်းပစ်ရန်ဝန်မလေးကြချေ။ မိမိ၏တပည့်တော်များသည် ဤနည်းအားဖြင့် ဘေးဒုက္ခတွေ့ကြမည်ဖြစ်ကြောင်း ခရစ်တော်သိထားပါသည်။ ကိုယ်တော်၏သက်သေခံများကိုသတ်ပစ်ခြင်းကို ဘုရားသခင်၏အမှုဆောင်ရွက်ခြင်းဖြစ်သည်ဟု များစွာသောလူတို့က ထင်မြင်ယူဆကြပါလိမ့်မည်။ ထိုကြောင့် ကိုယ်တော်သည် ထိုအန္တရာယ်မှ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရန် ကတိပြုတော်မူခဲ့ပါသည်။

"လူတို့တွင်အနာရောဂါအမျိုးမျိုးတို့ကိုငြိမ်းစေရာတွင် ကိုယ်တော်ရှင်အသုံးပြုခဲ့သောတန်ခိုးမျိုးကို တပည့်တော်ရရှိကြရန်ဖြစ်ပါသည်။ သူတို့သည်

ကိုယ်တော်၏နာမတော်ကိုအမှီပြုလျက် ခန္ဓာကိုယ်ရောဂါဝေဒနာများကိုကုစားပေးခြင်းအားဖြင့်၊ အသက်ဝိညာဉ်အားကုစားပေးခြင်းအားဖြင့် အသက်ဝိညာဉ်အားကုသပေးနိုင်သည့် ကိုယ်တော်ရှင်၏တန်ခိုးတော်ကို သက်သေခံနိုင်ကြမည်ဖြစ်ပါသည်။ ၎င်းပြင်၊ ယခုတွင် အသစ်သောပင်ကိုအရည်အချင်းကိုပေးသနားရန် ကတိထားတော်မူခဲ့ပါသည်။ ထိုတပည့်တော်များသည် အခြားတိုင်းနိုင်ငံများတွင် သွားရောက်ဟောကြားကြမည်ဖြစ်ရာ ၎င်းတို့သည် အခြားသောဘာသာစကားကိုပြောဆိုနိုင်သည့်စွမ်းရည်ကို ရရှိဖို့လိုအပ်လိမ့်မည်။ တမန်တော်များနှင့်တကွ သူတို့အားကူညီမစသူများသည် စာမတတ်သောသူများဖြစ်ကြသော်လည်း၊ ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးရရှိသောအခါ မူရင်းဘာသာစကားများတွင်သာမက နိုင်ငံခြားဘာသာစကားများကိုပင် အသံနေအသံထားနှင့်တကွ စကားလုံးအသုံးအစွဲများတွင် ကြည်လင်၊ ပြတ်သား၊ ရှင်းလင်းတိကျစွာဖြင့် ပြောဆိုနိုင်ခဲ့ကြပါသည်။

ခရစ်တော်သည် ဤနည်းအားဖြင့်တပည့်တော်များအား အထူးတာဝန်ပေးအပ်ခဲ့ပါသည်။ လုပ်ငန်းကိုဆက်လက်ထမ်းဆောင်နိုင်ရန်လည်း စေ့စေ့စုံစုံစီစဉ်ပေးတော်မူပြီး အမှုတော်အောင်မြင်ရေးအတွက် ကိုယ်တော်တိုင်တာဝန်ယူတော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏အမိန့်တော်အတိုင်းလိုက်လျှောက်ကာ ကိုယ်တော်ရှင်နှင့်ဆက်သွယ်လုပ်ဆောင်နေသမျှကာလပတ်လုံး၊ မရှုံးနိမ့်နိုင်ကြချေ။ "လူမျိုးတကာတို့ထံသွားလော့။ လူနေသောကမ္ဘာအစွန်အဖျားဒေသများသို့တိုင်သွားကြလော့။ ထိုနေရာတွင်လည်း ငါသည်သင်တို့နှင့်အတူရှိနေမည်ဖြစ်ကြောင်း သိမှတ်ကြလော့။ ယုံကြည်စိတ်ချစွာဖြင့်လုပ်ဆောင်ကြလော့။ သင်တို့ကိုဘယ်တော့မှငါစွန့်ပစ်လိမ့်မည်မဟုတ်ပါ" ဟု ကိုယ်တော်မိန့်တော်မူ၏။

တမန်တော်များအား ခရစ်တော်ပေးအပ်သည့်အထူးတာဝန်သည် ယုံကြည်သူအားလုံးနှင့်ပတ်သက်ပါသည်။ ခရစ်တော်အားယုံကြည်သူများသည် ကမ္ဘာကုန်ဆုံးသည့်အချိန်တိုင်အောင် ထိုတာဝန်ကိုလုပ်ဆောင်ကြရန်



ဖြစ်ပါသည်။ ဝိညာဉ်ကယ်တင်ရေးအမှုတော်သည် တရားဟောဆရာများ၌သာအမှီတံကဲပြုနေသည်ဟု ထင်မြင်ယူဆခြင်းသည် အလွန်ဆိုးရွားသောမှားယွင်းမှုတစ်ရပ်ဖြစ်ပါသည်။ ဝိညာဉ်တော်၏ပွဲပြင်ခြင်းကိုခံရသူအပေါင်းတို့၌ ဧဝံဂေလိတရားတော်ကို အပ်နှင်းထားတော်မူပါသည်။ ခရစ်တော်၏အသက်တာကိုရရှိသူအပေါင်းသည် လူသားများ၏ကယ်တင်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရန် ဘိသိက်ပေးခြင်းကိုခံကြရပါသည်။ ဤလုပ်ငန်းကိုဆောင်ရွက်ရန်အတွက် အသင်းတော်ကိုတည်ထောင်ထားခြင်းဖြစ်ပါသည်။ ၎င်းပြင် အသင်းတော်၏သစ္စာအဓိဋ္ဌာန်များကို လက်ခံခဲ့ကြသူများအားလုံးသည် ထိုနည်းအားဖြင့် ခရစ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြောင်းဝန်ခံခဲ့ကြပါသည်။

"ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်းလာခဲ့ပါဟုဆိုပါစေ" ဗျာ ၂၂:၁၇။ ကြားသောသူအပေါင်းတို့သည် ထိုဖိတ်ခေါ်ချက်ကို ထပ်ဆင့်ပြောကြားရန်ဖြစ်ပါသည်။ ခေါ်တော်မူခြင်းခံရသည့် ထိုသူ၏ပထမဦးစားပေးစိတ်ဝင်စားမှုသည် ခရစ်တော်ထံသို့အသက်ဝိညာဉ်များအား ရိတ်သိမ်းဖို့ရန်ဖြစ်ပါသည်။ ထိုသူသည် ပရိသတ်ကြီးရှေ့တွင် တရားဟောချင်မှတရားဟောတတ်မည်ဖြစ်သော်လည်း ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လုပ်ဆောင်ပေးနိုင်ပါသည်။ သူသည် ခရစ်တော်ထံမှမိမိရရှိထားသောညွှန်ကြားချက်များကို ထိုသူများအားပြောပြနိုင်ပါသည်။ အမှုတော်လုပ်ငန်းတွင် တရားဟောခြင်းလုပ်ငန်းတစ်ခုတည်းသာ ပါဝင်သည်မဟုတ်ပါ။ အနာရောဂါခံစားနေရသူများအားသက်သာစေခြင်း၊ ဆင်းရဲသားများကိုမစကူညီခြင်း၊ စိတ်အားငယ်နေသူများနှင့် ယုံကြည်ခြင်းအားနည်းနေသူများအား နှစ်သိမ့်စကားပြောကြားခြင်းများသည်လည်း၊ အမှုတော်ဆောင်ခြင်းများဖြစ်ကြပါသည်။ ဒုစရိုက်ဝန်ထုပ်ပိနေသည့်အသက်ဝိညာဉ်များသည် ရပ်ဝေး၊ ရပ်နီးတွင်ရှိနေကြပါသည်။ အခက်အခဲနှင့်ရင်ဆိုင်ရခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ရခြင်းနှင့် ဆင်းရဲနွမ်းပါးမှုများသည် လူသားများအားယုတ်ညံ့စေသောအရာများမဟုတ်ဘဲ ဒုစရိုက်များနှင့်မှားယွင်းသောလုပ်ဆောင်မှုများ

သည်သာ လူသားများအား ယုတ်ညံ့နိမ့်ကျစေသည့်အရာများဖြစ်ကြပါသည်။ အပြစ်နှင့်ဒုစရိုက်များသည် မတည်ငြိမ်မှုများနှင့်မကျေနပ်မတင်းတိမ်မှုများကိုဖြစ်စေပါသည်။ ခရစ်တော်သည် မိမိ၏အမှုဆောင်များအား အပြစ်နာကျနေသော အသက်ဝိညာဉ်များထံသွားရောက်အမှုတော်ဆောင်စေခဲ့ပါသည်။

ထိုတပည့်တော်များသည် မိမိတို့နေထိုင်သည့်အရပ်တွင် အမှုတော်ကိုအစပျိုးရန်ဖြစ်ပါသည်။ အခက်ခဲဆုံးနေရာများနှင့် အလားအလာအနည်းဆုံးနေရာများကိုမလုပ်ဆောင်ဘဲ ကျော်သွားတော်မမူခဲ့ချေ။ ခရစ်တော်၏အမှုဆောင်တိုင်းသည်လည်း ထိုနည်းအတူ မိမိတို့နေထိုင်ကြသည့်နေရာဒေသမှစ၍ အမှုတော်ကိုအစပျိုးကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိသားစုများ၌ပင် အကြင်နာတရားများကိုဆာငတ်နေသူများ၊ အသက်မုန့်ကိုဆာငတ်နေသူများရှိကောင်းရှိပါလိမ့်မည်။ ခရစ်တော်အတွက် လေ့ကျင့်ပညာပေးဖို့လိုသည့်သားသမီးများရှိကောင်းရှိပေလိမ့်မည်။ ကျွန်ုပ်တို့၏အိမ်တံခါးဝတွင် တစ်ပါးအမျိုးသားများရှိကောင်းရှိပေလိမ့်မည်။ အနီးဆုံးတွင်ရှိသောသူများအတွက်လုပ်ဆောင်စရာများကို သစ္စာရှိရှိနှင့်လုပ်ဆောင်ကြပါစို့။ ထိုနောက် ဘုရားသခင်၏လက်တော်သည် ကျွန်ုပ်တို့အားလမ်းပြပို့ဆောင်နိုင်လောက်အောင် ကျွန်ုပ်တို့ကြိုးစားအားထုတ်မှုကို အရှိန်မြှင့်တင်ကြပါစို့။ အသင်းသားများ၏လုပ်ဆောင်မှုများသည် အခြေအနေအမျိုးမျိုးကြောင့် တိုးတက်မှုမရှိသယောင်ဖြစ်နိုင်သော်လည်း ယုံယုံကြည်ကြည်ဖြင့် ကြိုးစားလုပ်ဆောင်ပါလျှင် အမှုတော်သည် ကမ္ဘာအနှံ့သို့ပျံ့နှံ့သွားပေလိမ့်မည်။ ခရစ်တော်သည် ဤလောကတွင်အမှုတော်ဆောင်ခဲ့စဉ်က လုပ်ဆောင်ခဲ့သောနယ်မြေသည် ကျဉ်းမြောင်းသယောင်ဖြစ်ခဲ့သော်လည်း၊ ကမ္ဘာအရပ်ရပ်မှလူအများတို့သည် ကိုယ်တော်၏သတင်းစကားကိုကြားခဲ့ကြရပါသည်။ ကြီးမားသောလုပ်ငန်းကိုပြီးမြောက်စေရန် တစ်ခါတစ်ရံတွင် ဘုရားသခင်သည် ရိုးရိုးနည်းများကိုအသုံးပြုတတ်ပါသည်။ ကိုယ်တော့်အမှုတော်၏အခန်းကဏ္ဍတိုင်းသည် "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဆိုသကဲ့သို့ တစ်ခုနှင့်တစ်ခုအမှီတံကဲပြုလျက် ကဏ္ဍတိုင်း၌ဆီလျော်ညီညွတ်စွာလုပ်ဆောင်နေခြင်းသည် ကိုယ်တော်၏အစီအစဉ်တစ်ရပ်



ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုကိုခံရသော အနိမ့်ကျဆုံးသောအမှုတော်ဆောင်တစ်ဦးသည် မမြင်စွမ်းနိုင်သော တီးကွက်ကလေးတစ်ကွက်ကို တီးခတ်ပါလိမ့်မည်။ ထိုတီးကွက်ကလေးသည် ကမ္ဘာစွန်းတိုင်အောင်မြည်ဟည်းသွားပြီး ခေတ်အဆက်ဆက်အတွက် သာယာငြိမ့်ညောင်းသောတေးသွားကလေးတစ်ခုကို ဖြစ်စေပါလိမ့်မည်။

သို့ရာတွင် "လောကီနိုင်ငံအရပ်ရပ်သို့သွားလော့" ဟူသောအမိန့်တော်ကို ကျွန်ုပ်တို့မျက်ခြည်မပြတ်သင့်ကြပါ။ "ပြည်တစ်ဘက်ကို" မျှော်ကြည့်ကြရန် ကျွန်ုပ်တို့အားဆင့်ခေါ်နေပါသည်။ လူမျိုးရေးအရ၊ တစ်ဖက်သတ်အထင်လွဲမှားမှုများပိုင်းခြားထားသည့် အပိုင်းအခြားတံတိုင်းများကိုဖြိုချတော်မူပြီး၊ လူသားမိသားစုတစ်စုလုံးအတွက် မေတ္တာတော်တစ်ခုကို ခရစ်တော်သွန်သင်တော်မူထားပါသည်။ ကိုယ်တော်သည် လူသားများအား၊ ၎င်းတို့၏တစ်ကိုယ်ကောင်းစိတ်များက ပြဋ္ဌာန်းသတ်မှတ်ထားသော ကျဉ်းမြောင်းသောနယ်ပယ်ထဲမှချီမတော်မူပါသည်။ နယ်မြေပိုင်းခြားထားသည့် နယ်နိမိတ်မျဉ်းကြောင်းအားလုံးနှင့်တကွ လူ့အဖွဲ့အစည်းများတွင် လူသားတီထွင်ထားသော ဂုဏ်ဒြပ်ခွဲခြားမှုများအားလုံးကို ဖျက်သိမ်းတော်မူခဲ့ပါသည်။ အိမ်နီးနားချင်းနှင့်သူစိမ်းတစ်ရံဆံမိတ်ဆွေနှင့်ရန်သူဟူ၍ ခရစ်တော်ခွဲခြားတော်မမူပါ။ အကူအညီလိုအပ်နေသူအားလုံးအား၊ မိမိတို့၏ညီအစ်ကိုများဟူ၍လည်းကောင်း၊ ကမ္ဘာကြီးအား မိမိတို့၏အလုပ်ခွင်ဟူ၍လည်းကောင်း မှတ်ယူကြရန် ကျွန်ုပ်တို့အားခရစ်တော်သွန်သင်ထားပါသည်။

"လူမျိုးတကာတို့ထံသွား၍ဆုံးမသြဝါဒပေးလော့" ဟု ခရစ်တော်သွန်သင်သောအချိန်တွင် "ယုံကြည်သောသူတို့၌ ဖြစ်အံ့သောနိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတ္တံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကိုပြောကြလတ္တံ့။ သေစေတတ်သောအဆိပ်အတောက်ကိုသောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတ္တံ့။ မကျန်းမမာသောသူတို့အပေါ်မှာလက်ကိုတင်၍ ချမ်းသာပေးကြလတ္တံ့" ဟုလည်း မိန့်တော်မူခဲ့ပါသည်။ ဤကတိတော်သည် ပေးထားသည့်အထူးတာဝန်အရေးပါ

သကဲ့သို့ပင် အရေးပါလှပါသည်။ သို့ရာတွင် ထိုဆုကျေးဇူးအားလုံးကို လူတစ်ယောက်စီအား မျှဝေထားခြင်းမျိုးမဟုတ်ချေ။ "ဝိညာဉ်တော်သည် ----- လူအသီးသီးတို့အား ------- အလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏" ၁ကော ၁၂း၁၁။ သို့သော် ဘုရားသခင်၏အမှုတော်အတွက် လိုအပ်သည့်အတိုင်းအတာအလျောက် ဝိညာဉ်ဆုကျေးဇူးများကို ယုံကြည်သူများအားပေးတော်မူရန် ကတိထားတော်မူပါသည်။ ထိုကတိတော်သည် တမန်တော်များခေတ်အခါမှာကဲ့သို့ ယခုခေတ်ယခုအချိန်တွင်လည်း ယုံကြည်ကိုးစားထိုက်ပါသည်။ ယုံကြည်သောသူများ၌ ဤနိမိတ်လက္ခဏာများဖြစ်ပေါ်လာပါလိမ့်မည်။ ဤအရာသည် ဘုရားသခင်၏သားသမီးများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ၎င်းပြင် ယုံကြည်ခြင်းသည် ယုံကြည်ခြင်းအတွက် ခံဝန်ချက်တစ်ခုအဖြစ် ရတတ်သမျှသောအရာအားလုံးကို ဆွဲကိုင်ထားသင့်ပါသည်။

"သူတို့သည် မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ချမ်းသာပေးကြလတ္တံ့။ ဤကမ္ဘာကြီးသည် အနာရောဂါစွဲကပ်နေသောအိမ်ကြီးတစ်လုံးဖြစ်ပါသည်။ ခရစ်တော်သည် ထိုအိမ်ကြီးထဲမှလူနာများကိုကုသရန်နှင့် စာတန်၏အနှောင်အဖွဲ့ထဲတွင်ရှိနေကြသော အပြစ်အကျဉ်းသားများအားကယ်လွှတ်ရန်ကြွလာတော်မူခဲ့ပါသည်။ ခရစ်တော်ကိုယ်တိုင်သည် ကျန်းမာခြင်းဖြစ်တော်မူ၏။ ခွန်အားလည်းဖြစ်တော်မူ၏။ နာမကျန်းသောသူများ၊ ဒုက္ခရောက်နေသူများနှင့်နတ်ဆိုးစွဲနေသောသူများအား၊ ကိုယ်တော်သည် မိမိအသက်ကိုမျှဝေပေးတော်မူ၏။ မိမိထံမှရောဂါပျောက်ကင်းခြင်းသည် တန်ခိုးကိုရယူရန်လာကြသည့်မည်သူမဆို ကိုယ်တော်မျက်နှာလွှဲတော်မမူခဲ့ပါ။ မိမိထံသို့ရောက်လာကြသည့်လူနာများသည် ကိုယ့်ရောဂါကိုယ်ရှာနေကြသူများဖြစ်သည်ကို ကိုယ်တော်သိတော်မူသော်လည်း၊ ၎င်းတို့အားကုသပေးရန် ငြင်းဆန်တော်မမူခဲ့ချေ။ ခရစ်တော်ထံမှတန်ခိုးသည် သနားစရာကောင်းသော ထိုအသက်ဝိညာဉ်များထဲသို့ရောက်သွားသောအခါ ၎င်းတို့သည် အပြစ်အကြောင်းကိုသိရှိနားလည်လာကြပြီး၊ ခန္ဓာကိုယ်ရောဂါများပျောက်ကင်းသွား





သကဲ့သို့ ဝိညာဉ်ရေးရောဂါများလည်း ပျောက်ကင်းကုန်ကြပါသည်။ ဧဝံဂေလိတရားတော်တွင် ထိုတန်ခိုးမျိုးတည်ရှိဆဲဖြစ်ပါသည်။ အဘယ်ကြောင့်ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအကျိုးရလဒ်မျိုးကို သက်သေမခံသင့်ကြသနည်း။

ခရစ်တော်သည် ရောဂါသည်တိုင်းခံစားရသည့်ဝေဒနာများကို စာနာတော်မူပါသည်။ နတ်ဆိုးဝိညာဉ်များသည် လူသားတစ်ဦး၏ခန္ဓာကိုယ်ကို အတင်းအဓမ္မကုတ်ဖဲ့သောအခါ ထိုဒုက္ခကိုခရစ်တော်ခံစားရပါသည်။ ဖျားနာမှုများသည် လူသားတစ်ဦး၏အသက်တာအား လောင်မြိုက်ကျစေသောအခါ ထိုဝေဒနာကို ကိုယ်တော်ခံစားရပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ဤလောကတွင် ကိုယ်တိုင်နေတော်မူခဲ့စဉ်ကကဲ့သို့ ယခုတွင်လည်း လူနာများကိုကုသပေးရန် ဆန္ဒပြင်းပြလျက်ရှိနေပါသည်။ ကိုယ်တော်၏တပည့်တော်များသည် ထိုကဲ့သို့ကိုယ်တော်ရှင်လုပ်ဆောင်ရန်အတွက် ကိုယ်စားလှယ်ဖြစ်ကြပါသည်။ သွယ်ပို့ရာလမ်းကြောင်းများဖြစ်ကြပါသည်။

ကယ်တင်ရှင်၏ရောဂါကုသပုံကုသနည်းများတွင် တပည့်တော်များအတွက် နမူနာယူစရာသင်ခန်းစာများပါဝင်နေပါသည်။ တစ်ခါတွင် ခရစ်တော်သည် မျက်မမြင်တစ်ဦး၏မျက်စိကိုရွှံ့နှင့်လူး၍ သင်သွားလော့၊ ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟု မိန့်တော်မူ၏။--- ထိုသူသည် သွား၍ဆေးပြီးမှ မျက်စိမြင်လျက်ပြန်လာ၏။ ယောဟန် ၉း၇။ ရောဂါကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ပျောက်ကင်းနိုင်သည်ဖြစ်သော်လည်း၊ ခရစ်တော်သည် သဘာဝတွင်ရှိသော ရိုးရိုးပစ္စည်းများကိုအသုံးပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဖော်ထားသောဆေးဝါးများကို မျက်နှာသာမပေးခဲ့သော်လည်း၊ ရိုးရိုးသဘာဝဆေးစွမ်းကောင်းများကို အသုံးပြုခွင့်ပေးတော်မူခဲ့ပါသည်။

ခရစ်တော်သည် မိမိ၏ကုသမှုကိုခံယူရရှိသူများထဲမှ အများစုအား "သွား၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း၊ နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်" ဟု မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၅း၁၄။ ရောဂါဘယများသည် ဘုရားသခင်၏သဘာဝဓမ္မစည်းမျဉ်းများနှင့် ဝိညာဉ်ရေးဆိုင်ရာပညတ်တော်များကိုချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသောဆိုးကျိုးဖြစ်ကြောင်း၊

ထိုနည်းအားဖြင့်သွန်သင်တော်မူခဲ့ပါသည်။ လူသားများသည် ဘုရားသခင်၏ အကြံအစည်နှင့်ကိုက်ညီစွာ နေထိုင်အသက်ရှင်ကြမည်ဆိုလျှင် ဤကမ္ဘာကြီးတွင်တည်ရှိနေသော မဟာအနိဋ္ဌာရုံကြီးသည် တည်ရှိခဲ့လိမ့်မည် မဟုတ်ချေ။

ခရစ်တော်သည် ရှေးခေတ်ဣသရေလများ၏လမ်းပြတစ်ဦးနှင့် ဆရာသမားတစ်ဦးဖြစ်ခဲ့ပါသည်။ ကျန်းမာခြင်းသည် ဘုရားသခင်၏ပညတ်တော်များကို နားထောင်ခြင်းမှထွက်ပေါ်လာသည့် ဆုလာဘ်တစ်ပါးဖြစ်ကြောင်း သူတို့အားသွန်သင်တော်မူခဲ့ပါသည်။ ပါလေတ္တိနပြည်တွင် လူနာများကိုကုသပေးတော်မူခဲ့သော ထိုမဟာသမားတော်ကြီးသည် မိုးတိမ်တိုက်ထဲမှနေ၍ "သင်တို့သည် သင်တို့၏ဘုရားသခင်ထာဝရဘုရား၏စကားကို စေ့စေ့နားထောင်၍ နှစ်သက်တော်မူသောအကျင့်ကိုကျင့်လျှင်လည်းကောင်း၊ ပညတ်တရားတော်အလိုသို့လိုက်၍ စီရင်တော်မူချက်တို့ကို စောင့်ရှောက်လျှင်လည်းကောင်း ငါသည်အဲဂုတ္တုလူတို့၌စွဲစေသောရောဂါတစ်စုံတစ်ခုကိုမျှ သင်တို့၌မစွဲစေ။ ငါသည် သင်တို့၏ရောဂါကိုငြိမ်းစေသော ထာဝရဘုရားဖြစ်သည်" ဟု ၎င်းတို့လုပ်ဆောင်ရမည့်အရာများကို မိန့်တော်မူခဲ့ပါသည်။ ထွက် ၁၅း၂၆။ ခရစ်တော်သည် အသက်တာ၏အကျင့်ဓလေ့များနှင့်စပ်လျဉ်း၍ တိကျသောညွှန်ကြားချက်များကို ဣသရေလများအားပေးထားတော်မူခဲ့ပြီး၊ "အနာရောဂါရှိသမျှတို့ကို သင့်ဆီကပယ်ရှင်းမည်" ဟုလည်း အာမခံချက်ပေးတော်မူခဲ့ပါသည်။ တရားဟော ၇း၁၅။ ထိုတောင်းဆိုချက်များကို ၎င်းတို့ဖြည့်ဆည်းနေကြသောအချိန်တွင် ကတိထားတော်မူသည့်အတိုင်း ၎င်းတို့ကျန်းမာခဲ့ကြပါသည်။ "သူတို့အစုစု၌ အားနည်းသောသူတစ်ယောက်မျှမရှိ" ဆာလံ ၁၀၅း၃၇။

ဤအရာများသည် ကျွန်ုပ်တို့အတွက် သင်ခန်းစာယူစရာဖြစ်ပါသည်။ ကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်သူအားလုံး စောင့်ထိန်းရမည့်စည်းကမ်းချက်များရှိပါသည်။ ဤစည်းကမ်းချက်များသည် မည်သည့်အရာများဖြစ်သည်ကို လူတိုင်းသိထားသင့်ကြပါသည်။ လူသားများသည် သဘာဝဓမ္မများ



ကိုဖြစ်စေ၊ ဝိညာဉ်ရေးပညတ်များကိုဖြစ်စေ မသိရှိဘဲနေသည်ကို ဘုရားသခင်နှစ်သက်တော်မမူချေ။ ကျွန်ုပ်တို့သည် လူသားမျိုးနွယ်စု၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်များပြန်လည်ကျန်းမာဖွံ့ဖြိုးမှုရရှိလာရန်အတွက် လုပ်ဆောင်နေကြသည့် ဘုရားသခင်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြရန် လိုအပ်ပါသည်။

၎င်းပြင် ကောင်းမွန်သောကျန်းမာရေးအခြေအနေမျိုးကို ဆက်လက်ထိန်းသိမ်းပုံနှင့် မကောင်းသည့်ကျန်းမာရေးအခြေအနေကို ပြန်လည်ကောင်းမွန်လာအောင် လုပ်ပုံလုပ်နည်းများကို အခြားသူများအား ကျွန်ုပ်တို့သွန်သင်ပေးသင့်ပါသည်။ လူနာများကိုကုသရာတွင် ဘုရားသခင်ပြင်ဆင်ထားတော်မူခဲ့သည့် သဘာဝကုထုံးများကိုအသုံးပြုကာ သက်သာပျောက်ကင်းမှုကိုပေးစွမ်းနိုင်သည့်ကိုယ်တော်ကို ၎င်းတို့သိရှိလာရန်ပြညွှန်သင့်ကြပါသည်။ ယုံကြည်ခြင်းလက်များဖြင့် လူနာများအား ခရစ်တော်ထံသို့ပေးအပ်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ ထိုမဟာသမားတော်ကြီးအားယုံကြည်ကြရန် ၎င်းတို့အားကျွန်ုပ်တို့သွန်သင်ပေးသင့်ပါသည်။ ကျွန်ုပ်တို့သည် ပေးတော်မူသည့်ကတိတော်ကိုဆွဲကိုင်လျက် တန်ခိုးတော်ပြရန် ဆုတောင်းပတ္ထနာပြုသင့်ကြပါသည်။ ဧဝံဂေလိတရားတော်၏အဓိကအနှစ်သာရမှာ စုံလင်သောအသက်တာသို့ပြန်လည်ရောက်ရှိရန်ဖြစ်သင့်သဖြင့် ကျွန်ုပ်တို့အနေနှင့် နာမကျန်းသောသူများ၊ ခိုကိုးရာမဲ့ဖြစ်နေသူများနှင့် ဒုက္ခဝေဒနာခံစားနေရသူများအား၊ ကိုယ်တော်၏ခွန်အားကို အားကိုးကြဖို့ပြောကြားရန် ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။

ခရစ်တော်ပြုတော်မူခဲ့သည့်ကုသမှုအားလုံးတွင် မေတ္တာတန်ခိုးပါရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ယင်းမေတ္တာတန်ခိုးကို မျှဝေရယူခြင်းအားဖြင့်သာ ကိုယ်တော်၏အမှုတော်တွင် အသုံးခံပစ္စည်းများဖြစ်လာနိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အဆက်အသွယ်ပြုခြင်းကို လျစ်လျူရှုခဲ့မည်ဆိုလျှင် အသက်ပေးခြင်းတန်ခိုးတော်ရေစီးကြောင်းသည် ကျွန်ုပ်တို့မှတစ်ဆင့် ထိုသူများထံသို့ စီးဆင်းသွားနိုင်တော့မည်မဟုတ်ချေ။ ထိုသူများ၏မယုံကြည်မှုများကြောင့်၊ ကြီးမားသောအမှုတော်များကို ခရစ်တော်ကိုယ်တိုင်မဆောင်ရွက်

နိုင်ခဲ့သည့်နေရာများရှိခဲ့ပါသည်။ ထို့ကြောင့် ယခုတွင် မယုံကြည်သောစိတ်သည် အသင်းတော်အား သူမ၏မစအရှင်နှင့်ကွဲကွာစေခဲ့ပါသည်။ ထာဝရကာလနှင့်ပတ်သက်သည့် ဧကန်အမှန်ဖြစ်သောအရာများအပေါ် သူမ၏ (အသင်းတော်) ၏ဆုပ်ကိုင်မှုသည်လည်း အားနည်းလှပါသည်။ သူမ၏ယုံကြည်ခြင်းနည်းပါးမှုကြောင့် ဘုရားသခင်သည် စိတ်ပျက်တော်မူခဲ့ရပြီး၊ ကိုယ်တော်၏ဘုန်းတော်သည် သူမထံမှပျောက်ဆုံးသွားခဲ့ရပါသည်။

အသင်းတော်သည် ခရစ်တော်၏အမှုတော်ကိုဆောင်ခြင်းအားဖြင့် ကိုယ်တော်ရှင်လာရောက်အတူနေမည်ဟူသော ကတိတော်ကိုရရှိပါသည်။ “ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်” ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ထံမှတန်ခိုးကိုရရှိရန်အတွက် ကိုယ်တော်ရှင်ထမ်းခဲ့သောထမ်းပိုးကိုထမ်းရန်မှာ ပထမစည်းကမ်းချက်ဖြစ်ပါသည်။ အသင်းတော်၏အသက်သည် သခင်ဘုရားပေးအပ်ထားတော်မူသည့်အမှုတော်ကို လုပ်ဆောင်ရာတွင် သူမ၏သစ္စာရှိမှုအပေါ်တွင်မူတည်နေပါသည်။ ဤအမှုတော်ကိုလုပ်ဆောင်ရာတွင် သူမ၏သစ္စာရှိမှုအပေါ်တွင်မူတည်နေပါသည်။ ဤအမှုတော်ကိုလျစ်လျူရှုခြင်းသည် ဝိညာဉ်ရေးဆိုင်ရာ အားအင်ချည့်နဲ့မှုပျက်ယွင်းမှုများကို ဧကန်အမှန်ဖိတ်ခေါ်နေခြင်းပင်ဖြစ်ပါသည်။ အခြားသူများ၏ကောင်းကျိုးအတွက် တက်တက်ကြွကြွလုပ်ဆောင်မှုမရှိသောနေရာတွင် မေတ္တာတရားများခေါင်းပါးလာပြီး၊ ယုံကြည်ခြင်းများမှေးမှိန်လာပါသည်။

ဧဝံဂေလိလုပ်ငန်းတွင် ကိုယ်တော်၏အမှုဆောင်များသည် အသင်းတော်အားပညာပေးသူများဖြစ်ရန် ခရစ်တော်ကြံရွယ်ပါသည်။ သူတို့သည် ပျောက်ဆုံးနေသောသူများကို မည်သို့ရှာဖွေကယ်တင်ရမည်ကို အသင်းတော်အားသင်ကြားပေးကြရပါမည်။ ထိုအလုပ်ကို သူတို့လုပ်ဆောင်နေကြရဲ့လား။ အသင်းတော်ထဲတွင်ရှိနေကြသော သေလုဆဲဆဲအသင်းသားများ၏အသက်ကလေးအား ပြန်လည်ရှင်သန်လာအောင် လူပေါင်းမည်မျှကြိုးပမ်းဆောင်ရွက်နေကြသနည်း။ ပျောက်သောသိုးများကိုရှာဖွေရန် တာဝန်ရှိသောသူများက



အသင်းတော်မည်မျှများများအား၊ နာမကျန်းနေသောသိုးကလေးကိုပြုစုကျွေးမွေးသကဲ့သို့ ပြုစုစောင့်ရှောက်နေကြပါသနည်း။ သန်းနှင့်ချီ၍လူများသည် ခရစ်တော်မပါရှိဘဲ တစ်ချိန်လုံးပျက်စီးဆုံးပါးနေကြပါသည်။

ဘုရားသခင်၏မေတ္တာတော်သည် လူသားများအတွက်မတိုင်းတာနိုင်လောက်အောင်ပင် နက်ရှိုင်းစွာလှုပ်ရှားခဲ့ပါသည်။ ထိုမျှကြီးမားသောမဟာမေတ္တာတော်ကို ခံယူကြရသည့်လူသားများသည် ပါးစပ်ဖျားမှသာကျေးဇူးတင်ကြကြောင်း တွေ့မြင်ရသောအခါ ကောင်းကင်တမန်များသည် အံ့ဩတွေဝေသွားခဲ့ကြပါသည်။ ထိုလူသားများသည် ဘုရားသခင်၏မေတ္တာတော်ကို အပေါ်ယံကြောသာအလေးအမြတ်ပြုသည်ကိုတွေ့ရသဖြင့် ကောင်းကင်တမန်များသည် အံ့ဩခဲ့ကြရပါသည်။ သူတို့သည် အခြားလူသားများ၏အသက်ဝိညာဉ်များကို လျစ်လျူရှုနေသည်ကို တွေ့မြင်ရသဖြင့် ဘုရားသခင်သည် အမျက်တော်ထွက်တော်မူပါသည်။ ထိုအသက်ဝိညာဉ်များကို ခရစ်တော်မည်သို့ဂရုထားတော်မူသည်ကို ကျွန်ုပ်တို့သိကြပါသလား။ နှင်းတောထဲတွင်ပျောက်ဆုံးနေသော မိမိတို့၏သားကလေးကို ကယ်ဆယ်မစနိုင်သောသူများက မကယ်ဆယ်ခဲ့ဘဲသေဆုံးပျက်စီးသွားသည်အထိ ပစ်ထားခဲ့ကြကြောင်းသိရှိခဲ့လျှင် ထိုမိခင်၊ ဖခင်များသည် မည်ကဲ့သို့ခံစားကြရမည်နည်း။ သူတို့သည် အလွန့်အလွန်ဝမ်းနည်းပူဆွေးကြမည်မဟုတ်ပါလား။ အလွန့်အလွန်စိတ်ထိခိုက်ကြမည်မဟုတ်ပါလား။ သူတို့သည် ထိုလူသတ်သမားများအား၊ သူတို့၏မျက်ရည်ကဲ့သို့ပူ၍ သူတို့၏ချစ်ခြင်းမေတ္တာတမျှ ပြင်းထန်သောဒေါသစိတ်များဖြင့် လူသိရှင်ကြားအပြစ်တင်ကြလိမ့်မည်မဟုတ်ပါလား။ လူသားတိုင်း၏ဒုက္ခဆင်းရဲခြင်းသည် ဘုရားသခင်၏သားသမီးများ၏ဒုက္ခဆင်းရဲခြင်းပင်ဖြစ်ပါသည်။ ပျက်စီးဆုံးပါးလုဆဲဆဲဖြစ်နေသော အသက်ဝိညာဉ်များအား၊ ကူညီမစမှုပြုလုပ်သောသူများသည် ဘုရားသခင်၏အပြစ်ကင်းသောအမျက်တော်ကို နှိုးဆွနေခြင်းသာတည်း။ ထိုအမျက်တော်သည် သိုးသငယ်၏အမျက်တော်သာတည်း။ မိမိတို့အပေါင်းအဖော်များ၏လိုအပ်ချက်များကိုစိတ်ဝင်စားမှုမရှိသော်လည်း ကိုယ့်ကိုကိုယ်ခရစ်တော်၏အပေါင်းအဖော်များ

ပါဟု ဖွင့်ဟကြသူများအား တရားစီရင်ရာနေ့ကြီးတွင် "သင်တို့သည် အဘယ်ကလာသည်ကိုငါမသိဟုငါဆိုပြီ။ မတရားသောအမှုကိုပြုသောသူအပေါင်းတို့ ငါ့ထံမှဖယ်သွားကြ" ဟု ကိုယ်တော်မိန့်မူပါလိမ့်မည်။ လုကာ ၁၃း၂၇။

ခရစ်တော်သည် တပည့်တော်များအား၊ အထူးတာဝန်ကိုအပ်နှင်းရာတွင် ၎င်းတို့လုပ်ဆောင်ရမည့်အလုပ်ကို အကြမ်းဖော်ပြရုံသာမကဘဲ ၎င်းတို့ပြောရမည့်သတင်းစကားများကိုပါ ပေးအပ်တော်မူခဲ့ပါသည်။ "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ထိုသူများအား၊ ဆုံးမသြဝါဒပေးကြလော့" ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ၎င်းတို့အား ခရစ်တော်သွန်သင်တော်မူခဲ့သည့်အရာများကို ၎င်းတို့ကတစ်ဖန်သွန်သင်ကြရန်ဖြစ်ပါသည်။ ခရစ်တော်သွန်သင်ခဲ့သည့်အရာများဟုဆိုရာ၌ ကိုယ်တော်ရှင်ကိုယ်တိုင်မိန့်တော်မူခဲ့သောနှုတ်ကပတ်တော်များအပြင် ဓမ္မဟောင်းကျမ်းတွင်ပါရှိသည့် ပုရောဖက်များမှတစ်ဆင့်မိန့်တော်မူခဲ့သည့် နှုတ်ကပတ်တော်များလည်းပါဝင်ပါသည်။ လူသားများ၏သွန်သင်ချက်များကို နှုတ်ပိတ်ထားရပါမည်။ ၎င်းတို့၏သွန်သင်ချက်များထဲတွင် ရိုးရာဓလေ့များ၊ လူသားများ၏အတွေးအခေါ်များ၊ ထင်မြင်ချက်များအပြင် အသင်းတော်၏ဥပဒေများကို ထည့်သွင်းမသွန်သင်ရချေ။ အသင်းတော်၏အခွင့်အာဏာဖြင့်ပြဋ္ဌာန်းထားသော မည်သည့်ဥပဒေများကိုမျှ၊ ဤအထူးလုပ်ငန်းတွင် ထည့်သွင်းသွန်သင်ရန်မဟုတ်ချေ။ ခရစ်တော်၏စေတမန်များသည် ဤအရာများကို သွန်သင်ရန်မဟုတ်ချေ။ ကိုယ်တော်တိုင်မိန့်မြွက်ခဲ့သော နှုတ်ကပတ်တော်များပြုတော်မူခဲ့သော လုပ်ဆောင်ချက်များနှင့်တကွ ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများသည် လောကီနိုင်ငံအရပ်ရပ်သို့ဖြန့်ဝေရန် ၎င်းတို့အားအပ်နှံထားသည့် ရတနာများဖြစ်ကြပါသည်။ ခရစ်တော်၏နာမတော်သည် ၎င်းတို့၏ဆောင်ပုဒ်၊ ၎င်းတို့အားထင်ရှားစေသောတံဆိပ်အမှတ်အသားဖြစ်ပါသည်။ ကိုယ်တော်၏နာမတော်သည် ၎င်းတို့အချင်းချင်း အတူတကွပေါင်းဖက်နှောင်ဖွဲ့ခြင်း၊ ၎င်းတို့၏လုပ်ဆောင်မှုများအတွက်အာဏာတန်ခိုး၊ ၎င်းတို့၏အောင်မြင်မှုအတွက် သော့ချက်လည်းဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ကမ္ပည်း



လိပ်စာကိုမဆောင်သည့်အရာရာတိုင်းသည် ကိုယ်တော်ရှင်၏နိုင်ငံတော်တွင် အသိအမှတ်ပြုခြင်းခံရလိမ့်မည်မဟုတ်ချေ။

ဧဝံဂေလိတရားတော်ကို အသက်မရှိသည့်သီအိုရီတစ်ခုကဲ့သို့မဟုတ်၊ အသက်တာကိုပြောင်းလဲပစ်ရန် အသက်ရှင်ခြင်းနှင့်ပြည့်စုံသော အစွမ်းသတ္တိတစ်ခုကဲ့သို့တင်ပြရန်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ကရုဏာတော်ကို လက်ခံရရှိသူအပေါင်းတို့သည် ထိုကရုဏာတော်၏တန်ခိုးအတွက် သက်သေခံများဖြစ်ကြဖို့ ကိုယ်တော်အလိုရှိတော်မူပါသည်။ ကိုယ်တော်ရှင်အား အကြီးအကျယ်ထိုးနှိပ်တိုက်ခိုက်ရေးလမ်းစဉ်များကို ကျင့်သုံးခဲ့သူများကိုလည်း ခရစ်တော်သည်အကြွင်းမဲ့လက်ခံတော်မူပါသည်။ ထိုသူများသည် အမှန်တကယ်နောင်တရသောအချိန်တွင် ၎င်းတို့အားသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးပေးသနားတော်မူ၍ အရေးပါသည့်အမြင့်မြတ်ဆုံးသောရာထူးတာဝန်များကိုအပ်နှင်းကာ မဟာကရုဏာအကြောင်းကိုဟောကြားရန် ကျေးဇူးသစ္စာစောင့်သိတတ်သူများထံသို့ ကိုယ်တော်စေလွှတ်တော်မူပါသည်။ လူသားများသည် ခရစ်တော်၏ကျေးဇူးတော်ကြောင့် ခရစ်တော်၏အကျင့်စာရိတ္တမျိုးကို ပိုင်ဆိုင်လာနိုင်ကြောင်း၊ ထိုကျေးဇူးတော်ကြောင့် မဟာမေတ္တာတော်၏အာမခံမှုတွင် ဝမ်းမြောက်ပျော်ရွှင်နိုင်ကြကြောင်းများကို မိမိ၏တပည့်တော်များက သက်သေခံနေသည်ကို ကိုယ်တော်တွေ့မြင်လိုတော်မူပါသည်။ လူသားမျိုးနွယ်စုအား ပြန်လည်သိမ်းပိုက်ခြင်းလုပ်ငန်းမပြီးမချင်း၊ ၎င်းတို့အား ဘုရား၏သားသမီးများအဖြစ် သန့်ရှင်းသောအခွင့်ထူးတော်တွင် ပြန်လည်ရောက်ရှိလာအောင်ပြုလုပ်မပြီးမချင်း၊ ခရစ်တော်သည် ကျေနပ်အားရတော်မမူနိုင်ကြောင်းကို ကျွန်ုပ်တို့အားသက်သေခံစေပါသည်။ သိုးထိန်းများတွင်ရှိသည့်နူးညံ့သိမ်မွေ့ခြင်းမျိုး၊ မိဘများတွင်ရှိသည့်ချစ်ခင်ယုယခြင်းမျိုးနှင့်တကွ ကရုဏာနှင့်ပြည့်စုံသောကယ်တင်ရှင်၏အတူမရှိသောကျေးဇူးတော်သည် ခရစ်တော်၌ရှိတော်မူပါသည်။ ကိုယ်တော်သည် တပ်မက်ငြိတွယ်စရာအကောင်းဆုံးသောအသုံးအနှုန်းများဖြင့် ကောင်းချီးပေးလေ့ရှိပါသည်။ ဤကောင်းချီးမင်္ဂလာများကို ကြော်ငြာရုံလောက်နှင့်ကျေနပ်တော်မမူဘဲ၊ ထိုကောင်းချီးမင်္ဂလာများကို

လိုချင်စိတ်ပေါ်လာအောင် ဆွဲဆောင်မှုအရှိဆုံးနည်းများဖြင့် ၎င်းတို့အားဖော်ပြလေ့ရှိပါသည်။ ကိုယ်တော်၏စေတမန်များသည်လည်း နှုတ်ဖြင့်မမြွက်နိုင်လောက်အောင် ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ကိုယ်တော်ရှင်၏ကြွယ်ဝခြင်းများကို ထိုနည်းအတူတင်ဆက်ကြရန်ဖြစ်ပါသည်။ ယုံကြည်ချက်များကို အထပ်ထပ်ဟောကြားရုံနှင့် မည်သည့်အောင်မြင်မှုမှမရရှိသောအချိန်တွင် ခရစ်တော်၏အံ့ဖွယ်မေတ္တာတော်သည် စိတ်နှလုံးများကိုနူးညွတ်ပျော့ပျောင်းသွားစေပါသည်။ “သင်တို့၏ဘုရားသခင်မိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုနှစ်သိမ့်စေကြလော့။ နှစ်သိမ့်စေကြလော့။” “ဇိအုန်တောင်သို့ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ မြင့်သောတောင်ပေါ်သို့တက်လော့။ ယေရုရှလင်မြို့သို့ ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ ကျယ်သောအသံကိုလွှင့်လော့။ မစိုးရိမ်ဘဲအသံကိုလွှင့်လော့။ သင်တို့၏ဘုရားသခင်ကိုကြည့်ရှုကြဟု ယုဒမြို့ရွာတို့အားပြောလော့---- မိမိသိုးစုကိုသိုးထိန်းကဲ့သို့ကျွေးမွေးတော်မူမည်။ သိုးသငယ်တို့ကိုချီ၍ ပိုက်ပွေ့တော်မူမည်။” ဟေရှာယ ၄၀း၁၊၉-၁၁။ “လူတစ်သောင်းတို့တွင် အထွတ်အမြတ်ဖြစ်တော်မူ၍” “ချစ်ဖွယ်သောဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော” ကိုယ်တော်အကြောင်းကို လူအပေါင်းတို့အားပြောကြလော့။ သီ ၅း၁၀၊၁၆။ ထိုအကြောင်းကိုပါးစပ်နှင့်ပြောရုံသာမက မိမိတို့၏အကျင့်စာရိတ္တများတွင်လည်း ရောင်ပြန်ဟပ်စေ၍ မိမိအသက်တာတွင်ထင်ရှားစေကြပါ။ တပည့်တော်တိုင်း၏အသက်တာတွင် ပုံတူရေးဆွဲနိုင်ကြရန် ခရစ်တော်သည် ကိုယ်နေဟန်ပြ၍ထိုင်တော်မူလျက်ရှိပါသည်။ ထာဝရဘုရားသခင်သည် လူတိုင်းလူတိုင်းအား၊ “သားတော်၏ပုံသဏ္ဌာန်နှင့်တညီတည်းဖြစ်စေခြင်းငှာ၊ ရှေးမဆွကခွဲခန့်မှတ်သားတော်မူ၏” ရောမ ၈း၂၉။ လူတိုင်း၏အသက်တာအားဖြင့် ခရစ်တော်၏စိတ်ရှည်ခြင်းနှင့်ပြည့်စုံသည့်မဟာမေတ္တာတော်၊ ကိုယ်တော်၏သန့်ရှင်းခြင်း၊ နူးညံ့ခြင်းကရုဏာတော်နှင့်သမ္မာတရားများကို လောကီသားများအား ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ ရှေးဦးတမန်တော်များသည် အရပ်ဒေသအသီးသီးသို့သွား၍ နှုတ်ကပတ်တော်ကိုဟောကြားခဲ့ကြပါသည်။ မိမိတို့၏အသက်တာများအားဖြင့် ခရစ်တော်ကိုဖော်ပြခဲ့ကြပါသည်။ “သူတို့၌ဖြစ်သော နိမိတ်လက္ခဏာများအားဖြင့် နှုတ်ကပတ်တရားတော်ကိုတည်စေလျက် သခင်ဘုရားသည် ၎င်းတို့နှင့်အတူအမှုတော်ဆောင်ခဲ့ပါသည်။ ဤတမန်တော်များသည် အမှုတော်မြတ်အတွက် မိမိကိုယ်ကိုပြင်ဆင်ခဲ့ကြပါသည်။ ပင်တေကုတ္တေပွဲနေ့မတိုင်မီတွင် မိမိတို့တွင်ရှိနေကြသောကွဲပြားခြားနားမှုများကိုညှိနှိုင်းရန် အတူတကွတွေ့ဆုံခဲ့ကြပါသည်။ ထိုနောက် သူတို့သည် တစ်လုံးတစ်ဝတည်းရှိခဲ့ကြပါသည်။ ကောင်းချီးချပေးမည်ဟူသောကတိတော်ကိုယုံကြည်လျက်၊ ယုံကြည်ခြင်းများစွာဖြင့် သူတို့ဆုတောင်းခဲ့ကြပါသည်။ သူတို့သည် မိမိတို့အတွက်သာဆုတောင်းခဲ့ကြခြင်းမဟုတ်ဘဲ အသက်ဝိညာဉ်များကယ်တင်ခြင်းရရှိဖို့ရန်အတွက်လည်း ဆုတောင်းခဲ့ကြပါသည်။ ဧဝံဂေလိတရားတော်ကို ကမ္ဘာအနှံ့လိုက်လံကြွေးကြော်ရမည်ဖြစ်သဖြင့် ခရစ်တော်ကတိပြုထားသည့်ဝိညာဉ်တန်ခိုးကိုလည်း သူတို့တောင်းခံခဲ့ကြပါသည်။ ထိုအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခဲ့ကြပြီး၊ တစ်နေ့ထဲတွင် ထောင်နှင့်ချီသောလူအုပ်ကြီးသည် ပြောင်းလဲလာခဲ့ကြပါသည်။



ယခုတွင်လည်း ထိုနည်းအတူပြောင်းလဲလာနိုင်ကြပါသည်။ လူသားများ၏ထင်မြင်ယူဆချက်များကိုဟောကြားမည့်အစား၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောကြားပါ။ ခရစ်ယာန်များသည် သဘောထားကွဲပြားမှုများကိုစွန့်ပစ်၍ ပျောက်ဆုံးနေသောအသက်ဝိညာဉ်များအား ကယ်တင်ရန်အတွက် မိမိကိုယ်ကို ထာဝရဘုရား၌ဆက်ကပ်ကြပါ။ ယုံကြည်ခြင်းအားဖြင့် ကောင်းချီးမင်္ဂလာများကိုတောင်းခံကြပါ။ အမှန်တကယ်ရရှိကြပါလိမ့်မည်။ တမန်တော်ခေတ်က ဝိညာဉ်တော်မိုးသွန်းလောင်းခဲ့ခြင်းသည် အရင်မိုးဖြစ်ပါသည်။ ထိုမိုးကြောင့် အသရေနှင့်ပြည့်စုံသောအကျိုးရလဒ်များကိုဖြစ်ထွန်းခဲ့ပါသည်။ သို့ရာတွင် “နောက်မိုး” သွန်းလောင်းသောအခါ သာ၍ကြွယ်ဝစွာသော အကျိုးရလဒ်များကိုဖြစ်ပေါ်စေပါလိမ့်မည်။ ယောလ ၂း၂၃။

မိမိကိုယ်စိတ်နှလုံးသုံးပါးကို ဘုရားသခင်ထံ၌ဆက်ကပ်ထားသောသူအပေါင်းတို့သည် ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်တန်ခိုးနှင့်ပတ်သက်သော

အရည်အချင်းအသစ်တစ်ခုကို အခါမလပ်ရရှိခံစားနေရပါလိမ့်မည်။ ကောင်းကင်နိုင်ငံမှာရှိသည့် မကုန်ခန်းနိုင်သောကောင်းချီးအမအစများသည် ၎င်းတို့တောင်းခံသည့်အချိန်တွင်ပေးရန် အဆင်သင့်ရှိနေပါသည်။ ခရစ်တော်သည် မိမိကိုယ်ပိုင်အသက်တော်မှ အသက်တည်းဟူသောမိမိဝိညာဉ်တော်၏တန်ခိုးကို ၎င်းတို့အားပေးသနားတော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးထဲတွင်လုပ်ဆောင်ရန် အမြင့်မြတ်ဆုံးသောစွမ်းအင်များကို ဖြစ်ပွားစေတော်မူပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ၎င်းတို့၏စွမ်းအားသတ္တိများကို ကြီးမားတိုးပွားလာစေတော်မူသဖြင့် မြင့်မြတ်သောသဘာဝ၏စုံလင်မှုအပေါင်းတို့သည် ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းတွင် ၎င်းတို့အတွက်အထောက်အမများဖြစ်လာပါသည်။ ခရစ်တော်နှင့်ပူးတွဲလုပ်ဆောင်ခြင်းအားဖြင့် ထိုသူများသည် ကိုယ်တော်၌စုံလင်ပြည့်ဝလာကြပါသည်။ ထိုနည်းအားဖြင့်သူတို့သည် အားနည်းသောလူသားဇာတိတွင် အနန္တတန်ခိုးရှင်၏အမှုတော်များကို လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိလာကြပါသည်။

ကယ်တင်ရှင်သည် မိမိ၏ကျေးဇူးတော်ကိုထင်ရှားစွာဖော်ပြရန်နှင့် မိမိ၏စာရိတ္တတော်ကို တစ်ကမ္ဘာလုံး၌သိသာပေါ်လွင်စေရန် တောင့်တတော်မူပါသည်။ ဤလောကသည် ကိုယ်တော်ရှင်၏အသွေးတော်ဖြင့်ဝယ်ထားသည့် ကိုယ်တော်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းဖြစ်ပါသည်။ ထိုလူသားများအား လွတ်လပ်၍သန့်ရှင်းမွန်မြတ်သောသူများဖြစ်ရန် ကိုယ်တော်လိုလားတော်မူပါသည်။ ဤကြံရွယ်ချက်ကိုဖြစ်မြောက်စေရန် စာတန်ကဟန့်တားဖို့ကြိုးစားခဲ့သော်လည်း၊ လောကသားများအတွက် မိမိအသွေးတော်ကိုသွန်းခြင်းအားဖြင့် ဘုရားသခင်နှင့်သိုးသငယ်တို့ကို ဘုန်းထင်ရှားစေမည့်အောင်မြင်မှုသရဖူကို ဆောင်းရန်ဖြစ်ပါသည်။ “ခရစ်တော်သည် ထိုအောင်ပွဲကိုမဆင်ရသေးမီ ကျေနပ်အားရခြင်းရှိတော်မူလိမ့်မည်မဟုတ်ချေ။”

“မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်” ဟေရှာ ၅၃း၁၁။ လူမျိုးအပေါင်းတို့သည် ကိုယ်တော်ရှင်၏ကျေးဇူးတော်နှင့်စပ်ဆိုင်သော ဧဝံဂေလိတရားတော်ကို ကြားနာကြရလိမ့်မည်။ လူသားအားလုံးတို့သည် ကျေးဇူးတော်ကိုခံယူကြလိမ့်မည်မဟုတ်သော်လည်း “သူတို့အမျိုးအနွယ်သည်လည်း ဝတ်တော်ကိုပြုသဖြင့် လူအစဉ်အဆက်တို့သည် ထာဝရဘုရား၏သတင်းတော်ကိုကြားရကြလိမ့်မည်” ဆာလံ ၂၂း၃၀။ “ကောင်းကင်အောက်၌နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကို အမြင့်ဆုံးသောဘုရား၏သန့်ရှင်းသောအမျိုးသားတို့သည် ထာဝရဘုရားကိုသိကျွမ်းခြင်းပညာနှင့်ပြည့်စုံလိမ့်မည်။” “အနောက်မျက်နှာသားတို့နှင့် နေထွက်ရာအရပ်သားတို့သည် ထာဝရဘုရား၏နာမတော်နှင့်ဘုန်းတော်ကို ရိုသေကြလိမ့်မည်” ဒံယေလ ၇း၂၇။ ဟေရှာယ ၁၁း၉။ ၅၉း၁၉။



“ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အားပြောသောသူ၏ခြေတို့သည် တောင်ပေါ်မှာအလွန်တင့်တယ်လှစွတကား။ --- သူတို့သည် အသံကိုလွှင့်၍ ရွှင်လန်းသောအသံနှင့်တညီတညွတ်တည်း ကြွေးကြော်ကြ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် ဇိအုန်မြို့သို့ပြန်လာတော်မူကြောင်းကို ကိုယ်တိုင်မြင်ရကြ၏။ ---- ထာဝရဘုရားသည် ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ သန့်ရှင်းသောလက်ရုံးတော်ကို ဖွင့်ပြတော်မူသဖြင့် မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတ္တံ့” ဟေရှာယ ၅၂း၇–၁၀။

****

# tcef; (87)
# cmf;awmfbk&m;xHodkYwuf<uawmfrljcif;

လုကာ ၂၄း၅၀–၅၃။ တမန်တော် ၁း၉–၁၂ တို့ကိုအခြေပြုထားပါသည်။

ခရစ်တော်အတွက် အဖခမည်းတော်ထံတက်ကြွသွားရမည့်အချိန် သည် ရောက်ရှိခဲ့ပေပြီ။ ကိုယ်တော်သည် အောင်နိုင်သူတစ်ပါးအသွင်ဖြင့် အောင်ပွဲဆင်ကာ ကောင်းကင်ရွှေနန်းတော်သို့ တက်ကြွသွားရပေတော့မည်။ "အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ် ဆောင်ရွက်၍ပြီးပါပြီ" ဟု အသေခံတော်မမူမီက အဖခမည်းတော်ထံ ခရစ်တော်လျှောက်ထားခဲ့ဖူးပါသည်။ ယော ၁၇း၄။ တပည့်တော်များသည် ရှင်ပြန်ထမြောက်ခြင်း၏ဘုန်းအသရေနှင့်တင့်တယ်လျက်ရှိသော ကိုယ်တော်နှင့်ရင်းနှီးမှုရှိလာစေရန်အလို့ငှာ ခရစ်တော်သည် ထမြောက်ပြီးသည့်နောက်ပိုင်းတွင် ဤလောကကမ္ဘာပေါ်တွင် အခိုက်အတန့်နေထိုင်တော်မူခဲ့ပါသည်။ ယခုတွင်မူ အထက်အရပ်သို့ယူဆောင်ခြင်းကိုခံရန်အတွက် ကိုယ်တော်အဆင်သင့်ရှိနေပေပြီ။ မိမိသည် အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော ကယ်တင်ရှင်ဟုတ်မှန်ကြောင်းကို ကိုယ်တော်တိုင်ထင်ရှားစေခဲ့ပါသည်။ တပည့်တော်များအနေဖြင့် ကိုယ်တော်အားသင်္ချိုင်းဂူနှင့်ဆက်စပ်သူတစ်ပါးကဲ့သို့ တွေးစရာမလိုတော့ဘဲ စကြဝဠာကြီး၏ရှေ့မှောက်တွင် ဘုန်းတော်နှင့်ပြည့်ဝခဲ့သူတစ်ပါးကဲ့သို့ တွေးခေါ်စဉ်းစားနိုင်ပေပြီ။

ကောင်းကင်သို့တက်ကြွသွားမည့်နေရာကို ကိုယ်တော်တိုင်ရွေးချယ်တော်မူခဲ့ပါသည်။ ထိုနေရာသည် လောကတွင်အသက်ရှင်စဉ် ကိုယ်တော်မကြာခဏအသုံးပြုတော်မူခဲ့ခြင်းအားဖြင့် သန့်ရှင်းသောနေရာကလေးဖြစ်ပါသည်။ ဒါဝိဒ်၏မြို့တော်တည်နေရာဖြစ်သော ဇိအုန်တောင်သည်လည်းကောင်း၊ ဗိမာန်တော်တည်ဆောက်ခဲ့သော မောရိတောင်သည်လည်းကောင်း ထိုနေရာကဲ့သို့ ချီးမြှောက်ဂုဏ်ပြုခြင်းမခံခဲ့ရချေ။ ထိုတောင်ပေါ်တွင် ခရစ်တော်သည်



ပြက်ရယ်ပြုခြင်းနှင့်ငြင်းပယ်ခြင်းကို ခံတော်မူခဲ့ရပါသည်။ ထိုနေရာများတွင် မေတ္တာ၏ပြင်းထန်သောဒီရေတစ်ခုအသွင်ဖြင့် ယခုတိုင်တုံ့ပြန်လျက်ရှိသော ကရုဏာလှိုင်းလုံးများကို ကျောက်တောင်တမျှ မာကျောလှသည့်စိတ်နှလုံးများက ပြန်လည်ထိုးနှိပ်ခဲ့ကြပါသည်။ လေးလံသောစိတ်နှလုံးဖြင့် မောပန်းနွမ်းလျလျက်ရှိသောကိုယ်တော်သည် နားနေရာတစ်ခုကို သံလွင်တောင်ပေါ်တွင်ရှာရန် ထိုနေရာများမှထွက်ခွာတော်မူခဲ့ပါသည်။ ပထမဗိမာန်တော်မှ စွန့်ခွာခဲ့သည့်သန့်ရှင်းသောရှကိနာသည် ရွေးချယ်ထားသည့်ထိုမြို့ကိုစွန့်ပစ်ရန် မနှစ်မြို့သည့်အသွင်ဖြင့် ဤတောင်၏အရှေ့ဘက်မျက်နှာတွင် ရပ်တော်မူခဲ့ပါသည်။ ခရစ်တော်သည် ထိုနည်းအတူ ယေရုရှလင်မြို့ကြီးကိုမျှော်ကြည့်ရင်း၊ တမ်းတသောစိတ်နှလုံးဖြင့် ဤသံလွင်တောင်ပေါ်တွင် ရပ်တော်မူခဲ့ပါသည်။ ထိုတောင်ပေါ်တွင်ရှိနေကြသော သစ်သီးခြံများနှင့်လျှိုမြောင်များတို့သည် ကိုယ်တော်ရှင်ပြုခဲ့သောဆုတောင်းသံများနှင့် မျက်ဝန်းတော်မှကျဆင်းခဲ့သောမျက်ရည်များကြောင့် သန့်ရှင်းစင်ကြယ်နေပါသည်။ ထိုတောင်၏မတ်စောက်သောဆင်ခြေလျှောများသည် ကိုယ်တော်အားဘုရင်ဖြစ်ကြောင်းကြွေးကြော်နေသည့် လူထုကြီး၏အောင်မြင်သောကြွေးကြော်သံများဖြင့် ပဲ့တင်ထပ်ခဲ့ဖူးပါသည်။ ထိုတောင်၏ဆင်ခြေလျှောအတိုင်းဆင်းလာခဲ့ရာ ဗေသနိရွာတွင် လာဇရုတို့အိမ်၌တည်းခိုရန်နေရာကို ကိုယ်တော်တွေ့ရှိတော်မူခဲ့ပါသည်။ ထိုတောင်ခြေရင်းတွင်တည်ရှိသော ဂေသရေမန်ဥယျာဉ်ထဲတွင် ကိုယ်တော်သည် တစ်ပါးတည်းဆုတောင်းခဲ့ရပါသည်။ ဒုက္ခဝေဒနာများကိုခံစားခဲ့ရပါသည်။ ထို့ကြောင့် ထိုတောင်ပေါ်မှကောင်းကင်သို့တက်ကြွရန် ကိုယ်တော်ရှင်ရွေးချယ်တော်မူခဲ့ပါသည်။ တစ်ဖန်ကြွလာတော်မူသောအခါတွင်လည်း၊ ဤတောင်၏ထိပ်ဖျားတွင် ကိုယ်တော်ရှင်ရပ်တော်မူပါလိမ့်မည်။ ထိုအချိန်တွင် ဝမ်းနည်းနေသောလူသားတစ်ဦးကဲ့သို့မဟုတ်တော့ဘဲ ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသော အောင်မြင်သူတစ်ပါးအနေဖြင့် သံလွင်တောင်ပေါ်တွင် ကိုယ်တော်ရပ်တော်မူမည်ဖြစ်ပါသည်။ ထိုစဉ်တွင် ဟေဗြဲလူများနှင့်တကွ တစ်ပါးအမျိုးသားများ၏ဂုဏ်တော်ချီးမွမ်းသံများ ထွက်ပေါ်လာလတ္တံ့။

မရေမတွက်နိုင်အောင်များပြားလှသည့် ကယ်တင်ခြင်းခံရသည့်လူအုပ်ကြီးသည်ကြီးမားသောအသံဖြင့် ချီးမွမ်းထောမနာပြုကြလတ္တံ့။

ယခုတွင်မူ ယေရှုသည် တမန်တော်ဆယ့်တစ်ပါးနှင့်အတူ ထိုတောင်ဆီသို့ရှေးရှုကာ ထွက်ခွာလာတော်မူခဲ့ပါသည်။ ယေရုရှလင်ဂိတ်တံခါးမှထွက်လာကြစဉ်တွင် ရက်သတ္တအနည်းငယ်ကမှ ကပ်တိုင်တင်၍သတ်ခြင်းခံခဲ့ရသောပုဂ္ဂိုလ်တစ်ပါးက ဦးဆောင်၍ထွက်ခွာသွားသော ထိုအဖွဲ့ငယ်ကလေးကို လူများစွာတို့ကအံ့ဩတကြီး ကြည့်ရှုနေကြပါသည်။ ဤတွေ့ဆုံခြင်းသည် မိမိတို့၏သခင်ဘုရားနှင့်နောက်ဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ကြောင်းတပည့်တော်များမသိရှိခဲ့ကြပါ။ ယခင်က မိမိသွန်သင်ခဲ့သောအရာများကိုထပ်ခါတလဲလဲသွန်သင်ခြင်းအားဖြင့် ခရစ်တော်သည် တပည့်တော်များနှင့်အတူနေသည့်အချိန်ကို ကုန်လွန်စေခဲ့ပါသည်။ ဂေသရေမန်ဥယျာဉ်အနီးသို့ရောက်လာသောအခါ ကိုယ်တော်ရှင်အဖမ်းခံရမည့်ညက ၎င်းတို့အားသွန်သင်ခဲ့သောအရာများကို တပည့်တော်များပြန်လည်သတိရစေရန်အလို့ငှာ ခရစ်တော်သည် ခေတ္တခဏမျှရပ်တန့်လိုက်ပါသည်။ အသင်းတော်သည် ခမည်းတော်ဘုရား၊ သားတော်ဘုရားတို့နှင့် မည်ကဲ့သို့ပေါင်းစည်းထားသည်ကို ထိုစဉ်ကပုံဆောင်မိန့်ဆိုခဲ့သော စပျစ်နွယ်ပင်ကိုလည်း ကိုယ်တော်ကြည့်ရှုတော်မူလိုက်ပါသည်။ တစ်ဖန် ထိုစဉ်ကမိန့်မြွက်တော်မူခဲ့သည့်တရားတော်များကိုထပ်လောင်းမိန့်မြွက်တော်မူပါသည်။ ကိုယ်တော်၏ဝန်းကျင်တွင်ရှိနေသည့်အရာများသည် တုံ့ပြန်မှုမခံရသည့် မိမိ၏တစ်ဖက်သတ်အချစ်အတွက် သတိရစရာများဖြစ်ခဲ့ပါသည်။ ကိုယ်တော်အားချစ်ခင်မြတ်နိုးခဲ့ကြသည့် တမန်တော်များသည်ပင်လျှင် ဒုက္ခရောက်သောအချိန်တွင် ကိုယ်တော်အားအပြစ်တင်စကားပြောကာ စွန့်ခွာခဲ့ကြပါသည်။

ခရစ်တော်သည် ဤလောကတွင် သုံးဆယ်သုံးနှစ်ကြာလာရောက်နေထိုင်ခဲ့ဖူးပါသည်။ ထိုစဉ်တွင် လောကီသားများ၏မထီလေးစားပြုခြင်းများ၊ စော်ကားခြင်းများနှင့် ပြက်ရယ်ပြုမှုများကိုခံခဲ့ရပါသည်။ ငြင်းပယ်ခြင်းနှင့်ကပ်တိုင်တင်၍ကွပ်မျက်ခြင်းကိုလည်းခံခဲ့ရပါသည်။ ယခုအချိန်တွင် ဘုန်းတော်



နှင့်ပြည့်စုံသော ရာဇပလ္လင်ပေါ်တွင်စိုးစံရန် ကောင်းကင်သို့တက်ကြွတော့မည့်ဆဲဆဲ၌ ကယ်တင်ရန်မိမိလာခဲ့ရသည့်လူသားများထံမှ ကျေးဇူးပုံကန်မှုများကို ပြန်လည်မြင်ယောင်သောအခါ ၎င်းတို့အပေါ်ထားရှိသည့် မိမိ၏မေတ္တာ၊ ကရုဏာများကို ကိုယ်တော်ပြန်လည်ရုပ်သိမ်းမူလိမ့်မည်လား။ ကိုယ်တော်၏ချစ်ခင်မြတ်နိုးမှုသည် မိမိအားကျေးဇူးတင်တတ်သောနေရာများ၊ မိမိ၏အမိန့်တော်ကိုလိုက်နာလုပ်ဆောင်ရန် အပြစ်မဲ့သောကောင်းကင်တမန်များစောင့်ဆိုင်းနေသည့်နေရာနယ်ပယ်များပေါ်တွင် ဗဟိုပြုနေပါသလား။ မဟုတ်ပါ။ ဤကမ္ဘာလောကပေါ်တွင် ကိုယ်တော်ထားရစ်တော်မူခဲ့သည့်ချစ်ခင်အပ်သောသားသမီးများအတွက် ပြုတော်မူသည့်ကိုယ်တော်ရှင်၏ကတိတော်မှာ “ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်” ဟူ၍ဖြစ်ပါသည်။ မဿဲ ၂၈း၂၀။

ခရစ်တော်သည် သံလွင်တောင်ပေါ်သို့ရောက်တော်မူပြီးနောက်တောင်ထိပ်ကိုဖြတ်ကျော်ကာ ဗေသနိရွာနားအထိ သွားတော်မူခဲ့ပါသည်။ ထိုနေရာတွင် ကိုယ်တော်ရှင်သည် ရပ်တန့်တော်မူလိုက်ရာ တပည့်တော်များသည် ကိုယ်တော်ရှင်၏ပတ်လည်တွင် စုရုံးဝန်းရံလိုက်ကြပါသည်။ တပည့်တော်များအား နှစ်လိုဖွယ်သောအကြည့်ဖြင့်ကြည့်တော်မူလိုက်ရာ မျက်နှာတော်မှရောင်ခြည်ကွန့်မြူးလာသယောင်ဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည်တပည့်တော်များ၏အမှားများ၊ တာဝန်ပျက်ကွက်မှုများအတွက် မြည်တွန်တောက်တီးခြင်းပြုတော်မမူဘဲ ကြင်နာသောစကားများကို နောက်ဆုံးအကြိမ်အဖြစ်နှုတ်တော်မှယိုဖိတ်လာခဲ့သည်ကို သူတို့ကြားခဲ့ကြရပါသည်။ ၎င်းပြင်မိမိ၏စောင့်ရှောက်မှုကိုအာမခံသည့်အလား၊ လက်တော်ကိုဆန့်တန်း၍ကောင်းချီးပေးလျက် ထိုသူများအလယ်မှကောင်းကင်သို့ တက်ကြွသွားခဲ့ပါသည်။ မြေကြီးနှင့်ပတ်သက်သောဆွဲဆောင်မှုများထက် ခွန်အားကောင်းသည့်တန်ခိုးတော်တစ်ခု၏ဆွဲယူတော်မူခြင်းကို ခံတော်မူခဲ့ရပါသည်။ ကိုယ်တော်ရှင်သည် အထက်သို့တက်ကြွသွားစဉ် အထူးစိုးရွံ့ထိတ်လန့်နေကြသောတပည့်တော်များသည် ကိုယ်တော်အားမျက်စိတစ်ဆုံး၊ စူးစိုက်၍ကြည့်ရှုခဲ့ကြ

ပါသည်။ ထွန်းလင်းတောက်ပနေသောတိမ်တိုက်တစ်ခုသည် ကိုယ်တော်ရှင်အား ၎င်းတို့၏မြင်ကွင်းမှကွယ်လိုက်ပါသည်။ ထို့နောက် ကောင်းကင်တမန်များက ကိုယ်တော်အား ကြိုဆိုဂါရဝပြုနေကြစဉ်တွင် "ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်" ဟူသောအသံသည် တစ်ဖန်ထွက်ပေါ်လာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ကောင်းကင်တမန်များထံမှ သာယာနာပျော်ဖွယ်ကောင်းလှသည့် ဂုဏ်တော်ချီးမွမ်းသံများကိုလည်း သူတို့ကြားခဲ့ကြရပါသည်။

တမန်တော်များသည် အထက်သို့မျှော်ကြည့်နေကြစဉ်တွင် အလွန်ချိုသာလှသည့်တေးသံများနှင့်တူသော အသံများပေါ်ထွက်လာကြပါသည်။ သူတို့လှည့်ကြည့်လိုက်ကြရာ လူကဲ့သို့သောသဏ္ဍာန်ရှိသည့် ကောင်းကင်တမန်နှစ်ပါးကိုတွေ့မြင်ကြရပြီး "အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်ကောင်းကင်သို့ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသောထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တစ်ဖန်ကြွလာတော်မူလတ္တံ့" ဟူ၍ ပြောဆိုလိုက်သည့်အသံများကိုလည်း ကြားခဲ့ရပါသည်။

ဤကောင်းကင်တမန်များသည် ကိုယ်တော်အား ကောင်းကင်ခရီးတစ်လျှောက်စောင့်ကြပ်ခြံရံလျက်ခေါ်ဆောင်သွားရန် စောင့်ကြိုနေကြသည့် ကောင်းကင်တမန်များအဖွဲ့ကြီးထဲမှ ကောင်းကင်တမန်များဖြစ်ကြပါသည်။ ထိုသူများသည် ကောင်းကင်တမန်များထဲမှ ချီးမြှောက်ခြင်းအခံရဆုံးသော ကောင်းကင်တမန်နှစ်ပါးဖြစ်ပြီး၊ ရှင်ပြန်ထမြောက်တော်မူသောအချိန်တွင် ကိုယ်တော်၏ဂူသို့ရောက်ရှိခဲ့ကြသော ကောင်းကင်တမန်များဖြစ်ကြပါသည်။ ၎င်းတို့သည် ကိုယ်တော်၏လောကအသက်တာတစ်လျှောက်လုံး၌လည်း ယေရှုရှင်နှင့်အတူရှိခဲ့ကြပါသည်။ အပြစ်၏ကျိန်ဒဏ်သင့်ခဲ့သော ဤကမ္ဘာလောကကြီးတွင် ခေတ္တခဏလာရောက်နေထိုင်တော်မူသည့်အချိန်အဆုံးကို ကောင်းကင်နိုင်ငံတစ်ခုလုံးက စိတ်အားထက်သန်စွာဖြင့် စောင့်စားခဲ့ကြပါသည်။ ကောင်းကင်သားများသည် မိမိတို့၏ဘုရင်ကြီးအား ကြိုဆိုရမည့်အချိန်ရောက်ရှိ





လာခဲ့ချေပြီ။ ထိုကောင်းကင်တမန်နှစ်ပါးသည် အခြားသောကောင်းကင်သားများနှင့်အတူ ကိုယ်တော်အားကြိုဆိုဂါရဝပြုလိုကြသော်လည်း ကိုယ်တော်ရှင်ချန်ထားတော်မူခဲ့သည့်တပည့်တော်များအား မေတ္တာကရုဏာသက်သာနှစ်သိမ့်မှုပေးရန် ကြန့်ကြာနေခြင်းဖြစ်ပါသည်။ "ကောင်းကင်တမန်တို့ကား၊ ကယ်တင်တော်မူခြင်းကျေးဇူးကိုအမွေခံရလတ္တံ့သောသူတို့ကို ပြုစုစေခြင်းငှာ စေလွှတ်တော်မူသော အစေခံနံဝိညာဉ်ဖြစ်ကြသည်မဟုတ်လော" ဟေဗြဲ ၁း၁၄။

ခရစ်တော်သည် လူသားသဏ္ဍာန်မျိုးဖြင့် ကောင်းကင်သို့တက်ကြွသွားတော်မူခဲ့ပါသည်။ ထိုမိုးတိမ်တိုက်ကြီးက ကိုယ်တော်အားကြိုဆိုနေကြသည်ကို တပည့်တော်များမြင်တွေ့ခဲ့ကြရပါသည်။ ၎င်းတို့နှင့်အတူသွား၊ အတူလာ၊ အတူဆုတောင်း၊ အတူစကားပြောခဲ့သည့်ထိုယေရှု၊ မိမိတို့နှင့်အတူမုန့်ကိုဖဲ့ခဲ့သောထိုယေရှု၊ ဂါလိလဲအိုင်ရှိလှေထဲတွင် မိမိတို့နှင့်အတူရှိခဲ့ဖူးသောထိုယေရှု၊ ထိုနေ့၌ မိမိတို့နှင့်အတူသံလွင်တောင်ပေါ်သို့ မောကြီးပန်းကြီးတက်ခဲ့ရသောထိုယေရှု၊---- ထိုယေရှုသည် ခမည်းတော်ဘုရားနှင့်အတူစိုးစံရန် ယခုတွင် ကောင်းကင်နိုင်ငံသို့တက်ကြွသွားခဲ့ချေပြီ။ ယခုတက်ကြွသွားခဲ့သောယေရှုသည် ကောင်းကင်သို့တက်ကြွသွားတော်မူသည့်နည်းတူ တစ်ဖန်ကြွလာတော်မူမည်ဖြစ်ကြောင်းကိုလည်း ကောင်းကင်တမန်များက ၎င်းတို့အားစိတ်ချစေခဲ့ပါသည်။ ကိုယ်တော်သည် "မိုးတိမ်နှင့်တကွ၊ ကြွလာတော်မူသည်ကို ရှိသမျှသောသူတို့သည် --- ရှုမြင်ကြရလိမ့်မည်" ဗျာ ၁း၇။ "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်မှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်" ၁သက် ၄း၁၆။ "လူသားသည် မိမိဘုန်းအာနုဘော်တော်ကိုဆောင်လျက် သန့်ရှင်းသောကောင်းကင်တမန်များခြံရံလျက် ကြွလာတော်မူသောအခါ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာ ထိုင်တော်မူလတ္တံ့" မသဲ ၂၅း၃၁။ ဤနည်းအားဖြင့် တပည့်တော်များအား ကိုယ်တော်တိုင်ပြုတော်မူသည့် အောက်ပါကတိတော်သည်လည်း ပြည့်စုံတော်မူလိမ့်မည်။ ငါသည်သွား၍

သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တစ်ဖန်လာပြန်၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်” ယောဟန် ၁၄း၃။ တပည့်တော်များသည် သခင်ဘုရား၏ကြွလာခြင်းနှင့်စပ်ဆိုင်သည့် မျှော်လင့်ခြင်းတွင် ဇကန်အမှန်ဝမ်းမြောက်ဝမ်းသာရှိနိုင်ကြလိမ့်မည်ဖြစ်ပါသည်။

ထိုနောက်တမန်တော်များသည် ယေရုရှလင်မြို့သို့ပြန်လာကြသောအခါ ယုဒလူထုကြီးသည် ၎င်းတို့အားအံ့သြစွာဖြင့်ကြည့်နေကြပါသည်။ ခရစ်တော်ကို ကပ်တိုင်တင်ပြီးသည့်အချိန်မှစ၍ သူတို့သည် စိတ်ညိုးငယ်ကာ ရှက်ကြောက်နေကြလိမ့်မည်ဟု အထင်ရှိခဲ့ကြပါသည်။ ၎င်းတို့၏မျက်နှာပေါ်တွင် ရှုံးနိမ့်မှုကြောင့်ဝမ်းနည်းမှုများကိုဖော်ပြနေကြလိမ့်မည်ဟု ၎င်းတို့၏ရန်သူများက မျှော်လင့်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ရမည့်အစား ဝမ်းမြောက်ဝမ်းသာမှုများနှင့် အောင်မြင်မှုများကိုသာ ၎င်းတို့၏မျက်နှာများတွင်တွေ့နေရပါသည်။ ၎င်းတို့၏မျက်နှာများတွင် ပျော်ရွှင်မှုများဖြင့်တောက်ပနေပါသည်။ ထိုပျော်ရွှင်မှုများသည် လောကပျော်ရွှင်မှုမျိုးမဟုတ်ချေ။ စိတ်ပျက်စရာကောင်းသော မျှော်လင့်ချက်များအတွက် ဝမ်းနည်းပက်လက်ဖြစ်မနေကြတော့ဘဲ ဘုရားသခင်ကိုအားတက်သရော ကျေးဇူးတင်ချီးမွမ်းထောမနာပြုနေကြပါသည်။ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်းအကြောင်းနှင့် ကောင်းကင်သို့တက်ကြွသွားခြင်းအကြောင်းကို ဝမ်းသာအားရပြောပြနေကြပါသည်။ လူများစွာတို့သည် ၎င်းတို့၏သက်သေခံချက်များကို ကြားနာခဲ့ကြရပါသည်။

တပည့်တော်များသည် မိမိတို့၏အနာဂတ်ရေးအတွက် သံသယစိတ်များမရှိကြတော့ပြီ။ ခရစ်တော်သည် ကောင်းကင်တွင်ရှိတော်မူကြောင်းကိုလည်းကောင်း၊ ကိုယ်တော်သည် မိမိတို့အား၊ သနားကြင်နာဆဲဖြစ်တော်မူကြောင်းကိုလည်းကောင်း သူတို့သိရှိခဲ့ပေပြီ။ ဘုရားသခင်၏ပလ္လင်ထက်ဝယ် မိမိတို့၏မိတ်ဆွေတစ်ပါးရှိနေတော်မူကြောင်း သူတို့သိရှိကာ ခရစ်တော်၏နာမတော်အားဖြင့် အဖဘုရားသခင်ထံတွင် တောင်းလျှောက်မှုများကိုပြုရန် သူတို့စိတ်အားထက်သန်နေကြပါသည်။ “သင်တို့သည် ငါ၏နာမကိုအမှီပြု၍ ခမည်းတော်မှာဆုတောင်းသမျှတို့ကို ခမည်းတော်သည်ပေးတော်မူမည်။



ယခုတိုင်အောင် ငါ၏နာမကိုအမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှမတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာ တောင်းကြလော့။ ထိုသို့တောင်းလျှင်ရကြလိမ့်မည်” ဟူသောအာမခံချက်ကို ထပ်ခါတလဲလဲရွတ်ဆိုကာ ရိုသေကိုင်းရှိုင်းစွာဖြင့် သူတို့ဆုတောင်းခဲ့ကြပါသည်။ ယောဟန် ၁၆း၂၃–၂၄။ “အသေခံ၍ခံသည်သာမက သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌နေလျက် ငါတို့အဖို့ဆုတောင်းသောသူကား၊ ခရစ်တော်ပေတည်း” ဟူသောဖွင့်ဆိုချက်အားဖြင့် သူတို့သည် ယုံကြည်ခြင်းလက်ကို မြင့်သည်ထက်မြင့်အောင် ဆန့်ထုတ်ခဲ့ကြပါသည်။ ရောမ ၈း၃၄။ သို့နှင့်ခရစ်တော်ကတိထားတော်မူခဲ့သည့်အတိုင်း ပင်တေကုတ္တေပွဲနေ့တွင် စုံလင်သောပျော်ရွှင်ဝမ်းမြောက်မှုကို သူတို့ခံစားခဲ့ကြရပါသည်။

ကောင်းကင်သားအပေါင်းသည် ကိုယ်တော်ရှင်အား ကောင်းကင်ရွှေပြည်နန်းမှကြိုဆိုရန် စောင့်ဆိုင်းနေကြပါသည်။ ရှင်ပြန်ထမြောက်တော်မူစဉ်က ထမြောက်စေခဲ့သည့်လူများအား ကိုယ်တော်ဦးဆောင်၍ ကောင်းကင်သို့တက်ကြွသွားတော်မူခဲ့ပါသည်။ ထိုစဉ်တွင် ပျော်ရွှင်ဝမ်းမြောက်နေသည့် ကောင်းကင်တမန်ထုကြီးသည် အထူးကောင်းမွန်သည့်ဂုဏ်တော်ချီးမွမ်းသော သီချင်းများကို သီဆိုနေကြပါသည်။

ဘုရားသခင်၏မြို့တော်အနီးသို့ချဉ်းကပ်လာသောအချိန်တွင်
“အချင်းတံခါးတို့၊ တံခါးမုခ်ကိုကြွလိုက်ကြ၊
အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ၊
ဘုန်းကြီးသောအရှင်ဘုရင်ဝင်တော်မူမည်”

ဟူ၍ခြိမ့်ရုံလျက် လိုက်ပါလာသည့်ကောင်းကင်တမန်များက တံခါးများကိုပွင့်သွားစေရန် စိန်ခေါ်ခဲ့ကြပါသည်။

စောင့်မျှော်နေသောကင်းသမားများက ဝမ်းမြောက်စွာဖြင့် “ဘုန်းကြီးသောရှင်ဘုရင်ကားအဘယ်သူနည်း” ဟု တုံ့ပြန်ခဲ့ကြပါသည်။

၎င်းတို့က ထိုကဲ့သို့မေးရခြင်းမှာ ဝင်လာမည့်ရှင်ဘုရင်သည် မည်သူဖြစ်သည်ကိုမသိကြ၍မဟုတ်ဘဲ၊

“အစွမ်းတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရဘုရား၊ စစ်တိုက်ခြင်း၌တန်ခိုးကြီးတော်မူသော ထာဝရဘုရားပေတည်း။ အချင်းတံခါးတို့ တံခါးမုခ်ကိုကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့ ကိုယ်ကိုကြွလိုက်ကြ၊ ဘုန်းကြီးသောရှင်ဘုရင်ဝင်တော်မူမည်” ဟူသော ချီးမွမ်းခြင်းနှင့်ပြီးသောအဖြေကိုကြားလိုကြ၍ မေးမြန်းကြခြင်းဖြစ်ပါသည်။

ထိုအချိန်တွင် “ဘုန်းကြီးသောအရှင်ကား၊ အဘယ်သူနည်း” ဟု မေးမြန်းသံကိုကြားရပြန်ပါသည်။ အကြောင်းမှာ ချီးမြှောက်ခြင်းခံရသည့် ကိုယ်တော်ရှင်၏နာမတော်ကိုကြားရသည်မှာ မဝနိုင်အောင်ရှိသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ထိုအခါ ကိုယ်တော်ရှင်နှင့်လိုက်ပါလာကြသည့်ကောင်းကင်တမန်များက၊

“ကောင်းကင်ဗိုလ်ခြေအရှင်၊ ထာဝရဘုရားပေတည်း။ ထိုဘုရားသည် ဘုန်းကြီးသောရှင်ဘုရင်ဖြစ်တော်မူသတည်း” ဟု တုံ့ပြန်ဖြေဆိုခဲ့ကြပါသည်။ ဆာလံ ၂၄း၇–၁၀။

ထိုနောက် တံခါးမုခ်များသည်ပွင့်လာသဖြင့် ထိုကောင်းကင်သားများသည် ဝမ်းမြောက်ဖွယ်တေးသံသာများကို ကျူးအေးနားထောင်ရင်းမြို့တော်ထဲသို့ဝင်ကြပါတော့သည်။

ထိုအရပ်တွင် ဘုရားသခင်၏ပလ္လင်တော်ရှိပါသည်။ ထိုပလ္လင်တော်ကြီးကို ကတိတော်သက်တံက ပတ်ရစ်ဝန်းရံထားပါသည်။ ထိုအရပ်တွင်ခေရုဗိမ်နှင့်အတောင်ခြောက်ခုစီရှိသော ကောင်းကင်တမန်သရပ်တို့ရှိကြပါသည်။ ထိုကောင်းကင်တမန်များ၏ဗိုလ်ခြေမင်းများ၊ ဘုရားသခင်၏သားများနှင့် အပြစ်တွင်ကျဆုံးနေသည့် ဤလောကကမ္ဘာမှလူသားများ၏ကိုယ်စားလှယ်များလည်း စုရုံးလာကြပါသည်။ မိမိထိန်းချုပ်ထားနိုင်ပြီဟု စာတန်အထင်ရှိနေသည့် အပြစ်မဲ့ကမ္ဘာမှကိုယ်စားလှယ်များအားလုံးသည်လည်း၊ ကယ်တင်ရှင်ကိုကြိုဆိုရန် ထိုအရပ်တွင်ရောက်ရှိနေကြပါသည်။ စာတန်သည် ၎င်းတို့ရှေ့မှောက်တွင် ထာဝရဘုရားသခင်နှင့်သားတော်ဘုရားအား ပြစ်တင်စွပ်စွဲခဲ့ဖူးပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏အောင်မြင်မှုအတွက် ဂုဏ်ပြုပွဲ



ကျင်းပရန်နှင့် မိမိတို့၏အရှင်သခင်အားချီးမြှောက်ရန် စိတ်အားထက်သန်နေကြပါသည်။

သို့ရာတွင် ကိုယ်တော်က ၎င်းတို့အားထိုသို့မပြုကြသေးရန်လက်ယမ်းပြကာ အချက်ပေးတော်မူလိုက်ပါသည်။ အကြောင်းမှာ ယခုထက်တိုင်ဘုန်းဦးရစ်သရဖူနှင့်မြင့်မြတ်သောဝတ်ရုံကို လက်ခံဝတ်ဆင်ခြင်းမပြုရသေးသောကြောင့်တည်း။ သို့နှင့်ကိုယ်တော်သည် ခမည်းတော်ဘုရား၏ရှေ့တော်မှောက်သို့ တိုးဝင်ချဉ်းကပ်သွားတော်မူခဲ့ပြီး၊ ဒဏ်ရာရခဲ့သောဦးခေါင်းတော်ကိုလည်းကောင်း၊ လှံထိုးရာရှိသောနံဘေးတော်ကိုလည်းကောင်း၊ ရုပ်ဆင်းသဏ္ဌာန်ပျက်ပြားနေသည့်ခြေထောက်တော်ကိုလည်းကောင်း သံရိုက်ရာများနှင့်ပြီးသောလက်တော်ဖြင့် မြှောက်လျက်ပြညွှန်နေပါသည်။ ကိုယ်တော်သည် ထိုအောင်မြင်မှုအထိမ်းအမှတ်များကိုညွှန်ပြတော်မူပြီး မိမိနှင့်အတူထမြောက်ခဲ့ကြသောသန့်ရှင်းသူများအား ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူသောအခါတွင်ရှင်ပြန်ထမြောက်ကြမည့်သူများ၏ကိုယ်စားလှယ်များအဖြစ် ထာဝရဘုရားထံဆက်ကပ်အပ်နှံတော်မူလိုက်ပါသည်။ နောင်တရသောအပြစ်သားတစ်ဦးအတွက် ဝမ်းမြောက်ခြင်းရှိတော်မူသော ချီးမွမ်းခြင်းများကိုပြုသည့်သူများအတွက် အားရတော်မူထသော အဖခမည်းတော်ဘုရားထံတော်သို့ ယေရှုရှင်တိုးဝင်ချဉ်းကပ်တော်မူလိုက်ပါသည်။ လူသားတစ်ဦးသည် စာတန်၏လွှမ်းမိုးမှုကိုခံရမည်ဆိုလျှင် ထိုလူသားကိုပြန်လည်ကယ်တင်ရန် ခမည်းတော်ဘုရားနှင့်သားတော်ဘုရားသည် ကမ္ဘာမတည်မရှိမီကပင် ပဋိညာဉ်ပြုတော်မူခဲ့ကြပါသည်။ ခရစ်တော်သည် ထိုလူသားမျိုးနွယ်စုအတွက် အာမခံတစ်ဦးဖြစ်လာရန် ကတိဝန်ခံမှုတစ်ခုအနေဖြင့် တစ်ပါး၏လက်ကိုတစ်ပါးက ဟက်ဟက်ပက်ပက်ကိုင်ဆွဲဆုပ်ကိုင်ခဲ့ကြပါသည်။ ထိုကတိကဝတ်ကို ခရစ်တော်ကကျေပွန်အောင်ဆောင်ရွက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကပ်တိုင်ပေါ်မှနေ၍ အမှုပြီးပြီဟုခမည်းတော်ဘုရားထံ လျှောက်ထားခဲ့ပါသည်။ ထိုသဘောတူညီချက်ကို ပြည့်စုံစွာအကောင်အထည်ဖော်ပြီးခဲ့ချေပြီ။ ထိုကြောင့်ယခုတွင် “အဖဘုရား၊ လုပ်ဆောင်စရာများကိုပြီးစီးအောင်လုပ်ဆောင်ခဲ့ပါပြီ၊

ကိုယ်တော်၏အလိုတော်အတိုင်း ဆောင်ရွက်ပြီးစီးခဲ့ပါပြီ။ ကျွန်ုပ်၏ဘုရားသခင် ကယ်တင်ခြင်းလုပ်ငန်းကို ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါပြီ။ ကိုယ်တော်သည် ဖြောင့်မတ်စွာကျင့်ကြံခြင်းကိုအားရတော်မူလျှင်၊ အကျွန်ုပ်အားပေးတော်မူသော သူသည်၊---- အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ် အလိုရှိပါ၏” ဟု လျှောက်ထားလေ၏။ ယော ၁၇း၂၄။

ဖြောင့်မတ်စွာကျင့်ကြံခြင်းကိုငါအားရတော်မူ၏ဟူ၍ ကြွေးကြော် နေသောဘုရားသခင်၏အသံတော်ထွက်ပေါ်လာပါသည်။ စာတန်သည် ရှုံးနိမ့် သွားချေပြီ။ ဤကမ္ဘာပေါ်တွင် ရုန်းကန်လှုပ်ရှားနေကြသော ခရစ်တော်၏ သားသမီးတိုင်းသည် ယေရှုခရစ်အားဖြင့် သားအရာကိုရကြ၏။ ဧဖက် ၁း၆။ ကောင်းကင်တမန်များနှင့် အပြစ်တွင်မကျဆုံးသေးသောကမ္ဘာများ ရှေ့တွင် ၎င်းတို့အားဖြောင့်မတ်သူများအဖြစ် ကြေညာတော်မူပါသည်။ ကိုယ်တော်ရှင်ရှိတော်မူသောထိုအရပ်တွင် ကိုယ်တော်၏အသင်းတော်သည် ရှိနေပါလိမ့်မည်။ “ကရုဏာနှင့်သစ္စာဆုံမိပြီ။ တရားနှင့်ချမ်းသာသည်တစ်ပါး ကိုတစ်ပါးနမ်းကြပြီ” ဆာလံ ၈၅း၁၀။ ခမည်းတော်ဘုရားသည် သားတော် ကိုဖက်ယမ်းကာ “ကောင်းကင်တမန်အပေါင်းသည် ထိုသူကိုပျပ်ဝပ်ကိုးကွယ် ကြစေ” ဟု မိန့်တော်မူ၏။ ဟေဗြဲ ၁း၆။

ရှင်ဘုရင်များနှင့်အာဏာတန်ခိုးရှိသူများသည် အသက်ရှင်ခြင်းသို့ ပို့ဆောင်တော်မူသော ထိုအရှင်၏ကြီးမြတ်မှုကို ဝမ်းသာအယ်လဲအသိအမှတ် ပြုကြပါသည်။ “အသေသတ်ခြင်းကိုခံပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီး မင်္ဂလာကိုစံထိုက်တော်မူ၏” ဟူ၍ ကောင်းကင်ရွှေနန်းထက်ဝယ် ဝမ်းမြောက် ဖွယ်ကြွေးကြော်သံများပေါ်ထွက်လာစဉ် ကောင်းကင်တမန်အပေါင်းတို့သည် ကိုယ်တော်အား ပျပ်ဝပ်ကိုးကွယ်နေကြပါသည်။ ဗျာ ၅း၁၂။

အောင်မြင်မှုကြွေးကြော်သံများသည် ကောင်းကင်သားများ၏စောင်းသံ များနှင့်အတူရောယှက်ကာ ကောင်းကင်ယံတစ်ခုလုံးတွင် ပဲ့တင်ထပ်နေကြ ပါသည်။ မေတ္တာအောင်ပွဲဆင်ခဲ့ချေပြီ။ ပျောက်ဆုံးသူများကိုပြန်လည်တွေ့ဆုံ



ရပေပြီ။ “ကောင်းကင်မြေကြီး၊ မြေကြီးအောက်သမုဒ္ဒရာအထဲ အရပ်ရပ်တို့ ၌ရှိသမျှသောဝေနေယျသတ္တဝါအပေါင်းတို့က ပလ္လင်ပေါ်မှာထိုင်တော်မူသော သူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက်ကောင်းချီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိစေသတည်း” ဟူသောကြွေးကြော်သံများသည် ကောင်းကင်ယံထက်ဝယ် ပျံ့လွင့်နေပါတော့သည်။ ဗျာ ၅း၁၃။

-------- *** ---------

ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ၏ ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်ထံတော်သို့ ငါတက်ရမည် ဟူသော ခရစ်တော်ကိုယ်တော်တိုင်မိန့်မြွက်ခဲ့သော နှုတ်တော်ထွက်စကားသံ များသည် ပျော်ရွှင်ဝမ်းမြောက်ဖွယ်ထိုမြင်ကွင်းဆီမှ ဤကမ္ဘာလောကဆီသို့ ပဲ့တင်ထပ်နေပါသည်။ ယောဟန် ၂၀း၁၇။ ကောင်းကင်မိသားစုနှင့်မြေကြီး မိသားစုသည် တစ်မိသားစုတည်းဖြစ်သွားချေပြီ။ ကျွန်ုပ်တို့အကျိုးငှာ ကိုယ်တော်ရှင်ကောင်းကင်သို့တက်ကြွတော်မူခဲ့ပြီး၊ ကျွန်ုပ်တို့အဖို့အလိုငှာ ကိုယ်တော်အသက်ရှင်နေထိုင်လျက်ရှိပါသည်။ ကိုယ်တော်သည် “ကာလ အစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာ တတ်နိုင် တော်မူ၏” ဟေဗြဲ ၇း၂၅။

****